
ဝတ္တဒေဘင်
ဝမ်အင်ကျေး၏ရှောင်စုကျင်းလန်
လိပ်ပြာနှုတ်ဓားသမား

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၄၁၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၇၁၀၅၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဝိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသုစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ခေတ်ကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အခန်း (၁)
ဒုက္ခသည်

လေတဟူးဟူး တိုက်ခတ်နေသည်။ မိုးကလည်း တဖွဲဖွဲရွာ
နေ၏။ တိုက်ခတ်လာသောလေနှင့်အတူ မိုးသီးမိုးပေါက်များက
မြေးမားပြင်းထန်လှသည်။

မိုးသီးမိုးပေါက်များ သစ်ရွက်များပေါ်သို့ ကြွေကျသည့်
အသံသည် တဖောက်ဖောက်နှင့် ကျယ်လောင်လှ၏။ လေက ကြမ်း
ကြမ်းတိုက်လေ မိုးသီးမိုးပေါက်များက ပြင်းထန်လေ ဖြစ်နေ၏။

ထိုအချိန်တွင် လူတစ်ယောက်သည် တစ်စုံတစ်ခုကို ကျော
ပိုးပိုး၍ ဘဲလေထဲ၌ သွားလာလှုပ်ရှားနေလေသည်။ ထူးခြား
သည်မှာ ထိုသူသည် ယောကျ်ားရင့်မာကြီးတစ်ဦးမဟုတ်ဘဲ အသက်
ငယ်ရွယ်သော မိန်းကလေးတစ်ဦး ဖြစ်နေခြင်းပင်။

သူမ၏နောက်ကျောတွင် အထုပ်ကြီးတစ်ထုပ်ကို လွယ်ပိုး
ထားသည်။ ထိုအထုပ်ကြီးသည် အလတ်စားအရက်အိုးများပင် ဖြစ်
နေလေသည်။ မိုးထဲလေထဲ၌ သူမအဖို့ မနားနိုင်ပါ။

လေထန်မိုးထန်နေသည်ကိုလည်း ဂရုမစိုက်အားပါ။ ထို

"ဘာဖြစ်လို့လဲ ဘဘ"

ကျန်စုသည် သက်ပြင်းချလိုက်သည်။

"နင် ဘာကြောင့် ကြာနေတယ်ဆိုတာ ငါ ဗေဒင်မမေးဘဲ ရိပ်မှားမိသွားပြီ"

ကျန်စုသည် ထိုကဲ့သို့ပြောပြီးသည်နှင့် မိန်းကလေးယူလာသော အရက်အိုးများကို သူ့အခန်းထဲသို့ ဆွဲယူသွားလေသည်။ မိန်းကလေးကလည်း အဝတ်အစားများလဲလှယ်ရန် သူမ၏အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

✵

ကျန်စုသည် သူဖော်စပ်ထားသောဆေးများနှင့်မိန်းကလေးယူလာသော အရက်များကို ရောစပ်လိုက်လေသည်။ ထို့နောက် သူသည် ခွက်ကြီးတစ်လုံးထဲသို့ထည့်ကာ လက်နှစ်ဖက်နှင့်စုကိုင်၍ မော့ချလိုက်လေသည်။ ကျန်စုသည် လူငယ်တစ်ယောက်မဟုတ်ပါ။

အသက်အားဖြင့် ရှစ်ဆယ်ကျော်ပြီဖြစ်သော အဘိုးအို တစ်ဦးပင် ဖြစ်လေ၏။ သို့သော် လူငယ်တစ်ဦးကဲ့သို့ပင် သန်မာဖျတ်လတ်ဆဲပင်ရှိနေသေး၏။ ကျန်းမာရေးအလွန်ကောင်းသော အဘိုးအိုတစ်ယောက်ဟု ဆိုရမည်ဖြစ်ပေသည်။ ကျန်စုတွင် ဆေးကောင်းတစ်လက် ရရှိထားပေသည်။

အရက်အိုးများကို တစ်စုံတစ်ယောက်ထံ အချိန်မီရောက်ဖို့သာ အ
ကြီးနေပေသည်။ ထို့ကြောင့် မိန်းကလေးသည် မမောနိုင်မပန်း
တောင်ပေါ်သို့ အပြေးအလွှားတက်နေခြင်း ဖြစ်ပေသည်။

✵

ကျန်စုသည် တဲအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လ
လျှောက်နေသည်။ သူ၏မျက်စိအစုံသည် မကြာခဏ အပြင်သို့ လှ
ကြည့်နေသည်။

မိုးရေစက်တို့သည် တံစက်မြိတ်မှ သွယ်တန်း၍ကျ
သည်။ ကျန်စုသည် တံစက်မြိတ်မှကျနေသော မိုးရေစက်တို့
ကျော်လွန်၍ တစ်စုံတစ်ယောက်ကို စောင့်မျှော်လှမ်းကြည့်နေခြ
ဖြစ်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရပါ။ အမျိုးသမီးတစ်ဦးသည်
တဲအတွင်းသို့ အပြေးအလွှား ဝင်ရောက်လာလေသည်။ ကျန်စုသည်
မိန်းကလေးကိုကြည့်ရင်းမှ စိတ်မကောင်းဖြစ်သွားသလို ခေါင်း
ခါယမ်းလိုက်သည်။

"တကယ်တော့ နင့်ကို ငါ မခိုင်းသင့်ပါဘူး"

မိန်းကလေးက ကျန်စုကို မော့ကြည့်ရင်း မျက်နှာထား
မိုးရေစက်တို့ကို လက်ဝါးနှင့် သပ်ချလိုက်လေသည်။

ထိုဆေးမှာ စောစောက အရက်နှင့်ရောစပ်လိုက်သော အားဆေးတစ်မျိုးပင် ဖြစ်ပေသည်။ အရက်နှင့်ရောစပ်ထားသော ထိုဆေးကို ကျန်စုက ရေသောက်သလို သောက်ချလိုက်သော်လည်း ဘေးမဖြစ်ပါ။

ထိုဆေးအာနိသင်သည် အရက်နှင့်ရောစပ်လိုက်ပါမှ ပို၍ သွေးလေညှိုတ်သွားသည်ဟု ကျန်စု ယုံကြည်ထားလေသည်။ ကျန်စုသည် ထိုဆေးကို တဝကြီး သောက်ပြီးသည်နှင့် ပြတင်းပေါက်အနီးတွင် ချထားသောကုလားထိုင်၌ ဝင်ထိုင်လိုက်လေ၏။

ထို့နောက် သူသည် သဲသဲမဲမဲရွာနေသော မိုးသီးမိုးပေါက်တို့ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေ၏။ သို့သော် သူ့မျက်စိထဲတွင် လွန်ခဲ့သော ခြောက်နှစ်က မြင်ကွင်းတစ်ခုကိုသာ မြင်ယောင်နေမိတော့သည်။

✷

ကျန်စုသည် ထိပ်တန်းသိုင်းပညာရှင်တစ်ဦးဖြစ်သည်။ သူသည် သိုင်းလောကၭ ဆယ်နှစ်လုံးလုံး ကျက်စားလာခဲ့၏။ ဆယ်နှစ်လုံးလုံးလည်း သူ၏နာမည်သည် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့လေသည်။ ထိုကဲ့သို့ကျော်ကြားလာသည်ကို ကျန်စုက လုံးဝမလိုလားပါ။

သိုင်းလောကၭ ကျော်ကြားမှုများလာလျှင် ရန်ငြိုးရန်စများသည်လည်း တဖြည်းဖြည်း များလာသည်ဟု ကျန်စု ယုံကြည်သား၏။ ထို့ကြောင့် သူသည် သိုင်းလောကို လုံးဝစွန့်လွှတ်၍ ဆေးခန်းများ ဖော်စပ်သည့်ပညာကို လိုက်စားခဲ့တော့သည်။

ကျန်စုသည် တောင်ပေါ်တွင် တဲတစ်လုံးဆောက်၍ ဆေးခန်းများရှာကြံကာ ဖော်စပ်ပြီး ရောင်းချစားသောက်ခဲ့လေသည်။ တစ်နေ့... ကျန်စု တောင်ပေါ်မှဆင်းလာစဉ် ချောက်ကမ်းပါးတစ်ခေါင်း၌ ရပ်တန့်နေသော မိန်းကလေးတစ်ဦးကို အမှတ်မထင် တွေ့ရလေသည်။

ကျန်စုက ထိုမိန်းကလေးကို အကဲခတ်ကြည့်ရှုနေသော်လည်း ယင်းမိန်းကလေးက ကျန်စုအား မမြင်ပါ။ သူမသည် ပါးစပ်မှ ဆေးခဲတစ်ခုကို ရေရွတ်နေ၏။ ထို့နောက် မျက်စိစုံမှိတ်ကာ နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ခုန်ချလိုက်လေသည်။

✷

မိန်းကလေး၏အကြံ မအောင်မြင်ပါ။ ကျန်စုသည် မိန်းကလေး၏လက်မောင်းကို အမြဲအရ ဖမ်းဆွဲထားလိုက်လေသည်။ မိန်းကလေးသည် ကျန်စုကို ရုတ်တရက်လှည့်ကြည့်လိုက်သည်။

ထို့ နောက် ဘာမပြော, ညာမပြောနှင့် ကြူးကြူးပါအောင်

ငိုရှိုက်လေတော့သည်။ ကျန်စုသည် မိန်းကလေးငိုယိုနေသည်ကို လုံးဝမတားပါ။

"ငိုလိုက် ... ဝအောင်ငိုချလိုက်"

ကျန်စုက ထိုကဲ့သို့ပြော၍ မိန်းကလေး၏အခြေအနေကို စောင့်ကြည့်နေပေသည်။ အတန်ကြာတော့ မိန်းကလေးသည် အငို ရပ်သွားပြီး ကျန်စုကို မော့ကြည့်လိုက်သည်။

"ကျွန်မ သေချင်တာကို ဘာက ဘာလို့တားရတာလဲ"

ကျန်စုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေ၊ လူ့ဘဝဆိုတာ အင်မတန်ရခဲတာ၊ ဘာလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်ရတာလဲ"

မိန်းကလေးသည် အံကို တင်းတင်းကြိတ်ထားလေသည်။ သူမ၏မျက်နှာပေါ်တွင် နာကြည်းမှု၊ ကြေကွဲမှု၊ ဝမ်းနည်းမှု အရိပ် အယောင်များက အပြည့်ရှိနေပေသည်။

"လာ ... မိန်းကလေး ဘာနဲ့လိုက်ခဲ့"

ကျန်စုက ချော့မော့၍ ခေါ်လိုက်သည်။ မိန်းကလေးက ခေါင်းယမ်းလိုက်၏။

"ဟင့်အင်း ... ကျွန်မ မလိုက်ဘူး၊ ကျွန်မဘဝဟာ လူ့ လောကမှာ နေဖို့လည်း မကောင်းတော့ဘူး"

"အကောင်းနဲ့အဆိုးဆိုတာ ဒွန်တွဲနေတာပါ၊ ခု မကောင်း ပေမယ့် တစ်နေ့ ကောင်းလာမှာပေါ့ မိန်းကလေးရယ်"

မိန်းကလေးက မဲ့ပြုံး ပြုံးလိုက်လေသည်။ ကျန်စုသည် မိန်း ကလေးကို သေချာစွာ အကဲခတ်ကြည့်မိသည်။ သူမ၏အသက်မှာ နှစ်ဆယ်ကျော်ကျော်သာရှိဦးမည်ဟု ခန့်မှန်းရသည်။ ရုပ်ရည်မှာ ချောမောပြေပြစ်မှုရှိသော်လည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဒဏ်ကို အလူးအလဲခံထားရပုံပေါ်သည်။ မျက်တွင်းများကျ၍ ဝိန်ချုံးနေ၏။

ကျန်စုသည် မိန်းကလေးကိုကြည့်၍ စိတ်မကောင်းကြီးစွာ ဖြစ်သွားသည်။ ဘယ်နည်းနှင့်မဆို ထိုမိန်းကလေး၏အသက်ကို တော့ ကယ်ဆယ်ထားမှ ဖြစ်တော့မည်ဟုလည်း စိတ်ထဲမှဆုံးဖြတ် ချက် ချထားလိုက်တော့သည်။

"သမီးနာမည် ဘယ်လိုခေါ်သလဲ"

"ရွှဝါ"

"ဘယ်မှာနေလဲ"

ရွှဝါသည် ကျန်စုကို အတန်ကြာငေးကြည့်နေပြီးမှ ...

"ကျွန်မ ပေရန်းနယ်ကပါ"

ကျန်စု၏မျက်ခုံးနှစ်ခုက အပေါ်သို့ မြင့်တက်သွားသည်။

"အို ... ပေရန်းဆိုတာ အဝေးကြီးပဲ၊ ဘယ့်နယ် ဒီကိုရောက် လာရတာလဲ"

ရွှဝါ ဆက်၍ငိုပြန်သည်။ ကျန်စုသည် သူမ စိတ်ဆင်းရဲမည် စိုး၍ ဘာမှဆက်မမေးတော့ပေ။

"ကဲ ရွှဝါ ... အဘနဲ့ လိုက်ခဲ့၊ တစ်နေ့ သမီးဘဝပျော်သွား

"ဘာတာ ချင်တူးမြို့ကလား"

ကျန်စုက ပြုံး၍ ခေါင်းယမ်းပြလိုက်လေသည်။

"ဘာတာ ချင်တူးမြို့က မဟုတ်ပါဘူး၊ ဟိုး ... တောင်ပေါ်မှာ တစ်ယောက်တည်း နေတာပါ"

ရွှဝါသည် ကျန်စုကို အတန်ကြာအောင် ငေးကြည့်နေ၏။ အသက်အရွယ်ကြီးပြီဖြစ်သော အဘိုးအို ကျန်စုကို မယုံ၍တော့ မဟုတ်ပါ။ သူမစိတ်ထဲတွင် ဘယ်လိုလူမျိုးကိုမှ မဆက်ဆံချင်တော့သည့် အသွင်သဏ္ဌာန်မျိုး ဖြစ်နေသည်။

"ဘာလဲ ... သမီးက အဘကို မယုံလို့လား"

"ဘာတာ သိုင်းပညာရှင်တစ်ယောက်လား"

ကျန်စုက ပြုံးလိုက်လေသည်။

"မဟုတ်ဘူး၊ ဘာတာ သိုင်းပညာရှင်ဆိုရင်တော့ ကျွန်မ လိုက်ခဲ့မယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

ကျန်စုက တအံ့တသြဖြစ်သွားသလို ပြန်မေးလိုက်၏။

"ကျွန်မ သိုင်းပညာသင်ချင်လို့"

ကျန်စုသည် ရွှဝါစိတ်ချမ်းသာစေရန်အတွက် အမှန်ပင် သိုင်းပညာကို သင်ကြားပေးနေရသည်။ ပထမတွင် ကျန်စုက အခြေခံသဘောလောက်သာ သင်ပေးမည်ဟု ဆုံးဖြတ်ထားသော်လည်း ရွှဝါသည် သိုင်းပညာကို လိုလိုလားလား ရှိပြီး၊ အားကျိုးမာန်တက် သင်ယူနေသောကြောင့် ကျန်စု မှာ မထူးတော့ပါဘူး သဘောပိုက်ပြီး သူ၏ထက်မြက်သော သိုင်းပညာအပြင် ကိုယ်ပိုင်တီထွင်ထားသော သိုင်းကွက်အသစ်အဆန်းများကိုပါ သင်ကြားပေးလိုက်လေသည်။

ယင်းကဲ့သို့ သင်ကြားပေးရင်းမှ သူမ၏အတိတ်အကြောင်းများကို မေးမြန်းသော်လည်း ရွှဝါသည် ယနေ့ထက်တိုင် ကျန်စုအား မပြောပြပါပေ။ ကျန်စုအနေနှင့် တိတိကျကျသိထားရသည်မှာ ရွှဝါသည် ယောကျ်ားများကို အတော်နာကြည်းနေပုံရသည်။

ကျန်စု၏စိတ်ထဲတွင် ရွှဝါသည် တစ်နေ့တစ်ချိန်တွင် တစ်စုံတစ်ယောက်ကို ပြန်လည်ကလဲ့စားချေလိမ့်မည်ဟု စွဲစွဲမြဲမြဲထင်မှတ်နေသည်။ ထိုတစ်စုံတစ်ယောက်သည် ယောကျ်ားဖြစ်ရမည်ဟုလည်း ကျန်စုက ထင်ထား၏။

ရွှဝါအား မိမိ သိုင်းပညာသင်ကြားပေးမိသည်မှာ အမှားတစ်ခုကို ပြုလုပ်မိပြီလားဟုလည်း ကျန်စု တွေးတောနေမိ၏။ မိုးသည် သဲသဲမဲမဲ ရွာသွန်းနေဆဲပင် ရှိနေသည်။ ကျန်စုသည် သူ၏အတွေးများကို ရပ်တန့်လိုက်၏။

"ရှူဝါ"

"လာပြီ ဘဘ"

ရှူဝါသည် အဝတ်အစားလဲပြီး အခန်းထဲမှ ပြန်ထွက်လာသည်။ ထို့နောက် ကျန်စု၏ရှေ့က်တွင် ရိုရိုသေသေ ထိုင်လိုက်သည်။ ကျန်စုက ရှူဝါကို အကဲခတ်သလို စူးစိုက်ကြည့်နေသော်လည်း ရှူဝါက ခေါင်းငုံ့နေ၏။

"ရှူဝါ"

"ရှင်"

"နင် တစ်ယောက်ယောက်နဲ့ ရန်ဖြစ်ခဲ့ပြန်ပြီ မဟုတ်လား"

"ဟုတ်ကဲ့"

ရှူဝါက မလိမ်မညာဘဲ ဝန်ခံလိုက်လေသည်။ ကျန်စုသည် သက်ပြင်းရှည်ကြီးကို ချလိုက်လေသည်။

"ဘယ်သူနဲ့ ဖြစ်ခဲ့ပြန်တာလဲ"

"ကျားသစ်ဂေဟာက လူနဲ့"

"ဘာ ... ကျားသစ်ဂေဟာ ... ဟုတ်လား"

ကျန်စုသည် ရှူဝါအား အလန့်တကြား ပြန်မေးလိုက်လေသည်။ ကျန်စု၏မျက်နှာမှာလည်း သိသိသာသာ ပျက်သွား၏။

"သူက အရက်ဆိုင်ထဲမှာ ကျွန်မကို ရိသဲ့သဲ့လုပ်လို့"

"နင် သူ့ကို အသေသတ်ခဲ့တယ် ဆိုပါတော့၊ ဟုတ်လား"

"ဟုတ်ကဲ့"

ကျန်စုသည် စိတ်ပျက်စွာ ခေါင်းကိုယမ်း၍ သက်ပြင်းရှည်ကြီးကို ချလိုက်ပြန်သည်။

"ကျားသစ်ဂေဟာအကြောင်း နင်ဘာသိလို့လဲ"

ရှူဝါသည် ကျန်စု၏အမေးကို မဖြေဘဲ အံကိုကြိတ်ထားလေသည်။ ကျန်စုသည် စဉ်းစားရင်းမှ တစ်စုံတစ်ခုကို သတိရသလို ရှူဝါအား ဆတ်ခနဲကြည့်၍ ...

"နင် ... အရင်က ကျားသစ်ဂေဟာနဲ့ ပတ်သက်ခဲ့တယ်နဲ့တူတယ် ... ဟုတ်လား"

ရှူဝါသည် အံကို ကြိတ်မြဲ ကြိတ်ထား၏။ ထို့နောက် သူမသည် ရိုက်ကြီးတင၀ ငိုချလိုက်လေတော့သည်။ ကျန်စုသည် ရှူဝါ ငိုရပ်သည်အထိ စောင့်ဆိုင်းနေ၏။

"နင် ငါ့ဆီရောက်တာ ခြောက်နှစ်ပြည့်ပြီနော်"

ရှူဝါက ခေါင်းညိတ်ပြလိုက်၏။

"နင်လိုချင်တဲ့ သိုင်းပညာကိုလည်း ဘာသင်ပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ နင်သိထားဖို့က သိုင်းပညာနဲ့ ပတ်သက်လာရင် တယ်တော့မှ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးနဲ့၊ သိုင်းပညာဆိုတာ စဉ်ဦးနဲ့တစ်ဦး မတူညီကြသလို ထက်မြက်မှုကလည်း အင်မတန်

ကွာခြားတယ်”

ကျန်စုက ပြောရင်းမှ ရှူဝါကို ငုံကြည့်သည်။ ရှူဝါသည် ခေါင်းငုံ့၍ နားထောင်နေ၏။

“ငါဆိုလိုတာက သိုင်းပညာ ဘယ်လောက်တော်တဲ့လူပဲဖြစ်ဖြစ် ခဏပဲကျော်ကြားတယ်၊ အချိန်ကျရင် သူ့ကိုနိုင်တဲ့လူက မေ့ပါလာတာပဲ”

“ဟုတ်ကဲ့ ... ဘာဘပြောတာ သဘောပေါက်ပါတယ်”

“အခု နင် ကျားသစ်ဂေဟာကလူကို သတ်မိခဲ့တာဟာ ကျားသစ်အရှင်သခင် ဖုန်းဝှာကို စိန်ခေါ်လိုက်တာနဲ့ အတူတူပဲ”

ရှူဝါသည် ကျန်စုကို မော့ကြည့်လိုက်သည်။ သူမ၏မျက်နှာ၌ ခံပြင်းမှုများက ပြည့်နှက်နေ၏။ ရှူဝါ၏ မျက်နှာအသွင်အပြင်ကို ကြည့်၍ သူမ၏ရင်ထဲ၌ခံစားမှုများကို ကျန်စုက တစ်စိတ်တစ်ဒေသ ရိပ်စားမိသည်။

“ကျားသစ်ဂေဟာနဲ့ပတ်သက်လို့ ဘာဘကိုပြောပြပါလား”

ရှူဝါသည် အချိန်အတန်ကြာသည်အထိ စဉ်းစားနေသည်။ ထိုအကြောင်းကို စဉ်းစားတိုင်း သူမ၏မျက်နှာပေါ်၌ ဒေါသရောင်များ လွှမ်းသွားတတ်လေသည်။

“ဟုတ်ကဲ့ ... ကျွန်မ ဘာဘကိုပြောပြပါ့မယ်”

* * *

အခန်း (၂)
သူစိမ်း

ထင်းရှုန်းဟုဆိုလျှင် ပေရုန်းမြို့၌ လူတိုင်းသိသည်။ ထင်းရှုန်းသည် စာပေသမားတစ်ဦး ဖြစ်ပေသည်။ အထူးသဖြင့် သီးချင်းများ၊ ကဗျာများကို ရေးစပ်သီကုံးသည့်နေရာတွင် အထူးနာမည်ကျော်ကြားသော လူတစ်ယောက်ဖြစ်ပေသည်။

ထင်းရှုန်းတွင် သမီးတစ်ယောက်နှင့်သားငယ်လေးတစ်ယောက်ရှိသည်။ သူ၏သားနှင့်သမီးကို သူကဲ့သို့ပင် အနုပညာစာပေသမားဖြစ်စေချင်သည်မှာ ထင်းရှုန်း၏ဆန္ဒပင်ဖြစ်၏။ သို့သော် ထင်းရှုန်း၏ဆန္ဒက မပြည့်ဝပါပေ။

တစ်နေ့တွင် ထင်းရှုန်း၏အိမ်သို့ မမျှော်လင့်သောဧည့်သည်တစ်စု ရောက်ရှိလာလေသည်။ မင်းညီမင်းသားဟန်နှင့် ခန့်ခန့်ညားညား ဝင်ရောက်လာသော ဧည့်သည်များကို ထင်းရှုန်းက ပျူးပျူးငှာငှာပင် ဆီးကြို၍ နေရာထိုင်ခင်းပေးလိုက်သည်။

မင်းညီမင်းသားဟန်နှင့် သစ်လွင်တောက်ပသော အဝတ်အစားများကို ဝတ်ဆင်၍ ကိုယ်ရံတော်လေးငါးယောက်နှင့်အတူ

ဝင်ရောက်လာသူမှာ ချင်တူးမြို့မှ ကျားသစ်အရှင်သခင်မ ဖုန်းဝှာဟု သိရှိလိုက်ရလေသည်။

ဖုန်းဝှာသည် ထင်းရှုန်းအား စွေစွေကြည့်လိုက်၏။ ထို့နောက် ထင်းရှုန်း၏မိသားစုများကိုပါ တစ်လှည့်ကြည့်လိုက်လေသည်။ ထင်းရှုန်းမှာ ရိုးရိုးသားသားပင် မိတ်ဆက်လိုက်သည်။

"ဒါက ကျုပ်ဇနီးပါ"

ဖုန်းဝှာက ခေါင်းညိတ်ပြ၍ အပျိုမလေး ရွှေဝါကိုလှမ်းကြည့်လိုက်သည်။ ရွှေဝါ၏အနီးတွင် ငါးနှစ်သားအရွယ်ထင်းကျောင်း ရပ်နေသည်။

"အဲဒါကတော့ ကျုပ်သမီးနဲ့ သားပါပဲ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ဖုန်းဝှာက ပြောပြီး ကုလားထိုင်တစ်လုံး၌ အကျအန ဝင်ထိုင်လိုက်သည်။

"လာတဲ့ကိစ္စလေး သိပါရစေ"

ထင်းရှုန်းက လေးလေးစားစားပင် မေးလိုက်သည်။

"ခင်ဗျားနာမည် ထင်းရှုန်းနော်"

ဖုန်းဝှာက မေးသည်။

"ဟုတ်ပါတယ်"

"စာပေအနုပညာရှင်တစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ကျုပ်ကလည်း အနုပညာဆန်ဆန်ပဲဆက်ဆံပါရစေ"

ထင်းရှုန်းမှာ ထိုစကား၏အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ နားမလည်သော်လည်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ အဓိန္ဓရိပါခင်ဗျား"

"ခင်ဗျားမှာ ထင်းစိန်ဆိုတဲ့ အစ်ကိုကြီးတစ်ယောက် ရှိတယ်နော်"

ထင်းစိန်ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ထင်းရှုန်း၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။

"ကျုပ်အစ်ကိုထင်းစိန်က သေဆုံးသွားပြီပဲ"

ဖုန်းဝှာက ခေါင်းညိတ်ပြရင်း ...

"ကျုပ်သိတယ် ... နောက်ထပ် ကျုပ်သိထားတာတစ်ခုက သူ့မသေခင် ခင်ဗျားကိုပေးခဲ့တဲ့ပစ္စည်းပဲ"

ထင်းရှုန်းမှာ မျက်နှာသိသိသာသာ ပျက်သွားတော့သည်။ သို့သော် ထင်းရှုန်းသည် ပြန်လည်၍ကျွန်ုပ်ဆည်လိုက်လေသည်။

"ဘာပစ္စည်းပါလိမ့် ... ကျုပ် မသိရပါလား"

ဖုန်းဝှာသည် ထင်းရှုန်းအား စူးရှသောမျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။ ထို့နောက် ဖုန်းဝှာက အိတ်ကြီးတစ်အိတ်ကို ထင်းရှုန်းရှေ့သို့ ချပေးလိုက်သည်။ ထိုအိတ်ထဲမှာ ငွေအမြောက်အများရှိမည်ဟု ထင်းရှုန်း ထင်မိလိုက်လေသည်။

"အဲဒီထဲကငွေဟာ ခင်ဗျားတို့မိသားစု တစ်သက်ထိုင်စားလို့

ရပါတယ်”

“ဟုတ်ကဲ့ ... ကျုပ် ဘာမှနားမလည်သေးဘူးဗျ”

ထင်းရှုန်းက အေးဆေးစွာပင် ပြန်ပြောလိုက်လေသည်။

“ရှင် ပြန်စဉ်းစားပါဦးလား၊ အစ်ကိုကြီး ထင်းစိန်က ဘာများ ပေးခဲ့သလဲလို့”

ထင်းရှုန်း၏ဇနီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထင်းရှုန်းသည် ဇနီးဖြစ်သူကို တစ်ချက်လှမ်းကြည့်ကာ စဉ်းစားနေ၏။ ပြီးမှ ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် ဘာမှစဉ်းစားလို့မရဘူးဗျာ”

ဖုန်းတာသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။



ဖုန်းတာ၏ရယ်မောသံက ရင်ထိတ်ဖွယ်ရာကောင်းလှသည်။ သိန်းငွက်ကဲ့သို့ စူးရှသော မျက်လုံးအစုံသည် ထင်းရှုန်းအား စားမတတ် ဝါးမတတ်ကြည့်နေ၏။

ဘာမှနားမလည်နိုင်သော ရှုဝါမှာ သူ၏မောင်ငယ် ထင်းကျောင်းအား ဖက်ထားရင်းမှ အသာငြိမ်၍ ကြည့်နေပေသည်။

“ခင်ဗျားက စာပေသမားမို့ ကျုပ်က ယဉ်ယဉ်ကျေးကျေး

ဆက်ဆံနေတာပါ”

ထင်းရှုန်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ ယုံကြည်ပါတယ်ဗျာ”

“ခင်ဗျား ဒီငွေတွေနဲ့ အေးဆေးစွာ ထိုင်မစားချင်ဘူးလား”

ထင်းရှုန်း ငွေထုပ်ကို လှမ်းကြည့်လိုက်သည်။

“ဒါပေမဲ့ မိတ်ဆွေတို့ လိုချင်တဲ့ပစ္စည်းက ဘာမှန်းမသိတာ ခက်တယ်”

ဖုန်းတာက ထပ်မံ၍ ရယ်မောရင်းမှ ...

“ဒီမှာ ထင်းရှုန်း”

“ဟုတ်ကဲ့ အမိန့်ရှိပါ”

“ကျုပ် ဘယ်သူလဲဆိုတာ သိတယ်မဟုတ်လား၊ ချင်တူးနယ်မှာ အားလုံးက ဖိနှိပ်တုန်အောင် ကြောက်နေရတဲ့ ကျားသစ်အရှင်သခင် ဖုန်းတာ”

“ဟုတ်ကဲ့ လေးစားပါတယ်ဗျာ”

“ခင်ဗျားလေးစားဖို့ မလိုဘူး၊ ပေးကမ်းဖို့ပဲလိုတယ်၊ ကျုပ်ဆီတဲ့အကောင်က မသေချာတဲ့အလုပ်တစ်ခုကို ဘယ်တော့မှ မလုပ်ဘူး၊ မရရင်လည်း ရတဲ့နည်းနဲ့ယူတယ်”

ထိုစကားကြောင့် ထင်းရှုန်း၏ဇနီးနှင့်သမီး ရှုဝါတို့မှာ ဖခင်ဖြစ်သူကို စိုးရိမ်ကြီးစွာဖြင့် လှမ်းကြည့်နေမိကြသည်။

“ဒီမှာ ထင်းရှုန်း”

ဆွေတို့ မကျေနပ်ဘူးဆိုရင် တစ်အိမ်လုံး ရှာဖွေနိုင်ပါတယ်"

ဖုန်းဝှာသည် ထင်းရှုန်းအား အတန်ကြာအောင် စိုက်ကြည့်နေရင်းမှ သူတပည့်လေးဦးအား မျက်ရိပ်ပြလိုက်လေသည်။ ဖုန်းဝှာ၏တပည့်လေးယောက်သည် ထင်းရှုန်း၏အိမ်တစ်အိမ်လုံးကို ထောင်းလမောင်းကျေအောင် မွှေနှောက်နေတော့သည်။

သို့သော် လေးယောက်စလုံး ချွေးဒီးဒီးကျ၍ ပြန်ထွက်လာသည်။ တပည့်များသည် ဖုန်းဝှာအား ခေါင်းယမ်းပြလိုက်လေသည်။ ဖုန်းဝှာ၏ဒေါသသည် အထွတ်အထိပ်သို့ ရောက်ရှိသွားတော့၏။

"ခင်ဗျား လူလိမ် လူညာ"

ဖုန်းဝှာသည် ထင်းရှုန်းအား ဆောင့်တွန်းလိုက်ရာ ထင်းရှုန်းမှာ ခပ်ဝေးဝေးသို့ လွင့်စဉ်သွားတော့သည်။ ဇနီးနှင့်သမီးတို့က ပြေး၍ထူလိုက်ကြသည်။

"ရှင်တို့ မတရားမလုပ်ပါနဲ့"

ရွှဝါ ဒေါသဖြစ်စွာဖြင့် ဝင်ရောက်ပြောဆိုလိုက်သည်။ ဖုန်းဝှာက ရွှဝါကို စူးစိုက်ကြည့်လိုက်၏။ ထို့နောက် ဖုန်းဝှာသည် ရွှဝါကို ရုတ်တရက် ချုပ်ကိုင်လိုက်သည်။

"ခင်ဗျားသမီးကို ကောင်းကောင်းမွန်မွန် ပြန်တွေ့ချင်ရင် တစ်လအတွင်း ကျမ်းစာအုပ်ရှာပြီး ချင်တူးကိုလာခဲ့ပါ"

"ဗျာ"

"ထင်းစိန်က ထိပ်တန်းသိုင်းပညာစုဆိုတဲ့ ကျမ်းစာအုပ်ကလေးတစ်ခု ခင်ဗျားဆီမှာ ပေးခဲ့တယ်မဟုတ်လား"

ထင်းရှုန်းသည် တစ်ချက်စဉ်းစားရင်းမှ ...

"ဩော် လက်စသတ်တော့ မိတ်ဆွေက ဒီကိစ္စလာတာကိုး"

ဖုန်းဝှာမှာ ရုတ်တရက် ဝမ်းသာသွားသည်။

"ခင်ဗျား သတိရသွားပြီပဲ ... ရှိတယ်မဟုတ်လား"

ဖုန်းဝှာက အလောတကြီး မေးလိုက်သည်။

"မပြောတတ်ဘူးခင်ဗျ"

"ဘာ"

✷

ဖုန်းဝှာသည် ဒေါသကြောင့် ထိုင်ရာမှ ရုတ်တရက်ထလိုက်လေသည်။

"ခင်ဗျား ဘာပြောတာလဲ"

ထင်းရှုန်းက ပြုံးရင်းမှ ...

"ဒီလိုပါ။ ကျုပ်က စာပေသမားဝီဝီ သိုင်းကိစ္စနဲ့ပတ်သက်ပြီး လုံးဝစိတ်မဝင်စားပါဘူး၊ အဲဒီတော့ သူက သိုင်းစာအုပ်ကို ပေးသွားသည့်တိုင်အောင်လည်း ကျုပ်က အလေးမထားခဲ့တာကြောင့် မိ

ချင်တူးမြို့၏ကျားသစ်ဂေဟာသည် ခမ်းနားကြီးကျယ်လွန်းလှပေသည်။ အဆင့်မြင့်သော သိုင်းပညာရပ်များကို သင်ကြားပေးနေသည့် ကျောင်းတော်ကြီးတစ်ခုဆိုလျှင်လည်း မမှားပါပေ။

ဂေဟာ၏နဖူးစီးတွင် ကျားသစ်သိုင်းပညာဟူသော ရွှေရောင်စာလုံးကြီးများသည် အနက်ရောင်ပေါ်၌ ပေါ်လွင်လှပေသည်။ ဂေဟာကြီး၏ရှေ့တွင် ကျယ်ပြန့်လှသော မြေကွက်လပ်ကြီး ရှိနေ၏။

ယင်းမြေကွက်လပ်ပေါ်တွင် သင်တန်းသားများ လေ့ကျင့်သင်ယူနေသောအသံများသည် နေ့စဉ်ပင် ဆူညံလျက်ရှိနေ၏။ ရှုဝါမှာ ကျဉ်းမြောင်းသောအခန်းတစ်ခုအတွင်းမှ လောကငရဲကို ခံစားနေရပေသည်။ ထိုအခန်းကျဉ်းထဲ၌ သူမအား ပိတ်လှောင်ထားသည်မှာ ဆယ်ရက်ကျော်ပြီ ဖြစ်လေသည်။

တစ်လပြည့်၍မှ သူတို့လိုချင်သောပစ္စည်းကို မိမိ၏ဖခင်ကလာရောက်မပေးလျှင် မိမိ၏ဘဝသည် မတွေးဝံ့စရာပင် မဟုတ်ပါလား။ မိမိ၏ဖခင်ထံ၌ ထိုပစ္စည်းသည် အမှန်တကယ်ပင် ရှိနေပါ၏လော။ အကယ်၍သာ ရှိနေရိုးမှန်လျှင် မိမိ၏ဖခင် ဘယ်နည်းနှင့်မှ နေမည်မဟုတ်ပေ။ အမြန်ဆုံး လာရောက်ပေးမည်မှာ သေချာ၏။ အကယ်၍ တကယ်အမှန် မရှိခဲ့လျှင် မိမိတို့၏မိသားစု ဘဝသည်...



ရှုဝါမှာ တွေးတောရင်းမှ ဝမ်းနည်းလာမိသည်။ သူမသည် အခန်းကျဉ်းကလေးထဲမှနေ၍ ခပ်လှမ်းလှမ်းသို့ လှမ်းမျှော်ကြည့်နေမိသည်။ သိုင်းသင်တန်းသားများ သိုင်းလေ့ကျင့်နေသည်ကို ကြည့်ရှုနေမိခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ဖုန်းဝှာသည် သင်တန်းကွင်းသို့ ရောက်ရှိလာပြီး စစ်ဆေးလေ့ရှိသည်။ သိုင်းပညာအားကိုးနှင့် မိမိတို့မိသားစုအားမတရားအနိုင်ကျင့်သော ဖုန်းဝှာကို ရှုဝါသည် စိတ်ထဲမှ နာကြည်းနေမိ၏။ ထို့အတူ သိုင်းပညာသင်ကြားနေသော လူငယ်များကို ကြည့်၍လည်း စိတ်ထဲမှ ဒေါသဖြစ်နေမိသည်။

သူတို့လည်း သိုင်းပညာကျွမ်းကျင်သွားရင်း ဒီလိုပဲ လူတကာအပေါ်မှာ အနိုင်ကျင့်နေမယ့်လူတွေပဲဟု တွေးတောယူဆထားလိုက်၏။ သိုင်းပညာတတ်သည့် သိုင်းသမားတိုင်းသည် အကြင်နာတရားများ ခေါင်းပါးကြမည်ဟူ၍ပင် သူမက ယူဆထားလိုက်လေသည်။

ကျားသစ်ဂေဟာတစ်ခုလုံးသည် အကြင်နာမဲ့သော၊ အကြင်နာတရားခေါင်းပါးသော ဌာနကြီးတစ်ခုဟု ရှုဝါက သတ်မှတ်ထားသည်။ သူမအား အခန်းကျဉ်းကလေးထဲ၌ ဖြစ်သလိုထားသည်။

သူမ၏ရှေ့မှ ဖြတ်သန်းလာသော သူများသည် သူမအားမြင်သည့်တိုင် တစ်ယောက်တလေမျှ အရေးမလုပ်ကြပေ။ ယုတ်စွ

"ဒါထက် မောင်လေး ထင်းကျောင်းကော"

ရှူဝါက သူမ၏မောင်ငယ်ကိုမမြင်၍ မေးလိုက်သည်။

"သူ့အတွက် မပူပါနဲ့"

ထင်းရှုန်းသည် သမီးဖြစ်သူကို စိတ်မကောင်းစွာဖြင့် တွဲခေါ်၍ ကျားသစ်ဂေဟာမှ လှမ်းထွက်ခဲ့သည်။ ထိုစဉ် ရုတ်တရက် ...

"ခဏနေပါဦး"

ထိုအသံနှင့်အတူ ဖုန်းဝှာသည် ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာခဲ့၏။ သူ၏လက်ထဲတွင် အဝတ်စအနီနှင့် ပတ်ထားသော စာအုပ်ငယ်ကလေးတစ်ခုကို ကိုင်ဆောင်ထားလေသည်။ ဖုန်းဝှာ၏ မျက်နှာသည် မာန်ဖီနေသော ကျားသစ်ကြီးတစ်ကောင်ကဲ့သို့ ဖြစ်နေ၏။ ထင်းရှုန်းက ဖုန်းဝှာကို ကြည့်နေမိသည်။

"ခင်ဗျားရဲ့ပညာ ဒါအကုန်ပဲလား"

ဖုန်းဝှာက မေးလိုက်သည်။ ထင်းရှုန်းမှာ ကြောင်အမ်းအမ်း ဖြစ်နေ၏။ ဖုန်းဝှာသည် ဘာမပြောညာမပြောနှင့် ရုတ်တရက် မေးခွန်းကို ဆွဲထုတ်ကာ သူ၏လက်ကို လှုပ်ယမ်းလိုက်လေသည်။

"အောင်မယ်လေး"

ရှူဝါ ကြောက်လန့်တကြား အော်ဟစ်မိလိုက်သည်။ ထင်းရှုန်းမှာ အရှုပ်ကြိုးပြတ် လဲကျသွားတော့သည်။

"ရှင် ... ရှင်တို့ ..."

ထင်းရှုန်း၏နှုံးက ဖုန်းဝှာအား ရန်တွေ့ရန် ဟန်ပြင်လိုက်

အဆုံး ထမင်းချက်အဘိုးကြီးသည်ပင် သူမကို ဖြစ်သလို ထည့်ကွေးသည်။ မသေရုံတမည်သာ စားသောက်နေရ၏။

ကျားသစ်ဂေဟာမှ လူသားများသည် လူသားစိတ်၊ လူသားနှလုံးမှ ရှိကြရဲ့လားဟု သံသယဖြစ်မိတော့၏။ သူမသည် ဤဝဋ်ဒုက္ခကို မည်မျှကြာအောင် ခံစားရဦးမည်နည်း။

သူမအဖို့ အရေးမကြီးပါ။ ဖခင်ဖြစ်သူ ထင်းရှုန်းအား ဖုန်းဝှာက ဒုက္ခပေးမှာကို ရှူဝါ အလွန်အမင်း စိုးရိမ်နေမိသည်။ ရှူဝါ စိုးရိမ်နေသောနေ့ရက်သည် မကြာမီ ရောက်ရှိလာတော့၏။

✳

သူမ၏ဖခင်နှင့်မိခင်သည် သူမထံသို့ အပြေးအလွှား ရောက်ရှိလာသည်။ အစောင့်က တံခါးကို ဖွင့်ပေးလိုက်သည်။ ရှူဝါသည် ဖခင်နှင့်မိခင်ကိုဖက်၍ ဝမ်းနည်းစွာ ငိုကြွေးမိတော့သည်။ ထင်းရှုန်းက သမီးဖြစ်သူ၏ပခုံးကို ပွတ်သပ်၍ချော့သည်။

"ဝမ်းနည်းမနေပါနဲ့ သမီးရယ်၊ ကိစ္စက ပြီးသွားပြီပဲ"

"ဖေဖေ သူတို့လိုချင်တဲ့ပစ္စည်း ပေးလိုက်ပြီပေါ့ ဟုတ်လား"

ထင်းရှုန်းက ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေါ့ ... ဒါကြောင့်မို့လဲ ခု သမီးကို ပြန်ခေါ်ခွင့်ပြုတာပေါ့"

သည်။ သို့သော် သူမ၏စကားမဆုံးလိုက်ပါ။

"ခင်ဗျားယောကျ်ားက စာအုပ်အတုကို လာပေးတယ် ဟုတ်လား"

ဖုန်းဝါ၏လက်သည် ရုတ်တရက် လှုပ်ရှားသွားရာ ...

"အောင်မယ်လေး ... အွန့် အွန့်"

ရူဝါ၏မိခင်မှာ သွေးအိုင်ထဲ၌ လူးလွန့်သွားတော့သည်။ ရူဝါသည် ရပ်တည်နိုင်စွမ်း မရှိတော့ပါ။ မိဘနှစ်ပါး၏မြင်ကွင်းကိုကြည့်၍ ပျော့ခွေလဲကျသွားတော့သည်။

✵

ရူဝါ ပြန်လည်သတိရလာသည်။ သပ်ရပ်သော အခန်းတစ်ခုထဲ၌ ရောက်ရှိနေကြ၏။ သူမသည် ခုတင်ပေါ်မှ ကပျာကယာ လူးလဲထလိုက်သည်။ ထိုအခါ ရူဝါမှာ ရှက်စိတ်ကြောင့် တစ်ကိုယ်လုံး ပူထူသွားလေသည်။ သူမ၏ကိုယ်ပေါ်တွင် အဝတ်အစားများ မရှိပါ။

ခါးအောက်ပိုင်းကိုသာ သေးငယ်သော အဝတ်စတစ်ခုနှင့် ပတ်ထား လေသည်။ ဖုန်းဝါသည် ရဲရဲတောက်နေသော မျက်လုံးနှင့် ရူဝါအနီးသို့ လျှောက်လာလေသည်။ ရူဝါမှာ ကြောက်လွန်း၍ တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်ယင်နေပေသည်။

"ကျွန်မ ... ကျွန်မကို ချမ်းသာပေးပါရှင်"

"ကျွန်မကို သနားပါ"

ရူဝါသည် သနားစဖွယ် တောင်းပန်ရှာသည်။

"ဟား ဟား ဟား ... သနားရမယ် ဟုတ်လား။ သနားလို့ ပေါ့။ ဟဲ ... ဟဲ"

ဖုန်းဝါ၏သန်မာသော လက်များသည် ရူဝါအား ဖျစ်ညှစ် ဆုပ်ကိုင်လိုက်သည်။ ရူဝါ ရုန်းကန်သည်။ အော်ဟစ်သည်။ သို့သော် အချည်းနှီးပင်။ ကျားဂေဟာတွင် ဖုန်းဝါ၏အခန်းနားသို့ မည်သူမှ ခြေဦးကပ်ရဲကြပါ။ ကြာတော့ ရူဝါ မောပန်းလာသည်။ အားမာန်များ ကုန်ဆုံးသွားတော့သည်။ ကျားသစ်သည် သမင်ပျိုမလေးအား ခုန်အုပ်လိုက်တော့သည်။

✵

ရူဝါ ငိုယိုနေရသည်။ ယင်းသို့ ငိုယိုရုံမှလွဲ၍လည်း သူမ ဘာမှမတတ်နိုင်တော့ပါ။ ဖုန်းဝါသည် အဝတ်အစားများကို ကျနစွာ ဖြုံဝတ်ပြီးသည်နှင့် အချက်ပေးခေါင်းလောင်းကို လှုပ်ယမ်းလိုက်သည်။ လူတစ်ယောက် ဝင်ရောက်လာသည်။ ကုမ္ပကျိ ... ဖုန်းဝါ၏ ဘာလက်ရုံး ကုမ္ပကျိ။

"မင်း သူ့ကိုခေါ်သွား"

ကုမ္ပကျိ၏မျက်နှာ ဝင်းလက်သွားသည်။ သခင်က တစ်ထွာ

ပြလိုက်လျှင် တစ်လံအထိ မြင်တတ်သော ကုမုကျိသည် ရှုဝါအား ဆွဲခေါ်သွားတော့သည်။ တကယ်တော့ ရှုဝါမှာ ကျားသစ်ဂေဟာ၏ အရုပ်ကလေးတစ်ရုပ်ဖြစ်နေပေတော့သည်။ ကုမုကျိသည် သူ၏ အခန်းထဲသို့ ရှုဝါကို ဆွဲသွင်းသွားသည်။ ပြီးနောက် တံခါးကို ဂျိမ်းခနဲ နေအောင် ဆွဲပိတ်လိုက်လေသည်။

✳

ရှုဝါသည် ငယ်ရွယ်သော မိန်းမပျိုကလေးတစ်ဦး ဖြစ်ပေ သည်။ သွေးသားဆူဖြိုးတက်ကြွနေချိန်မို့ ကိုယ်လုံးကိုယ်ပေါက်က အချိုးအဆစ်ကျလှပေသည်။ ကုမုကျိသည် ရှုဝါအား အာသာငမ်းငမ်း စိုက်ကြည့်နေရင်းမှ သူ၏အဝတ်အစားတို့ကို စတင်၍ ချတ်လိုက်လေ သည်။ ရှုဝါမှာ မျက်လုံးမျက်ဆန်ပြူးသွားရပြန်တော့သည်။

"ရှင်တို့... ရှင်တို့... ယောကျ်ားတွေမှာ သနားကြင်နာတတ် တဲ့စိတ်မှ ရှိကြပါရဲ့လား"

ရှုဝါသည် အသည်းနာနာဖြင့် အော်ဟစ်လေတော့သည်။

"ဘယ်လိုပြောလိုက်တာလဲ ညီမရယ် ... သနားလို့ ဒီကို ခေါ်လာတာပေါ့"

"ရှင် ... ကျွန်မအနား မကပ်နဲ့"

သူမအနေနှင့် ပါးစပ်ကသာ အော်ဟစ်ဟန့်တားနိုင်သည်

ယက်တွေ့မှာ ဘာမှမတတ်နိုင်ရှာပါ။ ကုမုကျိသည် သူမ၏ခန္ဓာကိုယ် အား ကြမ်းတမ်းစွာ တွန်းလှဲလိုက်လေသည်။ ရှုဝါ ဆက်၍ ငိုရပြန် သည်။ မျက်ရည်တို့က မစဲနိုင်တော့ပါ။

✳

"စစ်ချိုင်း"

ကုမုကျိက အခန်းတံခါးဖွင့်၍ လှမ်းခေါ်လိုက်သည်။ စစ် ုင်းသည် ကုမုကျိ၏လက်ထောက် ကိုယ်ရံတော်ဖြစ်သည်။ ဖုန်း ၏ဘယ်လက်ရုံးဆိုလည်း မမှားပါ။ စစ်ချိုင်းက ပြေးဝင်လာသည်။ နောက် ငိုနေသော မိန်းကလေးနှင့်အဝတ်အစားလဲနေသော ကုမု ကိုကြည့်ကာ သဘောပေါက်သွားသည်။

"ကုမုကျိ ... သူက"

စစ်ချိုင်းက ရှုဝါကို လက်ညှိုးထိုး၍မေးသည်။

"မင်း သူ့ကို သချိုင်းသွားပြီး သတ်ပစ်လိုက်ပါ"

ကုမုကျိ၏အမိန့်သံက ပြင်းထန်လွန်းလှသည်။ စစ်ချိုင်းမှာ ုင်အမ်းအမ်းဖြစ်သွား၏။

"ဟာ ... ဒီလောက်လှတဲ့ မိန်းကလေးကို ငါက သွားသတ် မှာလား"

ကုမုကျိသည် စစ်ချိုင်းအား မျက်မှောင်ကြုတ်၍ ကြည့်

လိုက်သည်။

"ဒီမှာ စစ်ချိုင်း အဲဒါ ငါ့အမိန့်မဟုတ်ဘူး၊ သခင်ကြီးအမိန့်"

စစ်ချိုင်း ပါးစပ်ပိတ်သွားသည်။ သူတို့ပြောဆိုနေကြသည်ကို ရှူဝါ အကုန်ကြားသည်။ သို့သော် မမှုတော့ပါ။ သူမ၏ဘဝသည် ယခုအခါ သေဆုံးသွားရသည်က အကောင်းဆုံးပင် မဟုတ်ပါလား။

✳

"ကဲ ကလေးမ ... ငါနဲ့လိုက်ခဲ့"

စစ်ချိုင်းက ခေါ်သည်။ ရှူဝါက ခေါင်းခါယမ်းလိုက်၏။

"ဘယ်ကိုမှမလိုက်တော့ဘူး၊ နင်တို့သတ်ချင် ဒီမှာပဲ သတ်လိုက်"

"ဩော် ... နင်က သေရမှာ မကြောက်ဘူးပေါ့ ဟုတ်လား"

ရှူဝါက မဲ့ပြုံး ပြုံးလိုက်သည်။

"နင်တို့လက်ထဲမှာနေရတာထက် သေရတာက မြတ်သေးတယ်"

'ဖြန်း'

ကုမ္ဘကျိသည် ရှူဝါ၏ပါးပြင်ကို မည်သမတာ ရိုက်ပစ်လိုက်လေသည်။ ပြီးမှ စစ်ချိုင်းအား မော့ကြည့်လိုက်၏။

"ဟေ့ကောင် ... သူ့ကို အမြန်ခေါ်သွားလို့ ပြောနေတ

မကြားဘူးလား၊ မင်းကို ငါပြောချင်တာက ဒီမိန်းကလေးဟာ လူ့လောကမှာ မရှိဖို့ပဲနော်၊ အဲဒါ သခင်ကြီးရဲ့အမိန့်"

စစ်ချိုင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

စစ်ချိုင်းသည် ရှူဝါအား ကြမ်းတမ်းစွာ ဆွဲခေါ်သွားပြန်၏။ သူမ၏ဘဝသံသရာသည် ဤလူယုတ်မာများ လက်ထဲမှာ ဆုံးနိုင်ပါတော့မလား။ စစ်ချိုင်းသည် ရှူဝါအား မြင်းလှည်းတစ်စီးထဲသို့ ထိုးကာ အပြင်းပင် မောင်းနှင်ထွက်သွားတော့သည်။

မြင်းလှည်းသည် သချိုင်းရှိရာဘက်သို့ပင် တည့်တည့်မတ်မတ် မောင်းနှင်နေပေသည်။ သူတို့သည် ကျားသစ်အရှင် သခင်ဖုန်းဝါ၏အမိန့်ကို လုံးဝမလွန်ဆန်ရဲကြပါ။

သို့သော် စစ်ချိုင်းသည်လည်း လူသားတစ်ဦးပင် ဖြစ်လေသည်။ သူသည် မက်မောစွာ ချစ်စဖွယ်ကောင်းသော ရှူဝါကို လောလောလတ်လတ် မသတ်လိုသေးပါ။ သူလိုလားသောဆန္ဒကို ဖြည့်ဆည်းမှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် သချိုင်းရောက်ခါနီးတွင် မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။ ပြီးနောက် မြင်းလှည်းတံခါးကို ဆွဲဖွင့်လိုက်၏။ ထိုစဉ်မှာပင် ...

'ဝုန်း'

ဟူသော အသံနှင့်အတူ စစ်ချိုင်း၏ခန္ဓာသည် မြင်းလှည်းအတွင်းမှ လွင့်စဉ်ကျသွားတော့သည်။ မြင်းလှည်းက ရုတ်တရက်

အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားသည်။ သချိုင်းလွန်သည်နှင့် မြင်းလှည်းက ရပ်တန့်လိုက်၏။

ထိုအခါ ရှုဝါသည် မြင်းလှည်းပေါ်မှဆင်း၍ ခြေဦးတည့်ရာသို့ စွတ်ပြေးလေတော့သည်။ သူမ ခြေဦးတည့်ရာ ပြေးသောနေရာမှာ ခပ်ဝေးဝေးဆီမှ တောင်တန်းတစ်ခုသို့ ဖြစ်ပေသည်။

ထိုအခိုက်မှာပင် မြင်းလှည်းထဲမှ မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် ထွက်လာခဲ့သည်။ ထိုလူလည်း တစ်နေရာသို့ ခပ်သွက်သွက်ကလေး လှမ်းသွားကာ မကြာမီ ပျောက်ကွယ်သွားတော့သည်။ စစ်ချိုင်းနောက်မှ ပြေးလိုက်လာသည်။ သူ မြင်းလှည်းဆီသို့ ရောက်၍ မြင်းလှည်းအတွင်းသို့ ကြည့်လိုက်သောအခါတွင် တစ်စုံတစ်ယောက်မှ မရှိတော့ပါ။

✵

ရှုဝါက သူမ၏အဖြစ်အပျက်များကို အစမှအဆုံး ခရေစေ့တွင်းကျ ပြောပြလိုက်လေသည်။ ကျန်စုသည် သက်ပြင်းရှည်ကြီးကို ချ၍ ခေါင်းခါယမ်းလိုက်လေသည်။

"မိန်းကလေးရဲ့အဖြစ်က စိတ်ထိခိုက်စရာပါပဲ"

ကျန်စုက ခေါင်းကို အသာအယာ ညိတ်လိုက်သည်။

"စိတ်နာသင့်ပါတယ်၊ ဒါပေမဲ့ ..."

"ပြောပါ ဘဘ ... ဒါပေမဲ့ ဘာဖြစ်သလဲ"

"ကျားသစ်အရှင် သခင်ဖုန်းဝှာဟာ သိုင်းပညာမှာ သူမတူအောင် ထူးခြားတယ်ဆိုတာတော့ နင်သတိထားရလိမ့်မယ်"

ရှုဝါ ပါးစပ်ပိတ်၍ စဉ်းစားငေးငိုင်နေသည်။ ကျန်စုကလည်း အတွေးနှင့်သူ အဝေးသို့ မျှော်ငေးကြည့်နေ၏။ နှစ်ဦးစလုံး စိတ်ထားသည် ပျံ့လွင့်နေကြသည်။ ကျန်စုသည် သက်ပြင်းကို မကြာခဏ ရှိနေတတ်သည်။

စိတ်ထဲတွင် ရှုဝါ၏အဖြစ်ဆိုးကို မျက်စိထဲ မြင်ယောင်နေ၏။ လောကတွင် ရှုဝါသည် ကံအဆိုးဆုံး မိန်းကလေးတစ်ဦး ဖြစ်လိမ့်မည်ဟုလည်း စဉ်းစားမိသွား၏။

သူမသည် ယောကျ်ားများအပေါ် စိတ်နာကြည်းနေသည်ကိုလည်း ကောင်းစွာသဘောပေါက်သွားသည်။ သို့သော် ရှုဝါသည် ကျားသစ်ဖန်းဝှာအား ယှဉ်ပြိုင်လျှင် ရှုံးနိမ့်မည်ဖြစ်ကြောင်းကို ကျန်စုက ကြိုတင်တွက်ဆထားသည်။ အဘယ့်ကြောင့်ဆိုသော် ...

သူကိုယ်တိုင်ပင် ဖုန်းဝှာကို ယှဉ်ပြိုင်နိုင်သည့်အင်အား မရှိသောကြောင့်ပင် ဖြစ်လေသည်။

✵

ကျန်စုသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်၏။

ထို့နောက် ရှူဝါကို ဆတ်ခနဲကြည့်ကာ ...

"ဒါထက် ရှူဝါ"

"ပြောပါ ... ဘဘ"

"ထိပ်တန်း သိုင်းပညာစု ကျန်းစာအုပ်ရဲ့အကြောင်း သမီး ဘာသိသလဲ"

ရှူဝါသည် ကျန်စုအား ဆတ်ခနဲပြန်၍ ကြည့်လိုက်သည်။

"အဲ့ဒါ ကျွန်မ ဘာမှမသိဘူး ဘဘ၊ ဘာဖြစ်လို့လဲ အဲ့ဒီ ကျမ်းစာအုပ်က တန်ဖိုးရှိလို့လား"

ကျန်စုသည် သူ့ဦးခေါင်းကို လက်ဝါးဖြင့် ပြန်ပုတ်လိုက်ပြီး

"ဟာ ... ဘယ့်နယ်ပြောပါလိမ့်ကွယ်၊ အဲ့ဒီသိုင်းကွက်ကျမ်း ကို သိုင်းသမားတစ်ထောင်ရှိရင် တစ်ထောင်လုံး လိုချင်ကြတာချည်း ပဲ၊ အေး ... အဘလည်း သိုင်းလောကမှာ ကျက်စားနေတဲ့ အချိန်က သာဆိုရင် လိုချင်မှာ အမှန်ပဲ"

ရှူဝါသည် စိတ်ဝင်စားစွာဖြင့် ကျန်စု၏အနားသို့ တိုးကပ် လာပေသည်။

"ဘဘ"

"ပြောလေ ... နင်ဘာပြောချင်လို့လဲ"

"ကျွန်မ မသိတာတွေ မေးချင်လို့ပါ"

ကျန်စုက မျက်မှောင်ကုတ်လိုက်သည်။

"ဘာလဲသမီး ... မေးလေ"

"အဲဒီသိုင်းကျမ်းစာအုပ်အကြောင်း ဘဘ သိသလားဟင်"

ကျန်စုသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"သိတာပေါ့ ရှူဝါရယ်၊ သိပ်သိတာပေါ့"

"သိရင် ကျွန်မကို ပြောပြပါလား"

"အဲဒီထိပ်တန်းသိုင်းပညာစုဆိုတာ တိဗက်သိုင်းပညာရှင် ဘစ်ဦး ပြုစုခဲ့တာပဲကွယ်၊ အဲဒီတိဗက်သိုင်းပညာရှင်ကြီးဟာ သိုင်း လောကမှာ သူမတူအောင် ကျော်ကြားခဲ့တာပေါ့"

"ဩော် ... ဟုတ်ကဲ့"

"သူ့ရဲ့ပညာနဲ့ သူ့ရဲ့သိုင်းကျမ်းစာအုပ်ကို အမွေရလိုက်တဲ့ သူဟာ ထင်းစိန်ဆိုတဲ့ သိုင်းသမားတစ်ယောက်ပဲ"

"ဩော် ... ဟုတ်ကဲ့၊ အဲဒါ ကျွန်မအဖေရဲ့ အစ်ကိုကြီးပါ"

"အင်း ... ဟုတ်ပါတယ်၊ သမီးပြောပြခဲ့တဲ့အထဲမှာ ပါသား ပဲ၊ အဲဒီထင်းစိန်ဟာ သိုင်းလောကမှာ ဆယ့်ခြောက်နှစ်လုံးလုံး ကျော် စောထင်ရှားခဲ့တယ်၊ သူ့ကို ဘယ်သူမှလည်း မယှဉ်နိုင်ခဲ့ဘူး၊ အဲဒါ ဘာကြောင့်လဲဆိုတော့ အဲဒီထိပ်တန်း သိုင်းပညာစုကြောင့်ပဲ"

ရှူဝါသည် ကျန်စု၏စကား ဆုံးသောအခါတွင် ငေးငိုင်စဉ်း စားနေ၏။ ထိုသိုင်းကျမ်းသည် အမှန်တကယ်ပင် မိမိ၏ဖခင်အား ဘကြီးဖြစ်သူ ထင်းစိန်က ပေးသွားပါသလား။

အကယ်၍ အမှန်တကယ်ပေးသွားခဲ့ပါလျှင် မိမိ၏ဖခင် သည် ထိုသိုင်းကျမ်းကို စိတ်ဝင်စားသူမဟုတ်၍ ဖုန်းဝှာအား အလွယ်

တကူပင် ပေးလိုက်မည်ဖြစ်ပေသည်။

ယခုတော့ မိမိအား ဖုန်းဝှာက ဖမ်းဆီးထားသည့်တိုင် အောင် မိမိ၏ဖခင်သည် ထိုစာအုပ်ကို ထုတ်မပေးနိုင်ခဲ့ပါ။ သို့သော် မိမိ၏ဖခင်သည် မဖြစ်ဖြစ်သည့်နည်းနှင့်စာအုပ်ကို ယူလာခဲ့သေး သည်။ ထိုစာအုပ်သည် အတုဖြစ်နေသဖြင့် ဖုန်းဝှာ၏သတ်ဖြတ် ခြင်းကို မိဘနှစ်ပါးစလုံး ခံလိုက်ရသည် မဟုတ်လား။

✱

"နင် ဘာတွေစဉ်းစားနေတာလဲ"

ကျန်စုက ရွှေဝါအား မေးလိုက်လေသည်။

"ကျွန်မ အဖေ့ဆီမှာ အဲဒီစာအုပ်ရှိ,မရှိ စဉ်းစားနေတာပါ။ တကယ်တော့ အဖေဟာ အဲဒီသိုင်းကိစ္စနဲ့ ပတ်သက်လာရင် ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး"

ကျန်စုက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်၍ပြုံးနေသည်။

"ငါ့ရဲ့စိတ်ထဲမှာ ရှိတာကို ပြောရမလား"

"ပြောပါ ဘဘ"

"နင့်အဖေ ထင်းရှုံးဟာ သိုင်းပညာကို စိတ်ဝင်စားတာ မဟုတ်ဘူးဆိုတာ ငါလက်ခံပါတယ်၊ ဒါပေမဲ့ သူ့အစ်ကိုတစ်ယောက် လုံးက သေသေချာချာ အပ်သွားတဲ့ပစ္စည်းကိုတော့ သူက ရိုရိုသေ

သေ လေးလေးစားစားနဲ့ သိမ်းဆည်းထားမှာ အမှန်ပဲ"

ရွှေဝါသည် ကျန်စုအား အတန်ကြာအောင် စိုက်ကြည့်နေ လိုက်သည်။

"ဖြစ်နိုင်ပါ့မလား၊ ဖေဖေဟာ ကျွန်မကို သိပ်ချစ်တယ်၊ သူ့မှာသာ အမှန်တကယ်ရှိရိုးမှန်ရင် ဖုန်းဝှာလက်ထဲ ကျွန်မကို ထည့် မှာမဟုတ်ဘူး"

"တကယ်တော့ နင့်အဖေဟာ နင့်ကိုချစ်လွန်းလို့ ကြိုးကြိုး စားစား ဖန်တီးလိုက်တာပဲ"

"ရှင် ... ဘာ၊ ဘာကိုဆိုလိုတာလဲ"

"နင်စဉ်းစားကြည့်လေ၊ သိုင်းပညာစာအုပ်နဲ့ မတူတူအောင် ဖန်တီးပြီး ဖုန်းဝှာဆီကို ရောက်အောင်သွားပေးတယ် မဟုတ်လား"

"ဆက်ပြောပါဦး ဘဘ"

"ဖုန်းဝှာက အတုမှန်း ချက်ချင်းသိသွားတာတော့ သူ့ကံဆိုး ဘာပေါ့ကွာ၊ တကယ်ဆိုရင် သူအတုလုပ်တာ ပေါ့လျော့မှုရှိသွားတဲ့ အတွက်ပေါ့"

ရွှေဝါသည် မျက်မှောင်ကြုတ် စဉ်းစားနေရင်းမှ ကျန်စုကို မော့ကြည့်လိုက်လေသည်။

"ဒါဆို ဖေဖေ့ဆီမှာ အစစ်ရှိတယ်လို့ ဘဘက အတတ်ပြော ဘာပေါ့၊ ဟုတ်လား"

ကျန်စုက ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့၊ ရှိလို့လည်း အတုကို ဖန်တီးနိုင်တာပေါ့၊ ဒါ
ကြောင့်မို့လည်း သူဟာ ရက်နည်းနည်း ကြာသွားပြီးမှ ဖုန်းဝှာဆီကို
ရောက်လာခဲ့တာ မဟုတ်လား"

ထိုအခါ ရှုဝါသည် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေ၏။

"ဟုတ်တယ်၊ ဘဘပြောတာ ဖြစ်နိုင်တယ်၊ ဒါဆို ဖေဖေက
အခု ဘယ်သူ့ကို ပေးခဲ့သလဲ မသိဘူး"

ကျန်စုက ပခုံးနှစ်ဖက်ကို အသာ တွန့်လိုက်လေသည်။

"အဲ့ဒီအထိတော့ ဘဘလည်း မစဉ်းစားတတ်တော့ဘူး"

ရှုဝါက အချိန်အတော်ကြာသည်အထိ စဉ်းစားနေသည်။
ကျန်စုသည် ရှုဝါကို ရုတ်တရက်လှမ်းကြည့်သည်။

"နင်တို့မိသားစုထဲမှာ မောင်လေးတစ်ယောက် ရှိသေး
တယ်ဆို"

ထိုစကားကြောင့် ရှုဝါသည် စိုးရိမ်စိတ်များဖြင့် ကျန်စုကို
မော့ကြည့်လိုက်လေသည်။

"ဟုတ်တယ် ဘဘ၊ မောင်လေးထင်းကျောင်းရဲ့အကြောင်း
ဖေဖေတို့က ဘာမှလည်း ပြောမသွားဘူး"

ကျန်စုသည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေး
တောနေ၏။ အတန်ကြာမှ ...

"တခြား ညီအစ်ကိုမောင်နှမတွေ ရှိသေးသလား"

"တခြားအရင်းအနှီး ဆွေမျိုးဆိုလို့ မရှိပါဘူး၊ ကျွန်မအမေ

ညီဝမ်းကွဲတစ်ယောက်ပဲ ရှိပါတယ်"

"အဲဒီမှာများ ထင်းကျောင်းကို အပ်ထားခဲ့သလား"

"ကျွန်မ ဘာဆက်လုပ်ရမလဲ ဘဘ"

ကျန်စု သက်ပြင်းချမိလိုက်ပြန်သည်။

"သမီးကို ဘဘ တစ်ခုပြောမယ်"

"ဟုတ်ကဲ့ ပြောပါ"

"သမီး ဒီကိုရောက်နေတာ ခြောက်နှစ်ရှိပြီ၊ ထင်းကျောင်း
ဆည်း ခုဆိုရင် ဆယ့်တစ်နှစ်, ဆယ့်နှစ်နှစ် ရှိရောပေါ့၊ သမီးမှာ
သူ့ကို လိုက်ရှာဖို့ တာဝန်ရှိသလို သိုင်းကျမ်းစာအုပ်ကိုလည်း အမြန်
ဆုံး ရှာဖွေဖို့သင့်တယ်"

ရှုဝါက မျက်မှောင်ကုတ် စဉ်းစားရင်းမှ ...

"အကယ်၍ အဲဒီသိုင်းကျမ်းစာအုပ်ကို ရှာဖွေလို့ မရခဲ့ရင်
ကော ဘဘ"

ရှုဝါက သိလိုဇောဖြင့် ပြန်မေးလိုက်သည်။

"အဲဒီသိုင်းကျမ်းစာအုပ်ကို မရခဲ့ရင် နင် ဘယ်တော့မှ ကျား
ဂေဟာကို အံမတုနဲ့ ဒါပဲ"

"ကျွန်မ ရှာလို့ရရင် ဘဘ သင်ပေးမလား"

ကျန်စုသည် အဝေးသို့ ငေးမျှော်ကြည့်ရင်းမှ ခေါင်းကို ခပ်
လေးလေး ညိတ်လိုက်သည်။

"အေးလေ ... ရခဲ့ရင်တော့ နင့်အဖို့ ကံကောင်းတယ်လို့

ဆိုရမှာပေါ့"

ကျန်စုသည် ဤကဲ့သို့ ပြောပြီးသည်နှင့် ပစ္စည်းပစ္စယများ
ကို သိမ်းဆည်းနေပေသည်။ ရှုဝါက နားမလည်နိုင်ဘဲ ကြည့်နေရင်း

"ဘဘ ဒီက ပြောင်းရွှေ့မလို့ ... ဟုတ်လား"

ကျန်စုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျားသစ်ဂေဟာက လူတွေကို အထင်သေ
လို့ မရဘူး၊ သူ့လူတစ်ယောက်ကို သတ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး
သူတို့ဟာ နင့်ကို မြေလှန်ရှာမှာပဲ"

"သူတို့ ကျွန်မမှန်း မသိပါဘူး"

"ဘာလို့ မသိရမှာလဲ၊ အရက်ဆိုင်ရှင်ကိုမေးရင် နင် ဘယ်က
လာတယ်ဆိုတာ ချက်ချင်းပြောလိုက်မှာပေါ့"

ရှုဝါ ပါးစပ်ကို လုံးဝပိတ်ထားလိုက်ရသည်။

"ဒီလိုဆို ဘဘကို ကျွန်မ ဘယ်မှာလာတွေ့ရမှာလဲ"

ကျန်စုက မျက်မှောင်ကုတ်၍ ကြည့်လိုက်၏။

"နင်က ခုပဲ ခရီးထွက်တော့မလို့လား"

"ဟုတ်ကဲ့"

"ဒါဆိုလည်း နောက် ငါ့ကိုတွေ့ချင်ရင် ရေတံခွန်တောင်
တန်းကို လာခဲ့ပေတော့"

* * *

အခန်း (၃)
သန်းကြွယ်သူဌေးနှင့်မိန်းမလည်

ငါးသုံးကောင် ... ငါးသုံးကောင်သည် ချင်တူးမြို့၏အလတ်
တန်း ပျော်ပွဲစားရုံတစ်ရုံ ဖြစ်ပေသည်။ အစားအသောက် ကောင်းမွန်
ပြီး သန့်ပြန့်မှုရှိသောကြောင့် လူကြိုက်များ လှပေသည်။ ထို့ပြင်
တည်းခိုခန်း ငှားသည်။ ငှားရမ်းသော ဧည့်သည်များအဖို့ စိတ်တိုင်း
ကျ ရှိလှပေသည်။

အဘယ်ကြောင့်ဆိုသော် တစ်ခန်းနှင့်တစ်ခန်း နီးကပ်ထား
ခြင်းမရှိဘဲ ခပ်ခွာခွာတည်ဆောက်ထားသောကြောင့် အေးဆေးစွာ
နားခိုသူများအတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိလှပေသည်။

နောက်တစ်ချက် ... အခန်းများသည် မျက်နှာချင်းဆိုင်
တည်ရှိနေသော်လည်း တစ်ဖက်က ယောကျ်ားများအတွက်ဖြစ်ပြီး
တစ်ဖက်ကိုအမျိုးသမီးများအတွက် သီးသန့်ထားပေသည်။

ငါးသုံးကောင်တည်းခိုခန်းနှင့် စားသောက်ဆိုင်တာဝန်ခံ
သည် အလွန်အမင်း အလုပ်များနေပေသည်။ ဆိုင်တာဝန်ခံ လူဝကြီး
ဖူးမုသည် သူ၏ခါးကြားမှ လက်ကိုင်ပဝါကို ရုတ်တရက်ထုတ်ယူ၍

မျက်နှာမှချွေးများကို သုတ်ပစ်လိုက်သည်။ ယခုအချိန် ဝင်ထွက်သူများ ခေတ္တရပ်သွားသဖြင့် ဖူးမုက လေပူများကို မှုတ်ထုတ်ရင်း ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့လိုက်လေသည်။ ထိုအချိန်မှာပင် မီးခိုးရောင် ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးက ဆိုင်ထဲသို့ လှမ်းဝင်လာလေသည်။

ဖူးမုက အမျိုးသမီးကို မော့ကြည့်လိုက်သည်။ ထို့နောက် နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။ သူ၏ဆိုင်တွင် ထိုကဲ့သို့သော မရှိနွမ်းပါး ဆင်းရဲသားပုံစံဖြင့် မည်သည့်အမျိုးသား အမျိုးသမီးများမှ မလာရောက်ခဲ့ပါ။ ထိုလူမျိုးကိုလည်း ဖူးမုက အဖက်လုပ်၍ စကားမပြောခဲ့ပေ။ ယခုအမျိုးသမီးက သူ၏ကောင်တာရှေ့တွင် ရပ်တန့်လိုက်လေသည်။ ဖူးမုက ခပ်ဆတ်ဆတ်မေးသည်။

"ဘာကိစ္စလဲဟေ့"

"ကျွန်မ တည်းခိုခန်း ငှားမလို့ပါ"

ဖူးမုသည် ဒုတိယအကြိမ် နှာခေါင်းရှုံ့၍ အမျိုးသမီးကို ကြည့်လိုက်ပြန်သည်။ သူ၏ဆိုင်တွင် တည်းခိုသောသူများမှာ အများအားဖြင့် ရပ်ဝေးခရီးသည်များ၊ အရောင်းအဝယ်နှင့်လာသော ကုန်သည်များဖြစ်ကြပြီး ပစ္စည်းများတစ်ထုပ်တစ်ပိုး ပါလာတတ်သည်။

ယခုအမျိုးသမီးမှာ မည်သည့်ခရီးဆောင်ပစ္စည်းမှ မပါသည့်ပြင် ငွေကြေးဟူ၍လည်း များများစားစား ရှိမည်မဟုတ်သည်ကို ဖူးမုက ချက်ချင်း ရိပ်စားမိလိုက်လေသည်။ ဖူးမုသည် သူ၏ဝဖိုင့်

သောခန္ဓာကိုယ်ကြီးကို အနည်းငယ်ရွှေ့ထိုင်လိုက်ပြီး အမျိုးသမီးကို သက်ယမ်းပြလိုက်သည်။

"တခြားမှာ သွားတည်းပါ၊ ဒီမှာ အခန်းလွတ်မရှိတော့ဘူး"

အမျိုးသမီးသည် တစ်နေရာတွင်ကပ်ထားသော ကြော်ငြာသင်ပုန်းကို လှမ်းကြည့်လိုက်လေသည်။ အမျိုးသမီးခန်း ဆယ်ခန်းရှိသည့်အနက် သုံးခန်းသာလူရှိပြီး ခုနစ်ခန်းမှာ အားလပ်နေသည်ကို ကြော်ငြာ သင်ပုန်း၌တွေ့လိုက်ရလေသည်။

အမျိုးသမီးမှာ စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်သွားသည်။ သို့သော် သူမ၏စိတ်ကို အမြန်ဆုံး ပြန်လည်ထိန်းသိမ်းလိုက်ရလေသည်။

"ဟိုမှာ အခန်းတွေ အားနေသားပဲ"

လူဝကြီးမှာ စိတ်တိုလာပုံရသွားသည်။

"အားနေတယ် ... ငါ မငှားချင်လို့"

"ရှင် တကယ်မငှားဘူးလား"

အမျိုးသမီးက ခပ်ဆတ်ဆတ် ပြန်မေးလိုက်သဖြင့် လူဝကြီးဖူးမုသည် အမျိုးသမီးကြီးအား အကဲခတ်သလို ပြန်မော့ကြည့်လိုက်လေသည်။

"ကျုပ်က တကယ်မငှားဘူးဆိုရင်ကော"

အမျိုးသမီးက ပြုံးလိုက်သည်။

"လွယ်ပါတယ် ... ကျွန်မ ပြန်ရုံပဲပေါ့"

အမျိုးသမီးက ဆိုင်ထဲမှ လှည့်ထွက်သွားသည်။ ဖူးမှုသည် ဒုတိယအကြိမ် လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာမှချွေးစီးများကို သုတ်ချလိုက်ပြန်သည်။

အမှန်တော့ ... မီးခိုးရောင်ဝတ်စုံနှင့်အမျိုးသမီးမှာ ငွေကြေးဟူ၍ တစ်ပြားတစ်ချပ်မှ မရှိပါ။ သူမအဖို့ နောင်ခါလာ နောင်ခါစျေးဆိုသလို နောက်မှကြည့်ရှုင်းမည်ဟူသောသဘောဖြင့် ငါးသုံးကောင်ဆိုင်ထဲသို့ ဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဆိုင်တာဝန်ခံက သူမအား အထင်သေး၍ မောင်းထုတ်ခြင်းကို ရှေးဦးစွာ လက်ခံလိုက်ရသည်။ ဆိုင်တာဝန်ခံ၏အဆိုးဟု မဆိုသာပါ။ လူတွေသည် တောက်ပသစ်လွင်သော အဝတ်အစားများကိုကြည့်၍ လူကို ပေါင်းသင်းဆက်ဆံတတ်ကြသည်ကို သူမ သတိမမူနေခြင်းဖြစ်သည်။

သူမသည် လမ်းလျှောက်ရင်း အကြံတစ်ခု ရရှိသွားသည်။ ထိုကြောင့် အဖိုးတန်အဝတ်အစားများရောင်းသည့်ဆိုင်ထဲသို့ ရုတ်တရက်လှမ်းဝင်လိုက်လေသည်။

အဖိုးတန်သည့် အဝတ်အစားများရောင်းသည့် ဆိုင်ထဲတွင် အမျိုးသမီးငယ်တစ်ဦး ရှိနေသည်။ မီးခိုးရောင်အမျိုးသမီးက အဖိုးအတန်ဆုံးသော အဝတ်အစားများကို စိတ်ဝင်စားစွာ ငဲ့ကြည့်နေသည်။ ဆိုင်ရှင်အမျိုးသမီးနားသို့ ရောက်လာသည်။

"ဘာလိုချင်"

ဆိုင်ရှင်အမျိုးသမီးမှာ စကားဆုံးအောင် မမေးလိုက်ရပါ။ [illegible]ောင်ဝတ် အမျိုးသမီးက သူမ၏လျှင်မြန်လှသော လက်ချောင်း[illegible]ဲ့ ဆိုင်ရှင်အမျိုးသမီး၏ကျောကုန်းတစ်နေရာသို့ ဖမ်းထောက်[illegible]ာ ဆိုင်ရှင်အမျိုးသမီးမှာ ငုတ်တုတ်ထိုင်လျက်သားဖြင့် ငြိမ်[illegible]သွားတော့သည်။

အချိန်သိပ်ကြာလိုက်မည်ဟု မထင်ပါ။ လှပစွာ ဝတ်ဆင်[illegible]သည့်အပြင် မျက်နှာနှင့်ဆံပင်များကိုပါ ကျကျနန ဖြီးလိမ်းထား[illegible] အလွန်လှပချောမောလှသည့်မိန်းကလေးတစ်ဦးသည် ထို[illegible]မှ ထွက်သွားတော့သည်။

✷

ယခုအခါ ထိုမျှလှပပြီး အဖိုးတန်အဝတ်အစားများကို ဝတ်[illegible]ားသော မိန်းကလေးတစ်ဦးအား မည်သူကမှ ဆင်းရဲသားလူ[illegible]ားဟု မထင်ကြပါ။ သူမဆိုင်ထဲက ထွက်လာကတည်းက လူ[illegible]သည် သူမကို တစေ့တစောင်း ကြည့်ရှုနေကြပြီဖြစ်ပေသည်။

အထူးသဖြင့် ယောကျ်ားလူပျိုလူရွယ်များသည် မျက်လုံး[illegible]ွက်မတတ် သူမအား ငေးမောနေကြသည်။ သူမသည် ယခု[illegible] လမ်းလျှောက်သွားနေ၍မဖြစ်တော့ပါ။

ငွေကြေးချမ်းသာသည့် လူဂုဏ်တန်းများသည် ကိုယ်ပိုင်

ဗီဒိုမြင်းရထားများ၊ ကိုယ်ပိုင်ရိုးရိုး မြင်းလှည်းများဖြင့်သာ သွား
လာနေကြသည် မဟုတ်ပါလား။ အချို့က အခကြေးငွေကြီးများ
သော ဗီဒိုမြင်းလှည်းများကို ငှားစီးကြသည်။ သူမသည် အလွန်
သပ်ရပ်သော မြင်းလှည်းတစ်စီးကို ခေါ်လိုက်သည်။

"သခင်မလေး ဘယ်ကိုသွားမှာလဲ ခင်ဗျား"

မြင်းလှည်းသမားသည် သခင်မလေးဟူ၍ပင် ရိုရိုသေသေ
ခေါ်ဝေါ်လိုက်သည်။ မိန်းကလေးက ပြုံးလိုက်မိလေသည်။ သူ
သည် မြင်းလှည်းပေါ်သို့ ရွရွကလေး လှမ်းတက်လိုက်ပြီးသည်နှင့်
"ငါးသုံးကောင်စားသောက်ဆိုင်" ဟုမပွင့်တပွင့် ပြောလိုက်သည်။

✳

ငါးသုံးကောင် စားသောက်ဆိုင် တာဝန်ခံဖူးမုသည် ချန်အန်
မြို့မှရောက်ရှိလာသော သန်းကြွယ်သူဌေးကြီးစန်းကိုးနှင့် စကား
လက်ဆုံကျနေ၏။ ဖူးမုသည် သန်းကြွယ်သူဌေးကြီး စန်းကိုးနှင့် ရင်
ရင်းနှီးနှီးစကားပြောဆိုနေရသည်ကိုပင် ဂုဏ်ယူဝင့်ကြွားလျက် ရှိ
ပေသည်။

"ကျုပ် ဒီကိုလာတိုင်း မင်းတို့ဆိုင်မှာ တည်းခိုတာဟာ
အစားအသောက် ကောင်းမွန်တာရယ်, လွတ်လပ်စွာ နေရတာရယ်
နောက်ပြီး ဟဲ ... ဟဲ"

သူဌေးကြီးစန်းကိုးက နောက်ဆုံးစကားကို အရယ်နှင့်အစ
သပ်ထားလေသည်။ ဟဲ ဟဲ ... ဟု ရယ်မောလိုက်သည်မှာ အဓိပ္ပာယ်
များစွာ ပါရှိသည်။ သူသည် ယခင်တစ်ပတ် လာရောက်စဉ်က မျက်
နှာချင်းဆိုင်အခန်းမှ အမျိုးသမီးတစ်ယောက်ကို မျက်စိကျခဲ့သည်။

ထို့နောက် သူ၏အခန်းထဲသို့ရောက်အောင် ဆွဲဆောင်နိုင်ခဲ့
၏။ အမျိုးသမီးသည် စန်းကိုး၏ငွေကြေးများကြောင့် ထိုအခန်းထဲသို့
အလွယ်တကူပင် ရောက်ရှိသွားခဲ့လေသည်။

စန်းကိုးနှင့်ထိုအမျိုးသမီးသည် ငါးသုံးကောင်၌ နှစ်လနီးပါး
ပျော်ရွှင်စွာနေထိုင်ကြပြီးနောက် စန်းကိုး ကျေနပ်စွာဖြင့် ချန်အန်သို့
ပြန်သွားလေသည်။

တကယ်တော့ သန်းကြွယ်သူဌေးကြီးစန်းကိုး၏အလုပ်
သည် သူ၏သုံးမကုန်နိုင်သောငွေကြေးများကို ငါးသုံးကောင်၌ လာ
ပြီး ယာယီမယားတစ်ယောက်ကိုယူ၍ သုံးဖြုန်းပစ်လိုက်ခြင်းပင်။

"သူဌေးမင်း ... အခုလို ကျွန်တော်တို့ဆိုင်မှာ တည်းခိုတာ
ကျက်သရေရှိတယ်၊ ဂုဏ်လည်း ယူပါတယ်၊ ဒီတစ်ခါလည်း ..."

ဆိုင်တာဝန်ခံစကားက မဆုံးသေးပါ။ ဆိုင်ရှေ့ဗီဒိုမြင်း
လှည်းတံခါးပေါက်မှ ရွရွကလေးဆင်းလာသော အမျိုးသမီးတစ်ဦးကို
တွေ့လိုက်ရသောကြောင့် ရပ်တန့်သွားခြင်းဖြစ်သည်။

✳

မင်းညီမင်းသား သူဌေးသူကြွယ်များသာ ဝတ်ဆင်သည့် အဝတ်အစားများကို သေသပ်လှပစွာ ဝတ်ဆင်ထားသော အမျိုးသမီးသည် ငါးသုံးကောင်ဆိုင်ထဲသို့ ရုန်ရုန်ကလေးလှမ်းလာလေသည်။ ဖူးမှသည် ရုတ်တရက် ကောင်တာမှထလိုက်လေသည်။

"အို ... သခင်မလေးပါလား၊ ကျွန်တော်တို့ဆိုင်မှာ လာဝယ်အားပေးတာ ဝမ်းသာလှပါတယ်ခင်ဗျာ"

ဖူးမှသည် ယခင်က သိပ်ပြီးသား၊ ကျွမ်းပြီးသား မိတ်ဆွေတစ်ဦးကဲ့သို့ ရင်းရင်းနှီးနှီး ဆက်ဆံလိုက်လေသည်။

"ကျွန်မမှာ ဒီမှာ သီးသန့်ခန်းလိုချင်တယ်"

အမျိုးသမီးက မပွင့်တပွင့် ပြောလိုက်သည်။ ထို့နောက် သူမသည် အခန်းဇယားများ ချထားသော သင်ပုန်းကို လှမ်းကြည့်လိုက်၏။

"အို ... ရပါတယ်ခင်ဗျာ ရပါတယ်၊ ဒီအခန်းတွေကို မကြည့်ပါနဲ့ ရိုးရိုးအခန်းတွေပါ၊ ကျွန်တော့်ဆီမှာ အထူးသီးသန့်ခန်းနှစ်ခန်း ရှိပါတယ်၊ အဲ .. တစ်ခန်းကတော့ ဟောဒီက သန်းကြွယ်သူဌေးကြီးက ငှားထားလိုက်ပါပြီ၊ ကျန်တဲ့တစ်ခန်းက သခင်မလေးအတွက် ဖြစ်ရပါ့မယ်"

ဖူးမှက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် သူဌေးကြီးစန်းကြီးကိုပါ ထည့်ပြော၍ လက်ညှိုးထိုးပြလိုက်သည်။ ထို့နောက် ဖူးမှက သူဌေး

ကြီးစန်းကြီးအား လှည့်ကြည့်လိုက်ရာ သူဌေးကြီးစန်းကြီးမှာ မျက်စောင်မခတ်ဘဲ ငုတ်တုတ်သေနေသည်ဟု ထင်လိုက်ရလေသည်။

တကယ်တော့ သူဌေးကြီးစန်းကြီး မသေပါ။ သူ၏မျက်လုံးခန့်သည် မျက်တောင်မခတ်သည်ကိုပင် သတိမမူ၍ မိန်းကလေးအား အာရုံစူးစိုက်နေခြင်းဖြစ်လေသည်။ ထူးခြားသည်မှာ မိန်းကလေးက သန်းကြွယ်သူဌေးကြီးဟု ဖူးမှက ပြောလိုက်သည့်တိုင် အောင် စိတ်ဝင်စားမှု လုံးဝမရှိဘဲ လှည့်ပင်မကြည့်ပါ။ ထိုအခါ စန်းကြီးအဖို့ အောင့်သက်သက်ဖြစ်နေရပေသည်။

"ကျွန်မကို အခန်းလိုက်ပြပါ"

မိန်းကလေးက ညင်ညင်သာသာဖြင့် တိုးတိုးပြောသည်။ ဖူးမှသည် ကောင်တာထဲမှ ကပျာကယာထွက်၍ သူကိုယ်တိုင် အခန်းရှိရာသို့ ခေါ်ဆောင်သွားသည်။ သန်းကြွယ်သူဌေးကြီးစန်းကြီးမျက်နှာသည် တစ်ပတ်လည်သွားသည်။

ထို့အတူ စားသောက်နေသောသူများထဲမှ ခပ်များများသောလူတို့သည် အမျိုးသမီးကို ငေးမောကြည့်နေဆဲပင်ဖြစ်သည်။ စန်းကြီးသည် တစ်စုံတစ်ရာကို ကျေနပ်သွားဟန်ဖြင့် မျက်နှာကို အသေးငယ်ပြုံးလိုက်ကာ သူ၏အခန်းဆီသို့ ထပြန်သွားတော့သည်။

✱

ဖူးမုသည် မိန်းကလေးအား ငွေကြေးစကား လုံးဝမပြော
ပါချေ။ ထို့ပြင် မိန်းကလေး၌ ဘာပစ္စည်းညာပစ္စည်း ပါသည်ကိုလည်း
လုံးဝဂရုမစိုက်ပါ။

သူသည် သီးသန့်ခန်းကို အထူးမွမ်းမံပြင်ဆင်စေ၍ စိတ်
တိုင်းကျစီမံပေးလိုက်သည်။ ထို့နောက် လက်ခုပ်တစ်ချက်တီးလိုက်ရာ
ဧည့်ကြိုမိန်းကလေးနှစ်ဦး ပြေးဝင်လာသည်။

"နင်တို့နှစ်ယောက် သခင်မလေးအပါးမှာ အမြဲရှိနေပါ
လိုအပ်တာခိုင်းဖို့ ဘာမှမလစ်ဟင်းစေနဲ့"

"ဟုတ်ကဲ့"

ဧည့်ကြိုမလေးနှစ်ယောက်က ခေါင်းညိတ်အဖြေပေးလိုက်
သည်။ ထိုအခါတွင် မိန်းကလေးက ဖူးမုကိုလှမ်းကြည့်၍ ...

"ကျွန်မ ယောကျ်ားအလုပ်သမားတစ်ယောက်လည်း အ
ဆင်သင့် ရှိစေချင်ပါတယ်"

"ဩော် ... ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျာ၊ ရပါတယ်"

ဖူးမုသည် ပြောပြီးသည်နှင့် လူငယ်တစ်ယောက်ကိုခေါ်
လိုက်လေသည်။ ခပ်ပုပုလူငယ်တစ်ယောက် ရောက်ရှိလာ၏။
မိန်းကလေးက ဧည့်ကြိုမိန်းကလေးနှစ်ဦးနှင့် ထိုလူငယ်ကို ကြည့်ကာ

"မင်းတို့ကို ငါ အလိုရှိမှခေါ်မယ် ... ကြားလား"

သုံးယောက်စလုံး ဦးညွတ်အရိုအသေပေး၍ ထွက်သွား
တော့သည်။

"သခင်မလေး ... နောက် ဘာများအလိုရှိပါသေးသလဲ"

ဖူးမုက မျက်နှာလိုမျက်နှာရ မေးလိုက်သည်။

"ဘာမှမလိုတော့ပါဘူး"

မိန်းကလေးက အပိုအလိုမရှိ ပြတ်ပြတ်ပြောလိုက်သည်။

ဖူးမု ထွက်သွားတော့၏။ မိန်းကလေးသည် ဖူးမုကိုကြည့်
ကာ မဲ့ပြုံးပြုံးလိုက်မိပေသည်။ ယောကျ်ားများသည် မိန်းမများနှင့်
ပတ်သက်လာလျှင် အဘယ်ကြောင့် စိတ်ထားပျော့ညံ့တတ်ကြသည်
ကို မိန်းကလေးက စဉ်းစားနေသည်။

အထူးသဖြင့် လှပချောမွေ့သော မိန်းကလေးများဆိုလျှင်
သူတို့၏စိတ်ထားများသည် တစ်မုဟုတ်ချင်း ပြောင်းလဲသွားတတ်
ကြသည် မဟုတ်ပါလား။ မိန်းကလေးသည် သူ၏လှပသော အဖိုး
တန်အဝတ်အစားများကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

"အင်း ... ဒီအဝတ်အစားတွေကလည်း အစစအရာရာကို
အဆင်ပြေစေတာပဲ"

ဟုလည်း တွေးတောလိုက်၏။ ထို့နောက် သူမသည် သပ်
ရပ်ခမ်းနားလှသော ခုတင်ပေါ်သို့ စိတ်လက်ပေါ့ပါးစွာဖြင့် ပစ်လှဲ
ထိုက်လေသည်။

* * *

အခန်း (၄)
မိန်းကလေးနှင့်ကျားသစ်

'ဒေါက် .. ဒေါက်'

သူမ မှေးခနဲအိပ်ပျော်သွားစဉ် တံခါးခေါက်သံ ကြားရသည်။ တံခါးခေါက်သံသည် မကျယ်လောင်လှပါ။ ညင်ညင်သာသာပင် ခေါက်နေ၏။

'ဒေါက် .. ဒေါက်'

မိန်းကလေးက အိပ်ရာမှ အသာအယာထ၍ တံခါးဖွင့်လိုက်သည်။ ဧည့်ကြိုမိန်းကလေးက မတ်တတ်ရပ်နေ၏။

"ဘာကိစ္စလဲ"

မိန်းကလေးက မနှစ်မြို့ဟန်နှင့် မေးလိုက်သည်။

"သန်းကြွယ်သူဌေးကြီး စန်းကွီးက သခင်မလေးကို နေ့လယ်စာ အတူစားဖို့ ဖိတ်ကြားခိုင်းလို့ပါ"

မိန်းကလေးက စိတ်ထဲမှပြုံးလိုက်သည်။ သူမ၏အပြုံးကို ဧည့်ကြိုမလေး မမြင်ပါ။

"ပြောပြလိုက်ပါ ကျေးဇူးတင်ပါတယ်၊ စဉ်းစားပါရစေဦးလို့"

"ဟုတ်ကဲ့ ... သခင်မလေး အမိန့်ရှိတဲ့အတိုင်း ပြန်ပြောပြောပါမယ်"

ဧည့်ကြိုမလေး ထွက်သွားသည်။ မိန်းကလေးသည် ဧည့်ကြိုမလေး ထွက်သွားရာသို့ လှမ်းကြည့်လိုက်သည်။ သူမ၏အခန်းကသို့ပင် ခမ်းနားသောအခန်းတစ်ခန်းပင် ဖြစ်ပေသည်။

သူမ၏အခန်းနှင့် မျက်စောင်းထိုးတွင် တည်ရှိနေ၏။ သန်းကြွယ်သူဌေးကြီး စန်းကွီးဆိုသူကို မိန်းကလေးက အပြင်မှာကတည်းက အကဲခတ်၍ တစ်ချက်ကြည့်မိပြီးဖြစ်သည်။ အသက်မှာ မငယ်သော်လည်း သိပ်မကြီးသေးပါ။

လေးဆယ်ဝန်းကျင်လောက်သာ ရှိမည်ဟု ထင်ရ၏။ သူ၏မျက်နှာမှာ အရက်ခိုးများကြောင့် အဆီပြန်နေပုံရသည်။ သူ၏မျက်လုံးသည် မိန်းကလေးများမြင်လျှင် အရည်လဲ့သွားသောကြောင့် ခန့်မလိုက်စားမည့်သူတစ်ဦးဟု မိန်းကလေးက ထင်မှတ်ထားသည်။

သူမက နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်သည်။ သူမသည် သခုအခါ တည်းခိုခန်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သို့သော်လက်ထဲ၌ ခြူးတစ်ပြားမှ မရှိပါ။

ငွေသည် လောကဌ အရေးအကြီးဆုံးဖြစ်သည်ကို သူမက သဘောပေါက်ထားမိ၏။ သို့သော် ထိုငွေကို လူတွေသည် လွယ်လွယ်နှင့် မရတတ်ကြပေ။ သူ့အဖို့ ယခုအခါ ငွေကို လွယ်လွယ်နှင့် ရမည်မှန်း ကောင်းကောင်းသိထားသည်။

ဒါပေမဲ့ တန်ဖိုးလျှော့၍ မဖြစ်ပါ။ လူတစ်ယောက်သည် မစားပါနှင့်ဆိုသည့်အစာကိုမှ ရအောင်ယူ၍ စားတတ်ကြ၏။ မသွားပါနဲ့ဟု တားမြစ်ထားသည့်လမ်းကိုမှ ရအောင်သွားတတ်ကြသည်။

မမြင်အောင် ပုန်းကွယ်နေသူကိုမှ မြင်ရအောင် ကြိုးစားတတ်ကြသည် မဟုတ်ပါလား။ မိန်းကလေးသည် တန်ဖိုးအလျှော့ခံ၍ လွယ်လွယ်နှင့်လက်မခံသည်မှာ အကြောင်းရှိသည်။ သူမသည် သူမ၏တန်ဖိုးကို မြှင့်နေခြင်းသာ ဖြစ်တော့သည်။



မနက်စာ ...။ ကောင်းမွန်သန့်ပြန့်သော အစားအသောက်များသည် စားပွဲတစ်ခုလုံးပြည့်လျှံနေပေသည်။ မိန်းကလေးသည် ထိုအစားအသောက်တစ်နပ်စာကိုကြည့်၍ ရင်ထဲ၌ဖိုသွားမိတော့သည်။

သာမန်မိသားစုခြောက်ယောက်ရှိသောအိမ်၌ ဆယ်ရက်စာမျှတန်ဖိုးရှိသော အစားအသောက်များဖြစ်ပေသည်။ မိန်းကလေးသည် စားပွဲအနီးသို့ လျှောက်လာသောအခါ ဧည့်ကြိုမလေးနှစ်ဦးက စားပွဲကိုယပ်ခတ်နေသည်။ လူငယ်က ခပ်လှမ်းလှမ်း၌ ရပ်နေ၏။ မိန်းကလေးက ဧည့်ကြိုမလေးနှင့် လူငယ်ကိုကြည့်ကာ လက်ယမ်းပြလိုက်သည်။ သုံးယောက်စလုံး အသီးသီးထွက်သွားကြသည်။



မိန်းကလေးသည် အကောင်းစားအရက်အနည်းငယ်ကို သူမ၏အိတ်ထဲမှဆေးလုံးတစ်လုံးကို ထည့်ကာသောက်ချလိုက်၏။ ထို့နောက် အစားအစာများကို မြိန်ရေရှက်ရေ စားသောက်လိုက်လေသည်။ သူမ မည်မျှပင် စားသောက်သည်ဟုဆိုစေကာမူ များပြားလှသော ဟင်းလျာများသည် အရာမယွင်းဟု ထင်ရလေသည်။

မကြာမီ စားပွဲမှ အချို့သောဟင်းများကို ပြန်သိမ်းသွားသည်။ သစ်သီးဝလံများသာ ကျန်ခဲ့၏။ ဧည့်ကြိုမလေးသည် မိန်းကလေးအနီးကပ်လာပြန်၏။ မိန်းကလေးကမျက်မှောင်ကြုတ်လိုက်၏။

"ဘာလဲဟေ့"

"ဟို ... ဟို ... သူဌေးကြီး စန်းကွီးက သခင်မလေးကို ခေတ္တခဏနှုတ်ဆက်ခွင့်ပြုပါလို့ ပြောနေတယ်"

မိန်းကလေးသည် ပဝါပါးကလေးကို ပါးစပ်၌ သုတ်နေရင်းမှ

"ညည်းကို ဒီလိုပြောပေးဖို့ သူက ဘယ်လောက်ပေးသလဲ"

"ငွေငါးဆယ်ပေးပါတယ်"

မိန်းကလေးက ပြုံးလိုက်လေသည်။

"ဩော် ... သူက ငါးဆယ်တောင် ပေးသလား"

"ဟုတ် ... ဟုတ်ကဲ့"

မိန်းကလေးစိတ်ထဲ၌ အတော်အံ့အားသင့်သွားသည်။ မိမိအား တွေ့ဆုံဖို့ ပြောခိုင်းသည့် သူကိုပင် ငွေငါးဆယ်ပေးနိုင်သော

သူဌေးအား မိန်းကလေးမှာ စဉ်းစား၍မရအောင် ဖြစ်သွားသည်။ မိမိအား ဘာကြောင့် ဤမျှတွေ့ချင်နေပါသနည်း။ မိန်းကလေးက ပြုံးလိုက်လေသည်။ သူ၏အပြုံးတွင် အဓိပ္ပာယ်တစ်စုံတစ်ခုကို ရှိနေသွား၍ဖြစ်ပေသည်။

"ညနေစောင်းမှာ ခေတ္တအချိန်ပေးမယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့ ... ကောင်းပါပြီရှင်"

✷

နေ့လယ်ဘက် လူရှင်းနေသည်။ စန်းကွီးသည် ဆိုင်တာဝန်ခံ ဖူးမူရှိရာသို့ လျှောက်လာ၍ စိတ်ပျက်စွာထိုင်ချလိုက်သည်။

"ထိုင်ပါ သူဌေးမင်း"

ဖူးမူသည် ထိုကဲ့သို့ပြောပြီးသည်နှင့် အရက်နှင့်စားစရာယူလာရန် မှာကြားလိုက်လေသည်။ စန်းကွီးသည် တစ်စုံတစ်ရာကို စဉ်းစားငေးမောနေပေ၏။

"သူဌေးမင်း ... ဘာတွေစဉ်းစားနေသလဲ"

စန်းကွီး ငေးငိုင်နေသည်ကိုကြည့်၍ ဖူးမူက မေးလိုက်သည်။ ထိုအခါမှ စန်းကွီးသည် အရက်တစ်ခွက်ကို မော့ချလိုက်ပြီး

"ကျုပ် ... သူ့အကြောင်း စဉ်းစားနေတာ"

ဖူးမူက မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်သူ့အကြောင်းလဲ"

"သီးသန့်ခန်းက မိန်းကလေး"

"ဩော် ... ဟုတ်တယ်၊ တော်တော်လှတာပဲနော်"

ဖူးမူက စန်းကွီးအကြိုက် ပြောလိုက်၏။

"မင်း သူ့ကို သိသလား"

ဝင်လာစဉ်က ဖူးမူ ရင်းရင်းနှီးနှီး နှုတ်ဆက်နေသဖြင့် ယခုသို့ မေးလိုက်ခြင်း ဖြစ်ပေသည်။

"ဟင့်အင်း ... မသိဘူး"

စန်းကွီးသည် ဆတ်ခနဲ ဖူးမူကို ကြည့်လိုက်လေသည်။ သူ့အသံထဲတွင် မကျေမနပ် ဖြစ်သွားသည်။

"မင်းက သူရောက်လာတုန်းက ရင်းရင်းနှီးနှီး နှုတ်ဆက်တာယ် မဟုတ်လား"

ဖူးမူက ပြုံးလိုက်သည်။

"ဩော် ... ဒါက ကျွန်တော့်ရဲ့အလုပ်ပဲ သူဌေးမင်းရယ်၊ ဧည့်သည်း ငွေကြေးချမ်းသာတဲ့ သူဌေးသူကြွယ်တွေဟာ ကျွန်တော့်ကို လာကြမယ်မဟုတ်လား"

"မင်း မဆိုးဘူး၊ စီးပွားရေးသမား ဝိသတယ်၊ သူ့ကို မင်းက သူဌေးသမီးတစ်ဦးလို့ ထင်သလား"

ဖူးမူက ပြုံးလိုက်ပြန်သည်။

"ကျွန်တော် လူကဲခတ်မည့်ပါဘူး၊ အဲဒီမိန်းကလေးဟာ

သူဌေးသမီးဖြစ်ရုံတင်မကဘူး၊ မင်းစိုးရာဇာထဲက ဖြစ်ရမယ်"

စန်းကွီးက ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

"အင်း ... ဟုတ်တယ်၊ မင်းက ငါထင်တာထက် ပိုပြီးတော်တယ်"

"ဗျာ ... ဘာကြောင့်လဲ"

"ငါလည်း မင်းလိုပဲ တွက်ထားမိလို့ပေါ့"

စန်းကွီးသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

"သူက ဒီနယ်ကတော့ ဟုတ်မယ်မထင်ဘူး၊ ဘယ့်နှယ်လဲ"

ဖူးမု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒီလောက်လှတဲ့မိန်းကလေး, ဣန္ဒြေရတဲ့မိန်းကလေး ဒီနယ်မှာ ကျွန်တော်လည်း မမြင်ဖူးပါဘူး၊ အကြောင်းကိစ္စတစ်ခုခုကြောင့် ဒီကိုခေတ္တလာတာပဲလို့ ထင်တယ်"

"အင်း ... သူ ဘာအကြောင်းရှိလို့ပါလိမ့်"

စန်းကွီးက တစ်ယောက်တည်း ခပ်တိုးတိုးညည်းလိုက်သည်။ ဖူးမုသည် ခုံကိုလက်ညှိုးနှင့် ခေါက်နေရင်းမှ သူ၏မျက်လုံးတွင် တစ်စုံတစ်ရာကို မြင်မိသွားသည်။ ဖူးမု စဉ်းစားမိသွားသည်မှာ စောစောစီးစီး ဝင်ရောက်လာသော မီးခိုးရောင်ဝတ်စုံနှင့် မိန်းကလေး၏မျက်နှာကို ကွက်ခနဲမြင်မိလိုက်လေသည်။

ထိုမိန်းကလေးသည်လည်း ဆင်းရဲနွမ်းပါးသော်လည်း မျက်နှာလေးက ချစ်စရာကောင်းလှ၏။ ဖူးမုသည် ထိုကဲ့သို့စဉ်းစားရင်းမှ

မီးပိုးစိုးပက်စက်ပြောလိုက်သဖြင့် မခံချင်စိတ်နှင့် အဝတ်အစားလဲတယ်၍ လာသလားဟု ချက်ချင်း အတွေးပေါက်သွားမိတော့သည်။ ဘီကြောင့် သူသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်လေသည်။

ဖူးမုသည် သီးသန့်ခန်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားလေသည်။ သူ၏စိတ်ထဲတွင် စောစောက မီးခိုးရောင်မိန်းကလေးသည် ဉာဏ်ဆင်၍ လာရောက်လေသလား ... ဟုတ်,မဟုတ်မျက်နှာကို သေသေချာချာ အကဲခတ်ရန် လာခဲ့ခြင်း ဖြစ်လေသည်။ ဖူးမုက တံခါးကို အသာအယာခေါက်၍ ဝင်လာခဲ့လေသည်။ မိန်းကလေးက ကုလားထိုင်တစ်လုံးပေါ်၌ အကျအနထိုင်ကာ တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေပေသည်။

"ဒီမှာ သခင်မလေး"

ဖူးမုက လေးလေးစားစား အသံပေး၍ခေါ်လိုက်သည်။ သူသည် ရှေ့ဆက်ပြောရမည့်စကားကို အစရှာ၍မရသေးသော်လည်း မိန်းကလေး၏မျက်နှာကို သေသေချာချာ အကဲခတ်လိုက်၏။ မိန်းကလေးကလည်း ဖူးမု၏အကဲခတ်သော မျက်လုံးကို သေသေချာချာ ရိပ်စားမိလိုက်သည်။

ဖူးမုသည် စိတ်ထဲတွင် ချက်ချင်းသံသယတစ်ခု ဝင်သွားတော့သည်။ ဖူးမုက တစ်စုံတစ်ခုကို မေးမည်ဟုကြံစည်နေစဉ် မိန်းကလေးသည် ဖူးမု၏နောက်ကွယ်၌ ကပ်ပါလာသော ခိုင်းစေရန်အတွက် ခေါ်ထားသည့်လူငယ်ကို လှမ်းကြည့်လိုက်ပြီး...

"ဩော် ... အတော်ပဲ ငါ မင်းကို အခုပဲခေါ်တော့မလို့"

မိန်းကလေးက လူငယ်ကို လှမ်းပြောလိုက်သည်။ လူငယ်လေးသည် ရုတ်တရက် ရှေ့သို့ထွက်လာပြီး မိန်းကလေးရှေ့၌ ရပ်တန့်လိုက်လေသည်။ ဖူးမုက မိန်းကလေး ဘာပြောမည်နည်းဟု အခြေအနေကို စောင့်ကြည့်အကဲခတ်လိုက်သည်။

"ဟုတ်ကဲ့ ... သခင်မလေး ဘာခိုင်းချင်လို့လဲ"

ပုကွကွလူငယ်က မေးလိုက်သည်။

"မင်း တစ်မြို့လုံး တစ်ပတ်လောက် လျှောက်ပေးစမ်းပါ"

"ဟုတ်ကဲ့ ... ကိစ္စက"

မိန်းကလေး အနည်းငယ်စဉ်းစားဟန်ပြု၍ ...

"ဒီလိုပါ၊ ငါ့အရွယ်နဲ့ မတိမ်းမယိမ်း ငါမျက်နှာပေါက်မျိုးပဲ အဲဒီမိန်းကလေးတစ်ယောက်ကိုတွေ့ရင် ခေါ်ခဲ့ပေးပါ။ အဲ ... သူ့မှာ မီးခိုးရောင်ဝတ်စုံလားမသိဘူး ဝတ်ထားလိမ့်မယ်"

ဖူးမုသည် ထိုစကားကြောင့် မျက်လုံးများ ဝိုင်းစက်သွားလေတော့သည်။

"ဩော် ... ဒါထက် သခင်မလေး အဲဒီမိန်းကလေးက ..."

ဖူးမုသည် ထိုမိန်းကလေး စောစောတုန်းက သူ့ဆိုင်သို့ ရောက်လာသည့်အကြောင်းကို ထည့်မပြောဘဲ ထိမ်ဝှက်ထားရင်း မေးလိုက်သည်။

"ဒီလိုပါ ... အဲဒီမိန်းကလေးဟာ ကျွန်မညီမပါ၊ သူ

သည်းနည်းစိတ်နောက်နေတယ်လေ၊ ဒီမြို့မှာ သတင်းရလို့ လိုက်ရှာနေတာပဲ၊ ဘာလဲ ... ရှင် တွေ့မိလို့လား"

ဖူးမုက ကပျာကယာ ခေါင်းခါလိုက်လေသည်။ သူသည် ထိုမိန်းကလေးအား မဆင်မခြင်ပြောလိုက်သည်ကိုပင် နောင်တရနေ၏။

"ဟင့်အင်း .. မတွေ့မိပါဘူး"

ဖူးမုသည် ထိုကဲ့သို့ပြောပြီးသည်နှင့် သူ၏အလုပ်သမားလေးဘက် လှည့်လိုက်ပြီး ...

"ကဲဟေ့ ... သခင်မလေးပြောတာကို မင်းအမြန်ဆုံး လိုက်ပြောပေးလိုက်ပါ"

ပုကွကွနှင့်အလုပ်သမားလူငယ်ကလေးက ချက်ချင်း ပြေးထွက်သွားသည်။ မိန်းကလေးက ဖူးမုဘက် လှည့်လိုက်သည်။

"ရှင်လာတဲ့ကိစ္စက"

"ဩော် ... ဒီမှာ သခင်မလေး ဘာများလိုအပ်တာရှိသလဲဆိုပါ"

ဖူးမုသည် လိမ္မာပါးနပ်စွာဖြင့် စကားကို လှိမ့်လွှဲပြောလိုက်သည်။

"ဘာမှမလိုပါဘူးရှင်၊ ပြည့်စုံပါတယ်"

"ဩော် ... ဒါထက် သခင်မလေး"

"ပြောပါ"

ဖူးမုသည် စာရွက်နှင့်စုတ်တံကို ပြင်ဆင်ရင်းမှ ...

"ကျွန်တော် သခင်မလေးရဲ့အမည်ကို ဘယ်လိုရေးသွင်းထားရပါ့မလဲ"

"ရှင်တို့ဆီမှာ တည်းခိုတဲ့လူတွေကို အမည်နာမ ယူထားစံပဲလား"

"ဟုတ်ပါတယ်"

မိန်းကလေးက ရယ်မောလိုက်ပြီး ...

"ကျွန်မက ပြည့်စုံနေပြီလို့ အောက်မေ့တာ၊ ဘာဖြစ်လို့ဆိုတော့ လူတွေအားလုံးကလည်း ကျွန်မကို သခင်မလေးလို့ ခေါ်ကြတာပါပဲ၊ ရှင် ပေ့ရန်းမြို့စားကြီးရဲ့နာမည်ကို ကြားဖူးမှာပေါ့"

ဖူးမုသည် တစ်ချက်စဉ်းစားဟန်ပြု၍ သတိရရှိသွားက...

"အို ... ပေ့ရန်းမြို့စားကြီး သိတာပေါ့၊ လက်စသတ်တော့ ပေ့ရန်းမြို့စားကြီးရဲ့သမီး သခင်မလေးကိုး၊ မလိုတော့ပါဘူး ခင်ဗျာ မလိုတော့ပါဘူး၊ ကျွန်တော် သခင်မလေးလို့ပဲ သတ်မှတ်ထားပါ့မယ်"

ဖူးမုသည် ထိုစကားကို ကပျာကယာပြောပြီး ဦးညွတ်ကန်တော့ထွက်သွားလေသည်။ မိန်းကလေးသည် ဖူးမု၏ကျောပြင်ကိုကြည့်ရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရလေသည်။



ပေ့ရန်းမြို့စားကြီး တောက်ပဆိုလျှင် ပြည်နယ်ခရိုင်း အတော်များများက သိရှိထားကြသည်။ မြို့စားကြီးတောက်ပသည် ဦးလောကဌ် ထင်ရှားကျော်ကြားသော ကိုယ်ရံတော်ဗိုလ်မှူးကြီးဘဝမှ မြို့စားကြီးဖြစ်သွားသူမို့ သိုင်းလောကသားများဆိုလျှင် ပို၍ပင် သိရှိကြပေသည်။

ယခု မိန်းကလေးက ဖူးမုအားပြောလိုက်ခြင်းမှာ သူမသည် ပေ့ရန်းမြို့စားကြီး၏သမီးဟု ပြောလိုက်ခြင်းမဟုတ်ပါ။ ပေ့ရန်းမြို့စားကြီးကို ကြားဖူးသလားဟု မေးလိုက်ခြင်းသာ ဖြစ်ပေသည်။

သို့သော် ဖူးမုသည် ပေ့ရန်းမြို့စားကြီးဟု ဆိုလိုက်ကတည်းက မိန်းကလေးသည် သူ၏သမီးပင် ဖြစ်ရမည်ဟု အလိုလို မှတ်ယူလျက်ခြင်းပင် ဖြစ်ပေသည်။

"မင်း ဘယ်ကိုထသွားတာလဲ"

ဖူးမုပြန်လာသည်နှင့် သူဌေးစန်းကိုးက မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်တော် သခင်မလေးအခန်းကို ခဏသွားတာပါ"

"အင်း ... ငါ မင်းရဲ့ရာထူးကိုတောင် ယူထားချင်ပြီ"

စန်းကိုး၏စကားကြောင့် ဖူးမုမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟာ ... မဟုတ်တာပဲ သူဌေးမင်းရယ်၊ ဘာဖြစ်လို့ ကျွန်

တော့်ရာထူးကို လိုချင်ရတာလဲ”

“ဘာဖြစ်ရမှာလဲကွ၊ ငါက အဲဒီ မိန်းကလေးကိုတွေ့ဖို့ ကြိုးစားနေတာ နှစ်ကြိမ်သုံးကြိမ်ရှိနေပြီ၊ ခုထိ တွေ့ခွင့်မရသေးဘူး၊ မင်းကတော့ အချိန်မရွေး ဝင်လို့ထွက်လို့ ရနေတယ် မဟုတ်လား”

ဖူးမု ယခုမှ သဘောပေါက်၍ ရယ်မောလိုက်သည်။

“ကြည့်ပြီးတော့လည်း ဆက်ဆံဦးနော် သူဌေးမင်း”

“ဘာဖြစ်လို့လဲကွ”

“သူက ပေ့ရန်းမြို့စားကြီးရဲ့သမီးတစ်ယောက်ပဲ”

“ဟင်”

သူဌေးကြီး စန်းကွီးမှာ အတော်အံ့ဩသွားသည်။

“သူက ဒီလိုပဲပြောသလား”

ဖူးမုက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မိန်းကလေး၏လာရခြင်းအကြောင်းကိုလည်း ပြောပြလိုက်လေသည်။ စန်းကွီးသည် အတန်ကြာအောင် စဉ်းစားနေပေသည်။ အတန်ကြာမှ ...

“အင်း ... ဒါဆိုရင် သူ့မှာ အကူအညီလိုနေမှာပဲ၊ ငါ သွားပြီး အားပေးဦးမှ”

စန်းကွီးက အရက်တစ်ခွက်ကို နောက်ဆုံးသောက်၍ ထ,သွားသည်။

“အင်း ... သူကလည်း တစ်မျိုးပဲ”

ဟု ဖူးမုက စန်းကွီးအားကြည့်ရင်း စိတ်ထဲမှ မှတ်ချက်ချ

ည်ကိုက်သည်။



ညနေပိုင်း ...။ စန်းကွီးသည် သခင်မလေး၏အခန်းရှေ့တွင် ...တန့်ကာ တံခါးကို ညင်သာစွာ ခေါက်လိုက်လေသည်။

‘ဒေါက် ... ဒေါက်’

“ဝင်ခဲ့ပါ”

သခင်မလေးက အသံပြုလိုက်သဖြင့် စန်းကွီးက ဝမ်းသာ...ားရ လှမ်းဝင်သွားလေသည်။

“ထိုင်ပါ သူဌေးမင်း”

သခင်မလေးက နေရာထိုင်ခင်း ပေးလိုက်၏။ စန်းကွီးသည် ...ဆွတ်၍ အရိုအသေပြုကာ ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်...ည်။

“ကျုပ်နာမည် စန်းကွီးလို့ ခေါ်ပါတယ်၊ ချန်အန်းက ဆိုပါ...ကဲ့”

“ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည် ...”

စန်းကွီးက ကပျာကယာ လက်ကာ၍ ...

“အို ... အို ကျုပ်သိပြီးပါပြီ၊ သခင်မလေးက ပေ့ရန်းမြို့စား...ရဲ့သမီးပဲ၊ ဒါထက် သခင်မလေးမှာ ညီမလေးတစ်ယောက် လိုက်

ရှာနေတဲ့အကြောင်း သိရတယ်၊ ကျုပ် ဘယ်လိုအကူအညီမျိုးမ
မလဲ”

သခင်မလေးက ပြုံးလိုက်လေသည်။

“ကျေးဇူးတင်ပါတယ်ရှင်၊ တခြား ဘာမှအကူအညီ မလို
ဘူး”

“ဟာ ... ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ တစ်နေရာက တစ်နေ
တစ်မြို့ကတစ်မြို့ သွားလာနေတယ်ဆိုတော့ ငွေကြေး အင်မတ
အကုန်အကျများတာ”

“ဒါအတွက်လည်း ကျွန်မရဲ့ကိုယ်ရံတော်တွေကို မှာထား
တယ်၊ သူတို့ နည်းနည်းနောက်ကျနေတာ တစ်ခုပဲရှိပါတယ်”

“ဟာ ... ဒါဆိုရင် သခင်မလေး လောလောဆယ် အ
အခဲ တွေ့နိုင်တာပေါ့၊ ရော့ ရော့ ... ကျုပ်ဆီကငွေကို ယူထားစမ်း
ဘယ်လိုမှ မအောက်မေ့ပါနဲ့နော် ... အခိုက်အတန့်ကို ကူညီထားပ
စေ”

စန်းကွီးသည် သူ၏အိတ်ထဲမှ ငွေထုပ်ကြီးတစ်ထုပ်ကို ထ
ပွဲပေါ်တွင် ပစ်တင်ထားလိုက်လေသည်။ မိန်းကလေးက ဘာမှအ
မလုပ်သကဲ့သို့ လုံးဝလည်း လှည့်မကြည့်ပေ။ မိန်းကလေးသည် လှ
သော ဂါဝန်ကို ဝတ်ထားသည်။ သူမက ကုလားထိုင်ပေါ်တွင် ပ
ကို ခပ်ကားကားပြု၍ ထိုင်နေသောအခါ စန်းကွီး၏မျက်လုံးအ
သည် ထိုနေရာသို့ ရောက်ရှိနေမှန်း မိန်းကလေးက ကောင်းကော

အကဲခတ်မိသည်။ သို့သော် မိန်းကလေးက မသိဟန်ပြု၍ နေမြ
နေလိုက်သည်။

“ကျုပ် သခင်မလေးရဲ့ညီမကို ကူညီပြီး ရှာဖွေပေးပါ့မယ်”

“မဟုတ်တာဘဲရှင်၊ ကျွန်မ ဘယ်သူ့ကိုခိုင်းခိုင်း ရပါတယ်”

သခင်မလေးက သူမ၏ရှေ့တွင်ရှိနေသော အရက်အိုးထဲမှ
အနည်းငယ်ကို ထည့်၍ စန်းကွီးအား လှမ်းပေးလိုက်လေ
ရိုးရိုးသားသားပေးလိုက်ခြင်း မဟုတ်ပါ။

လှမ်းယူနေသော စန်းကွီး၏လက်ကို သူမ၏လက်နှစ်ဖက်
မသိမသာဆုပ်ကိုင်၍ ပေးလိုက်သောကြောင့် စန်းကွီးမှာ ရင်
တဒိတ်ဒိတ်ပင်ခုန်၍ သွားတော့သည်။ စန်းကွီးသည် အရက်ကို
ခွက်စွာပင်မော့၍ သောက်ချလိုက်လေသည်။

သူ၏စိတ်ထဲတွင် သခင်မလေးသည် အရက် အတော်များ
သောက်ထား၍ မူးနေသည်ဟု အထင်ရှိပေသည်။ အမှန်တော့
သာလျှင် အတော်ကလေးမူးနေသည်ကို သူကိုယ်တိုင် မသိပါ။

သခင်မလေးက နောက်ထပ်အရက်တစ်ခွက် ထပ်မံပေး
လိုက်ပြန်၏။ စန်းကွီးက လက်မတားပါ။ စန်းကွီးသည် လက်နှစ်ဖက်
အရက်ခွက်ကို လှမ်းယူရင်း သခင်မလေး၏လက်ကို ဆုပ်ကိုင်
လိုက်သည်။ သခင်မလေးကလည်း မသိဟန်ပြု၍ အသာပင် ငြိမ်နေ
လိုက်သည်။

စန်းကွီး၏ တဏှာယစ်မူးနေသော မျက်လုံးအစုံသည်

သခင်မလေးအား စူးစိုက်ကြည့်နေ၏။ ထို့နောက် သူသည် အရက်
ကိုထပ်မံ၍ မော့ချလိုက်လေသည်။ နောက်တစ်ခွက် ...။

✳

စန်းကွီး ဒယီးဒယိုင်နှင့် သူ့အခန်းဆီသို့ ပြန်သွားလေသည်။
စန်းကွီးအိတ်ထဲမှ ငွေများသည် သခင်မလေးထံ၌ အကုန်လုံး ကျန်ခဲ
လေသည်။ ယခုဆိုလျှင် သခင်မလေးသည် ငွေပေါင်းမြောက်မြားစွာ
ကို ပိုင်ဆိုင်ထားသည့် သူဌေးမလေးတစ်ဦးပင် ဖြစ်နေတော့၏။

သခင်မလေးသည် ငွေများကို သူမ၏အိတ်ထဲသို့ ထိုးထည့်
ထားလိုက်သည်။ သူမအား မည်သူတစ်ဦးတစ်ယောက်ကမှ ငွေ
မရှိသော မိန်းကလေးဟု မပြောနိုင်တော့ပါ။ စန်းကွီး၏ငွေများ သူ
ထံသို့ ရောက်ရှိနေသည်ကို စန်းကွီးတစ်ယောက်သာလျှင် သိရှိ
သည်။ သခင်မလေးသည် ကျေနပ်စွာ ပြုံးလိုက်လေသည်။

✳

အချိန်သည် တစ်စတစ်စကုန်ဆုံး၍ ညဉ့်နက်ပိုင်းသို့ရောက်
ရှိသွားတော့သည်။ ငါးသုံးကောင်စားသောက်ဆိုင်တွင် ငြိမ်သက်
တိတ်ဆိတ်သွားပြီဖြစ်၏။ ထိုအချိန်တွင် ကင်းစောင့်သမားများထံ

ခေါက်လိုက်သောအုန်းမောင်းသံက နှစ်ချက်ထွက်ပေါ်လာသည်။

စန်းကွီးငှားထားသော သီးသန့်ခန်းသည် မီးရောင်ကလေး
လက်နေ၏။ အရိပ်တစ်ခုသည် ထိုသီးသန့်ခန်းထဲသို့ ရုတ်တရက်
ဝင်ရောက်သွားလေသည်။ မကြာမီ မီးရောင်က ငြိမ်းသွားတော့၏။

မီးငြိမ်းသွားပြီး မကြာခင်ကလေးမှာပင် ထိုအခန်းထဲမှ
ညည်းတွားသံတစ်ခုကို ကြားလိုက်ရလေသည်။ ထို့နောက် အရိပ်
သည် သီးသန့်ခန်းထဲမှ လှစ်ခနဲပြန်ထွက်သွားသည်ကို မည်သူ
တစ်ဦးတစ်ယောက်မှ မမြင်လိုက်ပါပေ။ ဝန်းကျင်တစ်ခုလုံးသည်
တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

✳

အလန့်တကြား အော်ဟစ်သံကြောင့် သခင်မလေးသည်
အိပ်ရာမှ လန့်နိုးသွားလေသည်။ အပြင်ဘက်တွင် ဆူဆူညံညံအသံ
များ ကြားနေရပေသည်။ သခင်မလေးက တံခါးကိုအသာဖွင့်၍
ကြည့်လိုက်၏။ စန်းကွီး၏သီးသန့်ခန်းထဲတွင် လူများ ဝိုင်းအုံနေသည်
ကို တွေ့ရှိလိုက်ပေသည်။ ဆိုင်တာဝန်ခံဖူးမုသည် ဒရောသောပါးနှင့်
ပြေးထွက်လာသည်။ သူက သခင်မလေးကိုမြင်လိုက်၍ ကိုယ်ရှိန်
သတ်လိုက်သည်။

"ဘာဖြစ်တာလဲရှင်"

သခင်မလေးက ဖူးမုအား ပေးလိုက်လေသည်။

"စိတ်မကောင်းစရာပဲ၊ လူသတ်မှုဖြစ်လို့ပါ၊ ကျွန်တော့်ဆိုင်မှာ ဒါမျိုး တစ်ခါမှ မကြုံဖူးဘူး"

"အို ... ဖြစ်မှဖြစ်ရလေ၊ ဒါဆို ရှင်တို့ဆိုင် လုံခြုံမှုမရှိတော့ဘူးနဲ့တူတယ်"

သခင်မလေးက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူး သခင်မလေး၊ ဒီကိစ္စ တော်တော်ကြာ ရှင်းသွားမှာပါ၊ သခင်မလေးကို လုံခြုံမှုအတွက် ကျွန်တော် အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ်"

ဖူးမုက ထိုကဲ့သို့ အားပေးစကားပြောပြီး လုပ်ကိုင်စရာရှိသည်ကို လုပ်ကိုင်ရန် ထွက်သွားသည်။ သခင်မလေးက တံခါး ပြန်ပိတ်ထားလိုက်၏။ သူဌေးကြီး စန်းကွီး သေဆုံးသွားသည့်အတွက် ဆိုင်တစ်ဆိုင်လုံး ယောက်ယက်ခတ်သွားသည်။ အာဏာသားများလည်း ရောက်ရှိလာကာ ဖူးမုအား စစ်ဆေးမေးမြန်းတော့သည်။

ထို့နောက် အာဏာသားများသည် မသက်သူများကို စစ်ဆေးလေသည်။ သို့သော် ဘာတစ်ခုမှ ထူးခြားမှု မရရှိပဲ လူသတ်သမားမှာ ခြေရာပျောက်နေတော့သည်။ ချင်တူးမြို့၌ အာဏာအရှိဆုံးမှာ ကျားသစ်ဂေဟာပင် ဖြစ်လေသည်။ ထိုသတင်းကို ကျားသစ်ဂေဟာမှ သိရှိသွားပြီဖြစ်လေသည်။

ထိုအခါ ကျားသစ်ဂေဟာမှ လူသတ်သမားကို ကိုယ်တိုင်

ဖမ်းဆီးမည်ဟူသောသတင်းကလည်း ချက်ချင်းထွက်လာတော့၏။ ချင်တူးမြို့တွင် လာရောက်ရှမ်းကားသူများကို ကျားသစ်ဂေဟာက ဖမ်းဆီးလက်မခံပေ။

ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ကျားသစ်ဂေဟာကို စော်ကားရာရောက်သည်ဟု ကျားသစ်အရှင်သခင် ဖုန်းတုက ယူဆထားလေသည်။ မကြာမီ ဖုန်းတုခေါင်းဆောင်သော လူတစ်စုသည် ငါးသုံးယောင်သို့ ရောက်ရှိလာတော့သည်။

ဖုန်းတုက တာဝန်ရှိသော ဖူးမုကို မေးခွန်းများထုတ်နေပေသည်။

"မင်းဆီမှာ စန်းကွီးလာတည်းခိုတာ ဘယ်နှခါရှိပြီလဲ"

"သုံးခါလောက်ရှိပါပြီ"

"သူ ဘာကိစ္စနဲ့လာတယ်ဆိုတာကော မင်းသိသလား"

ထိုအဖြေကိုပေးရန် ဖူးမုက စဉ်းစားနေသည်။

"သူ ဘာကိစ္စနဲ့လာတယ်ဆိုတာ ကျွန်တော် အတိအကျ မသိပါဘူး၊ ဒါပေမဲ့ သူလာတဲ့အခါ အနည်းဆုံး တစ်လလောက် ကြာတည်းခိုပါတယ်"

ဖုန်းတုသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

"သူလာတဲ့အခါတိုင်း ငွေများများ ပါလာတတ်သလား"

"သူဟာ သန်းကြွယ်သူဌေး တစ်ယောက်ပဲ၊ ငွေကို ရေလို သုံးဖြုန်းနိုင်ပါတယ်"

"သူ့ငွေတွေကို လိုချင်လို့ သတ်သွားတာကော မဖြစ်နိုင်ဘူ
လား"

ဖူးမုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... စဉ်းစားစရာပါပဲ"

ဖုန်းဝှာသည် အချိန်အတော်ကြာသည်အထိ စဉ်းစားတွေ
တောနေသည်။

"မင်းဆီမှာ တည်းခိုတဲ့လူတွေကို မင်း အားလုံးသိသလား"

ဖူးမုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် စာရင်းယူထားပါတယ်"

ဖူးမုက စာရင်းများကို ပြသလိုက်သည်။ ဖုန်းဝှာသ
တည်းခိုနေသော လူများ၏စာရင်းကို အပြန်ပြန်အလှန်လှန် ကြ
နေပေသည်။ ပြီးမှ ဖူးမုအား မျက်လုံးလှန်ကြည့်ကာ ...

"အခု ... သူတို့အားလုံး ရှိနေသလား"

"မနက်ကတော့ အမျိုးသမီးတစ်ယောက်နဲ့ အဘိုးအို
ယောက် ခရီးဆက်သွားပါတယ်"

"မင်းက ဘာဖြစ်လို့ လောလောဆယ် ခွင့်ပြုလိုက်ရတာ
သူတို့နှစ်ဦးကော မဖြစ်နိုင်ဘူးလား"

"အာဏာသားတွေလည်း သူတို့ကို စစ်ဆေးပါတယ်၊
ကြည်ရလို့ ခရီးဆက်ခွင့်ပြုလိုက်တာပါ"

ဖုန်းဝှာသည် တစ်နေရာသို့ လက်ထောက်ပြ၍ ...

"သခင်မလေးဆိုတာ ဘယ်သူလဲ"

"သူက ပေ့ရန်းမြို့ကပါ၊ ပေ့ရန်းမြို့စားကြီးရဲ့သမီးပါ"

"ဘာ ... ပေ့ရန်းမြို့စားကြီးရဲ့သမီး ... ဟုတ်လား"

"သူက ဒီအတိုင်းပဲ ပြောပါတယ်"

"ဘယ်မှာလဲ ... သူ့ကို ငါတွေ့ချင်တယ်"

ဖူးမုသည် သီးသန့်ခန်းရှိရာသို့ ဖုန်းဝှာအား ခေါ်ဆောင်
သွားလေသည်။ သီးသန့်တံခါးက ပိတထားသည်။ ဖူးမုသည် ပထမ
တံခါးကို အသာအယာခေါက်လိုက်သည်။ သို့သော် အတွင်းမှ မည်
သည့်အသံမှ တုံ့ပြန်မှုမရှိသဖြင့် တံခါးကို ဆွဲဖွင့်လိုက်လေသည်။
ထိုအခါ ဖူးမုမှာ မျက်လုံးဝိုင်းသွားတော့သည်။ အကြောင်းမှာ သီးသန့်
ခန်းထဲတွင် မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေတော့ပါ။

ဖုန်းဝှာသည် ဖူးမု၏မျက်နှာကို စေ့စေ့ကြည့်လိုက်လေ
သည်။

"ဘယ်မှာလဲ ... မင်းပြောတဲ့ သခင်မလေး"

ဖူးမု၏မျက်နှာ သိသိသာသာပျက်သွားသည်။

"သူ တစ်ချိန်လုံး အခန်းထဲမှာပဲ ရှိနေခဲ့တာပါ"

ဖုန်းဝှာက ဖူးမုကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"သူက မင်းကို ပေ့ရန်းမြို့စားရဲ့သမီးလို့ ပြောသလား"

"ဟုတ်ကဲ့ ... ပြောပါတယ်၊ သူ့ရဲ့အဝတ်အစားတွေက
လည်း အဖိုးတန်အဝတ်အစားပါပဲ"

'ဖြန်း'

ဖုန်းဝှာသည် ဖူးမုဏ်ပါးကို ဖြတ်ရိုက်လိုက်လေသည်။

"မင်းက အင်မတန်အ,တဲ့အကောင်ပဲ"

"ခင်ဗျား ... ကျွန်တော် ... ကျွန်တော်"

ဖူးမုက ကြောက်ကြောက်နှင့် သူ့အပြစ်ကို ပြန်မေးလိုက်လေသည်။ ဖုန်းဝှာက ...

"မင်း ဘာသိလို့လဲ၊ မနေ့က အဝတ်အစားရောင်းတဲ့ ဆိုင်တစ်ဆိုင်မှာ အမျိုးသမီးတစ်ယောက်လာပြီး ဆိုင်ရှင်ကို အကြောပိတ်ခဲ့တယ်၊ နောက် အဖိုးတန်အဝတ်အစားအချို့ ပျောက်သွားတယ်လို့ သတင်းရတယ်"

"ဗျာ"

ဖူးမုမှာ အံ့ဩသွားရတော့သည်။ ယခုမှ သူ ကောင်းကောင်း သဘောပေါက်သွားသည်။ မီးခိုးရောင်ဝတ်မိန်းကလေးသည် သူ့ဆိုင်မှ ထွက်သွားပြီး အဝတ်အစားများ ခိုးယူလာခဲ့ခြင်းဖြစ်မှန်း ယခုမှသိတော့သည်။

"မင်း နောက်တစ်ချက်သိထားဖို့က ပေ့ရန်းမြို့စားကြီးမှာ သမီးမရှိဘူးကွ"

"ခင်ဗျာ"

သူတို့ ထိုကဲ့သို့ ပြောဆိုနေစဉ်ပင် ... ခြံထဲမှ လူတစ်ယောက် ခုန်ထွက်သွားသည်ကို ဖုန်းဝှာက လှမ်းမြင်လိုက်လေသည်။

"ဟေ့ ... လိုက်ကြစမ်း"

ဖုန်းဝှာသည် သူ့လူများကို ချက်ချင်းညွှန်ကြား၍ သူကိုယ်တိုင်လည်း အပြေးအလွှား ထွက်သွားတော့သည်။ ကျားသစ်ဂေဟာမှ လူများ ပြေးလွှားမှုကြောင့် လမ်းသွားလမ်းလာအချို့မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။

စားသောက်ဆိုင်၏ခြံဝင်းကို ခုန်ကျော်၍ ပြေးလွှားသွားသူမှာ အမျိုးသမီးတစ်ဦးပင် ဖြစ်လေသည်။ အမှန်အတိုင်းဆိုရပါမူ သခင်မလေးပင် ဖြစ်တော့၏။ သို့သော် သခင်မလေးသည် ပင်ကို အဝတ်အစား မီးခိုးရောင်ဝတ်နှင့်ပင် ဖြစ်လေသည်။ သူမသည် လမ်းကျဉ်းကလေးများကို ရွေးချယ်၍ ပြေးလွှားနေသည်။

အချိန်ကလည်း အမှောင်ဘက်သို့ လုနေပြီဖြစ်ပေသည်။



အချိန်သည် နေလုံးပျောက်၍ တစ်စတစ်စ မှောင်စပျိုးလာပြီဖြစ်သည်။ မီးခိုးရောင်နှင့်အမျိုးသမီးသည် မြို့အပြင်ဘက်သို့ ရောက်လုနီးနီးတွင် ကျားသစ်ဂေဟာမှ လူသုံးဦးက မီသွားတော့သည်။ သူမအဖို့ ဆက်၍မပြေးတော့ပါ။ ရင်ဆိုင်ရန်သာ ရှိတော့သည်။ ကျားသစ်ဂေဟာမှ တူညီဝတ်စုံဝတ်ဆင်ထားသော လူသုံးယောက်သည် သူမအား ဖိုခနောက်ဆိုင်ထား၍ တိုက်ခိုက်လေသည်။

သူမမှာ လက်နက်မရှိပါ။ ဓားသုံးလက်က သူမကို တရ
ကြမ်း ဝင်တိုက်ခိုက်သည်။ ထိုအခါ မီးခိုးရောင်မိန်းကလေး၏သိုင်း
ပညာကို တွေ့မြင်ရပြီဖြစ်သည်။

မီးခိုးရောင်မိန်းကလေးသည် လက်နက်မပါသည့်တိုင်
အောင် ကျားသစ်ဂေဟာမှလူသုံးယောက်ကို အပြတ်အသတ် အနိုင်
တိုက်ခိုက်နိုင်ခဲ့သည်။ သူမသည် ခြေကို အများဆုံး အသုံးပြု၍ တိုက်
ခိုက်၏။ သူမ၏ညာခြေသည် ကျားသစ်ဂေဟာမှ ဓားသမားတစ်ဦး
အား လဲကျသွားစေတော့သည်။

ထိုအခါ ဓားသမား၏ လွတ်ထွက်သွားသော ဓားရှည်သည်
သူမ၏လက်ထဲ ရောက်ရှိလာတော့သည်။ ကျန်နှစ်ဦးမှာ အနည်းငယ်
ဖြိုသွားသည်။ မိန်းကလေး၏ဓားသည် ပြေးလွှားတော့မည်ဟု ဟန်
ပြင်နေသောသူနှစ်ဦးစလုံးအား မြေပေါ်သို့ တစ်မုဟုတ်ချင်း လဲကျ
သွားစေတော့သည်။

✱

သူမက စိတ်ကျေနပ်စွာဖြင့် ရယ်မောလိုက်သည်။ ထိုစဉ်...

"နင်က ဘယ်ဆိုးလို့လဲ"

ဟူသော အသံနှင့်အတူ အရပ်ထောင်ထောင်မောင်း
မောင်းနှင့် အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ကျနစွာဝတ်ဆင်ထား

လူတစ်ယောက် ပြေးဝင်လာသည်။ မီးခိုးရောင်မိန်းကလေး
နှာ ကွက်ခနဲပျက်သွားလေသည်။

"ကုမုကျိပါလား"

ဟုလည်း ပါးစပ်မှ တိုးတိုးကလေး ရေရွတ်လိုက်သည်။ ကု
သည် ကျားသစ်အရှင်သခင် ဖုန်းဗာ၏ညာလက်ရုံးတစ်ယောက်
လေသည်။ ကုမုကျိသည် လဲကျနေသော သူ၏လူသုံးဦးကို ကျော်
၍ မိန်းကလေးအား ဝင်ရောက်တိုက်ခိုက်တော့သည်။

မီးခိုးရောင်မိန်းကလေးသည် ရှောင်ပြေးမည်ဟု ကြံဆထား
လည်း ကုမုကျိက ပိတ်ဆို့တိုက်ခိုက်နေသဖြင့် ပြန်လည်ခုခံ
ခိုက်နေရသည်။ နေလုံးက လုံးလုံးလျားလျား ပျောက်ကွယ်
ဖြစ်လေသည်။

နေလုံး ပျောက်ကွယ်သွားသောအခါ အမှောင်ထုသည် တစ်
ကလုံးကို ဝါးမျိုဖုံးလွှမ်းသွား၏။ ကုမုကျိ၏ဓားကလည်း သွက်
ပြင်းထန်လာသည်။ ထိုစဉ် ကုမုကျိ၏လက်ဝါးတစ်ချက်သည်
လေး၏ကျောကို ထိထိမိမိ တစ်ချက်ရိုက်မိသွားသည်။

မိန်းကလေးမှာ ရုတ်တရက် ယိမ်းယိုင်ကာ ဟန်ချက်ပျက်
သည်။ သို့ဖြစ်ရာ သူမ၏တိုက်ကွက်များသည်လည်း ဖရိုဖရဲ
သွားရတော့သည်။ ကုမုကျိသည် သူ၏ဓားဖြင့် တအားထိုးသွင်း
ခဲ့နိုင်လိုက်သည်။

ထိုစဉ်မှာပင် မျက်နှာအဝတ်စည်းထားသော လူတစ်

ယောက်က ကုမုကျိ၏ရှေ့သို့ဖြတ်ဝင်ကာ တရကြမ်း တိုက်ခိုက်လေ
သည်။ မျက်နှာအဝတ်စည်းထားသော လူ၏တိုက်ကွက်မှာ အားမာ
အပြည့်ပါ၍ ပြင်းထန်လှ၏။ ကုမုကျိ မျက်မှောင်ကြုတ်သွားသည်

"မင်း ဘယ်သူလဲ"

အဝတ်စည်းထားသောလူက ကုမုကျိ၏အမေးကို လုံးဝပြ
မဖြေပေ။ ထိုသူသည် ကုမုကျိကို သဲသဲမဲမဲ တိုက်ခိုက်လေ၏။ မီးခိ
ရောင်မိန်းကလေးမှာ သူမဘက်မှ အကူအညီရောက်လာ၍ အ
တက်သွားသည်။ လူ့စိတ်သဘာဝသည် လွန်စွာပင် ဆန်းကြယ်
၏။ အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ရသည့်အခါ ကြံရာမ
ဖြစ်ကာ စိတ်ဓာတ်ကျဆင်းတတ်ကြပေသည်။

သို့ရာတွင် အခက်အခဲကြုံတွေ့ရစဉ် မမျှော်လင့်ဘဲ အ
အညီရလာပါက ကျဆင်းနေသော စိတ်ဓာတ်များ ပြန်လည်တက်ကြ
လာတတ်ကြသည်။ ထိုအခါ ယုတ်လျော့ကုန်ခန်းနေသော အားအ
များသည် ဆထက်ထမ်းပိုး တိုးလာလေတော့သည်။

ထို့ကြောင့် သူမကလည်း ကုမုကျိကို ဆက်၍ တိုက်ပြ
သည်။ ထိုအခိုက် မြင်းတစ်ကောင် အပြေးအလွှား ရောက်ရှိလ
သည်။



မြင်းတစ်ကောင် ဒုန်းစိုင်းရောက်ရှိလာသည်။ မြင်းပေါ်
သိုက်လာသူကား ကျားသစ်အရှင်သခင် ဖုန်းဝှာဖြစ်သည်။ ဖုန်းဝှာ
သည် လူနှစ်ယောက်နှင့်တိုက်ခိုက်နေသော ကုမုကျိ၏အခြေအနေကို
စောင့်ကြည့်နေသေးသည်။

သို့သော် မိန်းကလေးကော အခြားအဝတ်စည်းထားသည့်
သူပါ နှစ်ဦးစလုံး၏သိုင်းပညာသည် အဆင့်မြင့်မားကြောင်း အကဲ
ခတ် ရိပ်စားမိသွားသောအခါ ဖုန်းဝှာသည် လက်ပိုက်ကြည့်မနေနိုင်
တော့ပေ။ မြင်းပေါ်မှ ခုန်ဆင်းလိုက်တော့၏။ အနားသို့ရောက်ရှိလာ
သည့် ဖုန်းဝှာကို မြင်လိုက်ရသည့်အခါ မီးခိုးရောင်မိန်းကလေးသည်
မျက်နှာသိသိသာသာ ပျက်သွားတော့သည်။

ရုတ်ခြည်းပင် ထွက်ပြေးရန်ကြံစည်မိ၏။ သို့သော် မိမိဘက်
မှ ဝင်ကူညီသောသူကို ဒီအတိုင်းမထားခဲ့လိုသဖြင့် ဖုန်းဝှာကို ဆီးကြို
တိုက်ခိုက်လိုက်တော့သည်။ အကယ်၍ သူမသာ ကိုယ်လွတ်ရုန်း
ထွက်ပြေးမည်ဆိုလျှင် ကျေးဇူးရှင်ကို ကျေးစွပ်ရာရောက်ပေမည်။

ထိုသူသည် သူမ ဒုက္ခကြုံတွေ့နေစဉ် မိမိအသက်အန္တရာယ်
ကိုပင် အရေးမစိုက်ဘဲ ဝင်ကူညီသည်။ ထိုသူ့အား ရန်သူ့ကြားထား
ခဲ့၍ မိမိအနေဖြင့် ကိုယ်လွတ်ရုန်းထွက်ပြေးမည်ဆိုလျှင် မိမိလောက်
ကျေးဇူးကန်းသူ ရှိမည်မဟုတ်ဟု မီးခိုးရောင်မိန်းကလေး ဆင်ခြင်
နှလုံးသွင်းမိသည်။

ထို့ကြောင့် ထွက်မပြေးတော့ဘဲ ဖုန်းဝှာကို ရင်ဆိုင်လိုက်

ခြင်းဖြစ်သည်။ ဖုန်းဝှာသည် သူ၏ဓားကို သုံးချက်မျှဆက်၍ ခုတ်ယမ်းပြီးသည်နှင့် မီးခိုးရောင်မိန်းကလေး၏မျက်နှာကို သေချာကြည့်လိုက်သည်။

"နင်.. ဘယ်သူလဲ"

မီးခိုးရောင် မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်သူဖြစ်ဖြစ် ရှင့်ကို ပြောနေရဦးမှာလား"

"နင်က သူခိုး ဓားပြ လူသတ်သမားပဲ"

ဖုန်းဝှာက ပြောပြီးသည်နှင့် ဆက်၍တိုက်ခိုက်သည်။ ဖုန်းဝှာနှင့်ကုမ္ဘကျိတို့၏တိုက်ကွက်များကို သူတို့နှစ်ဦးသည် အလူးအလဲခံစားရတော့သည်။ မီးခိုးရောင်မိန်းကလေးသည် တအင့်အင့်အော်သံနှင့်အတူ အဝေးသို့ လွင့်စဉ်သွားတော့၏။

ထိုအခိုက်မှာပင် အဝတ်စည်းထားသောလူ၏ဓားကလည်း ကုမ္ဘကျိအား ပခုံး၌ ဒဏ်ရာအကြီးအကျယ် ရသွားစေတော့သည်။ ကုမ္ဘကျိ ရှုံ့မဲ့သွားသည်။ မီးခိုးရောင်မိန်းကလေးသည် ပြန်လည်ရုန်းထကာ ဖုန်းဝှာအား ဆက်၍တိုက်ပြန်သည်။ ကုမ္ဘကျိမှာ ပြေးထန်သောဒဏ်ရာနှင့်မို့ တိုက်ခိုက်မှု အားမာန် မရှိတော့ပါ။

ဖုန်းဝှာသည် နှစ်ဦးစလုံးကို ရင်ဆိုင်ရတော့၏။ အမှောင်ထဲ စိုးမိုးနေပြီဖြစ်သည်။ အချိန်ကြာလေ မီးခိုးရောင်ဝတ်စုံနှင့် မိန်းကလေးမှာ အထိနာလာလေ ဖြစ်သည်။ ထိုအတူအဝတ်နက် စည်းထားသောလူမှာလည်း မသက်သာလှပါ။

သူတို့နှစ်ဦးစလုံးသည် မကြာမီ ဖုန်းဝှာ၏ဓားနှင့် အသက်ဆုံးရတော့မည်ကို သိရှိလာ တော့သည်။ မီးခိုးရောင်မိန်းကလေးက ချက်နှာစည်းထားသော သူ အား မျက်ရိပ်ပြလိုက်သည်။ ပြီးသည်နှင့် နှစ်ယောက်စလုံး ဖုန်းဝှာကို တစ်ချက်ဖိတိုက်ကာ လှစ်ခနဲ တောထဲသို့ ပြေးရတော့သည်။

အခြေအနေမဟန်မှန်းသိလျက် အလျှော့မပေးဘဲ ရင်ဆိုင်ခဲ့ ကြိုးစားခြင်းသည် ဇွတ်အတင်းမိုက်မဲခြင်းသာဖြစ်၏။ အောင်မြင်မှုရဖို့ထက် ဆုံးရှုံးမှုကို ရင်ဆိုင်ရဖို့သာ ရှိပေတော့သည်။

ထို့ကြောင့် မဖြစ်နိုင်သည့်ကိစ္စတစ်ရပ်ကို ဇွတ်မှိတ်ရင်ဆိုင်ကြိုးစားခြင်းထက်၊ လောလောဆယ်တွင် အခြေအနေအရ အလျှော့ပေးပြီး အခွင့်သာသည့်အခါမှ ထပ်မံကြိုးစားရန်သင့်ပေသည်။

ဖုန်းဝှာက ဆက်မလိုက်ပါ။ သူတို့ပြေးရာဘက်သို့ စူးစိုက်ကြည့်လိုက်သည်။ ကုမ္ဘကျိက လိုက်ရန်ဟန်ပြင်သည်။ ဖုန်းဝှာက ဟက်ကာလိုက်သည်။

"လိုက်မနေနဲ့ သူတို့ကံကောင်းမှ အသက်ရှင်မှာပါ"

ဖုန်းဝှာသည် ကုမ္ဘကျိအား ထိုကဲ့သို့ လှမ်းပြောလိုက်သည်။ ထို့နောက ဤသို့ပြောခြင်းမှာ သူ၏ပြင်းထန်သော ကျားလက်ဝါးကို နှစ်ဦးစလုံး အလူးအလဲခံစားလိုက်ရမှန်း ဖုန်းဝှာ သိရှိလိုက်သည်။

* * *

အခန်း (၅)
ကံတူအကျိုးပေး

အမှောင်ထဲ၌ နှစ်ဦးစလုံး ပြေးလွှားနေသည်။ သို့သော် ကြာ
ရှည်မပြေးနိုင်ကြပါ။ မျက်နှာအဝတ်စည်းထားသောသူမှာ ရုတ်တ
ရက်လဲကျသွားတော့သည်။ မီးခိုးရောင်မိန်းကလေးက အနားသို့ ပြေး
သွား၏။

"ရှင် ဒဏ်ရာ သိပ်ပြင်းထန်နေတယ်နဲ့တူတယ်"

မိန်းကလေးသည် ပြောမယ့်သာ ပြောလိုက်ရသည်။ သူမ
၏ပါးစပ်မှလည်း သွေးများ အန်ထွက်လာသည်။ ဖုန်းဝှာ၏ကျား
လက်ဝါးသည် အလွန်ပြင်းထန်သည်ဆိုခြင်းမှာ မှန်ကန်ကြောင်း သူမ
လက်တွေ့သိရှိလိုက်ပြီဖြစ်သည်။

မီးခိုးရောင်မိန်းကလေးသည် မျက်နှာအဝတ်စည်းထား
သောသူအား မည်ကဲ့သို့ ကုသရပါသနည်းဟု စဉ်းစားနေသည်။ မိမိ
ဘက်မှ အသက်ပေး၍ ကူညီသောသူတစ်ဦး ဖြစ်သောကြောင့်လည်း
မိမိမှာ တာဝန်ရှိသည်ကို နားလည်လိုက်သည်။ မိတ်ဆွေကောင်း
မည်သည် အကျပ်အတည်း၊ အခက်အခဲ ကြုံတွေ့ရင်ဆိုင်ရသည့်အခါ

သျှစ်လျှူရှု၍ ရှောင်ထွက်သွားလေ့မရှိပါ။ မိမိ၏အသက်အိုးအိမ်စည်း
စိမ်ကို ထိခိုက်နစ်နာစေမည်ဟု သိရှိရသည့်တိုင်၊ မိမိ၏အကျိုးစီးပွား
အတွက် မိတ်ဆွေကို ဥပေက္ခာပြု၍ မရပါ။ ကောင်းတူဆိုးဖက်
နှလုံးသွင်းကာ အေးအတူပူအမျှစိတ်ဓာတ်ဖြင့် မိတ်ဆွေနှင့်အတူ ကြို့
ကြို့ခံရင်ဆိုင်ရမည် ဖြစ်လေသည်။

မျက်နှာအဝတ်စည်းထားသောသူမှာ အတော် ပင်ပန်းမော
ဟိုက်နေ၏။ တစ်ချက်တစ်ချက် ပါးစပ်မှ သွေးများအန်ထွက်လာ
သည်။ အဝတ်စည်းထားသောသူသည် အနည်းငယ်အမောပြေသွား
သည်နှင့် သူ၏အိတ်ထဲမှ ဆေးဘူးတစ်ဘူးကို ထုတ်ယူလိုက်သည်။
ပြီးနောက် သူကိုယ်တိုင်လည်း ဆေးလုံးအချို့ကို ပါးစပ်ထဲ ပစ်သွင်း
လိုက်သည်။ နောက်မီးခိုးရောင်မိန်းကလေးကိုလည်း လှမ်းပေးလိုက်
သည်။

မိန်းကလေးလည်း သူ့အတိုင်းပင် ဆေးများကို ပါးစပ်ထဲသို့
ပစ်သွင်းလိုက်လေသည်။ အံ့ဩဖွယ်ရာကောင်းသည်မှာ သိပ်မကြာ
သောအချိန်မှာပင် သူတို့နှစ်ဦးသည် အမောသက်သာပြီး သွေးအန်
ခြင်းမှ ရပ်တန့်သွားသည်။

"ရှင့်ဆေးက တော်တော်ကောင်းတာပဲ"

မီးခိုးရောင်မိန်းကလေးက ပြောလိုက်သည်။ မျက်နှာ အ
ဝတ်စည်းထားသောသူက ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ
သည် မျက်နှာမှာစည်းထားသောအဝတ်ကို ချွတ်လိုက်သည်။ ထိုအခါ

မီးခိုးရောင်မိန်းကလေးမှာ ထိုသူကို မြင်လိုက်ရသည်နှင့် မျက်လုံး မျက်ဆန်များ ဝိုင်းစက်ပြူးကျယ်သွားတော့သည်။

✱

ရှူဝါသည် ကျေးဇူးရှင်ဆရာကြီးနှင့် လမ်းခွဲ၍ ခရီးထွက်ခဲ့လေသည်။ ခွဲခွာသည်ဆိုခြင်းမှာ အပြီးအပိုင်ခွဲခွာခြင်းမျိုး မဟုတ်ဘဲ ထိပ်သီးသိုင်းပညာစုကျမ်း စာအုပ်ကိုလည်း စုံစမ်းရင်း၊ သူမ၏မောင်ငယ် ထင်းကျောင်းကိုလည်း စုံစမ်းရင်း၊ ပေ့ရန်းမြို့သို့သွားရန် ထွက်လာခဲ့ခြင်းဖြစ်ပေသည်။ သို့သော် သူမသည် ပေ့ရန်းသို့သွားရန်အတွက် လုံလောက်သောငွေကြေး တစ်ပြားတစ်ချပ်မှ မရှိပါ။ ထိုကိစ္စကို ကျန်စုအားလည်း သူမ ဖွင့်မပြောခဲ့ပါ။

ကျန်စုသည် ကျားသစ်ဂေဟာနှင့်ပတ်သက်လျှင် မိမိတို့သာ ရှိုးနိမ့်ရမည်ဟု တစ်ထစ်ချပြောခဲ့သည်။ မည်သည့်ကိစ္စမဆို မဖြစ်နိုင်မှန်းသိလျှင် ဇွတ်အတင်းကြိစည်ကြိုးစား ရန် မသင့်ချေ။ အခြေအနေအချိန်အခါကိုကြည့်၍ ကြိစည်ကြိုးစားရသည်။ သို့မှသာ အောင်မြင်မှုပန်းတိုင်သို့ရောက်ရန် ပိုမိုနီးစပ်မည် ဖြစ်သည်။ မဖြစ်နိုင်မှန်းသိလျက် ဇွတ်မှိတ်ကြိစည်လုပ်ကိုင်ခြင်းသည် အချည်းနှီးကြိုးစားမှုသာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း မဖြစ်ခင်က ရှောင်ရှားနေလျှင် ပို ကောင်းမည်ဟုဆိုကာ ရေတံခွန်တောင်တန်းသို့ ပြောင်းရွှေ့သွား

ကြောသည်။ အကယ်၍ ထိပ်တန်းသိုင်းပညာစုကျမ်းစာအုပ် ရရှိခဲ့ပါ မိမိထံသို့ပြန်လာရန်လည်း ရှူဝါကိုမှာကြားလိုက်သည်။

ရှူဝါသည် ကျန်စုနှင့်ခွဲခွာခဲ့ပြီး ပေ့ရန်းသို့သွားရန် ငွေကြေးရှာဖွေအတွက် ချင်တူးမြို့သို့ခေတ္တဝင်ရန် စိတ်ကူးလိုက်လေသည်။ ထို့ကြောင့် သူမက ချင်တူးမြို့သို့ လာခဲ့ခြင်းဖြစ်သည်။ သူမ ချင်တူးမြို့မရောက်မီမှာပင် နေလုံးကလည်း ပျောက်ကွယ်သွားပြီမို့ ရှူဝါက ခြေနံဆုံးခြေလှမ်းများဖြင့် လှမ်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ် မမျှော်လင့်မိန်းကလေးတစ်ဦးအား တိုက်ခိုက်နေသည့်တိုက်ပွဲကို တွေ့မြင်ရသည်။

တိုက်ခိုက်နေသူကို အသေအချာကြည့်လိုက်သောအခါ သူမ၏ လုံးဝမမေ့နိုင်သည့် ကျားသစ်ဂေဟာမှ ကုမ္ပကျိုဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် သူ၏ဒေါသများသည် ထိန်းသိမ်း၍မရတော့ဘဲ မျက်နှာကို ချက်ချင်းအဝတ်စည်းကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်တော့သည်။

ထိုစဉ်အခိုက် မမျှော်လင့်ဘဲ ဖုန်းတုကိုယ်တိုင်ရောက်ရှိလာသူမအဖို့ ဒေါသစိတ်သည် ပို၍ပြင်းထန်လာတော့သည်။ သူမသည် အသက်ကိုပဓာနမထားဘဲ ဖုန်းတုကို ကြိုးစားပမ်းစား တိုက်ခိုက်သည်။ တစ်ချိန်က သူတို့၏လက်ထဲတွင် ကစားစရာအရုပ်တစ်ခုသာ နေလာခဲ့ရသော သူမဘဝသည် ယခုအခါ ရင်ပေါင်တန်း၍ ပြန်တိုက်ခိုက်နိုင်သည်ကိုပင် သူမက ကျေနပ်ခဲ့လေသည်။

ဆရာကျန်စု၏ကျေးဇူးတရားများကိုလည်း ချက်ချင်း မြင်ယောင်လာတော့သည်။ သို့သော် ဆရာကျန်စု၏ဩဝါဒစကားများသည် လုံးဝမမှားပါ။ ကျားသစ်ဂေဟာကို ယှဉ်နိုင်ရန်အတွက် သူမအဖို့ ပညာများစွာလိုနေသေးသည် မဟုတ်ပါလား။



မီးခိုးရောင်မိန်းကလေးသည် မိမိအား အကူအညီပေးသူမှာ မိန်းကလေးတစ်ဦးဖြစ်နေ၍ အံ့ဩသွားသည့်အပြင် ဝမ်းလည်းသာသွားလေသည်။

"ဩော် ... လက်စသတ်တော့ ရှင်က အမျိုးသမီးတစ်ယောက်ပဲကိုး"

ရှူဝါက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကို အသာထားပါဦး ... ရှင့်ဒဏ်ရာက သက်သာရဲ့လား"

မီးခိုးရောင်အမျိုးသမီးက ...

"တော်တော်သက်သာသွားပါတယ် ... ရှင့်ဆေးက သိပ်စွမ်းတာပဲနော်"

ရှူဝါက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ဆေးကတော့ စွမ်းပါတယ်၊ ဒါပေမဲ့ ဒီဆေးဟာ

လောဆယ် ဒဏ်ရာကို တားဆီးထားနိုင်ရုံပဲရှိမယ်"

"ဒီတော့ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

မီးခိုးရောင်အမျိုးသမီးက အလောတကြီး မေးလိုက်သည်။

သည် ထိုအမျိုးသမီးကို သေချာစွာကြည့်လိုက်သည်။ သူမ၏ ထက်ထက် အနည်းငယ်သာငယ်မည်ဟု ခန့်မှန်းရပြီး မိန်းမချောဦးဖြစ်မှန်းလည်း တွေ့မြင်လိုက်ရသည်။

"ဒါထက် ညည်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်မ ချိုလီလို့ခေါ်ပါတယ်၊ ရှင့်နာမည်ကော"

"ကျွန်မနာမည်က ရှူဝါ၊ အသက်ကတော့ နှစ်ဆယ့်ခြောက်ဆိုတော့ ရှင်နဲ့ မတိမ်းမယိမ်းပဲရှိမလား မသိဘူး"

ချိုလီက ခေါင်းညိတ်လိုက်သည်။

"ရှင်မှန်းတာ မဆိုးပါဘူး၊ ကျွန်မက နှစ်ဆယ့်လေးနှစ်ကျော်ပြီဆိုတော့ နည်းနည်းငယ်တာပေါ့"

ရှူဝါသည် ချိုလီကိုကြည့်၍ ကျားသစ်ဂေဟာနှင့် ယှဉ်ပြိုင်ရဲဆာသတ္တိကို ချီးကျူးနေမိသည်။

"နင်က ကျားသစ်ဂေဟာကို ယှဉ်ပြိုင်ရဲတယ်နော်"

"ကျွန်မကို အထင်မကြီးပါနဲ့ အစ်မရယ်၊ ကျားသစ်ဂေဟာနဲ့ ချောလင့်ဘဲ ပတ်သက်လာလို့သာ တိုက်ခိုက်ရတာပါ၊ သူတို့ရဲ့ထိပ်ဆန်းသိုင်းပညာကို မယှဉ်ရဲတာ အမှန်ပါ"

ရှူဝါ အံကြိတ်၍စဉ်းစားနေသည်။

"ဒါထက် ညီမက ဘယ်လိုဖြစ်ပြီး ကျားသစ်ဂေဟာနဲ့ ပတ်သက်သွားရတာလဲ"

ချိုလီက အုတန်ကြာအောင် စဉ်းစားနေ၏။ ပြီးမှ ...

"ဒါတွေကို ပြောပြနေလို့ ဆုံးမှာမဟုတ်ဘူးအစ်မ၊ နောက်တော့ သိရမှာပေါ့၊ အခုအရေးကြီးတာက ကျွန်မတို့နှစ်ယောက် သမားတော်တစ်ဦးဆီကို အမြန်ဆုံး သွားကြဖို့ပဲ"

"ညကြီမင်းကြီး ဘယ်လိုလုပ်မလဲ"

ချိုလီက ပြုံးလိုက်သည်။

"ကိစ္စမရှိဘူး ... ကျွန်မ ရောက်အောင်ခေါ်သွားမယ်"

ရှဝါက တစ်စုံတစ်ရာကို စဉ်းစားလိုက်သည်။

"ဒါပေမဲ့ သွားလို့မဖြစ်ဘူးနဲ့တူတယ်"

ချိုလီက မျက်မှောင်ကုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ရှဝါသည် သက်ပြင်းခပ်မျှဉ်းမျှဉ်းချကာ ...

"ငါ့မှာ ငွေမရှိဘူးကွယ့်"

ချိုလီသည် ဝေဒနာကြားမှ အသံထွက်အောင် ရယ်မောလိုက်လေသည်။

"ဟား ဟား ... မပူပါနဲ့ အစ်မရယ်၊ ဟောဒါတွေဟာ ငွေတွေပေါ့"

သူမသည် အိတ်ထဲမှ ငွေကြေးများစွာကို ဆွဲထုတ်လိုက်ရာ

ငွေများကိုကြည့်၍ ရှဝါမင် မျက်လုံးဝိုင်းသွားလေတော့သည်။

✷

နေ့သစ်ကို ကြိုသောအရဏ်ဦး ...။

မကြာမီ နေလုံးကြီးကလည်း အလင်းရောင်ကို အထောက်အပံ့ပြုတော့မည် ဖြစ်ပေသည်။ အမျိုးသမီးနှစ်ယောက်သည် မြင်းနှင့် အနီးဆုံးဖြစ်သော 'ဝါကောက်' ကျေးရွာသို့ ရောက်ရှိသွားသည်။ ချိုလီသည် ထိုဝါကောက်ကျေးရွာအကြောင်းကို ယခင်ကသည်းက သိကျွမ်းထားပုံရသည်။ သူမက ရှဝါကို ဦးဆောင်ခေါ်သွားသည်။

ဝါကောက်ကျေးရွာသည် ရွာတန်းရှည်ဖြစ်သည်။ သို့သော် အိမ်ကြီးနှင့်ပြိုင်၍ တည်ဆောက်ထားသောကြောင့် ကြီးမားလှသော ကျေးရွာကြီးဖြစ်ပေသည်။ ချိုလီသည် ဒုတိယလမ်းမကြီးအတိုင်း အတော်ကလေးလျှောက်မိသောအခါ ကျယ်ဝန်းသည့် ခြံကြီးတခြံဆီသို့ ဝင်လိုက်သည်။ ထိုခြံကြီးထဲတွင် ခိုင်ခန့်သည့် အိမ်ကြီးတလုံးဆောင် ရှိနေသည်။ ရှဝါက ထိုအိမ်ကြီးအဝင်ဝ၌ ချိတ်ဆွဲထားသော ဆိုင်းဘုတ်ငယ်ကလေးတစ်ခုကို ရှေးဦးစွာ တွေ့ရှိလိုက်ရသည်။

"သမားတော်ကျင်း"

✷

သမားတော်ကျင်းမှာ အသက်အရွယ် အတော်အိုမင်းနေပြီ ဖြစ်လေသည်။ သူ၏အိမ်ထဲတွင် အဖိုးတန်ပရိဘောဂများ စနစ်တကျ အသုံးပြုထားသည်ကိုထောက်၍ ငွေကြေးချမ်းသာမည့် သမားတော် ကြီးတစ်ဦးပင် ဖြစ်ရမည်ဟု ရှုဝါက စဉ်းစားမိလိုက်သည်။ သမား တော်ကြီးကျင်းသည် ချိုလီကိုမြင်သည်နှင့် စိတ်ပျက်စွာ ခေါင်းခါယမ်း လိုက်သည်။

"ဩော် ... နင် ဒဏ်ရာရလာပြန်ပြီလား"

သမားတော်ကျင်းက ရှုဝါကို အကဲခတ်ကြည့်ရင်းမှ ချိုလီကို လှည့်မေးလိုက်သည်။ ထိုစကားအရ ချိုလီသည် ယခင်ကတည်းက ရောဂါလာရောက်ကုသဖူးသူဖြစ်ကြောင်း ရှုဝါ ရိပ်စားမိလိုက်သည်။

"ဟုတ်ကဲ့ ဘဘကျင်း ... ကျွန်မတို့နှစ်ယောက်စလုံး ဒဏ် ရာရခဲ့ကြပါတယ်"

သမားတော်ကျင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာ ... နှစ်ယောက်လုံး ... ဟုတ်လား၊ ဘယ်လိုဖြစ်လာ ကြတာလဲ"

"ကျားသစ်လက်ဝါး အရိုက်ခံခဲ့ရတာပဲ ဘဘကျင်း"

ချိုလီသည် မကွယ်မဝှက်ဘဲ တဲ့တိုးပင် ပြောပြလိုက်လေ သည်။



သမားတော်ကျင်းက သက်ပြင်းချလိုက်သည်။

"နင်တို့က ကျားသစ်ဂေဟာကို ရန်သွားစရင်တော့ သက် ဆိုးရှည်မှာ မဟုတ်ဘူး"

"ဘဘကျင်းရယ် ... သမီးတို့ကို အမြန်ဆုံးကုပေးပါ"

ဘဘကျင်းသည် ချိုလီအား တစ်စုံတစ်ရာ ပြောချင်နေ သော်လည်း ရှုဝါကို အားနာနေပုံရသည်။ ထိုအခိုက် ရှုဝါသည် ပါးစပ် မှ သွေးများထွက်လာသည်ကို သမားတော်ကျင်းက တွေ့လိုက်ရ သည်။

"အင်း ... နင်တို့ဒဏ်ရာက လွယ်လွယ်ကူကူနဲ့ ကုလို့ရမယ် မထင်ဘူး"

ချိုလီ မျက်နှာပျက်သွားသည်။

"ကြိုးစားပြီးကုပေးပါ ဘဘကျင်းရယ်၊ ကျွန်မတို့ကျေးဇူး မမေ့ပါဘူး"

"ငါက အဖိုးတန်ဆေးဝါးကိုဝယ်တဲ့အခါ ကျေးဇူးမမေ့ပါဘူး တို့ ပြောရုံနဲ့ သူတို့က အလကားမပေးဘူးကွယ့်"

ချိုလီ ချက်ချင်းနားလည်လိုက်သည်။ သမားတော်ကြီးသည် ငွေကြေးကိစ္စကို သွယ်ဝိုက်ပြောဆိုနေပြီဖြစ်သည်။ အခကြေးငွေ ရရှိမှ သာ ဆေးဝါးကုသပေးနိုင်မည်ဟု သွယ်ဝိုက်ပြောဆိုလိုက်ခြင်း ဖြစ် သည်။ အမှန်တော့မူ သမားတော်ဆိုသည်မှာ ဝေဒနာရှင် အယုတ်

အလတ် အမြတ်မရွေး တစ်တန်းစားတည်းထား၍ ဆေးဝါးကုသ
ရမည်သာဖြစ်သည်။ အသပြာတန်ဖိုးထက် ဝေဒနာပျောက်ကင်း
ကိုသာ အဓိကဦးစားပေးသင့်သည်။ သမားတော်ဟူသည် အသ
ထက် စေတနာကိုသာ ရှေ့တန်းတင်သင့်ပေသည်။

ချိုလီသည် တစ်ချိန်က ဆေးဝါးလာရောက် ကုသခဲ့ဖူး
လည်း ငွေကြေးမလုံလောက်၍ အနည်းအကျဉ်းသာပေးခဲ့ရ
သည်။ ထို့ကြောင့် သမားတော်ကျင်းက ချိုလီကို မကျေမနပ်ဖြစ်
ပုံရသည်။

ချိုလီသည် ချောင်းတစ်ချက်ဆိုးလိုက်လေသည်။ ထိုအ
ပါးစပ်မှ သွေးများပါလာပြန်သည်။ ထိုအရာကို သူမက ဂရုမစိ
အားပါ။ သူ၏အိတ်ထဲမှ ငွေအချို့ကို သမားတော်ကျင်းရှေ့၌ ပုံ
ချပေးလိုက်လေသည်။ သမားတော်ကျင်းသည် မိမိပြောမိသ
စကားများအတွက်ပင် အားနာမိသွားတော့သည်။

"ကဲ ကဲ ... နင်တို့ ဆေးကုတဲ့အခန်းထဲ ခပ်မြန်မြန်ဝင်



* * *

အခန်း (၆)
ဂယက်ရိုက်နေသော သိုင်းကျမ်း

'နောင်'

မောင်းသံကြားလိုက်သည်နှင့် ခန်းမကြီးထဲသို့ လူများ
သီးသီး ဝင်ရောက်လာကြသည်။ ကျားသစ်ဂေဟာ၏ကြီးကျယ်
နားသော ခန်းမကြီးပင် ဖြစ်လေ၏။ ကျားသစ်ဂေဟာတွင် ထိပ်
ဆိုင်းသမားပေါင်းမြောက်မြားစွာ ရှိပေသည်။ သူ့အဆင့်နှင့်သူ
ဖုန်းဝှာက ခွဲခြားထားပေးသည်။

ဖုန်းဝှာ၏ အဓိကညာလက်ရုံးမှာ ကုမုကျိပင် ဖြစ်သည်။
ကျိ၏လက်ထောက် ဖုန်းဝှာ၏ဘယ်လက်ရုံးမှာ စစ်ချိုင်းဖြစ်လေ
သည်။ စစ်ချိုင်းမှာ မမျှော်လင့်ဘဲ သေဆုံးသွားရသည့်အတွက် ကုမု
ကျိတစ်ဦးသာ ရှိတော့သည်။ ယနေ့အဖို့ ဖုန်းဝှာက သူ၏သိုင်းသမား
ကို အစုံအလင်လာရောက်တွေ့ဆုံရန် ချိန်းဆိုထားသောနေ့ ဖြစ်
သည်။ ထို့ကြောင့်လည်း သိုင်း သမားအသီးသီးမှာ ကြိုတင်
ရောက်ရှိနေကြလေ၏။

စောစောက ကြားလိုက်ရသောမောင်းသံသည် အစည်းဝေး

ခန်းမထဲသို့ လာရောက်ဖိတ်ခေါ်လိုက်သည့်မောင်းသံပင်ဖြစ်သည်

'နောင်'

နောက်ထပ် မောင်းသံတစ်ချက် ထပ်ကြားလိုက်ရပြန်၏ ထိုမောင်းသံနှင့် မရှေးမနှောင်း ခန်းမကြီး၏ဘေးမှ တံခါးတစ်ခု ပွင့်လာကာ ကျားသစ်အရှင်သခင် ဖုန်းဝှာထွက်လာ၏။ ထို့နောက် ဝဲယာတစ်ဖက်တစ်ချက်တွင် သိုင်းသမားများက တန်းစီ၍ ရပ်နေသည်။ ထိုသိုင်းသမားများထဲတွင် သင်တန်းတက်နေသော သိုင်းသား တန်းသားများ လုံးဝမပါရှိပါ။ သိုင်းပညာပို့ချသင်ကြားပေးသည့် သိုင်းဆရာများသာ ပါရှိလေသည်။

ဖုန်းဝှာသည် အခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက်လေသည်။ ကုမ္ဘကျိက သူနှင့်မလှမ်းမကမ်း၌ ရပ်နေသည်။ ကုမ္ဘမှာ သူ၏ဒဏ်ရာကို ပတ်တီးများစည်းနှောင်ထားသည်။ အစိန်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော လူလေးဦးကို ဖုန်းဝှာ လှမ်းကြည့်လိုက်လေသည်။

"မင်းတို့အခြေအနေပြောစမ်း"

အစိမ်းရောင်ဆင်တူ ဝတ်ဆင်ထားသော လူလေးယောက်၏ အနက်မှ တစ်ယောက်ကရှေ့ကို လှမ်းတက်လိုက်၏။

"ကျွန်တော်တို့ စုံစမ်းထောက်လှမ်းတဲ့နေရာမှာ ဘယ်လို သဲလွန်စမရသေးပါဘူး"

ဖုန်းဝှာသည် မျက်မှောင်ကြုတ်၍ နားထောင်နေ၏။ ဖုန်

ာ၏လက်ထဲတွင် ပါးလွှာသော ဓားပါးလေးတစ်ခုကို ကိုင်ထား
ိုးမှ လက်တစ်ဖက်က ထိုဓားကို ပွတ်သပ်နေသည်။

"ထင်းရှုန်းမှာ ကလေးငယ်တစ်ယောက်ရှိတယ်ဆိုတာ
ကာ မင်းတို့ သိတယ်မဟုတ်လား"

အစိမ်းရောင်ကိုယ်ကျပ်ဝတ်စုံနှင့်လူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... သိပါတယ်"

"အဲဒီကလေးရဲ့သတင်းကကော"

"ကျွန်တော်တို့ စုံစမ်းဆဲပါ၊ ဘယ်လိုမှကို ခြေရာကောက်လို့
အောင် ပျောက်နေပါတယ်"

ဖုန်းဝှာသည် တောက်ပစူးရှသောမျက်လုံးအစုံဖြင့် စိုက်
ည့်နေရင်းမှ ...

"မင်းတို့ ဒီကိစ္စစုံစမ်းနေတာ ခြောက်နှစ်ကျော်ပြီ၊ ဒီလောက်
ဆို တိမ်မြုပ်နေတယ်ဆိုတော့ ဒီကလေးဟာ လူ့လောကမှာ မရှိ
ကဘူးနဲ့တူတယ်"

ကိုယ်ကျပ်ဝတ်စုံ အစိမ်းရောင်နှင့်လူက ခေါင်းခါယမ်းလိုက်

"ဒီလိုလည်းယူဆလို့ မရပါဘူး၊ သေသွားတယ်ဆိုရင်လည်း
တင်းကြားရမှာပဲ"

ဖုန်းဝှာက ခေါင်းညိတ်၍ ...

"အဲဒီကလေးဟာ ခုဆိုရင် ဆယ်နှစ်သားကျော်ပြီကွ"

ဝတ်စုံအစိမ်းနှင့်လူက ဘာမှပြန်မပြောပါ။ တစ်ခန်
လည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖုန်းဝှာက ဆက်လက်၍
"ခုတလော ဟိုက,သည်က သတင်းတွေကြားနေရ
... ဘာလဲဆိုတော့ ထိပ်တန်းသိုင်းပညာစုကျမ်းကို သိုင်းပ
အတော်များများကလည်း လိုက်လံစုံစမ်းနေတယ်လို့ ကြားရ
ဝတ်စုံအစိမ်းနှင့်လူက ခေါင်းညိတ်လိုက်သည်။
"ဟုတ်ပါတယ် ... အဲဒီလိုလူမျိုးနှစ်ယောက်တိတိကို
တော်တို့ ရှင်းခဲ့ပါတယ်"
ဖုန်းဝှာက ခေါင်းညိတ်လိုက်လေသည်။ သူ့စိတ်ထဲမှာ
နပ်သွားပုံရသည်။
"မင်းတို့မှန်တယ်၊ အဲ့ဒီလိုပဲ လုပ်ပစ်ရမယ်၊ ဒါပေမဲ့ ...
သတိထားရမှာက အဲ့ဒီလိုလူမျိုးတွေဆီက ကျမ်းစာအုပ် ဘ
သတင်းရသလဲဆိုတာကို အရင်စုံစမ်းမေးမြန်းပြီးမှ သူတို့ကို ရှင်
ရင် ရှင်းရမယ်"
"ဟုတ်ကဲ့"
ဖုန်းဝှာက ဆက်၍ ...
"အဲဒီကျမ်းစာအုပ်ဟာ တစ်နေရာမှာ ရှိကိုရှိနေရမယ်
တော့ မင်းတို့အနေနဲ့ အချိန်ဘယ်လောက်ကြာကြာ စုံစမ်းပါ
မင်းတို့သွားနိုင်ပြီ"
အစိမ်းရောင် ကိုယ်ကျပ်ဝတ်စုံနှင့် လူလေးယောက်

ဦးညွတ်၍ အခန်းထဲမှ ထွက်သွားတော့၏။



ဖုန်းဝှာသည် ကုမုကျိကို လှမ်းကြည့်လိုက်သည်။
"ကုမုကျိဒဏ်ရာ ဘယ့်နှယ်နေသလဲ"
"သက်သာပါတယ်"
"အဲဒီမိန်းကလေးဟာ ဘယ်သူလဲ"
"အဲဒီအမျိုးသမီး ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် အတိ
အကျမသိဘူး"
"စစ်ချိုင်းသေဆုံးသွားရတာက အဲဒီအမျိုးသမီး လက်ချက်
လို့ မပြောနိုင်ဘူးလား"
"အသေအချာတော့ မပြောနိုင်ဘူး၊ ဒါပေမဲ့ အဲဒီအမျိုးသမီး
သိုင်းပညာက အတော်ကလေးထက်မြက်တယ်ဆိုတာတော့ သိရ
တယ်"
ကုမုကျိက စဉ်းစဉ်းစားစားဖြင့် အဖြေပေးလိုက်သည်။
"သူ့ကို ဝင်ကူတဲ့ အဖော်ကကော"
"အဲဒါလည်း ကျွန်တော် စဉ်းစားလို့မရပါဘူး၊ သူတို့နှစ်
ယောက်ဟာ တစ်ဖွဲ့သားတည်းဖြစ်မယ်လို့လည်း ကျွန်တော် ထင်ပါ
တယ်၊ သေသေချာချာစဉ်းစားမယ်ဆိုရင် သူတို့ဟာ ဓားပြတွေများ

ဖြစ်မလားလို့ တွေးမိတယ်"

"စစ်ချိုင်းလို့ လူတစ်ယောက်ကို အလွယ်တကူနဲ့ သတ်သွားတာကော မင်းလုံးဝမစုံစမ်းဘူးလား"

"စုံစမ်းပါတယ်၊ အရက်ဆိုင်ကပြောတော့ မိန်းကလေးတစ်ယောက်က သတ်သွားတာလို့ပြောတယ်၊ အဲဒီမိန်းကလေး ဘယ်ကလဲမေးတော့လည်း အရက်ဆိုင်ရှင်က တိတိကျကျ မပြောနိုင်ဘူး"

ဖုန်းဝှာသည် ရုတ်တရက်ကုမ္ပကျိအား ဒေါသဖြင့် ကြည့်လိုက်လေသည်။

"အရက်ဆိုင်ကလူကို ဆုံးမပြီး မေးကြည့်ရတယ်ကွ"

ကုမ္ပကျိက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် ဆုံးမပြီးမေးလို့ အရက်ဆိုင်ကလူဟာ ခုချိန်ထိ ဒဏ်ရာနဲ့ အိပ်ရာထဲ လဲနေပါတယ်"

"ဒါဆို အဲဒီမိန်းကလေးကို သူ့မသိတာ အမှန်ပဲနဲ့တူတယ်"

ဖုန်းဝှာက သူ့ထင်မြင်ချက်ကို ပြောလိုက်လေသည်။ ပြီးမှ ဆက်၍ ...

"မင်းနဲ့ အလုပ်တွဲလုပ်ဖို့ စစ်ချိုင်းရဲ့အစား လူတစ်ယောက် ထပ်ပြီးရွေးချယ်ထားပါ၊ နောက်တစ်ချက် ကျားသစ်ဂေဟာကို အံတုမယ့်လူ ပေါ်နေပြီဆိုတာကိုလည်း မင်းတို့မမေ့နဲ့"

"စိတ်ချပါ သခင်ကြီး"

"ဒါထက် ငါမေးပါရစေဦး"

"မေးပါ သခင်ကြီး"

"လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကကိစ္စကို မင်းမှတ်မိတယ်မှတ်လား"

ကုမ္ပကျိက စဉ်းစားနေသည်။ ဖုန်းဝှာက စိတ်မရှည်သလို...

"ထင်းရှုန်းရဲ့သမီးကိစ္စလေကွာ"

ဟု ပြောလိုက်မှ ကုမ္ပကျိမှာ သတိရသွားသလို ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... သတိရပါတယ်"

"အဲဒီမိန်းကလေးကို ဘယ်သူကိစ္စတုံးလိုက်သလဲ"

ဖုန်းဝှာမှာ စိတ်ထဲ၌ သံသယဖြစ်နေ၍ ထိုအကြောင်းကို မေးလိုက်ခြင်း ဖြစ်ပေသည်။

"စစ်ချိုင်းဟာ ကျွန်တော့်ကိုပြောတော့ သူကိုယ်တိုင် သတ်ခဲ့လိုက်တယ်လို့ အတိအကျပြောခဲ့တာပဲ"

အမှန်တော့ စစ်ချိုင်းသည် ထိုကိစ္စကို လျှို့ဝှက်ခဲ့ဟန် တူပေသည်။ ရှေ့ဝါအား သတ်မည့်ဆဲဆဲ သူသည် မြင်းလှည်းထဲမှ တစ်စုံတစ်ယောက်၏ကန်ထုတ်လိုက်ခြင်းကို ခံစားလိုက်ရသည်။ ထိုကိစ္စအား ဖုန်းဝှာသိရှိပါက သူ့အား သတ်ပစ်မည်စိုး၍ ဖုံးကွယ်ခဲ့ပုံရပေသည်။ ဖုန်းဝှာသည် အတန်ကြာအောင် တွေးတောနေပြီးမှ ...

"အင်း ... စစ်ချိုင်းက ဒီကလေးမလေးကိုတော့ လွှတ်ပေးဖို့ကောင်းမယ့်လက္ခဏာ မရှိပါဘူး"

ဟု တစ်ယောက်တည်း ပြောသလို ပြောလိုက်လေသည်။



ကျားသစ်ဂေဟာတွင် အဆင့်မြင့်သိုင်းသမားပေါင်း ဆယ့်
ငါးဦးခန့် ရှိနေပေသည်။ ထိုဆယ့်ငါးဦးစလုံးသည် သူ့နည်းသူ့ဟန်နှင့်
အစွမ်းထက်ကြသူများသာ ဖြစ်ပေသည်။ သို့သော် သူတို့အားလုံး
သည် ကျားသစ်အရှင်သခင်ဖုန်းဝှာကို တစ်ဦးတစ်ယောက်ကမှ
လွန်ဆန်ရဲကြပါ။ ဖုန်းဝှာသည် အဆင့်အလွန်မြင့်မားနေသော သိုင်း
ပညာရှင်တစ်ဦးဟုဆိုပါက မမှားပါချေ။

ဖုန်းဝှာသည် သိုင်းပညာကို ဖြတ်နိုးသူတစ်ဦးပီပီ အလွန်
လေ့လာလိုက်စားခဲ့ပေသည်။ သိုင်းပညာ အလွန်ထက်မြက်သော
သိုင်းအကျော်အမော်များထံမှလည်း ရသမျှ ဆည်းပူးခဲ့သည်ချည်း
ဖြစ်၏။ ဖုန်းဝှာ၏လက်ဝါးသည် သံပူပြားကြီးတစ်ခုနှင့် တူလှသည်ဟု
အချို့က တင်စားပြောဆိုကြသည်။ သူ၏ လက်ဝါးရိုက်ချက်မိသော
သူမှာ အတွင်းကြေကြေ၍ သေဆုံးရသည်က များလှပေသည်။

ထိုမျှ မကသေးပါ။ ဓားပညာတွင် အစွမ်းထက်လှ၏။ သူ၏
ဓားသည် တစ်ဖက်လူ မျက်စိလည်သွားသည်အထိ လျင်မြန်လှသည်
ထို့ကြောင့်လည်း ယခုအချိန်တွင် ချင်တူးမြို့မှ ကျားသစ်အရှင်သခင်
ဆိုလျှင် သိုင်းလောကသားများ မသိသူ မရှိကြပေ။ မည်သူတစ်ဦး

ကမှလည်း ဖုန်းဝှာကို စိန်ခေါ်တိုက်ခိုက်ခြင်း မရှိခဲ့ပေ။

ဖုန်းဝှာတွင် ရက်စက်ကြမ်းကြုတ်သောစိတ်၊ အကြင်နာမဲ့
တို့ ရှိသည်မှာ မှန်သည်။ သို့သော် သူသည် မြွေပွေးကဲ့သို့
သောသူ တစ်ဦးဖြစ်ပေသည်။ မြွေပွေးသည် အဆိပ်ပြင်းထန်
သတ္တဝါတစ်မျိုးဖြစ်သော်လည်း သူ့အား မထိပါးလျှင် ရန်မူ
ပါပေ။ ဖုန်းဝှာက ထိုကဲ့သို့သောလူစားမျိုး။

သူသည် သိုင်းပညာကို တိုးတက်သည်ထက်တိုးတက်
ကြီဆောင်နေသူ တစ်ဦးသာဖြစ်သည်။ သိုင်းပညာနှင့် ပတ်
လျှင် သဲသဲမဲမဲ ရှာဖွေတတ်သည်။ ငွေကုန်မည်ကို မနှမြော
လူသတ်ရမည်ကို ဝန်မလေး။ ထို့ကြောင့်လည်း ထိပ်တန်း
ညာစုံကျမ်းကို သဲသဲမဲမဲ ရှာဖွေစုံစမ်းနေခြင်းဖြစ်သည်။ ထို
နှင့်ပတ်သက်လျှင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ညှာတာ
ထား မည်မဟုတ်ပေ။

ယခု သူပြုလုပ်ခဲ့သမျှ အချက်အလက်တို့ကို ကြည့်မည်ဆို
ဖုန်းဝှာသည် မည်ကဲ့သို့သောလူစားဖြစ်သည်ကို ခန့်မှန်း၍ရ
ပေပြီ။



သူ၏သိုင်းသမား ဆယ့်ငါးယောက်သည် ခန်းမထဲ၌ တစ်ဦး

ချင်း ယှဉ်ပြိုင်နေကြသည်။ ဖုန်းဝှာသည် ခေတ္တခဏသာ စောင့်ကြ
၍ ခန်းမထဲမှ ထွက်သွားသည်။ ကုမုကျိက ဆက်လက်၍ စော
ကြည့်နေသည်။ ကုမုကျိသည် သူအကြိုက်ဆုံးသော သိုင်းသမား
ကို ယှဉ်ပြိုင်စေသည်။ နောက်ဆုံး ကုမုကျိက အကြိုက်ဆုံးလူတ
ကို ရွေးချယ်လိုက်သည်။

ထိုလူမှာ ... သိုင်းသမား ဖေစီးထန်ပင် ဖြစ်သည်။ ကုမ
သည် ဖေစီးထန်းအား သူ၏လက်ထောက်အဖြစ် ချက်ချင်းခန့်
လိုက်သည်။ ထို့နောက် အကောင်းဆုံးလေးဦးကို ဒုတိယလ
ထောက်အဖြစ် ရွေးချယ်ကာ ကျန်ဆယ်ဦးအား ကျားသစ်ဂေဟာ
လက်ရွေးစင်သိုင်းသမားများအဖြစ် ခန့်အပ်ထားလိုက်လေသည်

✵

ယင်းကိစ္စပြီးမြောက်ပြီးသည့် ဆယ့်ငါးရက်ခန့်အကြာ
ချင်တူးမြို့၌ ရုတ်ရုတ်သဲသဲကိစ္စတစ်ခု ပေါ်ပေါက်လာလေသ
အခြားမဟုတ်ပါ။ အနယ်နယ်အရပ်ရပ်မှ သိုင်းသမားအတော်
များ ချင်တူးမြို့ထဲတွင် ခြေချင်းလိမ်နေတော့သည်။

ထိုကိစ္စကို ကျား သစ်ဂေဟာမှလည်း ကြားသိလိုက်ရသ
သိုင်းသမားအတော်များများ ဘာကြောင့် ရောက်ရှိလာပါလိမ့်
သော မေးခွန်းပြဿနာသည် ကျားသစ်ဂေဟာအတွင်းသို့ ရော

သောအခါ ကုမုကျိမှာ မနေနိုင်တော့ပေ။ သူလည်း မြို့ထဲသို့
စနည်းနာရန် ထွက်ခဲ့ရတော့သည်။

✵

ဘုံကျောင်းရှေ့တစ်ခုသို့ရောက်သောအခါ ကုမုကျိ၏ခြေ
ထမ်းသည် ရုတ်တရက်ရပ်တန့်သွားလေသည်။ သူသည် ဘုံကျောင်း
ထဲမှထွက်လာသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသော
ကြောင့် ဖြစ်သည်။ ကုမုကျိ တွေ့မြင်လိုက်ရသောသူမှာ နဂါးသိုင်း
သမားဟု နာမည်ကြီးနေသော တုဝေးဆိုသူပင် ဖြစ်လေသည်။

တုဝေးသည် နဂါးသိုင်းသမားအဖြစ် နာမည်ရခဲ့သည်မှာ
နှစ်အတော်ကြာပြီ ဖြစ်လေသည်။ တုဝေးသည် ဖုန်းဝှာကဲ့သို့ပင် သိုင်း
ပညာကို နက်နဲစွာလိုက်စားနေသူတစ်ဦး ဖြစ်လေသည်။ တုဝေး ဘာ
ကိစ္စကြောင့် ချင်တူးသို့ ရောက်ရှိလာသည်ကို ကုမုကျိ သိလိုလှပေ
သည်။ ထို့ကြောင့် သူသည် တုဝေးထွက်သွားရာနောက်သို့ မသိမသာ
ဆက်လိုက်သွားလေသည်။

✵

ကောင်းချန်း စားသောက်ဆိုင်သည် မြို့၏အစွန်ကျကျတွင်

ားပွဲမှာ အပြင်ဘက်ကျ၍ တုဝေးတို့ထိုင်သောစားပွဲမှာ
ဘက်ကျပေသည်။ တုဝေးက ဘိန်းစားနှင့် မျက်နှာချင်းဆိုင်
ားတိုက်ဝင်ထိုင်လိုက်လေသည်။

ဘိန်းစား၏နောက်ကျောဘက်တွင် အခန်းတံခါးတစ်ခု ရှိ
သည်။ သို့သော် အခန်းတံခါးက ဖွင့်ထားသဖြင့် အတွင်း၌ မည်သူ
သည်မှာ သေချာပေသည်။ တုဝေးက ဘိန်းစားကို လုံးဝ မသိ
ဘဲနှင့် အရက်မှာကြားကာ ထိုင်သောက်နေပေသည်။

အပြင်ပန်းကြည့်မည်ဆိုလျှင် ထိုဆိုင်ထဲ၌ ဘာမှပြဿနာ
ကြီးစရာ ပေါ်လာစရာအကြောင်းမရှိပေ။ အရက်သောက်သူ
ကား၊ အစားစားသူစားနှင့် ကိုယ့်ဘာသာကိုယ်နေကြခြင်းဖြစ်
သည်။ အတန်ကြာမှ တုဝေးက ဘိန်းစားနှင့်တူသူ၏မျက်နှာကို မသိ
ဘဲကြည့်လိုက်သည်။

"လုံထိပုဆိုတာ မင်းလား"

တုဝေးပါးစပ်လှုပ်သည်ဆိုရုံကလေး ခပ်တိုးတိုးမေးလိုက်
သော်လည်း ဘိန်းစားက ခေါင်းကို မသိမသာညိတ်၍ ...

"ဟုတ်တယ်"

ဟု မပွင့်တပွင့် ဖြေသည်။ နှစ်ဦးစလုံး ကိုယ့်နည်းကိုယ်ဟန်
ဆောက်ဆက်သောက်နေကြသည်။ အခြားသူများကလည်း သူတို့
ကို ဂရုမစိုက်သကဲ့သို့ သူတို့ကလည်း အခြားသူများကို ဂရုစိုက်
သည် ဟန်မျိုးမပြပါ။ သို့သော် တုဝေးက စိတ်မလုံသလို ကျား

တည်ရှိနေသည်။ ထို့ကြောင့်လည်း အနည်းငယ်ခေါင်၍နေပေသည်
လူသူအသွားအလာလည်း နည်းပါးလှ၏။ ယခု တုဝေးက ထိုဆိုင်ထဲ
သို့ တန်းတန်းမတ်မတ်ဝင်ရောက်သွားလေသည်။ တုဝေးသည် ဆိုင်
ထဲရောက်သည်နှင့် ချောင်ကျကျစားပွဲတစ်လုံးတွင်ထိုင်နေသော
ဘိန်းစားကဲ့သို့ လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ဘိန်းစားသည် တုဝေး သူ့အနားသို့ ရောက်ရှိလာသည့်တိုင်
ဂရုမထားဘဲ အရက်ကိုသာ သဲသဲမဲမဲ သောက်နေပေသည်။ တုဝေး
က ထိုဘိန်းစားကဲ့သို့သောသူ၏အနီး၌ ဝင်ထိုင်လိုက်သည်။ထို့နောက်
ဆိုင်ထဲရှိလူအားလုံးကိုလည်း အကဲခတ်ကြည့်လိုက်လေသည်။

ဆိုင်ထဲတွင် လူများများစားစား မရှိပါ။ စားပွဲဆယ်လုံးအ
နက် စားပွဲသုံးခုလောက်မှာသာ တစ်ယောက်စ နှစ်ယောက်စ အရက်
ထိုင်သောက်နေကြသည်ကိုတွေ့ရသည်။ ထိုလူများသည်လည်း သိုင်း
လောကမှမဟုတ်မှန်း တုဝေးက အကဲခတ်လိုက်မိလေသည်။ နောက်
ထပ်ဝင်လာသူတစ်ယောက်ကိုလည်း တုဝေးက ကြည့်လိုက်မိသည်။

ထိုသူကိုတော့ တုဝေး သတိထားမိသည်။ အဘယ်ကြောင့်
ဆိုသော် ထိုသူသည် ကျားသစ်ဂေဟာမှ ဖြစ်နေသောကြောင့်ပင်။
တုဝေးက အဝတ်အစားအဆင်အပြင်ကိုကြည့်၍ ကျားသစ်ဂေဟာမှ
လူမှန်း သိရှိသော်လည်း ဘယ်သူဘယ်ဝါဆိုသည်ကို တုဝေးမသိပါ။

ကုမ္ပကျိကလည်း တုဝေးအား လုံးဝဂရုမစိုက်ဟန်ဖြင့်
အရက်တစ်အိုးကို မှာကြားလိုက်လေသည်။ အမှန်တော့ ကုမ္ပကျိထိုင်

သစ်ဂေဟာမှလူအား တစ်ချက် တစ်ချက် လှမ်းကြည့်လိုက်သည်
ကုမုကျိက ဣန္ဒြေမပျက် အရက်ထိုင်သောက်လျက်ပင်။

"မင်းမှာ သတင်းပေးစရာရှိတာ အမှန်ပဲလား"

တုဝေးက ဘိန်းစား လုံထိပုအား ဆက်မေးလိုက်၏။ မေ
သာမေးသည် ... တုဝေး၏မျက်နှာက လုံထိပုကိုကြည့်၍ မေးခြ
မဟုတ်ပါ။

"အင်း ... ရှိတယ်"

"ထိပ်တန်းသိုင်းပညာစုဆိုတာ အမှန်ပဲလား"

"အတိအကျပေါ့"

နှစ်ယောက်စလုံး ငြိမ်သွားပြန်သည်။ ဘိန်းစားသည် အ
ကျယ်လောင်စွာဖြင့် အရက်တစ်အိုး ထပ်မှာလိုက်လေသည်။ ဆိုင်ရ
က အရက်အိုးလာချပေးသည်။

"ဘယ်မှာလဲ ... ဘယ်သူ့ဆီမှာလဲ"

တုဝေးက မသိမသာ စားပွဲကိုကြည့်လိုက်ရာ လုံထိပု
အရက်ရည်ဖြင့် စာလုံးတစ်လုံး ရေးသားထားသည်ကို တွေ့လိုက်
သည်။ တုဝေးက သေသေချာချာ ကြည့်လိုက်သည့်အခါ ...

"နှစ်သောင်း"

ဟု ရေးသားထားသည်ကို တွေ့မြင်လိုက်ရတော့သည်။

"သုံးသောင်းပေးမယ်၊ နေရာကိုသာပြောပါ၊ နောက်ပြီး
သူ့ဆီမှာလဲ"

တုဝေးက ပြောနေသည့်အချိန်တွင် လုံထိပုသည် တအေ့
ဖြင့် ကြို့ထိုးနေသည်။ အတန်ကြာသည်အထိ လုံထိပုက အဖြေ
သေးဘဲ အေ့အေ့ဟု ကြို့ထိုးနေပေသည်။

"ငွေ အခုပေးမှာလား"

လုံထိပုက မပွင့်တပွင့် မေးသည်။

"မင်းသာပြောပါ၊ ချက်ချင်း စားပွဲပေါ် တင်သွားပေးမယ်"

လုံထိပုသည် ကျေနပ်သွားသလို အရက်ကို မော့ချလိုက်
သည်။ တုဝေးက လုံထိပုမှ အသံကို နားစွင့်နေသည်။

"အင့်"

ဟု လုံထိပုထံမှ အသံထွက်သွားသည်။ တုဝေးက လုံထိပု
ထိုးနေသည်ဟုထင်ကာ စောင့်ဆိုင်းနေ၏။ လုံထိပုသည် သူ၏
နှာကို စားပွဲနှင့်အပ်လိုက်လေသည်။ တုဝေးက လုံထိပုကို မသိ
ကြည့်လိုက်၏။ ထိုအခါ တုဝေးမှာ မျက်လုံးဝိုင်းသွားတော့
ည်။ လုံထိပုသည် ခေါင်းငိုက်စိုက်ကျကာ စားပွဲနှင့်မျက်နှာ အပ်
ပေသည်။ အရက်မူး၍ မဟုတ်ပါ။ လုံထိပု၏ဇက်ပိုးတွင် အဆိပ်
တစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်
သည်။

တုဝေးသည် လျင်မြန်သော အရှိန်အဟုန်ဖြင့် လုံ
နောက်ကျောဘက်အခန်းဆီသို့ ခုန်ဝင်လိုက်သည်။ သို့သော်
နှိုးပင်။ လူသတ်သမားကို အရိပ်အယောင်မျှပင် မတွေ့ရှိလို
လူသူအရိပ်အယောင် လုံးဝမမြင်ရပါချေ။ ထိုစဉ် ခြေသံ
တုဝေး ရုတ်တရက်လှည့်ကြည့်လိုက်သည်။ ကုမုကျိုကို တွေ့လို
၏။ ကုမုကျိုက အနည်းငယ်ပြုံး၍ ...

"ခင်ဗျား နဂါးသိုင်းသမား တုဝေး မဟုတ်လား"

တုဝေးက ကုမုကျိုကို မျက်မှောင်ကြုတ်ကြည့်လိုက်

"မင်းက ငါ့ကို သိနေတာပဲ၊ ကျားသစ်ဂေဟာက
တော့ ငါသိတယ်၊ မင်းနာမည် ဘယ်သူလဲ"

"ကုမုကျို"

"ဩော် ... ဖုန်းတာရဲ့လက်ရုံးပဲ"

ကုမုကျိုက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါထက် ကျွန်တော် နားမလည်တ
ဘယ်လိုဘယ်လို ဖြစ်သွားတာလဲ"

တုဝေးက ပခုံးနှစ်ဖက်ကို အသာတွန့်လိုက်လေသည်

"မင်းမြင်တဲ့အတိုင်းပဲလေ၊ ငါ သတင်းတစ်ခုမေးမင်
နောက်ကနေပြီး သူ့ကို နှုတ်ပိတ်သွားတယ်"

ကုမုကျိုက ခေါင်းကို တညိတ်ညိတ်လုပ်ရင်း ...

"ကျွန်တော် ထင်တော့ထင်တယ်၊ ခင်ဗျား ဒီကိုလာ

အကြောင်းရှိရမယ်လို့၊ တခြားကိစ္စတော့ မဖြစ်နိုင်ဘူး၊ သိုင်းကျမ်း
စာအုပ်သတင်းပဲ ဖြစ်ရမယ်"

တုဝေးသည် ကုမုကျိုကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်
သည်။

"ဟုတ်တယ်၊ မင်းထင်တာ မမှားပါဘူး၊ ဒါပေမဲ့ သူ့နောက်
က လူသတ်သမား ပါလာလိမ့်လို့ ငါ လုံးဝမထင်ဘူး"

တုဝေးသည် ထိုကဲ့သို့ပြောပြီးသည်နှင့် ကုမုကျိုအား ဆတ်
ခနဲကြည့်လိုက်လေသည်။ သူ့စိတ်ထဲတွင် ထိုသိုင်းကျမ်းသည် ကျား
သစ်ဂေဟာများ ရောက်နေသလားဟု ထင်မိလိုက်တော့သည်။

"မင်း ငါ့နောက်လိုက်လာတဲ့ ကိစ္စက ..."

တုဝေးက ဖြောင့်ပင် မေးလိုက်လေသည်။

"ခင်ဗျား ကျူပ်ကို အထင်မမှားပါနဲ့၊ ကျူပ်တို့လည်း အဲဒီ
သတင်းလိုချင်လို့ လိုက်စုံစမ်းနေတာ"

တုဝေး ပါးစပ်ပိတ်ထားလိုက်သည်။ ထို့နောက် တုဝေးသည်
ကုမုကျိုအနားမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့သည်။



အခန်း (၇)
သူတို့နှစ်ယောက်

လအလီလီကို နှစ်က ကြိုဆိုခဲ့လေသည်။ ဆယ့်နှစ်လပြည့်သည်နှင့် နှစ်ဟူသော ပါးစပ်ကြီးက ဝါးမျိုလိုက်တော့သည်။

တစ်နှစ် ... ။ ချိုလီနှင့်ရှုဝါသည် ဝါကောက်ကျေးရွာသို့ ရောက်ရှိနေသည်မှာ တစ်နှစ်တိတိ ပြည့်သွားပြီဖြစ်သည်။ သူတို့၏ ဒဏ်ရာများကို သမားတော်ကျင်းသည် ခုနစ်လလုံးလုံး ဂရုစိုက်၍ ကုသပေးမှ လုံးလုံးလျားလျား ပျောက်ကင်းသွားခြင်းဖြစ်သည်။

သမားတော်ကျင်းနေအိမ်၌ အနေကြာလာသောအခါ သမားတော်ကျင်းမှာ သူတို့နှစ်ဦးအား ဆွေမျိုးရင်းချာလို ခင်မင်သွားသည်။ ချိုလီသည် သူမထံ၌ရှိသော ငွေထက်ဝက်တိတိကို သမားတော်ကျင်းအား ပေးကမ်းလိုက်သောအခါ ကျေနပ်သွားသည်။ ထိုငွေများ ဘယ်ကရရှိသလဲဟု သမားတော်ကျင်းက မမေးပါ။ ယင်းကိစ္စသည် သူ့ကိစ္စမဟုတ်၍ ရေငုံနေလိုက်သည်။

မိန်းကလေးနှစ်ဦး၏ဘဝဖြစ်စဉ်များကို တစ်စွန်းတစ်စကြားရသောအခါ သမားတော်ကျင်းမှာ ကရုဏာသက်သွားမိသည်။

[illegible]သဖြင့် ရှုဝါ၏သတင်းကို အနည်းအကျဉ်းကြားမိရုံဖြင့် သမား[illegible]ကျင်းသည် ရှုဝါကို သမီးရင်းတစ်ဦးကဲ့သို့ ကြင်နာသနားသွား[illegible]

သူတို့က ရောဂါများပျောက်ကင်းသွားသည်နှင့် ခရီးထွက်[illegible]ပြင်ဆင်ကြသည်။ သို့သော် သူတို့နှစ်ဦးစလုံး ဦးတည်ချက်မရှိ[illegible]ကို သမားတော်ကျင်းက သိရှိလိုက်သည်။ ထို့ကြောင့် သူ၏ခြံ[illegible]ကြီးထဲတွင် အိမ်တစ်လုံးဆောက်၍ နေခွင့်ပြုလိုက်သည်။ ချိုလီ[illegible]သည်း ကျေးဇူးတင်စွာဖြင့် သူမ၏ ရှိသမျှငွေများကို သမားတော်[illegible]အား အားလုံးပေးလိုက်လေသည်။

ယခု သူမတို့ ဝါကောက်ကျေးရွာသို့ ရောက်ရှိနေသည်မှာ [illegible]နှစ်တိတိပြည့်ပြီ ဖြစ်ပေသည်။ ဝါကောက်ကျေးရွာသည် အလွန်[illegible]ဆေးသော ရွာတစ်ရွာဖြစ်သည်။ ဝါကောက်ကျေးရွာ၏ ရွာသူ[illegible]ားတို့မှာ စိတ်ထားဖြူစင်ကြ၏။ စပ်စပ်စုစုမရှိ။ မနာလို ဝန်တို[illegible]မရှိ။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ဘာသိဘာသာပင် နေထိုင်ကြ[illegible]

ချိုလီနှင့်ရှုဝါတို့ကို တစ်ရွာလုံးက သမားတော်ကျင်း၏ဆွေ[illegible]ဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် သူမတို့နှစ်ဦးသည် [illegible]အကျိုးပေး ဆိုးတိုင်ပင်ကောင်းတိုင်ပင် နေထိုင်ကြသည်။ သို့[illegible] သူမတို့နှစ်ဦးသည် သည်အတိုင်း ငြိမ်သက်စွာနေကြမည် မ[illegible]ပါ။ သူတို့၏စိတ်ထဲ၌ ရည်ရွယ်ချက်ကိုယ်စီ ရှိနေကြသည်။

သူတို့၏ရည်ရွယ်ချက်များက အကောင်းလား၊ အဆိုးလ
ဆိုသည်ကိုတော့ အချိန်က စကားပြောသွားမည်သာ ဖြစ်ပေသည်



ရှုဝါသည် သီချင်းဆိုနေသော ချိုလီကိုလှမ်းကြည့်၍
"ညည်းသီချင်းကလည်း လွမ်းစရာ ဆွေးစရာကြီးပါလား
ဟု လှမ်း၍ပြောလိုက်သည်။ ချိုလီက သူမအနားသို့လ
ထိုင်သည်။
"ဒါနဲ့ အစ်မကို ကျွန်မ မေးရဦးမယ်"
ရှုဝါက မျက်မှောင်ကုတ်၍ ...
"ဘာမေးမှာလဲ"
"အစ်မရဲ့ပြောပြခဲ့တဲ့ဇာတ်လမ်းတွေထဲမှာ တစ်ခုမှကောင်
တာမပါလို့ ကျွန်မ စိတ်မကောင်းပါဘူး၊ ဖြစ်ပြီးသားကိစ္စတွေ
လည်း မေ့လို့ရတာ မေ့ပစ်လိုက်ပေါ့ အစ်မရယ်၊ မေ့လို့မရတာတွေ
တော့ ဆက်လုပ်ရမယ် မဟုတ်လား"
ရှုဝါက သက်ပြင်းကို ရှည်လျားစွာ ချလိုက်လေသည်။
"နင့်ကို စကားစမပြောတာပဲ ကောင်းတယ်"
ချိုလီက ရယ်မော၍ ...
"ဘာဖြစ်လို့လဲ အစ်မရဲ့"

"ညည်းကို စကားစပြောရင် မဆုံးတော့ဘူး၊ ကဲ ငါက ဘာ
ဆက်လုပ်ရမှာလဲ"
ချိုလီက မျက်မှောင်ကုတ်၍ ...
"မမမောင်လေးကို မရှာတော့ဘူးလား၊ နောက်ပြီး သိုင်း
ကျမ်းနောက်ကိုကော မလိုက်တော့ဘူးလား"
ရှုဝါ မျက်နှာမဲ့လိုက်လေသည်။
"ဟင်း ... ဘယ်နေပါ့မလဲ ချိုလီရယ်၊ အဲဒီကိစ္စတွေက ငါ
အရင်ဆုံး လုပ်ရမယ့်ကိစ္စတွေပဲ"
"ဒါဆို အစ်မ ဘယ်တော့ခရီးထွက်မလဲ"
ရှုဝါသည် ချိုလီကို အကဲခတ်သလို ကြည့်လိုက်လေသည်။
"နင် ဘာလုပ်မလို့လဲ"
"ကျွန်မက အစ်မနဲ့ အတူတူလိုက်မှာပေါ့"
ရှုဝါ၏ရင်ထဲတွင် အတော်ကလေး ကျေနပ်မိသွားတော့
သည်။ ချိုလီသည် မိမိအပေါ် သံယောဇဉ်ကြီးမားနေသည်မှာ မှန်
ထော်လည်း သူမ သွားရာနောက်သို့ တကောက်ကောက်လိုက်မည်
ဟု မထင်ထားပေ။ ယခု ချိုလီက ထိုစကားပြောသောအခါ ရှုဝါ
မိသောသွားတော့၏။



"အစ်မ"

"ပြော"

"ကျွန်မ အစ်မကို မေးရဦးမယ်"

"ဒီတစ်သက်မေးလို့ ကုန်ပါဦးမလား"

ချိုလီက ရယ်မောလိုက်သည်။

"ဟာ ... အစ်မကလည်း မေးသင့်မေးထိုက်တဲ့ မေးခွန်းမို့ မေးတာပါ"

"ပြောစမ်း ... ဘာလဲ"

"အစ်မကို စစ်ချိုင်းဆိုတဲ့ကောင်က သတ်ဖို့ခေါ်လာတုန်းက အစ်မကိုကယ်လိုက်တာ ဘယ်သူလဲဟင်"

"အင်း ... အဲဒီကိစ္စ ငါ ခဏ,ခဏတွေးတယ်"

"ဟုတ်တယ် ... တွေးရမှာပေါ့၊ ကိုယ့်ကျေးဇူးရှင်ပဲ"

ချိုလီက ပြုံးစိစိလုပ်၍ ပြောလိုက်လေသည်။

"ဒါပေမဲ့ သူ့ကို ငါ့ခေါင်းထဲမှာ သိပ်ပြီးတော့ မထည့်ပါဘူး"

ချိုလီ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ယောကျ်ားတစ်ယောက် ဖြစ်နေလို့"



ချိုလီက ရယ်မောလိုက်ပြန်သည်။

"ဟာ ... အစ်မကလည်း သူက ကိုယ့်အသက်ကိုကယ်တဲ့ ကျေးဇူးရှင်မဟုတ်လား"

ရှုဝါက မျက်နှာကို မဲ့ပြလိုက်လေသည်။

"ကျေးဇူးရှင်တော့ မှန်ပါတယ်၊ ဒါပေမဲ့ သူဟာ ယောကျ်ားမို့ ဖုန်းဝှာတို့ ကုမုကျိတို့နဲ့ ဘာထူးမှာလဲ"

ချိုလီကသက်ပြင်းချလိုက်လေသည်။ ရှုဝါသည် ယောကျ်ားများကို အသေမုန်းနေသည်မှာ ခိုင်လုံသောအကြောင်းအချက် ရှိနေပါသည်။ သို့သော် ယခုကဲ့သို့ ဝါးလုံးရှည်နှင့်တော့ မရမ်းသင့်ဟု ထင်မိသည်။

"ယောကျ်ားတိုင်းလည်း ဒီလိုစိတ်ထားမျိုး ရှိမှာမဟုတ်ပါဘူး အစ်မရယ်"

"ဟင်း ... ညည်းက ငါခံစားရသလို မခံစားရသေးတော့ ပြောတာပေါ့ ... ဟုတ်လား"

"ဒီလို့မဟုတ်ပါဘူး၊ အစ်မက မြင်းလှည်းထဲက ကယ်ထုတ်လိုက်တဲ့လူကတော့ သူတော်ကောင်းတစ်ယောက်လို့ ကျွန်မ,ထင်တယ်၊ သူက ဘယ်လိုပုံစံမျိုးလဲဟင်"

ရှုဝါက အနည်းငယ်စဉ်းစားလိုက်လေသည်။

"လူငယ်တစ်ယောက်ဖြစ်ပုံရတယ်၊ ဒါပေမဲ့ မျက်နှာဖုံးတပ်ထားတော့ သူ့မျက်နှာကို မမြင်ရဘူး၊ ခမောက်ကြီးတစ်လုံးကလည်း

ဆောင်းထားသေးတယ်"

ချိုလီက နားထောင်ရင်း စဉ်းစားနေပေသည်။

"အဲဒီအချိန်ကတည်းက တစ်ခါမှ အစ်မနဲ့ မဆက်သွယ်တော့ဘူးနော်"

"နင် ဘာလို့ စပ်စပ်စုစု သိချင်နေရတာလဲ၊ သူဆက်သွယ်လည်း ငါက လက်မခံဘူး"

ရှုဝါမှာ ဒေါသသံကလေးပါလာသဖြင့် ချိုလီက ထိုစကားများကို အဆုံးသတ်ထားလိုက်လေသည်။



"မနက်ဖြန် ကျွန်မတို့ ခရီးစထွက်ကြမယ်"

ရှုဝါက ချိုလီကို ဆတ်ခနဲမော့ကြည့်လိုက်သည်။

"ဘယ်ကိုသွားမှာလဲ၊ တို့မှာ ငွေကလည်း မရှိတော့ဘူးနော်"

"မပူပါနဲ့၊ ငွေအတွက် ကျွန်မတာဝန်ထားစမ်းပါ၊ လောက မှာရှိတဲ့ ယောကျ်ားတွေဆီက ငွေတွေဟာ ကျွန်မတို့ငွေတွေပဲလို့ သဘောထားလိုက်"

ထိုစကားကြောင့် ရှုဝါ နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။

"ကြိုက်သွားပြီ ... အဲဒီစကားတော့ ကြိုက်သွားပြီ၊ အေး ... နင်က ငွေတွေရအောင်ယူ၊ အဲဒီကောင်တွေကို သတ်ဖို့တာဝန်က

ကာဝန်ထား"

ရှုဝါက စိတ်ပါလက်ပါပြောလိုက်သဖြင့် ချိုလီကလည်း ရယ်မောလိုက်လေသည်။ ရှုဝါက ဆက်၍ ...

"ဒါထက် တို့က ဘယ်ကို ခရီးစထွက်မလဲ"

"ငွေကို အရင်ရှာမယ်လေ"

"ဘယ်မှာရှာမလဲ"

"အို ... မမကလည်း ငွေများများ ဘယ်မှာရှိသလဲ၊ ချင်တူးရှိမယ်မဟုတ်လား၊ ချင်တူးမှာ ဝင်မွှေတာပေါ့"

ရှုဝါ ရုတ်တရက် မျက်လုံးဝိုင်းသွားသည်။

"ဖြစ်ပါ့မလား ချိုလီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တို့ရုပ်တွေကို ချင်တူးမြို့မှာ ပြရဲလို့လား"

"အဲဒါ အစ်မက ကျွန်မကို အထင်သေးတာပဲ၊ ကျွန်မမှာ ဦးစုံရှိတယ်၊ အဲဒီမျိုးစုံထဲမှာ ရုပ်ပြောင်းရုပ်လွှဲပညာဟာ ကျွန်မ အသုံးအဝင်ဆုံးပဲ၊ မယုံရင် မနက်ဖြန် စမ်းကြည့်တာပေါ့"

ချိုလီသည် လက်မ,ထောင်၍ ပြောနေသဖြင့် ရှုဝါက သ ကျကာ အသံထွက်အောင်ပင် ရယ်မောလိုက်လေတော့သည်။



တကယ်ပင် ချိုလီသည် လိမ်ညာပြောနေခြင်းမဟုတ်
သူမ၏မျက်နှာသည် ယခုအခါ အလွန်ချောမောလှပသည့် မိ
လေးတစ်ဦးအသွင်သို့ ရောက်ရှိနေပေသည်။ ချိုလီသည် နဂိုက
လှပသောမိန်းကလေးဖြစ်၏။ သို့သော် အလှချင်းက မတူညီ
အလှမျိုး ဖြစ်နေသည်။

မီးခိုးရောင်ဝတ်စုံနှင့် ရှူဝါ စတင်တွေ့ခဲ့စဉ်က သူမ၏
သည် တစ်မျိုးဖြစ်နေသကဲ့သို့ ဝါကောက်ကျေးရွာတွင် နေ
သောအချိန်များက ချိုလီ၏အလှသည် တစ်မျိုးဖြစ်ပေသည်။ ချ
၏ အလှအမျိုးမျိုး ပြောင်းလဲတတ်သောပညာကို ရှူဝါ မအံ့
မနေနိုင်တော့ပါ။ ထိုမျှပင်မက ယခု မိမိကိုယ်တိုင်ပင်လျှင်
မှန်ထဲပြန်မကြည့်မိအောင် ရှူဝါ ဖြစ်နေရသည်။

ရှူဝါ၏သေးသွယ်သောမျက်ခုံးတို့မှာ ယခုအခါ လက်
နီးပါးခန့် ထူပိန်းလျှက်နေပေသည်။ မျက်ခုံးကြောင့် မျက်လုံး၏အ
ထား ပြောင်းလဲသွားတော့သည်။ သာမန်လူသားထက် ပေါ်လွ
သော နှာခေါင်းကြောင့် နှုတ်ခမ်း၊ ပါးစပ်တို့သည်လည်း တစ်မျိုး
မည် ပြောင်းလဲသွားလေသည်။ မိမိအား တွေ့ဖူးမြင်ဖူးနေ
ဆရာကြီးကျန်စုပင်လျှင် ရှူဝါအား မှတ်မိတော့မည် မဟုတ်

ထိုမျှ လူ၏အဆင်းသဏ္ဌာန်ကိုပါ ပြောင်းလဲရုံတင်မ
လီသည် နာမည်များကိုပါ ပြောင်းလဲလိုက်လေသည်။ သူမ
မည်ကို ချိုလန်းဟု ပြောင်းလဲလိုက်သလို၊ ရှူဝါကိုလည်း ရှူလ

ပြောင်းလဲပစ်လိုက်တော့သည်။ ချိုလီတစ်ဖြစ်လဲ ချိုလန်းသည် ရဲရဲ
ဆင်းတင်းပင် မားရှည်ကို ကျောခွံပိုးထားလိုက်သည်။ ရှူဝါက အနည်း
ငယ် အသွားအလာကြောက်ရွံ့နေသဖြင့် ချိုလီက မကြာခဏ အပြစ်
တင်လေ သည်။

"အစ်မ ဘာကိုကြောက်နေတာလဲ၊ လောကမှာ ကြောက်
စရာ ဘယ်လူမှမရှိဘူးလို့ သဘောထားလိုက်၊ သည်းမခံနိုင်အောင်
ရန်စလာတဲ့လူတွေ့ရင်လည်း ဘယ်တော့မှလက်မနှေးနဲ့၊ အဲ ...
တစ်ခုတော့ရှိတယ်၊ ပြေးပြီဟော့ဆိုရင်လည်း နောက်မကျစေနဲ့နော်"

ချိုလန်းသည် သူ့စကားကို သဘောကျ၍ ရယ်မောသော
အခါ ရှူလန်းကပါ ရယ်မောရတော့သည်။ ရှူဝါ သို့မဟုတ် ရှူလန်းသည်
ချိုလန်းကဲ့သို့ သိုင်းလောကထဲသို့ ရဲရဲတင်းတင်းမဝင်ရသေးသည်မှာ
ဆေန်းပါ။ သူမသည် နဂိုအနုပညာဗီဇကြောင့် အေးဆေးစွာ နေလာ
ခဲ့ရသည်။ ယခုမှ နာကြည်းစရာများ ပေါ်ပေါက်လာ၍ နာကြည်းခဲ့ရ
သော်လည်း လက်တွေ့တွင် ကြောက်ရွံ့စိတ်များ ရှိနေသည်။

ထိုအချက်ကို ချိုလန်းက သိသည်။ ထို့ကြောင့် သူမက
အပြစ်တင်စကားပြောရင်း သူ့အား စားသောက်ဆိုင်တစ်ဆိုင်ထဲသို့
ဆွဲခေါ်သွားလေတော့သည်။ ရှူလန်းက စားသောက်ဆိုင်၏ဆိုင်း
ဘုတ်ကို လှမ်းကြည့်လိုက်သည့်အခါ "ငါးသုံးကောင်စားတော်ဆက်"
ဟု ရေးသားထားသည်ကို တွေ့ရှိလိုက်ရတော့သည်။

"ဟေ့ ... နင့်မှာ ငွေပါလို့လား"

ရှူလန်းက တိုးတိုးကလေးမေးသည်။ ချီလန်းက မျက်စိမှိတ်ပြသည်။

"အသာနေစမ်းပါ"

စားပွဲဝိုင်းတစ်ခုဆီမှ ခပ်ပိန်ပိန် အမျိုးသားတစ်ဦးသည် ချီလန်းအား မျက်တောင်မခတ် စိုက်ကြည့်နေပေသည်။ ထိုသူကို ကြည့်ရသည်မှာ ငွေကြေးတတ်နိုင်သော လူတစ်ယောက်ဖြစ်လိမ့်မည်ဟု ချီလန်းအတတ်သိလိုက်သည်။ ခပ်ပိန်ပိန်လူသည် တစ်စုံတစ်ရာကို ဝါးစားနေရင်းမှ ချီလန်းကို ပြုံးပြလိုက်သည်။ ထိုအခါ ချီလန်းလည်း မပွင့်တပွင့်ပြုံးလိုက်လေသည်။

အမဲတစ်ကောင်သည် မိမိ၏ဝိုက်ကွန်ထဲသို့ ဝင်တော့မည်ဖြစ်ကြောင်း ချီလန်း အတတ်သိလိုက်သည်။ ဧည့်ကြိုအမျိုးသမီးက သူတို့အား အရက်တစ်အိုးနှင့်စားစရာများ လာရောက်ချပေးသည်။ ချီလန်းသည် စွန့်စားမှုတစ်ခုကိုပြုလုပ်ရန် စိတ်ထဲမှ ဆုံးဖြတ်ချက်ချလိုက်တော့သည်။

✷

"အစ်မ ... သောက်လိုက်စမ်းပါ"

ချီလန်းက ရှူလန်းအား အရက်သောက်ရန် မြှောက်ပေး

တည်းခိုမည့်သူမဟုတ်။ ရိုးရိုးစားသောက်ရန်လာသူမို့ လူဝင်ကြိုးဖူးမှု၏ကောင်တာသို့ သွားရန်မလိုပေ။ သူမတို့နှစ်ဦး စားပွဲတစ်လုံးသို့ ဝင်ထိုင်လိုက်သည့်အခါ ဧည့်ကြိုအမျိုးသမီးလေးက ရောက်လာသည်။ ချီလန်းသည် ထိုဧည့်ကြိုမိန်းကလေးအား တွေ့ရသောအခါ ရယ်ချင်နေ၏။ မနှစ်က သည်အချိန်တွင် ထိုဧည့်ကြိုမကလေးက ချီလန်းအား သခင်မကလေးဟု ခေါ်ဝေါ်ခဲ့ဖူးသည် မဟုတ်ပါလား။

"အရက် အကောင်းစားတစ်အိုးနဲ့ စားစရာလုပ်ပေးပါ"

ချီလန်းက ကြွေးကြော်ရရ ပြောလိုက်လေသည်။ ဧည့်ကြိုမလေး လှစ်ခနဲလှည့်သွားတော့၏။ အချို့စားပွဲဝိုင်းမှ ယောကျ်ားပျိုတချို့သည် သူမတို့နှစ်ဦးအား ကြည့်ရှုနေမှန်း ချီလန်းက သိရှိသည်။

ရှူလန်းသည် အရက်အကောင်းစားများနှင့် စားသောက်စရာများကို မှာကြားနေသော ချီလန်းအား စိတ်ထဲမှ အံ့သြနေမိသည်။ အဘယ်ကြောင့်ဆိုသော် သူမထံတွင် လုံလောက်သောငွေကြေး မရှိသည်ကို ရှူလန်းက ကောင်းကောင်းကြီးသိထား၍ ဖြစ်သည်။

✷

သည်။ ရှူလန်းသည် ပထမတော့ မရဲသေးသော်လည်း သူမအ
ချိုလန်းက အထင်သေးမည်စိုးသောကြောင့် အရက်ခပ်များများ
ထည့်၍ တစ်ကျိုက်တည်း မော့ချလိုက်လေတော့သည်။ ချိုလန်း
ရုတ်တရက်အံ့အားသင့်သွားသည်။ ရှူလန်းသည် ဤမျှလွယ်လွယ်
ကူ သောက်လိမ့်မည်ဟု မထင်ထားမိပေ။ ချိုလန်းကိုယ်တိုင်လည်
သောက်ချလိုက်၏။ သူမသည် သောက်ပြီးသည်နှင့် ဆတ်ခနဲထသွ
လေသည်။ ပိန်ပိန်ပါးပါးလူ၏စားပွဲသို့ ဖြစ်ပေသည်။ ထိုသူကလည်
ချိုလန်းအား ပြုံး၍ကြည့်နေသည်။

"ရှင့်ကို ကျွန်မ မြင်ဖူးသလိုပဲ၊ စိတ်မရှိနဲ့နော် ... ကျွန်
မိတ်ဆွေထဲက ထင်လို့ပါ"

ပိန်ပိန်ပါးပါးလူက ရုတ်တရက် မတ်တတ်ရပ်၍ ...

"ဟုတ်မှာပါ ... ကျွန်တော်က လူပေါင်းစုံနဲ့ ပေါင်းသ
ဆက်ဆံနေရတော့ မမှတ်မိတာကို ခွင့်လွှတ်ပါ"

"အို ... ရပါတယ်ရှင်၊ ကျွန်မတို့ဝိုင်းကို လာပါလား၊ စား
သောက်ရင်း စကားပြောရအောင်"

ပိန်ပိန်ပါးပါးလူသည် လုံးဝတို့ဆိုင်းမနေတော့ပါ။ ချိုလ
၏နောက်သို့ ကပ်ပါလာတော့သည်။ လုံးဝမရိုင်းပါ။ အခြားလူများ
အမြင်တွင်လည်း မိတ်ဆွေအချင်းချင်း တွေ့သွားကြသည်ဟု
ထင်ကြမည်မှာ မလွဲပေ။ ပိန်ပိန်ပါးပါးလူသည် ချိုလန်းတို့နှစ်ဦး
အလယ်တွင်ရှိသောခုံ၌ ဝင်ထိုင်လိုက်လေသည်။

"ဒါ ကျွန်မအစ်မလေ ... ရှင်မှတ်မိမလားပဲ"

ထိုသူ၏မျက်လုံးက အရက်တန်ခိုးကြောင့် ရီဝေနေသည်။
သည် ကပျာကယာ ခေါင်းညိတ်လိုက်၍ ...

"ဩော် ... ဟုတ်ပြီ ဟုတ်ပြီ၊ လွန်ခဲ့တဲ့သုံးလေးလက ကျွန်
ကော့ဆိုင်မှာ မွေ့ရာကို ဂွမ်းကပ်တို့ လာဝယ်သွားသေးတယ်မဟုတ်
း"

ပိန်ပိန်ပါးပါးလူသည် မွေ့ရာဂွမ်းကပ်များ ရောင်းသောဆိုင်
ိုင်ရှင်တစ်ဦးဖြစ်မှန်း ချိုလန်းတို့ သိရှိသွားရပြီဖြစ်လေသည်။

"ဒီလိုတော့လည်း ရှင်က သတိကောင်းသားပဲ၊ ကျွန်မက
မတ်မိဘူး အောက်မေ့နေတာ"

ထိုစကားကို သွက်လက်စွာပြောသူမှာ ရှူလန်းပင်ဖြစ်တော့
။ ချိုလန်း အံ့သြချီးကျူးသွားမိသည်။ ချိုလန်းသည် မိမိခင်းသော
ခြမ်းပေါ်တွင် အဆင်ပြေအောင်လျှောက်တတ်နေပြီ မဟုတ်လား။

"အေးဗျာ ... ဝယ်ယူအားပေးတဲ့လူတွေက များလွန်းတော့
ခုလို ရုတ်တရက်မမှတ်မိတာ စိတ်မရှိပါနဲ့၊ အဲ့ဒီအတွက်ကို တောင်း
နဲတဲ့အနေနဲ့ ကျသင့်တာတွေ ကျွန်တော် တာဝန်ယူရှင်းပါရစေ"

"အို ... အားနာလိုက်တာရှင်၊ ရှင့်ကို နှုတ်ဆက်မိတာ မှား
နဲ့တူတယ်"

ချိုလန်းက တကယ်အားနာဟန်ဖြင့် ပြောလိုက်သည်။
ိပန်ပိန်ပါးပါးလူသည် ဧည့်ကြိုစားပွဲထိုးအား လက်ယပ်ခေါ်လိုက်

သည်။ ကလေးမလေးက ပြေးလာပြီး ...

"ဘာထပ်ယူဦးမှာလဲ တော်စွေ့"

ပိန်ပိန်ပါးပါးလူ၏အမည်မှာ တော်စွေ့ဖြစ်မှန်း သူမတို့နှစ်ဦး သိရှိသွားလေသည်။ တော်စွေ့က စားစရာများကို တစ်ခုချင်းမှာနေသည်။ ထိုအခါ ရှုလန်းက ...

"တော်စွေ့ရယ် သိပ်မမှာပါနဲ့ ... ကျွန်မတို့ ကုန်နိုင်မှာ မဟုတ်ဘူး"

သို့သော် တော်စွေ့က လုံးဝဂရုမစိုက်ပေ။ သူ မှာကြားစရာရှိသည်များကို မှာကြားနေ၏။ ပြီးမှ သူ၏မျက်နှာကို ချိုလန်းတို့ ဘက် ပြန်လှည့်လိုက်သည်။

"ကျွန်တော့်ဆီမှာ အားပေးတဲ့သူတွေနဲ့ ခုလိုပြန်တွေ့ရပြီး ကျွေးမွေးရတာ သိပ်ဝမ်းသာတာပဲဗျာ"

ချိုလန်းက သူ၏အနားသို့ နီးသည်ထက်နီးအောင် တိုးကပ်လိုက်သည်။

"ဘယ်ရမလဲ ... နောက်နေ့ကျရင် ကျွန်မတို့ညီအစ်မ ပြန်ကျွေးရမှ ကျေနပ်မှာနော့"

"ဟာ ... ရပါတယ်၊ ရပါတယ်"

တော်စွေ့မှာ မနောခွေ့သွားတော့သည်။



စကားပြောရင်း စားလိုက်၊ စားရင်း စကားပြောလိုက်ဖြင့် သူတို့သုံးဦး အတော်ကလေး အဖွဲ့ကျနေသည်။ တော်စွေ့လည်း အတော်မူးနေပြီဖြစ်၏။ တစ်ခါတစ်ရံ ရှုလန်းက တော်စွေ့၏လက်ကို ကိုင်၍ စကားများ ပြောလိုက်သည့်အခါ တော်စွေ့ တဟဲဟဲ ဖြစ်နေပေသည်။ ချိုလန်းက ရှုလန်းကိုကြည့်၍ သဘောကျသွားသည်။ ရှုလန်းသည် ရဲတင်းဖျတ်လတ်နေပြီ ဖြစ်သည်။ တော်စွေ့က ချိုလန်း၏ကျောမှ ဓားကိုကြည့်၍ ...

"ချိုလန်းက ဒီမြို့ထဲမှာတောင် ဓားကို ဒီလိုပဲဆောင်ပြီး သွားတတ်လား"

"အမြဲတော့ မဆောင်ပါဘူး၊ ဒါပေမဲ့ မနှစ်က အဖြစ်ကလေးကို ရှင်လည်း သိမှာပေါ့။ ဒီစားသောက်ဆိုင်မှာ အသတ်ခံလိုက်ရတာ ငွေကြေးချမ်းသာတဲ့ လူတစ်ယောက်ပဲ မဟုတ်လား"

တော်စွေ့က စားပွဲကို လက်ဖြင့် ပုတ်လိုက်သည်။

"ဟုတ်တယ်လေ ... ဒီဆိုင်ကို ကျွန်တော် အမြဲလာနေကျပဲ၊ သိတာပေါ့၊ ဒါပေမဲ့ဗျာ ဒီသူဌေးက လွန်လွန်းပါတယ်"

"ဘယ်လိုလွန်တာလဲ"

တော်စွေ့က မျက်နှာရှုံ့မဲ့လိုက်ပြီး ...

"ဒီလူက မိန်းကလေးတွေမြင်ရင် ငမ်းငမ်းတက်ဆိုတော့ သူ့ကိုသတ်ပြီး ပစ္စည်းယူသွားတာပေါ့၊ အင်း ... နောက်လည်း ကျွန

တော် မြင်နေသေးတယ်၊ မကြာခင် တစ်ယောက်ခံရဦးမယ်”

ချိုလန်းက ရယ်မောလိုက်ပြီး ...

“အို ... ရှင်ကလည်း နိမိတ်မရှိ နမာမရှိ၊ ဘယ်သူ့ကို ပြော နေတာလဲ”

“ဘယ်သူရှိရဦးမှာလဲ၊ ချိုလန်းတို့ မသိဘူးလား ... လူပျို ကြီး မုယုံလေ၊ ချမ်းသာလိုက်တာလည်း လွန်ရော၊ မိန်းမယူပါဆို လည်း မယူဘူး၊ အဲ ... ဒီလိုနေရာမျိုးမှာတော့ မကြာမကြာ ငွေလာ ဖြန်းတတ်စာယ်၊ တစ်နေ့တော့ ဘေးတွေ့မယ်”

မေးပါများ စကားရဆိုသကဲ့သို့ ချိုလန်းတစ်ယောက် တော် စွေ့၏စကားများကို အလွန်အမင်း စိတ်ဝင်စားသွားတော့သည်။ ထို့ ကြောင့် သူမက သူ့အတွေးနဲ့သူ ရယ်မောလိုက်လေသည်။

“ချိုလန်း ဘာလို့ရယ်မောရတာလဲ”

“အဲဒါ ကျွန်မတို့ဦးလေးရှင့် ... “ဗျာ”

တော်စွေ့ အံ့သြသွားသည်။ အားလည်း နာသွား၏။

“စိတ်မရှိနဲ့ဗျာ ... ကျွန်တော့်စကားမှားသွားရင် ခွင့်လွှတ် ပါ”

“ကျွန်မတို့ စိတ်မဆိုးတတ်ပါဘူးရှင်”

တော်စွေ့သည် တစ်ချက်စဉ်းစားလိုက်ပြီး ...

“မုယုံ ကျွန်တော့်ကိုညာတယ်၊ သူနဲ့တွေ့မှ ပြောရဦးမယ်”

“ကျွန်မဦးလေးက ဘာညာလို့လဲ”

တော်စွေ့က ခေါင်းယမ်းရင်း ...

“ဟာ ... သူက သူ့မှာ ဆွေမျိုးညာတိ တစ်ယောက်မှမရှိ ဘူး၊ ဒါကြောင့်မို့ သူဟာ သံယောဇဉ်အကင်းဆုံးလူတဲ့၊ လောကမှာ ကျော်ပျော်နေမယ်, ပျော်ပျော်စားမယ်ဆိုတဲ့စကားကို အမြဲပြော တယ်”

“ဟုတ်တယ် ဟုတ်တယ် ... ကျွန်မဦးလေးက အဲဒီလို ပြော တတ်တယ်၊ ကျွန်မအဖေနဲ့ မတည့်ဘူး၊ ညီအစ်ကိုချင်း စိတ်ဆိုးထား တယ်မဟုတ်လား၊ အခုတော့ တည့်နေပါပြီ၊ ကျွန်မတို့ကိုတောင် သူနဲ့ အမြဲနေရမယ်လို့ ပြောနေတာ”

“ဟုတ်လား ... ဝမ်းသာစရာပဲပေါ့၊ ကျွန်တော့်ကိုလည်း သာလည်ခွင့်ပြုပါနော်”

“အို ... အချိန်မရွေး လာလည်ပါနော်”

တော်စွေ့ အတော်အူမြူးသွားသည်။ ထိုနေ့က တော်စွေ့ နှေးသုံးရာကျော်ရှင်းပြီး လူချင်းခွဲလိုက်ကြလေသည်။

✱ ✱ ✱

အခန်း (၈)
သေကြပေတော့

ထိုနေ့ညနေ ... ချင်တူးမြို့ မင်းလမ်းမကြီးကို မျက်နှာပေး၍ ဆောက်လုပ်ထားသော အိမ်ကြီးတစ်အိမ်ထဲသို့ ရွှေလန်းနှင့်ချိုလန်းတို့ ရဲရဲတင်းတင်းပင် ဝင်ရောက်သွားတော့သည်။

ခြံကြီးက ကျယ်ဝန်းသလောက် အဆောက်အအုံကလည်း ခန့်ညားလှပေသည်။ သို့သော် တိတ်ဆိတ်နေသည်။ ချိုလန်းက ရွှေလန်းကို အဓိပ္ပာယ်ပါပါ ပြုံး၍ကြည့်ရင်း လူခေါ်ခေါင်းလောင်းကလေးကို ဆွဲလှုပ်လိုက်လေသည်။

တံခါးတစ်ချပ် ပွင့်လာသည်။ တံခါးဝ၌ ခပ်ပုပု ဗိုက်ရွဲရွဲ လူတစ်ယောက်က ဝိတ်၍ ရပ်နေသည်။

"ကလေးမတို့ ဘာကိစ္စလဲ"

ထိုလူကြီးသည် တော်စွေ့ပြောသော လူပျိုကြီးမုယုံပင် ဖြစ်သည်ဟု ချိုလန်းက ယူဆလိုက်လေသည်။

"ဒါ ... သူဌေးကြီးမုယုံရဲ့ဂေဟာလားရှင်"

ချိုလန်းက လေးလေးစားစား မေးလိုက်သည်။

"ဟုတ်တယ် ... မုယုံက ကျွပ်ပဲ"

"ဟာ အခန့်သင့်ပဲ ... ကျွန်မတို့သူငယ်ချင်း အမျိုးသမီးဘစ်ယောက် ဒီမှာ စောင့်နေမယ်ဆိုလို့ လိုက်လာတာ၊ သူ မရောက်သေးဘူးလား"

မုယုံသည် စဉ်းစဉ်းစားစားဖြင့် ...

"ဘယ်သူများပါလိမ့်"

"ဟာ ... ကျွန်မသူငယ်ချင်းကတော့ နာမည်အများကြီးပဲ၊ ကျွန်မတို့ကတော့ သူ့ကို ဝါဝါလို့ပဲ ခေါ်တယ်၊ သူက ပြောတယ် ... သူဌေးကြီးမုယုံဆီမှာ သူ အမြဲလာနေကျပါတဲ့၊ ခုလည်း ဒီမှာရှိမယ်လာခဲ့ပါဆိုလို့ ကျွန်မလာတာ"

မုယုံသည် သူ၏မေးစေ့ကို ပွတ်သပ်ရင်း ရွှေလန်းကို စူးစိုက်ကြည့်နေသည်။

"နေပါဦး၊ နင်တို့သူငယ်ချင်းဟာ ကျင်းဝါများ ဖြစ်နေမလား"

မုယုံက စဉ်းစားပြောသည်။

"ကျင်းဝါလို့ သူက ပြောသလား၊ ဟုတ်ပါလိမ့်မယ် ... ကျွန်မတို့ကတော့ ဝါဝါလို့ပဲခေါ်တာ"

"ဒါဆို ... သူ ဒီကို မလာတာကြာပြီပဲ၊ အနည်းဆုံး ခြောက်လလောက် ရှိနေပြီ၊ အခု သူက ဒီကိုလာမယ်ပြောလို့လား"

ထိုစကားကို မုယုံက ဝမ်းသာသလို မေးလိုက်သည်။ ချိုလန်းပစ်လွှတ်လိုက်သော မြားသည် မုယုံအား တည့်တည့်မတ်မတ်

ဝင်ရောက်သွားတော့သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျွန်မတို့က သူရောက်နေပြီလို့ တောင် အောက်မေ့တာ"

"ဟာ ... ဒါဆိုရင် သူလာမှာပဲ၊ ကဲ ကဲ ... အထဲဝင်ကြဦး"



မုယုံသည် ချိုလန်းတို့နှစ်ဦးအား စူးစူးဝါးဝါးပင် ကြည့်နေသည်။ အထူးသဖြင့် ရှုလန်းကို မျက်စိကျွတ်မတတ် ကြည့်နေသည်။ သည်ကြားထဲ ရှုလန်းက ...

"ဟဲ့ ဟဲ့ ... ညီမရယ် လုပ်ပါဦး ... ပိုးကောင် ပိုးကောင်"

ရှုလန်းသည် သူမ၏ နောက်ကျောထဲသို့ ပိုးကောင်ဝင်သွား ဟန်ဖြင့် အလန့်တကြား ပြောလိုက်ရာ ချိုလန်းက ရှုလန်း၏အင်္ကျီကို ကပျာကယာမ၍ ချွတ်လိုက်လေသည်။

ကျောကုန်းနှင့် ရင်သားတို့က ဖွေးခနဲ ပေါ်သွားတော့သည်။

"အို ... ညီမကလည်း"

အတော်လေးကြာမှ ရှုလန်းက သတိရသွားသကဲ့သို့ မုယုံ အား ရှက်သလို အင်္ကျီကို ကပျာကယာ ပြန်ဖုံးချလိုက်သည်။ ထိုအခါ မှပင် မုယုံ၏မျက်နှာလည်း တစ်ဖက်သို့ လှည့်လိုက်တော့၏။

"ကျင်းဝါ မလာရင်လည်း ကျွန်မတို့ ပြန်ရတော့မှာပေါ့"

ချိုလန်းက အရိုးလို၍ အသားတောင်းလိုက်သည်။ မုယုံ ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အို ... စောင့်ပါဦး၊ သူက လာမယ်ဆို လာမှာပါ"

မုယုံသည် စားနေကျကြောင်ပါးတစ်ဦးဖြစ်မှန်း ချက်ချင်း ရိပ်မိလိုက်တော့သည်။

"အကယ်၍ ကျင်းဝါ မနက်ဖြန်မှ ရောက်မယ်ဆိုရင်ကော၊ ဒါဆို ကျွန်မတို့ ရွှင်ပျော်ပျော်တည်းခိုခန်းမှာ စောင့်နေတာပေါ့"

ရွှင်ပျော်ပျော်တည်းခိုခန်းအား တမင်တကာ ထည့်ပြော လိုက်ခြင်း ဖြစ်လေသည်။ ရွှင်ပျော်ပျော်သည် ချင်တူးမြို့၌ နာမည် အကြီးဆုံး ဇိမ်နန်းတစ်ခု ဖြစ်ပေသည်။ ထိုအကြောင်းကို မုယုံက ကောင်းကောင်းသိထားပုံရသည်။ သူကိုယ်တိုင်ကလည်း ရွှင်ပျော် ပျော်နှင့် လုံးဝကင်းမည့်လူစားမျိုး မဟုတ်မှန်း ချိုလန်းသိလိုက်သည်။

"ငါညီမတို့က အားနာလို့လား၊ ကျင်းဝါက ပြောပြမထား ဘူးလား၊ အစ်ကိုကြီးဆီမှာ ဘာမှအားနာစရာမလိုဘူး၊ သြော် ... ဟုတ် ကျင်းဝါက အစ်ကိုကြီးအကြောင်း ဘာများ ... ဟဲ ဟဲ"

ချိုလန်းက ခပ်ပြုံးပြုံးဖြင့် ...

"သိပါတယ် အစ်ကိုကြီးရယ် ... ဝါဝါက ကျွန်မတို့ကို အကုန် ပြောပြီးသား၊ ဒါကြောင့်လည်း ကျွန်မအစ်မက ဒီမှာပဲတည်းခိုဖို့ ဝါဝါ ကဘောတူခဲ့တာပေါ့"

ချိုလန်းက ရှုလန်းအား မေးငေါ့၍ ပြောလိုက်လေသည်။

"ဟဲ ဟဲ ... အစ်ကိုကြီး ထင်သားပဲ"

✱

အမှန်တော့ မုယုသည် လူနုံလူအတစ်ယောက် မဟုတ်ပါ။ လူပါးလူနပ်တစ်ဦး ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် ရွှမ်ထော့ပွေလီလာမည့် အိမ်ထောင်ရေးမျိုးကို လက်မခံဘဲ ခေတ္တယာယီသဘောပေါင်းသင်းသော သားမယားများကိုသာ အသုံးပြုပေသည်။

သူသည် ထိုကိစ္စမျိုးနှင့်ပတ်သက်လာလျှင် ကျွမ်းကျင်ပြီးသား ဖြစ်၏။ မိန်းကလေးနှစ်ဦး ရောက်ရှိလာကတည်းက သူ့စိတ်ထဲတွင် သံသယ အနည်းငယ် ပွားသွားသည်။

ထိုမိန်းကလေးနှစ်ယောက်သည် အကြီအစည်ရှိ၍ ထားသည်လည်း ဖြစ်နိုင်သလို ရိုးရိုးသားသား သူငယ်ချင်းနှင့်ခိုနှိုးထားလာသည်လည်း ဖြစ်နိုင်ပေသည်။

မည်သို့ပင်ဆိုစေ သူဆက်ဆံခဲ့ဖူးသော ကျင်းဝါနှင့်ထားသက်လျှင်တော့ အညာလွယ်သောမိန်းကလေးများပင် ဖြစ်ရမည်ဟု သူက တစ်ထစ်ချ ယုံကြည်ထားသည်။

အမှန်တော့ မုယုသည် တစ်ယောက်တည်း ထီးထီးနေ မဟုတ်ပါ။ အိမ်ထောင်ဖက်မိသားစု မရှိသော်လည်း ညရေးညတွင် စောင့်ရှောက်ရန်အတွက် ကြေးစားသိုင်းသမားတစ်ဦးကို

ခန်းထားရှိလေသည်။

နေ့လယ်ဘက်တွင် သူ၏စားရေးသောက်ရေးအတွက် ချက်ပြုတ်လုပ်ကိုင်ပေးသည့် အလုပ်သမားအဘိုးအိုတစ်ဦး ရှိသည်။ အဘိုးအိုသည် သူ၏တာဝန်ပြီးသည်နှင့် အိမ်သို့ပြန်သွားရသည်။ ညဘောင်တာဝန်ကို ကြေးစားသိုင်းသမားတစ်ဦးက တာဝန်ယူသည်။

ညမိုးချုပ်သည်နှင့် ကြေးစားသိုင်းသမားက ရောက်ရှိလာသည်။ မုယုသည် ထိုကြေးစားသိုင်းသမားအား စကားများ တီးတိုးပြောကြားနေသည်ကို ချိုလန်းတို့က တွေ့ရှိလိုက်သည်။

"ဒါ ... သူ့ရဲ့ညစောင့် သိုင်းသမားဖြစ်ရမယ်"

ချိုလန်းက တိုးတိုးပြောသည်။

"တို့ ... အဲဒါ ထည့်မတွက်ခဲ့မိဘူး"

ရှူလန်းက ပြန်ပြောသည်။ ချိုလန်းက မပွင့်တပွင့်ပြုံးသည်။

"အခြေအနေ ကြည့်သေးတာပေါ့ အစ်မရယ်"

ညသည် တစ်စတစ်စ သိပ်သည်းလာ၏။ အပြင်ခန်းတွင် စောင့်သိုင်းသမားက သတိကြီးစွာဖြင့် ထိုင်နေသည်။ မုယုက လွယ်ဇည့်ခန်း၌ အရက်သောက်နေသည်။

မုယုသည် အရက်သောက်ရင်းမှ တစ်စုံတစ်ရာကို တွေးတောနေခြင်း ဖြစ်လေသည်။ သူ၏မျက်စိထဲတွင် မိန်းကလေးနှစ်ဦးထက်စက ရှူလန်း၏ အပြုအမူကို မျက်လုံးထဲကမထွက်နိုင်အောင် ဖြစ်နေပေသည်။

ရှုလန်း၏အကျီအိတ်ထဲ ပိုးကောင်ဝင်သွားခြင်းမှာ မုယုံ
စိတ်ထဲ ပိုးကောင်ဝင်သွားခြင်းပင် ဖြစ်တော့သည်။ မည်သို့ပင်ဆို
မုယုံသည် ရရှိလာသောအခွင့်အရေးကို လက်လွတ်ခံမည်မဟုတ်
သို့သော် သူမတို့နှစ်ဦးကို မည်ကဲ့သို့ ခွဲထုတ်ရမည်နည်း
စဉ်းစားနေမိ၏။ အခန်းကျယ်ကြီးထဲတွင် သူတို့နှစ်ဦးက အတူရှိ
သည်။ မုယုံသည် ချိုလန်းအား စိတ်ဝင်စားမှု မရှိသော်လည်း ရှုလ
ကို တသသ စွဲလမ်းနေသည်။

မုယုံက သူမတို့၏အခန်းသို့ လှမ်းကြည့်လိုက်သည်။
ရောင် လင်းနေသေးသဖြင့် မအိပ်ကြသေးသည်မှာ သေချာသည်

မုယုံသည် အကြံတစ်ခုချက်ချင်းရသွားသည်။ သူမကို တိ
လင်းလင်း မေး၍ သဘောတူပါလျှင် မိမိ၏အိပ်ခန်းသို့ ခေါ်ဆော
သွားနိုင်သည် မဟုတ်ပါလား။

✳

မုယုံက ကိစ္စတစ်ခု ရှိဟန်ဖြင့် သူမတို့၏ အခန်းမှ ဖြတ်
လျှောက်သွားလိုက်သည်။ တံခါးက ပိတ်မထားသဖြင့် မိန်းမသ
နှစ်ဦး ထိုင်၍ စကားပြောနေသည်ကို တွေ့လိုက်ရလေသည်။

"သြော် ... ညီမတို့လည်း မအိပ်ကြသေးဘဲကိုး"

ချိုလန်းက တံခါးနားသို့ ထလာခဲ့သည်။

"ကျွန်မတို့ ကျင်းဝါလာမလားလို့ ထိုင်စောင့်နေကြတာပေါ့"

မုယုံက မျက်မှောင်ကြုတ်၍ စဉ်းစားရင်း ...

"ဒီအချိန်မှဆိုရင် ဒီည လာမယ်မထင်တော့ပါဘူး"

"ဟာ ... ဒါဆိုရင်တော့ ဒီည အစ်ကိုကြီး ပျင်းနေပြီပေါ့"

မုယုံမျက်နှာ စပ်ဖြဖြ ဖြစ်သွားသည်။ သူသည် ရှုလန်းကို
ခဏ်ချက် လှမ်းကြည့်လိုက်၏။

"မလာတော့လည်း အစ်ကိုကြီးရဲ့ ကုသိုလ်ပေါ့ကွာ၊ ဒါထက်
ကျင်းဝါနဲ ဒီမှာချိန်းထားတဲ့ကိစ္စက"

"ဒီလိုပါ၊ ကျွန်မအစ်မက အလုပ်လုပ်ချင်တာကို ကျင်းဝါက
ပေးမယ်လို့ ပြောထားလို့ပါ"

မုယုံက မျက်မှောင်ကြုတ်လိုက်ရင်း ...

"ရှုလန်းက ဘာအလုပ်လုပ်မှာလဲ"

"ကျင်းဝါကပြောတော့ ရွှင်ပျော်ပျော်မှာ အလုပ်သွင်းပေး
ယ်လို့ ပြောလို့ပါ"

မုယုံက စိတ်ပျက်သွားပြီး ခေါင်းယမ်းလိုက်သည်။

"အို ... ဒုက္ခပါပဲ"

မုယုံသည် သူ၏စကားကို ဖြတ်ထားပြီး အကြံထုတ်နေ၏။

ဦး ...

"ရွှင်ပျော်ပျော်မှာ အလုပ်လုပ်ချင်ရင် ကျင်းဝါမလာလည်း
စ်ကိုကြီးက လုပ်ပေးနိုင်ပါတယ်၊ ဒါထက် ရွှင်ပျော်ပျော်မှာ ဘာ

လုပ်ရတယ်ဆိုတာကော နင့်အစ်မ သဘောပေါက်ရဲ့လား"

"အဲဒါပေါ့ အစ်ကိုကြီးရဲ့ ... သူက အတွေ့အကြုံ မရှိတော့"

"မပူပါနဲ့လေ၊ အတွေ့အကြုံ အစ်ကိုကြီး သင်ပြပေးလို
မယ် ... သဘောပေါက်ရဲ့လား"

ချိုလန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... အစ်ကိုကြီး စောင့်နေပါ"



ညဉ့်နက်မှသည် တစ်စတစ်စ နက်ရှိုင်းလာလေသည်။ ခ
တူးတစ်မြို့လုံး အိပ်မောကျနေပြီဖြစ်သော်လည်း မုယုံအိမ်ဂေဟ
အခန်းများဝယ် မီးများလင်းလျက်ပင် ဖြစ်နေသေးသည်။

သို့သော် မုယုံ၏အိပ်ခန်းမှ အလင်းရောင်သည် အားနည်
လွန်းလှပေသည်။ ထိုအချိန်တွင် အရိပ်တစ်ခုသည် မုယုံ၏အခန်း
သို့ လှစ်ခနဲ ဝင်ရောက်သည်ကို ညစောင့်သိုင်းသမားက မြင်တွေ
လိုက်ရသည်။

ညစောင့်သိုင်းသမား ပြုံးမိသည်။ ကုသိုလ်ကံကောင်းလွန်
သော မုယုံအတွက် ညစောင့်သိုင်းသမားမှာ မနာလိုစိတ်ပင် ဖြစ်သွား
မိသည်။

တစ်ခါတစ်ခါတော့လည်း မုယုံ၏ဘဝကို ညစောင့် သိုင်

ားမှာ မနာလိုစိတ် ဖြစ်သွားမိသည်။ တစ်ခါတစ်ခါတော့လည်း
ုံ၏ဘဝကို ညစောင့်သိုင်းသမားသည် အားကျမိသွားသည်။

ထိုကဲ့သို့သော အဖြစ်မျိုးကို သူက သိရှိထားပြီမို့ အထူး
ခန်းသဖွယ် မမြင်မိတော့ပါ။ သူ့စိတ်ထဲတွင် မုယုံတစ်ယောက်
ချောအလှကလေးတစ်ဦးနှင့် လောကကြီးကို မေ့နေတော့မည်ဟု
သူက တွေးထင်မိ၏။



မုယုံ၏အခန်းထဲတွင် တီးတိုးသံများ ထွက်ပေါ်နေ၏။ မုယုံ
စကားပြောသံနှင့် ရှုလန်း၏အသံသည် တစ်ခါတစ်ရံ ခပ်ကျယ်
ကျယ်ကလေး ထွက်ပေါ်နေပေသည်။ ချိုလန်း အိပ်မပျော်ပါ။

ထို့ကြောင့် သူမသည် မုယုံသောက်ခဲ့သော အရက်စားပွဲသို့
သွားကာ အရက်ကို စိမ်ပြေနပြေ သောက်နေလိုက်သည်။ ည
စောင့် သိုင်းသမားသည် ချိုလန်းကို တစ်နေရာမှ အကဲခတ် ကြည့်နေ
သည်။ ချိုလန်းသိသည်။ သူမသည် အရက်တော်တော်များများကို
သောက်ချလိုက်သည်။ ထိုအခါ သူမ အတော်ကလေးမူးသွားတော့
သည်။

သူမက အခန်းထဲသို့ ပြန်ရောက်သွားသော်လည်း မျက်လုံး
များ ပြူးကြောင်နေတော့သည်။ ထို့ကြောင့် သူသည် အပြင်တံခါးကို

ဖွင့်ကာ ခြံထဲ၌ လမ်းထွက်လျှောက်နေလိုက်သည်။

ယင်းကဲ့သို့ လမ်းလျှောက်နေရာမှ သူ၏မျက်လုံးသည် စောစောက အရက်သောက်သွားသော ချိုလန်း၏အခန်းသို့ ကြည့်မိလိုက်သည်။

မီးရောင်က လင်းနေသဖြင့် သူသည် မသိမသာ ပြတင်းတံခါးကို အသာဟ၍ ချောင်းကြည့်လိုက်သည်။ ထိုအခါ ညစောင့်သိုင်းသမား၏ အကြောအခြင်မျှားသည် တစ်မုဟုတ်ချင်း ရပ်ဆိုင်းသွားသည်ဟု ထင်လိုက်ရလေသည်။

ညစောင့်သိုင်းသမားသည် ရဟန္တာတစ်ဦး မဟုတ်ပါ။ ထို့ပြင် နွားလည်း မဟုတ်ပေ။ သူသည် အသွေးနှင့် ဖွဲ့စည်းထားသော သာမန်လူတစ်ယောက်သာ ဖြစ်ပေသည်။

ညစောင့်သိုင်းသမားက တံခါးကို အသာအယာ ဖွင့်၍ ခုန်ဝင်လိုက်လေသည်။ ချိုလန်းသည် ရုတ်တရက် ဝင်ရောက်လာသော ညစောင့်ကို မျက်လုံးပြူး၍ လှမ်းကြည့်လိုက်မိသည်။

မုယုံက ရွှေလန်းအား ပွေ့ဖက်ထားသည်။ ရွှေလန်းက တကယ့်အရိုင်းမလေးသဖွယ် ရုန်းကန်နေ၏။ မုယုံသည် ထိုကဲ့သို့သော အရိုင်းမလေးမျိုးနှင့် ကြုံတွေ့ရသည်ကို စိတ်ထဲမှ ဝမ်းသာဝိတိဖြစ်နေသည်။

သူသည် ရွှေလန်းအား အမျိုးမျိုးချော့၍ သိမ်းသွင်းနေသည်။ ရွှေလန်းသည် သဘောမတူသည့် လက္ခဏာမျိုးကို ပြနေသော်လည်း

ငြင်းပြင်းထန်ထန် ရုန်းကန်ခြင်းတော့ မရှိပါ။

မုယုံသည် ရွှေလန်း အရှက်အကြောက် ကြီးနေမှန်း သိ၏။ ထို့ကြောင့် သူသည် မီးတိုင်ကို ရုတ်တရက် မှုတ်ပစ်လိုက်လေသည်။ ထိစ်ခနဲလုံး မှောင်အတိ ကျသွားတော့၏။ ထိုစဉ် ရုတ်တရက် ...

"ခွေးမျိုး ... ခွေးကျင့်ခွေးကြံ ကြံတဲ့အကောင်၊ အခုလွှတ်၊ လွှတ်ဘူးလား ... ကဲဟယ် ကဲဟယ်"

ဟူသောအသံက မုယုံ၏ လောကနိဗ္ဗာန်ကို ဖျက်ဆီးပစ်လိုက်တော့သည်။

✱

မုယုံသည် ကပျာကယာထ၍ တစ်ဖက်ခန်းဆီမှ အသံများကြောင့် ရွှေလန်းကို ကြည့်လိုက်သည်။ ရွှေလန်းကလည်း ကြောက်အားလန့်အားဖြင့် သူမ၏အဝတ်အစားတို့ကို နေသားတကျဖြစ်အောင် ပြင်ဆင်ပြီး မုယုံနှင့်အတူ ချိုလန်း၏အခန်းထဲသို့ ပြေးဝင်လိုက်သည်။

မုယုံသည် အခန်းထဲသို့ ရောက်သည်နှင့် မျက်လုံးမျက်ဆန်းကြူးကာ ကြက်သေသေ သွားတော့သည်။ ချိုလန်းက တရှိုက်ရှိုက်နေကြွေးနေသည်။

တစ်နေရာတွင် လူတစ်ယောက်က သွေးအိုင်ထဲ လဲကျနေသည်။ ထိုသူ၏ ခန္ဓာကိုယ်၌ အပေါ်မှ ထပ်ဝတ်ထားသော အဝတ်

အစားများ မရှိပါ။

မုယုံက သေသေချာချာ ကြည့်လိုက်သောအခါ သွေးအိုင်ထဲ လဲကျသေဆုံးနေသူမှာ မိမိငှားထားသော ညစောင့်သိုင်းသမား ဖြစ်နေပေတော့သည်။



✵

"တော်ပြီ တော်ပြီ အစ်ကိုကြီးရယ် ... ကျွန်မတို့ ဒီမှာ လာတည်းမိတာ မှားတာပဲ"

ချိုလန်းက ပြောပြီး အသံကျယ်လောင်စွာဖြင့် ငိုကြွေးလိုက်တော့သည်။

"ရှူး ... တိုးတိုးလုပ်ပါ၊ ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုလည်း ပြောစမ်းပါဦး"

ချိုလန်းက ငိုရင်းမှ ...

"ဘာဖြစ်ရမှာလဲ မမြင်ဘူးလား၊ အတင်းအဓမ္မ ကျင့်ကြံတာတော့ မကောင်းပါဘူး၊ ကျွန်မ အတန်တန် တားပါတယ်၊ မရတဲ့အဆုံးတော့ ကျွန်မရဲ့အရှက်ကို ကာကွယ်လိုက်ရတာပဲ"

"အင်း ... ဒီကောင် တော်တော်မိုက်တယ်"

"ဒါတွေ ပြောနေလည်း အပိုပဲ၊ ရှင့်ဂေဟာက ခုပဲသွားမယ် ဆိုင်ရာကို သွားအကြောင်းကြားမယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ကျား

ထစ်ဂေဟာကသိရင် ရှင်တို့ မသက်သာဘူးသာမှတ်တော့"

မုယုံသည် ကျားသစ်ဂေဟာအကြောင်းပါလာ၍ ပျာပျာသလဲ လက်ကာပြလိုက်လေသည်။

"နေ နေစမ်းပါဦး ... ခဏလေး စဉ်းစားပါရစေ"



✵

မကြာမီ မုယုံသည် သူ၏ ကိုယ်ပိုင်မြင်းလှည်းကို အဆင်သင့် ပြင်ဆင်လိုက်လေသည်။

"အစ်ကိုကြီး ... ဒါ ဘာလုပ်မှာလဲ"

ရှုလန်းက မေးလိုက်သည်။

"ဒီအလောင်းကို မဖျောက်ဖျက်ရင် အကုန်ဒုက္ခရောက်ကုန်ထိမ့်မယ်"

"ညကြီးမင်းကြီး ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ငါက ဒီမြင်းလှည်းနဲ့ ခရီးသွားနေတာပဲ"

"ကျွန်မကြောက်တယ် အစ်ကိုကြီးရယ်၊ အမြန်ပြန်လာခဲ့ပါ"

မုယုံသည် ရှုလန်းအား ပြုံးပြလိုက်သည်။

"စိတ်ချ ... သိပ်မကြာဘူး"

မုယုံသည် ပြောပြီးသည်နှင့် ညစောင့်၏အလောင်းကို ဂုန်နီ

အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး မြင်းလှည်းပေါ်ပစ်တင်ကာ တံခါး ပိတ်လိုက်သည်။

သူသည် ဘာမှမဖြစ်သကဲ့သို့ ချိုလန်းတို့ ညီအစ်မအား ပြုံးပြလိုက်သည်။

"ဒီမှာ ခြေရာလက်ရာတွေကို ဖျောက်ဖျက်ထား၊ အစ်ကို ကြီး အခု ပြန်လာမယ်"

"စိတ်ချပါ အစ်ကိုကြီးရယ်"

ရှုလန်းက ပြောလိုက်သည်။ ထိုအခါ မြင်းလှည်းသည် ဂေဟာထဲမှ တစ်ရှိန်ထိုး ပြေးထွက်သွားတော့၏။ ရုတ်တရက် မြင်း လှည်းပေါ်သို့ ခုန်တက်လိုက်ပါသွားသော လူတစ်ဦးကို မြင်းလှည်း မောင်းနေသော မုယုံ မမြင်မိလိုက်ပါ။



မိုးစင်စင်လင်းမှ မြင်းလှည်း ပြန်လည်ရောက်ရှိလာသည်။ မြင်းလှည်းမောင်းလာသူမှာ မုယုံမဟုတ်ပါ။ ရှုလန်းပင် ဖြစ်တော့ သည်။

ရှုလန်းသည် မြင်းလှည်းကို မြင်းလှည်းထားသော နေရာသို့ ရောက်ရှိအောင် စနစ်တကျ မောင်းသွင်းသွားသည်။ ထို့နောက် မြင်း ကို ဖြုတ်၍ မြင်းဇောင်း၌ အစာကျွေးပြီး အိမ်ထဲသို့ ဣန္ဒြေရရပင်

ဝင်ရောက်လာသည်။

ချိုလန်းက သူမကို အပြုံးနှင့် ဆီးကြိုလိုက်လေသည်။

"ဘယ့်နှယ်လဲ"

ရှုလန်းက စိတ်လက်ပေါ့ပါးစွာဖြင့် ခေါင်းညိတ်လိုက်လေ သည်။

"အဆင်ပြေပါတယ်၊ ဒါပေမဲ့ လွယ်လွယ်ကူကူတော့ မဟုတ် ဘူး၊ အတော်ကလေးကို ခက်ရာခဲဆစ်ပဲ"

ချိုလန်းက ပြုံးလိုက်ပြန်သည်။

"ဒါပေါ့ အစ်မရယ် ... အခက်အခဲမရှိရင် အောင်မြင်မှုဆို တာလည်း ဘယ်မှာလာပြီး ရှိပါ့မလဲ"

"သိပ်ဟုတ်တာပေါ့"

ထိုစကားကို ရှုလန်းက ထောက်ခံလိုက်သည်။ နှစ်ဦးစလုံး တိတ်ဆိတ်သွားကြသည်။

တကယ်တော့ အမျိုးသမီးနှစ်ဦး၏ ပရိယာယ်မာယာသည် ယောကျ်ားရင့်မာကြီးနှစ်ဦးသည်ပင် ညတွင်းချင်း လောကကြီးကို ကျောခိုင်းသွားရသည် မဟုတ်ပါလား။

ချိုလန်း၊ ရှုလန်း။ သူမတို့နှစ်ဦးသည် မိမိတို့ ခင်းကျင်းထာ သော ဇာတ်ကို နိုင်အောင် ဆက်၍ ကကြရမည် ဖြစ်ပေသည်။ ရှေး ဦးစွာ သူတို့သည် ထမင်းချက်အဘိုးကြီးအား ဖယ်ရှားရတော့မည် ဖြစ်ပေသည်။

ချိုလန်းက ပါးနပ်သည်။ ထမင်းချက်အဘိုးကြီး ရောက်ရှိလာသည်နှင့် စာတစ်စောင် ထုတ်ပြလိုက်လေသည်။ ထိုစာမှာ မုယုက ထမင်းချက်အဘိုးကြီးအား ရေးသားထားသည့်စာပင် ဖြစ်သည်။

မိမိ ကိစ္စအရေးကြီး၍ ခရီးသွားနေရသည်။ ဘယ်လောက်ကြာမည် မသိပါ။ ထို့ကြောင့် ဤအိမ်၌ အလုပ်ဆက်လုပ်စရာ မလိုတော့ဟု ရေးသားထားသောစာ ဖြစ်သည်။

ထမင်းချက်အဘိုးအိုသည် စာကိုဖတ်ပြီး ကျေနပ်စွာပင် လှည့်ပြန်သွားတော့သည်။ ရွှလန်းက ...

"ဒီအဘိုးကြီး ယုံပါ့မလား"

ချိုလန်းက ပခုံးနှစ်ဖက် တွန့်ပြလိုက်သည်။

"မယုံလည်း မတတ်နိုင်ဘူး၊ သူ့ကို ညင်ညင်သာသာနဲ့ ရှင်းဖို့က ဒီနည်းပဲ ရှိတယ်"

သူတို့နှစ်ဦးသည် ယခုအခါ ဂေဟာကြီးတစ်ခုလုံးနှင့် ပစ္စည်းများကို ပိုင်ဆိုင်သွားကြပြီ ဖြစ်သည်။ သို့သော် အေးအေးဆေးဆေး မနေရပါ။

မုယုသည် ပစ္စည်းအပေါင်ခံပြီး ငွေတိုးပေးစားသူတစ်ဦး ဖြစ်ပေသည်။ မုယု၏ လုပ်ငန်းစာရွက်စာတမ်းများကို ချိုလန်းနှင့် ရွှလန်းသည် စနစ်တကျ စီစစ်၍ နောက်ထပ် လုံးဝအပေါင်မခံဘဲ လာရွေးသော ပစ္စည်းများကိုသာ ထုတ်ပေးနေ၏။

ထိုသူများက စပ်စပ်စုစု မေးလာသောအခါတွင် မုယုမှာ

[illegible]၏ ဦးလေးအရင်းဖြစ်ကြောင်း ယခု ချန်အန်းသို့ ကိစ္စတစ်ခုနှင့် [illegible]းနေကြောင်း ပြေလည်အောင် ရှင်းပြလိုက်ရလေသည်။

ထိုအခါ ပစ္စည်းရွေးသူ၊ လာရောက်ပေါင်နှံသူတို့မှာ ချိုလန်း[illegible]ပေါ်တွင် လုံးဝ သံသယမရှိတော့ပေ။

✱

တစ်နေ့ ဧည့်သည်တစ်ဦးရောက်ရှိလာသည်။ ငါးသုံးကောင်[illegible]မတို့အား ကျွေးမွေးလိုက်သော မွေ့ရာနှင့် ဂွမ်းကပ်ရောင်းသူ[illegible]းလေး တော်စွေ့ပင် ဖြစ်ပေသည်။

တော်စွေ့သည် ရွှလန်းနှင့် ချိုလန်းတို့အား ငါးသုံးကောင်[illegible]လာသည်မှာ ကြာပြီဖြစ်၍ လာရောက်လည်ပတ်ခြင်း ဖြစ်သည်။ [illegible]က်တစ်ချက် သူသည် မုယုကိုလည်း တွေ့ချင်သောကြောင့် လာ[illegible]က် လည်ပတ်ခြင်း ဖြစ်ပေသည်။

ရွှလန်းနှင့်ချိုလန်းက ဧည့်ဝတ်ကျေပွန်စွာ ပြုစုလိုက်သော[illegible]မှ တော်စွေ့မှာ အတော်ပင် ကျေနပ်သွားလေသည်။

ထို့ပြင် မုယု ခရီးသွားနေစဉ် လိုအပ်သော အကူအညီ ရှိပါ[illegible]မိအား အကြောင်းကြားတိုင်ပင်ရန် အားပေးစကားများပင် [illegible]ကြားသွားလေသည်။

သည်တော့ ယခုအချိန်ထိ ချိုလန်တို့၏ ဇာတ်လမ်းသည်

အဆင်ပြေပြေပင် ရှိခဲ့ကြပေသည်။



တစ်လနီပါးမျှ ကြာသော် ချင်တူးမြို့ထဲသို့ မြင်းတစ်ကော
နှင့် လူတစ်ယောက် ရောက်ရှိလာသည်။ ထိုလူသည် ငါးသုံးကော
စားတော်ဆက်အနီးတွင် ခေတ္တရပ်တန့်လိုက်သည်။

မကြာမီ ငါးသုံးကောင် စားတော်ဆက်ဆိုင်ထဲမှ လူတ
ယောက် ထွက်လာသည်။ မြင်းပေါ်မှ လူသည် ကပျာကယာ မြ
ပေါ်မှ ဆင်းကာ သူ့မြင်းကို လက်မှဆွဲလာရင်း ငါးသုံးကောင် စ
တော်ဆက်ထဲမှ ထွက်လာသူအနီးသို့ ချဉ်းကပ်လိုက်သည်။

"ဒီမှာ မိတ်ဆွေ"

မြင်းလှည်းနှင့်လူက လှမ်းခေါ်လိုက်သဖြင့် စားတော်ဆ
ထဲမှ ထွက်လာသူက လှမ်းကြည့်လိုက်သည်။ ငါးသုံးကောင် စားတော
ဆက်ထဲမှထွက်လာသူမှာ အခြားသူမဟုတ်ပေ။ သူဌေးလေးတော
စွေ့ပင် ဖြစ်လေသည်။ တော်စွေ့ မြင်းနှင့်လူက ကြည့်၍ ...

"ဘာကိစ္စလဲဗျာ"

ဟု ပြန်မေးလိုက်လေသည်။ မြင်းနှင့်လူသည် ခရီးဝေ
လာခဲ့ဟန် တူပေသည်။ သူ၏ တစ်ကိုယ်လုံး၌ ဖုန်အလိမ်းလိမ်း
ဖြစ်နေသည်။ ထိုလူသည် အိတ်ထဲမှစာရွက်ပိုင်းကလေးကိုထုတ်

တော်စွေ့အား ပြသရင်း ...

"အဲဒီဂေဟာ ဘယ်မှာရှိသလဲ တစ်ဆိတ်လောက် ကျေးဇူး
ပြုပါဗျာ"

ဟု ရိုရိုသေသေ မေးမြန်းလိုက်သည်။ တော်စွေ့က စာရွက်
လိပ်စာကို ကြည့်လိုက်သည်။

"ဩော် မုယုံဂေဟာပဲ ကျုပ်သိပါတယ်၊ ဘာကိစ္စရှိလို့လဲ"

မြင်းနှင့်လူငယ်က ...

"ကျွန်တော် ချန်အန်းကလာခဲ့တာပါ၊ ဟိုမှာ သူဌေးကြီးမုယုံ
သတ်ခံရလို့ ကျွန်တော့်တူမတွေ လာပြီးအကြောင်းကြားတာ"

"အို ... ဖြစ်မှဖြစ်ရလေ၊ လာလာ ကျုပ်နဲ့လိုက်ခဲ့"

ချိုလန်းနှင့် ရှုလန်းတို့က ထမင်းချက်အဘိုးကြီးနှင့် စကား
ကဲဆုံကျနေသည်။ သူတို့က ထမင်းချက်အဘိုးကြီးအား သူ့ဦးလေး
သော်လည်း သူမတို့အတွက် အလုပ်ပြန်လုပ်ပေးရန် ပြောကြား
သည်။

သို့သော် ထမင်းချက်အဘိုးကြီးက သူ့မှာ ယခုအခါ စား
ဆက်ဆိုင်တစ်ခု၌ အလုပ်လုပ်နေပြီဖြစ်သဖြင့် အခြား အလုပ်
မား တစ်ဦးကို ရှာပေးမည်ဟု ပြောသည်။

ထိုအခါ ချိုလန်းက ရိုးရိုးသားသား အလုပ်သမားတစ်ဦးကို
ပေးပါရန် အဘိုးကြီးကို ပြောနေသည်။ ထိုအချိန်တွင် တော်စွေ့
ည် ဧည်သည်တစ်ဦးနှင့် အရေးတကြီး ဝင်လာခဲ့ပေသည်။

တော်စွေ့၏မျက်နှာက မသာမယာ ဖြစ်နေသည်။

"လာ ... တော်စွေ့ အတော်ပဲ၊ ရှင့်ကို အပူကပ်ရဦ
ကျွန်မတို့မှာ ထမင်းချက်မရှိလို့"

ချိုလန်းက ရယ်ရယ်မောမောနှင့် ဆီးကြိုပြောနေ
လည်း တော်စွေ့သည် စိတ်ထိခိုက်နေဟန်ဖြင့် အသာအယာ
ကာပြရင်း ...

"ခင်ဗျားတို့အတွက် ကျွန်တော် စိတ်မကောင်းပါ
ဒီမှာ ဧည့်သည်ပါလာတယ်၊ ချန်အန်းက လာတာ"

တော်စွေ့က မြင်းနှင့်လူကိုပြရင်း ပြောလိုက်သည်။ ချိ
ကော ရှုလန်းပါ နားမလည်သလို မြင်းနှင့်လူကို ကြည့်လိုက်

"ဩော် ... ချန်အန်းက ဘာကိစ္စရှိလို့ပါလဲရှင်"

"သူဌေးကြီးမုယုံရဲ့ တူမတွေဆိုတာ အစ်မကြီးတို့ပဲ
ရှုလန်းတို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"အစ်မကြီးတို့ရဲ့ ဦးလေးမုယုံ ချန်အန်းမှာ အသတ်
အကြောင်းကြားခိုင်းလိုက်ပါတယ်"

"အို"

"ရှင်"

ညီအစ်မနှစ်ဦးစလုံး ကြူကြူပါအောင် ငိုယိုပြီး အခန်းထဲသို့
ပြေးဝင်သွားသည်။ တော်စွေ့သည် သူမတို့အတွက် စိတ်မကောင်း
ရာဖြင့် အိမ်ရှေ့ခန်း၌ပင် ငြိမ်သက်စွာ ထိုင်နေသည်။

ထမင်းချက်အဘိုးအိုသည် ထိုသတင်းကြားရကာ စိတ်မ
ကောင်းဖြစ်ပြီး နှုတ်ပင်မဆက်တော့ဘဲ ပြန်သွားတော့သည်။ တော်
စွေ့က သူမတို့နှစ်ဦးထံသို့ လိုက်သွားပြီး အားပေးစကားများ ပြော
သည်။ ချိုလန်းတို့ညီအစ်မသည် ငိုယိုရင်းမှ ပစ္စည်းများ သိမ်းဆည်း
ကာ အထုပ်အပိုး ပြင်ဆင်နေကြသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲဗျာ"

တော်စွေ့က အားပေးစကားပြောသည်။ ရှုလန်းက ခေါင်း
ဆမ်း၍ ...

"ကျေးဇူးတင်ပါတယ်ရှင်၊ ဘာအကူအညီမှ မလိုပါဘူး၊
ကျွန်မတို့ ခုပဲ ချန်အန်းကို လိုက်သွားမှာပါ"

ထိုအခါ ချိုလန်းက ...

"အိမ်ကိုတော့ တစေ့တစောင်း စောင့်ရှောက်ပေးပါနော်"

"စိတ်ချပါဗျာ ... စိတ်ချပါ"

မကြာမီမှာပင် ရှူလန်းတို့နှစ်ဦးသည် အထုပ်အပိုးများ မြင်းလှည်းပေါ် တင်၍ ခရီးထွက်သွားတော့သည်။ ထိုအထုပ်အပိုးထဲတွင် မုယဲ့ဝိုင်ဆိုင်ခဲ့သော ကျောက်သံပတ္တမြားများ၊ ရွှေငွေပစ္စည်းများ အမြောက်အမြား ပါရှိသွားသည်ကို မည်သူတစ်ဦးတစ်ယောက်မှ ရိပ်စားမိကြမည်လည်း မဟုတ်ပါ။

မြင်းလှည်းသည် ချင်တူးမြို့နှင့် တစ်စတစ်စ ဝေးကွာသွား တော့သည်။ အမှန်တော့ ဤနေ့ ဤအချိန်တွင် ဤကဲ့သို့ ဖြစ်လာ အောင် တမင် ဖန်တီးလိုက်သည်ကို တော်စွေ့နှင့် ထမင်းချက်အဘိုး ကြီးတို့သည် လုံးဝသိရှာလိမ့်မည် မဟုတ်ပါပေ။

ရှူလန်းတို့ မြင်းလှည်းသည် လမ်းမကြီးပေါ် ၌ ပြေးလွှား သည်။ သူတို့၏ ရှေ့တွင် မုယဲ့သေသည်ဟု လာရောက်အကြောင်း ကြားသော လူငယ်က သွားနေ၏။

လူငယ်သည် ဝါကောက်ကျေးရွာထိပ်သို့ ရောက်သောအခါ သူ၏မြင်းကို ရပ်တန့်လိုက်သည်။ ချိုလန်းတို့၏ မြင်းလှည်းကို စောင့် နေ၏။

ချိုလန်းတို့မြင်းလှည်း ဝါကောက်ကျေးရွာရှေ့သို့ ရောက် လာသောအခါ ချိုလန်းက မြင်းလှည်းပေါ်မှ ဆင်းလာသည်။ လူငယ် အား ငွေထုပ်တစ်ထုပ်ကို ပေးလိုက်သည်။

"မင်း ငါတို့ခိုင်းလိုက်တဲ့အတိုင်း တစ်စာစ်သဝေမတိမ်း ကျေ လုပ်ကိုင်ပေးတာ ကျေးဇူးတင်ပါတယ်"

ဝါကောက်ကျေးရွာမှ လူငယ်မှာ ဆင်းရဲသည်၊ ရိုးသား သည်။ ချိုလန်းတို့ကိုလည်း ခင်မင်သည့်အတွက် အကူအညီပေးလိုက် ခြင်း ဖြစ်သည်။

လူငယ်သည် ပထမတွင် ဘာကိစ္စ ဤကဲ့သို့ ပြုလုပ်ခိုင်းပါ သနည်းဟု တွေးတောနေသေးသော်လည်း ချိုလန်းက ငွေကြေးပေး ကမ်းသောအခါ ထိုအတွေးများသည် လူငယ်၏ဦးနှောက်ထဲမှ ထွက် ပြေးသွားတော့သည်။

လူငယ်သည် ငွေကိုယူ၍ ရွာထဲသို့ ဝမ်းသာအားရ ပြေးဝင် သွားတော့သည်။ ချိုလန်းနှင့်ရှူလန်းတို့သည် မိမိတို့ တစ်နှစ်တာမျှ ဆည်ခိုခဲ့သော ဝါကောက်ကျေးရွာနှင့် သမားတော်ကြီးကျင်း၏ အိမ်ကို လှမ်းမျှော်ကြည့်လိုက်ကြသေးသည်။

သူတို့ ရွာထဲသို့ မဝင်တော့ပါ။ လမ်းမကြီးအတိုင်း ခရီးဆက် သွားကြသည်။

✱

ချိုလန်းတို့သည် မြင်းလှည်းက ဖုန်တထောင်းထောင်း အောင် ပြေးလွှားနေသည်။ မြင်းလှည်းမောင်းသည့်နေရာတွင် တစ်နှစ်ယောက်စလုံး ယှဉ်၍ ထိုင်နေကြသည်။

သူတို့သည် ပထမတွင် ထွေရာသောင်းပြောင်း ပြောနေကြ

သော်လည်း နောက်ပိုင်း၌ သူတို့၏ အဓိကရည်ရွယ်ချက် စကား
ပြောခဲ့ကြသည်။

သူတို့၏အဓိက ရည်ရွယ်ချက်မှာ သူမတို့ထံတွင် ယခု
ငွေကြေးပြည့်စုံနေပြီ ဖြစ်သည်။ ထိုအခါ သူတို့သည် သင့်လျော်
မြို့တစ်မြို့တွင် အခြေချနေထိုင်၍ ပထမဆုံး ရွှေလန်း၏မောင်
ဖြစ်သူ ထင်းကျောင်းကို ရှာဖွေမည်။

ထို့နောက် ထိပ်တန်းသိုင်းကျမ်းကို မရှုရအောင် ရှာ
မည်။ ထိုကျမ်းကို ရရှိခဲ့လျှင် သူမတို့နှစ်ဦးစလုံး အမြန်ဆုံး သင်ယူ
လူစိတ်ကင်းဝေးနေသော ကျားသစ်ဂေဟာကို ဖြိုခွဲမည်ဟု တိုင်
ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။

ထို့နောက် ရွှေလန်းက ချိုလန်း၏အတိတ်ဘဝအကြော
များကို မေးသည်။ ထိုအခါ ချိုလန်းက ရယ်မောလျက် ...

"သိရမှာပေါ့ အစ်မရယ် ... တစ်နေ့ အစ်မ မသိချင်လည်
ပြောပြမှာပဲ၊ အခုိန်က စောပါသေးတယ်"

"ဘာလဲ ... နင့်အဖြစ်က ငါနဲ့များ ဆိုးဦးမလား"

ချိုလန်းက သက်ပြင်းချလိုက်လေသည်။

"အင်း ... လူတစ်ကိုယ်မှာ ကိုယ့်အကြောင်းနဲ့ကိုယ်
တာပဲလေ၊ တကယ်တော့ ကျွန်မတို့ဟာ ငွေပုံပေါ်မှာ ထိုင်လာ
တဲ့သူတွေပါ။ အဲဒီငွေတွေကို မက်မောတဲ့သူတွေက ကျွန်မတို့ရဲ့
တစ်ခုလုံးကို ဖျက်စီးခဲ့တယ်လေ၊ ဒါကြောင့်မို့ ကရားတာ၊ မထ

ဘာ အပထား၊ သူတို့လိုပဲ ကျွန်မက ပြန်ကျင့်သုံးနေတာဆိုရင် မမှား
ပါဘူး"

ရွှေလန်းက တွေတွေကလေး နားထောင်နေသည်။ ပြီးမှ...

"ဟုတ်တယ်၊ လူတွေဟာ ရက်စက်တဲ့နေရာမှာ ကမ်းကုန်
နေတာပဲ၊ ငြိမ်ခံနေတော့လည်း ဘဝဆုံးရတယ်၊ ပြန်ပြီး အံတုတော့
သည်း ကိုယ်က လူဆိုးပြန်ဖြစ်ရတယ်၊ ဘယ်ဟာမှ မကောင်းဘူး"

ချိုလန်းက အံကြိတ်လိုက်၍ ...

"ကောင်းတယ်၊ ရက်စက်တဲ့ လူသားတွေကို ပြန်ပြီး ရက်
စက်ရတာ ဘာမှမဆန်းဘူး"

ရွှေလန်းသည် သူမအကြောင်း ပြန်တွေးမိပြန်သည်။

"ဟုတ်တယ် မဆန်းဘူး၊ သင်းတို့အားလုံး ပြန်ရက်စက်ရ
တယ်"

✱

မြင်းလှည်းက တဖြည်းဖြည်း နေးလာသည်။ ချိုလန်းက
"အစ်မရေ... ဒီတစ်ခါ ရွာတစ်ရွာရောက်ရင် မြင်းကို အနား
ယူစေး အစာကျွေးရအောင် ပင်ပန်းနေပြီ"

ရွှေလန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါလည်း အဲဒါပြောမလို့ဘဲ"

ထိုအခိုက် သူတို့နောက်မှ မြင်းလှည်းတစ်စင်း လိုက်လာသည်ကို တွေ့လိုက်ရသည်။ ရွှေလန်းတို့က လှည့်ကြည့်သည်။ မြင်းလှည်းမှာ အမိုးအကာမပါသော ပစ္စည်းတင်သည့် မြင်းလှည်း ဖြစ်ပေသည်။

မြင်းလှည်းကို အသက်လေးဆယ်နီးပါး လူခပ်ထွားထွား တစ်ဦး မောင်းနှင်လာသည်။ ထိုမြင်းလှည်းသည် ပေါ့ပါးစွာ ပြေးလွှားရင်းမှ သူမတို့၏ မြင်းလှည်းကို ကျော်တက်လိုက်သည်။ ရွှေလန်းတို့က ယှဉ်လာသော မြင်းလှည်းကို အကဲခတ်ကြည့်လိုက်သည်။

မြင်းလှည်းပေါ်တွင် မည်သည့်ပစ္စည်းမှ မပါပါ။ ကောက်ရိုးများ ခင်းကျင်းထားသည်။ တစ်စုံတစ်ရာ သွားရောက်ရောင်းချ၍ ပြန်လာသော မြင်းလှည်းဖြစ်မည်ဟု အတတ်သိလိုက်သည်။

မြင်းလှည်းပေးမှ လူထွားကြီးက ရွှေလန်းတို့နှစ်ဦးကို ပြုံးပြလိုက်သည်။ ပါးစပ်မှလည်း ...

"အား ဝူး ဝါး"

ဟု ရယ်မောနှုတ်ဆက်သွားလေသည်။ ထို့နောက် ထိုသူ၏ မြင်းလှည်းက ကျော်တက်သွားတော့သည်။ ချိုလန်းက မြင်းလှည်းသမား ဝူးဝူးဝါးဝါး လုပ်သွားသည်ကို နားမလည်သဖြင့် မျက်မှောင်ကြုတ်သွားကာ ...

"ဒီလူက အနေတယ်နဲ့ တူတယ်"

ဟု မှတ်ချက်ချလိုက်သည်။ ရွှေလန်းသည် စဉ်းစားနေ၏။

"နေဦး ... ဒီလူကို ငါ မြင်ဖူးသလိုပဲ"

"ဟုတ်လား ... ဘယ်နားမှာ မြင်ဖူးသလဲ"

"အဲဒါ စဉ်းစားနေတာ"

ရွှေလန်းအတန်ကြာအောင် စဉ်းစားနေပြီးမှ သူ့ပေါင်ကို သက်ဝါးဖြင့် ပုတ်လိုက်သည်။

"သတိရပြီ၊ ဒီလူက ဘဲဥနဲ့ ဘဲအရှင် ရောင်းတဲ့ကုန်သည်ပဲ"

ချိုလန်းက မျက်မှောင်ကြုတ်၍ ကြည့်ရင်း ...

"အစ်မ ဘယ်မှာတွေ့ဖူးလို့လဲ"

"ငါ့ကို ဖုန်းဝှာအချုပ်ခန်းထဲမှာ လှောင်ထားတုန်းက သူက ဘဲတွေ၊ဘဲဥတွေ လာပို့ရတယ်၊ နောက်တော့ အဲဒီမြင်းလှည်းနဲ့ပဲ ဆူ ပြန်သွားတာကို တွေ့ရတယ်"

ချိုလန်းက စဉ်းစဉ်းစားစားဖြင့် ...

"အပြင်က ကုန်သည်မှ ဟုတ်ရဲ့လား အစ်မရယ်၊ ကျားသစ်ဟောက အဝယ်တော်များလားမှ မသိဘဲ၊ ကျွန်မတို့ နည်းနည်း သတိထားရမယ်"

ရွှေလန်း ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး ... ကျားသစ်ဟောက အဝယ်တော်ဆိုရင် သူ့ကို ဟိုမှာ အမြဲမြင်ရမှာပေါ့၊ သူ အဲဒီလှည်းနဲ့ပဲ ဘဲဥတွေ လာပို့ပြီး ပြန်သွားတာ တွေ့ရတာပဲ"

"ဩော် ... ဒါဆိုရင်တော့ ဘဲဥကုန်သည်ပဲ ဖြစ်မှာပါ၊ အ,

နေတယ်နဲ့ တူတယ်"

"အင်း ... ဟုတ်မှာပေါ့"



ဘဲဥကုန်သည်၏ လှည်းက ခပ်ဝေးဝေးသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ချိုလန်းတို့၏မြင်းမှာ ခရီးဝေးဝေး ပြေးနေရသဖြင့် အတော်ကလေး မောပန်းနေပုံရသောကြောင့် ခပ်မှန်မှန်ပင် မောင်းနှင်နေ၏။

ထိုအခိုက် သူမတို့၏ မျက်နှာချင်းဆိုင်မှ မြင်းအုပ်တစ်အုပ် ပြေးလာသည်ကို တွေ့ရသည်။ အနားရောက်သောအခါ မြင်းလေးကောင်၊ လူလေးယောက် ဖြစ်သည်။

ရှုလန်းသည် ထိုလူလေးယောက်ကို မြင်ရသည်နှင့် ဒေါသအလိုလို ထွက်လာမိတော့သည်။

"ဟေ့ သတိထား၊ ဒီကောင်တွေက ကျားသစ်ဂေဟာက"

ရှုလန်းက ချိုလန်းအားသတိပေးလိုက်၏။ လူလေးယောက်သည် အစိမ်းရောင်ဝတ်စုံကို ဆင်တူဝတ်ဆင်ထားကြပေသည်။ သူတို့လေးဦးသည် ဖုန်းဝှာက ကျမ်းစာအုပ်နောက်သို့ လိုက်ခိုင်းထားသော သူများ ဖြစ်ပေသည်။

ထိုလူလေးယောက်သည် ရှုလန်းတို့၏ အနီးသို့ ကပ်လာ

သေသေချာချာ အကဲခတ် ကြည့်ရှုနေ၏။ သူတို့လေးဦးသည် ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြသည်။ မည်သည့် ပျာယ်နှင့် ...

"ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ"

တစ်ယောက်က မေးလိုက်သည်။

"ကျွန်မတို့က ချန်အန်းကိုသွားမယ့် ခရီးသည်တွေပါ"

"ဘယ်က လာတာလဲ"

ရှုလန်းက ...

"ဝါကောက်ကျေးရွာက"

ထိုလူလေးယောက်အနက် တစ်ယောက်က မြင်းလှည်းပေါ် နေ်တက်လိုက်လေသည်။ ရှုလန်းက ရုတ်တရက် လှည့်ကြည့်လိုက် ည်။

"ရှင် ... ဘာလုပ်ဖို့ မြင်းလှည်းပေါ် တက်တာလဲ"

"ရှာဖွေစရာရှိလို့ပါ"

ရှုလန်းက မျက်မှောင်ကြုတ်၍ ...

"နေပါဦး ... ရှင်တို့က ဘာသတင်းရလို့ ရှာဖွေမှာလဲ"

ထိုအခါ မြင်းပေါ်မှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ...

"ဒီမှာမိန်းကလေး ... တို့က ကျားသစ်ဂေဟာက လူတွေ ကာ နင်တို့သိအောင် ပြောထားမယ်"

ရှုလန်းက မျက်နှာမဲ့လိုက်သည်။

"ရှင်တို့ ကျားသစ်ဂေဟာက လူတွေပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ မသိဘူး၊ ကျွန်မတို့ကို ဘာပစ္စည်းရှာဖွေတယ်ဆိုတာပဲ ပြောပါ"

ရွှေလန်းက ဘုဆတ်ဆတ် ပြန်ပြောသည်။ ချိုလန်းသည် မသိမသာ ဓားကို အဆင်သင့် ပြုလုပ်ထား၏။

"ငါတို့လိုချင်တာ ရှာတာပေါ့"

မြင်းလှည်းထဲ ဝင်သွားသူသည် အထုပ်များကို မွှေနှောက် နေပေသည်။ ရွှေလန်းသည် ရင်တထိတ်ထိတ် ဖြစ်နေသည်။ အဖိုးတန် ရတနာများနှင့် ငွေများကိုတွေ့လျှင် ထိုသူများသည် သူမတို့အပေါ် မသက်ဘဲ ကျားသစ်ဂေဟာသို့ ခေါ်သွားနိုင်သည် မဟုတ်ပါလား။

ရှာဖွေသော သူသည် ရှေးဦးစွာ အဝတ်အစားထုပ်ကို ရှာ ဖွေနေသည်။ ခေါင်းဆောင်ဖြစ်သူက ရွှေလန်းအား ...

"ခင်ဗျားတို့ သိုင်းကျမ်းစာအုပ်ဆိုတာ ကြားဖူးသလား"

ချိုလန်းက ဝင်၍ ခေါင်းခါလိုက်သည်။

"ဘာသိုင်းကျမ်းလဲ၊ ကျွန်မတို့ တစ်ခါမှ မကြားဖူးဘူး"

ခေါင်းဆောင်ဖြစ်သူသည် ချိုလန်းအား မျက်မှောင်ကြုတ်၍ ကြည့်နေပေသည်။

"နင်တို့ကြည့်ရတာ သိုင်းပညာတတ်ကျွမ်းမယ့်သူတွေပဲ၊ ထိပ်တန်းသိုင်းပညာစုဆိုတဲ့ ကျမ်းစာအုပ်အကြောင်း မသိဘူးဆိုတာ မဖြစ်နိုင်ဘူး"

သည်း ခုခံရတာပါ"

"ခင်ဗျားတို့ကကော အဲဒီကျမ်းစာအုပ်ကို တကယ်မသိတာ ဘား"

ရွှေလန်းကို ချိုလန်းက အသာလက်ကုပ်လိုက်၍ ...

"ကျွန်မတို့ အဲဒါ ဘာမှ မသိပါဘူးရှင်"

မျက်နှာဖုံးနှင့်လူက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ အဲဒီလိုမသိတာက အသက်ရှည်တယ်"

"ရှင်"

ချိုလန်းက နားမလည်သလို ပြန်ပြောလိုက်သည်။

"အခုတလော အဲဒီသိုင်းကျမ်းစာအုပ်ဟာ သိပ်ပြီး ဂယက် ရိုက်နေတယ်၊ အဲဒါတော့ ခင်ဗျားတို့ ကြပ်ကြပ်သတိထား"

"ဒီလောက်တောင်ပဲလားရှင်"

"ခင်ဗျားတို့ ဘယ်ကလာတာလဲ"

"ဝါကောက်ကျေးရွာက"

"ဝါကောက်ကျေးရွာဆိုရင် ချင်တူးမြို့နဲ့ နီးတာပဲ၊ ချင်တူးမြို့မှာ ဟိုတလောက သိုင်းသမားတွေ ခြေကျင်းလိမ်သွားတာ မသိဘူး ဘား"

ချိုလန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကြားတော့ ကြားမိသလိုပဲ

"အဲဒါက သိုင်းကျမ်းစာအုပ် သိရှိသွားတဲ့ လူတစ်ယောက်

ပေါ်လာလို့ပဲ။ အဲဒီလူနောက်ကို သိုင်းသမားတွေ ဝိုင်းလိုက်နေကြတာ”

ထိုစကားကြောင့် ရွှေလန်း စိတ်ဝင်စားသွားပြီး ...

“ဟုတ်လား ... အဲဒီလူ ဘယ်သူလဲဟင်”

မျက်နှာဖုံးနှင့်လူသည် ရွှေလန်းကို ဆတ်ခနဲ ကြည့်လိုက်လေသည်။

“ဘာလဲ ခင်ဗျားက စိတ်ဝင်စားသွားပြန်ပြီလား၊ အဲဒီလူ ဘယ်သူလဲဆိုတော့ လုံထိပုဆိုတဲ့ကောင်ပဲ”

“အဲဒီလူဆီမှာ ရှိတာလား”

“ကျုပ်ပြောတာ နားထောင်ဦး ... အဲဒီလူက သိုင်းကျမ်းစာအုပ်ရှိတဲ့နေရာကို သိတာ၊ သိုင်းသမားတွေက သူ့နောက်ကို လိုက်ကြတယ်၊ သတင်းကို ငွေပေးဝယ်တယ်၊ ဒါပေမဲ့ အဲဒီလူက ပြောမပြနိုင်ဘူး၊ ဘာလို့လဲဆိုတော့ လုံထိပုကို နောက်ကနေပြီး တစ်ဦး တစ်ယောက်က နှုတ်ပိတ်လိုက်လို့ပဲ”

ရွှေဝါမှာ အံ့သြစွာဖြင့် ငေးမော နားထောင်နေကြသည်။ မျက်နှာဖုံးနှင့်လူက ဆက်လက်ပြီးပြောသည်။

“အဲဒါ ခင်ဗျားတို့ သင်ခန်းစာရအောင် ပြောနေတာ ... အကောင်းဆုံးကတော့ ခင်ဗျားတို့ အဲဒီသိုင်းကျမ်းစာအုပ်ကို ရှာဖွေစုံစမ်းရင်လည်း အသက်တိုမှာပဲ၊ သိရှိလာရင်လည်း အသက်တိုမှာပဲ၊ မပတ်သက်တာ အကောင်းဆုံးပေါ့ဗျာ”

ထိုလူသည် ထိုစကားကို နောက်ဆုံးပြောပြီး ဘာမပြော ညာမပြော မြင်းပေါ်သို့ တက်ရောက်၍ အပြေးအလွှား ထွက်သွားခဲ့သည်။ ရွှေဝါတို့နှစ်ဦးစလုံး ကြောင်စီစီဖြင့် ကျန်ခဲ့လေသည်။

✷

“အဲဒီလူက လူတစ်မျိုးပဲ”

ချိုလန်းက မျက်နှာဖုံးနှင့်လူ ထွက်သွားသည်ကို ကြည့်၍ ပြောလိုက်သည်။

“အင်း ... တိုက်ဆိုင်တာပဲလို့ ပြောရမလားပဲ၊ ဒီလူ ငါ့အသက်ကိုကယ်တာ နှစ်ခါရှိသွားပြီ”

ရွှေလန်းက ပြောလိုက်ခြင်း ဖြစ်သည်။

“တိုက်ဆိုင်တာပဲ ဖြစ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူက အခုမကို မှတ်မိနေတာမှ မဟုတ်ဘဲ”

“အင်း ... တိုက်ဆိုင်တာမဟုတ်ဘဲ ငါ့ကို တကယ်ကူညီနေတာလို့ဆိုရင်တော့ ငါတို့အကြောင်းကိုလည်း သူသိထားမှာပဲ”

ချိုလန်းက စဉ်းစဉ်းစားစားဖြင့် ...

“မဖြစ်နိုင်ပါဘူး၊ ဒါပေမဲ့ အမှန်တော့ ပြောလို့မရဘူးပေါ့၊ ကျွန်မတို့ကို အမြဲတမ်း စောင့်ကြည့်နေတဲ့လူလည်း ဖြစ်နိုင်တာပဲ၊ အခုခစဉ်းစားလို့ရတာက သူဟာ ကျားသစ်ဂေဟာက လူတွေကို မုန်း

သွားပြီး မြင်းပေါ်သို့ ခွလျက်သားကျသွားသည်မှာ မြင်ရသူအဖို့ ဒေါ်ခေန်းစရာဖြစ်နေပေသည်။ ရွှေလန်းကိုယ်တိုင်လည်း အံ့သြသွားသည်။

"သည်ကလေး သိုင်းပညာများ တတ်နေသလား မသိဘူး"

ရွှေလန်းက ပြောလိုက်ခြင်း ဖြစ်သည်။ ချိုလန်းက ...

"ငယ်ငယ်ကတည်းက မြင်းနဲ့ပဲ ကျောင်းလာတာဆိုတော့ လည်း အလေ့အကျင့်က ရနေတယ်နဲ့တူတယ်"

ချိုလန်းက ပြောပြီး မြင်းလှည်းဆီသို့ ထသွားသည်။ ဇို့နောက် မြင်းလှည်းပေါ်မှ အညစ်အကြေးများကို ရေခတ်၍ ဆေးကြောသုတ်သင်နေပေသည်။

တဲကြီးအတွင်းမှ ရွှေအ ထွက်လာသည်။ မိန်းကလေး နှစ်ယောက်အနီး ပြုံး၍ ဝင်ထိုင်လိုက်သည်။

"အာ အ အား"

ရွှေအသည် ဘဲဥနှင့်ရေနွေးကြမ်းအိုးကို လက်ညှိုးထိုး၍ မေးလိုက်သည်။ ထပ်ယူဦးမလားဟူသည့်သဘောပင် ဖြစ်လေသည်။

"နေပါစေ ... အစ်ကိုကြီးကို ကျွန်မတို့ သိပ်ကျေးဇူးတင်ပါတယ်"

ချိုလန်းက ပြောလိုက်သည်။

"အာ အား အား"

ရွှေအက လက်ကာပြရင်း ပြောသည်။ ကိစ္စမရှိပါဘူး ဟူသည့် သဘောပင်။ ထို့နောက် ရွှေအသည် ကောင်းကင်သို့ လက်ညှိုး

ဒေါ်မယ်လို့"

"ဒါကလည်း သူက စေတနာနဲ့ သတိပေးသွားတာ ဖြစ်နိုင်ပါ"

ချိုလန်းသည် တစ်စုံတစ်ရာကို နက်နက်နဲနဲစဉ်းစားနေ၏။ သူသည် အတွေးအခေါ်သမားတစ်ယောက်ဆိုလျှင် မမှားပေ။

"ညည်းဘာတွေ စဉ်းစားနေတာလဲ"

ရွှေလန်းက မေးလိုက်သည်။

"အဲဒီလူအကြောင်းပါ"

"သူ့ကို ခေါင်းထဲ ထည့်မနေနဲ့၊ ကဲ ... မြင်းလှည်းပေါ်က အိုးတွေကို ဘယ်လိုလုပ်မလဲ"

ရွှေလန်းက မြင်းလှည်းထဲသို့ ငုံ့ကြည့်လိုက်ရင်း ပြောလိုက်သည်။

"တစ်နေရာမှာ ကျွန်မတို့ နားရင်း ဆေးကြောကြပေါ့"

* * *

ချိုလန်းက မြင်းလှည်းပေါ်မှဆင်း၍ ဘဲခြံဝိုင်ရှင်ကို ရှာဖွေ
ိုက်သည်။ အိမ်ကြီးထဲတွင် လူသံမကြားရပါ။ ခပ်လှမ်းလှမ်း၌ ဘဲသံ
ား ဆူညံနေသည်။ ထိုစဉ် လူငှားတစ်ယောက် ပြေးလာသည်။

လမ်းတွင်ဆုံတွေ့ခဲ့ရသော ဝူးဝူးဝါးဝါးနှင့် နှုတ်ဆက်သွားသူ
ဖြစ်လေသည်။ ထိုသူက မြင်းလှည်းနားသို့ လျှောက်လာသည်။

"အာ အား"

ထိုလူသည် ရွှလန်းနှင့် ချိုလန်းကိုကြည့်ကာ သူ၏ဘဲများကို
ယ်ယူမှာလားဟု လက်ညှိုးထိုး၍မေးလိုက်သည်။ ချိုလန်းက
လန်း ကို ပြု၍ ကြည့်ရင်း ...

"ကျွန်မတို့ မြင်းကို ရေတိုက် အစာကျွေးချင်လို့ပါ"

"အာ အား အား"

အနေသောလူက ပြုံးရွှင်စွာဖြင့် ခေါင်းညိတ်ပြရင်း လက်
ာန် ခြေဟန်ဖြင့် ပြောလိုက်သည်။ သူ၏ လက်ဟန်ခြေဟန်ထဲတွင်
များထည့်ထားသော စည်ပိုင်းများကိုလည်း ပြလိုက်သည်။ မြင်း
ာများကိုလည်း လက်ညှိုးထိုးပြ၏။

မြင်းကို ရေတိုက်ပါ။ အစာကျွေးပါဟူသည့် သဘောပင်။
ိုလန်းက တစ်ခြိုလုံး မျက်လုံးကစားကြည့်သည်။ အခြား အလုပ်လုပ်
းသော လူနှစ်ယောက် သုံးယောက်ခန့် ရှိနေသော်လည်း ထိုလူများ
ာ ထွက်မလာဘဲ အလုပ်ကိုသာ မဲလုပ်နေကြသည်။

ထို့ကြောင့် ဤ အနေသော သူသာလျှင် ခြံရှင်ဖြစ်ရမည်ဟု

အခန်း (၉)
ရွှေအ

ထိုနေရာသည် ဘဲများ အကြီးအကျယ်မွေးထားသော ဘဲ
ခြံကြီး ဖြစ်သည်။ လူငယ်ကလေးတစ်ဦးက မြင်းစီး၍ ဘဲကျောင်းနေ
သည်။ ဘဲများက အနည်းဆုံး အကောင်နှစ်ထောင်ခန့် ရှိနေပေသည်။

မြင်းပေါ်မှ လူငယ်ကလေးသည် ဘဲများကို မြင်းနှင့်လှည့်
ပတ်ထိန်းကျောင်းနေ၏။ ခြံဝိုင်းကြီးက ကျယ်ပြန့် ကြီးမားလွန်းလှ
၏။ သို့မှလည်း ဤမျှများပြားသောဘဲများ လုံလောက်စွာ ထိန်း
ကျောင်းနိုင်မည် မဟုတ်ပါလား။

ကျယ်ဝန်းသော ခြံကြီးထဲတွင် ရေကန်များ ရှိနေ၏။ အချို့
သော ဘဲများက ရေကန်ထဲတွင် ကူးလိုက်ငုပ်လိုက် အတောင်တဖျပ်
ဖျပ်ရိုက်ခတ်လိုက်ဖြင့် သဘာဝအလျောက် ပျော်မြူးလျက်ရှိသည်။

ထိုဘဲခြံကြီးသည် ခရီးဝေးသွား လမ်းမကြီးနှင့်မဝေးပါ။
လမ်းမကြီးနံဘေးတွင် တည်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ရွှလန်းတို့
၏ မြင်းလှည်းသည် ဘဲခြံဆီသို့ မောင်းဝင်လာသည်။ သူတို့သည်
မြင်းကို ရေတိုက် အစာကျွေးရင်း ခေတ္တနားကြမည် ဖြစ်ပေသည်။

မျက်နှာဖုံးနှင့်လူသည် အလောင်းသုံးလောင်းကို တောထဲသို့ ဆွဲသွင်းသွား၏။ ချိုလန်းက ရှုလန်းကို ကြည့်လိုက်သည်။

"ကျွန်မတို့ ကံကောင်းတာပဲ၊ ဒါထက် အစ်မ ... အဲဒီလူဟာ အစ်မကို တစ်ခါက"

သူမ၏ စကားမဆုံးမီ ရှုလန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သူပဲ"

မျက်နှာဖုံးနှင့်လူ ပြန်ရောက်လာသည်။ သူသည် ကျဉ်းမြောင်းသော အပေါက်ကလေးနှစ်ပေါက်မှ နေ၍ ရှုလန်းနှင့် ချိုလန်းကို ကြည့်လိုက်သည်။

"ခင်ဗျားတို့က ဒီကောင်တွေနဲ့ ရင်ငြိုးရှိလို့လား"

ချိုလန်းက ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူးရှင်၊ ကျွန်မတို့ရဲ့ ပစ္စည်းတွေကို ဓားပြတိုက်တာနဲ့ တိုက်ခိုက်တာပါ"

"တကယ်တော့ ဒီကောင်တွေဟာ ဓားပြအစစ်တွေ မဟုတ်ဘူး၊ ကျားသစ်ဂေဟာက လွှတ်ထားတဲ့ကောင်တွေပဲ၊ သူတို့က သိုင်းစာအုပ်နောက် လိုက်နေကြတာ၊ အင်း ... ကြာတော့လည်း အသုံးအစွဲ ပြတ်ပြီး ကြံမိကြံရာ ကြံကြတာနဲ့တူတယ်"

ချိုလန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါလိမ့်မယ်ရှင်၊ သူတို့က အဲဒီအကြောင်းကို မေးတယ်၊ မေးလို့မရတော့ ကျွန်မတို့ပစ္စည်းတွေကို လုတာနဲ့ ကျွန်မတို့

ချိုလန်းနှင့်ရှုလန်းသည် မြင်းလှည်းမှ မြင်းကိုဖြုတ်လိုက်သည်။ ထိုလူငယ်ကလေးက ဝိုင်းဝန်းလုပ်ကိုင်ပေး၏။ ထို့နောက် သူကိုယ်တိုင်ပင် မြင်းကို ရေတိုက်အစာကျွေးလျက် ရှိနေ၏။

ချိုလန်းတို့သည် သစ်ပင်ရိပ်တွင် ထိုင်၍ အနားယူရင်း ရှုလန်းသည် လူငယ်ကလေးကိုသာ စူးစူးဝါးဝါး ကြည့်နေသည်။

"အစ်မ ဘာဖြစ်နေလဲ၊ မျက်နှာလည်း မကောင်းပါလား"

ရှုလန်းသည် လူငယ်လေးထံမှ မျက်လုံးကို ခွာလိုက်သည်။

"ဟိုကလေးကို မြင်ရတာ စိတ်ထဲက တစ်မျိုးဖြစ်သွားလို့ပါ၊ ဒုံမောင်လေးလည်း ဒီအရွယ်ရှိရော့ပေါ့"

ချိုလန်းက လူငယ်ကလေးကို လှမ်းကြည့်လိုက်သည်။

"အစ်မကလည်း စိတ်မကောင်းစရာတွေ ရှာကြံတွေးနေတာကိုး၊ ဘာလဲ အစ်မမောင်လေးနဲ့ တူလို့လား"

"တူတယ်ဆိုတာက စိတ်ထဲကထင်နေတာ ဖြစ်ပါလိမ့်မယ်၊ ဒုံမောင်လေးရဲ့ မျက်နှာပေါက်က ဒီပုံစံမျိုး မဟုတ်ဘူး၊ ဒါပေမဲ့ သူက မမခေါ်ပြီး စကားပြောလိုက်တော့ စိတ်လည်း တစ်မျိုး ဖြစ်သွားတယ်"

ချိုလန်းက ရယ်မောလိုက်သည်။

"ဖြစ်မှဖြစ်ရလေ အစ်မရယ် ... သူက အစ်မအရွယ်မို့ အစ်မခေါ်တာပဲ၊ ကျွန်မ သူ့ဇာစ်မြစ်ကို ခေါ်မေးပေးရမှာလား"

"အို ... မမေးပါနဲ့ ... ဖြစ်နိုင်စရာလည်း မရှိပါဘူး"

ရှုလန်းက ကန့်ကွက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ... မေးလိုက်တာက မလွန်ပါဘူး၊ သိ
တာပေါ့"

ပြောပြောဆိုဆို ချိုလန်းက လူငယ်ကလေးကို လှမ်းကြည်
လိုက်သည်။ လူငယ်ကလေးက အိမ်ထဲဝင်ရောက်သွားသည်။ မကြာ
မီ လူငယ်ကလေး ပြန်ထွက်လာသည်။ သူ၏လက်ထဲတွင် ရေနွေးအို
စားစရာများ ထည့်ယူလာသည်။

"ရော့ ... မမတို့ကို ဦးလေးက ပို့ခိုင်းလိုက်တယ်၊ ရေနွေ
ကြမ်းနဲ့ ဘဲဥပေါင်းထားတာ"

"အေး ... ကျေးဇူးတင်လိုက်တာကွယ်၊ ငါ့မောင်ရဲ့ဦးလေ
က သဘောကောင်းတယ်နော်"

လူငယ်သည် ချိုလန်း၏အနီးတွင် ထိုင်လိုက်သည်။ ရှုလန်
က လူငယ်ကလေးကိုသာ စူးစူးစိုက်စိုက်ကြည့်၍ သက်ပြင်းချလိုက်
မိသည်။

"ဟုတ်တယ် ... ကျွန်တော့်ဦးလေးက သိပ်သဘောကောင်
တယ်"

"ငါ့မောင်နာမည် ဘယ်လိုခေါ်သလဲ"

"ဝမ်းကျောင်း"

"ဘယ်လို ဘယ်လို ... ဝမ်းကျောင်း ... ဟုတ်လား"

ရှုလန်းက ရုတ်တရက် အလောတကြီး မေးလိုက်သည်။

ချိုလန်းက ...

"ဘာလဲ ... နာမည်ချင်း တူလို့လား"

"နည်းနည်းဆင်လို့ပါ၊ ဒါနဲ့ ငါ့မောင်ရဲ့နာမည်အရင်းက ဝမ်း
ကျောင်းပဲပေါ့ ဟုတ်လား"

ရှုလန်းက မေးလိုက်သည်။ လူငယ်က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ မမရဲ့"

"မင်းမှာ မိဘတွေ ရှိသလား"

"ကျွန်တော့်မှာ အဖေကော အမေကော ရှိနေပါတယ်"

"သြော်"

ရှုလန်း မျှော်လင့်ချက်က ကုန်ဆုံးသွားပြီ ဖြစ်လေသည်။

"မမတို့ စားကြဦးနော်၊ မြင်းကိုလည်း ရေတိုက် အစာကျွေး
ထားပြီးပါပြီ၊ ကျွန်တော် ဘဲတွေ သွားကျောင်းလိုက်ဦးမယ်"

ဝမ်းကျောင်းသည် ပြောပြောဆိုဆို အနားမှ ထသွားသည်။
ဝမ်းကျောင်းက မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

"ဟင် ... တော်လိုက်တဲ့ ကလေး"

ချိုလန်း၏ နှုတ်မှ ရေရွှတ်လိုက်သည်။ အဘယ့်ကြောင့်ဆို
သော် ဝမ်းကျောင်းမြင်းပေါ်သို့ ခုန်တက်လိုက်သည်မှာ ပေါ့ပါးလွန်း
ပြီး စနစ်ကျလှပေသည်။

ဝမ်းကျောင်း မြင်းပေါ်သို့ ခုန်တက်လိုက်သည်မှာ တစ်စုံ
တစ်ယောက်က အသာအယာ မချိတင်လိုက်သကဲ့သို့ မြောက်တက်

ချိုလန်းက ယူဆလိုက်သည်။ ထိုစဉ် ဘဲကျောင်းနေသော လူငယ်ကလေးသည် မြင်းနှင့် ဒုန်းစိုင်းပြေးလာသည်။

လူငယ်လေးသည် အသက်အားဖြင့် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့် ရှိဦးမည်ဟု ခန့်မှန်းရသည်။ လူငယ်ကလေးသည် မြင်းပေါ်မှခုန်ဆင်းကာ အနေသောသူကို တစ်ချက်မော့ကြည့်၍ ချိုလန်းနှင့် ရွှေလန်းတို့ လှည့်ကြည့်လိုက်သည်။

"ကျွန်တော့်ဦးလေးက စကားမပြောတတ်ဘူးဗျ၊ အစ်မကြီးတို့ ဘာကိစ္စရှိလို့ပါလဲ၊ ဘဲလိုချင်လည်း ရပါတယ်၊ ဘဲဥလိုချင်လည်း ရပါတယ်"

လူငယ်က သွက်လက်ချက်ချာလှသည်။ ချိုလန်းက ပြုံးလိုက်လေသည်။

"မမတို့က ဘဲမဝယ်ပါဘူးကွယ်၊ မြင်းကို ရေတိုက် အစာကျွေးရင်းနဲ့ ခဏလောက် ဝင်နားတာပါ"

လူငယ်သည် အနေသော သူဦးလေးကို မော့ကြည့်လိုက်ပြီး

"အာ အား ဂူး အာ အား"

ကိုရွှေအသည် သူတို့ကို ပြုံးကာရယ်ကာဖြင့် ပါးစပ်မှ ပြောရင်း အိမ်ထဲ ဝင်သွားသည်။ လူငယ်ကလေးက ...

"ဦးလေးက ရေတိုက်ပါစေ၊ အစာကျွေးပါစေလို့ ပြောသွားတယ်"

"အေးကွယ် ... ကျေးဇူးတင်ပါတယ်"

ထိုးပြ၍ ...

"အာ အာ အား အား ဂူး"

ချိုလန်းက ရွှေလန်းကို ကြည့်လိုက်သည်။ ရွှေလန်းသည် ခေါင်းယမ်းပြလိုက်သည်။

"ရှင် ဘာပြောတာလဲ"

ချိုလန်းက ဆက်မေးသည်။ ထိုအခါ ရွှေအသည် တုတ်ကလေးတစ်ချောင်းဖြင့် မြေကြီးကို ခြစ်ပြလိုက်လေသည်။ ထိုအခါ လှပသော စာလုံးလေးလုံး ထွက်ပေါ်လာတော့သည်။

"မိုးချုပ်ပြီ ခရီးဆက်မလို့လား ဒီမှာတည်းပါလား"

ဟူသည့် စာလုံးများပင် ဖြစ်တော့သည်။

✻

ချိုလန်း အံ့သြသွားတော့သည်။

"ဩော် ... သူက စာပေတော့ တတ်ကျွမ်းသားပဲ"

ရွှေအက ခေါင်းညိတ်လိုက်သည်။

"အား"

"ရှင့်နာမည် မသိရဘူးလား"

ရွှေအ စာရေးပြလိုက်သည်။

"ဝမ်တူး"

"ဩော် ... ရှင်တို့က ဝမ်းအမျိုးအနွယ်ကိုး"

ရွှေအ ခေါင်းညိတ်ပြသည်။

"အား"

"ရှင် ဒီဘဲတွေနဲ့ ဘဲဥတွေကို ဘယ်မှာသွားပို့ရသလဲ"

ရွှေအက စိတ်ရှည်လက်ရှည် စာလုံးများ ရေးပြလိုက်သည်။ (ကျားသစ်ဂေဟာ ငါးရက်တစ်ခါ၊ ဘဲ အကောင်တစ်ရာ၊ ဘဲဥ ငါးရာ)

ရွှလန်းက ...

"သူတို့က ရှင့်ကို ငွေမှန်မှန်ပေးရဲ့လား"

ရွှေအ ခေါင်းညိတ်ပြသည်။

"အား"

ချိုလန်းသည် ရွှေအကို မကြာခဏ လှမ်းလှမ်းကြည့်သည်။ ရွှေအ၏ မျက်လုံးအစုံကလည်း ချိုလန်းအား စူးစိုက်၍ ကြည့်တတ်လေသည်။

"ရှင့်မှာ အိမ်ထောင်မရှိဘူးလား"

ချိုလန်းက မေးလိုက်သည်။ ရွှလန်းက မျက်စောင်းထိုးလိုက်သည်။ စပ်စပ်စုစုလုပ်သည်ကို မနှစ်သက်သည့်သဘောပင်။

ဝမ်တူးက ခေါင်းခါလိုက်ရင်း လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"အာဝူး"

"ဒါဖြင့် ဒီကရေတဲ့ငွေတွေ ဘာလုပ်ဖို့လဲ"

ဝမ်တူးက တုတ်နှင့်ရေးခြစ်လိုက်ပြန်၏။ ချိုလန်းက စာလုံးများကို ကြည့်၍ ...

"ဩော် ... ရှင်က မိဘတွေကို လုပ်ကျွေးနေတာကိုး၊ ရှင့် မိဘတွေက ဘယ်မှာနေလို့လဲ"

ဝမ်တူးက ခပ်လှမ်းလှမ်းမှ တောင်တန်းကို လက်ညှိုးထိုးပြလိုက်သည်။

"ဩော် ... တောင်ပေါ်မှာ နေကြတာလား"

ဝမ်တူး ခေါင်းညိတ်ပြ၍ စာရေးလိုက်သည်။ ချိုလန်းက ဖတ်ကြည့်သည်။

"တောင်ပေါ်မှာ ရွာတစ်ရွာ ရှိတယ် ... အဲဒီမှာနေတယ်"

ရွှလန်းသည် ကောင်းကင်သို့ မော့ကြည့်သည်။ နေလုံးကား ပျောက်ကွယ်သွားတော့မည် ဖြစ်ပေသည်။

"ကျွန်မတို့ ဒီည ဒီမှာတည်းခိုရင် ရပါတယ်နော်"

ဝမ်တူးက ခေါင်းညိတ်ပြလိုက်သည်။

"အား အား"

✱

ဝမ်တူးသည် အလွန်တရာသဘောကောင်းသော လူတစ်ဦး ဖြစ်သည်ကို သူမတို့ နှစ်ယောက် သိရှိလိုက်ရသည်။ ထိုည၌

လိုလေသေးမရှိအောင် ညစာကို ကျွေးမွေးသည်။ နေရာထိုင်ခင်း ပြင်ဆင်ပေးသည်။ ဝမ်းကျောင်းကလည်း ခင်မင်ရင်းနှီးစွာဖြင့် အကူ အညီပေးလေသည်။

ထိုညအဖို့ သူမတို့နှစ်ဦးသည် အလွန်အမင်း စိတ်ချမ်းသာ ရတော့သည်။ လက ထိန်ထိန်သာနေသည်။ တဲရှေ့ကွပ်ပျစ်တွင် သူမတို့နှစ်ဦးနှင့် ဝမ်းကျောင်းက စကားလက်ဆုံကျနေကြသည်။ ချိုလန်းက ဝမ်တူးပြောသွားသော စကားများ ဟုတ်မဟုတ် ဝမ်း ကျောင်းကို တစ်ဆင့်ပြန်မေးသည်။

"မင်းရဲ့ဦးလေး ဝမ်တူးမှာ မိဘတွေ ရှိတယ်ဆို"

"ဟုတ်ပါတယ်၊ ဟောဟိုက ဆီးဖြူတောင်မှာနေတယ်"

"ဩော် ... မင်းရဲ့မိဘတွေလည်း အဲဒီမှာ ရှိတာပေါ့ — ဟုတ်လား"

ဝမ်းကျောင်းက ခေါင်းညိတ်၏။

"ဟုတ်ကဲ့ ရှိပါတယ်"

"မင်းမှာကော မောင်နှမတွေ ရှိသလား"

"သုံးယောက် ... ကျွန်တော့်ထက် အငယ်တွေချည်းပဲ"

ဝမ်းကျောင်းသည် စကားပြော ယဉ်ကျေးလိမ္မာ၍ ချစ်စရာ ကောင်းသော လူငယ်တစ်ယောက် ဖြစ်ပေသည်။ ချိုလန်းက ဆက်၍

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်လေးနှစ်"

"မင်းက ဆယ့်လေးနှစ်သာဆိုတယ်၊ လူပျိုကြီးတောင် ဖြစ်နေပြီပဲ"

ထိုစကားကို ရွှလန်းက ဝင်ပြောသည်။ ဝမ်းကျောင်းက ရယ်မောနေ၏။

"ဟုတ်တယ် ... ဦးလေးကလည်း ကျွန်တော့်ကို ဒီလိုပဲ ပြောတယ်"

ချိုလန်းက ...

"မင်း သိုင်းပညာသင်ဖူးသလား"

ဝမ်းကျောင်းသည် ခပ်ဆိုင်းဆိုင်းဖြင့် ခေါင်းယမ်းလိုက်၏။

"ဟင့်အင်း ... မသင်ဖူးပါဘူးဗျာ၊ ကျွန်တော်က ငယ်ငယ်က ဘာညာက ဘဲကျောင်းနေရတာ"

"မင်းက မြင်းပေါ်တက်တာ ဆင်းတာ သိပ်ပေါ့ပါး လျင်မြန်တာပဲ"

"အဲဒီအချက်လည်း ကျွန်တော့်ဦးလေးက အရမ်းချီးကျူးတာပဲ"

"မင်းရဲ့ဦးလေးကရော သိုင်းပညာမတတ်ဘူးလား"

"ဟင့်အင်း ... မတတ်ပါဘူး"

ချိုလန်းက မျက်မှောင်ကြုတ်လိုက်သည်။

"အကယ်၍ သူခိုးဓားပြတွေလာရင် ဘယ်လိုလုပ်မလဲ"

ဝမ်းကျောင်းက ရယ်မောလိုက်လေသည်။

"ပူစရာမလိုပါဘူး"

"ဘာဖြစ်လို့လဲ"

"ဦးလေးငှားထားတဲ့ အလုပ်သမား သုံးယောက်စလုံးဟာ သိုင်းသမားတွေချည်းပဲ"

"ဩော် ... ဒီလိုလား"

ထိုစဉ် မြေသံတစ်ခုကို ဆွဲဆွဲငင်ငင် ကြားရလေသည်။

✻

မြေသံသည် ခပ်လှမ်းလှမ်းဆီမှ မှုတ်နေခြင်းဖြစ်သည်။ ချိုလန်းက ဝမ်းကျောင်းကို ကြည့်လိုက်သည်။

"အဲဒီမြွေက ဘယ်သူမှုတ်နေတာလဲ"

"ဦးလေး ဝမ်တူး"

မြေသံသည် ဆွဲဆွဲငင်ငင်နှင့် လွမ်းဆွေးဖွယ်ရာ ကောင်းလှ၏။ မှုတ်နေသောသီချင်း၏အဓိပ္ပာယ်ကို ချိုလန်း ကောင်းစွာ သိရှိထားလေသည်။ ထိုသီချင်းသည် တရုတ်လူမျိုးများ သိရှိထားကြသည့် အလွမ်းကဗျာသီချင်းတစ်ပုဒ်ပင် ဖြစ်သည်။

အဆွေးဓာတ်ခံရှိသူများသည် ထိုသီချင်းကို ဆို၍သော်လည်းကောင်း၊ တီးမှုတ်သည့်အသံကိုသော် လည်းကောင်း ကြားမိပါက မျက်ရည်မဆည်နိုင် ဖြစ်ကြရသည်။ အဓိပ္ပာယ်မှာ ...

"လသာရင် မင်းကိုလွမ်းတယ်၊ လမင်းနဲ့အတူ လာခဲ့ပါလားကွယ်၊ လရောင်အောက်မှာ မင်းနဲ့ တွေ့ခဲ့တယ်၊ လရောင်ပျောက်သွားတော့ မင်းလည်းပျောက်တယ်၊ အခု လသာတယ်၊ မင်းက ပျောက်နေဆဲ၊ လမင်းရယ် ခေါ်ပေးပါကွယ်"

ဟူသော အဓိပ္ပာယ်ကိုဆောင်သည့် ရှေးသီချင်းတစ်ပုဒ်ပင် ဖြစ်လေသည်။ ချိုလန်းက အနည်းငယ်ပြုံး၍ ...

"မင်းရဲ့ဦးလေးဟာ အဆွေးဓာတ်ခံများ ရှိနေသလား"

ဝမ်းကျောင်းက ရယ်မောလိုက်သည်။

"အဲဒါတော့ ကျွန်တော်လည်း မသိပါဘူးဗျာ၊ အဲ အခုလိုသာတဲ့ညတွေမှာဆိုရင် သူဟာ အဲဒီသီချင်းကို အမြဲမှုတ်တတ်တယ်"

"ဩော် ... ဒီလိုလား၊ ဒါဖြင့် ဧကန္တ မင်းဦးလေးမှာ ချစ်သူရှိနေရမယ်၊ ဒါပေမဲ့ ချစ်သူက ရှောင်ပုန်းသွားလို့ ဆွေးနေတာကောဖြစ်နိုင်ဘူးလား"

ဝမ်းကျောင်းသည် စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်လေသည်။

"အင်း ... ဟုတ်မလား မသိဘူး၊ တစ်ခါတလေ ဦးလေးနှင့်နေတာပဲ၊ တစ်ခါတလေ အဝတ်အစားအသစ်တွေ ဝတ်ပြီး လေးငါး ဆယ်ရက် ထွက်သွားတတ်တယ်၊ မမတို့ ပြောသလို ချစ်သူကို သွေးကြွတာနဲ့ တူတယ်"

ဝမ်းကျောင်းစကားဆုံးသည်နှင့် သုံးယောက်စလုံး အသံထွက်အောင် ရယ်မောလိုက်လေသည်။ မြွေသံက ဆက်လက် ထွက်ပေါ်နေဆဲ ဖြစ်သည်။

နောက်ဆုံးအပိုဒ်မို့ ပို၍ပင် ဆွဲဆွဲငင်ငင် ဖြစ်နေပေသည်။ မြွေသံရှင်သည် ထိုအပိုဒ်ကို အနှစ်ခြွိုက်ဆုံး ဖြစ်ဟန်တူ၏။ နှစ်ကျော့သုံးကျော့ပင် ပြန်၍ ကျော့နေပေတော့သည်။

✳

နောက်ဆုံး ချိုလန်းသည် ဝမ်းကျောင်းအား ငွေစများကို ထုတ်ပေးလိုက်သည်။

"မမတို့ကို အခုလို တည်းခိုခွင့်ပြုပြီး အစစအရာရာ ကူညီတဲ့အတွက် မင်းတို့ကို ကျေးဇူးတင်လို့ မဆုံးပါဘူးကွယ်"

ဝမ်းကျောင်းက ချိုလန်းထုတ်ပေးသော ငွေများကို ကြည့်၍

"ဒါက ဘာလုပ်တာလဲ မမ"

"မင်းကို မုန့်ဖိုးပေးတာပါကွယ်"

ဝမ်းကျောင်း ခေါင်းခါယမ်းလိုက်လေသည်။

"မယူပါရစေနဲ့ဗျာ၊ ဦးလေးကလည်း ဒါမျိုးကိုနှလုံးဝမကြိုက်ဘူး"

"မင်းဦးလေးကို မပြောနဲ့၊ အဲဒါ မင်းသုံးဖို့ ယူထားလိုက်"

ဝမ်းကျောင်းသည် ပြုံးရယ်ရင်းမှ ငွေများကို ချိုလန်း၏ ကောက်ထဲသို့ ပြန်ထည့်လိုက်လေသည်။

"ဦးလေးမသိတဲ့အလုပ်တစ်ခုကို ကျွန်တော် ဘယ်တော့မှ လုပ်ဘူး၊ မမတို့ကို ကျေးဇူးတင်ပါတယ်၊ အဲဒါတော့ ပြန်ယူသွားပါ"

ချိုလန်းသည် သက်ပြင်းချလိုက်၏။ လိမ္မာလွန်းသော ဝမ်းကျောင်းကိုလည်း လေးစားသွားမိတော့သည်။ ထိုအခိုက် မြွေသံသည်း ပြီးဆုံးသွားသည်။ ညကလည်း နက်ရှိုင်းလာပြီမို့ အသီးသီး အိပ်ရာဝင်လိုက်ကြသည်။

✳

နောက်တစ်နေ့ ချိုလန်းတို့က ခရီးဆက်ခါနီး ဝမ်တူးကို သွားဆက်သည်။ ဝမ်တူးက ခေါင်းညိတ်ပြသည်။ သူ၏မျက်နှာမှာ အမြဲတမ်းလိုလို ပြုံးနေပေသည်။ ချိုလန်းက စိတ်စမ်းသည့် သဘောဖြင့် ...

"ကျွန်မတို့ စားသောက်တာ ဘယ်လောက်များ ပေးရမလဲဟင်"

ဟု မေးလိုက်လေသည်။ ဝမ်တူး၏ ပြုံးနေသောမျက်နှာသည် ချက်ချင်း ညှိုးကျသွားသည်။ သူသည် လက်နှစ်ဖက်စလုံးကို ကာ၍ ...

အခန်း (၁၀)
မျက်နှာဖုံးရှင် ဘယ်သူလဲ

ချိုလန်းတို့ တစ်နေ့လုံး ခရီးဆက်ခဲ့ကြသည်။ သူတို့သည် နောက်တစ်နေ့ဆိုလျှင် ပေ့ရန်းမြို့သို့ ရောက်ရှိတော့မည် ဖြစ်ပေသည်။ သို့သော် ယနေ့သည် တစ်နေရာရာတွင် တည်းခိုအနားယူဦးမှ ဖြစ်ပေမည်။

ထို့ကြောင့် သူတို့သည် မြို့တစ်မြို့သို့ အမြန်ဆုံးရောက်ရှိရန် ကြိုးကို အသောနှင်နေကြသည်။ နေလုံးပျောက်ကွယ်လုဆဲဆဲအချိန်တွင် သူတို့၏ မြင်းလှည်းသည် ပေလူးမြို့ထဲသို့ ရောက်ရှိသွားတော့သည်။

ချိုလန်းသည် မြင်းလှည်းကို မြို့ထဲသို့ အရောက်မောင်းနှင်၍ တည်းခိုခန်းတစ်ခု၏ ရှေ့တွင် ရပ်တန့်လိုက်သည်။ သူမသည် တည်းခိုခန်း၏အမည်ကို နှစ်ခြိုက်၍ ရပ်တန့်လိုက်သည်လည်း ဖြစ်နိုင်ပေသည်။ တည်းခိုခန်း၏အမည်မှာ ...'ဂန္ဓမာ' ဟူ၍ လှပစွာ ရေးခြယ်ထားသောကြောင့် ဖြစ်သည်။



"အာ အာဝူး"

ဟု ပါးစပ်မှ ပြောရင်း တုတ်တစ်ချောင်းကို ကောက်ကိုင်ကာ စာရေးပြလိုက်လေသည်။ ချိုလန်းနှင့် ရွှလန်းတို့သည် ပြိုင်တူပင် စာကို ဖတ်ကြည့်လိုက်လေသည်။

"ငွေကြေးမလိုချင်ပါဘူး၊ မိတ်ဆွေပဲ ဖြစ်ချင်ပါတယ်"

ဟူ၍ ရေးသားထားလေသည်။

"ဟုတ်ကဲ့ ... လေးစားပါတယ်၊ ကျေးဇူးလည်းတင်ပါတယ် မိတ်ဆွေလိုလည်း အသိအမှတ်ပြုပါတယ်ရှင်"

ချိုလန်းက ပြောလိုက်သောအခါ ဝမ်တူး၏မျက်နှာမှာ အလိုလို ပြန်၍ ပြုံးရွှင်သွားတော့သည်။ ချိုလန်းနှင့် ရွှလန်းတို့သည် ခပ်လှမ်းလှမ်း၌ ဘဲကျောင်းနေသော ဝမ်းကျောင်းအား လက်မြှောက်ပြ၍ နှုတ်ဆက်လိုက်သည်။ ဝမ်းကျောင်းကလည်း ပြန်၍ လက်မြှောက်ပြလိုက်၏။



ချိုလန်းက တည်းခိုခန်း၌ တည်းခိုရန် သဘောမတူ။ ရွှလန်းကို လှမ်းကြည့်လိုက်သည်။ ရွှလန်းက ခေါင်းကို အသာအယာညိတ်၍

"ကောင်းသားပဲ ... ဒီမှာပဲ တည်းကြတာပေါ့"

ဟု ပြောလိုက်၏။ မဆိုးပါ။ သူမတို့ ရွေးချယ်သော ဂန္ဓမာတည်းခိုခန်းသည် အလွန်ပင် ဧည့်ဝတ်ကျေပွန်လှ၏။ အလုပ်သမားများသည် သူတို့၏ မြင်းနှင့် မြင်းလှည်းများကို စနစ်တကျ သိမ်းဆည်းပေးသည်။

အထုပ်အပိုးများကိုလည်း သူမတည်းခိုမည့် အခန်းထဲသို့ သယ်ပို့ပေးကြ၏။ တည်းခိုသည့်သူများ များများစားစား မရှိပါ။ နှစ်ဦးစ သုံးဦးစကိုသာ မြင်ရသဖြင့် သူမတို့အဖို့လည်း စိတ်အေးချမ်းသာ ရှိသွားပေသည်။

✵

စားသောက်ခန်းမထဲ၌ လူများများ မရှိပါ။ သူမတို့နှစ်ဦးလည်း ညစာကို မြို့ရှက်စွာ စားသောက်နေသည်။ သူတို့နှစ်ဦးသည် စားသောက်ရင်းမှ ရွှေအကြီးဝမ်တူး၏ အကြောင်းကို ချိုလန်းက ပြောနေသည်။

ရွှလန်းက ယခုအချိန်ထိ ယောကျ်ားတစ်ဦးကို ချီးမွမ်းသည့်

စကားမျိုး တစ်ခါမှ မပြောဖူးပါ။

"အစ်မက ယောကျ်ားတွေမှန်သမျှကို အကုန်မုန်းနေတာလား"

ရွှလန်းက မျက်စောင်းထိုးကြည့်၍ ...

"ညည်းက ဘာလို့ ဒီလိုပြောနိုင်တာလဲ"

ချိုလန်းက ပြုံးလိုက်လေသည်။

"ဘာမှဖြစ်လို့ မဟုတ်ပါဘူး ... အစ်မဆီက တစ်ခါမှ ယောကျ်ားတစ်ဦးကို ကျေးဇူးတင်တဲ့စကားမျိုး မပြောဖူးလို့"

"ညည်းက ကြားချင်လို့လား"

"ဩော် ... ကျေးဇူးတင်သင့်တဲ့လူကို တင်ရမယ်မဟုတ်လား"

ရွှလန်းသည် စားသောက်ခြင်းကို လက်စသတ်လိုက်သည်။ သူမသည် တူနှစ်ချောင်းကို ပန်းကန်လုံးပေါ် တင်လိုက်၏။

"ငါတင်သင့်တဲ့လူကိုတော့ တင်မှာပဲ၊ ပါးစပ်ကတော့ ဟန်သုံးပြီး ပြောနေစရာ မလိုဘူး"

"ဒါဖြင့် ဝမ်းထဲမှာတော့ ကျေးဇူးတင်မိနေတဲ့လူ ရှိမှာပေါ့ ဟုတ်လား"

"နင်ဟာလေ ပါးစပ်အားမနေဘူး၊ သူများတကာကိုပဲ ပံ့စုနေချင်တာပဲ"

ရွှလန်းက ပြန်၍ အပြစ်တင်လိုက်လေသည်။ သူတို့နှစ်ဦး

ထိုကဲ့သို့ ပြောလိုက်သူကို ချိုလန်းက ကြည့်လိုက်သည်။ သူမ၏ မျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။ ကိုယ်ကျပ်အင်္ကျီ အစိမ်းရောင် ဝတ်ဆင်ထားသူမှာ လမ်းတွင်တိုက်ခိုက်ခဲ့သော လေဦးအနက် လွတ်မြောက်သွားသော လူတစ်ဦး ဖြစ်နေပေသည်။

အနီရောင်ဝတ်စုံနှင့် ခါးတွင် ခါးပတ်အဝတ် အဝါရောင် းသည်းထားသော သူသည် ချိုလန်းအား ခပ်စိန်းစိန်းကြည့်ကာ ရှေ့သို့ ာစ်လှမ်းခြင်း တိုးလာလေသည်။

ထိုသူကို ချိုလန်းက ကောင်းကောင်းကြီး သိလေသည်။ ားသစ်ဂေဟာမှ ကုမ္ပကျိပင် ဖြစ်တော့သည်။

✻

ရှလန်းသည် သူမ၏ တည်းခိုခန်းထဲသို့ ပြေးဝင်ကာ အရေး ကြီးသော အထုပ်အပိုးများကို လုံခြုံအောင် ဝှက်လိုက်လေသည်။ ဦးသည်နှင့် သူမက တံခါးဝမှနေ၍ အပြင်သို့ ချောင်းကြည့်လိုက် သောအခါ ကျားသစ်ဂေဟာမှ ကုမ္ပကျိ ဖြစ်နေသည်ကို တွေ့လိုက်ရ သဖြင့် ဒေါသထောင်းခနဲ ထွက်သွားပေသည်။

ထို့ကြောင့် သူမသည် အခန်းထဲမှ ထွက်ပြေးလိုက်၏။ ဦးစဉ် သူမ၏ လက်မောင်းကို တစ်စုံတစ်ယောက်က လှမ်းဆွဲထား ိုက်လေသည်။

ထမင်းစားပြီးသည့်အချိန်မှာ အတော်ကလေး ညည့်နက်နေပြီ ဖြစ် ပေသည်။

ဆိုင်တွင် လူများရှင်းလင်းစ ပြုနေပြီဖြစ်၏။ ဆိုင်ရှင်သည် တံခါးများကို ဝိတ်မည့်ဆဲဆဲ အချိန်မှာပင် မြင်းခွာသံများ ပြင်းထန် စွာ ကြားလိုက်ရပြီး ဆိုင်ရှေ့တွင် ရုတ်တရက် ရပ်တန့်လိုက်လေ သည်။

✻

ဆိုင်ရှင်က မြင်းပေါ်မှ လူများကို အကဲခတ်ကြည့်ရှုနေ သည်။ ထိုစဉ်မှာပင် မြင်းပေါ်ကလူများသည် ဆိုင်ထဲသို့ လှမ်းဝင် လာလေတော့သည်။

"အစ်မ ... အထဲခပ်မြန်မြန်ဝင်၊ ပစ္စည်းတွေ သွားသိမ်း"

ချိုလန်းက ရှလန်းကို ကပျာကယာ အလောတကြီး ပြော လိုက်လေတော့သည်။ ရှလန်း လှစ်ခနဲ အခန်းထဲသို့ ပြေးဝင်သွား သည်။

လူငါးဦး ဆိုင်ထဲသို့ ပြေးဝင်လာသည်။ လူငါးဦးအနက် အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူက ချိုလန်းအား လက်ညှိုးထိုးပြလိုက်လေသည်။

"သူတို့ပဲ၊ နောက်တစ်ယောက် ကျန်သေးတယ်"

ရွှေလန်းက မော့ကြည့်လိုက်ရာ အဘိုးအိုတစ်ဦး ဖြစ်နေသည်။ အဘိုးအိုသည် သူမတို့ကဲ့သို့ပင် အခန်းတစ်ခန်း၌ လာရောက်တည်းခိုနေသူ ဖြစ်ပေသည်။

အဘိုးအိုကို ကြည့်ရသည်မှာ ထိပ်တန်းသိုင်းသမား တစ်ယောက် ဖြစ်မှန်း ရွှေလန်းက သိရှိလိုက်သည်။

"နင်မလိုက်သွားနဲ့၊ အခြေအနေကို စောင့်ကြည့်ဦး၊ ဒီလူတစ်ယောက် ဒုက္ခရောက်ရင် တစ်ယောက်က ကူညီနိုင်မှာပေါ့"

ရွှေလန်းသည် အဘိုးအို၏ စကားကို စဉ်းစား၍ ခေါင်းညိတ်လိုက်သည်။

✳

"ဘယ်မှာလဲ ... နင့်အဖော်တစ်ယောက်"

ကုမုကျိသည် ချိုလန်းအား စေ့စေ့ကြည့်၍ မေးလိုက်သည်။

"ရှင်တို့ ဘယ်သူကို မေးတာလဲ"

ချိုလန်းက အူကြောင်ကြောင်လုပ်၍ ပြန်မေးလိုက်သည်။

"နင်က ဘာမသိချင်ယောင် ဆောင်နေတာလဲ၊ လမ်းလတ်မှာ နင်တို့က ငါ့လူတွေကို တိုက်ခိုက်သတ်ပစ်လိုက်တယ် မဟုတ်လား"

ချိုလန်းက ယခုမှ သတိရသွားသကဲ့သို့ ကိုယ်ကျပ်အင်္

အစိမ်းရောင်နှင့်လူကို ကြည့်လိုက်ပြီး ...

"သူတို့က ဓားပြတို့က်တော့ ကျွန်မတို့က ခုခံရတာပေါ့"

ကုမုကျိ၏မျက်နှာမှာ ချက်ချင်း နီးမြန်းသွားလေသည်။

"နင်က ကျားသစ်ဂေဟာကို စော်ကားတာလား၊ ဘယ်မှာလဲ နောက်တစ်ယောက်၊ ဟေ့ ... လိုက်ရှာစမ်း"

ကုမုကျိသည် ချိုလန်းအား ပြောရင်းမှ သူလူများကို အမိန့်ပေးလိုက်လေသည်။ လူသုံယောက်သည် တည်းခိုသော အခန်းများဆီသို့ ပြေးဝင်သွားတော့သည်။

ချိုလန်း၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားတော့၏။ ထို့ကြောင့် သူမသည် ဘာမပြောညာမပြောနှင့် ကုမုကျိအား စတင်၍ တိုက်ခိုက်လေတော့သည်။

✳

ဂန္ဓမာစားသောက်ဆိုင်ထဲတွင် ရုတ်ခြည်းဆိုသလို တိုက်ခိုက်မှုများ ဖြစ်ပွားသွားတော့သည်။ ကုမုကျိသည် ချိုလန်းအား သူ၏ ဓားဖြင့် ရက်ရက်စက်စက်ပင် ထိုးခုတ်လေသည်။ ထိုအခိုက် လူသုံးယောက် ပြန်ပြေးထွက်လာသည်။

"ဘယ်သူမှ မတွေ့တော့ဘူး ဆရာကုမုကျိ"

ကုမုကျိက ချိုလန်းအား တိုက်ခိုက်ရင်းမှ မဲ့ပြုံးပြုံးလိုက်

လေသည်။

"သူတို့ ငါ့လက်က မလွတ်ပါဘူးကွာ"

ချိုလန်းမှာ ရှုလန်းကို ရှာမတွေ့တော့ဟု ဆိုသဖြင့် စိတ်အေးသွားပေသည်။ သူမသည် ကုမုကျိအား အသေအလဲ ပြန်လည်ခုခံသည်။ ထိုအခိုက် ...

"ဟေ့ ... မင်းတို့ ရပ်လိုက်ပါ"

ထိုအသံနှင့်အတူ အခန်းထဲမှ အဘိုးအိုက ထွက်လာပေသည်။ ကုမုကျိသည် အဘိုးအိုအား လှမ်းကြည့်လိုက်လေသည်။ ထို့နောက် ကုမုကျိသည် တိုက်ခိုက်မှုကို ချက်ချင်းရပ်တန့်လိုက်လေသည်။



အဘိုးအိုကား အခြားမဟုတ်ပေ။ သိုင်းကျမ်းစာအုပ်သတင်းကြား၍ ချင်တူးမြို့တွင် သွားရောက်စုံစမ်းသော နဂါးသိုင်းသမား တုဝေးပင် ဖြစ်လေသည်။

ကုမုကျိသည် နဂါးသိုင်းသမား တုဝေးကို ကလန်ကဆန်မလုပ်ရဲပါ။ အဘယ်ကြောင့်ဆိုသော နဂါးသိုင်းသမားတုဝေးသည် သိုင်းလောက၌ ထိပ်တန်းအဆင့်တွင်ရှိနေသာ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပေသည်။

သူ၏အရှင်သခင် ဖုန်းဝှာသည်ပင်လျှင် တုဝေးကို ယှဉ်ပြိုင်သည့်တိုင်အောင် အရှိန်အဝါကို လေးစား ရှိသေနေရသူဖြစ်သည်။

တုဝေးသည် သိုင်းပညာကို လိုက်စားသည်မှာ အတော်အတန် ကြာပြီဖြစ်သည့်ပြင် အလွန်အဆင့်မြင့်သော သိုင်းများကို လည်း ဆည်းပူးလေ့ကျင့်နေသူ ဖြစ်သောကြောင့် သိုင်းလောကသားအားလုံးက ရှိသေလေးစားနေသူ ဖြစ်သဖြင့် ကုမုကျိကလည်း တုဝေး၏ စကားကို မလွန်ဆန်ဘဲ တိုက်ခိုက်မှုကို ရပ်တန့်လိုက်သည်။

သို့သော် ကုမုကျိက တုဝေးအား ...

"ဒီမိန်းကလေးက ကျွန်တော့်လူ လေးယောက်အနက် သုံးယောက်ကို သတ်ပစ်လိုက်တယ်"

တုဝေးသည် မျက်ခုံးနှစ်ဖက် အပေါ်သို့မြင့်တက်၍ ချိုလန်းအား တအံ့တသြ ကြည့်လိုက်လေသည်။

"ဟုတ်သလား မိန်းကလေး"

"ဒီလိုပါ ဘဘ"

ချိုလန်းက အကျိအစိမ်းနှင့်လူကို လက်ညှိုးထိုးပြလိုက်၏။

"သူတို့လေးယောက်က ပစ္စည်းရှာမယ်ဆိုပြီး ကျွန်မတို့ရဲ့ ငွေတွေကို နှိုက်ပါတယ်၊ ကျွန်မကလည်း ဓားပြတွေဆိုပြီး တိုက်ခိုက်တာပါ၊ ဒါပေမဲ့ သူတို့ကို ကျွန်မတို့ မနိုင်ပါဘူး၊ မျက်နှာဖုံးနဲ့ လူတစ်ယောက်က ဝင်ပြီး သတ်သွားတာပါ"

ကုမုကျိက ရှေ့သို့ တစ်လှမ်းတိုးလာ၏။

"အဲဒီမျက်နှာဖုံးနဲ့လူက ဘယ်သူလဲ"

"အဲဒါတော့ ကျွန်မတို့လည်း မသိဘူး"

ကုမုကျိုက ခေါင်းယမ်းလိုက်သည်။

"မသိဘူးဆိုတာ မဖြစ်နိုင်ဘူး၊ နင်တို့ကို ကူညီတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာတော့ သိရမှာပေါ့"

ချိုလန်းက ပခုံးနှစ်ဖက်ကို မသိမသာ တွန့်လိုက်လေသည်

"ရှင်တို့ မယုံတာတော့ မတတ်နိုင်ဘူး၊ အဲဒီလူက ကူညီပြီ တာနဲ့ ထွက်သွားတာပဲ"

ကုမုကျိသည် မျက်မှောင်ကြုတ်၍ နားထောင်နေသည် သူ၏စိတ်ထဲတွင် လုံးဝ ကျေနပ်ဟန် မရှိပါ။ သူ့အနေနှင့် ချိုလန်း အား ဆက်လက်၍ အကြမ်းဖက်နေလျှင် နဂါးသိုင်းသမားတုဝေ သည် မလွဲမသွေ ပါလာတော့မည်ကို ကြိုတင်စဉ်းစားမိလေသည်

"နင်နဲ့အတူပါလာတဲ့မိန်းကလေးက ဘယ်သူလဲ"

ကုမုကျိုက နောက်တစ်ယောက်ကိုမတွေ့သဖြင့် မကျေနပ် နိုင်ဘဲ ဆက်၍ မေးနေသည်။

"ကျွန်မ အစ်မပါ၊ သူက နေမကောင်းလို့ သမားတော် တစ် ယောက်ဆီမှာ ဆေးသွားကုနေပါတယ်"

ကုမုကျိသည် ဘာမှ ပြန်မပြောတော့သော်လည်း သူ၏ မျက်နှာမှာ လုံးဝ ကျေနပ်ဟန် မပြပေ။

"နင်တို့က ဘယ်ကလဲ"

"ကျွန်မတို့က ချန်အန်းက ဒီကိုအလည်လာတာ"

ချိုလန်းက ပြီးစလွယ်ပင် ဖြေလိုက်လေသည်။ ကုမုကျိ သည် နဂါးသိုင်းသမား တုဝေးအား နှုတ်ဆက်၍ သူ့လူများကိုခေါ် ကာ ပြန်ထွက်သွားလေသည်။



ချိုလန်းက သူမ၏ အခန်းထဲသို့ ပြန်ရောက်လာသောအခါ အခန်းတစ်ခန်းလုံး ရှင်းနေသည်။ မကြာမီ တုဝေးနှင့် ရှုလန်း ရောက် လာ၏။ ချိုလန်းက တုဝေးကို နေရာထိုင်ခင်းများ ပြင်ဆင်ပေးသည်။

"ဘဘကို ကျေးဇူးတင်ပါတယ်"

ချိုလန်းက ပြောလိုက်သည်။ ရှုလန်းက ...

"ငါထွက်တော့မယ့်ဆဲဆဲ ဟောဒီဘဘက တားထားတယ်၊ နောက်ပြီး အဲဒီကောင်တွေ လာရှာမယ်ဆိုတာသိလို့ ဘဘက သူ့ အခန်းထဲမှာ ဝှက်ထားလိုက်လို့ပေါ့"

တုဝေးသည် မိန်းကလေးနှစ်ဦးကို ကြည့်လိုက်သည်။

"သမီးတို့က ဘယ်ကလဲ"

ချိုလန်းတို့သည် တုဝေးအား မည်သူမည်ဝါမှန်း ယခုထက် ထိ မသိသေးပါ။ သို့သော် ကုမုကျိလို လူစားမျိုးကပင် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံသွားသည်ကို တွေ့ရသဖြင့် နှယ်နှယ်ရရ

ပုဂ္ဂိုလ်တစ်ဦးတော့ မဖြစ်နိုင်ဟု ယူဆလိုက်လေသည်။

ထို့ကြောင့် သူမတို့သည် မည်ကဲ့သို့ ပြောရမှန်း ရုတ်တရက် မစဉ်းစားတတ်ပေ။ ရှုလန်းသည် ချိုလန်း၏ အဖြေကိုသာ စောင့်နေလိုက်၏။

ချိုလန်းက နေရာတကာ အတွေးအခေါ် ကောင်းသော လူတစ်ယောက် ဖြစ်သည်ကို ရှုလန်းက သိရှိထား၏။ ချိုလန်းကပင်...

"ကျွန်မတို့က ပေ့ရန်းမြို့ကပါ ဘဘ၊ ချင်တူးမြို့က ဦးလေးတစ်ယောက်ဆီ အလည်လာတာပါ"

နဂါးသိုင်းသမားကြီး တုဝေးသည် မိန်းကလေးတို့၏အဖြေစကားကို လုံးဝအမှုမထားချေ။ ဘယ်သူပဲဖြစ်ဖြစ် သူ့အနေနှင့် စပ်စပ်စုစု မေးမြန်းရန် မသင့်ဟု ယူဆထားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သမီးတို့က သူတို့လူတွေကို သတ်လိုက်တဲ့ ကိစ္စကဖြင့် ကျေနပ်မှာ မဟုတ်ဘူး"

တုဝေးက စဉ်းစဉ်းစားစားဖြင့် ပြောလိုက်လေသည်။

"ကျွန်မတို့ မသတ်တာ အမှန်ပါပဲ ဘဘ"

ချိုလန်းက ပြန်ပြောလိုက်သည်။

"သမီးတို့ကို ကူညီတယ်ဆိုတဲ့ မျက်နှာဖုံးနဲ့သိုင်းသမားကို သမီးတို့မသိတာ အမှန်ပဲလား"

"အမှန်ပါပဲ ဘဘရယ်"

ချိုလန်းသည် ထိုကဲ့သို့ ပြောပြီး အဘိုးအိုကို ကြည့်လိုက်

သည်။ မိမိတို့၏ ရှေ့မှ အဘိုးအိုသည် အသက်ကြီးပြီဟု ဆိုရသော်လည်း ကိုယ်လုံးကိုယ်ပေါက်က သန်မာတုတ်ခိုင်လှသည်ကို ကြည့်၍ စိတ်ထဲတွင် တစ်မျိုးဖြစ်သွားပေသည်။

ရှုလန်းကလည်း ထိုကဲ့သို့ပင် သံသယဝင်နေဟန်တူသည်။ ထို့ကြောင့် သူက ...

"ဘဘ"

ဟု ခေါ်လိုက်၏။ တုဝေးက ရှုလန်းကို ကြည့်လိုက်သည်။

"ဘာလဲ သမီး"

"ဘဘရဲ့နာမည်ကို သမီးတို့ မသိရဘူးလား"

အဘိုးအိုက ပြုံးလိုက်လေသည်။

"အေး ဟုတ်သားပဲ၊ ဘဘကိုမှ သမီးတို့ မသိသေးဘဲကိုး၊ ဘဘအမည်က တုဝေးပါ၊ သမီးတို့ ကြားဖူးမယ်လို့ ထင်ပါတယ်၊ နဂါးသိုင်းသမားဆိုတာလေ"

ထိုစကားကို ကြားလိုက်သည်နှင့် ရှုလန်းက ဗဟုသုတနည်း၍ ဘာမှ နားမလည်သော်လည်း ချိုလန်းမှာ တအံ့တသြ ဖြစ်သွားလေသည်။

"နဂါးကြီးတုဝေး၊ နဂါးကြီးတုဝေးဆိုတာ ဘဘကိုး"

"သမီးက သိလို့လား"

တုဝေးက ချိုလန်းကိုကြည့်၍ လှည့်မေးလိုက်သည်။

"သမီး ဘဘနာမည်ကို ကြားဖူးတာပေါ့၊ သမီးကို သိုင်း

ပညာသင်ပေးတဲ့ဆရာက ပြောဖူးတယ်”

တုဝေးက ချိုလန်းကို မျက်လုံးလှန်၍ ကြည့်လိုက်၏။

“သမီးဆရာက ဘယ်သူလဲ”

“သမီးဆရာက ရှောင်လင်ဘုန်းတော်ကြီး စန်စန်ပါ”

“အင်း ... နာမည်တော့ ကြားဖူးတယ်၊ ဘာဘ မမြင်ဖူးပါဘူး[illegible]စန်းပါ”

သူက ဘာဘအကြောင်း ဘာပြောခဲ့လို့လဲ”

ချိုလန်းက အနည်းငယ် စဉ်းစားလိုက်လေသည်။

“ဒီလိုပါ၊ နဂါးကြီးတုဝေးဟာ သိုင်းပညာ ထက်မြက်တဲ့[illegible]အကြောင်း၊ ဒါပေမဲ့ မည်သည့် တပည့်ကိုမှ မမွေးဘဲ နက်နဲတဲ့ သိုင်းပညာများကိုသာ ရှာဖွေလိုက်စားနေတဲ့အကြောင်း ပြောပြဖူး[illegible]တယ်”

တုဝေးသည် ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်အတန်ကြာမှ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်လေသည်။

“ဟုတ်တယ် သမီး၊ ဘဘဟာ သိုင်းပညာကို လိုက်စား[illegible]တာတော့ အမှန်ပဲ၊ တပည့်မမွေးတာက အကြောင်းရှိပါတယ်”

“ဘယ်လိုအကြောင်းကြောင့်လဲ ဘဘ”

တုဝေးက အနည်းငယ် ပြုံးလိုက်လေသည်။

“ဘယ်လိုအကြောင်းကြောင့်လဲဆိုတော့ စောစောက ကျွ[illegible]ကျိတို့လို၊ သူ့သခင်ဖုန်းဝှာတို့လို လူစားမျိုး ဖြစ်သွားရင် သင်ပေး[illegible]ဆရာဟာ ရင်ကျိုးရတာပဲ မဟုတ်လား”

ချိုလန်းတို့နှစ်ဦးစလုံးက ခေါင်းညိတ်လိုက်လေသည်။

“ဘဘပြောတာ မှန်ပါတယ်”

တုဝေးသည် ချိုလန်းကို မော့ကြည့်လိုက်ပြန်သည်။

“သမီးတို့ ဘဘအကြောင်းလဲ သိပြီပဲ၊ အမှန်အတိုင်း တစ်ခု[illegible]စန်းပါ”

ရွှေလန်းနှင့်ချိုလန်းသည် တစ်ယောက်မျက်နှာ တစ်ယောက်[illegible]လိုက်ကြလေသည်။ သူမတို့၏ စိတ်ထဲတွင် တုဝေးသည် မိမိတို့[illegible]ကို မေးတော့မည်ဟု ထင်မှတ်ထားကြသည်။

ဤကဲ့သို့ မေးမြန်းလျှင် မိမိတို့ မည်ကဲ့သို့ ဖြေရပါမည်နည်း[illegible]ထဲတွင် စဉ်းစားနေကြသည်။ ချိုလန်းက ...

“ဘဘ ဘာသိချင်လို့လဲ၊ သမီးတို့သိတာဆိုရင် ဖြေပါ့မယ်”

“သမီးတို့ကို ကူညီလိုက်တယ်ဆိုတဲ့ မျက်နှာဖုံးနဲ့လူကို မသိ[illegible]အမှန်ပဲလား”

ချိုလန်း၏စိတ်ထဲတွင် တော်ပါသေးရဲ့ဟု ထင်မိလိုက်[illegible]သူမက ခေါင်းခါ၍ ပြန်ဖြေသည်။

“ကျွန်မတို့ မလိမ်ပါဘူး ဘဘ၊ အဲဒီလူက ကျွန်မတို့ကို[illegible]သူဘယ်ဝါလို့ ပြောမသွားပါဘူး”

တုဝေးသည် တွေး၍ စဉ်းစားနေသည်။

“သမီးတို့ ပြောတာ ဘဘယုံပါပြီ၊ တခြားသူက သမီးတို့ကို[illegible]ားမှ ပြောမသွားဘူးလား”

"ပြောသွားတဲ့စကားတော့ ရှိပါတယ် ဘဘ"

ချိုလန်းက အလွယ်တကူပင် ပြောလိုက်သည်။

"ဘာပြောသွားတာလဲ"

"ကျွန်မတို့ကို နင်တို့ သိုင်းကျမ်းလိုက်စုံစမ်းနေတာလား နောက်ပြီး အဲဒီသိုင်းကျမ်းကို မစုံစမ်းနဲ့တဲ့၊ စုံစမ်းတဲ့လူဟာ အသ တိုမှာပဲတဲ့၊ သိထားတဲ့လူဟာလည်း အသက်တိုမယ်လို့ ပြောသွ တယ်"

တုဝေးသည် သူ့ရှေ့မှ စားပွဲကို လက်ဝါးဖြင့် ပုတ်လို လေသည်။

"ဟုတ်ပြီ ... အဲဒီလူပဲ ဖြစ်ရမယ်"

ချိုလန်းက ရုတ်တရက် လန့်သွားပြီး ...

"ဘာလဲ ဘဘ"

"ဘဘပြောပြမယ် ... ဘဘဟာ အဲဒီလူပြောတဲ့ ထိပ်တ သိုင်းပညာစုကျမ်းဆိုတာကို လိုက်ရှာနေတဲ့လူတစ်ယောက်ပဲ"

ရှုလန်းနှင့် ချိုလန်းသည် မသိမသာ မျက်လုံးချင်းဆိုင်သ သည်။ ချိုလန်းက ...

"ဟုတ်ကဲ့ ဘဘ ... ဆက်ပြောပါဦး"

"ဒါပေမဲ့ အဲဒီထိပ်တန်း သိုင်းပညာစုကျမ်းကို သိတဲ့လူ ယောက် ပေါ်လာတယ်၊ အဲဒီလူက ချင်တူးမြို့ကို ရောက်နေတ ဆိုလို့ ဘဘက လိုက်စုံစမ်းနေတဲ့အခါမှာ အဲဒီလူက ဖွင့်ပြော

ယ်ဆဲဆဲ နောက်ကနေပြီး တစ်စုံတစ်ယောက်က နှုတ်ပိတ်လိုက်လို့ အဒီလူသေသွားတယ်၊ ခုတော့ ခြေရာပြန်ပျောက်သွားပြန်ပြီ"

"ဩော်"

တုဝေးက ဆက်၍ ...

"နေဦး ဘဘပြောမယ်၊ အဲဒီနောက်က နှုတ်ပိတ်တဲ့လူကို ဘဘစဉ်းစားနေတာ လုံးဝစဉ်းစားလို့ မရဘူး၊ ခု သမီးတို့ စကားအရ ဆက်စပ်ကြည့်တော့ နှုတ်ပိတ်တဲ့သူဟာ အဲဒီမျက်နှာဖုံးနဲ့ လူပဲ ဖြစ် နေမလားလို့"

ချိုလန်းနှင့်ရှုလန်း စဉ်းစားနေပေသည်။ တုဝေးကပင် ဆက်၍ ...

"နောက် သမီးတို့ကို တိုက်ခိုက်တဲ့ကုမုကျိရဲ့ တပည့်တွေက ဘည်း အဲဒီစာအုပ်ကို လိုက်ရှာနေတဲ့ လူဆိုတော့ မျက်နှာဖုံးနဲ့လူက သမီးတို့ကို အကူအညီပေးသလိုလိုနဲ့ ဝင်သတ်တာပဲ ဖြစ်ရမယ်"

ချိုလန်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဘဘပြောတဲ့အတိုင်းဆိုရင်တော့ အဲဒီလူဖြစ်နိုင်တာပဲ၊ ဘဘကိုတော့ အဲဒီလူက တစ်ခါမှ ရန်မမူသေးဘူးပေါ့ ဟုတ်လား"

တုဝေးက ပြုံးလိုက်လေသည်။

"မသိသေးလို့ဘဲလား, မသတ်ချင်သေးလို့ဘဲလားတော့ မပြောတတ်ဘူး၊ ငါနဲ့တော့ တစ်ခါမှ မဆုံသေးဘူးကွယ့်"

ချိုလန်းက အနည်းငယ်ပြုံး၍ ...

"မသိသေးလို့၊ မသတ်ချင်သေးလို့တော့ ဟုတ်မယ် မထင်ဘူး ဘဘ၊ ဘဘကို မယှဉ်ရဲလို့ပဲ ဖြစ်ရမယ်"

တုဝေးက ရယ်မောရင်း ...

"အင်း အင်း ... သမီးပြောတာလည်း ဖြစ်နိုင်တယ် ...ဟား ဟား"

အတန်ကြာတိတ်ဆိတ်နေပြီးမှ တုဝေးက ...

"သမီးတို့ သတိထားဖို့က ကုမုကျိတို့ဟာ သမီးတို့ကို မကျေနပ်ဘူး၊ ဘဘစိတ်ထင် သူတို့ တစ်ခုခု လုပ်ဦးမယ်လို့ ထင်ထားတယ်"

ရှုလန်းတို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မီ လိုက်ပြန်သည်။

"ဒါတော့လည်း ဘယ်တတ်နိုင်မလဲ ဘဘရယ်"

"အေးပေါ့လေ ... သတိနဲ့သွား,သတိနဲ့လာပေါ့ ... ဟုတ်လား"

တုဝေးသည် ထိုကဲ့သို့ပြောပြီး သူ့အခန်းဆီသို့ ထပြန်သွားသည်။



ချိုလန်းသည် အခန်းတံခါးကို ပြန်ပိတ်ထားလိုက်၏။ သူမတို့နှစ်ဦးသည် အခြားစကားများကိုသာ ခပ်ကျယ်ကျယ် ပြောဆိုနေ

ကြ၏။

အကယ်၍ ချောင်းမြောင်းနားထောင်သောသူရှိလျှင်လည်း သူမတို့အပေါ် သံသယမရှိအောင် ဖြစ်ပေသည်။ ထို့နောက် သူတို့နှစ်ဦးသည် မီးများကို ငြိမ်းသတ်၍ အိပ်ရာဝင်လိုက်သည်။

သို့သော် နှစ်ဦးစလုံး အိပ်ချင်၍တော့ မဟုတ်ပါ။ တီးတိုးစကားများ ပြောချင်၍ ဖြစ်ပေသည်။ သူမတို့နှစ်ဦးသည် တီးတိုးသေသံဖြင့် ပြောနေကြသည်။

"အစ်မ နဂါးကြီးတုဝေးကို ဘယ်လိုထင်သလဲ"

"ငါက ညည်းလောက် အတွေးအခေါ် မကောင်းဘူး၊ ညည်းက ဘယ်လိုထင်လို့လဲ"

"သူ့ကိုယ်လုံးကိုယ်ပေါက်ကို အစ်မ သတိထားမိသလား"

"အေး ... အဲဒါတော့ ငါ သတိထား အကဲခတ်မိတယ်၊ မျက်နှာဖုံးနဲ့ နဂါးကြီးတုဝေးလို့ နင်က ပြောမလို့ မဟုတ်လား"

"အဲဒီလိုတော့လည်း အစ်မက အတွေးအခေါ် ကောင်းသားပဲ၊ ကျွန်မလည်း ဒါပဲပြောမလို့၊ သူကလည်း သိုင်းကျမ်းကို ရှာမျှနေတဲ့သူ မဟုတ်လား၊ သူက သတင်းစုံစမ်းရင်း ကျွန်မတို့နောက်ကို ဒေသိမသာ လိုက်နေတဲ့သူများလားလို့"

"အဲဒီအထိတော့ ငါ နက်နက်နဲနဲ မတွေးတတ်ဘူး"

"အစ်မ စဉ်းစား ... ကျွန်မပြောပြမယ်"

"အင်း"

"သူက အစ်မကိုသိနေတယ်၊ သိနေရမယ်ဆိုတာက သူဟာ အစကတည်းက အစ်မရဲ့အဖေ ထင်းရှန်းဆီမှာ ရှိနေတာကို သူရိပ်မိ ရမယ်"

"အင်း ... ပြောပါဦး"

"အဲဒီအချိန်မှာ ဖုန်းဝှာက အကျပ်ကိုင်ပြီး အစ်မကို ခေါ် လာတာလည်း သူသိရမယ်"

"အင်း"

"ဒါကြောင့် အစ်မကိုသတ်မယ့်ဆဲဆဲမှာ ကယ်တင်နိုင်တဲ့ လူဟာ သူတစ်ယောက်ပဲရှိတာ မဟုတ်လား"

"အင်း ... အဲဒါလည်း ဖြစ်နိုင်တယ်"

"ဖုန်းဝှာက အစစ်မရဘဲ အတုရသွားတာကို သိပြီး အဲဒီ အစစ်ဟာ ဘယ်သူ့ဆီမှာ ရှိနိုင်မလဲလို့ သူစဉ်းစားမယ်"

"အင်း ... ပြောစမ်း ... နင့်အတွေးအခေါ်က သိပ်မဆိုးဘူး"

ချိုလန်းက အသံမထွက်အောင် ရယ်လိုက်သည်။ ပြီး ဆက်၍ ...

"သူ့စိတ်ထဲမှာ အဖြစ်နိုင်ဆုံးကို တွေးတဲ့အခါမှာ ထင်းရှန် ဟာ ဒီပစ္စည်းကို သူ့သားသမီးတွေဆီမှာသာ ထားခဲ့မယ်လို့ တွေးမှ အမှန်ပဲ"

"အဲဒီလိုတွေးရင် ငါ့ဆီမှာ မရှိနိုင်မှန်း သူသိရမှာပေါ့"

"မှန်တယ် ... အစ်မဆီမှာမရှိတာလည်း သူသိတယ်၊ အစ်

ကျန်စုဆီမှာ ပညာသင်နေတာလည်း သူသိရမယ်၊ အဲဒီပညာ ပြီးရင် အစ်မ ဘယ်သူ့ကို အရှင်ရှာမလဲ"

"ငါ့မောင်လေးကို ရှာမှာပေါ့"

"အေး ဟုတ်တယ် ... တကယ်တော့ အစ်မရဲ့ မောင်လေး ယ်ရောက်နေတယ်ဆိုတာ သူလည်း လိုက်ရှာရမှာပဲ၊ ဒါပေမဲ့ ဆက်အသွယ်နဲ့ ရှာတဲ့အခါ အစ်မကိုယ်တိုင်ရှာမှ တွေ့မယ်ဆိုတာ သိထားရမယ်၊ ဒါကြောင့် အစ်မရဲ့နောက်မှာ သူဟာ အမြဲရှိနေပြီး စ်မ ဒုက္ခရောက်တာနဲ့ ဝင်ကယ်တာပဲ ဖြစ်ရမယ်"

ချိုလန်း၏စကားဆုံးသောအခါ ရှုလန်းတို့ စဉ်းစားနေကြ ည်။ အတန်ကြာအောင် နှစ်ဦးစလုံး တိတ်ဆိတ်ငြိမ်သက်နေပေ ည်။

ဂန္ဓမာစားသောက်ဆိုင် တစ်ဆိုင်လုံးလည်း မည်သည့်အသံ ကြားရအောင် တိတ်ဆိတ်နေပေသည်။ အတန်ကြာမှ ရှုလန်း ...

"ဒါပေမဲ့ တို့ကိုကယ်တဲ့ မျက်နှာဖုံးနဲ့လူက အသံတစ်မျိုး၊ ေးက အသံတစ်မျိုး ဖြစ်နေပါလား"

"အို ... အစ်မကလည်း ရုပ်ပြောင်းထားတဲ့လူဟာ အသံ ျိုးနဲ့ ပြောနိုင်အောင် လေ့ကျင့်ထားရမယ်ဆိုတာ အစ်မ ုးသေးဘူးနဲ့ တူတယ်"

"ဟုတ်လား ... ဒါဆိုရင်တော့ အံ့စရာပဲ"

"ဟုတ်တယ် အစ်မရဲ့၊ တချို့ဆိုရင် အသံဆယ်မျိုးလော
ပြောင်းလဲပြီး စကားပြောတတ်တယ်"

"ဟုတ်လား ... ညည်းကော ရုပ်ပြောင်းရုပ်လွှဲ ကောင်း
ပဲ၊ ဘယ်နှမျိုးတတ်ထားသလဲ"

"ကျွန်မ သုံးမျိုးလောက်တော့ မတူအောင်ပြောနိုင်တာ
လွယ်ပါတယ်၊ ဆယ်ရက်လောက်ကျင့်ရင် ရတယ်၊ အစ်မကို ကျွ
သင်ပေးမယ်"

"အေး ... လုပ်စမ်းပါဦး၊ ဒါထက် တုဝေးပြောသွားတဲ့အ
မှာ ကုမုကျိတို့ဟာ တို့ကို စောင့်ကြည့်နေမယ်ဆိုရင် တို့ ဒီက ထွ
လွယ်ပါ့မလား"

"ကျွန်မလည်း အဲဒါ စဉ်းစားမိတယ်၊ ဒါပေမဲ့ မပူနဲ့၊ နော
နေ့ကျရင် ကျွန်မတို့ အသွင်တစ်မျိုး ပြောင်းကြတာပေါ့"

"သေချာမှလည်း လုပ်ဦးနော်"

"ပိုင်ပါတယ်"

ပထမပိုင်း

ဒုတိယပိုင်း ဆက်လက်ဖတ်

ဝဏ္ဏအောင်

လိပ်ပြာနှုတ်ဆားသမား

(ဒုတိယပိုင်း)



ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာပုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွာ ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အခန်း (၁၁)

နဂါးကြီးကတစ်မျိုး

နောက်တစ်နေ့ ရှုလန်းနှင့်ချိုလန်းတို့သည် ဂန္ဓာမာမှာပင် ဆက်လက် နားခိုရင်း သူတို့၏ ရှေ့ဆက်ရမည့်ခရီးကို တွေးတောနေကြသည်။

နဂါးသိုင်းသမား တုဝေးက သူ၏မြင်းကို ပြင်ဆင်ပြီးသည်နှင့် သူမတို့အနီးသို့ ရောက်လာသည်။

သည်တစ်ခါ ချိုလန်းက နဂါးကြီးတုဝေးအား သေချာစွာ အကဲခတ်လိုက်လေသည်။ တုဝေးက ချိုလန်းတို့အား ပြုံး၍ကြည့်ရင်း

"ငါ့သမီးတို့လည်း ဆက်စရာရှိတဲ့ ခရီးကို ဆက်ကြပေါ့။ ဘဘလည်း သွားစရာရှိသေးတယ်"

ချိုလန်းတို့နှစ်ဦးစလုံးက အပြုံးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ဘဘ"

သားတယ်၊ အဲဒါကို စုံစမ်းရင်လည်း အသက်တိုမယ်၊ သိရင်လည်း အသက်တိုမယ်ဆိုလို့ ကျွန်မတို့ လုံးဝကို စိတ်မဝင်စားတော့ပါဘူး”

တုဝေးက သက်ပြင်းချလိုက်လေသည်။

“ဘာကြားထားတာ တစ်ခုရှိလို့ပါ”

“ဟုတ်ကဲ့ ပြောပါ”

တုဝေးသည် ပြောသင့်မပြောသင့် ချင့်ချိန်နေသည်။ ပြီးမှ သက်ပြင်းကို ခပ်မျဉ်းမျဉ်းချလိုက်သည်။

“ဒီလိုလေ ... ထင်းရှုန်းဆိုတဲ့လူကိုတော့ သမီးတို့ ကြားဖူးမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့က ပေ့ရန်းမှာ နေတာဆို”

သူမတို့၏စကားနှင့်ပင် တုဝေးက ပြန်၍ချည်နှောင်လိုက်ခြင်း ဖြစ်သည်။ ထိုအခါ ရွှေလန်းက ...

“ဟုတ်ကဲ့ ... ကြားဖူးရုံတင် ဘယ်ကမလဲ ... အဲဒီမိသားစုကို ဖုန်းဝုတို့ ကျားသစ်ဂေဟာက ဒုက္ခပေးသွားတယ်လို့လဲ အတိအကျ သိထားရတယ်”

တုဝေးက ခေါင်းညိတ်လိုက်၏။

“အေး ... သမီးပြောတာမှန်တယ်၊ ဒါပေမဲ့ ဖုန်းဝုက အဲဒီပစ္စည်းကို ရမသွားဘူး၊ လင်မယားနှစ်ယောက်စလုံးကို သတ်ပစ်လိုက်တယ်ဆိုတာကော ကြားမိသလား”

ရွှေလန်းသည် ပျက်သွားသော မျက်နှာကို မနည်းသတိထား

“[illegible]”

“[illegible]”

“[illegible] အုပ်စုဟာ သမီးတို့ကို ဒုက္ခပေးမှာ အမှန်ပဲ”

“ဟင်”

ချိုလန်းက အလန့်တကြား ပြန်မော့ကြည့်လိုက်မိပေသည်။

“ကြောက်စရာမလိုပါဘူး၊ သမီးတို့မှာလည်း တတ်ထားတဲ့ [illegible] ရှိသားပဲ၊ ဒါပေမဲ့ ကြောက်စရာကောင်းတယ်ဆိုတာတော့ သတိမမေ့နဲ့”

“ဟုတ်ကဲ့ ဘဘ”

“ဘဘ နောက်ဆုံးတစ်ခု မေးပါရစေ”

တုဝေးက ဘေးဘီကိုကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်ပေသည်။

“ပြော် ... မေးပါ ဘဘရယ်”

“ဘဘဟာ သိုင်းကျမ်းစာအုပ်ကို ရှာနေတဲ့လူလို့ သမီးတို့ကို ပြောပြီးပြီနော်”

“ဟုတ်ကဲ့”

“သမီးတို့ အဲဒီကိစ္စကို တကယ် မသိရှိးအမှန်ပဲလား”

ချိုလန်းက တုဝေး၏အနီးသို့ ဝိုမိုတိုးကပ်၍ ...

“မျက်နှာဖုံးနဲ့လူ ပြောသွားတဲ့စကားကို သမီးတို့ အမြဲမှတ်

နဲ့ လဲခိုင်းတယ်၊ အဲဒါကို ထင်းရှုန်းက အတုနဲ့သွားလဲတော့ လင်မယားနှစ်ယောက်စလုံးကို ရက်ရက်စက်စက် သတ်ပစ်လိုက်တယ်”

“ဩော် ... ဖြစ်မှဖြစ်ရလေ၊ ဘဘနဲ့တွေ့မှပဲ အစုံအလင်ကြားရတော့တယ်”

ချိုလန်းက တမင်ရဲ့ပြောနေခြင်း ဖြစ်သည်။ တုဝေးက ဆက်ပြီး ...

“တချို့က သူသမီးကိုပါ သတ်ပစ်လိုက်တယ်လို့ ပြောတယ်၊ ဒါပေမဲ့ ဘဘမယုံဘူး”

ချိုလန်းသည် မျက်လုံးပြူး၍ တုဝေးအားကြည့်လိုက်သည်။

“ဘာဖြစ်လို့ ဘဘက မယုံတာလဲ”

“အင်း ... ပြောရမှာ အခက်တော့အခက်သားပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူသမီးကို သတ်ပစ်မယ်ထင်လို့ ဘဘ သနှိုင်းက စောင့်နေတယ်”

“ဟင် ... ဘဘက ဘာလို့စောင့်နေတာလဲ”

ချိုလန်းက တစ်အံ့တစ်ဩ ပြန်မေးသည်။

“ဒီလိုလေ ... သူသမီးကို ကယ်ဖို့ပဲ ဆိုပါတော့၊ ဒါမှလည်း သူသမီးနဲ့ဘဘက ထင်းရှုန်းရဲ့အဆက်အသွယ်ကို ရမယ်မဟုတ်လား”

“ဟုတ်ကဲ့ ... ဘဘပြောတာ သဘာဝကျပါတယ်”

၍ ကူမခြင်းဆည်ထားရလေသည်။ တုဝေးသည် သူမအား သိသိကြီးနှင့် မော်ဟန်ဆောင်ပြီး ကလိနေသည်ဟု ထင်လိုက်မိသည်။

အခြေအနေကို ရိပ်စားမိသော ချိုလန်းက ဝင်၍ ...

“အဲဒီသတင်းလည်း ကြားမိပါတယ် ဘဘ”

“ဒါပေမဲ့ ... ဘဘစုံစမ်းလို့ရသလောက်ဆိုရင် ထင်းရှုန်းတို့လင်မယား သေဆုံးသွားပေမယ့် ကျန်တဲ့လူက ကျန်နေသေးတယ်၊ အဲဒီကျန်တဲ့လူတွေကိုလည်း ကျားသစ်ဂေဟာက အပြင်းအထန် စုံစမ်းဆဲပဲကွယ့်”

ရှုလန်းသည် မျက်နှာကို တစ်ဖက်သို့လွှဲရင်း နားထောင်နေပေသည်။

“ဘယ်သူတွေ ကျန်သေးလို့လဲ၊ ကျွန်မတို့ ကြားတာတော့ မိသားစုအားလုံးကို သတ်ပစ်လိုက်တယ်လို့ ကြားတာလဲ”

တုဝေးက ရယ်မောနေပေသည်။ သူ၏ ရယ်နေသောအသံသည် ရှုလန်း၏ စိတ်များကို မရိုးမရွဖြစ်စေပေသည်။ သူမအနေနှင့် တတ်နိုင်လျှင် ဤအနီးအနားမှ ထပြေးသွားချင်သည်။

ချိုလန်းက မှင်သေသည်။ သူမသည် ရှုလန်းကို မသိမသာလက်ကုပ်၍ အသာငြိမ်နေရန် သတိပေးထားလိုက်သည်။

“ဒီလို သမီးရဲ့ ... ဘဘကြားမိတဲ့သတင်းက ကျားသစ်ဂေဟာက ဖုန်းဝုဟာ ထင်းရှုန်းရဲ့သမီးကို ခေါ်သွားတယ်၊ ကျမ်းစာအုပ်

"ဒါပေမဲ့ ... ထင်းရှန်းရဲ့သမီးကို တခြားတစ်ယောက်က ကယ်ဆယ်သွားတယ်နဲ့ တူပါရဲ့၊ သင်္ချိုင်းကိုမလာလို့ ဘဘက အခြေအနေလိုက်ကြည့်တော့ ကျားသစ်ဂေဟာကလူဟာ မြင်းလှည်းနားမှာ သတိမေ့နေတယ်၊ ဒါဟာ တစ်စုံတစ်ဦးက ကလေးမလေးကို ကယ်သွားတာပဲ ဖြစ်ရမှာပေါ့"

"ကယ်သွားတာ ဘဘပဲ မဟုတ်လား"

ဟူ၍ ချိုလန်းက မေးလိုက်ချင်သည်။ သို့သော် သူမ၏ ပါးစပ်မှ ဘယ်လိုမှ ထွက်မလာပေ။

တုဝေး၏ပြောဆိုနေဟန်မှာ အမှန်တကယ်လား၊ လုပ်ကြံ၍ပြောနေသည်လားဆိုသည်ကို ခွဲခြားမရအောင် ဖြစ်နေသောကြောင့်ပင်။

"ဒါဆို ဘဘက အဲဒီမိန်းကလေးကို လိုက်ရှာနေတာလား"

"မှန်တာပြောရရင် အဲဒီမိန်းကလေးကို လိုက်ရှာတာလည်းပါတယ်၊ နောက်ပြီး ကုမုကျိတို့ ဖုန်းဝှာတို့က ပြန်တွေ့သွားလို့ သတ်ပစ်မှာလည်း စိုးရိမ်တယ်"

ချိုလန်းက ...

"ဘဘစိတ်ထဲမှာ အဲဒီမိန်းကလေးကိုတွေ့ရင် ကျမ်းစာအုပ်ရမယ်လို့ ထင်နေလို့လား"

တုဝေးက ချိုလန်းကို မျက်မှောင်ကုတ်၍ ကြည့်လိုက်လေ

သည်။

"ဘာလဲ ... သမီးက အဲဒီမိန်းကလေးကို လိုက်ရှာမလို့လား၊ သူ့ကိုတော့ လိုက်မရှာနဲ့၊ သူ့ဆီမှာ ကျမ်းစာအုပ်တော့ရှိမှာ မဟုတ်ဘူး၊ အဲ ... တစ်ခုတော့ရှိတယ် သူ့ကိုတွေ့ရင် သူ့မောင်လေး တစ်ယောက် ဘယ်မှာနေတယ်ဆိုတာ သူသိမှာပဲ"

ချိုလန်းက နားမလည်သလို တုဝေးကို ပြန်ကြည့်လိုက်သည်။

"ဘဘပြောတာ နားမရှင်းဘူး"

"ဒီလိုကွယ့် ... ဘဘကြားရတဲ့သတင်းတစ်ခုက ထင်းရှန်းဟာ အနုပညာသမားတစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့အစ်ကိုထင်းစိန်ပေးခဲ့တဲ့ ကျမ်းစာအုပ်ဟာ အဖိုးတန်တယ်ဆိုတာသိတယ်၊ ဒီတော့ နောက်ဆုံး သူဟာ အတုလုပ်ပြီး အစစ်ကိုပေးမယ့်သူဟာ သူ့သားလေးပဲ ရှိတယ်မဟုတ်လား၊ အဲဒီကလေးကို တစ်ဦးတစ်ယောက်ဆီမှာ အပ်နှံခဲ့တာတော့ အမှန်ပဲ"

ချိုလန်းက အနည်းငယ်ပြုံး၍ ...

"ဒီလိုဆို ဘဘက သူ့အစ်မကိုရော ဒီကလေးကိုပါ လိုက်စုံစမ်းနေတာပေါ့ ဟုတ်လား"

တုဝေးက ပြုံးလိုက်လေသည်။

"ဘဘတင်မကဘူး၊ ဝေ့ရန်းမှာ အဲဒီသတင်း စုံစမ်းနေတဲ့

လူတွေ အခုချိန်ထိ ခြေကျင်းလိမ်နေတုန်းပဲ၊ အဲ အဘိုးအိုကတော့ ကျားသစ်ဂေဟာက လူတွေဟာ ဇွဲအတော်ရှိတယ်လို့ ဆိုရမယ်”

ချိုလန်းသည် လေပူတစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်လေသည်။

“ဒီလိုပေါ့ သမီးရယ်၊ ဘဘဆိုလိုတာက သမီးတို့က ပေ့ရန်မှာနေတယ်ဆိုတော့ အကယ်၍များ ဒီသတင်းကို ရခဲ့ရင် ဘဘဆီ လျှို့ဝှက်အကြောင်းကြားဖို့ အကူအညီတောင်းတာပါ၊ ဆောင်ရွက်ပေးနိုင်ပါ့မလား”

“စိတ်ချ ဘဘ ... ကျွန်မတို့သိတာနဲ့ ဘဘဆီ အကြောင်းကြားမယ်၊ ဒါနဲ့ ဘဘကို ဘယ်လိုရှာရမှာလဲ”

“ဘဘဟာ နဂါးသိုင်းသမားကြီးဆိုတာ သိပြီမဟုတ်လား”

“ဩော် ...သိပြီ သိပြီ၊ ကျွန်မတို့ ဘဘကိုတွေ့ချင်ရင် နဂါးတောင်ကို လာရမှာပေါ့ ... ဟုတ်လား”

တုဝေးက သဘောကျစွာ ရယ်မောချ ...

“ဒါပေါ့သမီးရယ်”

ဟု တစ်လုံးချင်း ပြောသွားလေတော့သည်။

ချိုလန်းသည် မြင်းစီးထွက်သွားသော နဂါးသိုင်းသမား တုဝေးအား ငေးကြည့်နေမိသည်။ ရွှေလန်းက စိတ်ပျက်စွာဖြင့် ခေါင်းခါလိမ်းလိုက်သည်။

“ငါတော့ မစဉ်းစားတတ်အောင် ဖြစ်ကုန်ပြီ”

ချိုလန်းက လှမ်းကြည့်လိုက်သည်။

“ဘာကို မစဉ်းစားတတ်တာလဲ”

“အားလုံးကိုပေါ့၊ ဒီအတိုင်းသာမှန်ရင် ငါတို့ အန္တရာယ်ဟာ သေးဘူး သိရဲ့လား၊ ပေ့ရန်းမှာ ကိုယ့်မောင်လေးရဲ့သတင်းကို စမ်းတာတောင် ရဲရဲတင်းတင်း မစုံစမ်းရဲအောင်ဖြစ်နေပြီ”

“အို ... တွေးပြီး ကြောက်မနေစမ်းပါနဲ့ အစ်မရယ်၊ ဖြစ်လာဘဲလည်း ရှောင်ရှားပေါ့၊ ကျွန်မ စဉ်းစားနေတာက အစ်မ သတိဘားမိရဲ့လား မသိဘူး”

ရွှေလန်း မျက်မှောင်ကြုတ်လိုက်၏။

“ဘာကိုလဲ”

“နဂါးကြီးတုဝေးကို”

“အင်း ... ပြောပါဦး”

“နဂါးကြီးတုဝေးဟာ အသက်ကြီးသယောင်ယောင် ဖြစ်အောင် ရုပ်ပြောင်းလဲထားတယ်လို့ ကျွန်မထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အသားအရေဟာ အဘိုးကြီးတစ်ယောက်နဲ့ မတူဘူး၊

သူတက်တွေဟာ ပြည့်ပြည့်တင်းတင်း ရှိတယ်"

ရှုလန်းက ချိုလန်း၏အနီး ပိုမိုနီးကပ်လိုက်ပြီး ...

"နင် သူပြောတဲ့ စကားတွေကို အားလုံး အမှန်လို့ ထင်သလား"

"ယုံရအခက် မယုံရအခက်ဘဲ၊ ကျွန်မစိတ်ထဲမှာ သူဟာ ကျွန်မတို့ကို သိလျက်နဲ့ တမင်တကာ အရိပ်အမြွက် ပြောပြီး ကျမ်းစာအုပ်ကို မေးနေတာလို့ ထင်တာပဲ"

ရှုလန်းသည် သူ၏ခေါင်းကို တစ်ချက် ကုပ်လိုက်လေသည်။

"စဉ်းစားလေ ရှုပ်လေ ဖြစ်ကုန်ပြီ ချိုလန်းရယ်၊ အဲဒီစာအုပ်ကို ရှာပြီး သိုင်းပညာသင်ချင်တဲ့စိတ်တောင် ကုန်ခမ်းလာပြီ"

ချိုလန်းက အနည်းငယ် ပြုံး၍ ...

"အို ... ဒီလိုလည်း စိတ်မလျှော့ပါနဲ့လေ၊ အခက်အခဲမရှိရင် ဘယ်တော့မှ အောင်မြင်မှုလည်း မရနိုင်ဘူး၊ ရှာရမယ်၊ သင်ရမယ်၊ ဒါမှ သူတို့ကို ပြန်ပြီးကြွေးဆပ်နိုင်မှာမဟုတ်လား၊ အားတင်းစမ်းပါ"

ရှုလန်းသည် ချိုလန်းအား စေ့စေ့ကလေး ကြည့်လိုက်သည်။ မိမိထက် အသက်ငယ်သော်လည်း တွေးခေါ်မြော်မြင်မှုနှင့် ဇွဲသတ္တိတို့မှာ မိမိထက် များစွာသာလွန်နေသည်ကို တွေ့ရလေသည်။

ယခုကိစ္စများသည် တကယ်တမ်း စဉ်းစားလိုက်ရင် မိမိ၏ကိစ္စများသာ ဖြစ်ပေသည်။ သို့သော် သူမသည် မိမိအား အစ်မရင်း

သဖွယ် သဘောထား၍ ကိုယ်ဖိရင်ဖိ ကူညီမှုပေးသည်၊ အသက်ပေး၍ ကာကွယ်မှုပြုသည်။

မိမိအပေါ်ထားသည် ချိုလန်း၏မေတ္တာသည် မသေးလှကြောင်းကို ရှုလန်း သဘောပေါက်လေသည်။ ထို့အတူ မိမိကလည်း သူမအပေါ် ညီမလေးအရင်းသဖွယ် သဘောထားနေမိသည်ကို သူမ သိပါစေဟု ဆုတောင်းလိုက်မိသည်။

"ဒါထက် နေပါဦး ... ငါက ဒီလိုပဲ နှာခေါင်းချွန်ချွန်၊ မျက်ခုံးမွေးထူထူကြီးနဲ့ နေရတော့မှာလား"

ချိုလန်းက အသံကလေးထွက်အောင် တခစ်ခစ် ရယ်မောလိုက်၏။

"နေရမယ်အစ်မ၊ မနေလို့ မဖြစ်ဘူး၊ ကိုယ့်ကို ကိုယ်လည်း ပြန်စဉ်စားကြည့်ဦး"

ချိုလန်းသည် ပြောနေရင်းမှ ဘေးဘီသို့ကြည့်၍ အသံကို တိုးလိုက်သည်။

"အကယ်၍သာ ထင်းရှန်းရဲ့သမီးမှန်း တစ်ဦးတစ်ယောက်က သိသွားတာနဲ့ ရန်သူတွေဟာ လက်ယပ်မခေါ်ဘဲ စုပြုံပြီး ရောက်လာတော့မယ်၊ အစ်မ စဉ်းစားမိမှာပေါ့၊ မဟုတ်ဘူးလား"

ရှုလန်း ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

"ဒါလည်း ဟုတ်တာပဲလေ"

ချိုလန်း၏အမေးကို ရွှလန်းက တော်တော်နှင့် မဖြေနိုင်ပါ။ တွေဝေစဉ်းစားနေ၏။ ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထား ဦး ရင်ဆိုင်လိုက်ရုံပေါ့"

"တုတ်က ရှည်လည်းရှည်ရဲ့ ကြီးလည်း ကြီးရမယ်တဲ့နော်"

ချိုလန်းက စောစောကစကားကို ပြန်၍သတိပေးလိုက်လေသည်။ ရွှလန်းက ရယ်နေသည်။ ချိုလန်းသည် စားပွဲခုံကို လက်နှင့် တောက်နေ၏။ သူမသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားတိုင်း ဤကဲ့သို့ ပြုလုပ်နေက္ခ ဖြစ်၏။ ထိုစဉ် ရွှလန်းက ...

"သူတို့က ရင်ဆိုင်ချင်ရင် ဒီကိုလာမှာပေါ့၊ ဘာလို့ မလာဘာလဲ"

"ဟာ အစ်မကလည်း ... နဂါးကြီးတုဝေး ရှိနေသေးတယ် အောက်မေ့လို့ မလာတာဖြစ်မှာပေါ့"

"အင်း ... ဒီအတိုင်းဆိုရင် နဂါးကြီးတုဝေးကိုပဲ ကိုယ်ရံတော် အဖြစ် ငှားထားရတော့မလို ဖြစ်နေပြီ"

"အင်း ... အချိန်ရှိပါသေးတယ်၊ စဉ်းစားဦးမယ်"

✳

ချိုလန်းသည် ပြောနေရင်းမှ လမ်းမဘက်သို့ လှမ်းကြည့်လိုက်သည်။ မြင်းသုံးကောင် ပြေးလွှားသွား၏။ မြင်းပေါ်မှ လူများသည် မနေ့က လာသော ကုမ္ပကျိ၏ တပည့်များ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ရွှလန်းအား လက်ကုပ်၍ ပြလိုက်သည်။

"ဟောဟိုမှာ တွေ့လား ... ကုမ္ပကျိတို့အုပ်စု မပြန်သေးဘူး၊ တုဝေးပြောသလိုပဲ တစ်နည်းနည်းနဲ့ ဒုက္ခပေးဦးမယ်နဲ့ တူတယ်"

ရွှလန်းကလည်း လှမ်းကြည့်ရင်း ခေါင်းငြိတ်ပြလိုက်သည်။ ထို့နောက် သူမက အံကြိတ်၍ ...

"ဘာပဲဖြစ်ဖြစ် သူသေသေ ကိုယ်သေသေ တိုက်ပစ်တာ အကောင်းဆုံးပဲ"

ချိုလန်းက နှစ်ခြိုက်စွာ ရယ်လိုက်သည်။

"အဲဒီသတ္တိမျိုးကို ကြိုက်သွားပြီ၊ ဒါပေမဲ့ ကျွန်မဆရာက ပြောဖူးတယ် ... မြွေပွေးကိုရိုက်မယ့်တုတ်ဟာ အဲဒီမြွေပွေးထက် အလုံးကြီးရမယ်၊ အဲဒီမြွေပွေးထက် ကြီးပြီး ရှည်ရမယ်တဲ့ အစ်မရဲ့"

ရွှလန်းက လှလှပပ ပြုံးလိုက်လေသည်။

"သိပ်အဖိုးတန်ပြီး မှတ်သားလောက်တဲ့ စကားလုံးပဲ"

"ကဲ ... ဒါ အသာထားဦး၊ ကုမ္ပကျိတို့က ကျွန်မတို့ကို စောင့်ကြည့်နေတဲ့သဘောပါ၊ ဘယ်လိုလုပ်ရင်ကောင်းမယ်လို့ စိတ်ကူးထားသလဲ"

ချိုလန်းတစ်ယောက် စဉ်းစားရင်းဖြင့်ပင် တစ်နေကုန်ခဲ့လေသည်။ ထိုသို့ နေကုန်ခဲ့သည်အထိ ဘာမှ မဖြစ်ခဲ့ပါ။ သူတို့သုံးဦးသည် ညနေ နေဝင်ရီသရော အချိန်တွင် ပေလူးမြို့၏ လမ်းမကြီးပေါ်တွင် လမ်းပင် လျှောက်လိုက်ကြသေးသည်။

သူတို့နှစ်ဦး ဂန္ဓမာတည်းခိုခန်းသို့ ပြန်လာသည့်အချိန်တွင် မှောင်စပျိုးနေပြီ ဖြစ်ပေသည်။ ဂန္ဓမာ တည်းခိုခန်း ရောက်ခါနီး၌ လမ်းကျဉ်းကလေး တစ်ခုရှိ၏။ ထိုလမ်းကျဉ်းကလေးထဲမှ မြင်း တစ်ကောင် ပြေးထွက်လာသည်။

ချိုလန်းတို့က ထိုမြင်းပေါ်မှလူကို လှမ်းကြည့်လိုက်ရာ နှစ်ဦးစလုံး ရုတ်တရက် ဝမ်းသာသွားမိတော့သည်။ အဘယ်ကြောင့် ဆိုသော် မြင်းပေါ်မှလူသည် မျက်နှာဖုံးစွပ်ထားပြီး ခမောက်ကြီး တစ်လုံးကို ဆောင်းထားသောကြောင့် ဖြစ်ပေသည်။



မျက်နှာဖုံးနှင့်လူက သူတို့နှစ်ဦးအနီးသို့ ရုတ်တရက် ကပ်လာကာ စာရွက်တစ်ရွက်ကို မသိမသာ လှမ်းပေးပြီးသည်နှင့် သူ၏ မြင်းကို မြို့ပြင်ဘက်သို့ မောင်းနှင်သွားလေသည်။

ချိုလန်းတို့သည် တည်းခိုခန်းထဲသို့ အမြန်ဆုံး ပြန်လာကြ

၏။ ထို့နောက် အခန်းထဲ ရောက်သည်နှင့် စာရွက်လေးကို ဖြန့်ကြည့်လိုက်သည်။

"ကျုပ် မြို့ပြင်က စောင့်နေမယ်၊ ခရီးဆက်ဖို့ အမြန်ဆုံး ပြင်ဆင်ပါ၊ ရန်သူက ဒုက္ခပေးဖို့ ပြင်ဆင်နေပြီ"

ဟု ရေးသားထားသည်ကို တွေ့လိုက်ရလေသည်။ စာဖတ်ပြီးသည်နှင့် ချိုလန်းက ရှုလန်းကို မော့ကြည့်လိုက်သည်။

"ဘယ့်နှယ်လဲ"

ရှုလန်း၏သဘောထားကို မေးလိုက်လေသည်။

"အေး ... တို့ထင်တဲ့အတိုင်းပဲ၊ သူကတော့ အနီးကပ်ကူညီနေတာပဲ၊ အဲဒီအခွင့်အရေးကို လက်လွှတ်လို့ မဖြစ်ဘူး၊ ဒါ ကုမ္ပဏျိရဲ့ အကြံအစည်ကိုသိလို့ အချိန်မီ ခေါ်ထုတ်တာပဲ"

ချိုလန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျွန်မလည်း ဒီအတိုင်းပဲ ထင်တယ်၊ နောက်တစ်ခု သေချာတာ ပြောရဦးမလား"

"ဘာလဲ"

"နဂါးကြီးတုဝေးပဲ ဖြစ်ရမယ်"

ရှုလန်းက ခေါင်းညိတ်လိုက်သည်။

"အင်း ... ဖြစ်ရမယ်"



"ဘယ့်နယ်လဲ ... မတွေ့ရသေးပါလား"

"သူက မေ့နေမယ့်လူစားတော့ မဟုတ်ပါဘူး၊ တစ်နေရာရာက အခြေအနေကို စောင့်ကြည့်နေတာလားမှ မသိဘဲ"

"အင်း ... နင်ပြောတာ ဟုတ်တယ်၊ သူက အတွေ့ခံချင်မှ ခံတော့မှာ တို့တစ်တွေ လွတ်လွတ်ကျတ်ကျတ် ခရီးဆက်ဖို့ပဲ၊ သူက လိုလားတာ မဟုတ်လား၊ အဲဒီတော့ သူက တစ်နေရာရာက စောင့်နေမယ်၊ အကယ်၍ ကုမ္ပကျိတို့လူသိုက်က လိုက်လာရင် သူက ဆီးပြီး ခုခံထားမယ့် သဘောလားမှ မသိဘဲ"

ချိုလန်းက ခေါင်းညိတ်ပြလိုက်၏။

"အစ်မပြောတာ ဟုတ်တယ်၊ ဒါထက် အစ်မ"

"ပြောလေ"

"ကျွန်မတို့ ခရီးဆက်ဖို့ ခက်နေတာကို မျက်နှာဖုံးနဲ့လူက ဘယ်လိုလုပ်သိသလဲ"

ရွှလန်းက ရယ်လိုက်သည်။

"ဒါကြောင့်မို့ နဂါးကြီးတုဝေးပဲ ဖြစ်ရမယ်လို့ စောစောက ပြောခဲ့တယ် မဟုတ်လား"

သူတို့နှစ်ယောက်စလုံး ပြုံးနေကြသည်။

✱

အခန်း (၁၂)

ဖြစ်မှဖြစ်ရလေ

ချိုလန်းတို့သည် ဂန္ဓမာဓမ တိတ်တဆိတ်ပင် ထွက်ခဲ့ကြ၏။ သို့သော် မြင်းခွာသံက တိတ်ဆိတ်သောညကို စိုးမိုးလျက် ရှိနေပေသည်။ မြို့ထဲတွင် မြင်းလှည်းအချို့လည်း ဥဒဟိုသွားလာနေသဖြင့် သူမတို့မြင်းလှည်းကို ဂရုစိုက်မည့်သူ လုံးဝ မရှိပါပေ။

မကြာမီ သူတို့မြင်းလှည်းက မြို့ပြင်သို့ ရောက်ရှိလာသည်။ ချိုလန်းသည် မြင်းလှည်းကို ဂရုစိုက်၍ မောင်းနှင်နေ၏။ လရောင်က ရှိနေသဖြင့် ပတ်ဝန်းကျင်ကို လင်းလင်းကျင်းကျင်း မြင်ရသည်။

မြို့ပြင်တွင် သချိုင်းရှိနေ၏။ သချိုင်း လွန်မြောက်သည်နှင့် တောအုပ်တစ်ခုကို ဖြတ်သန်းရလေသည်။ မြို့နှင့် အတော်ကလေး အလှမ်းဝေးကွာ လာသော်လည်း မျက်နှာဖုံးနှင့်လူ၏ အရိပ်အရောင်ကို မမြင်ရသေးပါ။

ရွှလန်းက ချိုလန်းအနီး လာထိုင်သည်။

မြင်းများက အနားသို့ ရုတ်ခြည်း ရောက်ရှိလာသည်။ ထို့နောက် မြင်းပေါ်မှ လူများသည် ရုတ်တရက် မြင်းလှည်းပေါ် ခုန်ဝင်တိုက်ကြလေသည်။

ချိုလန်းနှင့်ရှုလန်းက မျက်နှာဖုံးနှင့် လူကို လှမ်းကြည့်လိုက်လေသည်။ ထိုအခါ သူမတို့နှစ်ဦး၏ မျက်လုံးများ ပြူးကျယ်သွားရလေတော့သည်။

အဘယ်ကြောင့်ဆိုသော် မျက်နှာဖုံးနှင့်လူသည် ကုမုကျိဖြစ်နေသောကြောင့်ပင်။

"နင်တို့ မသေချင်ရင် အေးအေးဆေးဆေး လိုက်ခဲ့ကြ၊ ဒါပဲ"

ကုမုကျိ၏လူများက ဆယ့်ငါးယောက်ခန့် ရှိနေသည်။ ရှုလန်းတို့ ဘယ်နည်းနဲ့မှ မတတ်နိုင်တော့ပါ။ သူမတို့က ယခုအခါ ခံခံပါလျှင် သူမတို့လောက် မိုက်မဲသော သူသည် လောကတွင် မရှိတော့ပါ။

ထို့ကြောင့် သူမတို့နှစ်ဦးသည် အံတကြိတ်ကြိတ်နှင့် ဖြစ်နေသည်။ ကုမုကျိ၏ တပည့်လေးဦးသည် သူမတို့နှစ်ဦး၏ နောက်ကျောသို့ ဓားများဖြင့် ထောက်ထားလေသည်။

အကယ်၍ သူမတို့က လှုပ်ရှားသည်နှင့် ထိုလူများက လုံးဝ ညာတော့မည် မဟုတ်ကြောင်း အတတ်သိထားသည်။ သူတို့၏ မြင်း

သူတို့၏မြင်းလှည်းသည် မြို့နှင့် အတော်ကလေး လှမ်းလာသည်နှင့် လမ်းက အနည်းငယ် ကြမ်းတမ်းလာသည်။

ထိုစဉ်အခိုက် မြင်းတစ်ကောင်က သူတို့ရှေ့မှ ရုပ်တန်ဆေးသည်ကို တွေ့လိုက်ရသည်။ မြင်းပေါ်ကလူမှာ ထုံးစံအတိုင်း မျက်နှာဖုံးစွပ်ထားပြီး ခမောက်ဆောင်းထားသည်။

မျက်နှာဖုံးနှင့်လူသည် သူမတို့၏ မြင်းလှည်း သူ့အနားသို့ ရောက်ရှိလာသည်နှင့် သူက ရှေ့မှ ဦးဆောင်ခေါ်သွားသည်။ မည်သည့် စကားတစ်ခွန်းမှ လှည့်မပြောပါ။

ထိုစဉ် ရုတ်တရက် နောက်မှ မြင်းခွာသံများ ကြားရပြီး မြင်းတစ်အုပ်ပြေးလာသည်ကို လရောင်အောက်၌ အဖွေးသား မြင်လိုက်ရလေသည်။

ရှုလန်းတို့မှာ နားမလည်နိုင်အောင်ဖြစ်သွားသည်။ ကုမုကျိတို့နောက်မှ လိုက်လာသည်ဟု ချက်ချင်းသိလိုက်၏။ မျက်နှာဖုံးနှင့် လူက ရုပ်တန်၍ နောက်မှ မြင်းများကို စူးစိုက်ကြည့်နေသည်။

"အဲဒါ ဘယ်သူတွေလဲ"

မျက်နှာဖုံးနှင့်လူကို ချိုလန်းက လှမ်းမေးလိုက်သည်။ မျက်နှာဖုံးနှင့်လူသည် သူ၏ဓားကို အဆင်သင့်ထုတ်၍ နောက်မှ လိုက်လာသော မြင်းများကို စောင့်ကြည့်လိုက်သည်။

ဟု မေးလိုက်သည်။

"ငါ့ဟာငါ ဘာပြောပြောပေါ့၊ နင်သိစရာ မလိုဘူး"

"တုတ်ရှည်မှဆိုတာက ဘာကိုပြောတာလဲ"

ချိုလန်းက ပါးစပ်ပိတ်ထားလိုက်သည်။ ထိုအခါ ရွှလန်းက ဝင်ပြောသည်။

"တုတ်ရှည်ရှည် ရှာမရတဲ့အခါမှာ တိုတိုနဲ့ အသုံးဝင်ပါဘယ်"

သူမ၏ စကားအဓိပ္ပာယ်ကို ချိုလန်းက သိသည်။

"ဖြစ်လာမှတော့ ရင်ဆိုင်တာ ကောင်းပါတယ်' ဟူသော အဓိပ္ပာယ်မျိုး ဖြစ်လေသည်။ ချိုလန်းက သက်ပြင်းချလိုက်ပြန်သည်။ ဘိုစဉ် ရွှလန်းက ...

"ငါ ငုတ်တုတ်ထိုင်မနေနိုင်ဘူး အိပ်မယ်၊ နင်တို့ဟာနင်တို့ ဘာနဲ့ပဲ ထောက်ထားတာ၊ ထိုးသတ်ရင်လည်း ထိုးသတ်"

ရွှလန်းသည် ပြောပြီးသည်နှင့် မြင်းလှည်းထဲ၌ တုံးလုံးလဲ သိုက်လေသည်။ ဓားနှင့် ထောက်ထားသောလူသည် နေရာအနည်း ငယ် ရွှေ့ပေး၍ သူ့တာဝန်အတိုင်း ဆက်လက်၍ ချိန်ရွယ်ထားလေသည်။

မြင်းလှည်း၏ရှေ့တွင် ကုမ္ပကျိုက မြင်းနှင့် မှန်မှန်ပင် သွားသွက် ရှိနေ၏။ ချိုလန်းကလည်း ရွှလန်းနည်းတူ တုံးလုံးလဲချလိုက်

လှည်းသည် လာလမ်းအတိုင်း ပြန်လှည့်ကြတော့သည်။



ကုမ္ပကျိုလူများသည် သူမတို့အား အထင်မသေးပါ။

ထို့ကြောင့်လည်း မိန်းကလေးတစ်ယောက်ကို နှစ်ယောက် ညှပ်၍ ဓားဖြင့် ထောက်ထားလေသည်။

ချိုလန်း၊ ရွှလန်းတို့သည် စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေသည်။ တကယ်တော့ သူတို့၏ အမှားတစ်ခုပင် ဖြစ်သွားတော့သည်။ မျက်နှာဖုံးနှင့်လူသည် ဟုတ်မဟုတ် မိမိက စကားတစ်လုံးနှစ်လုံး တီးခေါက်မေးမြန်းပြီးမှ ယုံဖို့ သင့်သည်ဟု နောင်တရမိလေ၏။

ရွှလန်းက တိုက်ခိုက်ချင်သော အရိပ်အရောင်ကို ပြနေ၏။ မကြာခဏ ချိုလန်းကို လှမ်းကြည့်၍ သဘောထားကို မေးသည်။ ချိုလန်းက သက်ပြင်းချလိုက်သည်။ ပါးစပ်မှလည်း တစ်ယောက်တည်း ပြောသကဲ့သို့ ...

"တုတ်ကလည်း ရှည်မှ အလုံးကလည်း ကြီးမှဖြစ်မယ်"

ဟု ညည်းညူလိုက်သည်။ ကုမ္ပကျိ၏ တပည့်တစ်ဦးက ချိုလန်းကို ကြည့်၍ ...

"နင် ဘာပြောတာလဲ"

သည်။ သူမတို့နှစ်ဦးသည် အကြံထုတ်နေဟန် တူသည်။

ယခုအချိန်ထိတော့ ကုမုကျိသည် သူမတို့အား မည်သည့် စကားမျှ မပြောသေးသည်ကိုထောက်၍ ဖုန်းဝှာထံ အရောက်ခေါ်သွားမည်မှာ ထင်ရှားနေပေသည်။

ဖုန်းဝှာထံရောက်လျှင် သူမတို့၏ကံကြမ္မာသည် ဆိုးရွားမည်မှာ ထင်ရှားလှ၏။ ဖုန်းဝှာသည် သူ၏လူတွေကို သတ်သည့် ကိစ္စနှင့်ပတ်သက်၍ ကျေနပ်မည်မဟုတ်သည်ကို သူမတို့ စဉ်းစားမိသည်။

ဖုန်းဝှာထံရောက်လျှင် အနှိပ်စက်ခံရမည့်အတူတူ ဖြစ်ချင်ရာဖြစ် ယခုပင်လျှင် တိုက်ခိုက်ရန် ကောင်းလေမည်ဟု တွေးတောနေမိသည်။ မိုးသည် မကြာမီ လင်းတော့မည် ဖြစ်၏။ သူမတို့ နှစ်ဦးစလုံး မှေးခနဲ အိပ်ပျော်သွားသည်။



မကြာလိုက်ပါ။ ချက်ချင်း ပြန်နိုးလာသည်။ မိုးက လင်းနေပြီ ဖြစ်၏။ ရှေ့တွင် ရွာတစ်ရွာကိုလည်း လှမ်းမြင်နေရသည်။ ထိုစဉ် သူမတို့အဖို့ ကံကောင်းထောက်မသည်ဟုပင် ဆိုရမလား မပြောတတ်။ ရှေ့တွင် မြင်းတစ်ကောင်နှင့် လူတစ်ယောက်ကို ရှုလန်းတို့

လှမ်းမြင်လိုက်သည်။

မိုးက လင်းခါစ ဝေလီဝေလင်း။ ထိုသူသည် နှင်းများကြားမှ ရုတ်တရက် ပေါ်ထွက်လာပြီး ကုမုကျိ၏ မြင်းရှေ့တွင် ကန့်လန့်ဖြတ် ရပ်တန့်ထားလိုက်သည်။

ရှုလန်းက ချိုလန်းအား လက်ကုပ်၍ ပြလိုက်သည်။ ချိုလန်းသည်း ရုတ်တရက် ဝမ်းသာသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ကုမုကျိ၏ရှေ့၌ ရပ်တန့်နေသူမှာ နဂါးကြီးတုဝေး ဖြစ်နေသောကြောင့်ပင်။



တုဝေးသည် သူ၏မြင်းကို မြင်းလှည်းအနီးသို့ရောက်အောင် စီးလာပြီး ချိုလန်းတို့ကို လှမ်းကြည့်လိုက်လေသည်။ နောက် ကုမုကျိဘက် ပြန်လှည့်ကြည့်သည်။

"မင်းတို့က အဲဒါဘာလုပ်တာလဲ"

တုဝေး၏မျက်နှာမှာ ခက်ထန်တင်းမာနေပေသည်။ ခါတိုင်း တုဝေးမျက်နှာမျိုး မဟုတ်ပေ။

"ကျုပ်တို့ သူတို့ကို စစ်ဆေးစရာရှိလို့ ခေါ်လာတာ၊ ခင်ဗျားမနှောင့်ယှက်ရင် ကောင်းမယ်"

ကုမုကျိ၏ လေသံကလည်း မာဆတ်ဆတ် ဖြစ်လာသည်။ တုဝေးက ကုမုကျိ၏စကားကို လုံးဝ ဂရုမစိုက်ပါ။ မြင်းလှည်းပေါ်မှ ကုမုကျိ၏ တပည့်လေးယောက်အား ကြည့်လိုက်ပြီး ...

"မင်းတို့အားလုံး ဆင်းလာခဲ့"

ထိုစဉ်မှာပင် ရွှေလန်းနှင့် ချိုလန်းကလည်း မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်း၍ တုဝေးနှင့် မနီးမဝေးတွင် ရပ်တန့်လိုက်သည်။

"ဒီမှာ တုဝေး ... ကျားသစ်ဂေဟာက အလုပ်ကို ဝင်ရှုပ်ရင် နောက်ပိုင်း ဘာတွေဖြစ်တတ်တယ်ဆိုတာ ခင်ဗျားသိမှာပေါ့"

တုဝေးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ငါ နားလည်တယ်၊ တကယ်တော့ ဒီမိန်းကလေးတွေမှာ ဘာမှအပြစ်ရှိတာမဟုတ်ဘူး၊ မင်းတို့က ဖမ်းဆီးပြီး ဘာလုပ်ဦးမလို့လဲ"

ကုမုကျိက တုဝေးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

"ကျုပ် ခင်ဗျားကို ပြောပြီးပါပကော၊ ကျားသစ်ဂေဟာက အလုပ်ကို ဝင်မရှုပ်ပါနဲ့လို့"

ကုမုကျိသည် ပြောပြီးသည်နှင့် သူ၏ဓားကို ဆွဲထုတ်လိုက်သည်။ တုဝေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဩော် ... မင်းက ဒီလိုကိုး"

တုဝေးက စကားသံဆုံးသည်နှင့် လူတွေသည် ရုတ်တရက် ငြိမ်ဝပ်ရှားသွားကာ တိုက်ပွဲကို စတင်လိုက်ကြလေသည်။

ဝေလီဝေလင်း နှင်းမှုန်ကြားတွင် တိုက်ပွဲတစ်ခုက ပြင်းပြင်းထန်ထန် ဖြစ်ပွားသွားတော့သည်။ သုံးယောက်နှင့် ဆယ့်ခြောက်ယောက် လုံးထွေးနေသည်။

ဓားသံနှင့် အော်ဟစ်သံများ ဆူညံနေသည်။ တုဝေးက တိုက်ပွဲကို လုံးဝ အရှည်မခံပါ။ ချက်ချင်းဆိုသလို ပွဲသိမ်းလိုက်သည်။ နာမည်ကြီးဓားသမား ကုမုကျိသည် ဓားတန်းလန်းဖြင့် မျက်လုံးများပြူးကျယ်နေသည်။

သူသည် နဂါးသိုင်းသမား တုဝေး နာမည်ကြီးသည်ကို ကားလည်သဘောပေါက်သွားပုံရသည်။ သူ၏ အရှင်သခင် ဖုန်းဝှာသည် တုဝေးအား ဘာကြောင့် ရဲရဲတင်းတင်း မယှဉ်သည်ကိုလည်း နောက်ဆုံး သဘောပေါက်သွားတော့သည်။

ရုတ်တရက် လဲကျသွားသော ကုမုကျိကိုကြည့်၍ တပည့်ငယ်သား ဆယ့်ငါးယောက်သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်သွားတော့သည်။

တုဝေးက သူ၏ ကြီးမားသော ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းထည့်လိုက်ပြီး ကုမုကျိ၏ တပည့်များကို ကြည့်လိုက်လေသည်။

"မင်းတို့ သူ့အလောင်းကို ချင်တူးရောက်အောင် ပြန်ယူ

သွား၊ ဖုန်းဝှာကိုပြောလိုက် ... နဂါးဓားသမားတုဝေးကို အံတုလို့ ဆုံးမလိုက်တာလို့ ပြောလိုက် ကြားလား"

ကုမုကျိ၏ တပည့်များသည် တုဝေးအား ကြောက်ကြောက် ရွံ့ရွံ့ဖြင့် ခေါင်းညိတ်ပြပြီး ကုမုကျိ၏ အလောင်းကို မြင်းပေါ်သို့ သယ်ယူလိုက်လေသည်။

"ကဲ ... မိန်းကလေးတို့ သွားကြပေတော့"

တုဝေးသည် အခြားမည်သည့်စကားမှ မပြောတော့ဘဲ မြင်းပေါ်သို့တက်ရောက်ကာ အပြင်းပင်နှင်သွားတော့သည်။ ချိုလန်းတို့လည်း သူတို့၏မြင်းလှည်းကို ပေ့ရန်းမြို့ဆီသို့ ဦးတည်လိုက်လေတော့သည်။

* * *

အခန်း (၁၃)

ဘဝသစ်

"ဘာ တုဝေး ... နဂါးသိုင်းသမားတုဝေး ... ဟုတ်လား"

ကျားသစ်အရှင်သခင် ဖုန်းဝှာသည် သူ့နေရာမှ လူများကို ကြည့်၍ ဒေါသဖြစ်စွာဖြင့် ငေါက်ငမ်း၍ မေးလိုက်လေသည်။ ဖုန်းဝှာသည် အသက်ကင်းမဲ့နေသော ကုမုကျိ၏ အလောင်းကို တစ်ချက် ကြည့်လိုက်သည်။

ထို့နောက် တန်းစီရပ်နေသော လူဆယ့်ငါးယောက်စလုံးကို တစ်ယောက်စီ ကြည့်လိုက်လေသည်။ သူ၏မျက်လုံးအစုံသည် ဒေါသကြောင့် အခိုးအငွေ့များ ထွက်နေသည်ဟုပင် ထင်ရလေသည်။

"မင်းတို့ တစ်ယောက်မှ အသုံးမကျဘူး"

ဖုန်းဝှာက တစ်ခွန်းချင်း ပြောနေသော်လည်း မည်သူတစ်ဦး တစ်ယောက်ထံမှအသံထွက်မလာပါ။ ကုမုကျိက သူ၏လက်ထောက်အဖြစ် ရွေးချယ်ခဲ့သော လက်ရွေးစင်သိုင်းသမား ဖေစီးထန်သည်

ရှေ့သို့ တစ်လှမ်းချင်းတက်လာကာ ဖုန်းဝှာကိုမေ့ကြည့်လိုက်လေသည်။

"တုဝေးနောက်ကို ကျွန်တော်လိုက်မယ်"

ဖုန်းဝှာက ဖေစီးထန်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မင်းဟာ တုဝေးအကြောင်း ဘယ်လောက်သိသလဲ"

ဖေစီးထန်မှာ ရုတ်တရက် ဘာမှ ပြန်မဖြေနိုင်ဘဲ ရှိသည်။ ဖုန်းဝှာသည် ခြေလှမ်းကျဲကြီးများဖြင့် ဟိုမှသည်မှ လမ်းလျှောက်လိုက်သေးသည်။ ပြီးမှ ရုတ်တရက် ရပ်တန့်၍ ဖေစီးထန်ကို ပြန်ကြည့်လိုက်၏။

"နဂါးသိုင်းသမား တုဝေးဟာ သိုင်းလောကမှာ ထိပ်တန်းက ရောက်နေတဲ့ လူတစ်ယောက်ကွ၊ သူမှာ နဂါးပတ်ကွက်ကိုးကွက် ရှိတယ်၊ ဘယ်သူမှ ကိုးကွက်ပြည့်အောင် ခံနိုင်ရည် မရှိခဲ့ဘူး"

ဖုန်းဝှာ၏ရှေ့တွင် ကျောက်ရုပ်ကဲ့သို့ ရပ်တန့်နေသူများသည် ဖုန်းဝှာ၏ စကားကို နားစိုက်ထောင်နေကြသည်။ မျက်နှာလို မျက်နှာရ ဝင်ပြောလိုက်သော ဖေစီးထန်သည် ခေါင်းငုံ၍ နားစိုက်ထောင်နေသည်။ ဖုန်းဝှာက ဆက်ပြောသည်။

"ဒါပေမဲ့ တုဝေးဟာ သိုင်းလောကမှာ ခပ်အေးအေးပဲ နေခဲ့တယ်၊ သူများတကာကိုလည်း ရန်မရှာခဲ့ဘူး၊ ဘယ်သူမှလည်း သူ့ကို

ရန်မရှာရဲကြဘူး၊ ကုမုကျိုက သူနဲ့ယှဉ်ပြိုင်တော့ မိုက်ရူးရဲကျတာပဲ"

ဖုန်းဝှာ လမ်းလျှောက်လိုက်ပြန်သည်။ နှစ်လှမ်းခန့် သုံးလှမ်းခန့် လှမ်းပြီး ချက်ချင်းပြန်ရပ်၍ စကားဆက်ပြန်သည်။

"ငါပြောနေတာက သတ္တိမရှိလို့ ပြောနေတာ မဟုတ်ဘူး၊ ငါနဲ့ မပတ်သက်ခဲ့လို့ ငါကြည့်နေခဲ့တာပဲ၊ ဒါပေမဲ့ အခု သူက ပတ်သက်လာပြီ၊ အဲ တစ်ခုတော့ရှိတယ် ... သူ့ကို အလွယ်တကူ အနိုင်ရဖို့က ထိပ်တန်းသိုင်းပညာစုကျမ်းကိုရရင် မူစရာမလိုဘူး၊ သူကသည်း ဒီကျမ်းစာအုပ် တခြားသူရဲ့ လက်ထဲကို ရောက်သွားမှာ မလိုလားတာ အဲဒီအချက်ပဲ"

ဖုန်းဝှာသည် သူ၏စကားဆုံးသောအခါ ဖေစီးထန်ဘက် ပြန်လှည့်လိုက်လေသည်။

"မင်းစုံစမ်းရမှာက ဒီကလေးမလေးနှစ်ယောက်ဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာ စုံစမ်းပြီး ရှင်းသင့်ရင် ရှင်းလိုက်၊ ဒါပေမဲ့ တုဝေးနဲ့ ပတ်သက်နေသေးတယ်ဆိုရင် ငါ့ကို အမြန်ဆုံး အကြောင်းပြန်ပါ"

ဖေစီးထန်က ခါးညွှတ်၍ အရိုအသေပေးလိုက်သည်။ ထို့နောက် အခန်းထဲမှ လှည့်ထွက်သွားလေသည်။

"နေဦး"

လှည့်ထွက်သွားသည့် ဖေစီးထန်ကို ဖုန်းဝှာက ပြန်၍ ဟန့်

တားလိုက်သည်။ ဖေစီးထန်က ရပ်တန့်လိုက်သည်။

"အဲဒီမိန်းကလေးကို မင်းက ပရိယာယ်သုံးပြီး စုံစမ်းပါ။ အဲဒီမှာ တုဝေးလည်း ရှိချင်ရှိနေမယ်၊ အဓိက အရေးကြီးဆုံးအချက်က တုဝေးလက်ထဲကို သိုင်းကျမ်းစာအုပ် ရောက်မသွားဖို့ဘဲ သဘောပေါက်တယ် မဟုတ်လား"

ဖေစီးထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"



ပေ့ရန်းမြို့ ...။

ချိုလန်းတို့၏ခရီးစဉ်က ယခုအခါ ချောမောသွားပြီ ဖြစ်သည်။ သူတို့နှစ်ဦးသည် ပေ့ရန်းမြို့ထဲသို့ ဝင်ရောက်ခဲ့ ပြီဖြစ်သည်။ ပေ့ရန်းမြို့ထဲသို့ စတင်ဝင်သည်နှင့် ရှုလန်း၏မျက်လုံးအစုံဝယ် မျက်ရည်များ ရစ်သိုင်းလာတော့သည်။

သူမ၏မွေးဖွားရာမြို့ ...။ သူမ၏ ဇာတိချက်ကြွေ မွေးရပ်မြေသည် သူမအား နွေးထွေးစွာ ကြိုဆိုလိုက်ပြီဖြစ်သော်လည်း သူမ၏အသည်းနှလုံးများက နာကြည်းစွာ ခံစားလိုက်ရလေသည်။

သူမသည် ကံကောင်းထောက်မ၍ မွေးရပ်မြေသို့ ပြန်လာ

ခဲ့သော်လည်း မိဘနှစ်ပါးမှာ သူ့အတွက် ရုန်းကန်လှုပ်ရှားရင်း အသက်ပေးသွားရလေသည်။

မွေးရပ်မြေသို့ ပြန်မလာနိုင်ခဲ့ပါ။ သူမအတွက် ရတက်ပွေခဲ့သော မိခင်သည် အိမ်၌ အေးဆေးစွာမနေနိုင်ခဲ့ဘဲ သမီးကို သူမကိုယ်တိုင် လိုက်ခေါ်ချင်သောကြောင့် အသေဆိုးနှင့် သေခဲ့ရသည်။

ရှုလန်းတစ်ယောက် တွေးရင်းတောရင်း ကြူကြူပါအောင်ငိုချလိုက်တော့သည်။



ချိုလန်းမှာလည်း ကိုယ်ချင်းစာမိ၏။ သူမကိုယ်တိုင်လည်း ရှုလန်းနှင့် ထပ်တူထပ်မျှ ခံစားနေရပုံ ရသည်။ ချိုလန်းသည် ရှုလန်း၏ မျက်နှာကို သူမ၏ ရင်ခွင်ထဲသို့ ဆွဲသွင်းထားပြီး မြင်းလှည်းကို မောင်းနေသည်။

"အစ်မရယ် ကျွန်မလည်း စိတ်မကောင်းပါဘူး၊ ဖြစ်လာပြီး ခဲ့တာတွေ မေ့ပျောက်နိုင်အောင် ကြိုးစားပါ"

ချိုလန်းက ချိုသာစွာ ချော့မော့၏။ ရှုလန်းသည် ချိုလန်း၏ ရင်ခွင်ထဲမှ သူမ၏ မျက်နှာကို ခွာလိုက်သည်။

"ငါ အသည်းနာတယ် ချိုလန်း၊ ဒီတစ်သက် သင်းတို့ကို

မကျေဘူး၊ လောကကြီးတစ်ခုလုံးကို ငါမကျေနပ်ဘူး"

"ယုံပါတယ် အစ်မရယ်၊ တစ်နေ့ အစ်မဖြစ်စေချင်တာတွေ ဖြစ်လာရမှာပေါ့"

ရွှေလန်း စိတ်ကို ပြန်ထိန်းလိုက်သည်။ ချိုလန်းက တည်းခိုခန်းတစ်ခုရှေ့၌ ရပ်တန့်လိုက်လေသည်။ ထိုတည်းခိုခန်းကို ရွှေလန်း ကောင်းကောင်းမှတ်မိလိုက်သည်။

သူတို့မိသားစု မကြာခဏ လာရောက်စားသောက်ဖူးသည့် တည်းခိုခန်းနှင့် စားသောက်ဆိုင်ကြီး ဖြစ်သည်။ ဆိုင်းဘုတ်ကြီးက သူမအား ပြန်လည်သတိရစေရန် ထည်ဝါလျက်ပင် ရှိနေပေသေး၏။

"နှင်းပွင့်"

✷

ချိုလန်းက နှင်းပွင့်ခြဲဝင်းကြီးထဲသို့ မြင်းလှည်းကို မောင်းသွင်းသွားသည်။ ရွှေလန်းက မော့ကြည့်လိုက်သည်။

"ဘာလဲ ... ဒီမှာ တည်းခိုမလို့လား"

"အင်းလေ ... ဘာဖြစ်လို့လဲ၊ အစ်မ မကြိုက်ဘူးလား"

"ချိုလန်းရယ် ... ငါ့မှာ အိမ်ကြီးတစ်လုံးလုံးရှိနေတာပဲ၊ ဘာလို့ ဒီမှာတည်းခိုရမှာလဲ"

ချိုလန်းက အသာအယာ ပြုံးပြလိုက်သည်။

"အစ်မက သွေးပူနေတဲ့အခါမှာ ဘာမှစဉ်းစားမိမှာ မဟုတ်ဘူး၊ နောက်မှပဲ အေးအေးဆေးဆေး သွားကြတာပေါ့၊ ဒီမှာပဲ ဘာညာခိုဦးမယ်"

ရွှေလန်းလည်း ပါးစပ်ပိတ်၍ ငြိမ်နေလိုက်သည်။

✷

အမှန်တော့ ရွှေလန်းအနေနှင့် လုံးဝ ဘဝင်မကျလှပါ။ သူမသည် မိမိတစ်သက်လုံး နေထိုင်ခဲ့သော အိမ်၌ပင် နေထိုင်လိုသည့် ဆန္ဒရှိပေသည်။

သို့သော်လည်း ချိုလန်းက မည်ကဲ့သို့သော အကြံအစည်ကြောင့်မှန်း မသိသေး၍ နှင်းပွင့်၌ပင် တည်းခိုလိုက်လေသည်။ ချိုလန်းသည် စားစရာနှင့်အရက်များ ယူလာခဲ့သည်။

သူမအနေနှင့် ရွှေလန်း စိတ်ထိခိုက်နေသည်ကို သိသည်။ ဘဲ့ကြောင့် အရက်အနည်းငယ်ကို သောက်စေ၍ စိတ်ကို တည်ငြိမ်စေချင်သောကြောင့် အရက်အိုးကိုပါ ယူလာခဲ့ခြင်း ဖြစ်သည်။

ရွှေလန်းကလည်း ချိုလန်း ထင်သည့်အတိုင်းပင် သူမသည် အရက်ကို နှစ်ခွက်တိတိ ဆက်၍ သောက်ချလိုက်သည်။ ထို့နောက်

"အစ်မမှာ ခံစားချက်တွေ ရှိနေတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ အစ်မကို ထင်းရှုန်းရဲ့သမီးမှန်း၊ အမျိုးအနွယ်မှန်း သိသွားရင် ထမဆုံး ဒုက္ခပေးမှာ ဖုန်းတုပဲ၊ ဒါကြောင့် ကျွန်မက စဉ်းစားဖို့ ပြောနေတာ"

ရွှလန်းက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်သည်။

"မှန်တယ် ... နင်ပြောတာ ငါ မကန့်ကွက်ပါဘူး၊ အဲဒီတော့ ဘယ်လိုလုပ်မလဲ"

"ဖြည်းဖြည်းပေါ့ အစ်မရယ်၊ သူတို့ဟာ ထင်းရှုန်းရဲ့ အမျိုးအနွယ်တွေကို စောင့်ကြည့်နေကြတာဆိုတော့ ကျွန်မတို့က လှည့်စားရမှာပေါ့"

"အင်း ... ညည်းသဘောပဲ"

✻ ✻ ✻

အစားအသောက်များကို စားသောက်ပစ်လိုက်ကြသည်။

✻

"ကဲ ... ပြောစမ်းပါဦး၊ ငါ့အိမ်ကို ဘာလို့မသွားချင်ရတာလဲ"

"ဒီလိုလေ ... ပေ့ရန်းမှာ အစ်မတို့အိမ်ကို စောင့်ကြည့်နေတဲ့လူတွေ ဘယ်လောက်များများ ရှိနေတယ်ဆိုတာ ကျွန်မတို့ မသိသေးဘူး"

"အင်း"

"အခုနေ ကျွန်မတို့က အိမ်ထဲကို ရုတ်တရက်ဝင်နေလိုက်ရင် ထင်းရှုန်းရဲ့ အမျိုးအနွယ်တွေပဲ ဖြစ်ရမယ်ဆိုပြီး ကျမ်းစာအုပ် လာရှာဖွေတဲ့လူတွေဟာ ဒုက္ခပေးတော့မှာ အမှန်ပဲ မဟုတ်လား"

ရွှလန်းက ဝန်ခံလိုက်သည်။

"အင်း ဟုတ်တယ် ... ဒါပေမဲ့"

"အစ်မ ပြောပါဦး"

ရွှလန်းက အံကို ကြိတ်ထားလိုက်သည်။ ပြီးမှ ...

"လာပါစေလေ၊ ဒီလောက်တောင် ကျမ်းစာအုပ်လိုချင်တဲ့ သူတွေ အကုန်လုံး ငရဲပြည်ပို့လိုက်တာပေါ့"

ချိုလန်းက အသံထွက်အောင် ရယ်မောလိုက်သည်။

အခန်း (၁၄)

လင်မယားနှစ်ယောက်

ပေ့ရန်းမြို့သည် ကြီးမားသောမြို့ကြီး ဖြစ်၏။ လူနေထူထပ်၍ ရောင်းဝယ်ဖောက်ကားသူ စီးပွားရေးသမားများ အများဆုံး ကျက်စားသည့် မြို့ကြီးတစ်မြို့ဖြစ်ပေသည်။

ပေ့ရန်းမြို့တွင် ထင်ရှားသော လမ်းမကြီးငါးခု ရှိလေသည်။ ယင်းလမ်းမကြီးငါးခုပေါ်တွင် နေထိုင်ကြသောသူများမှာလည်း ငွေကြေးချမ်းသာသောသူများသာ ဖြစ်ကြသည်။

ထိုလမ်းမကြီး ငါးသွယ်အနက် စတုတ္ထလမ်းမကြီးပေါ်တွင် အိမ်ကြီးတစ်အိမ်မှာ ခြောက်သွေ့တိတ်ဆိတ်လျက် ရှိနေပေသည်။ လူများမနေထိုင်ကြသည်မှာ ကြာပြီမို့ ရေညှိများ၊ သစ်ပင်ချုံနွယ်များက ရစ်သိုင်းလျက် ရှိနေပေသည်။

ကျယ်ဝန်းသောခြံကြီးသည် ရှင်းလင်းမည့်သူမရှိသောကြောင့် မြက်ရိုင်းများနှင့် အလေ့ကျပေါက်ပင်များက စိုးမိုးလျက်

ရှိနေပေသည်။

ထိုအိမ်ကြီးမှာ လူသူကင်းမဲ့လျက်ရှိသော်လည်း ထိုအိမ်ကြီးတွင် ထိန်းသိမ်းစောင့်ရှောက်သူတစ်ဦး ရှိပေသည်။ ထိုသူမှာ သူဌေးကြီး ကျူးထန်လေးပင် ဖြစ်လေသည်။ ကျူးထန်လေးသည် ထင်းရှူးမိန်းမ၏အစ်ကိုကြီး ဖြစ်တော့သည်။

✱

သူဌေးကျူးထန်လေး၏အိမ်သို့ ည့်သည်နှစ်ဦး ရောက်ရှိလာလေသည်။ အသက်ငယ်ရွယ်သော လင်မယားနှစ်ယောက်ပင် ဖြစ်သည်။ သူတို့နှစ်ဦးသည် တခြားတစ်နယ်မှ ပြောင်းရွှေ့လာသောသူများဟု သူဌေးကြီး ကျူးထန်လေးအား ပြောပြ၏။

"ကောင်းပါပြီ ... ခင်ဗျားတို့ဧနီးမောင်နှံ ကျုပ်ဆီလာတဲ့ အကြောင်းကိုပဲ ပြောပါ"

ကျူးထန်လေးက လူငယ်လင်မယားကို ကြည့်၍ ပြောလိုက်သည်။

"ကျွန်တော်တို့ ဟိုအိမ်ကြီးကို ဝယ်ချင်လို့ပါ"

ကျူးထန်လေးသည် လူငယ်လင်မယားကို သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားတို့က ဘယ်ကလဲ"

"ကျွန်တော်တို့က တခြားနယ်ကပါ၊ ပေ့ရန်းမှာ အခြေချ
လို့ အဲဒီအိမ်ကို လာတောင်းဝယ်တာပါ"

ကျူးထန်လေးက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူး"

လူငယ်က ... "ဘာဖြစ်လို့လဲ ခင်ဗျာ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီအိမ်က ကျုပ်နှမအိမ်ပဲ၊ ဒါပေမဲ့"

ကျူးထန်လေးက စကားမဆက်ဘဲ ခေါင်းယမ်းလိုက်သည်
အတန်ကြာမှ ...

"ဘယ်နည်းနဲ့မှ ရောင်းလို့ မဖြစ်ပါဘူးဗျာ"

"ကျွန်တော်တို့ သိရှိရသလောက်တော့ အဲဒီအိမ်ပိုင်ရှင်က
မရှိတော့ဘူးလို့ ကြားတယ်၊ ဒါကြောင့် အလကားထားမယ့်အတူတူ
ကျွန်တော်တို့ကို ရောင်းပါလို့ ပြောတာပါ"

ကျူးထန်လေးသည် လူငယ်ကို ဆတ်ခနဲ ကြည့်လိုက်လေ
သည်။

"မောင်ရင်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျုပ်ရောင်းလို့
မဖြစ်ပါဘူး၊ တစ်နေ့တစ်ချိန်မှာ ဒီအိမ်ကို ပိုင်ဆိုင်တဲ့လူဟာ ရောက်
ချင် ရောက်လာမှာပါ"

လူငယ်သည် သူ၏အမျိုးသမီးကို ကြည့်လိုက်သည်။ အမျိုး

သမီးက ခေါင်းငုံ့နေ၏။ လူငယ်သည် ကျူးထန်လေးကို ပြန်ကြည့်
လိုက်သည်။

"ဒီလိုလုပ်ပါ ခင်ဗျာ"

ကျူးထန်လေးက မျက်မှောင်ကြုတ်လိုက်သည်။

"ပြောပါ"

"ကျွန်တော်တို့ကို ယာယီငှားတာပါ၊ အဲဒီလိုကော မဖြစ်နိုင်
ဘူးလား"

ကျူးထန်လေးသည် အချိန်ကြာမြင့်စွာ စဉ်းစားနေပေ
သည်။ ကျူးထန်လေး မစဉ်းစား၍လည်း မဖြစ်ပါ။

အမှန်တော့ ဤအိမ်ကြီးကို သူက ပိုင်ဆိုင်ခြင်း မရှိပါ၊ သူမ
၏နှမသည် သေဆုံးသွားပြီ ဖြစ်သော်လည်း သားဖြစ်သူနှင့် သမီး
ဖြစ်သူမှာ ပျောက်ဆုံးနေသည့်အတွက် တစ်နေ့တစ်ချိန် ပြန်လည်
ရောက်ရှိလာပါက အခက်အခဲတွေ့မည် မဟုတ်ပါလား။

အပြီးအပိုင် မရောင်းဘဲ ယခုကဲ့သို့ ငှားထားသည်က အိမ်
ကို စောင့်ရှောက်ထားရာလည်းကျသည်။ လူနေထိုင်သဖြင့် အိမ်နှင့်
ပတ်ဝန်းကျင်လည်း သပ်သပ်ရပ်ရပ် ရှိမည်ဟု စဉ်းစားမိလိုက်လေ
သည်။ ထို့ကြောင့် ကျူးထန်လေးက ...

"မင်းတို့မှာ အခက်အခဲရှိနေရင် ဒီလိုလုပ်ပါ"

"ဟုတ်ကဲ့ ... ပြောပါ"

"သူ့ဝိုင်ရှင် ပြန်ရောက်လာရင် အချိန်မရွေး ဖယ်ပေးရမယ် သဘောတူရဲ့လား"

လူငယ်က ဝမ်းသာစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဖယ်ပေးပါ့မယ်"

"နောက်တစ်ချက်ကတော့ မင်းတို့ကြောင့် ပျက်စီးသွားမယ်၊ မီးလောင် ဆုံးရှုံးသွားမယ်ဆိုရင် မင်းတို့ အိမ်ရဲ့တန်ဖိုးကို လျော်ပေးရမယ် သဘောတူသလား"

လူငယ်သည် သူ၏ဖနီးဖြစ်သူနှင့် တိုင်ပင်ကာ ...

"ဟုတ်ကဲ့ သဘောတူပါတယ်"

နှစ်ဦးနှစ်ဖက် ကျေနပ်မှု ရသွားကြသည်။

ပိုင်ရှင်ကင်းမဲ့၍ ခြောက်သွေ့နေသော အိမ်ကြီးမှာ သုံးလေးရက်အတွင်း စိုပြည်သွားတော့သည်။ ရွှေလန်းသည် အိမ်ကြီးပေါ်သို့ စတင်၍ ခြေချသည့်နေ့ကဆိုလျှင် သူမအခန်းထဲ၌ တစ်နေ့လုံး ငိုယို၍နေသည်။

ချိုလန်းက အမျိုးမျိုး ချော့မော့ပြောပြအားပေးသဖြင့် တဖြည်းဖြည်း နေသားကျသွားသည်။ ချိုလန်းသည် ယခုအချိန်ထိ ယောကျ်ားတစ်ဦးကဲ့သို့ ဖန်တီးထားလေသည်။

အခြားသူများ၏ အမြင်တွင် ထိုအိမ်ကြီးကို လင်မယား နှစ်ယောက်က ဝယ်ယူနေထိုင်ကြသည်ဟု ထင်နေကြသည်။ သူမတို့

သည် ရန်သူများကို မျက်စိလှည့်ထားလိုက်ခြင်းပင် ဖြစ်သည်။

"ငါ့အဖြစ်များကလည်း ငါ့အိမ်ကိုငါငှားပြီး ပြန်နေရတဲ့ အခြေခံမျိုးပါလား"

ရွှေလန်းက ညည်းတွားလိုက်သော်လည်း ချိုလန်းက ရယ်နေသည်။

"ဒီလိုမှမလုပ်ရင် ကျွန်မတို့ကို လူတွေက ရိပ်မိသွားကြမယ်လေ့ာ်လား၊ ခုလို လင်မယား နှစ်ယောက်အသွင် ဖန်တီးလိုက်တော့ တစ်မျိုး စိတ်အေးသွားရတာပေါ့"

ရွှေလန်းသည် ချိုလန်းကိုကြည့်၍ မျက်စောင်းထိုးလိုက်သည်။ ချိုလန်းမှာ နှုတ်ခမ်းမွေးစစနှင့် တကယ့်ယောကျ်ားတစ်ဦးနှင့် တူလှပေသည်။ ပြောဟန်ဆိုဟန်ကလည်း ယောကျ်ားတစ်ဦး၏မာန်ပါနေသဖြင့် ချိုလန်း ရုပ်ပြောင်းရုပ်လွဲနှင့်ပညာတို့ကို ရွှေလန်းက ချီးကျူးနေမိသည်။

"နင့်ရုပ်ကို ငါကြည့်ပြီး ခဏခဏ ကြက်သီးထတယ်နော်၊ သတိထားနေ ... တော်ကြာ ငါသတ်မိလိမ့်မယ်"

ယောကျ်ားဆိုလျှင်မုန်းနေသော ရွှေလန်းက ရယ်သလို မောသလို ပြောလိုက်လေသည်။ ချိုလန်းက လက်ကာပြရင်း ...

"မလုပ်ပါနဲ့ ... တော်ကြာ ကိုယ့်ယောကျ်ားကို သတ်တယ်ဆိုတဲ့ အမှုတစ်ခု ပေ့ရန်းမှာ ဖြစ်သွားဦးမယ်"

နှစ်ယောက်စလုံး ရယ်မောလိုက်သည်။



"ဒီမှာ အစ်မ"

"ဘာပြောမလဲ"

"ဒီမှာ အစ်မတို့နဲ့ပတ်သက်တဲ့ အမျိုးတွေ ဘယ်သူရှိသေးသလဲ"

ရွှလန်းက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာလုပ်မလို့လဲ"

"ဒီလိုလေ ... ကျွန်မတို့က ဒီအတိုင်းပဲနေလို့ ဘယ်ဖြစ်မလဲ၊ အစ်မတို့ရဲ့မိဘတွေ ခရီးထွက်ခါနီးမှာ ထင်းကျောင်းကို ဘယ်သူနဲ့ အပ်ခဲ့တယ်, ဘာစကားမှာခဲ့တယ်ဆိုတာတွေကို မစုံစမ်းဘူးလား"

ရွှလန်း သက်ပြင်းချလိုက်လေသည်။

"အင်း ... နင်ပြောတာ မှန်တယ်၊ အမျိုးဆိုလို့ ဦးလေးကျူးထန်လေးနဲ့ နောက် အဖေရဲ့ အဒေါ်တစ်ယောက်ပဲ ရှိတယ်၊ အဲဒီအဒေါ်တစ်ယောက်ရှိတယ်၊ အဲဒီအဒေါ်ကိုတော့ အဖေက ခပ်တန်းတန်းပဲနေတော့ ဘာမှ မှာကြားခဲ့မှာမဟုတ်ဘူး"

"ဒါဖြင့် အစ်မလေးဦးလေး ထန်းကျူလေးကိုကော"

"ဒါကလည်း အမေနဲ့ပတ်သက်မှ ယောက်ဖတော်တယ် ဆို ... အဖေက မှာချင်မှ မှာခဲ့မှာ၊ အမှန်တော့ မပြောနိုင်ဘူး"

ချိုလန်းသည် သက်ပြင်းချ၍ စဉ်းစားနေသည်။

"ဘာပဲဖြစ်ဖြစ် သူတို့ကိုတော့ မေးသင့်တာပဲ"

"သူတို့က ပြောပါ့မလား"

ချိုလန်းက ...

"ဒီလိုပုံစံမျိုးနဲ့တော့ ဘာပြောမလဲ၊ သူတို့က ပြောရင် ရှုဝါနေနဲ့ မေးမှ ပြောချင်ပြောမှာ"

ရွှလန်းက ခေါင်းညိတ်လိုက်သည်။

"အေး ... နင်ပြောတာ ဟုတ်တယ်"

သူတို့နှစ်ယောက် စကားပြောနေစဉ် အဘိုးအိုတစ်ယောက် ဝင်လာသည်။ ထိုအဘိုးအိုအား တွေ့လိုက်ရသည်နှင့် ရွှလန်းက တစ်ခက် ဝမ်းသာသွားသည်။

အဘိုးအိုအား ရွှလန်းက ငယ်စဉ်ကတည်းက သိရှိနေ၏။ အဘိုးအိုသည် သူမတို့၏ ဥယျာဉ်မှူးကြီးပင် ဖြစ်လေသည်။

"ဝင်ခဲ့ပါ ဘဘ"

ရွှလန်းက အဘိုးအိုအား ဧည့်ခန်းထဲသို့ ခေါ်လိုက်သည်။ အဘိုးအို၏အမည်မှာ ထုံစေးလုံ ဖြစ်သည်။ ထုံစေးလုံသည် ခန်းဆီ ထိုင်ပြီး ချိုလန်းနှင့်ရွှလန်းတို့ကို ကြည့်လိုက်သည်။

ချိုလန်းမှာ ယောကျ်ားအသွင်နှင့်ဖြစ်၍ လင်မယား နှစ်ယောက်ပင် ဖြစ်ရမည်ဟု ထုံစေးလုံက ထင်မိလိုက်သည်။

"အဘ ဘာကိစ္စလဲ"

ချိုလန်းက မေးလိုက်သည်။ ထုံစေးလုံ၏မျက်နှာမှာ မသာမယာ ဖြစ်နေသည်။ သူသည် ယခင်က အိမ်ရှင်များကို သတိရနေဟန် တူ၏။

"ကျုပ်လာတာကတော့ ဒီအိမ်ကို လူတွေ ရောက်လာတယ်ဆိုလို့ ဘယ်သူတွေများလဲလို့ လာကြည့်တာပါ"

ချိုလန်းက ရွှလန်းကို ကြည့်လိုက်သည်။ ရွှလန်းက သူဘာမှမပြောချင်သည်နှင့် နှင့်ဟာနှင်ဆက်ပြောဟု အမူအရာပြလိုက်သည်။

"အဘက အစတုန်းက နေသွားတဲ့ လူတွေကို သိလို့လား"

ထုံစေးလုံသည် သက်ပြင်းချလိုက်လေသည်။

"အင်း ... ကျုပ်တော့ ပြောရမှာတောင် ခပ်ကြောက်ကြောက် ဖြစ်နေတာပဲဗျ"

ချိုလန်းက အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ အဘ"

"ဟာ ... မပြောချင်ပါဘူး မောင်ရင်ရယ်၊ ကျုပ်ဟာ ဒီအိမ်မှာ ဥယျာဉ်မှူးလုပ်တာ အနှစ်နှစ်ဆယ်ကျော်ခဲ့တယ်"

"ဪ"

"အခုတော့ အလုပ်မရှိ အကိုင်မရှိ ဆင်းရဲရတဲ့အထဲ ဒီအိမ်ကို မိသားစုအကြောင်းကို လာမေးကြတဲ့လူတွေက ကျုပ်ကို ဒုက္ခပေးဆုံးပဲ"

ချိုလန်းက စိတ်ဝင်စားလာသည်။

"သူတို့က ဘာမေးလို့လဲ"

"ဟာ ... စုံလို့ပဲ၊ လူကလေး ထင်းကျောင်းရဲ့အကြောင်း, သံမလေး ရွှဝါရဲ့အကြောင်း ... အဲဒါတွေပဲ မေးနေကြတာပဲ၊ ကျုပ်က ဘယ်လိုဖြေရမှာလဲ"

ရွှလန်းသည် ထုံစေးလုံကို ကြည့်လိုက်ပြီး စိတ်မကောင်းဖြစ်သွားမိသည်။ ထင်းကျောင်းသည် ထုံစေးလုံ၏လက်ပေါ်တွင် ကြီးပြင်းလာသကဲ့သို့ မိမိလည်း ထုံစေးလုံ၏ အယုအယ အပြုအစုကြားတွင် ကြီးပြင်းလာသူ မဟုတ်ပါလား။ ချိုလန်းက ...

"အဘက အဲဒီလူတွေအကြောင်း တကယ်မသိဘူးလား"

ထုံစေးလုံသည် ချိုလန်းကို မျက်လုံးဝိုင်း၍ ကြည့်လိုက်သည်။

"အလို ... မောင်ရင်ကလည်း ကျုပ်ကို ဒီအကြောင်းပဲ မေးမြန်းပြန်ပလား"

ချိုလန်းက ရယ်လိုက်လေသည်။

"မဟုတ်ပါဘူး အဘရဲ့၊ ကျွန်တော်က စကားအဖြစ် ပြော
တာပါ၊ သိရင်လည်း ပြောပြလိုက်ပေါ့ ... ဘာများအရေးကြီးလို့လဲ"

ထုံစေးလုံက သက်ပြင်းချလိုက်လေသည်။

"ကျုပ် ပြန်ဦးမယ်"

ချိုလန်းက ကပျာကယာ လက်ကာပြလိုက်သည်။ ထို့
နောက် ရွှလန်းကိုကြည့်ကာ ...

"အဘကို ဒီမှာ ဥယျာဉ်မှူးပြန်ခန့်ထားရင် ကောင်းမလား"

ရွှလန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ"

ချိုလန်းသည် ထုံစေးလုံကို ကြည့်လိုက်၏။

"အဘ အခု အလုပ်မရှိဘူးဆို"

"ဟုတ်တယ်"

"ကျွန်တော်တို့ဆီမှာ ပြန်ပြီး ဥယျာဉ်မှူးလုပ်ပါ"

ထုံစေးလုံ ဝမ်းသာသွားသည်။

"မောင်ရင် တကယ်ပြောတာလား"

ချိုလန်းက ခေါင်းညိတ်လိုက်လေသည်။

"တကယ်ပြောတာပေါ့"

ထိုစဉ် ရွှလန်းက ...

"အဘ အရင်က ဒီအိမ်မှာ ဂေဟာမှူးရှိသလား"

"ဟာ ... ရှိတာပေါ့။ ခု သူလည်း ပဲပြားရောင်းစားနေတယ်"

"သူ့ကို လိုက်ရှာပြီး ခေါ်ခဲ့ပါ၊ ဂေဟာမှူးအလုပ်ကို ကျွန်မ
ဘဲ့က ပြန်ထားချင်တယ်လို့ ပြောလိုက်"

"ကောင်းပါပြီ ... သူသာသိရင် သိပ်ဝမ်းသာမှာပဲ"

ထုံစေးလုံ ဝမ်းသာအားရ ပြန်ထွက်သွားလေသည်။

ချိုလန်းက ...

"ဂေဟာမှူးက ဘယ်သူပဲ"

"သူလို အဘိုးကြီးတစ်ယောက်ပဲ၊ နာမည်က မွန်းကျီလို့
ခေါ်တယ်၊ အတွေးအခေါ် ကောင်းတယ်၊ သိုင်းပညာတော်တယ်"

ချိုလန်းက တစ်စုံတစ်ခု စဉ်းစားမိပြီး ဝမ်းသာသွားသည်။

"အင်း ... ဒါဆို အဲဒီ ဂေဟာမှူးဆီကလည်း သတင်းအစ
အနှ အများကြီး ရနိုင်တာပေါ့"

သူတို့နှစ်ဦး ထိုကဲ့သို့ပြောနေစဉ် မြင်းတစ်ကောင်သည်
သူတို့၏ ဂေဟာရှေ့တွင် ရပ်တန့်လိုက်လေသည်။ မြင်းပေါ်မှလူကို
မြင်လိုက်ကတည်းက ကျားသစ်ဂေဟာကလူမှန်း ချိုလန်းနှင့် ရွှလန်း
က ကောင်းကောင်းကြီးသိလိုက်တော့သည်။

"မသာတစ်ကောင်တော့ လာပြီဟေ့"

ချိုလန်းက ပြောလိုက်သည်။ ရှလန်းသည် မြင်းပေါ်က ဆင်းလာသူကို အံကြိတ်၍ ကြည့်နေပေသည်။

ချိုလန်းနှင့် ရှလန်းသည် မြင်းနှင့်လာသူ၏ အမည်ကို မသိပါ။ သူ၏ ဝတ်စားဆင်ယင်မှုကိုသာ ကြည့်၍ ကျားသစ်ဂေဟာကမှန်း သိရှိခြင်း ဖြစ်လေသည်။ ထိုသူမှာ ဖေစီးထန်ပင် ဖြစ်လေသည်။

ဖေစီးထန်သည် ယဉ်ကျေးသိမ်မွေ့စွာပင် ဝင်ခွင့်တောင်းလိုက်သည်။ ချိုလန်းက ...

"ဝင်ခဲ့ပါဗျာ"

ဖေစီးထန်သည် နှစ်ယောက်စလုံးကို အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် သူသည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်သည်။

"မိတ်ဆွေက ဘယ်ကလဲ"

ချိုလန်းက ယောကျ်ားတစ်ယောက်၏ဟန်ဖြင့် မေးလိုက်လေသည်။

"ကျုပ်က ဧည့်သည်တစ်ယောက်ပါပဲ၊ ဒါနဲ့ ဒီအိမ်ဟာ အစက ထင်းရှန်း၏ အိမ် မဟုတ်လား"

"ဟုတ်ပါလိမ့်မယ်"

ချိုလန်းက မတင်မကျ ဖြေလိုက်သည်။ ဖေစီးထန်သည် ချိုလန်းအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဟုတ်ပါလိမ့်မယ်ဆိုတော့ ခင်ဗျားတို့က ထင်းရှန်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူးလား"

ချိုလန်းက ခေါင်းယမ်းလိုက်၏။

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ ကျုပ်တို့က ဒီအိမ်ကို ငှားနေတာပဲ"

"ဩော်"

"ဘာလဲ ... ခင်ဗျားက ဒီအိမ်ရှင်ထင်းရှန်းနဲ့ သိလို့လား"

ချိုလန်းက ပြန်မေးလိုက်လေသည်။

"ဟုတ်ကဲ့ သိပါတယ်၊ ဒါပေမဲ့ ထင်းရှန်းတို့မိသားစု မရှိတော့ဘူးဆိုတာလည်း သတင်းကြားမိပါတယ်၊ ကျုပ်စိတ်ထဲမှာ ခင်ဗျားတို့က ထင်းရှန်းနဲ့ အမျိုးအနွယ်တွေလားလို့ပါ"

ချိုလန်းက ခေါင်းယမ်းလိုက်လေသည်။

"မဟုတ်ပါဘူးဗျာ၊ အဲ သိချင်ရင်တော့ ခင်ဗျားက သူ့ဌေးကြီး ကျူးထန်လေးကို သွားမေးပါ၊ သူကတော့ ထင်းရှန်းရဲ့ အမျိုးအနွယ် တစ်ယောက်ပဲ"

"ဟုတ်ကဲ့ ကောင်းပါပြီ"

ဖေစီးထန်သည် နှုတ်ဆက်၍ ပြန်သွား၏။

✵

"ဒီကောင်က ကုမ္ပကျိရဲ့ ရာထူးကို ရထားတဲ့ အကောင်နဲ့ တူတယ်၊ သူ့ရဲ့ ဝတ်စားဆင်ယင်မှုက ကုမ္ပကျိအတိုင်းပဲ"

ရွှေလန်းက ပြောလိုက်လေသည်။

"အစ်မ ပြောတာ ဖြစ်နိုင်ပါတယ်"

ရွှေလန်းသည် နှုတ်ခမ်းကို ကိုက်၍ စဉ်းစားနေ၏။ ပြီးမှ ချိုလန်းအား ...

"တို့ ဒီကောင်ကို ဘယ်လိုလုပ်မလဲ"

"စောင့်ကြည့်သေးတာပေါ့၊ သူ ဘာဆက်လုပ်မလဲလို့"

ရွှေလန်းက ခေါင်းယမ်းလိုက်သည်။

"စောင့်ကြည့်နေစရာ မလိုဘူး၊ ဒီကောင်မျိုးကို အမြန်ဆုံး ရှင်းပစ်လိုက်တာ ကောင်းတယ်"

ချိုလန်းက ခေါင်းခါယမ်းပြလိုက်သည်။

"အစ်မ သိပ်ပြီးတော့ စိတ်ဆန္ဒစောနေပြီ"

"ဘာလို့ စိတ်ဆန္ဒစောရမှာလဲ"

ရွှေလန်းက မကျေနပ်သလို ပြန်ပြောလိုက်လေသည်။

"ကျွန်မတို့က ဒီကိုရောက်ပြီး မကြာခင်မှာ လူပ်လူပ်ရှားရှား လုပ်နေရင် ကျားသစ်ဂေဟာကပဲ ဖြစ်ဖြစ်၊ တခြားရန်သူကပဲဖြစ်ဖြစ် ရိပ်မိသွားပြီး တစ်နေရာရာကို ထပ်ပြောင်းရမှာ သေချာတယ်၊ ဒီ

အဘွဲ့ ကျွန်မတို့က ဣန္ဒြေမပျက် အချိန်ကြာကြာကလေးနေဖို့ သိပ် အရေးကြီးတယ်"

ရွှေလန်း သဘောပေါက်သွားသည်။

"ကိစ္စတစ်ခု အလျင်စလို မဆုံးဖြတ်ရဘူး၊ အလျင်စလို ဆုံးဖြတ်တဲ့ကိစ္စဟာလည်း ဘယ်တော့မှ မမှန်နိုင်ဘူး"

ထိုစကားကို ရွှေလန်းအား သူမ၏ ဆရာကျန်စုက ပြောကြား ခဲ့လေသည်။ ထို့ကြောင့် ချိုလန်း၏စကားကို ရွှေလန်းက သဘော ပေါက်သွားကာ ခေါင်းညိတ်လိုက်တော့သည်။

✱

သူမတို့ထံသို့ ဥယျာဉ်မှူးကြီးထုံစေးလုံနှင့် ဂေဟာမှူး မွန်းကျိတို့ နှစ်ဦးရောက်ရှိလာလေသည်။ ဥယျာဉ်မှူး ထုံစေးလုံက အလုပ်ကို လိုလိုချင်ချင်နှင့် သဘောတူလိုက်သော်လည်း ဂေဟာမှူးမွန်းကျိသည် ချီတုံချတုံ ဖြစ်နေသည်။

"ကျုပ် မောင်ရင်တို့ပေးတဲ့အလုပ်ကိုတော့ လက်ခံချင်ပါ ဘယ်၊ ဒါပေမဲ့ ဒီအိမ်နဲ့ပတ်သက်ပြီး ခင်များတို့ကော ကျုပ်တို့ပါ ရန်များလာမှာကိုတော့ စိုးရိမ်တယ်"

ချိုလန်းက ...

"ဘယ်လိုရန်များမှာလဲ အဘမွန်းကျီရဲ့"

မွန်းကျီသည် သက်ပြင်းချလိုက်သည်။

"အင်း ... မောင်ရင်တို့က မသိသေးဘဲကိုး၊ တကယ်တော့ ကျုပ်ရဲ့ သခင်တွေဟာ စိတ်ထားကောင်းတဲ့ သူတွေပါ၊ ဒါပေမဲ့ သိုင်း ကျမ်းစာအုပ်တစ်အုပ်ကြောင့် ဒုက္ခအမျိုးမျိုး တွေ့သွားကြတာပါ၊ ဒီစာအုပ်ကို လိုချင်တဲ့လူတွေဟာ သူတို့ သေသွားတဲ့တိုင်အောင် အမျိုးအနွယ်တွေဆီမှာ စုံစမ်းတုန်းပဲ မဟုတ်လား"

"ဆက်ပြောပါဦး အဘမွန်းကျီ"

"တခြား ပြောစရာ မရှိပါဘူး ဒါပါပဲ၊ ခင်ဗျားတို့ကို ရန်သူတွေက ထင်းရှန်းရဲ့ အမျိုးအနွယ်တွေ ထင်မှာစိုးလို့ပါ"

ချိုလန်းက ခေါင်းယမ်းလိုက်လေသည်။

"ကိစ္စမရှိပါဘူး၊ ဘယ်လိုမှ မပတ်သက်တဲ့အကြောင်း ရှင်းပြရုံပဲပေါ့"

မွန်းကျီသည် သက်ပြင်းရှည်ကြီးကို ချလိုက်ပြန်သည်။

"ကောင်းပြီလေ ... အဘလည်း မင်းတို့ခန့်အပ်တဲ့တာဝန်ကို ယူပါတယ်"

* * *

အခန်း (၁၅)

ပျောက်သောသူ

အချိန်များသည် ကျန်ခြေရစွာဖြင့်ပင် ကုန်ဆုံးသွားသည်။ ချိုလန်းနှင့် ရှုလန်းတို့သည် သူတို့၏ သိုင်းပညာများကို အပတ်တကုတ်ကြိုးစားလေ့ကျင့်နေသည်။

သူမတို့သည် မသိမသာ စုံစမ်းမှုများလည်း ပြုလုပ်လျက်ရှိ၏။ သို့သော် လေးနှစ်ဟူသော အချိန်ကာလသည် တိုတောင်းစွာဖြင့် ကုန်ဆုံးသွားခဲ့လေသည်။

အရာရာသည် ပြောင်းလဲကုန်တော့၏။ ကျမ်းစာအုပ်နောက်သို့ လိုက်နေကြသောသူများ၏သတင်းသည် တစ်စတစ်စပျောက်ကွယ်လု ရှိလာတော့သည်။

အခြေအနေသည် အေးချမ်းလာသည်ဟု ဆိုရမလောက်ပင်ဖြစ်လာသည်။ သို့သော် ရှုလန်း၏ရင်ထဲဝယ် မမေ့မပျောက်သေးသော အရာများသည် များစွာပင် ရှိနေသေး၏။

လေးနှစ်လုံးလုံး ဥယျာဉ်မှူးသည် သူ့လုပ်ငန်းကို သူ ကျေ
ပွန်စွာ ဆောင်ရွက်ပေးသည်။ ထိုအခါ ခြံကြီးတစ်ခြံလုံးမှာ လှ
စိုပြည်လာတော့သည်။

ဂေဟာမှူး မွန်းကျီကလည်း သူတို့နှစ်ဦး၏စားရေးသောက်
ရေးမှအစ ချက်ပြုတ်ရေးအထိ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်
ပေးသည်။

နှစ်ဦးစလုံးသည် ချိုလန်းတို့နှင့် နေရသည်ကို စိတ်ချမ်းသာ
ပုံ ပေါ်နေသည်။ သို့သော် သူတို့နှစ်ဦးစလုံးတွင် တူညီသော အချက်
တစ်ခု ရှိနေကြသည်။

အချက်မှာ ရှုလန်းကိုကြည့်၍ သူတို့နှစ်ဦးစလုံး သံသယ
တစ်မျိုးစီ ဖြစ်နေကြသည်မှာ အမှန်ပင် ဖြစ်လေသည်။ အဘယ်
ကြောင့်ဆိုသော် ရှုလန်းသည် သူတို့၏လက်ပေါ်တွင် လက်ပွန်းတတီး
ကြီးပြင်းလာသူတစ်ဦး မဟုတ်ပါလား။

ချိုလန်းသည် မျက်စီမျက်နှာပျက်ဖြင့် အပြင်မှ ပြန်ရောက်
လာသည်။ ရှုလန်းက အမျိုးမျိုးမေးသော်လည်း သူမက မပြောပေ။
သူမသည် ရှုလန်းအား တစ်စုံတစ်ခုပြောမည်ဟု ထင်နေရသော်
လည်း သူမ၏ပါးစပ်မှ မည်သည့် စကားမျိုးမှ ထွက်မလာပါ။

ရှုလန်းက စိတ်ထဲတွင် ကသိကအောင့် ဖြစ်နေသော်လည်း
နောက်မှအေးအေးမေးမည်ဟု စိတ်ဆုံးဖြတ်ထားလိုက်သည်။ ချို

လန်းသည် ရှုလန်း သံသယမဖြစ်စေရန် အမျိုးမျိုးဟန်ဆောင်၍ နေ
ပေသည်။ သူမက ရယ်ရယ်မောမောစကားများကိုပင် ပြောဆို
ဆောက်ပြောင်နေ၏။

သို့သော် ရှုလန်း၏စိတ်ထဲ နည်းနည်းမှ မသင်္ကာပေ။ သူမ
၏ စကားများနှင့် ပြောဟန်ဆိုဟန်များသည် ဟန်ဆောင်၍ ပြောနေ
မှန်း ရိပ်စားမိသည်။ ထို့ပြင် ချိုလန်းသည် စောစီးစွာပင် အိပ်ရာထဲ
သို့ ဝင်သွားတော့သည်။

ရှုလန်းက အခြေအနေကြည့်၍ အတန်ကြာမှ အိပ်ရာထဲသို့
ဝင်ခဲ့လေသည်။ ထိုအခါ သူမ၏မျက်လုံးအစုံမှာ ဝိုင်းစက်သွားလေ
တော့သည်။

အဘယ်ကြောင့်ဆိုသော် အိပ်ရာထဲ၌ ချိုလန်းတစ်ယောက်
မရှိတော့ပါ။ ရှုလန်းသည် တစ်အိမ်လုံး ဒေါင်းတောက်အောင် ရှာဖွေ
သည်။ သို့သော်လည်း မည်သည့်နေရာမှ မတွေ့သည်အခါတွင်
အပြင်သို့ ကိစ္စတစ်ခုဖြင့် ထွက်သွားသည်ဟု ထင်မိလိုက်၏။

သူမ တစ်ညလုံး အိပ်မပျော်ပါ။ လာနိုးလာနိုးနှင့် စောင့်
စားနေသည်။ မိုးသာ စင်စင်လင်းသွားတော့ည်။ ချိုလန်းကား လုံးဝ
ပြန်မလာပေ။

ရှုလန်းသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်
သွားတော့သည်။ ဂေဟာမှူး မွန်းကျီနှင့် ဥယျာဉ်မှူး ထုံစေးလုံတို့

သည် ပျာယာခတ်နေသော ရွှေလန်းအတွက် နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

"လုံမလေး ဘာဖြစ်နေတာလဲ"

သူမ၏အမူအရာ မတည်မငြိမ် ဖြစ်နေသည်ကို ကြည့်၍ မွန်းကျိုက မေးလိုက်လေသည်။

"ကျွန်မယောကျ်ားး ရှာမတွေ့လို့"

"အင်း ကျုပ်ထင်သားပဲ၊ ဒီသူငယ် ညကတည်းက မတွေ့ပါဘူးလို့၊ ဘာလဲ လုံမလေးနဲ့ စိတ်ဆိုးလို့လား"

ရွှေလန်းက ခေါင်းခါယမ်းလိုက်လေသည်။

"ဘာမှ မဖြစ်ပါဘူး၊ သူတစ်ခုခု ဖြစ်ပြီးနဲ့တူတယ်"

"နေပါဦးလေ ... ကျုပ်တို့ လိုက်ရှာပါဦးမယ်"

ထိုစကားကို ပြောသူမှာ ထုံစေးလုံ ဖြစ်ပေသည်။ မွန်းကျိုကလည်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... အဘ လိုက်စုံစမ်းပါ့မယ်"

သူတို့နှစ်ဦး အိမ်ထဲမှ လျင်မြန်စွာ ထွက်သွားကြသည်။ ရွှေလန်းလည်း မနေပါ။ သူမသည် မြင်းဇောင်းထဲမှ မြင်းကို ဆွဲထုတ်၍ ချိုလန်းအား လိုက်လံရှာဖွေတော့သည်။

✱

သုံးယောက်စလုံး တစ်နေကုန် တစ်နေခန်း အရှာအဖွေ သွက်ကြသည်။ ညအတော်လေး မိုးချုပ်မှ အိမ်ပြန်ရောက်ကြသည်။ အသီးသီးမှ မောဟိုက်ပင်ပန်းလာကြသော်လည်း မျက်နှာများက ဝေဘမယာ ရှိလှပေသည်။

သူတို့သည် ဘယ်လိုမှ သတင်းအစအန မရအောင်ပင် ဖြစ်သွားကြတော့သည်။ ရွှေလန်းသည် အိပ်ခန်းထဲသို့ ဝင်၍ ငိုကျွေးလိုက်လေသည်။

အမှန်တော့ ချိုလန်းသည် သူမ၏အသက်သခင် ကျေးဇူးရှင်တစ်ဦးဟု သတ်မှတ်ထား၏။ ချိုလန်းက အစိမတစ်ဦးကဲ့သို့ခင်မင်သလို မိမိကလည်း ညီမအရင်းတစ်ယောက်လို သဘောထားခဲ့သည်။

ချိုလန်းသည် ကိစ္စတစ်ခုကြောင့် ထွက်သွားခြင်း မဟုတ်ဘဲ ဘစ်ဦးတစ်ယောက်က ခေါ်ယူသတ်ပစ်လိုက်လေသလား။ ရွှေလန်းတွေးတောရင်းမှ ငိုမိပြန်သည်။

သူမ၏ဘဝသည် ချိုလန်းရှိစဉ်က ဘာမှ မစဉ်းစားမိသော်သည်း ချိုလန်းမရှိတော့သည့်အခါ အထီးကျန် ဖြစ်ရသည်ကို ဝမ်းနည်းလာတော့သည်။

ရွှေလန်းသည် အမျိုးမျိုးတွေးတောရင်းမှ နှစ်ရက်လုံးလုံး အခန်းထဲမှ မထွက်တော့ပါ။ အချိန်ရှိတိုင်း ငိုယိုနေသည်ကို မွန်းကျိ

တို့က သိရှိလေသည်။

✷

ဆယ်ရက်ခန့် ကြာသွားသည့်အခါ ချိုလန်းသည် တစ်နံ့တစ်ရာ ဖြစ်သွားပြီဟု ရွှလန်းက စိတ်ကို ဒုန်းဒုန်းချလိုက်တော့သည်၊ သူမသည် စိတ်ထိခိုက်လွန်း၍ အစားအသောက်များပင် ပျက်လာသော်ကြောင့် သိသိသာသာ ပိန်လိုသွားတော့သည်။

တစ်နေ့ သူမတစ်ဦးတည်း ငေးငိုင်စဉ်းစားနေစဉ် မွန်းကျိနှင့် ထုံစေးလုံတို့နှစ်ဦးက အနားတွင် လာထိုင်သည်။

"လုံမလေး ... စိတ်သိပ်ထိခိုက်နေသလား"

မွန်းကျိက မေးလိုက်လေသည်။

"သူ အရေးတကြီးခရီးထွက်သွားတာဖြစ်မှာပေါ့ ကလေးမ"

ထုံစေးလုံက အားပေးစကားပြောနေပေသည်။ ရွှလန်းက ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ သူ တစ်ခုခု ဖြစ်သွားတာပဲ ဖြစ်ရမယ်"

အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားလေသည်။

✷

ရွှလန်းသည် မွန်းကျိနှင့်ထုံစေးလုံအား တစ်လှည့်စီ မော့ကြည့်လိုက်လေသည်။

"ကျွန်မ အဘတို့ကို တစ်ခုပြောချင်တယ်"

"ပြောပါ လုံမလေး"

မွန်းကျိက ဖြေလိုက်သည်။

"အဘတို့ ယုံမှာလား"

"လုံမလေးက လိမ်ညာပြီး ပြောတာမှ မဟုတ်ဘဲ၊ ဘာလို့ယုံရမှာလဲ"

ရွှလန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ချိုလန်းဟာ ကျွန်မယောကျ်ားဆိုတာ မဟုတ်ပါဘူး၊ နောက် ပြီး သူဟာ ယောကျ်ားတစ်ယောက်လည်း မဟုတ်ဘူး၊ ကျွန်မလို မိန်းမသားပဲ"

ရွှလန်းက ထိုစကားကို ပြောလိုက်သည်။ မွန်းကျိတို့ အံ့သြသွားလိမ့်မည်ဟု ထင်ထားသည်။ သို့သော် သူတို့နှစ်ဦးစလုံး အံ့သြဟန် မပြပါ။ မွန်းကျိနှင့် ထုံစေးလုံတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

✷

မွန်းကျိကပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ချိုလန်းဟာ မိန်းကလေးဆိုတာ အဘတို့နှစ်ယောက်စလုံး ဒီကိုရောက်ပြီး မကြာခင်မှာပဲ သိထားကြပါတယ်"

ရွှလန်း အံ့သြသွားလေသည်။

"ဒါဖြင့် အဘမွန်းကျိတို့က ကျွန်မတို့ကို ဘယ်လိုထင်သလဲ"

မွန်းကျိက ခပ်ပြုံးပြုံးဖြင့် ...

"ဘယ်လိုထင်ရမှာလဲ လုံမလေးရယ်၊ လုံမလေးတို့မှာ အကြောင်းတစ်ခုခုရှိလို့သာ အခုလို ရုပ်ဖျက်ပြီး လင်မယားဟန် ဆောင်နေတာပဲလို့ ထင်တာပေါ့"

"ကျွန်မတို့အပေါ်မှာ သံသယ မရှိနေဘူးလား"

မွန်းကျိက သက်ပြင်းချ၍ ခေါင်းခါယမ်းလိုက်သည်။

ဥယျာဉ်မှူး ထုံစေးလုံက ...

"သုံးလေးနှစ်လုံးလုံး မိန်းကလေးတို့က ဘာတွေလုပ်နေလို့ အဘတို့က သံသယ ရှိနေရမှာလဲ"

ရွှလန်းက နှစ်ယောက်စလုံးကို ကြည့်လိုက်ပြီး ...

"ကျွန်မတို့ အမျိုးသမီးနှစ်ယောက် ဟန်ဆောင်နေတယ် ဆိုတဲ့အကြောင်း အဘတို့ ဘယ်သူ့ကိုများ ပြောမိသေးသလဲ"

မွန်းကျိက ကပျာကယာ လက်ကာပြလိုက်သည်။

"ကြံကြံဖန်ဖန် အဘတို့က ဘယ်သူ့ကို လိုက်ပြောရမှာလဲ"

အဘတို့ လိုချင်တဲ့ အခကြေးငွေထက် ပိုပြီးလည်း ပေးထားတာပဲ၊ စိတ်အေးချမ်းသာ နေရတယ်၊ ဒီတော့ အဘတို့က လုံမလေးတို့အကြောင်း လိုက်ပြောပါ့မလား"

ထိုစဉ် ထုံစေးလုံက ဝင်၍ ...

"အဲ ... အဘတို့နှစ်ယောက်ရဲ့ စိတ်ထဲမှာ ခံစားချက်တစ်ခုတော့ ရှိတာပေါ့ လုံမလေးရယ်"

"ဘယ်လိုခံစားချက်မျိုးလည်း အဘ"

ထုံစေးလုံသည် သူ၏စကားကို ပြောသင့်မပြောသင့် ဂေဟာမှူးကြီး မွန်းကျိကို လှမ်းကြည့်လိုက်သည်။ မွန်းကျိသည် သက်ပြင်းရှည်လျားစွာ ချလိုက်ပြီး ထုံစေးလုံအား ပြောလိုက်ပါလား ဟုသော သဘောဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေသည်။

"ဒီလိုပါ မိန်းကလေး ... အဘတို့ရဲ့ သခင်ကြီး ဒီဂေဟာပိုင်ရှင်မှာ သားတစ်ယောက်, သမီးတစ်ယောက် ရှိခဲ့တယ်၊ ဒါပေမဲ့"

ဥယျာဉ်မှူး ထုံစေးလုံသည် ပြော၍ မထွက်တော့သကဲ့သို့ အသံက တဖြည်းဖြည်း တိမ်၍ ဝင်သွားသည်။ မွန်းကျိက ဆက်၍ ပြော၏။

"အဲဒီကလေးနှစ်ယောက်က အဘတို့ရဲ့လက်ပေါ်မှာ ကြီးတဲ့သူတွေဆိုတော့ သူတို့ရဲ့ ပြောဟန်ဆိုဟန် အမူအရာကလေး

တွေဟာ အဘတို့ရဲ့ မျက်စိထဲ နားထဲမှာ အခုထိ မြင်ယောင်၊ ကြားယောင်နေတယ်၊ အဲ ... တစ်ခါ တစ်ခါ လုံမလေးကိုကြည့်ပြီး သခင်ကြီး ထင်းရှုန်းရဲ့သမီး၊ အင်း"

မွန်းကျိသည် ပြောရင်းမှ သူ့စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် ရွှေလန်းသည် ရှိုက်ကြီးတငင် ငိုကြွေးလိုက်သောကြောင့်ပင် ဖြစ်လေသည်။

✻

မွန်းကျိသည် ထုံစေးလုံ၏မျက်နှာကို လှမ်းကြည့်မိလိုက်လေသည်။ ထုံစေးလုံက ရွှေလန်း၏ အနားသို့ ကပ်သွား၍ ...

"မိန်းကလေး မိန်းကလေး ... ဘာဖြစ်လို့လဲဟင်"

ထုံစေးလုံသည် ထိတ်လန့်စွာဖြင့် မေးလိုက်လေသည်။ ရွှေလန်းမှာ တော်တော်နှင့် ပြန်မပြောနိုင်ပါ။ ဝမ်းနည်းစွာဖြင့် ငိုကြွေးနေတော့၏။

အတန်ကြာမှ သူမသည် မျက်ရည်များကို သုတ်၍ ထုံစေးလုံနှင့် မွန်းကျိကို မော့ကြည့်လိုက်လေသည်။

"အဘလုံ၊ အဘကျိ ကျွန်မကို သေသေချာချာ ကြည့်စမ်းပါ"

ရွှေလန်းက ထိုကဲ့သို့ခေါ်၍ ပြောလိုက်သောအခါတွင် အဘိုးကြီးနှစ်ဦးမှာ မျက်လုံးများ ဝိုင်းသွားလေတော့သည်။ မွန်းကျိသည် ဦးသြဇာလွန်းစွာဖြင့် ရွှေလန်းအနီးသို့တိုးကာ ...

"လုံမလေး ... လုံမလေးဟာ ရွှဝါ ဖြစ်ရမယ်၊ ဟုတ်တယ် ဟုတ်လား"

ရွှဝါက ခေါင်းညိတ်ပြပြီး ဝမ်းနည်းစွာ ငိုကြွေးပြန်လေတော့သည်။

✻

မွန်းကျိသည် ရွှဝါကို ကလေးငယ်တစ်ဦးကဲ့သို့ ရင်ခွင်ထဲသို့ မျက်နှာအပ်စေလျက် ချော့မော့နေသည်။ အဘိုးကြီးနှစ်ဦးစလုံး မျက်ရည်များ လည်နေပေသည်။

"ဘာလုံ ဝမ်းသာလိုက်တာ သမီးရယ်၊ ဘာလို့ ငိုနေရတာလဲ၊ အားမငယ်နဲ့တော့ သမီးနားမှာ အဘတို့ ရှိနေပြီပဲ"

မွန်းကျိကလည်း ...

"ဟုတ်သားပဲ လုံမလေးရယ်၊ အခုလို ပြန်တွေ့ရတာကိုပဲ အဘတို့ ဝမ်းသာလှပါပြီ၊ ဒါထက် လုံမလေးက ရုပ်ကို ပြောင်းလဲသွားတာပဲ"

ထုံစေးလုံကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သမီး၊ သမီးရဲ့ရုပ်က ဒီလိုမဟုတ်ပါဘူး"

"ကဲ ... လုံမလေး လုံမလေး၊ ဘယ်လို ... ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ အဘတို့ကို ပြောပြစမ်း"

ထိုအခါ ရှူဝါသည် သူမအား ဖုန်းဝုတ်က ခေါ်ဆောင်သွားသည်မှအစ ယနေ့ မွန်းကျိတို့ ထုံစေလုံတို့နှင့် ပြန်ဆုံသည်အထိ ဇာတ်တစ်ခါ ရွိုက်တစ်ခါဖြင့် ဇာတ်စုံခင်းပြလိုက်လေတော့သည်။

✵

ရှူဝါသည် ဖုန်းဝုတို့ ကုမ္ပကျိတို့ မတော်မတရား ပြုကျင့်ခြင်းကို ခံရသည်မှစ၍ အားလုံးကို ဖွင့်ချလိုက်သောအခါ မွန်းကျိမှာ စိတ်အကြီးအကျယ် ထိခိုက်သွားလေတော့သည်။

ရှူဝါ၏ စကားဆုံးသည်နှင့် မွန်းကျိသည် ရုတ်တရက် ထခုန်လိုက်သည်။

"မိုက်ရိုင်းလိုက်တဲ့ကောင်တွေ ဘဘကိုယ်တိုင် သတ်ချင်တယ်"

မွန်းကျိသည် သိုင်းသမားတစ်ဦး ဖြစ်သည်။ သိုင်းသမားတစ်ဦးသည် သည်းမခံနိုင်ဖွယ် ကိစ္စတစ်ခု ပေါ်ပေါက်လာလျှင် ကိုယ့်ပညာကို သတိမထားနိုင်တော့ပေ။

ရှုံးမည်မှန်းသိလျက်နှင့်ပင် ဒေါသကြောင့် ရင်ဆိုင်ချင်သည့် စိတ်များ ပေါ်ပေါက်တတ်ပေသည်။

"ဘဘကျိ ... ကျွန်မက ဘဘကျိထက် ခံစားရတဲ့သူပါ။ အခု အားမတန်သေးလို့ မာန်လျော့နေရတာ၊ စိတ်ကို ထိန်းထားပါဦး ဘဘကျိ"

ရှူဝါက ပြန်၍ ချော့နေရသည်။ ထိုအခါ ထုံစေးလုံကလည်း မွန်းကျိကို မော့ကြည့်ကာ ...

"မွန်းကျိ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့၊ ရှေ့လျှောက် သမီးကို စောင့်ရှောက်ဖို့တာဝန် တို့မှာ ရှိသေးတယ် မဟုတ်လား"

"တောက်"

မွန်းကျိသည် တောက်တစ်ချက် ပြင်းထန်စွာ ခေါက်၍ ပြန်ဝင်လိုက်လေသည်။ မွန်းကျိ၏မျက်နှာသည် တစ်သက်နှင့်တစ်ကိုယ် ဘစ်ခါမှ ဤမျှလောက် မတင်းမာခဲ့ပါ။

ယခု မျက်နှာတစ်ခုလုံး တင်းမာနေရုံမက မျက်လုံးများပါ ဒေါသဝင်းတောက်နေသည်ဟုပင် ထင်ရလေသည်။

✵

မွန်းကျိသည် သူ၏ ဒေါသစိတ်များကို တဖြည်းဖြည်း ပြန်

လျှောက်လိုက်သည်။

"ဘာမှ မပူနဲ့ လုံမလေး၊ တစ်နေ့တစ်ချိန် တို့အလှည့် ဖြစ်
မယ်"

မွန်းကျိုက အားပေးလိုက်သည်။ ထုံစေးလုံသည် ရွှဝါ
မျက်နှာကို ကြည့်၍ ချိုလန်းကို သတိရသွားလေသည်။

"အင်း ... ဒါဆို ဟိုကလေးမ ချိုလန်းဟာ သမီးရဲ့ မိတ်
စစ်တစ်ဦးပဲ၊ သူ ရုတ်တရက် ပျောက်သွားတာ စဉ်းစားစရာပဲ"

"သူ့သတင်းကို ကျွန်မ မရှာရအောင် စုံစမ်းမယ်၊ ဒါထ
ဘာဘာ"

"ပြော လုံမလေး"

"မောင်လေး ထင်းကျောင်းက ဘယ်ရောက်နေသလဲ"

မွန်းကျိုသည် ထုံစေးလုံ၏မျက်နှာကို လှမ်းကြည့်၍ သ
ပြင်း ချလိုက်မိပြန်သည်။

"ဘာတို့ ဘယ်လိုပြောရမှာလဲ သမီးရယ်"

"ဘာဖြစ်လို့လဲဟင်"

မွန်းကျိုက ထုံစေလုံအား မေးငေါ့ပြကာ ...

"သူ့ကိုမေးကြည့်၊ သခင်ကြီးဟာ သမီးဆီကို ကျမ်းစာအု
နဲ့ သွားရွေးမယ်ဆိုပြီး လူလေးထင်းရှန်းနဲ့ သမီးရဲ့မိခင်ကိုပါ ခေါ်သွ
တာပဲ"

"ရှင်"

ရွှဝါမှာ အံ့သြသွားရပြန်တော့သည်။

✷

"ကျွန်မဆီကို ဖေဖေနဲ့မေမေ ရောက်လာပါတယ်၊ ဒါပေမဲ့
ဝမ်ကျောင်းပါမလာပါဘူး၊ ကျွန်မက မေးတော့လည်း ဘာမှမပူနဲ့
လို့ ပြောပါတယ်၊ အဲဒီစကားကို နောက်ဆုံး ပြောသွားနိုင်တာပါပဲ"

အဘိုးကြီးနှစ်ဦးစလုံး စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်
သည်။ မွန်းကျိုက ...

"ဟုတ်တယ် လုံမလေး၊ ဘာတို့လည်း သခင်ကြီးတို့ကို
ဖုန်းဝုတက သတ်လိုက်တယ်၊ သမီးကိုလည်း ဖုန်းဝုတက သတ်လိုက်
တယ်ဆိုတာ တော်တော်ကလေး အချိန်ကြာမှ ကြားသိရတယ်၊
ဒါပေမဲ့ လူလေးထင်းကျောင်းရဲ့ သတင်းကတော့ ဒီနေ့အထိ ပျောက်
နေဆဲပဲ"

ထုံစေးလုံက ဝင်၍ ...

"အဲဒီသတင်းကြားစက မွန်းကျိုဟာ သိုင်းသမားတွေငှားပြီး
လိုက်မယ်တကဲကဲ လုပ်နေတာပေါ့၊ ဒါပေမဲ့ သိုင်းသမား အတော်
များများဟာ ကျားသစ်ဂေဟာကို ရင်မဆိုင်ရဲကြဘူးကွယ့်"

ရှုဝါက အံကြိတ်လိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ရင်မဆိုင်တာဘဲ ကောင်းပါတယ်၊ တကယ်တော့ ဖုန်းဌာ
ရဲ့ သိုင်းပညာဟာ ထိပ်တန်းရောက်နေတာ အမှန်ပဲ"

မွန်းကျိသည် လက်ဖျောက်တစ်ချက် တီးလိုက်လေသည်။

"ဘာပဲပြောပြော လူလေးထင်းကျောင်းကို သခင်ကြီးက
ကျမ်းစာအုပ်နဲ့အတူ တစ်နေရာရာမှာ ဝှက်ထားခဲ့တာပဲ ဖြစ်ရမယ်"

"ဒါပေမဲ့ အခုအချိန်ထိ ဘာသတင်းမှမရတော့ အခက်သား
ပဲ၊ ဘဘရယ်"

ရှုဝါက စိတ်ပျက်စွာ ပြောလိုက်လေသည်။

"မပူပါနဲ့ သမီးရယ်၊ တစ်နေ့တစ်ချိန် ဖြစ်လာရမှာပေါ့"

မွန်းကျိသည် ထိုကဲ့သို့ပြောပြီး ရှုဝါ၏မျက်နှာကို သေသေ
ချာချာ ကြည့်လိုက်သည်။

"အင်း ... ချီလန်းဆိုတဲ့ မိန်းကလေးက ရုပ်ဖျက် အင်မတန်
တော်တာပဲ၊ ကောင်းတယ် လုံမလေး၊ အဲဒီအတိုင်းသာနေ၊ ရှုဝါဆို
တာ လောကမှာ မရှိတော့ဘူးလို့သာ သဘောထားလိုက်၊ နို့မို့ ရန်
များတယ်"

ရှုဝါက မဲ့ပြုံးပြုံးလိုက်လေသည်။

"များစမ်းပါစေဘဘကျိ၊ ကျွန်မ ဘယ်သူ့ကိုမှမမှုတော့ဘူး"

မွန်ကျိသည် အတန်ကြာအောင်စဉ်းစားနေပြီးမှ ရုတ်တရက်

"ဘဘ သတိရပြီ ... နေပြည်တော်မှာ ဘဘမိတ်ဆွေတစ်
ဦး ရှိတယ်၊ သူသားဟာ ထိပ်တန်းသိုင်းသမားတစ်ဦးပဲ။ အခု ဘုရင့်
ဂိုယ်ရံတော်တပ်မှာ အမှုထမ်းနေတယ်တဲ့၊ အဲဒါ ဘဘ ရအောင်ခေါ်
မယ်"

ရှုဝါက သက်ပြင်းချလိုက်လေသည်။

"မလုပ်ပါနဲ့ ဘုဘရယ် ... တော်ကြာ ကျားသစ်ဂေဟာနဲ့
တွေ့လို့"

မွန်းကျိက စကားမဆုံးမီ လက်ဝါးကာပြလိုက်သည်။

"ဟို ... ဘာမှမပူနဲ့လုံမလေး၊ အဲဒီလူက တကယ့် ထိပ်တန်း
သိုင်းသမားဆိုပြီး နာမည်ကြီးနေတယ်၊ ဘဘ အကူအညီတောင်းရင်
နေပါဘူး"

"ကျွန်မကတော့ ဘယ်သူမှ အားမကိုးဘူး"

"ဒီလိုလည်း မဟုတ်သေးဘူး လုံမလေး၊ သူက စုံစမ်း
ထောက်လှမ်းပေးရင် လူလေး ထင်းကျောင်းရဲ့ သတင်းလည်း ကြား
ချင် ကြားလာရမှာပေါ့"

"သူနာမည်က ဘယ်သူတဲ့လဲ"

"သိမ်းဌက်ထန်ချင်း"



သူစိတ်ထဲတွင် ထိုသူသည် သူ့အား မထီလေးစား ပြန်စော်ကားသည်ဟု အထင်ရှိသူဖြစ်၏။

ထို့ကြောင့် သူသည် ထိုလူမျိုးကို မည်သာမတာ ဆုံးမလေသည်။

✱

ကျားသစ်ဂေဟာတွင် အဆောင်များစွာ ရှိလေသည်။ ကျားသစ်သိုင်းပညာကို သင်ကြားသော သိုင်းသမားပေါင်းမြောက်မြားစွာသည် ကျားသစ်ဂေဟာ၌ ကိုးနှစ် ဆယ်နှစ် နေထိုင်ရန်အတွက် အဆောင်များ ဆောက်လုပ်ပေးထားရသည်။

ထမင်းစားဆောင်၊ ရေချိုးဆောင်၊ အပန်းဖြေဆောင်စသည်ဖြင့် အဆောင်ပေါင်းမြောက်မြားစွာ ရှိပေသည်။ ထို့ပြင် ဆိုးသွမ်းသော သင်တန်းသားများအား အပြစ်ပေးသည့် အဆောင်နှင့် အခြားလူဆိုးသူခိုးများ အပြစ်ပေးသည့် အဆောင်များလည်း ရှိပေသည်။

ထိုအပြစ်ပေးသည့် အဆောင်သည် အနောက်ဘက် စားဖိုဆောင်နှင့် တွဲထားလေသည်။

ယခု ထိုအဆောင်ထဲတွင် ထုပ်တန်း၌ ချည်ထားသော ကြိုးနှစ်ချောင်းသည် အသားလွတ် တွဲလောင်းချထားခြင်း မဟုတ်ပါ။

အခန်း (၁၆)

ကျားသစ်ဂေဟာ၏ ပြဿနာတစ်ခု

ကျားသစ်ဂေဟာ ...။

ကျားသစ်ဂေဟာ၏ အရှင်သခင် ဖုန်းဝှာသည် ထိပ်တန်းသိုင်းပညာစုကျမ်းကို သဲသဲမဲမဲ ရှာကြံခဲ့လေသည်။ သို့သော် အခွင့်တော့ကုန်ခဲ့၏။

လူတွေ့ ဖမ်းခဲ့သည်။ သူလိုချင်သောသိုင်းကျမ်းသည် ၈ ဖြည်းဖြည်းနှင့် သတင်းက အစအနပျောက်ခဲ့လေသည်။ ထိုကိစ္စသည် ဖုန်းဝှာအဖို့ မေ့မေ့ပျောက်ပျောက်ဖြစ်လာချိန်တွင် အခြားပြဿနာတစ်ခုသည် ဖုန်းဝှာအဖို့ လိုလားတောင့်တလာပြန်တော့သည်။

ဖုန်းဝှာသည် သူတောင်းထားသော ကတိတစ်ခုကို ကျေပွန်မှ ကြိုက်နှစ်သက်သူ ဖြစ်သလို မရသည်ကိုလည်း ရအောင် ယူတတ်သည့် အကျင့်မျိုးက ရှိသူတစ်ဦး ဖြစ်ပေသည်။

ကတိပျက်သူကို ဖုန်းဝှာသည် မည်သည့်အခါမှ ခွင့်မလွှတ်

ဖုန်းတာသည် ထိုအခန်းထဲသို့ ဝင်ရောက်လာသည်။ သူသည် ကြိုးနှင့် တွဲလောင်းချည်ထားသော သူကို ရုံမှန်းသကဲ့သို့ ကြည့်လိုက်လေသည်။

"ဘယ့်နယ်လဲ တုံးလိ ... ခင်ဗျား ကျုပ်ကိုလိမ်ညာရင် ဒီလို ခံရမယ်ဆိုတာ အစက မစဉ်းစားဘူးလား"

ကြိုးနှင့် အချည်ခံထားရသော တုံးလိဆိုသူသည် အင်အားကုန်ခန်စွာဖြင့် ဖုန်းတာကို မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

"မင်း ကြိုက်သလိုလုပ်ပါ ဖုန်းတာ ... တကယ်တော့ သူ့ကို ငွေမတွေ့တာ ငါ ဘာမှ မတတ်နိုင်ဘူး"

ဖုန်းတာက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်က အဲဒီစကားနဲ့ပဲ ကျေနပ်ရတော့မှာလား"

"မင်း ငါ့ကို သတ်ချင်သတ်ပါ။ ငါမိန်းမဟာ ရောဂါသည်မို့ အသက်ကိုတော့ ချမ်းသာပေးစေချင်ပါတယ်"

တုံးလိက သူဇနီးအတွက် အသနားခံလိုက်လေသည်။ ဖုန်းတာက ခေါင်းယမ်းလိုက်သည်။

"ကျုပ်ပစ္စည်းကို နှစ်ယောက်စလုံး စည်းစိမ်ခံပြီး စားခဲ့တာ ဟုတ်၊ အဲဒီတော့ နှစ်ယောက်စလုံး ခံစားစရာရှိတော့လည်း ခံစားရမှာ ပေါ့"

လူနှစ်ယောက်ကို လက်မှကြိုးချည်၍ ထုပ်ဦးဆွဲထားခြင်းပင် ဖြစ်တော့သည်။

✷

လူနှစ်ယောက် ...။ တိတိကျကျဆိုရပါလျှင် အသက်အရွယ်ကြီးပြီဖြစ်သော အဘိုးအိုနှင့် အဘွားအိုတို့ ဖြစ်ကြသည်။ ထိုသူနှစ်ဦးမှာ အိုမင်းရင့်ရော်သည်အထိ အသက်မကြီးသေးသော်လည်း ထိုကဲ့သို့ ချည်နှောင်ထားသည်မှာ မည်ရွေ့မည်မျှကြာပြီ မသိရပါ။

ထိုသူနှစ်ဦးစလုံး ပိန်ချုံး၍ အရိုးပေါ်အရေတင်နေပြီ ဖြစ်သည်။ ယောကျ်ားဖြစ်သူမှာ ခံနိုင်ရည်ရှိသေးသော်လည်း အမျိုးသမီးကြီးမှာ သတိမရတစ်ချက် ရတစ်ချက်ပင် ဖြစ်နေပေသည်။

ထိုသူနှစ်ဦးသည် မည်သည့်အပြစ် ကျူးလွန်မိ၍ ဖုန်းတာသည် ဤကဲ့သို့ ရက်စက်စွာ ပြုကျင့်နေရပါသနည်း။ ခံစားနေရသူအဖို့ ဖုန်းတာအား ရက်စက်လွန်းသည်ဟု အထင်ရှိသည်။

သို့သော် ဖုန်းတာက သူ့ကို စော်ကား၍ ဤသို့ နှိပ်စက်သည်ဟု ဆိုသည်။ မည်သူက မှန်လေသနည်း။

✷

တုံးလီသည် ဖုန်းဝှာအား ရုံမုန်းစွာ ကြည့်လိုက်လေသည်။

"ဟေ့ ... ဒါဖြင့်လည်း ခပ်မြန်မြန် သတ်ပစ်ကွာ"

ဖုန်းဝှာက မရယ်ချင် ရယ်ချင် ရယ်မောလိုက်လေသည်။

ဖုန်းဝှာက ...

"ခင်ဗျားတို့ကို မသတ်ရက်သေးပါဘူး၊ ခင်ဗျားတို့ လိုက်ရှာ ခိုင်းထားတဲ့လူ လာတဲ့အထိတော့ ကျုပ်စောင့်ဦးမယ်"

ဖုန်းဝှာက ပြောပြီးပြန်ထွက်သွားသည်။ တုံးလီသည် အရင် ကြိုးပြတ်ဖြစ်နေသော ဇနီးသည်ကို လှမ်းကြည့်လိုက်လေသည်။ တုံး လီမှာ မိမိကြောင့် ဇနီးသည်ပါ အဆစ်ပါလာရသည်ကို စိတ်ထဲ များစွာ ထိခိုက်နေပေသည်။

သူသည် ဇနီးသည်ကို ကြည့်ရင်းမှ လွန်ခဲ့သော အတိတ်တို့ သည်လည်း မျက်စိထဲ တရေးရေး ပြန်မြင်လာတော့သည်။

✷

လွန်ခဲ့သော ဆယ့်ငါးနှစ်။ တုံးလီသည် အလွန်ဆင်းရဲနွမ်းပါး သောသူတစ်ဦး ဖြစ်လေသည်။ တုံးလီမှာ တောလိုက်မုဆိုးဘဝဖြင့် အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်လေသည်။

တစ်နေ့ တုံးလီ တောထွက်ရာမှ မျက်စိလည်၍ တောကျ

လမ်းမှားနေသောလူတစ်ဦးကို တွေ့လိုက်ရလေသည်။ ထိုသူမှာ ကြေးချမ်းသာသည့် ထိပ်တန်းသိုင်းသမားတစ်ဦး ဖြစ်လေသည်။

သူသည် ကြီးမားသော တောကောင်များနှင့်တွေ့၍ ပြေး မှု တုံးလီနှင့် ဆုံတွေ့သွားရလေသည်။ တုံးလီက လမ်းပြခေါ် ဆောင်လာသည့်အခါ တုံးလီကို ကျေးဇူးတင်၍ တုံးလီတို့၏အိမ်မှာ တည်းခိုနေစေသည်။

တုံးလီသည် အစစအရာရာ လိုလေသေးမရှိအောင် ပြုစု ပြုစုခဲ့သည်။ ထိုအချိန်၌ တုံးလီတွင် ဆယ့်သုံးနှစ်အရွယ် သမီးကလေး တစ်ဦး ရှိလေသည်။

တောကျွဲလာသော သိုင်းသမားမှာ သိုင်းပညာကို လိုက်စား သော ဖုန်းဝှာဟု သိရှိရသည့်အပြင် ချင်တူးမြို့၌ ကျားသစ်ဂေဟာ ၏ အရှင်သခင်တစ်ယောက်မှန်းလည်း သိရှိလိုက်ရလေသည်။

ဖုန်းဝှာသည် တုံးလီ၏ ဆယ့်သုံးနှစ်အရွယ် သမီးကလေး ကို တွေ့မြင်ရသောအခါ စိတ်ကူးတစ်မျိုး ပေါ်ပေါက်သွားလေသည်။

ထိုအချိန်တွင် ရှောင်လင်ကျောင်းဘုန်းတော်ကြီး၏ သိုင်း ပညာသည် သိုင်းလောကဌ္ဌ ထင်ရှားကျော်ကြားလွန်း၍ ငွေကြေး ချမ်းသာသူများသည် ရှောင်လင်ဘုန်းတော်ကြီးထံ၌ သိုင်းပညာများ သင်ကြားနေကြ၏။

ဖုန်းဝှာသည် တုံးလီအား သမီးဖြစ်သူကို ရှောင်လင် ဘုန်း

ဖြစ်ခဲ့ရတော့သည်။

"ရှောင်လင်ကျောင်းမှာ ထားနိုင်တဲ့ ကျောင်းသားဖခင် ဘစ်ဦးဟာ ဒီလို ဆင်းဆင်းရဲရဲ မနေရဘူးဗျ။ အဲဒီတော့ ဒီငွေတွေနဲ့ အိမ်ဝယ်ပါ။ ခြံဝယ်ပါ။ ရင်းနှီးလုပ်ကိုင်စားပါ"

ဘုံးလီ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သူသည် ထိုအချိန်က ဖုန်းတာအား ဦးချမတတ် ကျေးဇူးတင်ခဲ့လေသည်။ သို့သော် ဖုန်းတာက တုံးလီထံတွင် ကတိတစ်ခုကို တောင်းခဲ့သည်။

ထိုကတိမှာ တုံးလီ၏သမီး ရှစ်နှစ်လုံးလုံး ပညာသင်ပြီးသည့်အချိန်တွင် မိမိအား လက်ထပ်ခွင့်ပေးပါဟူသော ကတိပင် ဖြစ်လေသည်။

မိဘဟူသည် သားသမီးကောင်းစားတာကို မြင်ချင်ကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ သူတို့၏သမီးသည် မိုက်မဲသော သမီးတစ်ဦး မဟုတ်ပါ။ ထို့ကြောင့် တုံးလီသည် ဇနီးဖြစ်သူနှင့် တိုင်ပင်ကာ ထိုကတိကို အခိုင်အမာ ပေးလိုက်လေသည်။

"အကယ်၍ ခင်ဗျားတို့က ပျက်ကွက်ခဲ့ရင်ကော"

"မပျက်စေရပါဘူး၊ ပျက်ကွက်ခဲ့ရင် ဆရာဖုန်းတာရဲ့ သဘောအတိုင်း စီရင်နိုင်ပါတယ်"

"သေသေချာချာ စဉ်းစားပြီးမှ ကတိပေးနော်၊ ကျုပ်က ကတိဖျက်ရင် မကြိုက်ဘူး၊ ကျုပ်လိုချင်တာကိုလည်း ရအောင်ယူ

တော်ကြီးကျောင်း၌ ပညာသင်ကြားစေချင်သလားဟု မေးလာတော့သည်။ ထိုအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့ရသည်။ သို့သော် ...

"ကျုပ်က ပညာသင်ကြားစေချင်ပေမယ့် ငွေကြေးက ရှိတာမှ မဟုတ်ဘဲဗျာ"

ဖုန်းတာက ရယ်မောလိုက်လေသည်။ ထို့နောက် ဖုန်းတာသည် အပျိုပေါက်ကလေးကို သေချာစွာ ကြည့်၍ ...

"သူ သိုင်းပညာသင်ကြားဖို့အတွက် ကျုပ်တာဝန် ထားလိုက်ပါ"

ဖုန်းတာက ငွေကြေးမြောက်မြားစွာကိုထုတ်ပေး၍ တုံးလီ၏သမီးအား ရှောင်လင်ဘုန်းတော်ကြီးကျောင်းသို့ပို့ပေးစေတော့သည်။

တုံးလီမှာ သူ၏ကျေးဇူးကို ဖုန်းတာက ဆပ်တာပဲဟု သဘောထား၍ သမီးဖြစ်သူကို ရှောင်လင်ဘုန်းတော်ကြီးထံ ငွေကြေးမြောက်မြားစွာပေး၍ သွားရောက်အပ်နှံလိုက်တော့သည်။

✱

နောက်မကြာမီ ဖုန်းတာ တစ်ခေါက် ရောက်ရှိလာပြန်သည်။ သူသည် တုံးလီအတွက် ငွေအမြောက်အမြားကို ယူဆောင်လာသည်။ တုံးလီမှာ သူ၏ ကံကောတာထုပ်ကို မယုံကြည်နိုင်အောင်ပင်

တတ်တဲ့ လူစားမျိုး"

တုံးလီသည် ခေါင်းကို အလွယ်တကူ ညိတ်လိုက်လေသည်။

"စိတ်ချပါ ... ကျွန်တော် ကတိပေးပါတယ်"



ရှစ်နှစ်ဟူသောအချိန်သည် ပြည့်မြောက်၍ယာတော့သည်။ တုံးလီသည် သူ၏ကံဉာဏ်ဝီရိယကြောင့် ဖုန်းဝှာပေးခဲ့သော အရင်းအနှီးများနှင့် ကုန်သည်ကြီးတစ်ဦးမှ သူဌေးကြီးတစ်ဦးအထိ ဖြစ်လာတော့သည်။

ရှစ်နှစ်ပြည့်ခါနီးအချိန်မှာပင် ဖုန်းဝှာထံမှ သတိပေးစကားထပ်မံကြားရပြန်သေးသည်။ သို့သော် တုံးလီသည် သူ၏သမီးအတွက် လုံးဝပူပင်ကြောင့်ကြ မရှိခဲ့ပါ။

ရှစ်နှစ်ပြည့်ပြီးသည်နှင့် သမီးဖြစ်သူ ရောက်ရှိလာတော့သည်။ ကြွယ်ဝချမ်းသာနေသော မိဘနှစ်ပါးကို မြင်တွေ့ရသဖြင့် သမီးဖြစ်သူမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

သို့သော် တုံးလီတို့ ဇနီးမောင်နှံသည် သမီးပြန်လာသည့်နေ့မှာပင် မျက်လုံးမျက်ဆန် ပြူးကျယ်သွားကြရတော့သည်။

အဘယ်ကြောင့်ဆိုသော သမီးဖြစ်သူသည် လူငယ်တစ်ဦး

ကို ခေါ်လာသောကြောင့် ဖြစ်လေသည်။



သမီးဖြစ်သူက ပွင့်ပွင့်လင်းလင်းပင် မိဘများကို တိုင်ပင်လိုက်လေသည်။

"သူက တောင်ပိုင်းက သူဌေးသားတစ်ဦးပါ၊ ကျွန်မနဲ့ လက်ထပ်ဖို့ ဖေဖေတို့ သဘောတူမယ် မဟုတ်လားဟင်"

တုံးလီမှာ အဖြေရကျပ်သွားတော့သည်။ တုံးလီသည် သူငယ်၏ရှေ့တွင် မည်သည့်စကားမှ မပြောသော်လည်း သမီးဖြစ်သူကို မိဘနှစ်ပါးစလုံးက အကျိုးအကြောင်း ပြောပြသောအခါ သမီးဖြစ်သူမှာ ငိုပွဲဆင်ရတော့သည်။

သူမက သူမ၏ချစ်သူကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ပါဟု မိဘများကို အကြောက်အကန် ငြင်းဆိုလေတော့သည်။ သို့သော် မိဘများက မျက်ရည်စက်လက်နှင့် နားချသောအခါ သမီးဖြစ်သူမှာ စိတ်လျော့၍ သူမ၏ချစ်သူကို အကျိုးအကြောင်း ပြောပြပြီး ရင်နာနာနှင့် လမ်းခွဲရန် စိတ်ဆုံးဖြတ်လိုက်လေသည်။

သူမသည် ချစ်သူကို စွန့်လွှတ်ဖို့အတွက် မျက်စိမှိတ်၍ ဆုံးဖြတ်ချက်ချလိုက်သည်။ သို့သော် သူမ၏ဧည့်သည်ချစ်သူသည် ဓား

တန်းလန်းနှင့် သေဆုံးနေသည်ကို တွေ့လိုက်ရလေတော့သည်။

သူမ၏ ဒေါသများသည် တစ်ရှိန်ထိုး မြင့်တက်သွားတော့သည်။ တုံးလီက ...

"အဲဒါသာကြည့်တော့ သမီး ... ဖုန်းဝှာဟာ ဘယ်လောက်ထက်မြက်တယ်ဆိုတာ၊ ခုဟာလည်း သမီးကိစ္စကိုသိပြီး စောင့်ကြည့်နေတဲ့လူတွေက ကိစ္စတုံးလိုက်တာပဲ"

သမီးဖြစ်သူသည် မျက်နှာကို ကြည့်မကောင်းအောင် မဲ့ပစ်လိုက်လေသည်။

"ဖေဖေတို့ အထင်ကြီးပေမယ့် ဒီလူကို သမီးတစ်သက်လုံး အထင်မကြီးဘူး၊ ယူလည်း မယူဘူး"

တုံးလီ၏သမီးသည် ထိုစကားကို နောက်ဆုံးပြော၍ အိမ်မှ ထွက်သွားတော့သည်။ ထိုအချိန်မှစ၍ မိဘများမှာ သမီးဖြစ်သူ၏ မျက်နှာကို မမြင်ရတော့ပါ။

ဖုန်းဝှာရောက်လာသည်။ တစ်နှစ်အတွင်း ရှာပေးပါမည်ဟု ပြောလိုက်ရ၏။ နောက်တစ်ခေါက် ခြောက်လအချိန်ပေးပါဟု ပြောလိုက်ရ၏။ နောက်တစ်ခေါက်၊ သုံးနှစ်အတွင်း မတွေ့ရင် သတ်မည်ဟု ဖုန်းဝှာက ကြိမ်းဝါးသွားသည်။ အမှန်ပင် ရှာမတွေ့ခဲ့ပါ။

သည်တော့ ...

✵ ✵ ✵

အခန်း (၁၇)

ဆိုးလိုက်သည့်ကံကြမ္မာ

တုံးလီသည် သူ၏အဖြစ်ကို စဉ်းစား၍ မိုက်မှားစွာ လွယ်လွယ်ကူကူ ပေးခဲ့မိသောကတိကြောင့် နောင်တရနေမိသည်။ သို့သော် သူသည် သူ၏သမီးကို အပြစ်မတင်ပါ။

သူတို့၏သမီး ယခုဖြစ်နေသောအဖြစ်ကို မသိရှိ၍သာ တိမ်းရှောင်နေခြင်းဖြစ်ပေမည်။ သိရှိပါက မုချပြန်လာရမည်ဟု မျှော်လင့်ထား၏။

တုံးလီသည် သူ့အတွက်ကို ဂရုမထားပါ။ သူ၏ဇနီးအတွက် စိုးရိမ်နေပေသည်။ ယခု တုံးလီသည် သူ၏ လူယုံတော်များကို ရှာဖွေခိုင်းထားသည် မဟုတ်ပါလား။ အကယ်၍ ကံကောင်းထောက်မပြီး တွေ့ရှိလာလျှင် သူ၏ဇနီးမှာ အသက်ချမ်းသာရာရမည်ဟု မျှော်မှန်းထားလေသည်။

နောက်တစ်နေ့ ဖုန်းဝှာ ရောက်ရှိလာပြန်၏။ ဖုန်းဝှာသည်

တုံးလီကို ကြည့်၍ မျက်နှာမဲ့လိုက်လေသည်။

"တကယ်တော့ ခင်ဗျားကိုယ်တိုင် ကျူပ်နဲ့ မပေးစားချင်လို့ ရှောင်ခိုင်းထားတာ မဟုတ်လား"

"မင်း ... ကျူပ်ကို မကျေနပ်ရင် သတ်ပစ်လိုက်ပါ ဖုန်းဝှာ ကျူပ်ရဲ့ဇနီးကို အသက်ချမ်းသာပေးလိုက်ပါ"

ဖုန်းဝှာသည် မျက်နှာမဲ့လိုက်ပြီး တစ်စုံတစ်ရာပြောရန် ဟန်ပြင်လိုက်သည်။

ထိုအချိန် လူတစ်ယောက် ပြေးဝင်လာသည်။ တုံးလီ၏ လူယုံတော်ပင် ဖြစ်သည်။ ထိုလူယုံတော်နှင့် မရှေးမနှောင်းပင် မိန်းကလေးတစ်ဦး ပြေးဝင်လာလေသည်။

မိန်းကလေးသည် ကြိုးနှင့်တုပ်၍ဆွဲထားသော သူတို့နှစ်ဦးကို မြင်လိုက်ရသည်နှင့် ပြေး၍ဖက်လိုက်လေသည်။

"မေမေ"

"ဖေဖေ"

✱

"သမီးလေး ... ချိုလီ"

တုံးလီက အင်အားချည့်နဲ့စွာဖြင့် ခေါ်လိုက်လေသည်။

"ဖေဖေ၊ မေမေ အဖြစ်ဆိုးလှချည်လားရှင်"

ချိုလီ သို့မဟုတ် ချိုလန်း။ သူမသည် ချိုလီ၏ ရုပ်အသွင်သည်း မဟုတ်ပါ။ နောက် ချိုလန်း၏ ပုံစံမျိုးလည်း မဟုတ်ပေ။ ခုအခါ သူမ၏ မွေးရာပါ ပုံစံမျိုးနှင့် ဖြစ်ပေသည်။

အလွန်လှပသော မိန်းကလေးတစ်ဦး ဖြစ်ပေသည်။ ဖုန်းဝှာသည် ချိုလီကို ပြု၍ ကြည့်နေသည်။

"ဒီလိုတော့လည်း ချိုလီက လိမ္မာသားပဲ"

ချိုလီသည် ဖုန်းဝှာအား ဆတ်ခနဲ ကြည့်လိုက်လေသည်။

"ရှင် ... အဖေနဲ့အမေကို အခုလွှတ်ပေးပါ"

ဖုန်းဝှာက ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"ဟေ့ ... ကြိုးတွေ ဖြည်ပေးလိုက်ပါ"

ချိုလီသည် မိဘနှစ်ပါးကို ဖေးဖေးမမဖြင့် ပြေး၍ပွေ့ချီသည်။ မိခင်ဖြစ်သူမှာ ယခင်ထက် ပို၍ အားများဆုတ်ယုတ်နေပေသည်။ ချိုလီသည် ဖုန်းဝှာကို နာကြည်းစွာ ကြည့်လိုက်၏။

"ရှင်ဟာ တကယ့်ကို လူမဆန်တဲ့လူပဲ"

"စဉ်းစဉ်းစားစား ပြောပါ ချိုလီရယ်"

ချိုလီသည် အတွေးအခေါ်သမားဝီဝီ သူ၏ဒေါသကို ချက်ချင်း သိမ်းဆည်းလိုက်လေသည်။

"အဖေနဲ့အမေကို သမားတော်နဲ့ကုပေးပါ"

"ဖြစ်စေရမယ်၊ ဖြစ်စေရမယ်"



ချိုလီသည် မိဘများအား ပြန်လည်ကျန်းမာလာရေးသည် အဓိကအချက်ဖြစ်နေ၍ ဖုန်းဝှာအား လုံးဝ ကလန်ကဆန် ပြန်မပြောဘဲ ဒေါသကို မျိုသိပ်ထားလျက် ရှိနေပေသည်။

သုံးရက်ခန့်ကြာသော် မိဘနှစ်ပါးစလုံး ကံကောင်းထောက်မ၍ အနည်းငယ် နာလန်ထလာသည်။ ချိုလီ ဝမ်းသာသွားပြီ ဖြစ်၏။ ယခုလောက်ဆိုလျှင် သူ၏မိဘနှစ်ဦးစလုံး မသေနိုင်တော့ပေ။

တုံးလိမ့ာ သူ့အတွက်ထက် သူ၏ဇနီး ကျန်းမာလာသဖြင့် ဝမ်းသာနေပေသည်။ သူ၏သမီးသည် မိုက်မဲသည့်သမီးတစ်ယောက်မဟုတ်မှန်း သူထင်ထားသည့်အတိုင်း ဖြစ်လာ၍ ဝမ်းသာနေပေသည်။

ဆယ်ရက်ပြည့်သောအချိန်တွင် မိဘနှစ်ဦးစလုံး ကျန်းမာလာသည်ကို ချိုလီ တွေ့လိုက်ရလေသည်။ ထိုအခါ ချိုလီသည် ဖုန်းဝှာအား တွေ့ဆုံစကားပြောရန်သာ ရှိတော့သည် မဟုတ်ပါလား။



ဖုန်းဝှာ၏ညည့်ခန်းသည် ခမ်းနားလွန်းလှပေသည်။ သို့သော် ခန်းဝှာသည် ချိုလီအား ဧည့်ခန်းဦးမတွေ့ဆုံဘဲ သူ၏သီးသန့် ခန်းသို့ ခေါ်ဆောင်သွား၏။

ချိုလီသည် အံကို တင်းတင်းကြိတ်ထားလေသည်။ မိဘနှစ်ဦးအတွက်ဆိုလျှင် သူမသည် အသက်စွန့်လွှတ်ဖို့ ဝန်လေးသူ မဟုတ်ပေ။

သို့သော် မိဘနှစ်ပါးလည်း ဒုက္ခပေးမည်၊ သူမ၏ဘဝသည်း အနစ်မွမ်းခံရမည့်အလုပ်မျိုးကို လုံးဝမလုပ်ပေ။ မည်သည့် အခါမှလည်း မလုပ်ဟု ဆုံးဖြတ်ထားလိုက်၏။

ဖုန်းဝှာ၏ သီးသန့်ခန်းက ဝိုမိုရှိခမ်းနားပေသည်။ ထိုအခန်းကို မြင်တွေ့လိုက်ရသောအခါ ချိုလီသည် ဘဝတစ်ခုလုံး ရေတိမ်နစ်သွားရရှာသော ရှူလန်း (ဝါ) ရှူဝါကို ပြေး၍ မြင်ယောင်မိလိုက်သည်။

"သည်တစ်ခါ ငါ့အလှည့်မျှားလား"

ဟုပင် စိတ်ထဲမှ ရေရွတ်မိလိုက်၏။

"ထိုင်ပါ ချိုလီ"

ဖုန်းဝှာက ညင်သာဖော်ရွေစွာပင် ပြောလိုက်လေသည်။



ဖုန်းဝှာသည် မျက်နှာတင်းတင်းနှင့်ပင် တစ်နေရာ၌ ထိုင်လိုက်လေသည်။

"ရှင် ဘာပြောချင်သလဲ"

ဖုန်းဝှာသည် အရက်ကို အရသာခံ၍ မျိုချလိုက်လေသည်။ ပြီးမှ ...

"ပြောစရာတွေ အများကြီးပဲပေါ့၊ ကျုပ်ရဲ့စည်းကမ်း ထက်ဝက်နီးပါးလုံး မြုပ်နှံထားရတဲ့ကိစ္စကို ကျုပ်က အကောင်အထည် ဖော်ရတော့မှာပေါ့ ချိုလီ"

သူမသည် အံကို တင်းတင်းကြိတ်ထားလိုက်လေသည်။ သို့သော် ထိုအမူအရာကို ဖုန်းဝှာ မမြင်နိုင်အောင် ဖုံးကွယ်ထားနိုင်၏။

"ရှင် ... ငွေဘယ်လောက် ပြန်လိုချင်လို့လဲ"

ဖုန်းဝှာသည် အောင်နိုင်သည့် သူရဲကောင်းတစ်ဦးပမာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"အဲဒီငွေစကားကို မင်းအဖေကလည်း ငါ့ကို ပြောပြီးပါပြီ၊ ဒါကို ငါ လက်မခံဘူး၊ မင်းတို့ပြောနေတဲ့ ငွေဆိုတာ ငါ့ဂေဟာကြီး တစ်ခုလုံး အပိုဆောင်းပြီး ပေးတာတောင် လက်မခံဘူး"

"ယုံပါတယ်ရှင်၊ ရှင်လိုချင်တာက"

ဖုန်းဝှာသည် ချိုလီ၏ တစ်ကိုယ်လုံးကို သိမ်းကြုံး၍ ကြည့်

ကြည့်လေသည်။ ချိုလီမှာ ကြက်သီးများပင် ထသွားတော့၏။ ထို့နောက် သူသည် ခေါင်းခါယမ်းလိုက်၏။

"မင်းကို တစ်ခုမေးပါရစေ"

"မေးပါ"

"မင်း ငါ့ကို မေတ္တာမျှနိုင်ပါ့မလား"

ချိုလီမှာ တစ်ချက် တွေဝေသွားသည်။

"ဒါကို ကျွန်မ အချိန်ယူပြီး စဉ်းစားရဦးမယ်"

"ဟုတ်တယ်၊ ကျုပ်ကလည်း မင်းကိုယူဖို့ တော်တော်လေး ပြန်စဉ်းစားရမယ်"

"ရှင်"

ချိုလီမှာ အောင့်သက်သက် ဖြစ်သွားသည်။ သူ့စကားကြောင့် ကြောင်အမ်းအမ်းလည်း ဖြစ်သွားသည်။

"ဘာလို့လဲဆိုတော့ ကျုပ်လိုချင်တာက အပျိုစစ်စစ်၊ ဒါမျိုးကို ကျုပ်က အိမ်ထောင်ဖက်အဖြစ် စဉ်းစားချင်တာ"

ထိုစကားများသည် သူမအား စော်ကားလိုက်သည့်စကားထက် ဖြစ်သော်လည်း ချိုလီမှာ ကြိတ်၍ ဝမ်းသာသွားမိသည်။

"ရှင်က မသတီတော့ဘူး ဆိုရင်လည်း မယူရဲ့ ရှိတာပေါ့"

"ဒါကြောင့်မို့လည်း ကျုပ်က စဉ်းစားရဦးမယ်လို့ ပြောတာပဲ၊ အပျိုစစ်တယ် မစစ်ဘူးဆိုတာ ကျုပ်အနေနဲ့ စမ်းသပ်ကြည့်ရင်

ရပါတယ်”

ဖုန်းဝှာ၏စကားများမှာ နားရွက်စရာကောင်းလှသော်လည်း ချိုလီသည် မဆန်းသကဲ့သို့ ခပ်ပြောင်ပြောင်ပင် ပြန်ပြောလိုက်သည်။

“ရှင့်ဟာရှင် စမ်းသပ်ချင်စမ်းသပ်၊ မစမ်းသပ်ချင်နေ၊ ကျွန်မကတော့ ရိုးနေပြီ”

ဖုန်းဝှာမှာ မျက်လုံးဝိုင်းသွားတော့သည်။ သူသည် အရက်တစ်ခွက် ငဲ့၍ တစ်ကျိုက်တည်း မော့ချလိုက်ပြန်သည်။

✷

ဖုန်းဝှာည် ချိုလီအား စူးစူးဝါးဝါး ကြည့်လိုက်သည်။

“ဒါဖြင့် မင်းဟာ သုံးမရတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေပြီပေါ့ ... ဟုတ်လား”

ချိုလီက နှုတ်ခမ်းကို မဲ့လိုက်လေသည်။

“ဒါတောင် ရှင် အသုံးချဖို့ ပြောနေသေးတယ်မဟုတ်လား”

ဖုန်းဝှာက လက်ကာပြလိုက်သည်။

“တော်ပြီ ... မင်းကို ငါ့ရဲ့ဇနီးမယားနေရာမျိုး တစ်သက်လုံး မပေးဘူးဆိုတာ မှတ်ထားပါ၊ အေး ... တစ်ခုတော့ရှိတယ်”

“ဘာရှိတာလဲ”

“တခြားနေရာမှာ အသုံးချရလိမ့်မယ်”

ချိုလီ မသိမာ မျက်လုံးဝိုင်းသွားလေသည်။

✷

“ရှင် လူကြီးလူကောင်းတစ်ယောက်ဆိုရင် လူကြီးလူကောင်းလို ပြောပါ”

“ကျွပ်စကားက ကလေးစကား မဟုတ်ဘူး၊ လူဆိုတာ သူ့နေရာနဲ့သူတော့ အသုံးတည့်မှာပဲ”

ချိုလီသည် စိတ်ပျက်စွာ နားထောင်နေရင်းမှ ...

“ဖုန်းဝှာ ... ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်၊ ရှင် ဘာဖြစ်ချင်သလဲ၊ ဒါပဲ ပြောပါ”

ဖုန်းဝှာက ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

“ဟား ဟား ဟား ... မင်း အဲဒီစကားမျိုးကို ခပ်စောစောကတည်းက ပြောသင့်တာကွ ... သိရဲ့လား”

ချိုလီက ပါးစပ်ပိတ်နေလိုက်သည်။ ဖုန်းဝှာသည် အရက်ကို အနည်းငယ် ထပ်သောက်၍ ချိုလီ၏ရှေ့တွင် လမ်းလျှောက်နေသည်။ သူ၏လုပ်ငန်းစဉ်များကို စဉ်းစားနေပုံရ၏။

ဖုန်းဝှာသည် ရပ်တန့်လိုက်၍ ...

"မင်း အရက်သောက်ချင်သလား ... သောက်ပါ"

ဖုန်းဝှာက ပြောလိုက်သည်။ သူမလည်း အရက်ခွက်ကို မဆိုင်းမတွပင် ယူ၍ အတော်များများပင် သောက်ပစ်လိုက်လေသည်။ ဖုန်းဝှာသည် တွေ၍ ကြည့်နေပြီးမှ ...

"အင်း ... မင်းပျက်စီးမယ်ဆိုတာ ငါယုံတယ်"

"ထင်တဲ့အတိုင်းပဲ"

ချိုလီသည် မခန့်လေးစား ပြန်ပြောလိုက်လေသည်။

"ဒီမှာ ချိုလီ"

"ရှင်"

"မင်းကို ငါလုပ်ငန်းပိုင်းပြောမယ်"

"ပြောပါ"

"မင်းရဲ့ လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး ငါ လက်ထပ်ဖို့စဉ်းစားမယ်"

"ထားပါတော့"

ဖုန်းဝှာသည် ချိုလီအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"မင်းသိထားဖို့က မင်းကို ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးစန်စန်ဆီမှာ ရှစ်နှစ်လုံးလုံး ငွေကုန်ကြေးကျခံပြီး သွားအပ်နှံထား

ာ ဘာကြောင့်လဲဆိုတာ စဉ်းစားမိရဲ့လား"

ချိုလီသည် သူ၏အမေးကို ဘာမှ ပြန်မပြောသေးဘဲ အရက်တစ်ခွက်ကို ကိုယ်တိုင်ငဲ့၍ သောက်ချလိုက်လေသည်။

"မင်း သိပ်မသောက်ပါနဲ့၊ မူးနေတဲ့လူနဲ့ ငါစကား မပြောချင်ဘူး"

ချိုလီက အသံထွက်အောင် ရယ်၍ ပြန်ကြည့်လိုက်သည်။

"ဒီလောက်ပေါ့တဲ့ အရက်မျိုး ဆယ်အိုးချထားတာတောင် ငွေနဲ့မ ဘာမှမဖြစ်ဘူး"

ချိုလီက တမင်တကာ အရွဲ့တိုက်၍ ပြောလိုက်သော်လည်း ဖုန်းဝှာ မျက်လုံးပိုင်းသွားလေသည်။

"အင်း ... မင်းကတော့ အဖတ်ဆယ်လို့ မရတော့ဘူးနဲ့ တူတယ်"

"ရှင်ပြောမယ့်စကားသာ ဆက်ပြောပါ"

"မင်းဖြေလေ"

"ဩော် ... ကျွန်မ သိုင်းပညာ သွားသင်တာလား၊ ရှင်တို့က သိုင်းပညာ တတ်စေချင်လို့ထားတာ မဟုတ်လား"

"ဟုတ်တယ် ... အခုတတ်ခဲ့တယ် မဟုတ်လား"

ချိုလီက ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း"

ဖုန်းဝှာသည် ရုတ်တရက် လက်ရွယ်လိုက်လေသည်။

"ငါ့ကို ဒေါသဖြစ်အောင် မလုပ်နဲ့နော်"

ချိုလီက ရယ်နေသည်။ ဖုန်းဝှာသည် ချိုလီကို စိုက်ကြည့်၍ အကဲခတ်သည်။ အမှန်တော့ ဖုန်းဝှာသည် ချိုလီ၏ ချစ်ရေး ကောင်းသော မျက်နှာကို ယခုမှမဟုတ် အပျိုပေါက် ဆယ့်သုံးနှစ် အရွယ်ကပင် နှစ်ခြိုက်စွဲလမ်းခဲ့သူ ဖြစ်သည်။

ထို့ကြောင့်လည်း သူမမှာ ပစ်ရမှာ ဆီနဲ့ဝင်းဝင်း၊ စားရင် သဲတစ်ရှုပ်ရှုပ်ဆိုသော စကားမျိုးကဲ့သို့ ကြိုးနေခြင်း ဖြစ်သည်။ ချိုလီ ကလည်း အကင်းပါးလှပေသည်။

ဖုန်းဝှာ၏ မျက်လုံးကို မြင်ကတည်းက သူမအား ဖုန်းဝှာ သည် စွဲလမ်းမှု ရှိနေရမည်ဟု တစ်ထစ်ချ ယုံကြည်ထားသည်။

"နင်က သိုင်းပညာမတတ်ဘူးဆိုတာ ငါ့ကို သက်သက် အ တိုက်ပြီး ပြောနေတာလား"

"ရှင့်မှာ ဦးနှောက်ရှိသားပဲ၊ ကျွန်မသာ သိုင်းပညာကို သ ချွန်အောင် တတ်မြောက်ခဲ့ရင် ကျွန်မမိဘတွေကို ရှင်စော်ကား တာ လက်ပိုက်ကြည့်နေပါ့မလား"

ဖုန်းဝှာ ခေတ္တပါးစပ်ပိတ်သွားလေသည်။

"နင် ... နည်းနည်းမှ မတတ်ခဲ့ဘူးလား"

"အခြေခံလောက်တော့ ရခဲ့တာပေါ့၊ ဒါလောက်ကလေး

ဘတ်ပါတယ်ဆိုရင် ကျွန်မဟာ အရူးဖြစ်သွားမှာပေါ့"

ဖုန်းဝှာသည် စားပွဲကို လက်သီးနှင့် ထုလိုက်၏။

"နင့်ကို ရှောင်လင်ကျောင်းပို့တာ ဘုန်းတော်ကြီးစန်စန်ရဲ့ သိုင်းအမွေအနှစ်ကို လိုချင်လို့ဆိုတာ နည်းနည်းမှ မသိဘူးလား"

"ဟင့်အင်း ... မစဉ်းစားမိဘူး"

ဖုန်းဝှာသည် ဒေါသဖြစ်စွာဖြင့် ကြည့်လိုက်ပြီး ...

"ယောက်ျားနဲ့ တွဲလာဖို့ကျတော့ အလိုလို တတ်ခဲ့တာပေါ့ ... ဟုတ်လား"

ထိုစကားကြောင့် ချိုလီသည် သူ၏ချစ်သူကို ချက်ချင်း သဘောရမိသွားသည်။ သူမသည် ဒေါသကို မနည်းမျိုသိပ်ထားရသည်။

"ဒါကတော့ သင်စရာမလိုပါဘူး၊ အကယ်၍ ရှင့်မှာ ညီမ ရှိရင်လည်း"

"တော်"

ဖုန်းဝှာသည် ကျားဟိန်းသကဲ့သို့ လှမ်းအော်လိုက်လေ သည်။ ဖုန်းဝှာသည် စကားပြောခြင်းကို ခေတ္တရပ်တန့်လိုက်လေ သည်။ ထို့နောက် သူမ၏လက်ကို ဆွဲကာ ...

"နင် ငါနဲ့လိုက်ခဲ့"

ဟုဆိုကာ ဆွဲခေါ်သွားသည်။ ဖုန်းဝှာသည် သူမအား နောက်ဘက်ရှိ အဆောင်တစ်ခုသို့ ခေါ်ဆောင်သွားလေသည်။ ထို့

နောက် သပ်ရပ်စွာ ခင်းကျင်းရှိ အိမ်ထောင်ပရိဘောဂ အစုံအလင်
ပြုပြင်မွမ်းမံထားသော အခန်းကျယ်ကြီးကို လက်ညှိုးထိုးပြလိုက်၏။

အခန်းမှာ ကျယ်ဝန်းပြီး ထမင်းစားခန်း၊ ဧည့်ခန်း၊ ရေချိုး
ခန်း စသည်ဖြင့် အစုံအလင် ပါဝင်နေပေသည်။

"အဲဒီအခန်းဟာ ဘယ်သူ့အတွက်လဲဆိုတာ သိလား"

ချိုလီက ကြောင်အမ်းအမ်းဖြင့် ခေါင်းခါယမ်းလိုက်လေ
သည်။

"ဘယ်သိမှာလဲ"

ထို့နောက် ညစ်ပတ်ပေရေရွတ် နံစော်နေသော အခန်းကျယ်
ကလေးတစ်ခုကိုလည်း လက်ညှိုးထိုးပြလိုက်လေသည်။

"အဲဒီအခန်းကိုလည်း မှတ်ထားပါ"

ချိုလီက ဘာမှမသိသော်လည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ဖုန်းဝါသည် စောစောက ခင်းကျင်းထားသော အခန်းထဲ
သို့ ချိုလီအား ပြန်ခေါ်လာလေသည်။

"နင် ငါပြန်တဲ့စကားကို နားထောင်တယ်၊ နားမထောင်ဘူး
ဆိုတာ အဲဒီအခန်းနှစ်ခုက အဖြေပေးသွားလိမ့်မယ်"

ချိုလီမှာ ကြောင်အမ်းအမ်း ဖြစ်နေဆဲပင်။

"ကျွန်မ နားမလည်လို့ ထပ်ပြောပါဦး"

"ဒီမှာချိုလီ ... နင့်မိဘနှစ်ပါးကို နင်ဘယ်လောက်ချစ်လဲ"

"ရှင့်မိဘတွေကို ရှင်ချစ်သလောက် ကျွန်မချစ်တယ်"

ချိုလီမှာ အချက်ကျကျ စကားပြန်ပြောတတ်သဖြင့် တစ်ခါ
ထဲရံ ဖုန်းဝါမှာ အောင့်သက်သက် ဖြစ်သွားရလေသည်။

"အဲဒီတော့ နင့်မိဘတွေကို ဟောဒီလိုအခန်းမျိုးနဲ့ စိတ်အေး
အောင်သာမှာ နေစေချင်သလား, ဟိုအခန်းကျဉ်းလေးထဲမှာ ဝိတ်
ဆောင်ထားတာကို တွေ့ချင်သလား ... ဒါပဲပြော"

ထိုစကားကြောင့် သူမမှာ မိဘနှစ်ပါးအတွက် တုန်လှုပ်
သောလန့်သွားတော့သည်။

"ရှင်က ဖေဖေနဲ့မေမေကို ပြန်မလွှတ်ဘူးလား"

"ငါက စိတ်ကောင်းစေတနာနဲ့ စီစဉ်ထားတဲ့အခါမှာ မင်းက
ပြဿနာ ဆန္ဒမစောပါနဲ့၊ ဒါကြောင့် မင်းကို ငါမေးမယ် ... မင်းက
ဘာကျတဲ့အဖြေမျိုးကို ပေးပါ"

ချိုလီ သက်ပြင်းချလိုက်လေသည်။

"ဟုတ်ကဲ့ ပြောပါ"

"ပထမအချက်က မင်း ငါခိုင်းတာကို တိတိကျကျနဲ့ အမှန်
အတိုင်းလုပ်ပေးရမယ်၊ မင်းကို တစ်နှစ်တိတိ အချိန်ပေးမယ်၊ အကယ်
၍ မင်းရဲ့ဆောင်ရွက်ချက်ဟာ စောစောစီးစီး အောင်မြင်သွားတယ်
ဆိုရင်လည်း မင်းတို့အတွက်ပဲ"

ဖုန်းဝှာသည် စကားကိုနား၍ သူမကို ကြည့်လိုက်သည်ပြီးမှ ဆက်၍ပြောသည်။

"ဒုတိယအချက်က မင်းဒီမှာနေပြီး ငါခိုင်းတဲ့အလုပ် မှန်သမျှကို ငါးနှစ်တိတိ လုပ်ကိုင်ပေးရမယ်၊ ဘာခိုင်းခိုင်း လုပ်ပါ့မယ်လို့လဲ ကတိပေးရမယ်၊ အကယ်၍ ငါက ကျေနပ်မှုရှိလာရင် သုံးနှစ်မလွတ်လပ်မှုပေးမယ်၊ ဘယ့်နယ်လဲ ... ဘယ်လမ်းကို ရွေးမလဲ"

ရှုလီက စဉ်းစား၍ ...

"ဒုတိယအလုပ်က ဘာလုပ်ရမှာလဲ"

"ငါပြောပြီးပြီပဲ ... ဘာပဲခိုင်းခိုင်းဆိုကတည်းက ငါခိုင်းချင်တာ ခိုင်းမှာပဲ၊ ညောင်းညာနေတဲ့ ငါ့သင်တန်းသားတွေကို အလှည့်ကျ နှိပ်ပေးပါဆိုရင်လည်း မင်းနှိပ်ပေးရမှာပေါ့"

ချိုလီ ကပျာကယာ လက်ကာလိုက်လေသည်။

"အဲဒီအလုပ်တော့ ကျွန်မ မလုပ်ဘူး"

"ငါလည်း ထင်ပါတယ် ... မင်း ဒီအလုပ်ကို လုပ်မှာမဟုတ်ဘူးလို့"

"ပထမပြောတဲ့ အလုပ်ကကော"

ဖုန်းဝှာက ပြုံးလိုက်လေသည်။

"အဲဒါကတော့ သိုင်းလောကနဲ့ ပတ်သက်တယ်၊ ငါ အင်မတန်လိုအပ်နေတဲ့ လိုအပ်ချက်တွေကို မင်းက ရှာဖွေစုံစမ်းပေး

မယ်။ အကယ်၍ မင်းအနေနဲ့ ငါ့ကို အံတုဖို့ကြိုးစားမယ်ဆိုရင် မင်းရဲ့ ဒီဘန့်ပါးဟာ ဒီအချုပ်ခန်းမျိုးမှာ မနေရဘဲ ဟိုအခန်းကျဉ်းကျဉ်းလေးထဲမှာ အစာရေစာငတ်ပြတ်နေမယ်ဆိုတာ တစ်ထစ်ချ မှတ်ထားပါ"

ချိုလီသည် မိဘန့်ပါးနှင့် အကျပ်ကိုင်လာသည်မို့ မငြင်းသာအောင် ရှိနေတော့သည်။ သို့သော် သူမက ...

"ကျွန်မ မိဘန့်ပါး စိတ်ချမ်းသာအောင် ထားမယ်ဆိုတာ ဘုံရဲ့ ကတိပဲလား"

ဖုန်းဝှာက ပြုံး၍ ...

"မင်းအချိန်ရတိုင်း ပြန်ကြည့်နိုင်တယ်၊ မေးကြည့်နိုင်တယ်"

ချိုလီ စိတ်ချမ်းသာသွားသည်။ မိမိ၏ မိဘန့်ပါးသာ စိတ်ချမ်းသာမည်ဆိုလျှင် မိမိ ဘာလုပ်ရလုပ်ရ စိတ်ထဲမှလည်း ဆုံးဖြတ်ထားလိုက်တော့သည်။

"ကောင်းပြီလေ၊ ဘာလုပ်ရမယ်ဆိုတာသာ ပြောပါ"

ဖုန်းဝှာက ကျေနပ်စွာ ပြုံးလိုက်လေသည်။

"မနက်ဖြန် ကျုပ်ပြောမယ်"

* * *

"ဖေဖေတို့ နေကောင်းပြီပဲ၊ ပြန်လို့ မဖြစ်သေးဘူးလား"

ချိုလီသည် ဟန်လုပ်၍ ရယ်မောလိုက်လေသည်။

"ဖေဖေတို့ နေကောင်းပြီပဲ၊ ပြန်လို့ မဖြစ်သေးဘူးလား"

ချိုလီသည် ဟန်လုပ်၍ ရယ်မောလိုက်လေသည်။

"အို ... ဖေဖေကလည်း ကျန်းမာရေးကောင်းသည်ထက် ကောင်းအောင် ဒီမှာပဲနေပါဦး၊ နောက်ပြီးတော့လေ ဖုန်းတွက သမီးကို ပစ္စည်းတစ်ခု ရှာခိုင်းမလို့တဲ့၊ အဲဒါ သမီး ရှာပေးလိုက်ဦးမယ်၊ သမီးပြန်လာမှပဲ အတူတူသွားကြတာပေါ့နော်"

တုံးလီသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

"သူက သမီးကို လက်ထပ်မယ်လို့ မပြောဘူးလား"

ချိုလီမှာ ရယ်လိုက်ရပြန်သည်။

"ဒီလိုပါ ဖေဖေရဲ့"

"ပြောပါဦး သမီးရယ်"

"သူကလေ သမီးကို လက်ထပ်ချင်မှ လက်ထပ်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်သက်မှာ သူက လူပျိုကြီးလုပ်တော့မယ်တဲ့"

"အို ... ဟုတ်လား"

ချိုလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ မေမေ၊ အဲဒါ သူ့ကို အကူအညီတောင်းခံခုပေးဖို့ ပြောတယ်၊ သိုင်းလောကမှာ လိုအပ်တဲ့ပစ္စည်းတစ်ခုပဲ၊ အဲဒါကို ရှာဖွေ

အခန်း (၁၈)

ကျားသစ်ဂေဟာ၏ ခိုင်းစေချက်

ချိုလီသည် အပူရပ်ကို ဟန်လုပ်၍ မိဘများထံ ပြန်သွားသည်။ သူမ၏ မျက်နှာပြိုးရွှင်နေမှသာလျှင် မိဘများကလည်း စိတ်ချမ်းသာမည် မဟုတ်ပါလား။

မိဘများ စိတ်အေးချမ်းသာစွာဖြင့်ပင် ထိုင်နေကြသည်။

"ဘယ့်နယ်လဲ သမီး၊ စကားပြောလို့ အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ် ဖေဖေရယ်၊ ဒါပေမဲ့"

မိခင်က လှမ်းကြည့်၍ ...

"ဒါပေမဲ့ ဘာဖြစ်သလဲ သမီးရယ်"

"ဘာမှ မဖြစ်ပါဘူး မေမေ၊ ဖုန်းတွက သဘောကောင်းတယ်၊ သူကလေ မေမေတို့ရဲ့ နေရေးထိုင်ရေး စားရေးသောက်ရေး အတွက် အားလုံးအဆင်ပြေအောင် စီစဉ်ထားပါတယ်"

တုံးလီက မျက်မှောင်ကြုတ်လိုက်လေသည်။

စုံစမ်းပေးလိုက်ဦးမယ်၊ သမီး နည်းနည်းကြာလည်း စိတ်မပူနဲ့နော်”

“အေးပါ သမီးရယ်၊ ဖေဖေတို့ ဒီမှာပဲ နေလိုက်ဦးမယ်၊ ဖေဖေ ပြောချင်တာကတော့ ဖုန်းဝှာဟာ သူများနဲ့မတူဘူး၊ သူလိုချင်တာ သူဖြစ်ချင်တာကိုတော့ ကြိုးစားပြီး ရှာကြံပေးလိုက်ပါ၊ အဲ ... အမှားအယွင်းတော့ ဘာမှမလုပ်နဲ့နော် သမီး”

ချိုလီက ခေါင်းညိတ်လိုက်သည်။

“စိတ်ချပါ ဖေဖေရယ်”

✻

တစ်ညလုံး ချိုလီ အိပ်မပျော်ပါ။ ဖုန်းဝှာသည် မည်သည့်ကိစ္စကို ခိုင်းစေမည်နည်းဟု တွေးနေမိသည်။ သို့သော် သူလိုအပ်နေသောအရာမှာ သိုင်းကျမ်းစာအုပ်က လွဲ၍ အခြား ဘာမှ မဖြစ်နိုင်ဟု တွက်ဆထားလိုက်လေသည်။

သိုင်းကျမ်းစာအုပ်ကို စဉ်းစားမိသည်နှင့် ရှူလန်းကို သတိရမိသွားလေတော့သည်။ သူမသည် လောကအလယ်၌ အလွန်မျက်နှာငယ်နေသူ ဖြစ်ပေသည်။ မိမိကိုလည်း တကယ်အားကိုးအားထားပြုနေသူတစ်ယောက် ဖြစ်၏။

ယခု မိမိ မပြောမဆိုဘဲထွက်လာသည့်အတွက် သူမ မည်

အထိ ခံစားနေရမည်ကို ချိုလီစဉ်းစားမိသည်။ သို့သော် မတတ်နိုင်ပါ။ သူမသည် အားငယ်နေရသည့်အထဲ မိမိ၏ကိစ္စကို ဖွင့်ပြောပါလျှင်လည်း စိတ်မကောင်းဖြစ်ရုံကလွဲ၍ သူမလည်း တတ်နိုင်မည်မဟုတ်ပေ။

ထိုနေ့က ချိုလီ၏ဖခင် လူယုံတော်သည် ပေ့ရန်းမြို့ကို ဆောက်ရွက်လာသည်။ ထိုလူက ချိုလီအား ရုတ်တရက် နှုတ်ဆက်လိုက်ခြင့် မိဘတို့၏အကြောင်းကို ချိုလီ သိရှိလိုက်ရသည်။

ၾင်းနေ့တစ်နေ့လုံး ချိုလီ စိတ်မကောင်းဖြစ်နေရသည်။ ရှူးနှင့် ခွဲရတော့မည်ကို ချိုလီသိသည်။ သို့သော် ဘယ်လိုမှ ဖွင့်မပြောရက်ဖေ။ ခရီးသွားရဦးမည်ဟုဆိုသည့်တိုင် ရှူလန်းသည် သူမပါသွားမည်ဟု ပြောမှာအမှန်ဖြစ်၏။ ထို့ကြောင့် ချိုလီသည် ဘာမှမပြောတော့ဘဲ ထွက်လာခြင်း ဖြစ်တော့သည်။ ချိုလီသည် တောင်းမြောက်တွေးနှင့် မေးခနဲ အိပ်ပျော်သွားသည်။

သူမ အိပ်ရာမှနိုးချိန် မျက်နှာသစ်သောအခါ မမျှော်လင့်သူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူကို တွေ့လိုက်ရသဖြင့် ချိုလီသည် လွန်ခဲ့သည့်လေးနှစ်ကျော်ကအဖြစ်အပျက်ကို သတိရသွားသည်။ အခြားမဟုတ်ပါ။ ဘဲနှင့်ဘဲဥများ လာပို့သည့် ရွှေအဝမ်တူးပင်ဖြစ်လေသည်။ သူမက မေ့၍ ရုတ်တရက် မျက်နှာလွဲမိလိုက်သည်။ သို့သော် သူမ မျက်နှာလွဲသည့်တိုင်အောင် ရွှေအဝမ်တူးက မှတ်မိ

မည် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ချိုလန်း၏ရုပ်သည် ပုံပြောင်းထား
သော ရုပ်ဖြစ်၍ ယခုရုပ်မှာ ချိုလီ၏ နဂိုရုပ် ဖြစ်နေပေသည်။ သို့
သော် ရွှေအဝမ်တူးက သူမအား အထူးအဆန်းသဖွယ် အတော်ကြာ
အောင်ပင် ငေး၍ ကြည့်နေလေသည်။

ချိုလီက မသိဟန်ပြုနေလိုက်၏။ ရွှေအဝမ်တူးသည် ဘာ
များ ဘဲများချပေးပြီး မကြာမီပင် သူ၏မြင်းလှည်းကို မောင်း၍ထွက်
သွားတော့သည်။

မြင်းလှည်းကိုကြည့်၍ ချိုလီသည် ဘဲကျောင်းသားလေး
ဝမ်ကျောင်းကို သတိရမိသွားလေသည်။ ဝမ်ကျောင်းသည် ယခုအခါ
လူပျိုကြီးဖားဖား ဖြစ်နေပေတော့မည်။

✻

ချိုလီသည် ခရီးသွားရန် အသင့်ဖြစ်နေပေသည်။ သူမက
ဖုန်းဝှာအခန်းထဲသို့ ဝင်ရောက်သွားသောအခါ ဖုန်းဝှာသည် အသင့်
ပင် သူမအား စောင့်ဆိုင်းနေ၏။

"မင်း ခရီးသွားတော့မယ်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ ... ရှင် ဘာခိုင်းမှာလဲ ... ပြော"

သူမက ပြောပြီး ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်သည်။

"မင်း ... သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ကိစ္စတွေ ဘာသိ
သလဲ"

ချိုလီက မျက်မှောင်ကြုတ်လိုက်၏။

"ဟင် ... ဘာတွေဖြစ်နေလို့လဲ၊ ကျွန်မ ဘာမှ မသိပါလား"

ဖုန်းဝှာသည် မသိမသာ သက်ပြင်းချလိုက်မိလေသည်။

ထို့နောက် ဖုန်းဝှာသည် ထင်းရှန်းတို့၏အကြောင်းကို
အကျဉ်းချုပ်၍ ပြောပြလိုက်လေသည်။

✻

"မင်း ငါပြောပြတာတွေ ရှင်းပါတယ်နော်"

ချိုလီက ခေါင်းညိတ်လိုက်သည်။

"ရှင်းပါတယ်"

"ငါပြောတဲ့အထဲမှာ ရှုဝါဆိုတာ သေသွားတယ်လို့ ငါက
သတ်မှတ်ထားပေမယ့် အချို့ အထောက်တော်တွေဆီက အဲဒီ မိန်း
ကလေးဟာ မသေသေးဘူးလို့ သတင်းသန့်သန့် ကြားနေရတယ်"

ချိုလီသည် စိတ်လှုပ်ရှားစွာဖြင့် နားထောင်နေပေသည်။
ဦးမှ သူမက ...

"ရှင့်စကားထဲမှာ ရှင်ကပဲ သတ်ပစ်ခိုင်းလိုက်တယ်ဆို"

"ဟုတ်တယ် ... ငါသတ်ခိုင်းတယ်၊ ငါသတ်ခိုင်းတဲ့ ဖေစစ်ဆိုတဲ့ အကောင်ဟာ တစ်နေ့မှာ မိန်းကလေးတစ်ယောက်က သတ်သွားတာကို ခံလိုက်ရတယ်၊ ငါ့စိတ်ထင် ဖေစစ်ဆိုတဲ့ကောင်က ဒီမိန်းကလေးကို လွတ်အောင် လုပ်လိုက်လို့ အဲဒီမိန်းကလေးကပဲ သတ်သွားတာလို့ ထင်နေတယ်"

ချိုလီက မှင်သေသေဖြင့် ခေါင်းကို ခါယမ်းလိုက်လေသည်။

"ဖြစ်နိုင်ပါ့မလားရှင်၊ ထင်းရှန်းတို့ မိသားစုဟာ အနုပညာသမားတွေဆို၊ ရှုဝါဟာ ဘယ်သိုင်းပညာ တတ်ပါ့မလဲ"

"အဲဒီလို လျော့တွက်လို့ မရဘူး၊ ဖေစစ်ကို သတ်တဲ့အချိန်မှာ ဆယ်နှစ်တိတိ ကြာခဲ့ပြီ၊ ဒီတော့ အဲဒီ မိန်းကလေးဟာ သိုင်းတတ်ချင်တတ်နေမယ်၊ နောက်ပြီး ထင်းရှန်းဟာ တစ်ဖက်လှည့်နဲ့ သားသမီးတွေကို ပေးခဲ့တာလည်း ဖြစ်နိုင်တယ်"

"ဟုတ်တယ် ... ရှင့်အတွေးအခေါ် မဆိုးဘူး"

ချိုလီက တမင်တကာ မြှောက်ပင့်ပြောဆိုလိုက်လေသည်။

"အဲဒါကြောင့် မင်းလုပ်ရမယ့် အလုပ်တွေကို ပြောပြနေတာပေါ့၊ လွန်ခဲ့တဲ့ နှစ်တွေတုန်းကဆိုရင် မိန်းကလေးနှစ်ယောက်ဟာ အတော်သောင်းကျန်းခဲ့တယ်၊ အဲဒီတုန်းက ငါက ထင်းရှန်းရဲ့ သမီးနဲ့ မင်းနဲ့ ပေါင်းမိနေတယ်လို့တောင် ထင်မိလိုက်တယ်"

ထိုစကားကြောင့် ချိုလီသည် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

"ဒါပေမဲ့ ပေလူးမြို့မှာ သတင်းကြားလို့ ငါကိုယ်တိုင် လိုက်သွားတဲ့အခါမှာ မင်းလည်း မဟုတ်ဘူး၊ ထင်းရှန်းရဲ့သမီးလည်း မဟုတ်ဘူး၊ ဒါတောင် ငါက မသင်္ကာလို့ ဖမ်းခဲ့သေးတယ်"

"ဟုတ်လား ... ရှင် သူတို့ကို မစစ်ဆေးဘူးလား"

ဖုန်းဝှာသည် ဒေါသဖြစ်စွာဖြင့် တောက်တစ်ချက် ခေါက်လိုက်လေသည်။

"တောက် ... ဟိုနဂါးသိုင်းသမား တုဝေးက ဝင်ပြီး တောင်းပန်လို့ပေါ့"

ဖုန်းဝှာသည် ဟန်လုပ်လိမ်ညာတတ်မှန်း ချိုလီ သိလိုက်ရသည်။ သူမသည် ရယ်ချင်သည့်စိတ်ကို မနည်းထိန်းချုပ်ထားလိုက်၏။

"ကဲ ... အခု ကျွန်မ အဓိကလုပ်ရမယ့်အချက်က"

ချိုလီက စိတ်မရှည်ဟန်ဖြင့် မေးလိုက်သည်။

"မင်းအစ်မက ဆောင်ရွက်ရမှာကတော့ ပထမထင်းရှန်းရဲ့ သားသတင်းကို စုံစမ်းပါ၊ နောက် သူ့သမီးသေ,မသေ ငါ့ကို အဆောက်အထားနဲ့ ပြန်ပြောရမယ်၊ အခွင့်အခါသင့်ရင် သတ်ပစ်ခဲ့ရမယ်၊ လိုချင်တာကတော့ သိုင်းကျမ်းစာအုပ်ပဲ"

"ဒါလောက်ဆို ကျွန်မ နားလည်ပြီ"

ချိုလီက မျက်မှောင်ကြုတ်လိုက်သည်။

"ကဲ ... ပြော"

"လွန်ခဲ့တဲ့ လေးနှစ်လောက်က အဲဒီ ငါပြောတဲ့ မိန်းကလေး နှစ်ယောက်ဟာ ပေ့ရန်းမြို့မှာတွင် ခြေရာပျောက်သွားတယ်၊ ငါ့ဆီက လွှတ်လိုက်တဲ့ ဖေစီးထန်ဆိုတဲ့ သိုင်းသမားဟာ တစ်ကောက် ကောက်လိုက်ပြီး စုံစမ်းပေမယ့် မရခဲ့ဘူး၊ သူကပြောတော့ ထင်းရှန်း ရဲ့အိမ်မှာ လင်မယားနှစ်ယောက် ငှားနေတယ်လို့ပြောတယ်၊ ဒါပေမဲ့ သူစုံစမ်းတော့ ထင်းရှန်းနဲ့ လုံးဝ မပတ်သက်ဘူးလို့ ပြောတာပဲ၊ နင် ပေ့ရန်းရောက်ရင် သတိထားစုံစမ်းပါ"

"စိတ်ချ ... အဲဒါ ကျွန်မ တာဝန်ထားလိုက်၊ ကျွန်မ ရှင့်ကို တောင်းပန်ချင်တာကတော့ ကျွန်မ ဖေဖေနဲ့မေမေကို စိတ်ချမ်းသာ အောင် ထားပါရှင်"

"မင်းသာ အမှားမလုပ်နဲ့ ဘာမှ မဖြစ်စေရဘူး၊ အဲ ... ငါ မှာလိုက်မယ်၊ နေရာတိုင်း မြို့တိုင်းမှာ ငါ့လူတွေ ရှိတယ်"

ဖုန်းတ်ာသည် သတိပေးသလိုနှင့် ခြိမ်းခြောက်လိုက်ခြင်း ဖြစ်လေသည်။ သို့သော် ချိုလီသည် ခပ်ပြုံးပြုံးပင်ခေါင်းညိတ်ပြခဲ့သည်။

* * *

အခန်း (၁၉)

ချိုလီ၏ခရီး

ချိုလီသည် မြင်းတစ်ကောင်ကို အဖော်ပြု၍ ခရီးစတင်ခဲ့ရ ဖြစ်လေသည်။ သူမ၏ ရင်ထဲဝယ် အတွေးပေါင်း မြောက်မြားစွာ ဖြည့် ကိန်းအောင်းလျက် ပါရှိလာတော့သည်။

သူမအဖို့ မည်ကဲ့သို့ ကြံဆောင်ရမည်နည်း။ သူမ၏ ခရီး ဦး ဘစ်လျှောက်လုံး ဖုန်းတ်ာ၏ အထောက်တော် မျက်လုံးပေါင်း များစွာသည် နေရာမလပ် စောင့်ကြည့်နေမည် ဖြစ်ပေသည်။

မိမိသည် သိုင်းပညာကို ဟုတ်တိပတ်တိ မတတ်ပါဟု ပြော ထားသဖြင့် တိုက်ခိုက်မှုကို တတ်နိုင်သမျှ ရှောင်ရှားမှ တော်ကာ မူပေမည်။

ဖုန်းတ်ာပြောသော ကျမ်းစာအုပ်သည် မိမိတို့ မဆိုထားနှင့် ဘယ်ကံရှင် ရှုဝါပင်လျှင် ယနေ့အထိ သတင်းမရသေးပေ။ ထို့အတူ သင်းကျောင်းလည်း လုံးဝ သတင်းမရုပါ။

ဖုန်းဝှာသည် မိမိအား လောကတွင် အခက်ခဲဆုံးအလု
များကို ရွေးချယ်လုပ်ကိုင်ခိုင်းလိုက်ခြင်းပင် ဖြစ်လေသည်။ အကယ်
မိမိသာ ထိုကိစ္စများကို မလုပ်ဆောင်နိုင်ပါက မိမိ၏မိဘနှစ်ပါးသည်
ကျားသစ်ဂေဟာ၌ အရိုးထုတ်ရတော့မည်မှာသေချာနေပြီဖြစ်သည်

မိမိသည် မိဘနှစ်ပါးအတွက် ရှုဝါကိုပင် လက်ညှိုးထိုး
ကောင်းလေမည်လားဟု တွေးတောမိသောအခါ လောကအလ
တွင် ဒုက္ခပေါင်းများစွာရင်ဆိုင်နေရသော ရှုဝါကို ဤသို့မပြုရက်
ထိုသို့ မဟုတ်ဘဲ ရှုဝါနှင့် တိုင်ပင်ကာ ဖုန်းဝှာကို ပြန်လည်
တိုက်ခိုက်ရလျှင် ကောင်းလေမည်လား။ ဤကဲ့သို့ လုပ်၍ မဖြစ်
မိမိ၏ မိဘနှစ်ပါးသည် ဖုန်းဝှာ၏လက်ထဲတွင် ရောက်
နေသည်။ မိမိ၏ လုပ်ဆောင်ချက်တစ်ချက် မှားသည်နှင့် မိဘနှစ်
သည် လောလောဆယ်တွင် အခန်းကျဉ်းကလေးထဲ၌ ငရဲခံစား
တော့မည် ဖြစ်ပေသည်။

ဘာလုပ်ရမည်နည်း။ မိမိ ဘာလုပ်ရမည်နည်း။ ထိုအ
ကို ချီလီတစ်ယောက် တစ်လမ်းလုံး ရှာဖွေနေသော်လည်း တိ
သည့် အဖြေမရခဲ့ပါ။

မိမိ၏ခရီးစဉ်သည် မရေရာသော ခရီးစဉ်တစ်ခု ဖြစ်
သည်။ မြင်းသည် မှန်မှန်ပြေးလျက်ရှိနေသည်။ အတွေးများလည်
လွင့်မျောနေပေသည်။

နောက်တစ်နေ့ သူမသည် ဝါကောက်ကျေးရွာသို့ ရောက်ရှိ
လာသည်။ ထိုအခါ ရှုလန်းကို သတိရမိလိုက်သည်။ ယခုအခါ မိမိ
ဝါကောက်ကျေးရွာသို့ ဝင်ရောက်သည့်တိုင်အောင် မည်သူတစ်ဦး
ဘစ်ယောက်မှ သိမည်မဟုတ်ပေ။

ချီလန်းသည် သူ၏ခရီးစဉ်ကို ဆက်လက်၍သာ နှင်ခဲ့ပေ
သည်။ နောက်ဆုံး သူ၏ဦးတည်ချက်မှာ ပေ့ရန်းသို့ အရောက်သွား
ရန်ပင် ဖြစ်လေသည်။

သူမသည် ဝါကောက်ကျေးရွာကို လွန်မြောက်ပြီးသည့်အခါ
တွင် တောင်ကြားတစ်ခုကို ဖြတ်သန်းရလေသည်။ နေလုံးသည်
အနောက်ဘက်သို့ ယွန်းနေပြီ ဖြစ်သည်။ သူမက တစ်ချက် စဉ်းစား
လိုက်သည်။

ဒီညအဖို့ ဘဲခြံတွင် တည်းခိုရလျှင် ကောင်းမည်ဟူသော
အကြံပင် ဖြစ်လေသည်။ ထိုစဉ် ရုတ်တရက် ...

တောင်ကြားထဲမှ မြင်းတစ်ကောင် ပြေးထွက်လာသည်။
မြင်းပေါ်မှ လူကို မြင်ရသည့်အခါ ချီလီ စိတ်ထဲ၌ ဝမ်းသာသလို
ဖြစ်သွားပေသည်။

မြင်းပေါ်မှလူသည် မျက်နှာဖုံးတပ်၍ ခမောက်ကြီးကို
ဆောင်းထားလေသည်။ ထိုသူသည် မျက်နှာဖုံးရှင် သို့မဟုတ် နဂါး
သိုင်းသမား တုဝေးပင် ဖြစ်မည်ဟု ထင်လိုက်သည်။ နောက်တစ်ချက်

စဉ်းစားမိသည်မှာ ဖုန်းဝှာများဖြစ်လေမလားဟု သတိထားလိုက်ရသေးသည်။

မျက်နှာဖုံးနှင့်လူသည် မြင်းကို လမ်းအလယ်တွင် ကန့်လန့်ဖြတ် ရပ်၍စောင့်နေပေသည်။ သို့သော် ချိုလီကို မှတ်မိမည် မဟုတ်ပေ။ ချိုလီသည် ချိုလန်းမဟုတ်ပေ။

ချိုလီက ဣန္ဒြေရရပင် ထိုသူ၏ အနီးသို့ ရောက်အောင် သွားလိုက်လေသည်။ ချိုလီအနေနှင့် သတိထားမှ ဖြစ်ပေမည်။ ဖုန်းဝှာသည် မျက်နှာဖုံးနှင့်ပင် မိမိတို့အား တစ်ပတ်ရိုက်သွားခဲ့သည် မဟုတ်ပါလား။

မျက်နှာဖုံးနှင့်လူသည် ချိုလီအား စူးစိုက်၍ကြည့်နေသည်။

"ခင်ဗျား ဘယ်သွားမှာလဲ"

ချိုလီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်မသွားရမယ့် ခရီးစဉ်က ဝေးပါတယ်ရှင်၊ ပေ့ရန်းရောက်အောင် သွားရမှာပါ"

ချိုလီသည် မျက်နှာဖုံးနှင့်လူ၏အသံကို ဂရုစိုက်နားထောင်၍ ပြန်ဖြေလိုက်သည်။

"ဘာသွားလုပ်မှာလဲ"

"ဒါထက် ရှင်က ဘယ်သူလဲ"

ထိုသူ၏အမေးကို ချိုလီက မေးခွန်းပြန်ထုတ်လိုက်သည်။

"ကျုပ် မေးတာဖြေပါ၊ ခင်ဗျား ဘာသွားလုပ်မှာလဲ"

"အလကားတော့ မသွားပါဘူး၊ ကျွန်မမှာ ကိုယ်ရေးကိုယ်ဘာ ကိစ္စရှိလို့ပေါ့"

မျက်နှာဖုံးနှင့်လူသည် ချိုလီအား တွေကြည့်နေပေသည်။

"ခင်ဗျား ဒီခရီးနဲ့ဒီခရီးကို တစ်ယောက်ထဲသွားတာ သိုင်းပညာ သိပ်ပြီး ထက်မြက်ပုံရတယ်"

ချိုလီ၏စိတ်ထဲတွင် ဖုန်းဝှာသည် မိမိသိုင်းပညာ တတ်တတ် လက်တွေ့စမ်းသပ်မည်လားဟု ထင်မိလိုက်လေသည်။

"ကျွန်မ သိုင်းပညာ ဟုတ်တိပတ်တိ မတတ်ပါဘူးရှင်"

"နည်းနည်းပါးပါးတော့ တတ်တယ်ဆိုပါတော့ ဟုတ်လား"

"မပြောပလောက်ပါဘူးရှင်"

"ကျုပ်မေးတာကို ခင်ဗျား မလိမ်ပါနဲ့၊ ခင်ဗျား ကျားသစ်ဂေဟာက လာတာ မဟုတ်လား"

"ရှင် ဘယ်သူလဲဆိုတာ မသိရဘူးလား"

မျက်နှာဖုံးနှင့်လူက ခေါင်းကို တအားယမ်းလိုက်လေသည်။

"ဒီမှာ ကျုပ်မေးတာ ဖြေပါ"

"ဟုတ်တယ်၊ ကျွန်မ ကျားသစ်ဂေဟာကလာတာ"

ချိုလီသည် အနည်းငယ်စဉ်းစားပြီးမှ ...

"ဒါက ကျွန်မရဲ့ကိုယ်ရေးကိုယ်တာကိစ္စမို့ မပြောရင် မဖြစ်

ဘူးလားရှင်”

မျက်နှာဖုံးနှင့်လူက ခေါင်းညိတ်လိုက်လေသည်။

“ကောင်းပြီ မပြောရင်ရတယ်၊ ဒါပေမဲ့ ကျုပ် တစ်ခု သတိပေးမယ်”

“ဟုတ်ကဲ့ ပြောပါ”

“ကျားသစ်ဂေဟာက ခိုင်းစေတာကို လုပ်ကိုင်တဲ့လူမှန်သမျှဟာ ဘယ်တော့မှ လူကောင်းမဟုတ်ဘူး”

“ကျုပ်ပြောတာ နားထောင်ပါ၊ တစ်ဖက်သားကို မတရားလုပ်ဖို့ ခိုင်းစေချက်တွေချည်းပဲ၊ အဲဒီတော့ ကျုပ် သတိပေးလိုက်မယ်၊ ခင်ဗျား ကျားသစ်ဂေဟာကခိုင်းတဲ့ အလုပ်ကိုလုပ်မယ်ကြံရင် တရားသလား၊ မတရားသလားဆိုတာ ပထမစဉ်းစားပါ၊ တရားတဲ့ အလုပ်ဆိုရင်လုပ်၊ အဲ ... မတရားတဲ့အလုပ်မျိုး၊ တစ်ဖက်သား ဒုက္ခရောက်မယ့် အလုပ်မျိုးလုပ်ရင်တော့ ခင်ဗျားနောက်မှာ ကျုပ်အမြဲရှိနေမယ်ဆိုတာ မှတ်ထားပါ”

မျက်နှာဖုံးနှင့်လူသည် ချိုလီ ဘာမှ ပြန်မပြောနိုင်ခင်မှာပင် သူ၏မြင်းကို ရှေ့မှ ဒုန်းစိုင်းပြေးသွားလေတော့သည်။



ချိုလီမှာ ယခုမှ ဒုက္ခ။ ဆုပ်ထားလည်းစူး စားရင်လည်း ခွံး ဆိုသည့်ကိန်း ဆိုက်နေတော့သည်။ ယခုအခါ မိမိတွင် ရန်သူနှစ်ဦးရှိနေပြီဖြစ်ကြောင်း အလိုလို သဘောပေါက်မိလာတော့သည်။

မျက်နှာဖုံးနှင့်လူသည် မိမိတို့အား တစ်ခါက ကယ်တင်ဖူးသောသူ ဖြစ်သည်မှာသေချာပေသည်။ ထိုသူသည်လည်း ကျားသစ်ဂေဟာကို မုန်းတီးနေသူဖြစ်သည်။ သို့သော် နဂါးကြီးတုဝေး ဟုတ်သည် မဟုတ်သည်ကို သူမအနေနှင့် သံသယ ဖြစ်နေသည်။

အဖြစ်နိုင်ဆုံးက နဂါးကြီးတုဝေး ဖြစ်ဖို့ များသည်။ တုဝေးသည် ကျားသစ်ဂေဟာ၏ လုပ်ဆောင်ချက်ကို လုံးဝ နှစ်သက်သူ မဟုတ်ပေ။ မည်သို့ပင်ဆိုစေ မိမိ ဘာဆက်လုပ်မည်နည်း။

အကယ်၍ ကျမ်းစာအုပ်ကို စုံစမ်းနေလျှင် ထိုမျက်နှာဖုံးနှင့်လူသည် သိရှိပါက မလွယ်ကူပေ။ မစုံစမ်းပြန်လျှင်လည်း ...

ချိုလီ ဆက်မတွေးတတ်တော့ပါ။ သူမသည် မြင်း ခပ်သွက်သွက်ပင် စိုင်းနှင်နေသည်။ မိုးက ချုပ်တော့မည် ဖြစ်သည်။ မိုးချုပ်သွျင် ဤညအဖို့ ဘဲခြံနှင့် တည်းခိုရန်မှတစ်ပါး အခြားအရာ မရှိတော့ပါပေ။



အခန်း (၂၀)

ကြားရပြန်ပေါ့မြို့သံ

သူမ၏မြင်းသည် ခပ်သွက်သွက်ပင် ပြေးလွှားနေပေသည်။ သို့မှသာ ဘဲခြံသို့ အချိန်မီ ရောက်ရှိမည် မဟုတ်ပါလား။ သို့ဖြင့် အတော်ကလေးမိုးချုပ်မှ ရွှေအ၏ဘဲခြံသို့ ရောက်ရှိသွားတော့သည်။

ချိုလီသည် ရွှေအဘဲခြံထဲသို့ ရောက်သည်အထိ သူမ၏မြင်းကို စီးခြင်းသွားသည်။ အလုပ်သမားသုံးလေးဦးက သူမကို ခေါင်းထောင်၍ ကြည့်သည်။ ရွှေအဝမ်တူး ပြေးထွက်လာသည်။

"အ ဘာ ဘာ"

ရွှေအဝမ်တူးက နှုတ်ဆက်သည်။ သူဆိုလိုသည်မှာ ဘာကိစ္စရှိလို့လဲဟု ချိုလီထင်မိလိုက်သည်။ ဝမ်တူးသည် လွန်ခဲ့သောလေးနှစ်ကျော်ကထက် အနည်းငယ်ဝိန်သွားသည်ဟု ချိုလီထင်သည်။

"ကျွန်မ ခရီးသည်ပါ။ တစ်ညလောက် မတည်းရဘူးလား"

"အာ အား အား"

ဝမ်တူးက ဝမ်းသာကျေနပ်စွာဖြင့် ခေါင်းညိတ်ပြပ် ခွင့်ပြုလိုက်သည်။

✳

ဆောင်း၏ညမို့ နှင်းများက စောစီးစွာပင် ကျနေသည်။ ဝမ်တူးသည် လွန်ခဲ့သော လေးနှစ်ကကဲ့သို့ပင် သူမအား စားစရာများဖြင့် ဧည့်ခံကျွေးမွေးသည်။

ချိုလီသည် ဝမ်ကျောင်းကို ရှာဖွေမိသည်။ အရိပ်အယောင်မျှပင် မတွေ့ရပေ။ ဝမ်တူးသည် သူမအနီးသို့ လျှောက်လာ၏။ သူ၏လက်ထဲတွင် စာရွက်တစ်ရွက်နှင့်စုတ်တံတစ်ချောင်းကိုင်လာသည်။

ချိုလီသည် ဝမ်တူးအား မိမိ တစ်ချိန်က လာမှူးသည့်အကြောင်း ထုတ်ပြောရလျှင် ကောင်းလေမည်လားဟု စဉ်းစား၏။

သို့သော် မပြောခြင်းက ပို၍ကောင်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။ ဝမ်တူးက စာရွက်ပေါ်တွင် စုတ်တံဖြင့် ရေးပြလိုက်သည်။

"ကျုပ် စကားမပြောတတ်ဘူး၊ လိုအပ်တာရှိရင် ပြောပါ၊ ကျုပ် နားလည်တယ်"

ချိုလီက ကြင်နာသလိုဟန်မျိုးဖြင့် သူမျက်နှာကိုကြည့်လိုက်သည်။

"ဘာမှ မလိုပါဘူးရှင်၊ အခုလို တည်းခိုခွင့်ပြုတာ ကျေးဇူး တင်ပါတယ်"

ဝမ်တူးက ဘာမှ ပြန်မပြောဘဲ ပြုံးနေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

ဝမ်တူးက စာဖြင့်ရေးပြသည်။ ချိုလီသည် သိပြီးသား ဖြစ်သော်လည်း စာလုံးကို ငုံကြည့်နေမိလိုက်သည်။

"ဝမ်တူး"

"ကျွန်မ မှတ်ထားပါ့မယ်"

ဝမ်တူးက ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။ ထို့နောက် ဝမ်တူးသည် စာလုံးများကို ထပ်မံ၍ ရေးလိုက်လေသည်။

"ကျုပ် ခင်ဗျားကို ကျားသစ်ဂေဟာမှာ တွေ့တယ်၊ လူမှားတာ မဟုတ်ပါဘူးနော်"

စာလုံးများကို ကြည့်၍ ချိုလီသည် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ မမှားပါဘူး၊ ကျွန်မ ကျားသစ်ဂေဟာက လာခဲ့တာပါ။ ရှင့်ကိုလည်း ကျွန်မ မြင်မိသလိုပဲ ... ဘဲတွေ လာပို့တယ် မဟုတ်လား"

"အား အား"

ဝမ်တူးက ခေါင်းညိတ်၍ဖြေသည်။ ချိုလီသည် ဝမ်ကျောင်း၏အကြောင်းကို မေးချင်နေ၏။ သို့သော် မမေးဖြစ်တော့ပေ။ ဝမ်

းက နှုတ်ဆက်၍ ထသွားသည်။

✻

မြွေသံ ...။ မြွေသံက နားထဲသို့ စူးဝင်လာသည်။ သူမသည် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားသည်။

မြွေသံက ဆွဲဆွဲငင်ငင်နှင့် ရှသမြောက်လှပေသည်။ ဝမ်တူးသည် အနေသော သူတစ်ယောက်ပင် ဖြစ်လင့်ကစား ... သူ့စိတ်ထဲ၌ ခံစားချက်များ ရှိနေရော့သလားဟု ချိုလီ ထင်မိလိုက်သည်။

အတတ်မပြောနိုင်ပါ။ အသည်းနှလုံးနှင့်တည်ဆောက်ထားသော သတ္တဝါတိုင်းသည် ခံစားချက်ရှိတတ်ကြသည် မဟုတ်ပါလား။

မြွေသံသည် အတော်ကလေး ညဉ့်နက်မှ ပျောက်သွား၏။ ချိုလီသည် တစ်ရေးအိပ်လိုက်သည်။ သို့သော် သူမသည် မိုးမလင်းမီ ကလေးတွင်ပင် ပြန်၍ နိုးလာသည်။ သူမက ခရီးဆက်ရန် ပြင်ဆင်ကြီးသည်နှင့် ဝမ်တူးအား နှုတ်ဆက်ရန် လိုက်ရှာသည်။

မတွေ့ရပါ။ ထို့ကြောင့် သူမက ဘဲစာကျွေးရန် ပြင်ဆင်နေသော လူငယ်တစ်ဦး၏အနီးသို့ လျှောက်သွား၏။

"ရှင်တို့ဆရာကော"

ချိုလီက မေးသည်ကို လူငယ်က မျက်မှောင်ကြုတ်၍ ပြန်

ကြည့်၏။

"မသိဘူးဗျ"

လူငယ်က ခပ်ပြတ်ပြတ် ဖြေသည်။ လူငယ်မှာ သူ့အား စပ်စပ်စုစု မေးသည်ကို ကြိုက်နှစ်သက်ဟန် မပြပေ။

သို့သော် ချိုလီမှာ စိတ်မဆိုးပါပေ။ မိမိက ဧည့်သည်ဖြစ်သည့်အတွက် လူငယ်ကို ပြုံးပြလိုက်သည်။

"စိတ်မရှိပါနဲ့နော်၊ ကျွန်မက ဒီမှာ တည်းခိုရတာမို့ ခရီးသွားခါနီး နှုတ်ဆက်မလို့ပါ"

"နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်၊ ဒါထက် ဟို ..."

သူမက စကားကို ဖြတ်လိုက်သည်။ ချိုလီသည် ဝမ်ကျောင်းဆိုသော လူငယ်အကြောင်းကို မေးရန် ကြိုးစားပြီးမှ မသင့်ဟု ပြန်လည် စဉ်းစားမိကာ စကားကို ဖြတ်ထားလိုက်ခြင်း ဖြစ်သည်။

ချိုလီသည် ဘာမှ ဆက်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်ခဲ့သည်။ သူမသည် မြင်းပေါ် ရောက်သည့်တိုင်အောင် ဝမ်တူးအား မြင်လိုမြင်ငြား လှည့်ပတ်ကြည့်မိသေးသည်။

အမှန်တော့ ဝမ်တူးသည် သူ့အလုပ်နှင့်သူ လက်မလည်နိုင်ပေ။ ချိုလီသည် ထိုကဲ့သို့တွေးတောကာ ခြံထဲမှထွက်လာခဲ့တော့၏။

လမ်းခုလတ်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့ရ

သည်။ ချိုလီမှာ ခရီးကလည်းပန်းပြီး ဆာလောင်မွတ်သိပ်လှပြီ ဖြစ်သဖြင့် ယင်းလက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လိုက်သည်။

သူမသည် နွားနို့ပူပူတစ်ခွက်ကို မှာ၍ သူမ၏ ရှေ့ရေးကို တွေးတော စဉ်းစားနေမိတော့သည်။ မိမိသည် လောကတွင် အလွန်ဆိုးသော မိန်းကလေးတစ်ယောက်ဟု ပြန်တွေးမိလိုက်သည်။ ထို့နောက် တွေးမိသည်နှင့် ရှုလန်းကို သတိရသွားသည်။

မိမိ ကံဆိုးသည်ထက် ရှုလန်းက ပို၍ ကံဆိုးရှာသည်။ မိမိမှာ မိဘနှစ်ပါး အသတ်မခံရသေးသော်လည်း ရှုလန်းမှာ မိဘနှစ်ပါးလုံး ရက်ရက်စက်စက် အသတ်ခံလိုက်ရပြီ မဟုတ်ပါလား။

ယခု မိမိ၏မိဘနှစ်ပါးအသက်သည် မိမိ၏စွမ်းဆောင်ချက်ပေါ် မူတည်နေပေသည်။ ကျားသစ်ဂေဟာမှ လိုလားသောကိစ္စများကို မိမိက မဆောင်ကျဉ်းပေးနိုင်ပါလျှင် မိဘနှစ်ပါး၏ ဒုက္ခမှာ တွေးရဲလောက်အောင်ပင် ဖြစ်တော့သည်။

ထိပ်တန်းသိုင်းပညာစုကျမ်းသည် ဘယ်မှာ ရှိသနည်း။ ထိုကျမ်းကို မည်ကဲ့သို့ ရှာဖွေရပါမည်နည်း။ ထိုကျမ်းသည် အမှန်ပင် ရှိစေနေရာ၌ ရှိနေပါသလား။

ရှိနေခဲ့ရိုးမှန်လျှင်လည်း အန္တရာယ်က များလွန်းလှသည်။ ထိုသိုင်းကျမ်းစာအုပ်ကို ရှာဖွေပါက ရှာဖွေသူထံသို့ အန္တရာယ်က အလိုလို ကပ်ပါလာသည်။

စစ်မြို့ကို ပြပါဆိုလျှင် ဟိုကျန်းမြို့ကို လက်ညှိုးထိုးပြရပေမည်။

ဟိုကျန်းမြို့သည် နယ်ခြားမြို့တစ်မြို့ဟုတ်သော်လည်း အခြားမြို့ကြီးများနှင့် အတော်ကလေး အလှမ်းကွာ၍ သီးခြား တည်သော မြို့တစ်မြို့ ဖြစ်ပေသည်။

အဖိုးတန် ပစ္စည်းများ မှောင်ခိုရောင်းဝယ်ခြင်း၊ ဘိန်းများ၊ ဆေးခြောက်များ အကြီးအကျယ်ရောင်းချခြင်း၊ လောင်းကစားဝိုင်းများ အစုံအလင်ရှိခြင်းတို့ကြောင့် ဒုစရိုက်သမားနှင့် လူမိုက်များသည် ဤမြို့ကို အလွန်အမင်း နှစ်သက်ကြသည်။

မတော်လောဘ စီးပွားရေးသမားများလည်း ထိုမြို့ကို ခုန်ဆင်းကြသည်။

ဟိုကျန်းမြို့ ... သို့မဟုတ် ဒုစရိုက်မြို့တော်။

✵

နေဝန်းက အရှေ့ကောင်းကင်မှ ဖြာထွက်လာသည်။ ထိုအခါ သိပ်သည်းနေသော နှင်းတို့မှာ တဖြည်းဖြည်း ကွယ်ပျောက်စပြုလာပြီ ဖြစ်၏။

ဟိုကျန်းတစ်မြို့လုံးလည်း လှုပ်လှုပ်ရွရွ ဖြစ်လာတော့သည်။ နေကလေး အနည်းငယ် မြင့်လာညီနှင့် ကြောင်နက်ဂေဟာ

မျက်နှာဖုံးနှင့် ပုဂ္ဂိုလ်ကလည်း ထိုကိစ္စကိုမလုပ်ရန် ခြိမ်းအား သတိပေးထားသည်။ ချိုလီသည် နွားနို့သောက်ရင်းမှ အတွေးအမြင်များကို မဆုံးနိုင်တော့ပေ။

ယခုအခါ သူမအနေနှင့် ရွှေလန်းကို လက်ညှိုးထိုးပြခဲ့လျှင် မိမိ၏ မိဘနှစ်ပါးအား လွတ်ပေးမည်လား။ သို့မဟုတ် ရွှေလန်းထံသို့ သွား၍ တိုင်ပင်ရလျှင် ကောင်းမည်လား။

ချိုလီ ဘာတစ်ခုမှ မည်မည်ရရ စဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။ ချိုလီသည် တွေးရင်းတောရင်း တစ်စုံတစ်ရာကို တွေးတော စဉ်းစားမိသွားသည်။

အခြားမဟုတ်ပါ။

မိမိဦးနှောက်တစ်ခုတည်းနှင့် အလုပ်လုပ်နေသည်ထက် တစ်စုံတစ်ယောက်နှင့် ပူးပေါင်းအကူအညီယူကာ ဆောင်ရွက်မှ သင့်တော်မည်ဟု တွေးမိလိုက်သည်။

ထို့ကြောင့် သူမသည် လက်ဖက်ရည်ဆိုင်ထဲမှ လျင်မြန်စွာ ထွက်ခဲ့တော့၏။

✵

လူမိုက်အများဆုံးနှင့် ဒုစရိုက်သမား အများဆုံးရှိသော မြို့

ငွေ့စွေရာသည် အနောက်ဘက် လောင်းကစားဆောင်သို့ သွားတော့သည်။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီနီးပါး ကြာသော အခါ ငွေ့စွေရာ ပြန်ထွက်လာသည်။ သူ၏အိတ်မှာ ဖောင်းမနေတော့ပါ။ ပါသမျှငွေများ ကုန်ခဲ့သည်မှာ ထင်ရှားနေ၏။

ငွေ့စွေရာသည် နောက်ဆုံး၌ အရက်ကို မှာ၍ တစ်ခွက်ပြီး ဘစ်ခွက် သောက်နေတော့သည်။ သူသည် အရက်တစ်ခွက်ကို ထပ်မံ၍ ထည့်လိုက်ပြန်၏။ ထိုစဉ် သူ့အနားသို့ လူတစ်ယောက် ရောက်ရှိလာပြီး ရပ်တန့်လိုက်သည်။

ငွေ့စွေရာသည် တစ်ချက်မော့ကြည့်၍ မျက်နှာကို ပြန်လွှဲလိုက်သည်။ သူသည် အရက်ခွက်ကို ကောက်ကိုင်လိုက်၏။ ထိုအခါ သူ၏ အရက်ခွက်ကိုင်သောလက်ကို အခြားလက်တစ်ခုက အသာအယာ ဆုပ်ကိုင်လိုက်လေသည်။

ငွေ့စွေရာ ရုတ်တရက် စိတ်လှုပ်ရှားသွားသည်။

အကြောင်းမှာ သူ့အား ကိုင်ထားသောလက်မှာ နူးညံ့သည်၊ သိမ်မွေ့သည်၊ နွေးထွေးသည်။ ထိုအခါမှ သူ့အနားလာရပ်သူကို မော့ကြည့်မိလိုက်လေသည်။ သူ ဝီဝီပြင်ပြင် မြင်လိုက်ရပါပြီ။

လှပ ချောမောသော မိန်းကလေးတစ်ယောက်။

သည် စည်ကားလာတော့၏။ ကြောင်နက်ဂေဟာမှာ လောင်းကစားဝိုင်းမျိုးစုံ အကြိုးအကျယ် ဖွင့်လှစ်ထားသော ဌာနတစ်ခုပင်ဖြစ်သည်။

အရှေ့ဘက် မျက်နှာစာအဆောင်၌ စားသောက်စရာမျိုးစုံကို လှုပထည်ဝါစွာ ခင်းကျင်းထား၏။ ငွေ့စွာရာသည် ကြောင်နက်ဂေဟာသို့ စောစီးစွာပင် ရောက်ရှိနေသည်။ သူ၏အိတ်ထဲတွင် ဖောင်းနေပေသည်။

ငွေမြောက်မြားစွာ ထည့်လာသည်မှာ ထင်ရှားနေ၏။ ငွေ့စွေရာသည် သူဌေးသားတစ်ယောက် ဖြစ်သည်။ သို့သော် ယခုအခါ သူဌေးဟူသော ဂုဏ်ပုဒ်ကို ငွေ့စွေရာက ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပြီ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ငွေ့စွေရာတို့မိသားစု ချမ်းသာသမျှသည် ငွေ့စွေရာတစ်ယောက်တည်း လောင်းကစားမှကြောင့် ယခုအခါ ချွတ်ခြုံကျသွားပြီ ဖြစ်လေသည်။

ငွေ့စွေရာသည် လောင်းကစားနှင့် အကျိုးမပေးပါ။ သို့သော် အကျိုးမပေးသော လောင်းကစားကို ငွေ့စွေရာက လုံးဝ လက်မလွှတ်ပါ။

ယနေ့ သူသည် ရှိရှိသမျှ ပစ္စည်းများကို ထုခွဲရောင်းချ၍ ကြောင်နက်လောင်းကစားဝိုင်းသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ဤတစ်ကြိမ်ဆုံးရှုံးပါလျှင် ငွေ့စွေရာထံ၌ ကုန်းကောက်စရာ မရှိတော့ပါ။

"ငေါ့စွေရာ"

မိန်းကလေးက သိမ်မွေ့စွာ ခေါ်လိုက်၏။ သူသည် မိန်းကလေးကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"နင် ငါနာမည်ကို သိတယ် ဟုတ်လား၊ ဘယ်သူလဲ"

ငေါ့စွေရာသည် ထိုသို့ မေးမြန်းရင်းမှ မိန်းကလေးကို ကြည့်၍ အကဲခတ် စဉ်းစားနေသည်။ မိန်းကလေးက သူ့ကို စိတ်ပျက်စွာ ကြည့်၍ ပြုံးနေ၏။

ထို့နောက် သူ့အနီးရှိ ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

ငေါ့စွေရာသည် မိန်းကလေးကို ကြောင်အမ်းအမ်းနှင့်ကြည့်နေဆဲပင်။

"နင် သိပ်ပြီး ပြောင်းလဲသွားတာပဲ'

မိန်းကလေးက ပြောလိုက်သည်။

"အင်း ... ဟုတ်ပါလိမ့်မယ်၊ ဒါထက် နင်က"

"ငါ ချိုလီ"

ထိုအခါ ငေါ့စွေရာသည် မျက်လုံးများ ဝိုင်းစက်သွားလေတော့သည်။

"ချိုလီ ... ချိုလီ"

ငေါ့စွေရာသည် ပါးစပ်မှ တိုးတိုးကလေး ရေရွတ်နေ၏။ အောင်လင်ကျောင်း၌ သိုင်းပညာ အတူသင်ကြားစဉ်က အတော်ဆုံး ခဲ့ဖူးသော မိန်းကလေးတစ်ဦး၊ အတွေးအခေါ် အကောင်းဆုံး မိန်းကလေး တစ်ဦး မိမိ အခင်မင်ဆုံး မိန်းကလေးတစ်ဦး။

"ချိုလီ"

"ဟင် ... ဘာလဲ ... နင် မှတ်မိပြီလား"

"အေး ... ငါ ... ငါ ရုတ်တရက် မမှတ်မိတာ ခွင့်လွှတ်ပါ။ နင် နဲ့ အခုလိုတွေ့ရလို့မယ်လို့ လုံးဝမမျှော်လင့်မိလို့"

ချိုလီက အသံထွက်အောင် ရယ်လိုက်၏။

"ငါကလည်း ပုဆိန်သိုင်းသမားတစ်ယောက်ဟာ အရက်ဆိုင်မှာ ဇက်ကျိုးနေလိမ့်မယ်လို့ လုံးဝမထင်ခဲ့မိဘူး"

ချိုလီက ရယ်မောရင်ပြောလိုက်သည်။ ငေါ့စွေရာသည် အနည်းငယ် ပြုံးလိုက်သော်လည်း သူ့အပြုံးမှာ အားနည်းလှပေသည်။

ငေါ့စွေရာသည် ချိုလီထက် အသက်ကြီးသည်၊ သဘောကောင်းသည်၊ ပုဆိန်ကို ကျွမ်းကျင်စွာ အသုံးချနိုင်သဖြင့် ပုဆိန်သိုင်းသမားဟု တွင်ကျယ်ခဲ့သည်။

ယခု သူ့အနားတွင် ပုဆိန်မတွေ့ရပါ။ အရက်အိုးသာ ရှိနေ

ပေသည်။

"နင့်ကို ငါလိုက်ရှာရင်းနဲ့ နင့်အကြောင်း အကုန်သိခဲ့ရပြီ"

ချိုလီက ပြောလိုက်သည်။ ငေါ့စွေရာ မျက်လုံးများ ဝိုင်း၍ အံ့အားသင့်သွားသည်။

"ငါ့အကြောင်း သိခဲ့တယ် ... ဟုတ်လား"

ချိုလီက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ငါ ကြားတုန်းက နည်းနည်းမှမယုံဘူး နင် အစက ဒီလိုလောင်းကစားတွေ ဝါသနာမပါပါဘူး'

ငေါ့စွေရာ သက်ပြင်းချလိုက်သည်။

"တော်ပါတော့ဟာ ... နင် ဘာကိစ္စလာတာလဲ"

"ငါ့ကိစ္စကို မေ့သွားပါပြီ၊ နင့်ကိစ္စကြောင့် ငါ ရင်မောသွားတယ်"

ချိုလီက စိတ်ပျက်စွာ ပြောလိုက်၏။ ငေါ့စွေရာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"နင် ဒီလိုမပြောနဲ့ ... ငါ နင့်အပေါ် ဘယ်လောက်ခင်မင်တယ်ဆိုတာ သိတယ်မို့လား၊ ပြောစမ်း ... နင် ဘာဖြစ်လာသလဲ"

ချိုလီမှာ ထိုစကားကြောင့် အနည်းငယ် အားရှိသွားသည်။ ချိုလီသည် ငေါ့စွေရာကို မော့ကြည့်လိုက်၏။

"နင် ဒီနေ့ ငွေ ဘယ်လောက် ရှုံးသွားလဲ"

ငေါ့စွေရာက ဟန်လုပ်၍ ပြုံးလိုက်သည်။

"နည်းနည်းပါးပါး လောက်ပါ"

ချိုလီက မဲ့ပြုံး ပြုံးလိုက်၏။

"ငါ အကုန်သိတယ်၊ နင်ညာနေတာ၊ လောလောဆယ် နင့်ကိစ္စကို ငါ အရင် အဖြေရှင်းပေးမယ်"

ငေါ့စွေရာသည် ချိုလီအား မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

"ဘာ ... နင်က ဝင်ကစားမလို့လား"

"အေး ... ဟုတ်တယ်"

ချိုလီသည် ငေါ့စွေရာကို ခေါ်၍ ရုတ်တရက် ထသွား၏။ ငေါ့စွေရာမှာ ကြောင်အမ်းအမ်းဖြင့် နောက်မှ လိုက်သွားလေသည်။

✱

လေးကောင်ဂျင်ဝိုင်း ...။

မြွေ၊ ဖား၊ ကြက်၊ ဝက်။ ဒိုင်လုပ်သူသည် ဂျင်ကို မွှတ်နေအောင်လှည့်၍အုပ်ထားလိုက်သည်။ ထိုးသူများက ထိုးကြ၏။ ကြက်ဘစ်ကွက် လွတ်နေသည်။ ဖွင့်လိုက်သည့်အခါ ကြက်ပေါ်လာ၏။

ဒိုင်သည် ရှေ့မှ ငွေပုံကြီးကို သူ့ထံသို့ ဆွဲသိမ်းလိုက်သည်။

ချိုလီသည် နှစ်ပွဲတိတိစောင့်ကြည့်နေသည်။ အချို့ထိုးသားမှာ ငွေမရှိတော့၍ ထသွားသည်။

ငေါ့စွေရာက ချိုလီကို မထိုးရန် လက်ကာပြလိုက်သည်။ ချိုလီက ပြုံး၍ ဝင်ထိုင်လိုက်၏။ ဂျင်ကလေးက အုပ်ဆောင်းထဲရောက်ရှိနေသည်။

ချိုလီသည် ဘာမပြောညာမပြောနှင့် မြွေကွက်ထဲသို့ ငွေများ ပုံသြချလိုက်လေသည်။ ချိုလီထိုးထားသော ငွေကိုကြည့်၍ ဒိုင်ပင် အံ့အားသင့်သွားသည်။ ငေါ့စွေရာက ...

"နင် ဒီလောက်များများ မထိုးနဲ့"

ဟု လှမ်းတားလိုက်သည်။ ချိုလီက သူမ၏ နောက်ထပ်ကျန်ရှိနေသော ငွေများကို ထုတ်ပြသည်။

"ကိစ္စမရှိဘူး၊ ဒီတစ်ခါစားသွားရင် နောက်တစ်ခါ ပိုပြီး ထိုးမယ်၊ နောက်တစ်ခါ စားသွားရင် သုံးဆပိုပြီး ထိုးမယ်၊ သုံးလှည့်တိတိကစားမယ်"

ဒိုင်က ပြုံးလိုက်လေသည်။

"မိန်းကလေးက သုံးလှည့်ကစားမယ် ... ဟုတ်လား"

"ဟုတ်တယ်၊ နောက်ဆုံးအလှည့်ဟာ ကျွန်မစိတ်ကြိုက်အလှည့်ပဲ"

ဒိုင်က အုပ်ဆောင်းဖွင့်သည်။

"မြွေ"



ငေါ့စွေရာပင် မျက်လုံးဝိုင်းသွားတော့သည်။ ချိုလီထိုးထားသော ငွေမှာ မိမိသုံးရက် ရှုံးထားသော ငွေနှင့် ညီမျှနေ၏။ ဒိုင်သည် ဘွန်ဖြေမပျက်ပါ။ ချိုလီ၏ ငွေများကို နှစ်ဆတိုး၍ လျော်ပေးလိုက်သည်။

ချိုလီသည် ထိုငွေများကို ပြန်မသိမ်းဘဲ ဂျင်လှည့်သည်ကို စောင့်နေ၏။ ဒိုင်က ဂျင်လှည့်၍ အုပ်ထားလိုက်သည်။

ချိုလီက အကွက်မပြောင်းပါ။ မြွေကွက်ပင် ပြန်ထိုးလိုက်၏။ သူမထိုးသည့်ငွေနှင့် လျော်ထားသော ငွေများအပြင် နောက်ထပ်ပင် ထည့်လိုက်သေးသည်။

အခြားလောင်းကစားသူတို့သည် သူတို့ထိုးသည့် ငွေများကို မထည့်ရဲတော့ပေ။ သူတို့ထိုးမည့်ငွေမှာ ချိုလီ ထိုးသောငွေနှင့် စာလျှင် အဆတစ်ထောင်လောက် ကွာခြားနေသဖြင့် ရှက်နေကြခြင်းဖြစ်ပေသည်။

ဒိုင်က အုပ်ဆောင်းကိုဖွင့်လိုက်သည်။ အားလုံး မျက်လုံးဝိုင်းသွားလေသည်။ ပေါ်လာသည်ကို မြွေပင် ဖြစ်၏။

ဒိုင်လုပ်သူမှာ မျက်နှာ နီမြန်းသွားတော့၏။

"မိန်းကလေး ... နင် ဘယ်လိုလုပ်တာလဲ"

ချိုလီက နားမလည်သလို ဒိုင်ကို မော့ကြည့်လိုက်သည်။

"ဘာလဲ ... ရှင် ဘာပြောတာလဲ"

"နောက်ဆုံးအလှည့် စိတ်ကြိုက်ထိုးမယ်ဆို"

ချိုလီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ ... ဒါ ကျွန်မစိတ်ကြိုက် ထိုးတာပဲ"

ဒိုင်သည် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"လောင်းကစားဝိုင်းကို ခင်ဗျား ဒီလို အနိုင်နဲ့ပိုင်းလို့ ဘယ်

မလဲ"

ချိုလီက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဆိုရင် ရှင်တို့ဆီမှာ လာကစားတိုင်း ရှုံးမှပြန်ရမယ့် သ

ဘာလား"

"ဟုတ်တယ် ဟုတ်တယ် ... မိန်းကလေးပြောတာ မှန်

တယ်"

အချို့ ရှုံးနေသောကစားသမားများ ထ၍အော်ဟစ်တော့

သည်။ လောင်းစကားဝိုင်းမှာ ရုတ်ရုတ်သဲသဲလေး ဖြစ်သွားသည်။

ထိုစဉ် ချိုလီက သူမ၏ငွေအချို့ကို ကစားသမားများထံသို့

ခွဲ၍ကျဲပေးလိုက်လေသည်။ ကစားသမားများသည် အလုအယက်

ဒိုင်သည် ကွန်ဖြေမပျက်ပင် လျော်ပေးလိုက်လေသည်။ သို့သော် ဒိုင်၏ရင်ထဲ၌ လှုပ်ရှားနေသည်ကို ရိပ်မိလောက်၏။



ချိုလီသည် ယခုအခါ ငွေများကို စနစ်တကျ ရေတွက်၍ ငှေ့စွေရာကို သိမ်းဆည်းခိုင်းလိုက်သည်။ ငှေ့စွေရာသည် ငွေများကို သူ၏အိတ်ထဲသို့ ထိုးထည့်လိုက်သည်။

ချိုလီသည် သူမအရင်းကို ပြန်လည်နုတ်ယူထားသည်။ သို့သော် အမြတ်ငွေများမှာ သူမ၏ရှေ့၌ ရှိနေသေး၏။ ဒိုင်လုပ်သူ၏ စိတ်ထဲတွင် ဤ နောက်ဆုံးအကြိမ်တွင် သူမသည် ရှိရှိသမျှ အားလုံးကို ဩ၍ထိုးတော့မည်ဟု ထင်မှတ်ထားလေသည်။

ချိုလီက ငှေ့စွေရာကို မော့ကြည့်လိုက်သည်။

"ဘယ့်နယ်လဲ ... နင့်အိတ် ပြည့်နေပြီလား"

ငှေ့စွေရာသည် အံ့ဩြဝမ်းသာစွာ ခေါင်းညိတ်လိုက်၏။ ထို့အခါ ချိုလီသည် ငွေများကို သူ့အိတ်ထဲသို့ ယူထည့်နေ၏။ ဒိုင်မှာ သိသိသာသာ မျက်နှာပျက်နေသည်။

ချိုလီက နောက်ဆုံး ငွေတစ်ဆယ်ကို မြွေကွက်၌ပင် ပြန်ထိုး

ကောက်ယူနေကြ၏။

ချိုလီနှင့် ငေါ့စွေရာတို့သည် လှစ်ခနဲ ပျောက်သွားတော့သည်။



"နင့်ကိုတော့ ငါ သိပ်အံ့ဩသွားပြီ"

ငေါ့စွေရာက မမျိုသိပ်နိုင်ဘဲ ပြောလိုက်သည်။

"ဘာကိုလဲ"

"နင် ဒိုင်ကို ဘယ်လိုလုပ်လိုက်တာလဲ"

ချိုလီက ပြုံးလိုက်၏။

"ကစားသမားဒိုင်ဆိုတာ လူလိမ်တွေချည်းပဲ၊ ငါက သုံးလှည့်ကစားမယ်ဆိုတော့ နှစ်လှည့်ကို မျှားခေါ်တာပဲ၊ နောက်ဆုံးအလှည့်မှာ သူ့အတွက်ဆိုတာ ကျိန်းသေမှတ်ထားတယ်၊ အဲ နင်သာဆိုရင် နောက်ဆုံးအလှည့် အကုန်သြမှာပဲ မဟုတ်လား"

ငေါ့စွေရာက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"အင်း ... ဒါကြောင့် နင့်ကို အတွေးအခေါ်သမားလို့ တို့က ပြောခဲ့ကြတယ် မဟုတ်လား"

ချိုလီက ရယ်လိုက်သည်။ ငေါ့စွေရာသည် ငွေအမြောက်

အမြားကို မိသားစုထံသို့ ပြန်ပို့လိုက်လေသည်။ သူ၏ မိဘညီအစ်ကို မောင်နှမများအား နောက်နောင် ဘယ်တော့မှ လောင်းကစားခြင်း မပြုတော့ပါဟုလည်း ကတိပေးခဲ့လေသည်။

ချိုလီသည် ငေါ့စွေရာကို ကြည့်၍ စိတ်ချမ်းသာသွား၏။ ငေါ့စွေရာကလည်း ချိုလီ ရောက်လာသည့်အတွက် စိတ်ချမ်းသာသွားသည်။

ချိုလီသည် သူမရောက်ရှိလာရသည့်ကိစ္စကို ငေါ့စွေရာနှင့် တိုင်ပင်သည်။ သူမ၏အကြောင်းများကို တစ်စိတ်တစ်ဒေသ ဖွင့်ပြောလိုက်သည်။ ငေါ့စွေရာ စိတ်မကောင်း ဖြစ်သွားသည်။

"နင့်အကြောင်းကြားရတာ ငါ စိတ်မကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် နင့်ကို ငါကူညီမယ်၊ ဒါပေမဲ့"

ငေါ့စွေရာက စကားကို အပြတ်မပြောဘဲ တုံ့ဆိုင်းနေသည်။

"ဒါပေမဲ့ ဘာဖြစ်သလဲပြော"

ချိုလီက မေးလိုက်၏။

"နင် ထိပ်တန်းသိုင်းပညာစုကျမ်းစာအုပ်ကို ရဖို့တော့ မကြိုးစားနဲ့"

ချိုလီ မျက်မှောင်ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

ငေါ့စွေရာသည် ဘေးဘီသို့ မျက်လုံးကစားလိုက်၏။

"ခုပြောနေတာတောင် လွန်လှပြီ၊ နင် သိုင်းလောကထဲမှာ ကျက်စားနေပြီးတော့ ဒီသတင်းကို နည်းနည်းမှ မကြားမိဘူးလား"

"ပြောပါဦး"

"အဲဒီကျမ်းစာအုပ်အကြောင်းကိုတော့ ငါ သေသေချာချာ မသိဘူး၊ ဒါပေမဲ့ အဲဒီကျမ်းစာအုပ်နောက်ကို လိုက်နေသူ မှန်သမျှ အသက်ဆုံးရှုံးရတာချည်းပဲ၊ ချိုလီ မျက်မှောင်ကြုတ်လိုက်သည်"

"ဘယ်သူက လိုက်သတ်တာလဲ"

"လိပ်ပြာနှုတ် ဓားသမား"

"လိပ်ပြာနှုတ် ဓားသမား"

ချိုလီက တိုးတိုးကလေး ရေရွတ်၍ စဉ်းစားနေသည်။ ပြီးနော

"သူက ဘယ်သူလဲ ... နင်သိသလား"

"ငါလည်း မသိဘူး ... ဘယ်သူမှလည်း မသိဘူး"

ဝေါ်ဝေရာ၏စကားကြောင့် ချိုလီမှာ အူကြောင်ကြောင် ဖြစ်သွားလေသည်။

"နင့်စကားကလည်း"

"ဟုတ်တယ်လေ၊ အဲဒီလူကို ဘယ်သူမှ မြင်ဖူးတာမှ မဟုတ်ဘဲ၊ ဟုတ်တယ်လေ၊ သူသတ်ပြီးရင် လိပ်ပြာရုပ်တစ်ခု ချသွားတယ် အဲဒီ လိပ်ပြာရုပ်ရဲ့အောက်မှာ စာရေးထားတယ်"

"ဘယ်လိုရေးထားသလဲ"

"သူနာမည်ကို ရေးထားတာပေါ့၊ လိပ်ပြာနှုတ် ဓားသမား

"အဲဒီလူက ဘယ်နယောက်ရှိပြီလဲ သတ်တာ"

ချိုလီက မေးလိုက်သည်။

"ငါသိရသလောက်တော့ အဲဒီလူရဲ့သတင်းဟာ ပေါ်လာ မကြာသေးဘူး၊ ဒီနယ်မှာတင် နှစ်ယောက်ရှိသွားပြီ"

ချိုလီမှာ ရုတ်တရက် မျက်လုံးဝိုင်းသွားလေသည်။

"ဒီနယ်မှာ ဟုတ်လား"

ဝေါ်ဝေရာက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ... သိပ်မကြာသေးဘူး၊ နောက်တစ်ယောက် လေးငါးရက်ပဲ ရှိသေးတယ်"

ချိုလီသည် အံ့သြစွာဖြင့် မော့ကြည့်လိုက်သည်။

"အသတ်ခံရတာ ဘယ်သူလဲ"

"နဂါးကြီးတုဝေး"

ထိုအဖြေကြောင့် ချိုလီ သိသိသာသာ တုန်လှုပ်သွားလေကြသည်။

✱

နဂါးကြီးတုဝေးမှာ သိုင်းပညာ အကျော်အမော်တစ်ဦး ဖြစ်သည်။ မိမိတို့အားလည်း ကူညီခဲ့ဖူး၏။ ယုတ်စွအဆုံး ကျားသစ်ဂေဟာမှပင် နဂါးကြီးတုဝေးကို မယှဉ်ဝံ့ပေ။

ယခု လိပ်ပြာနှုတ်ဓားသမားက နဂါးကြီးတုဝေးကို သတ်ပစ်နိုင်သည်ဆိုသောသတင်းမှာ ကြားရသူအဖို့ မယုံကြည်နိုင်စရာပင် ဖြစ်တော့သည်။

မှန်တော့လည်း မှန်သည်။ နဂါးသိုင်းသမား တုဝေးသည် ကျမ်းစာအုပ်သည် သဲသဲမဲမဲ ရှာဖွေနေသူတစ်ဦး မဟုတ်ပါလား။

"ဒီလိုလုပ်ပါ"

ငေါ့စွေရာက သူစဉ်းစားမိသောအချက်ကို ပြောရန် စကားစလိုက်သည်။

"ပြောပါဦး"

"ဒီကျမ်းစာအုပ် ရှာဖို့ကိစ္စကို ခေါင်းထဲမထည့်နဲ့"

ချိုလီ မျက်နှာ ရှုံ့မဲ့လိုက်လေသည်။

"ဒါဆို ငါ့မိဘတွေ အသေဆိုးနဲ့ သေသွားရမှာပေါ့"

"နင် အဲဒါရှာရင်လည်း လိပ်ပြာနှုတ်ဓားသမားက နင့်ကို သတ်မှာပဲ မဟုတ်လား"

ချိုလီသည် သက်ပြင်းချလိုက်လေသည်။ လိပ်ပြာနှုတ်ဓားသမားသည် နဂါးကြီးတုဝေးအား သတ်ပစ်လိုက်သည်ဆိုသည့်အ

တွက် မျက်နှာဖုံးနှင့်လူသည် နဂါးကြီးတုဝေးမဟုတ်သည်မှာ သေချာသွားသည်။

ဤသို့ဆိုလျှင် မိမိတို့အား အကူအညီပေးနေသည့် မျက်နှာဖုံးနှင့်လူသည် လိပ်ပြာနှုတ်ဓားသမား ဖြစ်နေမလား။

ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် မိမိအားလည်း ကျမ်းစာအုပ်မရှာရန် သတိပေးနေသည် မဟုတ်ပါလား။

"နင့်ကို ငါ တခြားနည်းနဲ့ ကူညီမယ်"

ချိုလီက မော့ကြည့်လိုက်သည်။

"ဘယ်လိုကူညီမှာလဲ"

"ကျားသစ်ဂေဟာမှာရှိနေတဲ့ နင့်မိဘတွေကို ငါက ရအောင်ခိုးထုတ်ပေးမယ်"

ချိုလီက ကပျာကယာ လက်ကာပြလိုက်လေသည်။

"မလုပ်နဲ့ မလုပ်နဲ့ ... ခုလိုပြောတာတောင် သူတို့ကြားသွားရင် သတ်ပစ်တော့မှာပဲ၊ ဒါကိုတော့ ငါ သဘောမတူဘူး"

ငေါ့စွေရာက ဆတ်ခနဲ ကြည့်လိုက်သည်။

"ဘာလဲ ... နင်က ငါ့ကို အထင်သေးတာလား"

ချိုလီက ခေါင်းခါယမ်းလိုက်သည်။

"အထင်သေးတာတော့ မဟုတ်ဘူး၊ အောင်မြင်ရင် ကောင်းတယ်၊ မအောင်မြင်ရင် ..."

"အို ... ငါကလည်း မိုက်မိုက်ကန်းကန်း မလုပ်ပါဘူး"

ချိုလီသည် သက်ပြင်းကိုသာ ရှည်လျားစွာ ချလိုက်မိသည်။



နောက်တစ်နေ့ ချိုလီ ခရီးထွက်ခဲ့သည်။ သူမနှင့်အတူ ငေါ့စွေရာ လိုက်ပါလာသည်။ မည်သို့ပင်ဆိုစေ ... ငေါ့စွေရာက အကူအ ညီပေးနေသဖြင့် ချိုလီမှာ ဝမ်းသာနေမိသည်၊ အားတက်နေမိသည်။

သူတို့နှစ်ဦး ဟိုကျန်းမြို့ပြင်သို့ ရောက်ရှိသည်နှင့် လူသုံးဦး နှင့် ရင်ဆိုင်လိုက်ရလေသည်။ လူသုံးယောက်သည် မြင်းသုံးကောင် ကို အပြေးအလွှားနှင်လျက် သူမတို့အနီးသို့ ရောက်ရှိလာသည်။

ချိုလီနှင့်ငေါ့စွေရာက သုံးယောက်စလုံးကို အကဲခတ်ကြည့် နေသည်။ လူသုံးယောက်အနက် တစ်ယောက်မှာ အသက်အတော် ကြီးပြီ ဖြစ်သည်။

ထိုသူသည် ချိုလီ၏အနားသို့ ကပ်လာသည်။ ထို့နောက် သူသည် ချိုလီကို ကြည့်နေရာမှ ငေါ့စွေရာကိုပါ လှမ်း၍ ကြည့်လိုက် သည်။

"သူက ဘယ်သူလဲ"

ချိုလီမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ ထိုလူသုံးဦး

ကို ချိုလီက မသိပါ။ သူတို့က ချိုလီကို သိနေဟန်ဖြင့် သူမနှင့်အတူ ပါလာသော ငေါ့စွေရာကို မနှစ်သက်သည့်ဟန်ဖြင့် မေးလိုက်သဖြင့် ချိုလီ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

"နေပါဦး ... ရှင်တို့က ဘယ်သူလဲ"

ချိုလီက ပြန်မေးလိုက်သည်။

"တို့ ဘယ်သူလဲဆိုတာ နင်မေးနေစရာ လိုသေးသလား၊ နင့်နောက်မှာ အရိပ်ဘယ်လောက်များနေတယ်ဆိုတာ နင် မသိဘူး လား"

အသက်ကြီးကြီးလူက ပြောလိုက်သည်။ ထိုအခါမှ ချိုလီမှာ ရင်ထဲတွင် ထိတ်လန့်သွားသည်။ ကျားသစ်ဂေဟာအဖွဲ့သားများ သည် သူမနောက်တွင် အမြဲရှိနေသည် မဟုတ်ပါလား။

ငေါ့စွေရာသည် လူကောင်းစိတ်တိုတစ်ဦးဖြစ်သည်။ ပထမ ထိုလူသုံးဦးသည် ချိုလီ သိကျွမ်းသူဟု ငေါ့စွေရာထင်မှတ်ထားသည်။

ယခု မည်သို့မှ မပတ်သက်မှန်းသိရသည်နှင့် ငေါ့စွေရာက အနားသို့ တိုးလာသည်။ ထို့နောက် သုံးဦးစလုံး၏မျက်နှာကို အသေ အချာ ကြည့်လိုက်သည်။

"မင်းတို့သုံးယောက်က ဘာတွေလဲ"

ငေါ့စွေရာသည် မိုက်မိုက်ကန်းကန်းပင် ဝင်၍ မေးလိုက်၏။ သူ၏လက်သည် ခါးတွင်ချိတ်ထားသော ပုဆိန်ရိုးပေါ်သို့ ရောက်ရှိ

နေ၏။ ထိုသူသုံးဦးကို ရန်ပြုပါက ကျားသစ်ဂေဟာသည် မိမိ၏ မိဘနှစ်ပါးကို ချမ်းသာပေးတော့မည် မဟုတ်ပေ။

"ဒေါ်စွေရာ ... သူတို့က ကျားသစ်ဂေဟာကပါ"

ချိုလီက ဒေါ်စွေရာကို ချော့မော့သည့်သဘောဖြင့် ဝင်ပြောသည်။

"ကျားသစ်ဂေဟာကကော ဘာဖြစ်သလဲ"

ဒေါ်စွေရာက ဘုဆတ်ဆတ် ပြန်ပြောလေသည်။ လူသုံးဦးသည် ရုတ်ခြည်းဆိုသလို ဒေါ်စွေရာအား ဝိုင်းလိုက်လေသည်။

"သူက ကျွန်မ မိတ်ဆွေပါ"

ချိုလီက အသက်ကြီးကြီးလူကို ဝင်၍ ပြောသည်။

"ချိုလီ ... နင် ငါ့အကြောင်းလည်း သိသားပဲ၊ လူတွေကို သိပ်ပြီးမတောင်းပန်နဲ့"

ဒေါ်စွေရာက ပြောပြောဆိုဆို သူ၏ညာလက်သည် ပုဆိန်ကို ဆွဲထုတ်လိုက်မိလျက်သား ဖြစ်သည့်အပြင် အနီးဆုံးလူတစ်ဦးကို လှမ်း၍ပေါက်လိုက်သည်။

"အား"

မမျှော်လင့်သော တိုက်ကွက်ကြောင့် ကျားသစ်ဂေဟာမှ လူတစ်ဦးမှာ ပုဆိန်ဒဏ်ရာနှင့် မြင်းပေါ်မှ လဲကျသွားတော့သည်။ မမျှော်လင့်သော တိုက်ပွဲသည် ရုတ်ခြည်း ဖြစ်သွားတော့သည်။

ချိုလီမှာ မနေသာတော့ပါ။ သူမလည်း ဝင်ရောက်တိုက်ခိုက်တော့သည်။ ဒေါ်စွေရာသည် ထက်မြက်သော သိုင်းသမား တစ်ဦး ဖြစ်သည်။

သူသည် နောက်တစ်ယောက်ကို မကြာမီ အချိန်အတွင်း သုတ်သင်လိုက်နိုင်သည်။ အသက်အရွယ်ကြီးသောသူမှာ ဒေါ်စွေရာကို သရဲသဘတ်ပမာ မျက်လုံးပြူး၍ ကြည့်လိုက်သည်။

ထို့နောက် ထိုသူသည် မြင်းကို တအားနှင့်၍ ပြေးသည်။ ဒေါ်စွေရာ လက်ထဲမှပုဆိန်သည် လေထဲ၌ လွင့်ထွက်သွားလေသည်။

'ဒုတ်'

"အား"

အသက်အရွယ်ကြီးသော လူ၏နောက်ကျောတွင် ပုဆိန်က မြုပ်ဝင်သွားသည်။ ထိုသူမှာ တစ်ချက်သာ အော်နိုင်၍ မြင်းပေါ်မှ ဒွင့် စဉ်ကျသွားလေသည်။

ချိုလီသည် ဒေါ်စွေရာကို အံ့ဩသလိုမော့ကြည့်လိုက်သည်။

"ငါတော့ ဒုက္ခရောက်တော့မယ်နဲ့ တူတယ်"

ချိုလီက စိတ်ပျက်စွာ ပြောလိုက်သည်။ ဒေါ်စွေရာသည် သူ၏ ပုဆိန်ကို ပြေးဆွဲနုတ်လိုက်သည်။ ထို့နောက် ချိုလီအနီးသို့ လျှောက်လာသည်။

"ဒီနယ်မှာ မမိုက်ချင်ရင် အသာကလေးအိပ်နေ၊ မိုက်ပြီ

ဟေ့ဆိုရင်လည်း လက်နှေးလို့ မရဘူး၊ အဲဒါ မြဲမြံမှတ်ထား”

ချိုလီသည် အလောင်းသုံးလောင်းကို ကြည့်လိုက်သည်။

“ဒီကိစ္စမှာ ငါတို့လက်ချက်မှန်း သိသွားရင်တော့”

ငေါ့စွေရာသည် မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

“လာပါ ... ဘယ်သူမှ မသိဘူး”

ငေါ့စွေရာက ပြောပြီး ရှေ့မှ ထွက်သွားသည်။ ချိုလီမှာ မနေသာတော့ပါ။ နောက်မှ ပြေးလိုက်သွားတော့၏။

ချိုလီတို့နှစ်ယောက်သည် နှစ်ရက်လုံးလုံး ခရီးဆက်ခဲ့သည်။ နောက်ဆုံး၌ ချန်အန်းမြို့နှင့် မနီးမဝေး ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြသည်။

ထိုနေရာတွင် ငေါ့စွေရာအဘိုးတော်သူတစ်ဦး ရှိနေသည်ဟု သူက ပြောသည်။ ငေါ့စွေရာသည် အိုမင်းဟောင်းနွမ်းနေသော အိမ်ကြီးထဲသို့ ဝင်လိုက်သည်။ ဥပတိရုပ် ခန့်ညားသော အဘိုးအိုတစ်ဦးကို တွေ့လိုက်ရသည်။ ထိုအိမ်၌ မိသားစု များများစားစား မတွေ့ရပါ။

အဘိုးအိုနှင့် လူငယ်နှစ်ယောက်ကိုသာတွေ့ရသည်။ အဘိုးသည် ငေါ့စွေရာကို တွေ့လိုက်သောအခါ အံ့သြလေသည်။

“မင်းက ဘာမှ အကြောင်းမကြားဘဲ ဘယ်လို ဘယ်လို ရောက်လာတာလဲ”

အဘိုးအိုသည် ငေါ့စွေရာကိုမေးရင်းမှ ချိုလီကိုလည်း လှမ်း

ကြည့်လိုက်သည်။ ငေါ့စွေရာက ...

“သူက ကျွန်တော်နဲ့ ပညာသင်ဘက်ပါ”

“သြော် ... သြော်”

“ကျွန်တော် အဘိုးဆီကို တမင်တကာ လာခဲ့တာပဲ”

အဘိုးအိုက မျက်မှောင်ကြုတ်လိုက်သည်။

“ငါ့မြေးတွေထဲမှာတော့ မင်းတစ်ယောက်ဟာ အစိမ်းကားဆုံးပဲ၊ ခု ဘာကိစ္စလာတာလဲ ... ပြောစမ်း၊ ဘာလဲ ... လောင်းကစားနဲ့ ငွေမရှိတော့ဘူးလား”

ငေါ့စွေရာသည် မျက်နှာနီမြန်းသွားပြီး ချိုလီကို မသိမသာသာမှိန်းကြည့်မိလိုက်လေသည်။ ချိုလီက ပြုံးနေ၏။

“ကျွန်တော် အခု မကစားတော့ပါဘူး အဘိုးရဲ့”

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

“ကောင်းတယ် ကောင်းတယ် ... အခု ဘာကိစ္စ ငါ့ဆီလာတာလဲ”

ငေါ့စွေရာသည် သူ၏အဘိုးအိုအား ချိုလီ၏ အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

✻

အဘိုးအို၏ အမည်မှာ ယန်းတုန်းဖြစ်သည်။ ယန်းတုန်းသည် တစ်ချိန်က သိုင်းပညာကျော်တစ်ဦးဖြစ်သည်။ နောက်ပိုင်း၌ သူသည် ကျောင်းသင်တန်းတစ်ခု ဖွင့်လှစ်ထားလေသည်။

ယခုအခါ အသက်တစ်ရာပြည့်ခါနီးပြီမို့ အေးချမ်းစွာ အနားယူနေခြင်း ဖြစ်သည်။ ယန်းတုန်းသည် ချိုလီ၏အဖြစ်အပျက်များကို ကြားရသောအခါ စိတ်မကောင်းဖြစ်မိသည့်အပူအရာမှလွဲ၍ အခြား မည်သည့်အပူအရာမှ မမြင်ရပါ။

သို့သော် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်လေသည်။

"သူကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာဆက်လုပ်ရင် ကောင်းမလဲ အဘိုး"

ယန်းတုန်းသည် ခေါင်းကို တဖြည်းဖြည်းချင်း ခါယမ်း၍ ချိုလီကို ကြည့်လိုက်လေသည်။

"နင်က ဖုန်းတွကို လက်ထပ်လိုက်ရင် မပြီးဘူးလား"

ချိုလီက ငံ့ထားသော ခေါင်းကို မော့လိုက်သည်။

"အမှန်တော့ ကျွန်မက လက်ထပ်ဖို့ ဝန်မလေးပါဘူး၊ ဒါပေမဲ့ ဖုန်းတွက အခုကျွန်မကို လက်ထပ်ချင်ပုံမရဘူး၊ သူလိုချင်နေတာက သိုင်းကျမ်းစာအုပ်ပဲ၊ ဒါကြောင့် တမင်တကာ ကျွန်မမိဘတွေကို အကျပ်ကိုင်ထားပုံရတယ်"

အဘိုးအို ယန်းတုန်းသည် လေးလေးနက်နက် စဉ်းစားနေ

၏။ အတန်ကြာမှ ...

"အင်း ... ငါသိသလောက်ဆိုရင် ကျားသစ်အရှင်သခင်ဖုန်းဟာ သိုင်းလောကမှာ ထိတ်ထိတ်ကြဲတစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့စိတ်ထဲမှာ ထိပ်တန်းသိုင်းကျမ်းဟာ သူ လက်ရှိတတ်ကျွမ်းထားတဲ့ ဉာဏ်ထက် မြင့်မားလိမ့်မယ်လို့ ထင်နေပုံရတယ်၊ ဒါကြောင့် သူက သည်းအမျိုးမျိုးနဲ့ ငွေကုန်ကြေးကျခံပြီး ရှာဖွေနေတာပဲ ဖြစ်ရမယ်"

ချိုလီနှင့် ငေါ့စွေရာက ခေါင်းညိတ်လိုက်သည်။ ငေါ့စွေရာက

"ဒါနဲ့အဘိုး ... သူက ထိပ်တန်းသိုင်းကျမ်းကို ရှာခိုင်းတယ်၊ ထိပ်တန်းသိုင်းကျမ်းကို ရှာတဲ့သူမှန်သမျှ လိုက်သတ်နေတဲ့ လူကလည်း ရှိသေးတော့ ဘယ်လိုစဉ်းစားမလဲ"

ငေါ့စွေရာ၏ အမေးကို အဘိုးအိုသည် တော်တော်နှင့် ပြန်မဖြေဘဲ အချိန်ကြာမြင့်စွာ စဉ်းစားနေသည်။

"ငါလည်း အဲဒါကို စဉ်းစားနေတာပဲ၊ ဖြစ်နိုင်တာကတော့ ဒီကျမ်းစာအုပ်ကို ရှာဖွေစုံစမ်းတဲ့လူမှန်သမျှ လိုက်သတ်နေတယ် ဆိုတော့ ဒီကျမ်းစာအုပ် သူများလက်ထဲ ရောက်သွားမှာကို စိုးရိမ်နေတဲ့ သူဖြစ်ရမယ်၊ ဒီအခါမှာ ဆက်ပြီး စဉ်းစားရမှာက သူဟာ ဘာကြောင့် ဖုန်းရိမ်သလဲ"

အဘိုးအို ယန်းတုန်းသည် မိမိစကားကို မိမိပြန်၍ မေးခွန်းထုတ်နေ၏။ ပြီးမှ ဆက်၍ ...

"အနီးကပ်ဆုံး စဉ်းစားလို့ရတာက အဲဒီလူဟာ ကျားသစ်ဂေဟာကဆိုရင် ကျွန်မကို တားမယ်လို့ မထင်ဘူး"

"ဒါပေမဲ့ ... နင့်ကိုတော့ သူက ရန်မမူဘူး မဟုတ်လား"

"ဟုတ်ကဲ့ ... ရန်တော့မမူပါဘူး၊ အကူအညီတောင် ပေးသေးတယ်"

"အင်း ... ဒါဆိုတော့လည်း တစ်မျိုးစဉ်းစားစရာပဲ"

အဘိုးအိုက ခပ်လေးလေး ပြန်ပြောလိုက်သည်။ ထိုအခါ ငေါ့စွေရာက ...

"လိပ်ပြာနှုတ်ဓားသမားဟာ ကျားသစ်ဂေဟာကလို့ ထင်သလား"

အဘိုးအိုက စဉ်းစား၍ ...

"အဲဒီတော့ မင်းတို့က လိပ်ပြာနှုတ်ဓားသမားနဲ့ တွေ့ကြည့်ဖို့ ကောင်းတယ်၊ မင်းတို့အပေါ် ဘယ်လို သဘောထားတယ်ဆိုတာ သိရတာပေါ့"

ငေါ့စွေရာက ရယ်မော၍ ...

"ကျွန်တော်တို့က ကျမ်းစာအုပ်ရှာနေတဲ့လူတွေပါလို့ လိပ်ပြာ နှုတ် ဓားသမားသိအောင် ကြွေးကြော်ရမယ်ပေါ့ ဟုတ်လား အဘိုး"

"အေးလေ ... အဲဒါမှ မင်းတို့လိုချင်တဲ့ သဲလွန်စ ရလာမယ်

ဟုတ်လား"

"အကယ်၍ သူက ကျားသစ်ဂေဟာကလူ မဟုတ်ဘူးဆိုရင် မင်းတို့ ကြုံတွေ့နေတဲ့အဖြစ်အပျက်ကို အမှန်အတိုင်း ပြောလိုက်ပေါ့။ အဒီအခါမှာ သူ့ရဲ့သဘောထားကို မင်းတို့ သိလာရမှာပဲ"

ချိုလီက ငေါ့စွေရာကို လှမ်းကြည့်လိုက်သည်။ ငေါ့စွေရာက ခေါင်းညိတ်လိုက်သည်။

"အဲဒီအကြံလည်း ကောင်းသားပဲ"



* * *

ားသည် ကျဉ်းမြောင်းသော လမ်းကလေးတစ်ခုအတွင်းသို့ ဝင်
ောက်သွားလေသည်။

သေသေချာချာကြည့်မှ ထိုသူမှာ အမျိုးသမီးတစ်ဦး ဖြစ်နေ
သည်။ သူမသည် လမ်းကျဉ်းကလေးအတွင်းမှ လျှောက်ရင်း
ခြေတံရှည်အိမ်အတွင်းသို့ လှမ်းဝင်လိုက်လေသည်။

✱

အိမ်ထဲ၌ အဘွားအိုတစ်ဦး ရှိလေသည်။ အိမ်နောက်ဖေး
ောက်၌ မိန်းကလေးတစ်ဦးက ချက်ပြုတ်နေ၏။ လေပေါ်မှ ဆင်းလာ
သော မိန်းကလေးက အသံပြုလိုက်သောအခါ အဘွားအိုသည် အိမ်
ောင်မှ ထွက်လာခဲ့လေသည်။

"ထိုင်လေ လုံမလေး၊ ဘာကိစ္စ ရှိလို့လဲ"

အိမ်ရှင်အဘွားအိုက မေးလိုက်သည်။

"ကျွန်မ ... ချိုလီ သတင်းမေးချင်လို့ပါ"

အဘွားအိုသည် လေပေါ်မှလာသော မိန်းကလေးကို ဆတ်
ကြည့်လိုက်လေသည်။

"နင်က ဘယ်သူလဲ၊ ဘယ်ကလဲ"

အဘွားအိုသည် မိန်းကလေးအား မေးခွန်းထုတ်လိုက်

အခန်း (၂၁)

ဆရာတပည့်

လှေတစ်စင်း ...။

မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော လှေတစ်စင်းသည်
မြို့ကလေးတစ်ခု၏ဆိပ်ကမ်းသို့ ထိုးဆိုက်လိုက်လေသည်။

ထိုဆိပ်ကမ်းမြို့ကလေးမှာ သိပ်ပြီးမကြီးလှပါ။ အရောင်း
အဝယ်အချက်အချက်ကျသော နေရာမဟုတ်သဖြင့် ဆိပ်ကမ်း၌ လူ
သူကင်းရှင်းနေသည်။

လှေကလေးသည် ဆိပ်ကမ်း၌ ညှောသာစွာ ထိုးဆိုက်လိုက်
ပြီးသည်နှင့် လူတစ်ယောက် ခပ်သွက်သွက် ဆင်းလာခဲ့ပေသည်။
ထိုသူသည် ကမ်းပါးပေါ်သို့ ရောက်သည်နှင့် လူတစ်ဦးကို မေးမြန်း
နေ၏။

အချို့ကသူများက ခေါင်းယမ်းပြလိုက်သည်။ အချို့က
လည်း စဉ်းစား၍ သိသမျှ ပြောပြသည်။ လှေပေါ်မှ ဆင်းလာသော

သည်။

"ကျွန်မက ချိုလီရဲ့မိတ်ဆွေပါ၊ ရွှလီလို့ ခေါ်ပါတယ်"

အဘွားအိုသည် ရွှလီဆိုသော မိန်းကလေးကို ငေးကြည့်ရင်းမှ မျက်နှာမှာ သိသိသာသာ ညှိုးနွမ်းသွားလေသည်။ ရွှဝါ မဟုတ် ရွှလန်းသည် အချိန်ရှိသရွေ့ ချိုလီကိုသာ လိုက်လံစုံစမ်းနေ ဖြစ်လေသည်။

သူမသည် ချိုလီတစ်ယောက် ပျောက်ခြင်းမလှ ပျော သွားသည်ကို လုံးဝ စိတ်မကောင်း ဖြစ်နေ၏။ ထို့ကြောင့် သူမသည် ချိုလီ၏ သတင်းကိုသာ စုံစမ်းနေရာမှ ဂေဟာမှူးကြီး မွန်းကို နေပြည်တော်မှ သိမ်းငှက်ထန်ချင်းကို အကူအညီတောင်းလေသည်။

သိမ်းငှက်ထန်ချင်း ရောက်ရှိလာသည်။ သိမ်းငှက်ထန်ချင် အား အကျိုးအကြောင်း ပြောပြသောအခါ ထိုကိစ္စများ သူကိုယ်တိုင် ဝိုင်းဝန်းဖြေရှင်း ထမ်းဆောင်ပေးပါမည် ကတိပေးလေသည်။

ရှေးဦးစွာ သိမ်းငှက်ထန်ချင်းက ပျောက်ဆုံးနေသော ကု စာအုပ်နှင့် ထင်းရှန်း၏သား ထင်းကျောင်း၏ သတင်းများကို စုံ နေပေသည်။

ထိုစဉ် ချိုလီ၏ မိသားစုအကြောင်းကို တစ်စွန်းတစ်စ သိ ရသဖြင့် ရွှလန်းအား ပြောပြသောအခါ ...

ရွှလန်းသည် ချိုလီ၏ အဘွားထံသို့ ရောက်ရှိလာခဲ့ခြင်း စဉ်းစားလေသည်။ အဘွားအိုမှာ ချိုလီ၏အဘွားဖြစ်သည်။

"ချိုလီကို ဘယ်မှာတွေ့နိုင်မလဲဆိုတာ ပြောပါ အဘွား"

ရွှလန်းက မေးလိုက်သည်။ အဘွားအို၏ မျက်ဝန်းအစုံမှ မျက်ရည်စများ ရစ်ဝဲလာသည်။

"အဘွားလည်း ချိုလီ ဘယ်မှာရှိတယ်ဆိုတာ သိချင်နေတာ သမီးရယ်"

"ရှင်"

✻

ရွှလန်း အံ့သြသွားသည်။

"ချိုလီ အဘွားဆီ တစ်ခါမှ မလာဘူးလား"

အဘွားအိုက ခေါင်းယမ်းလိုက်သည်။

"ဒီမိန်းကလေးကြောင့် သူမိဘတွေပါ ဒုက္ခရောက်နေတယ် ဆိုတာ ငါ့သမီး မသိဘူးလား"

ရွှလန်း ခေါင်းယမ်းလိုက်သည်။

"ကျွန်မ ဘာမှမသိရပါလား"

အဘွားအိုက မျက်မှောင်ကြုတ်၍ ရွှလန်းကို ကြည့်လိုက်

သည်။

"ဒါထက် သမီးရဲ့ မိတ်ဆွေဆို၊ သူက ပြောမပြဘူးလား"

"ကျွန်မနဲ့အတူ နေသွားတဲ့တစ်ချိန်လုံး သူ့အကြောင်းကို ဘာမှပြောမပြသွားပါဘူး အဘွား"

ရှူလန်းက သူနှင့်စတွေ့ပုံနှင့် သူမအပေါ် အစ်မတစ်ယောက်လို ခင်မင်သည့်အကြောင်းများ ပြောပြပြီး ရုတ်တရက် ပျောက်ဆုံးသွားသောအကြောင်းများကို ပြောပြလိုက်လေသည်။

အဘွားအိုက ချိုလီ ရှောင်လင်ဘုန်းတော်ကြီးကျောင်း၌ နေခဲ့ရပုံနှင့် ကျောင်းမှပြန်လာသောအခါ သူမက ချစ်သူခေါ်ခဲ့ပုံ သူ့ချစ်သူ အသတ်ခံရ၍ အိမ်မှ ထွက်သွားပုံ၊ နောက်ဆုံး ချိုလီ မင်္ဂ်တော့၍ မိဘနှစ်ပါး အဖမ်းခံရပုံကို ပြောပြလေသည်။

ရှူလန်းသည် စိတ်မကောင်းကြီးစွာဖြင့် နားထောင်ရင်း ...

"သူက လက်မထပ်တဲ့အတွက် သူ့မိဘတွေ အဖမ်းခံထားရတယ်ပေါ့ ... ဟုတ်လား"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"အဘွားအိုနဲ့ တစ်မြို့စီနေတာပါ၊ သတင်းကြားရတာကတော့ အဲဒီအတိုင်းပဲ"

"သူနဲ့ လက်ထပ်ရမယ့်သူက ဘယ်သူလဲအဘွား"

"သူတို့မိသားစုကို ပြုစုစောင့်ရှောက်ခဲ့တဲ့ပုဂ္ဂိုလ်ပဲပေါ့"

"အဲဒီလူက ဘယ်သူလဲ"

"ကျားသစ်ဂေဟာက ဖုန်းတုာ"

ထိုစကားကြောင့် ရှူလန်းမှာ မျက်လုံးဝိုင်းစက်သွားလေသည်။

✱

"ဩော် ... လက်စသတ်တော့ သူလည်း ငါ့လိုပဲ ကျားသစ်ဂေဟာနဲ့ မကင်းခဲ့ပါလား"

ရှူလန်းက စိတ်ထဲမှ ရေရွတ်လိုက်သည်။ ပြီးမှ ရှူလန်းက အဘွားအိုအား လှမ်းကြည့်ကာ ...

"ဒါဆို အခု သူ့မိဘတွေဟာ ကျားသစ်ဂေဟာမှာ အဖမ်းခံထားရတယ်ပေါ့ ... ဟုတ်လား"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

"အဲဒီလိုပဲ သတင်းကြားမိတယ် သမီးရယ်"

ရှူဝါ သို့မဟုတ် ရှူလန်းသည် အံကိုကြိတ်ထားမိလိုက်လေ၏။ ရှူလန်းထံသို့ ချိုလီ ရောက်ရှိလာသည့်အချိန်တွင် သူမက မည်သည့် အကြောင်းမှ ဖွင့်မပြောခဲ့ပေ။

သို့သော် သူမလည် ကျားဂေဟာမှ ဖုန်းတုာကို မုန်းတီးနေ

သည်မှာ ယခုမှ တွေးတောမိတော့သည်။ ထိုစဉ်က သူမ၏မိဘများကို ဖုန်းဖွာက ဖမ်းဆီးထားခြင်း ရှိဦးမည် မဟုတ်ပေ။ သူမနှင့် နေ့စဉ်ကသာ ချိုလီ၏ မိဘနှစ်ပါးကို ဖမ်းဆီထားမှန်းသိလျှင် ချိုလီသည် မုချ ဖွင့်ပြောမည် ဖြစ်သည်။

ယခု သူမ၏မိဘနှစ်ပါးကို ဖုန်းဖွာဖမ်းထားသည့် သတင်းသူမအနေနှင့် သိပါလေစ။ အကယ်၍ သူမသာ မသိသေးပါလျှင် သူမ၏ မိဘနှစ်ပါးသည် ဖုန်းဖွာ၏သတ်ဖြတ်မှုကို ခံရပေတော့မည်။

မိမိအနေနှင့် မည်ကဲ့သို့ ကြံဆောင်ရပါမည်နည်း။ မိမိအနေနှင့် မည်သို့ လုပ်ရမည်နည်း။ ရွှလန်း တွေးတောလိုက်မိသည်။ ထို့နောက် သူမသည် အဘွားအိုအား နှုတ်ဆက်ကာ အိမ်ထဲမှ ပြေးထွက်ခဲ့လေသည်။

ရွှလန်း ဆိပ်ကမ်းသို့ ပြန်ရောက်လာသည်။ သို့သော် သူမလေ့ပေါ်သို့ တက်မည့်ဆဲဆဲတွင် တစ်စုံတစ်ယောက်က သူမ၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်လေသည်။

သူမက ရုတ်တရက် လှည့်ကြည့်လိုက်သည်။ ထိုအခါ သူမ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ သူမအား ဖမ်းဆွဲသူမှာ သူမ၏ဆရာ ကျန်စုဖြစ်နေသောကြောင့်ပင်။

"ဘဘ"

သူမ အံ့သြစွာ ခေါ်လိုက်မိသည်။

"ဘဘ လုပ်မနေနဲ့၊ နင် ငါနဲ့ အမြန်ဆုံးပြန်လိုက်ခဲ့"

ရွှလန်းသည် ကျန်စုကို ဘာစကားမှ ထပ်မမေးရဲပါ။ သူမ ...းလာသော လှေ၏အဖိုးအခကို ပေးချေ၍ ကျန်စုနောက်သို့ လိုက် ...ခဲ့သည်။

✱

ကျန်စုသည် သူမကို ဇရပ်ပျက်ကြီးတစ်ခုပေါ်သို့ ရောက်အောင် ခေါ်ဆောင်သွားလေသည်။ ကျန်စုက မောမောနှင့် ဇရပ်ကြီးတစ်ခုနေရာတွင် ထိုင်ချလိုက်လေသည်။

"ဘဘ"

"ဘာလဲ"

"ဘာအရေးကြီးလို့လဲ"

ကျန်စုက သူမ၏အမေးကိုပြန်မဖြေသေးဘဲ သူမကို စူးစိုက် ...ည့်လိုက်လေသည်။

"နင့်ရုပ်က ဘယ်လိုဖြစ်နေတာလဲ"

ရွှလန်းက ပြုံးလိုက်လေသည်။ ယခု သူမ၏ရုပ်မှာ ကျန်စု ...ဲ့ ပညာသင်ကြားသော ရှူဝါ ရုပ်သဏ္ဌာန် မဟုတ်ပါ။ ချိုလီက ...ပြင်၍ ရုပ်ဖျက်ထားသော ရွှလန်း၏အသွင်နှင့် ဖြစ်မေသည်။

"ဘာရယ်နေတာလဲ၊ ငါမေးတာ ပြောစမ်း၊ နင့်ရုပ်က ဘာ
လို ဖြစ်တာလဲ"

"ကျွန်မ ရုပ်ဖျက်ထားတာပါ"

"ငါ နင့်ကိုရှာနေတာ တစ်လကျော်ပြီ"

ရွှေလန်း မျက်မှောင်ကြုတ်လိုက်၏။

"ဟုတ်လား၊ ကိစ္စအရေးကြီးလို့လား"

"ငါ သတင်းကြားတာကတော့ နင် အသက်ရှင်လျက် ရှိ
တယ်ဆိုတာ ကျားသစ်ဂေဟာက သတင်းရသွားပြီ၊ နင် ပုန်းနေမှာ
မယ်"

"ဟင်"

ရွှေလန်း ရုတ်တရက် ထိတ်လန့်သွားသည်။ သို့သော် သူ
အံကို တင်းတင်းကြိတ်လိုက်လေသည်။

"သိလည်း မထူးပါဘူး ဘဘရယ်၊ သူသေကိုယ်သေ တိုင်
ခိုက်တာပဲ ကောင်းပါတယ်"

ကျန်စု ခေါင်းယမ်းလိုက်သည်။

"ဒီလို တစ်ဇွတ်ထိုး မဆုံးဖြတ်ရဘူး၊ သူ့ကို တိုက်ခိုက်နိုင်
အင်အား ကိုယ့်မှာရှိရမယ်ဆိုတဲ့စကား နင်မေ့သွားပြီလား"

ရွှေလန်း ပါးစပ်ပိတ်ထားလိုက်သည်။ အတန်ကြာမှ ...

"ဒါဖြင့် ကျွန်မ ဘာဆက်လုပ်ရမလဲ"

ကျန်စု သက်ပြင်းချလိုက်သည်။

"စောင့်ကြည့်ပါဦး၊ အခြေအနေတွေ သိပ်ရှုပ်ထွေးနေတယ်"

"ဘယ်လို ရှုပ်ထွေးနေတာလဲ ဘဘ"

ကျန်စုသည် သူ၏မျက်လုံးများကို အဝေးတစ်နေရာသို့ ငေး
မောနေ၏။

"ငါ နင့်အတွက် စောင်တော်စိတ်ပူနေတယ်"

"ပြောပါ ဘဘရယ်"

"ကျားသစ်ဂေဟာကလည်း ဖုန်းဟာဆိုတဲ့ကောင်က ထိပ်
ဘန်း သိုင်းပညာရှင်တွေ စုစည်းထားတယ်၊ သူဟာ ထိပ်တန်းသိုင်း
ကျွမ်းကို မရမနေ ကြိုးစားမယ်ဆိုတဲ့ သဘောပဲ"

"ဟုတ်ကဲ့"

"ဒီကျွမ်းစာအုပ်ဟာ နင့်မောင်လေး ထင်းကျောင်းနဲ့အတူ
ပျောက်နေတယ်ဆိုတော့ ထင်းကျောင်းကို ရှာတွေ့ရင် စာအုပ်ကို
ဘွေ့ရမယ်ဆိုတဲ့သဘောပဲ၊ တစ်ခါ နင် မသေဘူးဆိုတဲ့ သတင်းကို
ဖုန်းဟာက ရရှိသွားပြန်တော့ ဖုန်းဟာရဲ့ လူအတော်များများဟာ နင့်ကို
ခံစမ်းနေတယ်"

ရွှေလန်းက စဉ်းစားနေ၏။ ကျန်စုက ဆက်လက်၍ ...

"ခုလောလောဆယ်မှာ လိပ်ပြာနှုတ်သိုင်းသမားဟာ သိုင်း
လောကမှာ ခြေအသွက်ဆုံး ဖြစ်နေတယ်"

ရှူလန်းက မျက်မှောင်ကြုတ်လိုက်သည်။

"သူက ဘယ်သူလဲ ဘဘ"

"သူက ဘယ်သူလဲဆိုတော့ ဖုန်းတွဘွားထားတဲ့ ကြေးစား တစ်ယောက်လည်းဖြစ်နိုင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ထင်ရှုန်းမိသားစုထဲက နှင့်သတင်းကို အများဆုံး စုံစမ်းတယ်၊ နောက်ဦး ကျမ်းစာအုပ်ကို လိုက်လံရှာဖွေတဲ့ လူမှန်သမျှလည်း သတ်ပစ်တယ်"

"ကျားသစ်ဂေဟာက ဖုန်းတွလည်း ရှာနေတဲ့လူပဲ၊ သူက မသတ်ဘူးလား"

ကျန်စုက ခေါင်းညိတ်လိုက်သည်။

"အဲဒါပြောတာပေါ့၊ လိပ်ပြာနှုတ်ဓားသမားဟာ ကျားသစ် ဂေဟာကလူမို့ ဖုန်းတွကို အန္တရာယ်မပေးတာပေါ့၊ မဟုတ်ဘူးလား"

ရှူလန်းက စဉ်းစဉ်းစားစားဖြင့် ...

"လိပ်ပြာနှုတ် ဓားသမားဟာ ဖုန်းတွရဲ့အကြောင်းကို မသိသေးတာကော မဖြစ်နိုင်ဘူးလား"

ကျန်စုက ခေါင်းယမ်းလိုက်သည်။

"ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဖုန်းတွက ကျမ်းစာအုပ်နောက်ကို သဲသဲမဲမဲလိုက်နေတယ်ဆိုတာ သိုင်းလောကသားတိုင်း သိနေတာပဲ

ဓားသမားလည်း သိရမှာပေါ့၊ အန္တရာယ် မပေးတာက ချောင်ချင်း ဖြစ်နေတယ်လို့ ယူဆရတယ်"

"ဟုတ်ကဲ့ ... ဘဘပြောသလိုလည်း ဖြစ်နိုင်တာပဲ"

နှစ်ဦးစလုံး အတန်ငယ် တိတ်ဆိတ်သွားပြန်သည်။

✻

အတန်ကြာမှ ကျန်စုက ရှူလန်း၏ အကြောင်းများကို မေးသည်။ သူမက ယနေ့အထိ ကြုံတွေ့ခဲ့သမျှကို ကျန်စုအား ပြောပြသည်။

ကျန်စုသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ရှူလန်း၏ စကားဆုံးသွားသောအခါ ကျန်စုသည် တစ်စုံတစ်ခုကို သဘောရရှိသွားသည်။

"ဒါထက် နင့်ကိုမေးရဦးမယ်"

"ဘာလဲ ဘဘ"

"နင့်ကို တစ်ချိန်တုန်းက ကျားသစ်ဂေဟာက သတ်မယ့် ဆဲမှာ ကယ်ခဲ့တဲ့လူကို သိသလား"

"သူက မျက်နှာဖုံး တပ်ထားတယ် ဘဘရဲ့"

"နောက်ထပ်ကော အဲဒီလူကို တွေ့သေးသလား"

ရှုလန်းက စဉ်းစားလိုက်သည်။

"တွေ့တယ်၊ ကျွန်မသူငယ်ချင်းနဲ့ ခရီးသွားတဲ့အခါမှာ သူက ဝင်ကယ်ခဲ့ဖူးသေးတယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဘဘ"

"နင့်ကို မှတ်မိသလား"

ရှုလန်းက ခေါင်းယမ်းလိုက်သည်။

"ဘယ်မှတ်မိမလဲ၊ ကျွန်မသူငယ်ချင်းက အခုလက်ရှိရုပ်ကို ပြောင်းထားပေးတော့ သူမသိဘူး"

"မျက်နှာဖုံးနဲ့လူတစ်ယောက် ငါ့ဆီ ရောက်လာသေးတယ်"

ရှုလန်းက ကျန်စုကို အံ့ဩသလို မော့ကြည့်လိုက်သည်။

"ဟုတ်လား၊ ဘာကိစ္စလာတာလဲ"

"သူဟာ မိန်းကလေးတစ်ယောက်ကို ကယ်ခဲ့ဖူးတယ် နောက်ပိုင်း အဲဒီမိန်းကလေးကို သူဟာ ဒီနေ့အထိ လိုက်ရှာနေတယ်လို့ ပြောတာပဲ၊ အဲဒီတော့ နင့်ကို ရှာနေတာပဲ ဖြစ်မှာပေါ့"

ကျန်စုက ထိုစကားကို ခပ်ပြုံးပြုံးဖြင့် ပြောလိုက်သည်။ ရှုလန်းမှာ မျက်နှာ နီမြန်းသွားတော့သည်။

"သူက ဘာကိစ္စရှိလို့ ရှာရမှာလဲ ဘဘရယ်"

ကျန်စုက ဆက်လက်၍ ပြုံးနေပြန်သည်။

"သူ့ရင်ထဲမှာ ရှိတာတော့ ငါ ဘယ်သိပါ့မလဲ"

"သူက ဘယ်လိုပြောလို့လဲ ဘဘရဲ့"

"နင်ကလည်း သိချင်တာပဲလား"

"အို ... ဘဘကလည်း"

ရှုလန်း ရှက်သွားသည်။ ကျန်စုက မျက်နှာကို အနည်းငယ်ပြန်တည်၍ ...

"တကယ်တော့ သူက နင့်အကြောင်းကို ဘာမှသိတာ ဟုတ်ဘူး၊ ကျားသစ်ဂေဟာမှာ ဒုက္ခရောက်တော့မယ့်ဆဲဆဲ ကယ်လိုက်တာပါလို့ ပြောတယ်၊ နောက် သူပြောတာက အဲဒီမိန်းကလေးကို ပြန်တွေ့နိုးနဲ့ လိုက်ရှာနေတာ ဒီနေ့အထိပဲလို့ ပြောသွားတယ်"

"သြော် ... သူကယ်တင်ခဲ့တဲ့သူ ဘယ်လိုနေတယ်ဆိုတာ သိချင်လို့ ဖြစ်မှာပေါ့ ဘဘရယ်"

"အင်း ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ကျန်စုသည် ထိုစကားကိုပြောပြီး ထိုင်ရာမှထလိုက်သည်။

"ကဲ ... သွားကြမယ်"

"ဘယ်ကိုလဲ ဘဘ"

ကျန်စုက ရှုလန်းအား မျက်မှောင်ကြုတ်ကြည့်လိုက်ရင်းမှ

"နင့်အတွက် အလုံခြုံဆုံးနေရာက ငါအခုနေတဲ့ ရေတံခွန်တောင်ကို လိုက်ခဲ့မှပေါ့"

ရှုလန်းက ခေါင်းညိတ်သည်။



✵ ✵ ✵

အခန်း (၂၂)

မြွေစိမ်းမြွေနက်

ချိုလီနှင့်ဒေါ်စွေရာသည် ကျားသစ်ဂေဟာမှ လူဆိုးသုံးဦးကို တိုက်ခိုက်ပြီးခရီးဆက်ခဲ့သည်။ နောက်တစ်နေ့တွင် ကျားကန်ကျေးရွာသို့ ရောက်ရှိခဲ့လေသည်။

သူတို့သည် ကျားကန်ကျေးရွာတွင်ရှိသော တည်းခိုခန်းတစ်ခုဌ် တည်းခိုနေကြသည်။ ကျားကန်ကျေးရွာမှာ လမ်းဆုံလမ်းခွဗဟိုအလယ်ကျသော ရွာတစ်ရွာဖြစ်၍ စားသောက်ဆိုင်နှင့် တည်းခိုခန်းက ပေါများလှသည်။

သူတို့နှစ်ဦးသည် အသင့်တော်ဆုံး တည်းခိုခန်းတစ်ခုကို ရွေးချယ်လိုက်ကြလေသည်။ ကျယ်ဝန်းသည်၊ သန့်ပြန့်သည်။ စားသောက်ပြီးသည်နှင့် အညောင်းအညာပြေ နောက်ဖေးပန်းခြံဘက်သို့ လမ်းလျှောက်ထွက်ခဲ့သည်။ ဒေါ်စွေရာသည် သူ့အတွေးနှင့်သူ နစ်မျောနေသော ချိုလီ၏ မျက်နှာကို မကြာခဏ လှမ်းကြည့်ရှုမိသည်။

ချိုလီက သိသည်။

"ဒေါ်စွေရာ"

သူမက ရုတ်တရက် ခေါ်လိုက်သည်။

"ဟင်"

"နင် ငါ့မျက်နှာကို ဘာလို့ ခဏခဏ ကြည့်နေတာလဲ"

"လှလို့"

ဟု ဒေါ်စွေရာက ပြောလိုက်ချင်သည်။ သို့သော် သူ၏နှုတ်မှ သွက်မလာပါ။

"ဘာရယ်လို့ မဟုတ်ပါဘူး၊ နင့်ကို အခု ပြန်တွေ့ရတော့ ရှုးပေါင်းနှောင်းဖြစ်တွေ ပြန်စဉ်းစားမိလို့ပါ"

ချိုလီက ပြုံးနေသည်။ သို့သော် သူမ၏အပြုံးက အသက်ပါလှပါ။ သူမ၏ရင်ထဲတွင် ပူလောင်ခြင်းများစွာ ခံစားနေရသည်။ ဒေါ်စွေရာက သက်ပြင်းရှည်ကြီးကို ချလိုက်၏။ ချိုလီက မေးကြည့်လိုက်သည်။

"နင် ဘာဖြစ်နေတာလဲ"

"နင့်အကြောင်း တွေးနေတာပါ"

"ငါ့အကြောင်း ... ဟုတ်လား"

ဒေါ်စွေရာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... နင့်အကြောင်း၊ ခုနေအခါမှာ နင်ဟာ ဘာမှ

အပူသောကမရှိဘူးဆိုရင် သိပ်ကောင်းမှာပဲ”

ချိုလီက ရယ်လိုက်လေသည်။

“ဘာလဲ ... နင် စကားဟောင်းတွေ ပြန်ပြောဦးမလို့လား”

“ဒီစကားမျိုးဟာ ဟောင်းတယ်လို့ မရှိပါဘူး၊ အမြဲပဲ သစ်ဆန်းနေတာပါ။ ငါ့မေတ္တာဟာ ခုအချိန်ထိ နင့်အပေါ် မကုန်ခမ်းသေးဘူး”

ချိုလီသည် ခပ်ယဲ့ယဲ့ ပြုံးလိုက်မိလေသည်။ ရှောင်လင်ကျောင်းတုန်းက ယခု သေဆုံးသွားရသော သူမ၏ချစ်သူနှင့် ဝေါ့စွေရာသည် အပြိုင်အဆိုင် ပိုးခဲ့ကြသည်။

ချိုလီက ဝေါ့စွေရာကို စိတ်ကြမ်းလူကြမ်းတစ်ယောက်ဟု သတ်မှတ်၍ ငြင်းပယ်ခဲ့၏။

“သူ သေသွားပြီးကတည်းက ငါဟာ ယောကျ်ားတစ်ယောက် ထပ်ရွေးဖို့ စိတ်ကုန်ခန်းခဲ့တယ်”

“ဩော်”

ဝေါ့စွေရာက ထိုကဲ့သို့ပြောပြီး သက်ပြင်းချမိလိုက်သည်။

✻

ပန်းများက ဝေနေအောင် ဖူးပွင့်နေသည်။ ဝေါ့စွေရာနှင့်

ချိုလီသည် စကားပြောရင်း ခပ်ဖြည်းဖြည်း လမ်းလျှောက်နေသည်။ ခပ်စဉ် ရုတ်တရက် ပန်းချီအတွင်းမှ လူနှစ်ယောက် ခုန်၍ ထွက်လာသည်။

ဝေါ့စွေရာနှင့်ချိုလီတို့သည် ခြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်၏။ လူစိမ်းနှစ်ယောက်သည် သူတို့အနီးသို့ ရုတ်တရက် ကူးလာပြီး ရပ်တန့်လိုက်လေသည်။

“ဘယ့်နယ်လဲ လူစွမ်းကောင်းနှစ်ယောက်”

လူနှစ်ယောက်အနက် တစ်ယောက်က ဘိန်းစားရုပ်ပေါက်နေပြီး အရပ်ရှည်သည်။ ကျန်တစ်ယောက်က အဝတ်အစားကို သပ်ပသပ်စွာ ဝတ်ဆင်ထားသည်။

“မိတ်ဆွေတို့က”

ဝေါ့စွေရာက ညင်သာစွာပင် မေး၏။

“ဟား ဟား ဟား”

အဝတ်အစားကို သပ်ရပ်စွာ ဝတ်ထားသော သူသည် အားရပါးရှိ ရယ်မောလိုက်လေသည်။ ထိုလူသည် အားရအောင် ရယ်မောပြီးမှ ...

“ငါ့နာမည်က မြွေစိမ်း၊ သူက မြွေနက်၊ ကဲ ... နောက်ထပ်ကာသိရုံသေးသလဲ”

ထိုအမည်နှစ်ခုကို ကြားလိုက်ရသည်နှင့် ဝေါ့စွေရာ မျက်နှာ

ရုတ်ခြည်း ပျက်သွားလေသည်။

"မြွေစိမ်း, မြွေနက်"

သိုင်းလောက၌ အတော်ကလေး ကျော်ကြားခဲ့သည့် ကြေ
စား နှစ်ယောက်ပင် ဖြစ်လေသည်။ ထူးခြားသည်မှာ မြွေစိမ်းနှင့်
မြွေနက်သည် အခကြေးငွေ မရရှိဘဲ မည်သည့်အလုပ်မှ လုပ်သူများ
မဟုတ်ပေ။

ယခု သူတို့နှစ်ဦးသည် ငေါ့စွေရာတို့အား ရန်သူသဖွယ်
ဆက်ဆံသည်ကို သိလိုက်ရသောအခါ ငေါ့စွေရာမှာ အံ့သြသွားသည်။

"သြော်၊ မိတ်ဆွေတို့က မြွေစိမ်းနဲ့မြွေနက် နှစ်ယောက်ပဲ
ခင်ဗျားတို့ရဲ့နာမည်ကို ကြားဖူးပါတယ်၊ ခင်ဗျားတို့ရဲ့ လက်သည်း
တွေမှာ အသက်ချွေတဲ့ အဆိပ်တွေ ရှိတယ်ဆိုတာလည်း ကြားဖူး
ထားပါတယ်"

ငေါ့စွေရာက ချိုလီအား သတိပေးသည့် သဘောဖြင့် ထို
စကားကို တမင်တကာ ထည့်ပြောလိုက်ခြင်း ဖြစ်လေသည်။

ချိုလီသည် ထိုစကားကြောင့် သူတို့နှစ်ဦး၏ လက်သည်း
များကို မသိမသာ လှမ်းကြည့်မိလိုက်သည်။ မှန်ပေသည်။ ချွန်ထက်
သော လက်သည်းကိုယ်စီနှင့်။ ထိုလက်သည်းများမှာ စိမ်းဖန့်ဖန်
အလင်းရောင် သန်းနေပေသည်။

ရက်စက်ကြမ်းကြုတ်မည့်သူ နှစ်ဦးမှန်းလည်း ချက်ချင်း

ပ်စားမိလိုက်တော့သည်။

"မင်းက တို့အကြောင်းကို စုံစုံလင်လင် သိထားရတော့
ရောင်သာ တိမ်သာ ရှိတာပေါ့ကွာ"

"ဟုတ်ကဲ့ ... မိတ်ဆွေတို့နဲ့ ကျွန်တော်တို့က ဘယ်လိုရန်ငြိုး
မရှိပါဘူးနော်"

"ဟား ဟား ဟား"

မြွေစိမ်းက စိတ်မရှည်ဟန်ဖြင့် ...

"ဟေ့ ရန်ငြိုးရှိတယ်,မရှိဘူးဆိုတာ ခပ်မြန်မြန် ပြောစမ်း
ကွာ၊ ကြာတယ်"

ငေါ့စွေရာနှင့်ချိုလီသည် မြွေနက်ကို ပြိုင်တူကြည့်မိလိုက်
သည်။ မြွေနက်၏ မျက်နှာမှာ ဘိန်းစားရုပ် ပေါက်နေသော်လည်း
ကျဉ်းမြောင်းသည့် မျက်လုံးများက ရက်စက်ကြမ်းကြုတ်သည့်
ထက္ခဏာကို အထင်းသား ဖော်ပြနေပေသည်။

"မင်းတို့ ဟိုကျန်းမှာ လူဘယ်နှစ်ယောက် သတ်ခဲ့သလဲ"

ထိုစကားကြောင့် ချိုလီမှာ ရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရ
တော့သည်။



မြွေစိမ်းနှင့်မြွေနက်သည် ကျားသစ်ဂေဟာနှင့် ပတ်သက်နေသည်ကိုလည်း သိရှိလိုက်ရလေသည်။ ကျားသစ်ဂေဟာသည် သူတို့အား ကြေးစားအဖြစ် ငှားရမ်းထားခြင်းသာ ဖြစ်ပေမည်။

"ညော် ... အဲဒါ ရှင်တို့ရဲ့ မိတ်ဆွေတွေလား၊ သူတို့ လာရန်စတော့လည်း"

"တော် ... နင့်ပါးစပ်ပိတ်ထား"

မြွေစိမ်းက ချိုလီ၏ စကားမဆုံးမီ အော်ဟစ်လိုက်လေ၏။ ကျားသစ်ဂေဟာမှ အရိပ်များသည် မိမိတို့နှစ်ဦးနောက်တွင် အမြဲနေသည်မှာ မှန်ကြောင်း ဒေါ်စွေရာ ယုံကြည်သွားတော့၏။

ဤအတိုင်းဆိုလျှင် သူတို့အဖို့ ရှင်းပြနေ၍လည်း အချိန်ကုန်မည်သာ ဖြစ်ပေမည်။ ဒေါ်စွေရာသည် ချိုလီအား မျက်ရိပ်ပြ၍ မြွေစိမ်းကို ရုတ်တရက် ဝင်တိုက်လေတော့သည်။

ချိုလီကလည်း လက်မနေးပါ။ မြွေနက်ထံသို့ ခုန်ဝင်လိုက်လေသည်။

✳

ဒေါ်စွေရာသည် သူ၏ ခါးကြားမှ ပုဆိန်ကို ဆွဲထုတ်လိုက်၏။ ချိုလီမှာ လက်နက်မပါမေ။ သို့သော် သူမသည် လက်နက်ကို

ဘိုက်ခိုက်နည်းကို အဆင့်မြင့်မြင့် အသုံးချနိုင်သူ ဖြစ်ပေသည်။

ချိုလီသည် ဖုန်းဝှာထံ၌ သိုင်းပညာ မူတတ်ပါဟု ပြောဆိုဘးခဲ့လေသည်။ သို့သော် မလွဲမရှောင်သာ၍ တိုက်ခိုက်ရသောအခါ သိုသူများကို သူသေကိုယ်သေ တိုက်ခိုက်မှ ဖြစ်ပေမည်။ အကယ်၍ ဓသေပါက သူမ လိမ်ညာခဲ့သော အချက်များသည် ဖုန်းဝှာနားသို့ ဒပါက်ကြားသွားမည် မဟုတ်ပါလား။

ထို့ကြောင့် သူမသည် မြွေနက်ကို သတိကြီးစွာ ထား၍ ဘိုက်ခိုက်လေသည်။

✳

မြွေစိမ်းနှင့် မြွေနက်တို့၏ လက်သည်းရှည်များသည် သူတို့နှစ်ဦးထံသို့ ပွတ်ကာသီကာဖြင့် ရောက်ရှိနေသည်။ မြွေစိမ်းသည် သိုင်းပညာ အလွန်ထက်မြက်သူလည်း ဖြစ်သည်မို့ ဒေါ်စွေရာ၏ ဆိန်ကို အသာအယာပင် ရှောင်တိမ်းနိုင်လေသည်။

သိုင်းကွက် နှစ်ဆယ်ကျော် သုံးဆယ်အထိ သူတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေပေသည်။ ဒေါ်စွေရာသည် မြွေစိမ်းကို သိပ်ပြီး အကဝ်မခံဘဲ ပုဆိန်ကို ဝှေ့ယမ်းနေသည့်တိုင်အောင် မြွေစိမ်းအား ဒေါ်ရာရအောင် မစွမ်းဆောင်နိုင်ပါ။

မြွေစိမ်းသည် ကိုယ်ကို နှစ်ပတ်မျှ လှည့်ပြီး ကြီးမားသော အရိုန်အဟုန်ဖြင့် ဇော်စွေရာထံသို့ ပစ်ဝင်လိုက်သည်။ ဇော်စွေရာ ပုဆိန်ဖြင့် ဆီးခံသည်။

သို့သော် သူ၏ပုဆိန်ကိုင်သောလက်ကို မြွေစိမ်းက ဖမ်း ဆုပ်လျက် ညာလက်ဖြင့် ရိုက်ချလိုက်သည်။ ရုတ်တရက် ဇော်စွေရာ ယိမ်းယိုင်သွားသည်။ ဇော်စွေရာသည် လုံးဝ အားမလျော့ဘဲ သူ့ ပုဆိန်ကို တင်းကျပ်စွာ ဆုပ်ကိုင်၍ မြွေစိမ်းထံသို့ ပြေးဝင်သွားသည်။

မြွေစိမ်းက ခုန်၍ ရှောင်လိုက်၏။

"သိပ်လောကြီးနဲ့ ကိုယ့်လူ၊ မင်းလည်ပင်းလည်း ပြုန်း ကြည့်ဦး"

မြွေစိမ်းက ပြောလိုက်သည်။ ရုတ်တရက် ဇော်စွေရာက သူ့ လည်ပင်းကို ပြန်စမ်းကြည့်သည်၊ သွေးစများ ပေကျံသွား၏။

ဇော်စွေရာမျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။ မြွေစိမ်း ရဲ့ အဆိပ်မိသွားပေပြီ။

✳

ထို့အတူ ချိုလီ၏ လက်မောင်းတွင်လည်း အစင်းကြောင်း တစ်ခု ထင်းခနဲ ပေါ်ထွက်လာတော့သည်။ ထိုအခြင်းအရာကို မြင်

ကြောက်ရသော ဇော်စွေရာသည် ချိုလီအတွက်ပါ အလွန်အမင်း စိုးရိမ် သွားတော့သည်။

ဇော်စွေရာ၏ ဒေါသသည် အထွဋ်အထိပ်သို့ ရောက်ရှိသွား သေသည်။ သူ၏ပုဆိန်သည် လေထဲ၌ တဝီဝီမြည်သံနှင့်အတူ မြွေ စိမ်းထံသို့ ခုန်ဝင်လိုက်လေသည်။ ထိုစဉ်အခိုက် လူတစ်ယောက် ဟစ်မံရောက်ရှိလာသည်။

"ဟော့ ရပ်လိုက်စမ်း"

အားလုံး တိုက်ခိုက်မှုကို ရပ်တန့်၍ ထိုလူကို လှမ်းကြည့် လိုက်မိသည်။

"ဖုန်း ... ဗာ"

ချိုလီသည် ထိတ်လန့်စွာဖြင့် ရေရွတ်မိလိုက်လေသည်။ ကားသစ်အရှင်သခင် သို့မဟုတ် ဖုန်းဗာ။

ဖုန်းဗာသည် ချိုလီနှင့် ဇော်စွေရာရှေ့တွင် ရပ်တန့်လိုက်လေ သည်။ သူသည် ချိုလီအား မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံ ဖြင့် ကြည့်နေပေသည်။

"နင်က ငါ့စကားကို နားမထောင်ဘူး ... ဟုတ်လား"

ဇော်စွေရာသည် ဘုမသိဘမသိဖြင့် ဖုန်းဗာအား ရုတ်တရက် ရိုက်ခိုက်ရန် လှုပ်ရှားလိုက်သည်။ ချိုလီက အချိန်မီလှမ်းဆွဲလိုက်၏။

"ဇော်စွေရာ ... နင် ဘာမှမလုပ်နဲ့ ... ငါရှင်းမယ်"

လူတွေကို သတ်ခဲ့တယ်၊ ငါ သိသိကြီးနဲ့ စောင့်ကြည့်နေခဲ့တာပဲ”

ယခုအခါ ချိုလီအဖို့ ပြန်၍ပြောနေလည်း အပိုပင်ဖြစ်ပေမည်။ မိမိအား လက်ဆုပ်လက်ကိုင် မိထားပြီမဟုတ်ပါလား။

✳

“ငါက နင့်မိဘတွေကို နင်အတော်ချစ်တယ်လို့ အောက်မေ့နေတာ၊ တကယ်တော့ နင့်မိဘတွေကို နင်မချစ်ပါဘူး”

ချိုလီသည် မျက်နှာကို ဆတ်ခနဲ မော့လိုက်လေသည်။

“ဒီမှာ ဖုန်းဝှာ ... ရှင် ကျွန်မကို သတ်ပစ်ပါ။ ကျွန်မ သေရဲတယ်၊ ကျွန်မ မိဘတွေကို ပြန်လွှတ်ပေး”

ဖုန်းဝှာက မဲ့ပြုံးပြုံး လိုက်လေသည်။

“မပူပါနဲ့ နင်က သေရမယ့်ဆဲဆဲပဲ၊ မြေစိမ်းနဲ့မြွေနက်ရဲ့ အဆိပ်ဟာ ကြာကြာမခံပါဘူး”

“ရှင်က လူယုတ်မာပဲ၊ ကျွန်မမိဘတွေကို အခု ပြန်လွှတ်ပေး”

“ဟား ဟား ဟား”

ဖုန်းဝှာက ရယ်မောလိုက်လေသည်။

“နင့်မိဘတွေကို တကယ်သနားသလား”

ဖုန်းဝှာသည် ငေါ့စွေရာကို တစ်ချက်ကြည့်လိုက်သည်။

“မင်းက ပုဆိန်သိုင်းသမားတစ်ယောက်ပဲ၊ မဆိုးပါဘူး ... ပညာချင်း နည်းနည်းဖလှယ်ကြည့်ရအောင်”

ငေါ့စွေရာသည် ချိုလီကို တစ်ချက် ကြည့်လိုက်သည်။ ချိုလီက ခေါင်းယမ်းပြပြီး ဖုန်းဝှာရှေ့တွင် ရပ်တန့်လိုက်၏။

“ဒီမှာ ဖုန်းဝှာ ... သူက ကျွန်မ သူငယ်ချင်းပါ၊ ကျွန်မတို့ကို သူ ဘာမှမသိပါဘူး”

ဖုန်းဝှာက မဲ့ပြုံးပြုံးလိုက်လေသည်။

“ပြောစမ်း ... နင်မသေခင် ဘာစကား ဆက်ပြောဦးမလဲ”

သူမသည် လက်မောင်းမှဒဏ်ရာကို မသိမသာ စမ်းသပ်လိုက်လေသည်။ မြွေနက်၏လက်သည်းမှာ အဆိပ်ပါမှန်း ထင်ရှားလာသည်။ တစစ်စစ် ကိုက်ခဲလာသည်။

လက်မောင်းသည် ရုတ်ခြည်း ရောင်ကိုင်းလာသည်ဟု ထင်ရလေသည်။ ငေါ့စွေရာလည်း ထို့အတူ ခံစားနေရမှန်း သိသာသည်။

“နင် ဘာတွေ ဆက်လိမ်ချင်သေးလဲ ချိုလီ”

ဖုန်းဝှာက မေးလိုက်သည်။ ချိုလီ ပါးစပ်ဝိတ်ထား၏။

“နင့်နောက်ကို ငါ့လူတွေ အများကြီးရှိတယ်ဆိုတာ သိပေးလိုက်တယ် မဟုတ်လား၊ နင်က လူစွမ်းကောင်းနဲ့ပေါင်းပြီး

"ရှင် အပိုတွေ မေးမနေနဲ့၊ ကျွန်မသေသွားပါစေ သူတို့ကို လွှတ်ပေးပါ"

ဖုန်းဝုကက ကျေနပ်အားရစွာ ပြုံးလိုက်လေသည်။

"ကောင်းပြီ ... ငါမေးတာ အမြန်ဆုံးဖြေပါ"

"ဘာလဲ"

"ပေ့ရန်းမြို့မှာ နင်နဲ့အတူတူနေတာ ဘယ်သူလဲ၊ မှန်မှန်ပြော"

ချိုလီသည် ရုတ်တရက် ပင့်သက်ရှိုက်လိုက်မိသည်။ သူမသည် ယခုအခါ အဆိပ်တက်သေရတော့မည် ဖြစ်ပေသည်။ သူမအတွက် အရေးမကြီးပါ။

မိမိက အမှန်အတိုင်းဖြေလျှင် မိမိ၏မိဘနှစ်ပါးကို အမှန်ပင် လွှတ်ပေးပါမည်လား။ သို့သော် သနားစရာကောင်းသော ရှူဝါကို မိမိ သစ္စာမဖောက်ရက်ပါ။

ရှူဝါသည် လောကအလယ်၌ အလွန်အမင်း ဒုက္ခရောက်နေသူ ဖြစ်သည်။ ဒုက္ခရောက်နေသူကို ဆက်၍ ဒုက္ခပေးမိပါက မိမိသည် လူသားမဆန်တော့ပေ။

"သူက ကျွန်မမိတ်ဆွေပဲ၊ ဒါပဲ ကျွန်မသိတယ်"

ဖုန်းဝုက မဲ့ပြုံးပြုံးလိုက်သည်။

"နင်က ညာတယ်ပေါ့ ဟုတ်လား၊ ဒါဆိုလည်း နင့်မိဘတွေ

အသေဆိုးနဲ့ သေရငြိသာမှတ်ပေတော့"

ငေါ့စွေရာက ချိုလီကို ရုတ်တရက် လှမ်းကြည့်လိုက်သည်။

"နင် ဘယ်သူမျက်နှာ ထောက်နေတာလဲ၊ လောကမှာ နင့်မိဘထက် အရေးကြီးတဲ့လူများ ရှိသေးသလား"

ချိုလီသည် ငေါ့စွေရာအား ဒေါသဖြင့် ပြန်ကြည့်လိုက်မိလေသည်။

"သူ့အကြောင်းမှ ငါမသိဘဲ၊ ငါက ဘယ်လိုပြောရမှာလဲ"

ငေါ့စွေရာသည် ဘာမှ ဆက်မပြောတော့ပေ။ သူသည် ဤသည်ပင်မှ ဒဏ်ရာကြောင့် တစ်ခါတစ်ရံ ရှုံ့မဲ့သွားသည်။

ဖုန်းဝုသည် မဲ့ပြုံးပြုံးလိုက်ပြန်သည်။

"နင့်ဆီက အမှန်ကို လိုချင်လို့ ငါမေးနေတာ၊ သိသင့်သလောက် သိပြီးပြီ၊ နင် ဘာပြောချင်သေးသလဲ"

"ရှင်က ဘယ်သူထင်လို့လဲ"

"ဘယ်သူဖြစ်ရမှာလဲ၊ ထင်းရှုန်းရဲ့သမီး ရှူဝါ မဟုတ်လား"

"ဒါတော့ ကျွန်မ မသိဘူး၊ ကျွန်မသိတာကတော့ သူနာမည် ရှုလန်း"

ဖုန်းဝုသည် မရယ်ချင့်ရယ်ချင် ရယ်လိုက်လေသည်။

"အခု သူ ဘယ်မှာလဲ"

"ပေ့ရန်းက သူ့အိမ်မှာပဲ ရှိမှာပေါ့"

ဖုန်းဝှာ မျက်မှောင်ကြုတ်သွားသည်။

"အဒီမှာ မတွေ့တော့လို့ နင့်ကို ငါမေးနေတာပေါ့၊ နင်သူ့နေရာသိရမယ်"

ချိုလီမှာ ရင်ထဲ၌ တစ်မျိုးပေါ့သွားလေသည်။ ရှုဝါ တစ်ယောက် ဘယ်ရောက်သွားပါလိမ့်။ မိမိအား လိုက်ရှာနေခြင်းလော။

မည်သို့ပင်ဆိုစေ ရှုဝါကို ဖုန်းဝှာ မတွေ့သေးသဖြင့် သူမ စိတ်ထဲမှာ ကျေနပ်သွားလေသည်။

"ပြောစမ်း ... ရှုဝါ ဘယ်မှာလဲ"

"မသိဘူး"

သည်တစ်ခါ ချိုလီက အမှန်အတိုင်း ပြောလိုက်ခြင်းပင်။ သို့သော် ဖုန်းဝှာက မယုံကြည်ပေ။

"ကောင်းပြီလေ၊ နင်တို့ထိုက်နဲ့ နင်တို့ကံ သေကြပေတော့"

ချိုလီသည် လှည့်၍ထွက်သွားသော ဖုန်းဝှာကို တားရန် စိတ်ကူးလိုက်သေးသည်။ သို့သော် သူမ မတားတော့ပါ။ ဖုန်းဝှာသည် အောင်နိုင်သူတစ်ဦးပမာ မြွေနှစ်ကောင်ကို ခေါ်၍ ထွက်သွားတော့သည်။

* * *

အခန်း (၂၃)

ဧတနာရှင်လူငယ်

ငေါ့စွေရာသည် ချိုလီအား လှမ်းကြည့်လိုက်သည်။ စိတ်ထဲ၌ အလွန်အမင်း ထိတ်လန့်သွားသည်။ ချိုလီ၏ အကျီလက်သည် စတ်ပြဲနေ၏။ လက်မောင်းသားမှာ ရောင်ကိုင်းနေသည်။

ချိုလီသည် မျက်နှာရှုံ့မဲ့နေ၏။ ငေါ့စွေရာမှာ ချိုလီကိုကြည့်၍ စိုးရိမ်နေသည်။ သူ၏ ခံစားချက်ကို သူသာလျှင်သိသည်။ ငေါ့စွေရာ ခေါင်းများမူးကျိလာသည်။

သူ၏လည်ပင်းသည် တင်းကျပ်လာသည်ဟုခံစားရပေသည်။ သို့သော် ငေါ့စွေရာက အားတင်းလိုက်သည်။

"ချိုလီ"

ချိုလီက ငေါ့စွေရာကို လှည့်ကြည့်၍ အံကြိတ်ထားသည်။ သူမ၏ မျက်လုံးအစုံမှ မျက်ရည်များ စီးကျနေသည်။ သူမသည် အဆိပ်ဝေဒနာနှင့် သေရတော့မည်ကို တစ်ထစ်ချ ယုံကြည်ထား၏။

ဒေါ်စွေရာက ချိုလီ၏ ခန္ဓာကိုယ်အား ရုတ်တရက် ပွေ့ချီ၍ ပခုံးဝေါ် ထမ်းတင်လိုက်သည်။

"ဘာလုပ်ဦးမှာလဲ ဒေါ်စွေရာ"

"တို့ သမားတော် တစ်ယောက်ဆီ ရောက်အောင်သွားမယ်"

"ဘယ်သမားတော်က ဒီအဆိပ်ကို ဖြေနိုင်မှာလဲ"

ဒေါ်စွေရာ နှုတ်ပိတ်နေသည်။ သူသည် ဇောဖြင့် ကောက် ထမ်းလိုက်သော်လည်း ဘယ်ကိုခေါ်သွားရမှန်းမသိ ဖြစ်နေသည်။ ချိုလီ တစ်ချက်သတိရသွားသည်။

သမားတော်ကျင်း ...၊

သမားတော်ကျင်းသည် အဘက်ဘက်မှ အစွမ်းထက်သော သမားတော်ကြီး ဖြစ်သည်။

"ဒေါ်စွေရာ"

"ပြော ... ချိုလီ ပြော"

"ဝါကောက်ကျေးရွာကို"

ချိုလီ စကားဆက်မပြောနိုင်ပါ။ ခေါင်းများ မူးနောက်လာပြီး ရုတ်တရက် သတိလစ်သွားတော့သည်။



ချိုလီ ရုတ်တရက် ပြန်နိုးလာသည်။ သူမသည် လေးလံနေသော မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ အမှောင်ထုကိုသာ မြင်နေရသည်။ ပတ်ဝန်းကျင်ကို ဘာမှ သဲသဲကွဲကွဲ မမြင်ရ။ ရုတ်တရက် မိမိ ဘာဖြစ်ပါလိမ့်၊ ဘယ်နေရာရောက်နေပါလိမ့်ဟု ပြန်စဉ်းစားနေရသည်။

နောက်မှ တဖြည်းဖြည်း သတိရလာသည်။ သူမ၏ လက်မောင်းကို ပြန်ကိုင်မိသည်။ ထိုအခါ အလွန်အမင်း လိတ်လန့်သွားသည်။ သူမ၏လက်မောင်းမှာ အဆမတန် ရောင်ကိုင်းနေသည်။

ပြီးသည်နှင့် သူမသည် ဘေးပတ်ဝန်းကျင်သို့ ကပျာကယာ ကြည့်မိပြန်သည်။

"ဒေါ်စွေရာ ဒေါ်စွေရာ ... ဘယ်ရောက်နေပါလိမ့်"

မီးဖိုတစ်ခုက သူမနှင့် မနီးမဝေးတွင် ရှိနေသည်။ ဒေါ်စွေရာသည် ထင်းခြောင်းများဝိုက်၍ မီးဖိုဘေးသို့ အပြေးအလွှား ပြန် ရောက်ရှိလာပြီး ထင်းများ ထိုးထည့်နေသည်။

ထို့နောက် ချိုလီကို လှမ်းကြည့်သည်။

"ဩော် ... နင် သတိရနေပြီ ... ဟုတ်လား"

ဒေါ်စွေရာ အပြေးအလွှား ရောက်လာသည်။

"ငါ စိုးရိမ်လိုက်တာ ချိုလီရယ်"

ဒေါ်စွေရာသည် ချိုလီ၏ နဖူးမှဆံစကို သပ်တင်ပေးရင်း

ပြောလိုက်သည်။ သူ၏အသံက နဂိုအသံမျိုး မဟုတ်သဖြင့် ချိုလီ ငေါ့စွေရာကို ကြည့်လိုက်မိသည်။ ငေါ့စွေရာ၏ လည်ပင်းသည် ကြီးထွား ရောင်ကိုင်းနေသည်။

သူသည် ဝေဒနာကို ကြိတ်မှိတ်ခံစားနေရပုံ ရသည်။

"နင် ဘာမှ အားမငယ်နဲ့၊ ဝါကောက်ကျေးရွာကို ရောက်အောင် ငါပို့ပေးမယ်၊ ညက မှောင်လွန်းတော့ လမ်းမမြင်တော့လို့ ခဏနားတာပါ"

ချိုလီ ငေါ့စွေရာကို သနားသွားသည်။ ဒဏ်ရာရထားသည့် သူချင်း အတူတူ သူဝေဒနာကို ဂရုမစိုက်နိုင်ဘဲ မိမိအား ဂရုစိုက် အားပေးနေသော ငေါ့စွေရာ၏ စေတနာနှင့် မေတ္တာကို ချိုလီ ယုံကြည်သွားသည်။

သို့သော် မိမိတို့သည် အသက်ရှင်ဖို့လမ်းက သိပ်မမြင်တော့ သဖြင့် ချိုလီမှာ ဝမ်းနည်းရပြန်သည်။ သူမ သတိလစ်နေစဉ် အိပ်မက် ဆိုးများ မြင်မက်နေသည်။

ကောင်းကင်တွင် သူမ၏ မိဘနှစ်ပါးက ငဲ့ပျံနေသည်။ ချိုလီ အား ကယ်ပါယူပါ တစာစာဖြင့် မိဘနှစ်ပါး၏တောင်းပန်သံကို ကြား နေရသည်။

သူမသည် မိဘနှစ်ပါးအား မြေပေါ်သို့ ဆင်းရန်ခေါ်သော်လည်း ဖုန်းတွက ဓားနှင့် စောင့်နေသဖြင့် မဆင်းရဲပေ။ ထိုစဉ် သူမ

ခေါ်နိုးလာသည်။

ယခုအခါ သူမ၏ မိဘနှစ်ပါးကို မည်ကဲ့သို့ ကယ်ဆယ်နိုင် မည်ဟောမည်နည်း။ ဖုန်းတွာသည် မည်သည့်နည်းနှင့်မှ လွတ်ပေးမည့် သူစားမျိုး မဟုတ်ပေ။ ချိုလီတွေးရင်း မျက်ရည်များ စီးကျလာသည်။

ငေါ့စွေရာက မျက်ရည်ကို အကျိုစဖြင့် သုတ်ပေးရင်း ...

"ချိုလီ မငိုနဲ့၊ မိုးပဲလင်းတော့မှာပါ၊ အားတင်းထားစမ်းပါ၊ ဝါကောက်ကျေးရွာက သိပ်မဝေးတော့ပါဘူး"

ချိုလီက သက်ပြင်းချ၍ အားနည်းစွာ ပြုံးပြလိုက်သည်။

✵

ငေါ့စွေရာသည် မိုးမလင်းမီပင် ချိုလီအား ပခုံးပေးတင်၍ ခြေလှမ်းဆက်ပြန်သည်။ သူ၏ဝေဒနာသည် ပြင်းထန်စွာ ခံစားနေရသော်လည်း လုံးဝ ဂရုမစိုက်အားပါ။

မျက်လုံးများ ပြာဝေနေသည့်တိုင်အောင် ကြိတ်မှိတ်၍ ပြေးလွှားနေပေသည်။ အရှေ့ကောင်းကင်မှ နေလုံးပေါ်ထွက်လာချိန်တွင် ငေါ့စွေရာမှာ လမ်းမကြီးပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

မဝေးလှတော့ပါ။ ဝါးကောက်ကျေးရွာသည် နောက်ထပ် နာရီလောက်သွားလျှင် ရောက်ရှိတော့မည် ဖြစ်သည်။ မိမိတို့၏

အသက်သည် နောက်ထပ်နေ့ဝက်အထိ ခံနိုင်ရည် ရှိပါ့မလားဟု ငေ
စွေရာ တွေးတောရင်း ခပ်သွက်သွက်လေး ပြေးနေရသည်။

"ငေ့ါစွေရာရယ် ... နင့်ဒုက္ခက သိပ်ကြီးပါလား၊ ငါ့ကို ထ
ခဲ့ပါတော့"

ချိုလီမှာ မကြည့်ရက်တော့သဖြင့် ပခုံးပေါ်မှ လှမ်းပြ
လိုက်သည်။

"နင် ဘာပြောလိုက်တာလဲ ချိုလီရယ် ... ငါသေမှ နင်
ရမယ်"

ချိုလီ ပါးစပ်ပိတ်သွားလေသည်။ ထိုစဉ် မျက်နှာချင်းဆိုင်
မြင်းတစ်ကောင်ပြေးလာသည်ကို ငေ့ါစွေရာ တွေ့လိုက်ရလေသည်
မြင်းသည် မျက်နှာချင်းဆိုင်မှ အပြေးအလွှားပင် ရောက်ရှိလာသည်

ငေ့ါစွေရာက အနည်းငယ် လမ်းဖယ်ပေး၍ မြင်းပေါ်မှလူ
အကဲခတ်ကြည့်လိုက်သည်။ သာမန် လူငယ်ကလေးတစ်ဦးပင် ဖြ
လေသည်။ မြင်းပေါ်မှလူငယ်သည် ငေ့ါစွေရာနှင့် ပခုံးပေါ်မှ မိ
ကလေးကို ကြည့်ကာ သူ၏မြင်းကို အပြင်းပင်ဆက်၍ မောင်းနှ
သွားသည်။

ငေ့ါစွေရာ လမ်းမပေါ်ပြန်တက်၍ သွက်သွက်ပင် လျှောက်
ခဲ့ပြန်သည်။ ထိုစဉ် နောက်တစ်ဖက်မှ မြင်းခွာသံ ကြားရပြန်သဖြ
ငေ့ါစွေရာ လမ်းမဘေးသို့ ရှောင်ကာ ဆက်လျှောက်နေရသည်။

ငေ့ါစွေရာ လှည့်မကြည့်အားပါ။ သူသည် ဝါကောက်
ကျေးရွာသို့ ရောက်ရှိရန်သာ အရေးကြီးနေပေသည်။ နောက်မှ
အပြေးအလွှား လိုက်လာသော မြင်းခွာသံသည် သူတို့အနီး၌ ရုတ်တ
ရက် ရပ်တန့်သွားလေသည်။

"ဒီမှာ ခဏ နေ ... နေပါဦး"



ငေ့ါစွေရာသည် မြင်းပေါ်မှလူကို မော့ကြည့်လိုက်သည်။
စောစောက သူငယ်ပင် ပြန်လှည့်လာခြင်းဖြစ်သည်။ လူငယ်မှာ
အသက် သိပ်မကြီးသေးပါ။ မျက်နှာကလေး သေးသွယ်ပြီး ဥပဓိရုပ်
သန့်ပြန့်သည့် လူငယ်တစ်ဦးပင် ဖြစ်လေသည်။

စာပေသမား အနုပညာသမားပုံစံမျိုး ဖြစ်သည်။ အပြာ
ရောင်နုနုဝတ်စုံကို ဝတ်ဆင်ထား၍ ကျစ်ဆံမြီး နှစ်ဖက်ချထားသည်။
ငေ့ါစွေရာသည် လူငယ်အား တစ်ချက်ကြည့်ကာ ...

"ဘာကိစ္စလဲ ငါ့ညီ၊ ဒီမှာ သိပ်အရေးကြီးနေလို့"

ငေ့ါစွေရာသည် သူဌေးသားပုံစံမျိုးနှင့် လူငယ်ကလေးအား
သိပ်ပြီး အရေးမထားဟန်ဖြင့် ပြန်ပြောလိုက်သည်။ လူငယ်သည်
မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

"ဘာဖြစ်လို့လဲ ခင်ဗျာ၊ ဘယ်လို အကူအညီမျိုး ပေးရမလဲ"

လူငယ်ကလေးသည် မေးရင်းမှ နှစ်ယောက်စလုံးကို ကြည့်လိုက်သည်။ ထိုအခါ အပြာရောင်လူငယ်ကလေး၏ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။



"အို ... ခင်ဗျားတို့နှစ်ယောက်စလုံး ဒဏ်ရာတွေနဲ့ပါလား"

"အေး ... ဟုတ်တယ်"

ငှဲစွေရာသည် လုံးဝ အချိန်မဖြုန်းလိုသဖြင့် လူငယ်ကို ပြောပြီး ဆက်လက်၍ လှမ်းခဲ့သည်။ အပြာရောင်လူငယ်ကလေးက

"နေပါဦးဗျာ"

ဟုပြောရင်း ငှဲစွေရာအနားသို့ ချဉ်းကပ်လာသည်။ ငှဲစွေရာက လူငယ်ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"လူနာကို အသက်ကယ်ဖို့ အချိန်မီရောက်မှဖြစ်မယ်၊ ငါ့ညီမင်း ဘာပြောချင်စရာတွေ ရှိနေလို့လဲ"

စာပေသမား၊ အနုပညာသမားများသည် အချို့မှာ စပ်စပ်စုစု နိုင်လှသည်ကို ငှဲစွေရာသိထားသည်။ ထို့ကြောင့် မနှစ်မြို့ဟန်နှင့် ပြောလိုက်သည်။

"သိပ်အရေးကြီးရင် ကျွန်တော့်မြင်းကို ယူသွားပါဗျာ"

လူငယ်က ချိုချိုသာသာ ပြောလိုက်လေသည်။ ထိုအခါ အုံဩခံသာသွားသူက ငှဲစွေရာပင် ဖြစ်သည်။

သူသည် လူငယ်အား အထင်သေးစွာပြောမိသည်ကိုပင် အားနာသွားမိ၏။ ချိုလီကလည်း လူငယ်ကို မသိမသာကြည့်လိုက်မိသည်။

အပြာရောင်လူငယ်ကလေးမှာ ကနွဲ့ကလျနှင့် မိန်းမချောချောသည့် လူငယ်ပင် ဖြစ်ကြောင်း သိလိုက်ရသည်။ ပိုက်ဆံချမ်းသာသည့် သားသမီးဖြစ်၍သာ အဖိုးတန်သော မြင်းကိုပေး၍ ကူညီသည်မှာ ထင်ရှားလှပေသည်။

"မြင်းကိုပေးတော့ ငှဲညီက ဘယ်လို ခရီးဆက်မလဲ"

အပြာရောင်လူငယ်က ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ အစ်ကိုတို့သာ သမားတော်ဆီ မြန်မြန်ရောက်အောင် သွားပါ"

ငှဲစွေရာ စကားရှည်မနေတော့ပါ။ ချိုလီအား မြင်းပေါ်သို့ ပွေ့တွင်လိုက်သည်။ ထို့နောက် သူသည် မြင်းပေါ်သို့ တက်၍ ချိုလီ

ကို သူ့ရင်ခွင်၌ မှီထားစေလေသည်။

"ကျေးဇူးပဲ ညီလေး၊ ဒီဒဏ်ရာနဲ့ မသေရင် အစ်ကိုတို့ကို ပြန်တွေ့ဦးမှာပေါ့"

အပြာရောင်လူငယ်သည် ကြည်နူးစွာ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... ဘယ်ကိုသွားရမှာလဲ"

"ဝါကောက်ကျေးရွာပါ"

"ဩော် ... သိပ်မဝေးပါဘူး၊ ဒါထက် အစ်ကို"

"ပြော ... ညီလေး"

"ဒဏ်ရာက ဘယ်လိုဒဏ်ရာမျိုး ရခဲ့တာလဲ၊ ဒီလောက်တောင် ရောင်ကိုင်းနေတာမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

စာပေသမားများ စပ်စုသည်မှာ မှန်သည်။ သို့သော် ကျေးဇူးရှင်ကလေးဖြစ်၍ ငွေ့ငွေ့ရာက စိတ်ရှည်စွာ ပြန်ဖြေလိုက်သည်။

"မြွေစိမ်း၊ မြွေနက် သိုင်းသမားနှစ်ယောက်ရဲ့ အဆိပ် မိလာလို့ပါကွာ"

"အို ... ဒါဆို လွယ်ပါ့မလား၊ သွား သွား ... မြန်မြန်သွား"

လူငယ်က အံ့သြတုန်လှုပ်စွာ နောက်ဆုံးပြောလိုက်လေ၏။

* * *

အခန်း (၂၄)

ထူးဆန်းသော မြွေသံ

ကျန်စုသည် အချိန်မီသရွေ့ ရွာဝါကို သိုင်းပညာများ ပြန်သင်ကြားပေးသည်။ မိမိတီထွင်၍ ရထားသော သိုင်းကွက်အမြောက်အမြားကို ရွာဝါအား ထပ်မံသင်ကြားပေးနေ၏။

ဤကဲ့သို့ သိုင်းပညာ ဆက်လက်သင်ကြားပေးနေခြင်း အားဖြင့် လူပ်ရှားနေသော ရွာဝါ၏စိတ်များလည်း တည်ငြိမ်လာမည်ဟုတ်ပါလား။

ယခုအခါ ထပ်မံသင်ကြားသော သိုင်းကွက်များသည် ခက်ခဲအဆင့်မြင့်မှန်း ရွာဝါသိသည်။ သူမသည် ထိုသိုင်းကွက်များကို ကြိုးစားပမ်းစားပင် သင်ယူလေသည်။

ဆယ်ရက်လုံးလုံး နေ့မအား ညမအား သင်ယူရ၍ ကျန်စုကာ ရွာဝါပါ နှစ်ဦးစလုံး အတော်ကလေး ပင်ပန်းနေသည်။ သို့သော် ကျန်စုက ကျေနပ်သည်။ ပင်ပန်းရကျိုးနပ်သည်။

ရှုဝါသည် ခက်ခဲသော သိုင်းကွက်များကို ကျန်စုလိုချင်သည် ပုံစံအတိုင်း တစ်သဝေမတိမ်း လိုက်နာသင်ယူနိုင်သဖြင့် ကျန်စုအ များစွာကျေနပ်သွားလေသည်။

"ကဲ ... ဒီနေ့တော့ ဒီလောက်နဲ့ပဲ နားဦးစို့၊ ပင်ပန်းတဲ့ရက် တွေလည်း များလာပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဘဘ၊ ဒါပေမဲ့ ဘဘအနားယူပါ၊ ကျွန်မကတော့ ပင်ပန်းတယ်လို့ မထင်ပါဘူး"

ကျန်စုက ကျေနပ်စွာ ပြုံးလေသည်။



နေဝင်ဆည်းဆာ ...။

နေလုံးသည် လုံးဝကွယ်ပျောက်သွားခြင်း မရှိသေးသော် လည်း ထူထပ်သောသစ်ရိပ်ဝါးရိပ်များကြောင့် နေလုံးကို မမြင် တော့ပေ။

ရေတံခွန်တောင်သည် သာယာသော တောင်တန်းတစ် ဖြစ်ပေသည်။ မြင့်မားရှည်လျားသည့် ရေတံခွန်ကြီးများမှ စီးကျသည် ရေသံသည် အဆက်မပြတ် ကြားနေရသည်။

ရှုဝါသည် ရေတံခွန်ကြီးကို အဝေးမှ လှမ်းကြည့်နေရသည်

ာ လှပသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသည်နှင့် တူလှသည် ဟု ထင်နေသည်။

သူမသည် တသွင်သွင်စီးကျနေသော ရေတံခွန်ကို မျက် တောင်မခတ် ငေးမောနေမိ၏။ ထိုစဉ် သူမ၏နားထဲသို့ အသံတစ်သံ က ထိုးဖောက်ဝင်ရောက်လာသည်။

ပထမတော့ ရေတံခွန်မှ ရေကျသံနှင့် ရောနှောနေ၍ မသဲ ကွဲပေ။ သေချာစွာ ဂရုစိုက် နားထောင်သောအခါကျမှ ထိုအသံကို သဲကွဲစွာ ကြားလိုက်ရတော့သည်။

မြွေသံ၊ ဆွဲဆွဲငင်ငင် မှုတ်နေသော မြွေသံ။ မြွေသံသည် ဝည်းဝါးကျကျနှင့် ဆွဲဆွဲငင်ငင် ပေါ်ထွက်နေ၏။ သည်တော သည် တောင်ထဲတွင် သူမနှင့် ကျန်စု နှစ်ဦးတည်းသာ ရှိသည်။

ကျန်စုသည် မည်သည့်အခါမှ မြွေမှုတ်သည်ကို မတွေ့ မြင် ရခဲ့ပေ။ ဤမြွေသံသည် သူမတစ်ချိန်က ကြားဖူးသော မြွေသံ ငင် ဖြစ်သည်။

လရောင်အောက်၌ လမင်းကို တိုင်တည်သောသီချင်း။ ထို မြွေသံကို ချိုလီနှင့်အတူ သူမခရီးသွားခဲ့စဉ်က ဘဲခြံ၌ အနေသော မိမ်တူးက မှုတ်သည့်မြွေသံမျိုး ဖြစ်သည်။

ထိုသီချင်း၏ အဓိပ္ပာယ်ကို ချိုလီက ပြောပြခဲ့သဖြင့် ရှုဝါ ကောင်းကောင်းသိထားရသည်။

"လသာရင် မင်းကိုလွမ်းတယ်၊ လနဲ့အတူ လာခဲ့ပါလား ကွယ်၊ လရောင်အောက်မှာ မင်းနဲ့တွေ့ခဲ့တယ်၊ လလည်းပျောက်တယ်၊ မင်းလည်းပျောက်တယ်၊ အခု လသာတယ်၊ မင်းက ပျောက်နေဆဲ၊ လမင်းရယ် ခေါ်ပေးပါ"

ရှူဝါက မြွေသံကို နားထောင်ရင်း ပြုံးလိုက်မိသည်။ ရွှေအဝမ်တူးသည် လသာသောညမှာ ထိုသီချင်းကို မှတ်၏။ သူ၏ ခံစားချက်ကို လမင်းနှင့်အတူ ဖော်ထုတ်သည်။

အဲဒီတုန်းက အဓိပ္ပာယ်ရှိခဲ့သည်။ ယခု လမသာသေးပါ။ ထိုသူသည် အဘယ်ကြောင့် လမင်းကို တိုင်တည်နေပါသနည်း။ သို့သော် သီချင်းဆိုသည်မှာ အချိန်မရွေး ဆို၍ရသည်မို့ အပြစ်မဆိုသာပါ။ မြွေသံသည် ဆွဲဆွဲငင်ငင် ပေါ်ထွက်နေပြန်သည်။

ခပ်ဝေးဝေးမှ မှုတ်နေသည့်အတွက် မြွေရှင်ကို မမြင်နိုင်ပါ။

"ရွှေအဝမ်တူးတော့ မဖြစ်နိုင်ပါဘူး၊ ဝမ်တူးက ဘဲခြံမှာ သူ့အလုပ်နဲ့သူ ရှုပ်နေမှာပါ"

ရှူဝါက မြွေသံကို နားထောင်ရင်း တွေးတော အဖြေထုတ်လိုက်သည်။ ရှူဝါက မြွေသံရှင်ကို တွေ့ချင်နေသည်။

ရှူဝါသည် မြွေသံကြားသည့်နေရာသို့ သွားရလျှင် ကောင်းမည်လားဟု တွေးတောမိလိုက်သည်။ သို့သော်လည်း မိုးက ချုပ်လာပြီမို့ စိတ်ကိုလျော့၍ ပြန်လာခဲ့သည်။

နောက်ထပ် နှစ်ရက်သုံးရက်ခန့်အထိ ရှူဝါ မြွေသံကို ကြားရလို ကြားရငြား သွားရောက်နားစိုက်ထောင်မိသည်။ လုံးဝ မကြားရတော့ပေ။

ထူးဆန်းသောမြွေသံသည် ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်။ ရှူဝါသည် မြွေသံကို မေ့ဖျောက်ပစ်လိုက်သည်။ သူမသည် အခက်အခဲဆုံးသော သိုင်းပညာကို လေ့ကျင့်လျက် ရှိနေသည်။

ကျန်စုသည် ဝါးပိုးဝါးများကို နှစ်တောင်ခန့်ခွဲ၍ စိုက်ထူထားသည်။ လေ့ကားသဖွယ် အနိမ့်ဆုံးသုံးတောင်မှ အမြင့်ဆုံး ဆယ်တောင်အထိ တန်း၍ စိုက်ထူထားပေးသည်။

ရှူဝါသည် ထိုဝါးလုံး ထိပ်ဖျားဖျားကိုနင်း၍ အမြင့်ဆုံးရောက်အောင် ပြေးတက်ရသည်။ ထိုဝါးထိပ်ဖျားပေါ်၌ပင် သိုင်းကွက်အကွက်နှစ်ဆယ်ကျော်ကို လေ့ကျင့်ယူရသည်။

စတင်လေ့ကျင့်စဉ်က ဆယ်ခါမက လိမ့်ကျခဲ့သော်လည်း ယခုအခါ ရှူဝါ လိမ့်မကျတော့ပါ။ ထို့ကြောင့် ကျန်စုသည် သူမအား စောင့်ကြည့်သင်ကြားပေးခြင်း မရှိတော့ဘဲ သူမတစ်ယောက်တည်းကိုသာ လွှတ်ထားပေးလိုက်သည်။

ရှူဝါသည် ကြောင်ကလေးတစ်ကောင်ပမာ ဝါးလုံးထိပ်ဖျားပေါ်၌ ဟိုခုန်သည်ခုန်ဖြင့် လူပ်ရှားနေ၏။ ထိုစဉ် သူမ၏မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူမ

သိုင်းလေ့ကျင့်နေသည်ကို လူတစ်ယောက်က လက်ပိုက်ကြည့်နေသည်ကို မြင်လိုက်ရလေသည်။

ထိုလူသည် မျက်နှာဖုံးစွပ်ထားပြီး ခမောက်ကြီးတစ်လုံးကို ဆောင်းထားပေးသည်။



ရွှဝါက ကပျာကယာ ဝါးလုံးပေါ်မှ ခုန်ဆင်းလိုက်သည်။ ရွှဝါသည် ယခုအခါ ရွှေလန်း၏ ရုပ်အသွင်မဟုတ်တော့ပါ။ ပကတိ ရုပ်အသွင်ဖြစ်သည်။

သူမကို လက်ပိုက်ကြည့်နေသော မျက်နှာဖုံးစွပ်ထားသူသည် တစ်ချက်ရယ်မောလိုက်သည်။

"ခင်ဗျား မဆိုးဘူး ... အင်မတန်အဆင့်မြင့်တဲ့ သိုင်းပညာတွေကို ရထားပြီပဲ၊ ဆရာကြီးကျန်စုရဲ့ သိုင်းပညာတွေက သိပ်ပြီး ထိပ်တန်းကျတယ်"

မျက်နှာဖုံးနှင့်လူကို ရွှဝါ စူးစိုက်ကြည့်လိုက်သည်။ မိမိအား မြင်းလှည်းနှင့်သတ်ရန် ခေါ်ခဲ့စဉ်က ကယ်တင်သည့်သူပင် ဖြစ်သည်။ နောက် မိမိနှင့်ချိုလီအား ကယ်တင်သည့်သူမှာလည်း ထိုသူပင် ဖြစ်လေသည်။

"ရှင် ဘယ်သူလဲ"

ရွှဝါက မျက်မှောင်ကုတ်လိုက်သည်။

"မျက်နှာဖုံးနဲ့လူလေ၊ မမှတ်မိတော့ဘူးလား"

ထိုလူက ပြောင်ချော်ချော်ဖြင့် ပြန်ပြောလိုက်သည်။

"ဒါတော့ သိတာပေါ့၊ ရှင့်နာမည် ဘယ်သူလဲလို့ မေးတာ"

"ဩော် ... နာမည်သိချင်လို့လား"

"ဟုတ်တယ်"

"ဘာထူးမှာမို့လဲ၊ နာမည်ဆိုတာ ပညတ်ထားတဲ့ အရာတစ်ခုပဲ"

ရွှဝါက ဘယ်လိုလူပါလိမ့်ဟူသော သဘောဖြင့် မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

"ရှင် မပြောချင်လဲနေ၊ ဒီကို ဘာကိစ္စလာတာလဲ"

မျက်နှာဖုံးနှင့်လူက ရယ်၍ ရွှဝါအနီးသို့ လျှောက်လာလေသည်။

"ကျုပ်က ရုပ်ဆိုးလွန်းလို့ မျက်နှာဖုံး တပ်ထားရတာကို စိတ်မရှိပါနဲ့ဗျာ"

"ဒါ ... ကျွန်မအလုပ်မဟုတ်ဘူး"

မျက်နှာဖုံးနှင့်လူသည် ရယ်မောလိုက်လေသည်။

"ခင်ဗျားကို ကြည့်ရတာ စိတ်တိုနေသလိုပဲ၊ ကျုပ် ခင်ဗျား

"ရှင် မသိတဲ့လက်စနဲ့ မသိတာဘဲ ကောင်းပါတယ်လေ၊ ကျွန်မကို ကယ်ဆယ်လိုက်တာကိုတော့ ကျေးဇူးတင်ပါတယ်"

မျက်နှာဖုံးနှင့်လူက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားက မပြောတော့လည်း ကျုပ် မသိဘူးပေါ့၊ အခု ခင်ဗျား ကျားသစ်ဂေဟာကို အံတုဖို့ ကြိုးစားနေတာလား"

ထိုမေးခွန်းကို ရှူဝါ မည်ကဲ့သို့ ပြန်ဖြေရမှန်းမသိ ဖြစ်နေသည်။ သူမက သက်ပြင်းကို ခပ်မျှဉ်းမျှဉ်းချလိုက်သည်။

"ဒါတော့ ရှင်ပဲ စဉ်းစားကြည့်ပေါ့၊ ကျွန်မဟာ သွေးနဲ့သားနဲ့ တည်ဆောက်ထားတဲ့ လူသားတစ်ယောက်ပဲ၊ ပေဖြစ်တုန်းက ခံခဲ့ရတာကို တူအလှည့်ကျတော့လည်း ပြန်ထုချင်တာပေါ့"

"ဟဲ ဟဲ ... ခင်ဗျားရဲ့စိတ်ဓာတ်ကို သဘောကျသွားပြီး၊ ဟုတ်တယ်၊ လူဆိုတာ သူ့အလှည့်ကိုယ့်အလှည့် ရှိကြတာပဲ၊ တစ်နေ့တော့ ကိုယ့်အလှည့်ရောက်ဦးမှာပေါ့၊ ဒါပေမဲ့"

မျက်နှာဖုံးနှင့်လူက စကားကို ရပ်တန့်လိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ၊ ပြောပါ"

"ကျားသစ်ဂေဟာကို ပြန်ပြီး လက်စားချေလောက်တဲ့ အကြောင်းအချက်မျိုး ခင်ဗျားမှာ ခိုင်ခိုင်လုံလုံ ရှိသလား"

ရှူဝါ နားမလည်သလို မျက်မှောင်ကြုတ်လိုက်ရင်းမှ ...

ကို ရှာနေတာလဲ အတော်ကြာပြီ"

ရှူဝါ ဆတ်ခနဲ ထိုလူကို ကြည့်လိုက်သည်။

"ဘာကိစ္စလဲ"

"ခင်ဗျား ... ဒီလိုပဲ ဆက်ဆံတော့မှာလား"

ရှူဝါ ရုတ်တရက် အားနာသွားသည်။ ရှူဝါသည် ယောကျ်ားများကို မုန်းတီးမိသည်မှာ မှန်သော်လည်း ကျေးဇူးရှင်ဖြစ်သော မျက်နှာဖုံးနှင့်လူကို ဤကဲ့သို့ မဆက်ဆံသင့်မှန်း ပြန်စဉ်းစားမိသည်၊

"ကျွန်မကို စိတ်မဆိုးပါနဲ့၊ ဒါနဲ့ ဟိုတစ်လောတုန်းက ရှင် လာမေးသေးတယ်ဆို"

မျက်နှာဖုံးနှင့်လူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ ဆရာကျန်စု ညာတယ်၊ မသိဘူး မရှိဘူးလို့ ကျုပ်ကို ပြောလွှတ်လိုက်တယ်"

ရှူဝါက ရယ်လိုက်သည်။ ပြီးမှ သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ် မေးပါရစေ"

"ဘာမေးမှာလဲ"

"ဟိုတစ်ချိန်တုန်းက ကျားသစ်ဂေဟာက ခင်ဗျားကို ဘာရန်ငြိုးနဲ့ သတ်ဖြတ်ဖို့ ကြိုးစားတာလဲ"

ရှူဝါ သိသိသာသာ မျက်နှာပျက်သွားသည်။

"ရှင်ဆိုလိုတာက ဘာလဲ"

"ဒီလိုပါ ... တော်ရုံတန်ရုံ နာကြည်းလောက်တာနဲ့တော့ ကျားသစ်ဂေဟာကို မေ့ထားလိုက်တာက ပိုကောင်းမယ်ထင်လို့ပါ"

ရှူဝါက မျက်နှာကို မဲ့လိုက်လေသည်။

"ကျွန်မ သေတဲ့အထိ မကျေနပ်ဘူး"

✵

မျက်နှာဖုံးရှင်သည် ရှူဝါကို စူးစိုက်ကြည့်နေမိသည်။ ရှူဝါက သူမျက်လုံးဆီသို့ ပြန်ကြည့်မိသောအခါ မျက်လုံးချင်း ဆုံသွားတော့၏။

ရှူဝါ၏မျက်နှာသည် ပန်းနုရောင် သန်းသွားတော့သည်။

"ရှင်က ဘာလို့ ဒီလောက်တောင် စိုက်ကြည့်နေတာလဲ"

"ခင်ဗျားမှာ အကူအညီလိုလာရင် ပြောပါ၊ ကျုပ်တတ်နိုင်တဲ့ဖက်က ကူညီဖို့အသင့်ပဲ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကြောင့် ဘယ်သူမှ ဒုက္ခ မရောက်စေချင်ပါဘူး"

မျက်နှာဖုံးရှင်က ရယ်မောလိုက်လေသည်။

"ဒါဆိုရင် ကျုပ်စေတနာတွေဟာ အလကား ဖြစ်သွားပြီ

ပေါ့"

ရှူဝါသည် မျက်နှာဖုံးရှင်အနီးမှ ရုတ်တရက်ခွာ၍ ...

"ကျွန်မ သွားတော့မယ်၊ ဘာဘကျန်စု စောင့်နေလိမ့်မယ်"

မျက်နှာဖုံးနှင့်လူက ရုတ်တရက် လက်ကို ဖမ်းဆွဲလိုက်သည်။

"နေပါဦးဗျာ"

ရှူဝါသည် ဆွဲထားသော လက်ကို ရုတ်တရက် ပြန်ရုန်းလိုက်၏။

"ရှင် ဘာပြောချင်သေးလို့လဲ"

"ပြောစရာစကားတွေက ကျုပ်ရင်ထဲမှာ အပြည့်ပဲ"

ရှူဝါက ရင်ထဲ လှုပ်ရှားသွားသည်။

"ဘာတွေလဲ"

"အစုံပေါ့"

ရှူဝါ သက်ပြင်းချလိုက်မိသည်။

"ကျွန်မ ဘာကိုမှ စိတ်မဝင်စားနိုင်ပါဘူးရှင်"

မျက်နှာဖုံးရှင်သည် စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုလည်း မဟုတ်သေးပါဘူးလေ၊ စိတ်ဝင်စားစရာတွေလည်း ပါချင်ပါလာမှာပေါ့"

ရှူဝါ ပြုံး၍ ကြည့်လိုက်သည်။

"ကဲ ပြောပါဦး ... ဘာစကားတွေမို့လဲ"

ရှူဝါ စိတ်ပျက်ပျက်နှင့်ပြောရင်း ထိုင်ချလိုက်သည်။ မျက်နှာဖုံးနှင့်လူကလည်း သူမအနီး ဝင်ထိုင်လိုက်လေသည်။

✳

"ဘာဆိုတာ အတတ်မပြောနိုင်ပေမယ့် ခင်ဗျားမှာ အခက်အခဲတွေ ရှိနေပုံရတယ်၊ ကျုပ်ကို ဖွင့်ပြောပါလား"

ရှူဝါ စဉ်းစားလိုက်သည်။ ထိုသူသည် တကယ်မသိ၍ပင် ရိုးရိုးသားသား မေးနေခြင်းလား။ သို့မဟုတ် သိလျက်သားနှင့် တမင် အောက်အစ် မေးမြန်းနေခြင်းလား။

"ကျွန်မ အခက်အခဲကို ရှင် မကူညီနိုင်ပါဘူး"

"အချစ်မှာ အင်အားအပြည့်အဝ ရှိတယ်ဆိုတဲ့ စကားမျိုး ခင်ဗျား ကြားဖူးသလား"

ထိုသူ၏ မဆီမဆိုင်စကားကြောင့် ရှူဝါ ကြောင်အမ်းအမ်း ဖြစ်သွားပြီး ထိုသူ၏မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်၏။

"ရှင့်စကားက ဘယ်ရောက်သွားတာလဲ"

"ဟဲ ဟဲ ... ရှင်းပါတယ်ဗျာ၊ အချစ်မှာ အားအင်အပြည့်အဝ ရှိတယ်ဆိုတာ အချစ်နဲ့ပတ်သက်ရင် လူတွေမှာ သတ္တိထူးတွေ မေ

ာဘတတ်တယ်"

ရှူဝါသည် သူမ၏ခေါင်းကို ကုတ်လိုက်လေသည်။

"ရှင် ရည်းစားစကားကို သွယ်ဝိုက်ပြီး ပြောနေတာလား"

မျက်နှာဖုံးရှင်က ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"မသွယ်ဝိုက်ပါဘူး၊ တည့်တည့်ပြောနေတာပါ"

ရှူဝါသည် ဆတ်ခနဲ ကြည့်လိုက်ပြန်သည်။

"ရှင် ရှင် ... ကျွန်မကို မေတ္တာရှိနေတယ်ပေါ့ ဟုတ်လား"

"ပြန်ပြောပါဦး၊ ကြားရတာ စိတ်ချမ်းသာလွန်းလို့ပါ"

ရှူဝါသည် မျက်နှာဖုံးရှင်ကို မျက်လုံးဝိုင်း၍ ကြည့်လိုက်လေသည်။

တစ်မျိုးပါပဲလား။

✳

"ကျုပ် ခင်ဗျားကို ကယ်တင်ပြီးတဲ့နေ့ကစပြီး နောက်ထပ်တွေ့လိုတွေ့ငြား ရှာခဲ့တာ ယနေ့အထိပဲ၊ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျုပ်လေ မြင်မြင်ချင်း ခင်ဗျားကို မေတ္တာစစ်နဲ့ ချစ်မိလို့ပဲ ဆိုပါတော့ဗျာ"

ရှူဝါမှာ သက်ပြင်းအခါခါ ချမိပြန်တော့သည်။ ဆန်းကြယ်

သော လူသားတို့ကိုလည်း ရှုဝါ စဉ်းစားမိလာ၏။ အချို့က အချစ်ကို သရဲသဘက်ပမာ ဓားပြတိုက်ယူကြ၏။ မေတ္တာမပါသူ၏ သွေးသား သောင်းကျန်းမှု အလိုကိုသာ လိုက်ခဲ့၍ တဒင်္ဂအချစ်မျိုးနှင့်သာ ရယူခဲ့ကြသည်။

ယခု မျက်နှာဖုံးရှင်ကျတော့လည်း တစ်ဖက်သား၏ အချစ်ကို သူ့မေတ္တာကို ဖွင့်၍ ညင်ညင်သာသာ တောင်းခံသည်။

အမှန်အတိုင်းပြောရလျှင် ရှုဝါ၏ တစ်သက်တာ ယခုကဲ့သို့ သူမထံ၌ အချစ်ကို ညင်ညင်သာသာ တောင်းခံသည့် လူမျိုးနှင့် မတွေ့ခဲ့ဘူးပေ။

ရှုဝါသည် မျက်နှာဖုံးရှင်ကို ငေးမောကြည့်မိလိုက်သည်။

"ရှင် ကျွန်မအကြောင်းကို ဘာမှမသိဘဲ အချစ်ကို တောင်းခံတယ်ဆိုတာ မလွန်လွန်းဘူးလား"

"ခင်ဗျားအကြောင်း ကျုပ် ဘာမှ သိစရာမလိုဘူး၊ ကျုပ်သိတာ တစ်ခုပဲ ရှိတယ်၊ ခင်ဗျားဟာ ဒုက္ခရောက်ခဲ့တဲ့ မိန်းကလေး တစ်ဦး၊ နောက်ပြီး ချောတယ်၊ လှတယ်၊ ယဉ်တယ်၊ ခင်ဗျား ဒုက္ခရောက်ခဲ့ရတာကို စိတ်မကောင်းဖြစ်မိရာက သနားလာတယ်၊ ချစ်လာတယ်၊ အဲဒါ ကျုပ်ရင်ထဲမှာရှိတဲ့ အပွင့်လင်းဆုံးစကားပဲ"

"မလွယ်ပါဘူးရှင်၊ ရှင်က အဲဒီလိုပြောတိုင်း ကျွန်မဘဝကို ပုံပြီး အပ်လိုက်ရတော့မှာလား၊ နောက်တစ်ချက်က ကျွန်မဟာ

အတိတ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ရှင်သိတဲ့ တစ်နေ့မှာ ဒီစကားမျိုး ပြောမှာ မဟုတ်တော့ပါဘူး"

မျက်နှာဖုံးရှင် ခေါင်းယမ်းလိုက်လေသည်။

"အဲဒါတော့ ခင်ဗျား မှားသွားပြီ"

"ကျွန်မ ဘာမှားတာလဲ"

"ခင်ဗျား အတိတ်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျုပ်နဲ့မဆိုင်ဘူး၊ ကျုပ်နဲ့မဆိုင်သလို ခင်ဗျားနဲ့လည်း မဆိုင်တော့ဘူး၊ အတိတ်ဆိုတာ အတိတ်မှာပဲ ထားခဲ့ရမယ့်ကိစ္စမျိုး၊ ခင်ဗျား သဘောပေါက်ရဲ့လား"

"ရှင် ပြောပါဦး"

"ကျုပ်လိုချင်တာက အခုလောလောဆယ် ကိစ္စနဲ့ နောက်ကို ဘာဖြစ်ချင်သလဲဆိုတဲ့ သဘောမျိုးပဲ လိုချင်တယ်"

"စကားပြောတာ သိပ်လောမကြီးပါနဲ့ရှင်၊ ကျွန်မဟာ"

ရှုဝါက စကားကို ဆက်မပြောရဲဘဲ ရပ်ထားသည်။

"ပြောပါ ဆက်ပြောပါ"

"ကျွန်မဟာ ကျားသစ်ဂေဟာက လူယုတ်မာတွေ စော်ကားတာကို ခံထားရတဲ့သူပါရှင်"

ရှုဝါသည် ပြောရင်းမှ အတိတ်ကိုသတိရကာ မျက်ရည်များ ဇီးကျလာသည်။

"ဟာဗျာ ... အဲဒါတွေတွေးပြီး ဝမ်းမနည်းပါနဲ့။ ကျုပ် ခင်ဗျားအပေါ် ထားတဲ့မေတ္တာက အဲဒါတွေကို လုံးဝ ထည့်မစဉ်းစားဘူး ခင်ဗျားကို တစ်လောကလုံးကပဲ ဝိုင်းပြီး နှိပ်စက်ထားပါစေ ... ကျုပ် အတွက် ချစ်သူသန့်သန့်ဖြစ်ရင်တော်ပြီ၊ ဇနီးကောင်းတစ်ယောက် ဖြစ်ရင် တော်ပြီ၊ ခင်ဗျား သဘောပေါက်ပါ"

ရွှဝါသည် မျက်နှာဖုံးနှင့်လူကို အံ့သြစွာ ငေးမောကြည့်မိ တော့သည်။

"ယောကျ်ားး ယောကျ်ားး ... ယောကျ်ားချင်း တူကြသော်လည်း စိတ်ထားချင်းက ကွာခြားကြပါလား"

ရွှဝါ တွေးတောမိလိုက်သည်။ မိမိအပေါ် ဤမျှအထိ မေတ္တာ ထားနေသောသူ တစ်ဦးကို မိမိက ရက်ရက်စက်စက် မဆက်ဆံသင့် တော့ဟု စဉ်းစားမိလိုက်သည်။

"ရှင့်စကား ကြားရတာ ကျွန်မ သိပ်ပြီး အားတက်ဝမ်းသာတယ်"

"ဆက်ပြော ခင်ဗျား ဘာဖြစ်စေချင်သေးသလဲ"

"ကျွန်မရဲ့ဒုက္ခတွေ အေးငြိမ်းသွားမှ ဒီစကားမျိုး ဆက်ပြော ပြောကြရအောင်"

မျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ခင်ဗျားရဲ့ဒုက္ခတွေက ဘာလဲဆိုတာ

ပြောနိုင်တဲ့တစ်နေ့ ကျုပ်ကိုဖွင့်ပြောပါ"

"ဟုတ်ကဲ့ ... ပြောပါ့မယ်၊ အခုလောလောဆယ် ကျွန်မမှာ ထဲ ပူလောင်နေတဲ့ကိစ္စတစ်ခုကို တွေးနေတာပါ"

"ဘာလဲ ... ပြော"

"ကျွန်မမှာ အင်မတန် ရင်းနှီးတဲ့ အမျိုးသမီးတစ်ဦးရှိတယ်"

"အင်း"

"အခု သူက ဘယ်ရောက်နေသလဲ မသိဘူး၊ သူ့မိဘနှစ်ပါး ဒုံတော့ ကျားသစ်ဂေဟာက သတ်တော့မယ်"

"ဩော် ... ဒါက ခင်ဗျားကိစ္စ မဟုတ်ဘူး၊ တစ်ပါးသူရဲ့ကိစ္စ"

"တစ်ပါးသူ မဟုတ်ပါဘူး၊ ကျွန်မရဲ့ အရင်းနှီးဆုံးသူ တစ် ယောက်ရဲ့ ကိစ္စဟာ ကျွန်မကိစ္စပဲပေါ့ရှင်"

မျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီလေ၊ သူ့မိဘနှစ်ပါးဟာ ကျားသစ်ဂေဟာမှာ နေတယ်ပေါ့ ဟုတ်လား"

"သတင်းအရကတော့ ရှိနေတယ်၊ ဒါပေမဲ့ ဖုန်းတွက စိတ်ချ တဲ့လူ မဟုတ်ဘူး၊ သတ်ပစ်ချင်လည်း သတ်ပစ်လိုက်မှာ"

"ကျုပ် ကူညီပါ့မယ်"

ရွှဝါက မျက်နှာဖုံးရှင်ကို မော့ကြည့်လိုက်လေသည်။

"ဘာလဲ ... ရှင်က အဲဒီကိုသွားမှာလား"

"ဟင့်အင်း ... ကျုပ်မသွားပါဘူး၊ ကျုပ်မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ကို အကူအညီတောင်းကြည့်မယ်"

မျက်နှာဖုံးရှင်သည် ချက်ချင်းပင် ရှူဝါအနီးမှ ပြေးထွက်သွားလေသည်။ ရှူဝါသည် မျက်နှာဖုံးရှင်၏ ကျောပြင်ကိုကြည့်၍ သက်ပြင်းချမိလိုက်လေသည်။

ပြီးနောက် ...

"မျက်နှာမမြင်ဖူးတဲ့လူကို ငါ ဘယ်လို ချစ်ရပါ့မလဲ"

တိုးတိုးကလေး ရေရွတ်မိလိုက်သည်။

ဒုတိယပိုင်း ပြီး

တတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်

ဝဏ္ဏအောင်

လိပ်ပြာနှုတ်ဓားသမား

(တတိယပိုင်း-ဇာတ်သိမ်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၄၁၀၅၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၇၁၀၅၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၁/-ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (ပုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဝိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

နို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ ပိုမိုးရေး၊
- အမျိုးသားပြန်လည် စည်လုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

အခန်း (၂၅)

ကျားသစ်၏ ကြေးစားများ

ချင်တူမြို့ ...။

ကျားသစ်ဂေဟာခန်းမထဲ၌ လူများ စုဝေးရောက်ရှိနေသည်။

'နောင် .. နောင်'

မောင်းသံနှင့်အတူ ဖုန်းဝှာထွက်လာသည်။ လက်ကိုင်တွင် ခြေသေ့်ရုပ်ခံထားသည့် ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သည်။ သူ့ရှေ့တွင် ရပ်နေသော သိုင်းသမားအသီးသီးက ဦးညွှတ်၍ အရိုအသေပေးလိုက်လေသည်။

ဖုန်းဝှာသည် သူ၏ရှေ့တွင် ကိုယ်ကျပ်အင်္ကျီနှင့် ရပ်တန့်နေသော သိုင်းသမားလေးဦးကို ရှေးဦးစွာ ကြည့်လိုက်လေသည်။ ထိပ်တန်း ကြေးစားများ ဖြစ်လေသည်။

ဖုန်းဝှာသည် ထိုကဲ့သို့သော ထိပ်တန်းကြေးစားများကို ငှား

ရမ်းသည်မှာ အကြောင်းရှိလေသည်။ သူ၏ ရက်စက်မှုအသွင်ကို အခြားသိုင်းလောကမှပုဂ္ဂိုလ်များ သိသွားမှာကိုလည်း စိုးရိမ်သည်။ သူကိုယ်တိုင် ထင်ထင်ပေါ်ပေါ်လိုက်ပါလျှင်လည်း ရန်သူသည် ခြေရာဖျောက်ထားမည်ကို သိသဖြင့် တစ်ဖက်လှည့်ဖြင့် ကြေးစားများကို ငှားရမ်းထားခြင်းပင် ဖြစ်လေသည်။

ဖုန်းငှာသည် သူ့ရှေ့တွင်ရှိသော ကြေးစားလေးဦးအား သေချာစွာ ကြည့်လိုက်၏။ တစ်ယောက်က ပင်လယ်ခားသမား ငုဖန်း၊ နောက်တစ်ယောက်က ရွှေလက်ဝါး စန်းထုကျိ၊ နောက်တစ်ယောက်က သိုင်းလောကတွင် မကြာမီကမှ ကြေးစားဖြစ်လာသော ကြိုးသိုင်းသမား ရှောင်ဟန်း၊ နောက်တစ်ယောက် မျောက်လောင်း ချူစု။

လေးဦးစလုံး ထိပ်တန်းကြေးစားများဖြစ်လေသည်။ ဖုန်းငှာသည် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး အနီးရှိ ကိုယ်ရံတော်တစ်ဦးထံမှ တုတ်ပိုင်းတစ်ချောင်းကို တောင်းယူလိုက်သည်။

ထို့နောက် သူသည် လူလေးဦးစလုံးရှေ့တွင် ရပ်တန့်လိုက်၏။ အခြားလူများ ဘေးသို့ ရှဲသွားလေသည်။

"ကျုပ် ခင်ဗျားတို့လေးယောက်နဲ့ နည်းနည်းလောက် ပညာဖလှယ်ချင်တယ်"

ကြေးစား လေးယောက်စလုံး နောက်သို့ဆုတ်၍ ဖုန်းငှာကို ဝိုင်းရံလိုက်သည်။

"ခင်ဗျားတို့ကိုသတ်မယ့် ရန်သူတစ်ယောက်လို့ ကျုပ်ကို သဘောထားပါ"

ကြေးစားလေးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းညိတ်လိုက်လေသည်။

"ကဲ ... စပြီ"

ဖုန်းငှာသည် အော်ဟစ်ပြီးသည်နှင့် သူ၏တုတ်ပိုင်းကို ငှေ့သမ်းလိုက်လေတော့၏။



ဖုန်းငှာသည် ကြေးစားလေးဦးအား တိုက်ခိုက်ရင်းမှ အကဲခတ်လိုက်သည်။ ကြောက်စရာအကောင်းဆုံးမှာ ပင်လယ်ခားသမား ငုဖန်းနှင့် ကြိုးသိုင်းသမား ရှောင်ဟန်းတို့ ဖြစ်လေသည်။

ဖုန်းငှာသည် တိုက်ခိုက်ရင်းမှ ကြေးစားများ၏ တိုက်ကွက်များကို လေ့လာလိုက်သည်။ အချို့တိုက်ကွက်များက အတော်ကလေး အဆင့်အတန်း မြင့်နေသည်ကို တွေ့ရသဖြင့် ဖုန်းငှာ ကျေနပ် သွားလေသည်။

ကြေးစားလေးဦးသည် အစပထမတိုက်ခိုက်စဉ်က သဘောလောက် တိုက်ခိုက်နေသော်လည်း ဖုန်းငှာ၏ ဝါးလုံးရိုက်ချက်က

မလွတ်အောင် ဖြစ်နေသဖြင့် တဖြည်းဖြည်း သူတို့၏တိုက်ကွက်များကို တိုးမြှင့်လိုက်သည်။

သို့သော် တကယ်တမ်း လေးဦးစလုံး အမှန်တကယ် တိုက်ခိုက်သည့်တိုင်အောင် ဖုန်းဝှာ၏ အင်္ဂျီစကိုပင် မထိသဖြင့် ကြေးစားလေးဦးသည် ဖုန်းဝှာအား အလွန်အမင်း ကြောက်ရွံ့သွားကြသည်။

ဖုန်းဝှာသည် ကြေးစားလေးဦးအား သူ၏ပညာဖြင့် ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်လေသည်။ သဘောက ...

"ငါ ရန်သူကို မနိုင်လို့ ငှားတာမဟုတ်ဘူး၊ တမင်တကာ မင်းတို့ကို အသုံးချချင်လို့ ငှားတာ"

ဟူသည့် သဘောမျိုးပင်။



ကြေးစားလေးယောက်စလုံး ရပ်တန့်လိုက်သည်။ ဖုန်းဝှာက ပြုံးလိုက်လေသည်။

"မင်းတို့ လေးယောက်စလုံး မဆိုးပါဘူး၊ ဒါပေမဲ့ မင်းတို့ ရင်ဆိုင်ရမယ့် ရန်သူကိုတော့ သတိထားရလိမ့်မယ်"

ဖုန်းဝှာက သတိပေးလိုက်သည်။ ထို့နောက် ဖုန်းဝှာသည် ကုလားထိုင်၌ ပြန်ထိုင်လိုက်ပြီး ငွေထုပ်လေးထုပ်ကို ကြေးစားလေးဦး

ဆီသို့ ပစ်ပေးလိုက်လေသည်။

"မင်းတို့ နားလည်ထားဖို့က မင်းတို့လုပ်ငန်းမှန်သမျှဟာ ကျွန်းသစ်ဂေဟာနဲ့ ဘာမှ မဆိုင်ဘူးလို့သာ သတ်မှတ်ထားလိုက်"

ကြေးစားလေးယောက်က ခေါင်းညိတ်လိုက်သည်။

"ပထမ ထိပ်တန်းသိုင်းပညာစု ကျမ်းစာအုပ် ဘယ်မှာလဲဆိုတာ စုံစမ်းရမယ်၊ ဒုတိယ အခြားစုံစမ်းတဲ့သူတွေ ရှာဖွေတဲ့သူတွေကို သုတ်သင်ပစ်ရမယ်၊ တတိယ ထင်းရှုန်း အမျိုးအနွယ်ထဲက ထင်းကျောင်းနဲ့ရှေ့ဝါဆိုတဲ့သူ နှစ်ဦးကိုတွေ့ရင် အရှင်လိုချင်တယ်၊ မတတ်ဘာမှ သတ်ဖြတ်တန် သတ်ဖြတ်ခဲ့ရမယ် ... ရှင်းပြီလား"

"ရှင်းပါတယ်"

ကြေးစားလေးယောက်စလုံးက ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။ ဖုန်းဝှာက လက်ယမ်းပြလိုက်၏။ ကြေးစားများ အလျှိုလျှို ထွက်သွားကြသည်။

ဖုန်းဝှာသည် မြွေစိမ်းနှင့်မြွေနက်ကို သူ့ရှေ့သို့ ခေါ်လိုက်၏။ မြွေနှစ်ကောင်က ကုလားထိုင်ရှေ့၌ ရပ်လေသည်။

"မင်းတို့နှစ်ယောက်ကော ငွေဘယ်လောက် ထပ်လိုချင်သလဲ"

မြွေနှစ်ကောင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မြွေစိမ်းက လက်သုံးချောင်း ထောင်ပြလိုက်သည်။

"သုံးထောင်ပေးပါ"

ဖုန်းဝှာက ငွေထုပ်တစ်ထုပ်ကို ပစ်ပေးလိုက်လေသည်။

"မင်းတို့ကတော့ သိထားပြီးပြီမို့ ငါ ဘာမှ ထပ်မပြောတော့ဘူး၊ ဒါထက် နေပါဦး ... မင်းတို့ရဲ့ အဆိပ်က ဘယ်လောက်ကြာကြာ ခံမှာလဲ"

"အများဆုံး ဆယ်ရက်ပါ၊ ကျွန်တော်တို့က ဖြေဆေးမပေးရင် ဘယ်ဆရာမှ မတတ်နိုင်ဘူး"

ဖုန်းဝှာက ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

"ဒါဆို သူတို့နှစ်ယောက်စလုံး သေရမှာပဲပေါ့ ဟုတ်လား"

သူတို့နှစ်ယောက်စလုံး ဆိုသည်မှာ ချိုလီနှင့်ငေါ့စွေရာကို ရည်ညွှန်း၍ မေးလိုက်ခြင်း ဖြစ်လေသည်။ မြွေစိမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ သူတို့ သေကိုသေရမှာပါ"

"မင်းတို့ ဘယ်လိုပုံစံမျိုးနဲ့မှ ဖြေဆေးမပေးပါနဲ့၊ ဝန်ခံရဲ့လား"

မြွေစိမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျွန်တော်တို့မှာ ထုံးစံမရှိပါဘူး"

ဖုန်းဝှာသည် အနည်းငယ် စဉ်းစားလိုက်လေသည်။ **အတန်ကြာမှ ...**

"မင်းတို့နှစ်ယောက် အဘိုးကြီးနဲ့ အဘွားကြီးကို **ခေါ်ထုတ်သွားပါ**၊ အခြားသင့်လျော်တဲ့နေရာမှာ အဆိပ်တက်ပြီး သေနေ**ပါစေ**"

မြွေစိမ်း သဘောပေါက်သွားသည်။ ချိုလီမိဘနှစ်**ပါး**ကို အပြင်သို့ ခေါ်ထုတ်သွား၍ ခပ်ဝေးဝေး တစ်နေရာရာမှာ အ**ဆိပ်နှင့်** သတ်ပစ်ရန် ပြောလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့ .... ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ **နောက်**ဆုံးကော သခင်ကြီးက ဘာများ ညွှန်ကြားချက် ရှိပါသေး**သလဲ**"

"လိပ်ပြာနှုတ် ဓားသမားဆိုတာ မင်းတို့ ကြားဖူး**သလား**"

"ကြားဖူးပါတယ် သခင်ကြီး"

"မင်းတို့ ယုံခဲ့သလား"

မြွေနှစ်ကောင်စလုံး ပြုံးလိုက်လေသည်။

"ကျွန်တော်တို့ တွေ့အောင် ကြိုးစားပါ့မယ်"

ဖုန်းဝှာ ပြုံးလိုက်လေသည်။

"အခြေအနေမဟန်ရင် ငါ့ဆီကို မြှားခေါ်လာခဲ့ ကြားလား"

"စိတ်ချပါ"

ဖုန်းဖွာသည် ကြီးမားသော ငွေထုပ်တစ်ထုပ်ကို ထပ်မံ၍ ပစ်ပေးလိုက်လေတော့၏။



ဤနေရာသည် ကျားသစ်ဂေဟာ၏အနောက်ဘက်ဆောင် ဖြစ်သည်။ မီးဖိုဆောင်နှင့် သင်တန်းသားများစားသောက်သည့် အဆောင်သည် အနောက်ဘက်၌ပင် တည်ရှိနေသည်။

အခန်းက ကျဉ်းမြောင်းပြီး ညစ်ပတ်ပေရေနေ၏။ ထိုအခန်း ကျဉ်းကလေးတစ်ခုထဲ၌ လူနှစ်ယောက် ငုတ်တုတ်ထိုင်နေသည်။ အဘိုးအိုတစ်ဦးနှင့် အဘွားအိုတစ်ဦး။

ချိုလီ၏ မိဘနှစ်ပါးပင်။ သူတို့နှစ်ဦးသည် ကောင်းမွန်စွာ နေထိုင်လာခဲ့ရာမှ ရုတ်တရက် ထိုအခန်းထဲသို့ ဆွဲချထားခြင်း ခံလိုက် ရလေသည်။

အဘိုးအိုတုံးလိသည် သူ၏သမီး ချိုလီတစ်ယောက် အမှား အယွင်းတစ်ခုခုကို လုပ်မိပြီဟု ထင်မိလိုက်လေသည်။ သူတို့ ထိုင်နေ သော အခန်းကျဉ်းကလေးနှင့် မနီးမဝေးတွင် လှည်းတစ်စီးရပ်ထား ပြီး လူတစ်ယောက် ရပ်တန့်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် စောစောပိုင်းက ထိုမြင်းလှည်းပေါ်မှ ဘဲများကို စားဖိုဆောင်အတွင်းသို့ သွားရောက်ပို့လိုက်သည်။

နောက် ဘဲဥများကိုလည်း စားဖိုဆောင်သို့ ပို့ပေးလေ သည်။ စားဖိုမှူးများ ငွေများ ရှင်းပေးလိုက်၏။ သို့သော် မြင်းလှည်း သမားသည် ထွက်မသွားသေးဘဲ တုံးလီတို့ရှိနေသော အခန်းကျဉ်း ကလေးကို မကြာခဏ လှည့်ကြည့်နေသည်။

ထိုသူမှာ ဘဲခြံမှ ရွှေအဝမ်တူးပင် ဖြစ်လေသည်။

ရွှေအဝမ်တူးသည် သူ၏မြင်းလှည်းကို အဆင်သင့် ပြင် ထားသည်။ သူသည် အဘိုးအို တုံးလီတို့ လင်မယားကိုသာ မကြာ ခဏ ကြည့်နေမိသည်။ သူ၏စိတ်ထဲ၌ တစ်စုံတစ်ခုသော အကြံ အစည် ရှိနေသည်မှာ ထင်ရှားလှ၏။

ဝမ်တူးသည် အ,နေသော လူတစ်ယောက်ဖြစ်သည်။ သူ့ကို မည်သူကမှ ဂရုမထားပေ။ ပေါကြောင်ကြောင်တစ်ယောက်ဟုသာ သဘောထားကြလေသည်။

တစ်ခါတစ်ရံ သိုင်းသင်တန်းသားများကအစ နောက်ပြောင် ကြည်စယ်၍ ထိုးကြိတ်သွားတတ်လေသည်။ သို့သော် ဝမ်တူးက

သွားဖြို့၍သာ ရယ်နေသည်။

ယနေ့ ဝမ်တူး ထူးခြားနေ၏။ သူသည် တစ်စုံတစ်ခုသော အကြီနှင့် အခန်းကျဉ်း၌ ထည့်ထားသော အဘိုးကြီးနှင့်အဘွားကြီးကို သာ မကြာခဏ ကြည့်၍ အခြားလူများ၏ အခြေအနေကိုလည်း အကဲခတ်နေသည်။

ထိုစဉ်အခိုက် လူတစ်ယောက်က ဝမ်တူးအနားသို့ ရောက်ရှိလာလေသည်။ မြွေစိမ်းနှင့်မြွေနက်။ သူတို့နှစ်ဦးသည် အခန်းကျဉ်းကလေး ရှေ့၌ ရပ်တန့်လိုက်လေသည်။

ယခုအချိန်တွင် မြွေစိမ်းနှင့်မြွေနက် နှစ်ယောက်သည် အာဏာပါးကွက်သားများပင် ဖြစ်နေတော့သည်။ တုံးလီတို့ လင်မယား၏ အသက်သည် သူတို့၏လက်ထဲတွင် ရှိနေတော့သည်။

"မြွေနက် ဘယ်လိုလဲ၊ မင်းရဲ့မြင်းပေါ် တစ်ယောက်တင်ပြီး ငါမြင်းပေါ် တစ်ယောက်တင်သွားမှာလား"

မြွေစိမ်းက မေးလိုက်သည်။

"ငါ မင်္ဂလာမရှိတဲ့လူတွေ မြင်းပေါ် မတင်ချင်ဘူးကွာ၊ မင်းပဲ နှစ်ယောက်စလုံး ခေါ်လာခဲ့"

မြွေနက်က မျက်နှာရှုံ့မဲ့၍ ပြောလိုက်လေသည်။

"ဟေ့ မြွေနက် ... မင်္ဂလာရှိတာ, မရှိတာတွေ လုပ်မနေနဲ့၊ သခင်ကြီးပေးထားတဲ့ငွေက နည်းတာမဟုတ်ဘူး၊ မင်းမလုပ်ချင်

ထည်း ငါပဲ တာဝန်ယူလိုက်မယ်"

မြွေစိမ်းက ငွေနှင့် ခြိမ်းခြောက်လိုက်လေသည်။

"ဟဲ ဟဲ ... ငါ နောက်တာပါ"

မြွေနက်က ရယ်မောလိုက်လေသည်။ မြွေနက်သည် ထိုကဲ့ဒီပင် ရယ်မောရင်း တစ်စုံတစ်ခုကို လှမ်းမြင်လိုက်သဖြင့် မြွေစိမ်းအား လက်တို့လိုက်လေသည်။



"ဟေ့ မြွေစိမ်း"

"ပြောစမ်း"

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုလဲ"

မြွေနက်က ဝမ်တူး၏မြင်းလှည်းကို လက်ညှိုးထိုး ပြလိုက်လေသည်။

"အဲဒီမြင်းလှည်းကို ငှားသွားရင်း မကောင်းဘူးလား"

မြွေစိမ်းက ဘဲတင်လာသော မြင်းလှည်းကို လှမ်းကြည့်ကိုက်သည်။

"အေး ... ကောင်းသားပဲ"

မြွေစိမ်းက ပြောပြီး ဝမ်တူးအနားသို့ လျှောက်သွားသည်နောက် ဝမ်တူး၏ပခုံးကို လှမ်းကိုင်၍ ...

"မင်းမြင်းလှည်းကို ငှားချင်တယ် ... ရမလား"

ဝမ်တူးက ...

"ဘာ အာ ဂူး အား"

မြွေစိမ်း မျက်မှောင်ကြုတ်သွားသည်။ ထိုစဉ် စားဖိုးမှူးထွက်လာပြီး ...

"ဟေ့ သူစကားမပြောတတ်ဘူးကွ၊ လက်ဟန် ခြေဟန်ပြောတယ်၊ မင်းတို့ ဘာပြောချင်သလဲ"

စားဖိုမှူးသည် ဝမ်တူးနှင့် စကားပြောနေကျမို့ ဝမ်တူးအမူအရာကို သိထားသည်။ ထိုအခါ မြွေစိမ်းက စားဖိုမှူးထံသို့ လျှောက်သွားပြီး အကျိုးအကြောင်းကို ပြောလိုက်လေသည်။ စားဖိုမှူးသည် တုံးလီတို့လင်မယားကိုကြည့်၍ မျက်နှာညှိုးသွား၏။ စိတ်မကောင်း ဖြစ်သွားမိသည်။

စားဖိုမှူးက ဝမ်တူးနားလျှောက်လာသည်။

"ဝမ်တူး ... သူတို့က မင်းမြင်းလှည်းကို ခဏငှားချင်တယ်၊ သူတို့ သွားမယ့်နေရာရောက်အောင် လိုက်ပို့ပေးလိုက်ပါ"

ဝမ်တူးက ခေါင်းညိတ်သည်။

"အာ အာဂူး အာရဲ"

"ဘယ်လောက်ပေးမှာလဲ" ဟု ဝမ်တူးက ပြန်မေးခြင်း ဖြစ်သည်။ ထိုအခါ မြွေစိမ်းက ...

"မင်း ဘယ်လောက်လိုချင်သလဲ"

ဝမ်တူးသည် စဉ်းစား၍ လက်ငါးချောင်း ထောင်ပြလိုက်သည်။

"အားရား"

မြွေစိမ်း သဘောပေါက်သွားသည်။

"ငါးရာ ဟုတ်လား"

ဝမ်တူး ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ မင်း မြင်းလှည်းအဆင်သင့် လုပ်ထားပါ"

ဝမ်တူးသည် သူ၏ မြင်းလှည်းအား အခန်းကျဉ်းရှေ့သို့ မောင်းလာလေသည်။ မြွေနက်က တုံးလီတို့ လင်မယားကို လှမ်းခေါ်သည်။

"ကဲ ... ဆရာကြီးတို့ ဇနီးမောင်နှံ မြင်းလှည်းပေါ် ကြွပါခင်ဗျာ"

တုံးလီက သူ၏ဇနီးကို ကြည့်လိုက်သည်။ ပြီးမှ ...

"တို့ ဘယ်ကိုလိုက်ရမှာလဲ"

တုံးလီက ပြန်မေးလိုက်၏။ မြွေစိမ်းက ပြုံး၍ ...

"ခင်ဗျားတို့ကို ငြိမ်းချမ်းတဲ့နေရာကို ပို့ပေးမလို့ပါ"

တုံးလီတို့ လင်မယားသည် မိမတို့အား ကျားသစ်ဂေဟာမှ လွတ်လိုက်ပြီထင်၍ မြင်းလှည်းပေါ်သို့ ခပ်သွက်သွက်ပင် တက်လိုက်ကြလေသည်။

တုံးလီတို့ကို တင်ဆောင်ထားသောမြင်းလှည်းက ကျားသစ်ဂေဟာမှ ကွန်ရေစွာပင် ထွက်သွားတော့သည်။

* * *

အခန်း (၂၆)

လိပ်ပြာနှုတ်သွားပြန်ပြီ

ဝမ်တူး၏မြင်းလှည်းက ရှေ့မှ ပြေးလွှားနေသည်။ မြွေစိမ်းနှင့် မြွေနက်တို့သည် ထိုမြင်းလှည်း၏ နောက်မှကပ်လျက် လိုက်ပါသွားလေသည်။ သူတို့သည် မြို့ပြင်သို့ ရောက်ရှိသောအခါ ဝမ်တူးက မြင်းလှည်းကို ရပ်တန့်လိုက်၏။

မြွေစိမ်းသည် သူ၏မြင်းကို ဝမ်တူးနားသို့ ရောက်အောင် မောင်းသွား၍ ...

"ဘာဖြစ်လို့လဲ"

"အာ ဂူး အား"

မြွေစိမ်းက အနည်းငယ်စဉ်းစားသည်။ ဝမ်တူးပြောသည်ကို နားမလည်လိုက်ပေ။ ဝမ်တူးက တုံးလီကိုသာ မေးငေါ့ပြ၍ ...

"အာ အာဂူး အား"

မြွေစိမ်း ယခုမှ နားလည်သွားသည်။

"ဘယ်ကိုပို့ရမှာလဲလို့ မေးတာလား"

ဝမ်တူး ခေါင်းညိတ်ပြသည်။

"အာ အာ"

မြွေစိမ်းသည် အနည်းငယ် စဉ်းစား၍ လူခေါင်သော တောနက်သည့် နေရာကို ရွေးချယ်လိုက်လေသည်။ မြွေစိမ်းသည် ခပ်ညှိညှိ လှမ်းမြင်နေရသော တောတန်းတစ်ခုကိုလက်ညှိုးထိုးပြလိုက်၏။

"ကြခတ်ဝါးတောတန်းကို မောင်းပါ"

ဝမ်တူးသည် ရုတ်တရက် မျက်လုံးဝိုင်းသွားသည်။ သို့သော် မြင်းလှည်းကို ဆက်မောင်းသွား၏။

မြင်းလှည်းက ပြေးလွှားနေသည်။ လမ်းမကြီးမှ ဖဲ့ထွက်လာသောလမ်းသည် လမ်းမကြီးလောက် မချောမွေ့ပါ။ လမ်းမှာ တဖြည်းဖြည်းကြမ်းတမ်းလာပြီး ခလုတ်ကန်သင်းများ ပေါများလာလေသည်။

သို့သော် ဝမ်တူး၏ မြင်းလှည်းက နှေးကွေးသွားခြင်းမရှိပါ။ အရှိန်အဟုန်နှင့် ပြေးလွှားနေဆဲ ဖြစ်သည်။ မြွေနှစ်ကောင်၏ မြင်းသည် တစ်ခါတစ်ရံ မြင်းလှည်းနှင့် ကပ်၍ လိုက်ပါလာသော်လည်း တစ်ခါတစ်ရံ ခပ်ဝေးဝေးခဲ့ ကျန်ရှိခဲ့သည်။

ကြခတ်ဝါးတောတန်းနှင့် နီးကပ်လာပြီဖြစ်ပေသည်။ မြွေစိမ်းသည် မြွေနက်ကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲဟေ့ ... တို့က အဆိပ်နဲ့ပဲ လုပ်မလား၊ တစ်ခါတည်းပဲ အစဖျောက်လိုက်မလား"

မြွေနက်က အနည်းငယ်စဉ်းစား၍ ...

"ကောင်းတာကတော့ တစ်ခါတည်းသာ အစဖျောက်လိုက်တာ ကောင်းပါတယ်၊ အဆိပ်သုံးနေရင် အလုပ်ရှုပ်တယ်"

သူတို့သည် တစ်စုံတစ်ယောက်အား အဆိပ်ဖြင့် တိုက်ခိုက်ဘော့မည်ဆိုပါက သူတို့၏ အဆိပ်သုတ်လိမ်းထားသည့်လက်သည်းအတုများကို တပ်ရမည်။

ထို့နောက် အဆိပ်ပုလင်းထုတ်၍ လက်သည်းအတုများထဲသို့ ထည့်ရဦးမည် ဖြစ်သည်။ ထို့ကြောင့် မြွေနက်က အလွယ်တကူနှင့်ထိုးသတ်ရန်သာ အကြံပေးလိုက်ခြင်း ဖြစ်ပေသည်။ မြွေစိမ်းက သဘောတူသွားသည်။

"အေး ... အဲဒါပဲကောင်းတယ်၊ ဒါဆိုရင် မြင်းလှည်းသမားကို ပြန်လွှတ်ပြီးမှ လုပ်ကြတာပေါ့"

မြွေစိမ်းသည် ပြောရင်း ရှေ့မှပြေးလွှားနေသော မြင်းလှည်းကို လှမ်းကြည့်သည်။ မြင်းလှည်းသည် သူတို့၏ မြင်းထက်ပင် အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေသည်။

မြွေနက်က ...

"အဲ ... တင်တဲ့မြင်းက တော်တော်ကောင်းတဲ့မြင်းပဲ"

မြွေစိမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အဲဒီမြင်းမျိုးက မွန်ဂိုစပ်ဖြစ်လိမ့်မယ်၊ တို့တောင်းဝယ်ရရင် မကောင်းဘူးလား"

မြွေနက်က ခေါင်းညိတ်လိုက်၏။

"အေး ... ကောင်းသားပဲ"

မြွေနက်က ပြောပြီး တောတန်း၏အခြေအနေကို ကြည့်လိုက်၏။ ထို့နောက် မြွေစိမ်းအား ...

"ဒီနေရာလောက်ဆိုရင် တော်ရောပေါ့"

မြွေနက်သည် ထိုကဲ့သို့ပြောပြီးသည်နှင့် ရှေ့မှ မြင်းလှည်းကို တအား ကြိုး၍ အော်လိုက်လေသည်။

"ဟေ့ ... ရပ်တော့"

ရှေ့မှမြင်းလှည်းသည် ပြေးမြဲ ပြေးနေ၏။ သူတို့နှစ်ဦးသည် မြင်းလှည်းသမား မကြား၍ သူတို့မြင်းကို တအားမောင်း၍ လိုက်လေသည်။

မြွေစိမ်း မျက်နှာကွက်ခနဲ ပျက်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏မြင်းသည် မြင်းလှည်းနားကို မရောက်သည့်ပြင် တဖြည်းဖြည်း ဝေးဝေးပြီး ကျန်ခဲ့သောကြောင့်ပင်။

မြွေစိမ်းနှင့်မြွေနက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်သည်။

"ဒီကောင် ဘယ်အထိများမောင်းနေသလဲ မသိဘူး"

မြွေနက်က ပြောလိုက်သည်။ မြွေစိမ်းသည် သူ၏မြင်းအား ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်၏။ မြင်းနှစ်ကောင်သည် ကြိုးစား ကြိုးစား ပြေးလွှားနေပါသော်လည်း မြင်းလှည်းကို မမီပေ။

မြွေနက်က ပြုံးလိုက်သည်။

"မင်း ဘာမှ မပူပါနဲ့၊ ရှေ့မှာ မြင်းလှည်းသွားဖို့ လမ်းမရှိတော့ပါဘူး"

မှန်သည်။ တောတန်းသည် တစ်စတစ်စ နက်လာသည်။ လမ်းလည်း ပျောက်လာသည်။ မြင်းလှည်းသည် သွားမရတော့သဖြင့် တစ်နေရာ၌ ရပ်တန့်နေတော့သည်။ မြွေနှစ်ကောင် အနားသို့ ရောက်လာပြီး ဝမ်းတူးအား အပြစ်ပြောရန် မြွေစိမ်းက အနားသို့ ကပ်သွားပြီး ...

"မင်းက"

မြွေစိမ်း ပါးစပ်ဟသွားသည်။ မည်သည့်အသံမှ ဆက်မသွက်တော့ပါ။ အကြောင်းမှာ မြင်းလှည်းပေါ်၌ သက်ရှိလူသား ဟူ၍ တစ်စုံတစ်ယောက်မှ ရှိမနေတော့ပါပေ။

သက်ရှိလူသား မရှိသကဲ့သို့ သက်မဲ့လူသားလည်း တစ်ဦးတစ်ယောက်မှ မရှိတော့ပေ။ မြွေနှစ်ကောင် မျက်စိမှိတ်နှာပျက်သွားသည်။

"ဘယ်လိုထင်သလဲ"

မြေစိမ်းကမေးသည်။ မြေနက်က ပခုံးတွန့်လိုက်သည်။

"ဒါ အ,နေတဲ့ကောင် လူလည်လုပ်သွားတာပဲ ဖြစ်ရမယ်"

မြေနက်က ...

"ဖုန်းတွကို အကြောင်းကြားမှ ဖြစ်မယ်နဲ့တူတယ်"

"ဒီအကြောင်း ဖုန်းတွသိရင် တို့နှစ်ယောက်ကို အရင်သတ်မှာ၊ ဘာပဲဖြစ်ဖြစ် အမြန်ဆုံးရှာမှ ဖြစ်မယ်"

မြေနက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... လူခွဲရှာရင် တွေ့နိုင်ပါတယ်"

မြေစိမ်းက ...

"ငါ ဒီဘက်က ရှာမယ်၊ နောက်ဆုံး ဘဲရုံကိုရောက်အောင် သွားမယ်၊ မင်းက ဒီဘက်အခြမ်းက ရှာပါ"

မြေနက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... တို့ ဘယ်မှာ ပြန်ဆုံမလဲ"

"ရွှေလိပ်ပြာ"

ဟု တစ်လုံးချင်း ပြောလိုက်လေသည်။ ရှားကျန်းမြို့သည် ကြံခတ်ဝါး တောင်တန်းနှင့် အနီးဆုံး မြို့ကလေးတစ်မြို့ပင်။ မြို့ကလေးက သေးသော်လည်း လူရေသန့်များ ပေါများသည်။ လူလတ်တန်းစားများ အများဆုံး နေထိုင်သည့် မြို့ကလေးပင်။

ရှားကျန်းဌ ရွှေလိပ်ပြာကို လူတိုင်းသိသည်။ ရွှေလိပ်ပြာသောက်ဆိုင်သည် ထူးခြားမှုများ အများအပြား ရှိလေသည်။ ကောင်းစားအရက်၊ အကောင်းဆုံး အစားအစာ စိတ်ချမ်းသာစရာ ဘည်းခိုခန်း၊ သီးသန့်လောင်းကစားဝိုင်း။

ထို့ပြင် သွေးဆာသူတို့အဖို့ အပန်းဖြေနိုင်ရန် မိန်းမချော၊ မိန်းမလှကလေးများ စသည့် စသည့် ထူးခြားမှုများသည် ရွှေလိပ်ပြာ၏ ထူးခြားချက်များပင် ဖြစ်လေသည်။

မကောင်းမှုနှင့် ကောင်းမှု ရောပြွမ်းနေသော်လည်း ရွှေလိပ်ပြာသည် ဂုဏ်ဒြေရှိသည်။ စားသောက်သူများလည်း ဂုဏ်ဒြေရှိသည်။ မလွဲသာ မရှောင်သာ၍ တိုက်ခိုက်မှုများ ဖြစ်ကြသည့်တိုင်အောင် ရွှေလိပ်ပြာက မည်သို့မျှ ထူးခြားမှု မပြပါ။

ဖြစ်ချင်ရာဖြစ် ပျက်စီးတန်ပျက်စီးသွားပါစေ၊ ချက်ချင်း ပြန်ထူသည်ပြင်ဆင်သည်။ တစ်ခုတော့ရှိသည်။ တာဝန်ရှိသူများထံမှ လျော့ကြေးကို တန်ရာတန်ကြေး တောင်းခံလိုက်သည်။

မပေးချင်တော့ မရပါ။ အကယ်၍ မပေးဘဲ ငြင်းဆန်ပါလျှင် ဆိုလူသည် မနက်ဖြန်၌ မျက်နှာသစ်စရာ ခေါင်းမရှိတော့ပေ။

✷

"ရွှေလိပ်ပြာ"

နေရာထိုင်ခင်း ကျယ်ဝန်းသည်နှင့်အမျှ စားပွဲတစ်ခုနှင့် တစ်ခုက များစွာကွာခြားလှသည်။ စားပွဲတစ်ခုမှ ဆူညံခြင်းသည် အခြားစားပွဲတစ်ခုသို့ အနှောင့်အယှက်မပေးနိုင်ပါ။

စားပွဲတစ်ခုနှင့်တစ်ခုကြားတွင် မြင်းလှည်းနှစ်စင်း ယှဉ်၍ မောင်းနှင်နိုင်ပေသည်။

ရွှေလိပ်ပြာ၏ စားပွဲတစ်လုံး၌ လူငယ်တစ်ဦးသည် အစားအစာ စားသောက်ရင်းမှ စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေပေသည်။ ထိုလူငယ်သည် စာပေသမားလေး တစ်ဦးဖြစ်မှန်း လူတိုင်း အကဲခတ်မိကြသည်။ လူငယ်ကလေးသည် အပြာနုနုဝတ်စုံကို ဝတ် ဆင်ထား၍ ကျစ်ဆံမြီးနှစ်ခုကို လည်ပင်းမှ ခွဲချထားလေသည်။

လူငယ်သည် စားစရာတစ်ခုကို စိမ်ပြေနပြေ ဝါးနေရင်းမှ စာအုပ်ကလေးကိုသာ ဖတ်ရှုနေပေသည်။ သူ့အား မည်သူကမှ စိတ်မဝင်စားသလို သူကလည်း အခြားဘာကိုမှ စိတ်မဝင်စားပါ။

သို့သော် အပြာနုရောင်လူငယ်သည် နောက်ထပ် ဝင်လာသော လူနှစ်ယောက်ကိုတော့ တစ်ချက်မျှ စူးစိုက်ကြည့်မိလိုက်သည်။ ထို့နောက် သူ၏စာအုပ်ကိုသာ ပြန်ကြည့်နေသည်။



နောက်ထပ်ဝင်လာသောလူနှစ်ယောက်သည် စားပွဲတစ်လုံးဝင်ထိုင်လိုက်လေသည်။ သူတို့ အကောင်းစား အရက်တစ်အိုးကို မှာကြားလိုက်၏။

သူတို့သည် နှစ်ယောက်စလုံး၏ မျက်နှာမှာ မကြည်မသာဖြစ်နေပေသည်။

ထိုသူနှစ်ဦးသည် အကောင်းစား အရက်များကို အငမ်းမရသောက်ချလိုက်ပြီးမှ စကားစတင်ပြောဆိုတော့သည်။

"မင်း ဘယ်လိုစိတ်ကူးသလဲ"

တစ်ယောက်က ပခုံးတွန့်လိုက်သည်။

"တို့ ကြိုးစားတာပဲ၊ မတွေ့တာ ဘာတတ်နိုင်မှာလဲ"

တစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မင်းပြောတာ မှန်တယ်၊ လုပ်သလို ဖြစ်မလာတော့လည်း ဖြစ်သလို ရင်ဆိုင်လိုက်ရုံပေါ့၊ တစ်နေ့ မြွေနှစ်ကောင်ရဲ့အကြောင်း ကောင်းကောင်းသိရမယ်"

ထိုသူနှစ်ယောက်သည် မြွေစိမ်းနှင့် မြွေနက်ပင် ဖြစ်လေ၏။



သူတို့နှစ်ဦးသည် ရွှေလိပ်ပြာတွင်ဆုံရန် ချိန်းထားသော်လည်း လမ်း၌ပင် အတူတွေ့လာခဲ့ကြသည်။ မြွေစိမ်းသည် အရက်ကို နှစ်ခွက်သုံးခွက် ဆင့်သောက်လိုက်သောအခါ မျက်နှာတစ်ခုလုံး နီမြန်းလာတော့သည်။

"ငါ ဘဲခြံကို မီးရှို့ခဲ့ပြီးပြီ"

မြွေနက်က ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်၊ ရွှေအလည်း တစ်နေ့ တို့လက်ချက်နဲ့ သေရမှာပါ"

မြွေစိမ်းသည် မြွေနက်၏စကားကို သိပ်မကြိုက်ပေ။ မြွေနက်က ရွှေအဝမ်တူး လူလည်ကျသွားသည်ဟု ထင်နေသည်။ မြွေစိမ်းက ...

"မင်းက အတွေးအခေါ်ပိုင်းကျတော့ ဘာမှမရှိဘူး"

မြွေနက် မျက်မှောင်ကြုတ်လိုက်သည်။

"ဘာလဲ ... ပြောစမ်း"

"တကယ်တော့ တို့က ရွှေအဝမ်တူးကို အပြစ်ပြောနေတာ၊ တုံးလိမာ မုဆိုးသိုင်းသမားတစ်ဦးကွ၊ ဝမ်တူးကို အကြပ်ကိုင်ပြီး ခုန်ဆင်းသွားတာကော မဖြစ်နိုင်ဘူးလား"

"ဒီကောင်က ဘာလို့ လိုက်သွားရမှာလဲ"

"သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားမှာပေါ့၊ ရွှေအကို သူတို့က တစ်နေရာမှာ သတ်ပစ်ချင် သတ်ပစ်လိုက်မှာ၊ သူတို့ရှိနေရင် ဘုံးလီ မလွယ်ဘူးလေ"

မြွေနက်က ...

"အေးလေ ... ဘာပဲဖြစ်ဖြစ် သူတို့ကိုတော့ မြေလှန်ရှာရမှာပဲ"

✱

အပြာနရောင် ဝတ်ဆင်ထားသော လူငယ်ကလေးသည် မြွေနှစ်ကောင်ထိုင်နေသော စားပွဲဆီသို့ လျှောက်လာခဲ့လေ၏။ သူ၏လက်ထဲတွင် စာအုပ်ကလေးတစ်အုပ်ကို ကိုင်ထား၏။

"အစ်ကိုကြီးတို့နားမှာ ခဏထိုင်ပါရစေ"

လူငယ်က ရိုရိုသေသေ ခွင့်တောင်းလိုက်သည်။ မြွေနှစ်ကောင်က လူငယ်ကို မော့ကြည့်လိုက်သည်။ လူငယ်သည် စာပေသမားဖြစ်ပြီး ငွေကြေးချမ်းသာသော သူဌေးသားတစ်ဦး ဖြစ်လိမ့်မည်ဟုလည်း မြွေနှစ်ကောင်က အကဲခတ်လိုက်လေသည်။

"ထိုင်နိုင်ပါတယ် ညီလေး"

မြွေနှစ်ကောင်က လူငယ်ကိုမော့ကြည့်လိုက်သည်။ လူငယ်

မှာ စာပေသမားဖြစ်ပြီး ငွေကြေးချမ်းသာသော လူငယ်တစ်ဦး ဖြစ်သည်။

"ငါ့ညီက အစ်ကိုကြီးတို့ကို သိလို့လား"

လူငယ်က ပြုံးလိုက်သည်။

"မသိဘဲနေပါ့မလား အစ်ကိုရယ်၊ အစ်ကိုတို့က သိုင်းလောကမှာ ထိတ်ထိတ်ကြဲ ကျော်ကြားနေတဲ့သူတွေပဲ၊ ဘယ်သူ့ကို မေးမေး အစ်ကိုတို့ရဲ့နာမည်ကို မေးတာနဲ့ တုန်လှုပ်သွားတာပဲ"

မြွေနှစ်ကောင်သည် ဝမ်းသာဝီတိ ဖြစ်သွားလေသည်။ လောက၌ အမြောက်အပင့်မကြိုက်သောသူသည် ခပ်ရှားရှားမဟုတ်ပါလား။



မြွေစိမ်းက ...

"ငါ့ညီက ဘယ်ဆိုးလို့တုံး၊ မင်းက စာပေဗဟုသုတ စုဆောင်းနေတဲ့သူ တစ်ယောက်နဲ့တူတယ်"

လူငယ်က အံ့အားသင့်သွားဟန်ဖြင့် ...

"ဟာ ဒါကြောင့်မို့လဲ အစ်ကိုတို့ နာမည်ကြီးနေတာပဲ"

မြွေနှစ်ကောင်က မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ လူအတော်များများဟာ ကျွန်တော် ဘာပါသနာပါတယ်၊ ဘာလိုက်စားတယ်ဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး၊ အစ်ကိုတို့က လူကဲခတ်တဲ့နေရာမှာ သိပ်တော်တာပဲ"

မြွေနှစ်ကောင် သွားများဖြဲလိုက်ကြလေသည်။

"ဟဲ ဟဲ ... ငါ့ညီ အရက်သောက်တတ်သလား"

လူငယ်က ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း ... မသောက်တတ်ဘူး၊ သြော် ... မေ့နေလိုက်တာ ... အစ်ကိုတို့ကို ကျွန်တော် ပြုစုရဦးမယ်"

လူငယ်သည် ပြောပြောဆိုဆို အရက်ကောင်တာသို့ ထသွား၍ တစ်စုံတစ်ခုကို မှာကြားလိုက်သည်။ ဆိုင်လုလင်သည် မကြာမီပင် အရက်တစ်အိုး လာချပေးသွားသည်။

"ပန်းပေါင်းတစ်ထောင်အရက်"

မြွေစိမ်းသည် အံ့သြစွာဖြင့် ရေရွတ်လိုက်မိလေသည်။



မြွေနှစ်ကောင်သည် ယခုအခါ ငွေကြေး အတော်များများ ထက်ထဲ၌ ရှိနေသော်လည်း ပန်းပေါင်းတစ်ထောင်အရက်ကို

မသောက်နိုင်ပါ။

ပန်းပေါင်းတစ်ထောင်အရက်သည် ဆေးဖက်ဝင်သော အရက်တစ်မျိုး ဖြစ်သည့်ပြင် တန်ဖိုးကြီးလွန်းလှပေသည်။ အရက်တစ်အိုး၏တန်ဖိုးမှာ မိသားစုလေးငါးယောက် သုံးလလောက်တို့ အေးချမ်းစွာစားသောက်နိုင်လောက်သည့် တန်ဖိုးဖြစ်လေ၏။

"ငါ့ညီက အရက်သာမသောက်တတ်တယ် တန်ဖိုးကြီးတဲ့ အရက်အကြောင်းတော့ သိသားပဲ"

လူငယ်က ပြုံးလိုက်ပြန်၏။

"ကျွန်တော့်ကို အထင်မကြီးပါနဲ့၊ ကျွန်တော် နားလည်တာ မဟုတ်ဘူး၊ အဖိုးအကြီးဆုံး အရက်တစ်အိုးပေးပါလို့ ပြောခဲ့တာပဲ ရှိတယ်"

"ဩော် ... ဩော်"

မြွေနက်က ...

"နေပါဦး ... မင်းက ငါတို့ကို ဘာရည်ရွယ်ချက်နဲ့ ဒီအရက်ကို တိုက်တယ်ဆိုတာ မသိရဘူးလား"

မြွေနက်၏စကားမှာ မယုံသင်္ကာမှုများ ပါဝင်နေပေသည်။ လူငယ်က ချက်ချင်း ရိပ်စားမိသွား၏။

"ကျွန်တော် အရက်မသောက်တတ်ပါဘူး၊ ဒါပေမဲ့ အစ်ကိုတို့ သံသယကင်းအောင် တစ်ခွက်သောက်ပါရစေ"

လူငယ်သည် ပန်းပေါင်းတစ်ထောင် အရက်အိုးကို မ၍ ငဲ့ညှာသည်လိုက်သည်။

ပြီးနောက် အတော်များများကို သောက်ချလိုက်၏။ မြွေနှစ်ကောင်မှာ လူငယ်ကို သံသယကင်း၍ အားနာသွားသည်။

"ငါ့ညီမှာ အစ်ကိုတို့ဆီက စာစ်ခုခုတော့ အကူအညီလိုပုံ တယ်"

"ဟုတ်ပါတယ်၊ အဲဒါတော့ ကျွန်တော် ဝန်ခံတယ်"

မြွေနှစ်ကောင်သည် ပန်းပေါင်းတစ်ထောင် အရက်ကို သောက်လိုက်ကြသည်။ သူတို့အဖို့ ယနေ့သည် အထူးခြားဆုံးနေ့ဟု သတ်မှတ်လိုက်ကြ၏။

တစ်သက်နှင့်တစ်ကိုယ် ထိုအရက်ကို ဤတစ်ကြိမ်သာ သောက်ဖူးသောကြောင့် ဖြစ်လေသည်။

"ကဲ ... ငါ့ညီ ဘာအကူအညီလိုသလဲပြော"

လူငယ်က ပြုံး၍ ...

"ကျွန်တော် ဗဟုသုတ လိုချင်လို့ပါ"

"ဩော် ဖြစ်ပါတယ်၊ ဘယ်လို ဗဟုသုတမျိုးလဲ"

"ကျွန်တော်က အထူးအဆန်းနဲ့ ဇာတ်လမ်းကို စုဆောင်းတယ် မဟုတ်လား"

"ဒါပေါ့ ... ဒါပေါ့"

"အစ်ကိုတို့က အဆိပ်မှာ နာမည်ကြီးတဲ့သူဆိုတော့ အစ်ကို တို့ ဘယ်လိုတိုက်ခိုက်တယ်၊ အဆိပ်ကို ဘယ်လိုသုံးတယ်ဆိုတာ မသိ ရဘူးလား"

မြေနှစ်ကောင်က ခေါင်းညိတ်လိုက်သည်။

"သိရပါတယ်၊ ဒါက ဘာမှမဆန်းပါဘူး၊ အစ်ကိုတို့ရဲ့ အဆိပ်တွေက လူတစ်ယောက်ကို ဒဏ်ရာရအောင် လုပ်ပြီးရင် ဆယ် ရက်ဟာ အများဆုံးပဲ"

"ဩော် ဩော် ... တော်တော်ပြင်းတာပဲ"

မြွေနက်ကလည်း လူငယ်အပေါ် စေတနာကောင်းသည်။

"အခုဆိုရင် မင်းအတွက် ဇာတ်လမ်းတစ်ခုတော့ ရမှာပေါ့၊ မှတ်ထား"

လူငယ်က စိတ်ပါဝင်စားစွာဖြင့် ...

"ပြောပါ အစ်ကို"

မြွေစိမ်းသည် မြွေနက်က လျှို့ဝှက်ကိစ္စများကို အလွယ် တကူ ပြောတတ်သဖြင့် သတိပေးရန် ကြိုရွယ်လိုက်သည်။

သို့သော် လူငယ်မှာ ဘာမှမှုလောက်စရာမရှိသဖြင့် အသာ ပင် ငြိမ်နေလိုက်၏။ မြွေနက်သည် အရက်ကို မော့ချလိုက်ပြီးသည် နှင့် ...

"ဒီလိုကွ ... မကြာခင်ကဘဲ လူနှစ်ယောက်ကို တို့က ပညာ

ပေးလိုက်တယ်၊ ခေါင်းမာတဲ့အတွက်ကြောင့် ဆိုပါတော့"

"ဟုတ်ကဲ့ ... စိတ်ဝင်စားစရာပဲ၊ သူတို့က ဘယ်လို ခေါင်း မာတာလဲ"

"တို့သိချင်တာကို ကွယ်ဝှက်ထားလို့ပေါ့"

"ဩော် ... အစ်ကိုတို့က ဘာသိချင်တာလဲ၊ ကျွန်တော်က ဘာပေသမားဆိုတော့ ဗဟုသုတတွေ စုဆောင်းထားတာ ရှိပါတယ်၊ ဘိုက်ဆိုင်ရင်တော့ ကျွန်တော် ပြောပြမယ်"

မြွေနက်က ခေါင်းယမ်းလိုက်သည်။

"တခြားဟာသာ မင်းသိမှာပါ၊ ဒီအချက်ကိုတော့ မင်း သည်း သိမှာမဟုတ်ပါဘူး"

လူငယ်က စဉ်းစားလိုက်သည်။

"ဘာများပါလိမ့်"

"သိုင်းကျမ်းစာအုပ်တစ်အုပ်ရဲ့ အကြောင်း၊ နာမည်က တော့ ထိပ်တန်းသိုင်းပညာစုတဲ့၊ အဲဒါကိုကော မင်းသိသလား"

လူငယ်က အချိန်ကြာမြင့်စွာ စဉ်းစားနေသည်။ ပြီးမှ ...

"လောလောဆယ်တော့ မသိဘူး၊ ကျွန်တော် စုံစမ်းပေး မယ်"

မြွေနက်က ရယ်မောလျှက် ဆက်ပြောသည်။

"အဲ ... မင်းစုံစမ်းစရာ မလိုဘူး၊ သူတို့က သိတယ်"

"ဟာ ... ရှိတာပေါ့၊ အဆိပ်ဖော်တဲ့လူဟာ အဆိပ်ဖြေဆေးသည်း တစ်ပါတည်း တွဲထားရတယ်ဆိုတာ မင်းသေသေချာချာ မှတ်ဆား"

လူငယ်က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် မှတ်ထားပါ့မယ်၊ နောက်ပြီး အဲဒီ အဆိပ်ဖြေဆေးကိုလည်း လိုချင်တယ် အစ်ကိုရယ်"

သည်တစ်ခါ မျက်လုံးပြူးသွားသူများမှာ မြွေနှစ်ကောင်ပင် ဖြစ်တော့သည်။

✱

"ဖြေဆေးလိုချင်လို့ ... ဟုတ်လား"

မြွေစိမ်းက ဒေါသဖြင့် မေးလိုက်လေသည်။ လူငယ်က ခြောက်ခြောက်ရဲရဲဖြင့် လက်ကာပြလိုက်သည်။

"ဟာ ... အစ်ကိုကလည်း ဒေါသမကြီးပါနဲ့၊ အစ်ကိုတို့က မပေးတော့ကော ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ တစ်ခုတော့ ရှိတာပေါ့ ... ကျွန်တော် အသတ်ခံရမှာ သေချာတယ်"

မြွေစိမ်း မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်လို ... မင်းအသတ်ခံရမယ် ဟုတ်လား"

"ဟုတ်လား ... အစ်ကိုတို့ကို ပြောပြသလား"

"သူတို့သိတာက ကျမ်းစာအုပ်ကို မဟုတ်ဘူး၊ အဲဒီ ကျမ်းစာအုပ်နဲ့ ပတ်သက်နေတဲ့ မောင်နှမနှစ်ယောက်ကို သိတယ်"

လူငယ်သည် စိတ်ဝင်စားစွာ နားထောင်နေသည်။ မြွေနက်က ဆက်၍ ...

"တိုတိုပဲ ပြောကြပါစို့၊ အဲဒီမောင်နှမ ဘယ်မှာရှိတယ်ဆိုတာ သူတို့မသိဘူး၊ အသက်ရှင်လျက်ရှိတယ်ဆိုတာပဲ ပြောနိုင်တယ်၊ တို့စိတ်ထဲမှာက သူတို့ အမှန်အကန် သိရမယ်လို့ ထင်ထားတယ်၊ အဲဒါ ခေါင်းမာတဲ့အတွက် အဆိပ်နဲ့ပညာပေးလိုက်ရတယ်၊ ခုလောက် ဆိုရင် သေရောပေါ့"

လူငယ်က သက်ပြင်းချလိုက်လေသည်။

✱

"နောက်ထပ် အစ်ကိုတို့ဆီမှာ ကျွန်တော် အကူအညီတစ်ခု တောင်းချင်တယ်"

လူငယ်က ပြောလိုက်သည်။

"ဘာလဲ ပြော"

"အစ်ကိုတို့ဆီမှာ အဲဒီအဆိပ်ဖြေဆေးဆိုတာ ရှိမှာပေါ့"

"ဟုတ်ပါတယ်"

"ဘယ်သူက တောင်းခိုင်းတာလဲ၊ မင်းကို ဘယ်သူက သတ်မှာလဲ ပြော"

"ဟာ မပြောပါရစေနဲ့၊ အစ်ကိုတို့က မပေးဘူးဟုတ်လား။ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ရှိပါစေတော့"

မြေစိမ်းသည် လူငယ်ကို သနားသလို ဖြစ်သွားသည်။

"ဒီမှာ မင်းကို ဘယ်သူက ခိုင်းတယ်ဆိုတာပြော၊ ငါတို့ ပေးသင့်ရင် ပေးလိုက်မယ်"

"အစ်ကို တကယ်ပြောတာလား"

လူငယ်က ဝမ်းသာအားရ မေးလိုက်လေသည်။

"တကယ်ပြောတာပေါ့"

လူငယ်က ...

"လိပ်ပြာနှုတ်ခမ်းသမားက ခိုင်းတာပါ"

ဟု ပြောလိုက်လေသည်။



မြေနှစ်ကောင် မျက်လုံးများ ဝိုင်းစက်သွားပြန်သည်။ လိပ်ပြာနှုတ်ခမ်းသမားသည် ယခုတစ်လော အလွန်အမင်း ကျော်ကြား

နေပေသည်။

သို့သော် သူကိုယ်တိုင်မလာဘဲ ဘာကြောင့် ဤလူငယ်ကို ခိုင်းရသနည်းဟု တွေးတောနေ၏။

"လိပ်ပြာနှုတ်ခမ်းသမားနဲ့ မင်းက ဘယ်လိုပတ်သက်သလဲ"

"ဟာ ... ဒါတွေ မေးမနေပါနဲ့ အစ်ကိုရယ်၊ ကျွန်တော့်ကို အောင် ယူခွဲရမယ်လို့ ပြောတယ်၊ ကျွန်တော် မယူခွဲရင် သူကိုယ်တိုင် အစ်ကိုတို့ဆီ လာလိမ့်မယ်"

မြေနှစ်ကောင် မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"သူက ဒီလိုပဲ ပြောသလား"

"အမှန်ပါပဲ"

"ဒါဖြင့် စောင့်ကြည့်ကြသေးတာပေါ့"

"အစ်ကိုတို့ ကျွန်တော့်ကိုပေးလိုက်ရင် ရန်အေးတယ်၊ သူက သူများနဲ့ မတူဘူး"

မြေစိမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမှာ မင်း အခုအချိန်ကစပြီး ဘယ်မှမသွားနဲ့၊ လာပါစေ ... ငါတို့ ရင်ဆိုင်မယ်"

"အစ်ကိုတို့အတွက်ပြောတာပါ၊ သူလာရင် အစ်ကိုတို့ ဒုက္ခရောက်သွားလိမ့်မယ်"

မြွေစိမ်းသည် လူငယ်ကို ဒေါသဖြင့် ကြည့်လိုက်လေသည်။

"အောင်မာ ... မင်းကတောင် သူ့အားကိုးနဲ့ ခြိမ်းခြောက်နေပါလား"

"ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ သူက ချက်ချင်းရောက်ချင်ရောက်လာမှာ"

"အခုရောက်လာလည်း ငါက ဝမ်းသာတာပဲ"

လူငယ်က ...

"ဒါဖြင့် ဝမ်းသာပေတော့"

မြွေစိမ်းသည် လူငယ်စကားကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သို့သော် ကြာရှည် အံ့အားမသင့်နိုင်ပါ။

'အုန်း' ခနဲ အသံတစ်ချက် ကြားလိုက်ရသည်။

အုန်းခနဲ မြည်သွားသော အသံက အခွံခွာပြီးသားအုန်းသီးနှစ်လုံးကို အရှိန်ပြင်းစွာ ရိုက်လိုက်သည့်အသံမျိုး။ တကယ်တော့ အုန်းသီးမဟုတ်ပါ။

မြွေနှစ်ကောင်၏ခေါင်းသည် အရှိန်ပြင်းစွာဖြင့် တစ်ဦးနှင့် တစ်ဦး ပြေး၍ဆောင့်လိုက်ခြင်းပင် ဖြစ်သည်။ လူငယ်သည် ရုတ်တရက်ဆိုသလို ခေါင်းနှစ်လုံးကို ကိုင်၍ဆောင့်ပေးလိုက်ခြင်း ဖြစ်သည်။

မည်မျှ ပြင်းထန်သည်တော့ မပြောတတ်။ မြွေနှစ်ကောင်သည် ခေါင်းများကွဲ၍ စားပွဲပေါ်တွင် ငုတ်တုတ် အသက်ထွက်နေ

တော့သည်။

လူငယ်က မြွေနှစ်ကောင်၏အိတ်ထဲမှ အဆိပ်ဖြေဆေးလင်းများကို နှိုက်ယူလိုက်သည်။ ထို့နောက် မြွေနှစ်ကောင်၏ခန္ဓာကိုယ်ပေါ်သို့ တစ်စုံတစ်ခု ပစ်တင်ခဲ့လေသည်။

အသေအချာကြည့်လိုက်သောအခါ လိပ်ပြာရုပ်ကလေး ဖြစ်နေပေတော့သည်။

နေရောင်ခြည်သည် ဝါးကောက်ကျေးရွာပေါ်သို့ ဖြာဆင်းလျက် ရှိသည်။ သမားတော်ကျင်း၏ အနောက်ဘက်မှ အိမ်သည် ဘစ်ချိန်က ချိုလီနှင့်ရှုဝါတို့ နေထိုင်သွားသောအိမ် ဖြစ်ပေသည်။

ယခု ငေါ့စွေရာနှင့်ချိုလီ ရောက်ရှိနေကြသည်။ သူတို့နှစ်ဦးလုံးသည် အဆိပ်မိခြင်း ဝေဒနာကို အပြင်းအထန် ခံစားနေခဲ့ရာမှ ယခုအခါ အနည်းငယ် သက်သာနေပြီ ဖြစ်သည်။

သို့သော် လုံးလုံးလျားလျား သက်သာသွားခြင်း မဟုတ်ပါ။ သမားတော် ကျင်းသည် အဆိပ်ကို ပျောက်အောင် ကုသနိုင်ခြင်း ရှိပါပေ။ သမားတော်ကျင်းသည် စိတ်မကောင်းကြီးစွာဖြင့် ခေါင်းခါသမ်းခဲ့လေသည်။

"မင်းတို့နှစ်ယောက်စလုံး ငါမကယ်နိုင်တော့ဘူး၊ ငါတတ်နိုင်တာကတော့ ဆယ်ရက်ခံစားရမယ့်နေရာမှာ အရက်နှစ်ဆယ် အထိလောက် အသက်ရှည်အောင် လုပ်ပေးနိုင်တယ်၊ သူတို့ကို အမြန်ဆုံးရှာပြီး အဆိပ်ဖြေဆေး တောင်းမှဖြစ်မယ်"

သမားတော်ကျန်းသည် ထိုကဲ့သို့ပြောခဲ့ပြီး သူတတ်နိုင်သမျှ ဆေးဝါးများဖြင့် ယာယီတားထားပေးလေသည်။ ယောင်ကိုင်းနေသော ဒဏ်ရာများသည် ယခုအခါ အယောင်လျော့သွားပြီ ဖြစ်သော်လည်း ကိုက်ခဲနေသော ဝေဒနာသည် လုံးဝ ပျောက်မသွားပါ။

ငွေ့စွေရာက ခရီးထွက်ရန် ပြင်လိုက်သည်။

"နင် ဘယ်သွားမှာလဲ ငွေ့စွေရာ"

ချိုလီက မေးလိုက်သည်။

"ငါ မြွေနှစ်ကောင်ကို တွေ့အောင်ရှာမယ်"

ချိုလီက အားငယ်စွာဖြင့် သက်ပြင်းချလိုက်သည်။

"မလွယ်ပါဘူး"

ငွေ့စွေရာသည် ချိုလီကို ပြန်ကြည့်လိုက်သည်။

"ဘာလို့ မလွယ်တာလဲ"

"နင် သူတို့ကို တွေ့သည့်တိုင်အောင် သူတို့က ပေးမှာတဲ့လား"

ငွေ့စွေရာ အံကို တင်းတင်းကြိတ်လိုက်လေသည်။ ထို့နောက် သူသည် ပုဆိန်ကို ခါးကြားထဲသို့ ထိုးထည့်လိုက်လေသည်။

"ငွေ့စွေရာ"

ချိုလီသည် ငွေ့စွေရာအား ကြင်နာစွာကြည့်၍ ခေါ်လိုက်သည်။ ငွေ့စွေရာ အနားသို့ လျှောက်လာသည်။

"နင် မြွေနှစ်ကောင်ကို တကယ်ပဲ ရင်ဆိုင်မလို့လား"

"ဘာလဲ ... ငါတို့က ဒီလိုပဲ အသေခံရတော့မလား"

ချိုလီက သက်ပြင်းချလိုက်သည်။

"ဒါဆို ငါပါလိုက်မယ်"

"မလိုက်နဲ့၊ ဒီကပဲ စောင့်နေပါ၊ ငါမရ ရအောင် ယူလာခဲ့မယ်"

ငွေ့စွေရာမှာ ဒဏ်ရာက ပျောက်ကင်းသေးသူ မဟုတ်ပေ။ အင်အားကလည်း ဆုတ်ယုတ်နေချိန်မို့ ယခုအခါ ရန်သူနှင့် ရင်ဆိုင်လျှင် မုချ ရှုံးနိမ့်မည်ကို ချိုလီ သိထားသည်။

သူမသည် ငွေ့စွေရာအပေါ် သံယောဇဉ် ငြိတွယ်နေပြီဖြစ်၍ ငွေ့စွေရာ တစ်စုံတစ်ခု ဖြစ်မှာကို အလွန်အမင်း စိုးရိမ်နေသည်။ ငွေ့စွေရာသည် ချိုလီကို ဘာစကားမှ ဆက်မပြောဘဲ မြင်းစောင်းသို့ ထွက်ခဲ့သည်။ ချိုလီက နောက်မှ လိုက်ခဲ့၏။

✱

မြင်းဇောင်းထဲ၌ မြင်းက အဆင်သင့်ရှိနေသည်။ ထိုမြင်းသည် လမ်းခုလတ်၌ စာပေသမား လူငယ်ကလေး ပေးသွားသော မြင်း ဖြစ်သည်။

ဒေါ်စွေရာသည် မြင်းကိုမြင်မှ လူငယ်ကလေးကို သတိရသွားသည်။ စိတ်ထဲမှ ကျေးဇူးလည်း တင်နေမိတော့၏။ ဒေါ်စွေရာသည် မြင်းကို ပွတ်သပ်နေ၏။

သူ၏လက်မောင်းကို ချိုလီက လာရောက် ဆုပ်ကိုင်လိုက်သည်။

"ဒေါ်စွေရာ"

"ဟင်"

"ငါ နင့်ကို စိတ်မချဘူး"

"စိတ်မပူပါနဲ့၊ တစ်နည်းနည်းတော့ ဖြစ်လာရမှာပေါ့"

ချိုလီ၏မျက်နှာမှာ သိသိသာသာ ညှိုးငယ်နေသည်။

"ငါလေ နင့်ကို မခွဲနိုင်ဘူး သိလား"

ချိုလီ၏ ရုတ်တရက် ထွက်လာသော စကားသံကြောင့် ဒေါ်စွေရာသည် ချိုလီကို ဆတ်ခနဲ ကြည့်မိလိုက်သည်။ ထို့နောက် ချိုလီ၏ ခန္ဓာကိုယ်ကို သူ့ရင်ခွင်ထဲသို့ ဆွဲခေါ်လိုက်၏။

"ငါ ဝမ်းသာလိုက်တာ ချိုလီရယ်၊ နင် ငါ့ကို ချစ်တယ်ပေါ့

တော်လား"

ချိုလီသည် ခေါင်းငုံ့ထား၏။ ပြီးမှ ...

"မေးစရာ လိုသေးလား"

ဒေါ်စွေရာသည် ချိုလီအား တင်းကျပ်စွာ ဖက်ထားလိုက်သည်။

✱

"ဘာမှမပူနဲ့၊ ငါ အဆိပ်ဖြေဆေး ရအောင်ယူခဲ့မယ်"

ဒေါ်စွေရာက အားပေးလိုက်သည်။ ပြီးနောက် ဒေါ်စွေရာသည် မြင်း၏ ဦးခေါင်းကို ပွတ်သပ်၍ ...

"ဒီမြင်းပိုင်ရှင် လူငယ်ကလေးလည်း ကျေးဇူးတင်ဖို့ အင်တန် ကောင်းတယ်၊ သူလည်း ဘယ်ရောက်နေသလဲ မသိဘူး"

ဒေါ်စွေရာသည် ထိုကဲ့သို့ပြောရင်းမှ မြင်း၏ ဦးခေါင်းရှိ ပါးပျဉ်ကြိုးကို ကြည့်မိလိုက်သည်။ ထိုအခါ ဒေါ်စွေရာသည် မျက်လုံးများ အဆမတန် ပြူးကျယ်သွားလေသည်။ ဒေါ်စွေရာ၏ အမူအရာကြည့်၍ ချိုလီမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ ဒေါ်စွေရာ"

ဒေါ်စွေရာသည် မြင်းကို လက်ညှိုးထိုးပြပြီး ...

"မြင်း ... မြင်းရဲ့ပါးချပ်ကြိုးကို ဘယ်သူဓားနဲ့ ဖြတ်ထားတာလဲ"

ချိုလီလည်း အံ့အားသင့်သွားသည်။ ထိုစဉ် မြင်းဇောင်းထဲမှ နေ၍ လူငယ်တစ်ဦး ထွက်လာသည်။ လူငယ်ကို မြင်သည့်အခါ ငွေ့စွေရာနှင့်ချိုလီတို့ အံ့သြဝမ်းသာသွားကြ၏။

"ဟင် ... ခင်ဗျား ဘယ်တုန်းက ရောက်လာတာလဲ"

ငွေ့စွေရာက လှမ်းမေးသည်။ ထိုလူငယ်ကား မြင်းပိုင်ရှင် လူငယ်ပင် ဖြစ်သည်။ လူငယ်သည် မျက်နှာထားတင်းတင်းဖြင့် ငွေ့စွေရာကို စိုက်ကြည့်သည်။ ရှေ့သို့ တစ်လှမ်းချင်း တိုးလာကာ ငွေ့စွေရာကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်၏။ လူငယ်၏ အပြုအမူကြောင့် ချိုလီ အံ့အားသင့်သွားသည်။

"ရှင် ဘယ်လိုလုပ်တာလဲ"

"နင်တို့နှစ်ယောက်စလုံးကို သတ်မယ်"

လူငယ်သည် ချိုလီကိုပါ ဆက်၍ တိုက်ခိုက်၏။ ငွေ့စွေရာမှာ ခါးကြားမှ ပုဆိန်ကို ဆွဲထုတ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာသည်။

သူ၏ပုဆိန်သည် လေထဲ၌ ဝှေ့ယမ်းရင်းမှ လူငယ်၏ ရင်ညွန့်ဆီသို့ ချိန်ရွယ်ပေါက်ချလိုက်လေသည်။ ငွေ့စွေရာ၏ တိုက်ခိုက်မှုသည် သာမန်သိုင်းသမားတစ်ဦးသာ ဆိုပါလျှင် ချက်ချင်း ပွဲချင်းပြီးသွားနိုင်ပေသည်။

သို့သော် လူငယ်က အသာအယာပင် ရှောင်တိမ်းလိုက်နိုင်သည်ကို တွေ့ရသောအခါ ငွေ့စွေရာသည် လူငယ်ကို အထင်မသေးရဲတော့ပေ။

လူငယ်က ရယ်မောလိုက်သည်။

"လိပ်ပြာနှုတ်ဓားသမားဆိုတဲ့ နာမည်ဟာ ခင်ဗျားရဲ့ ပုဆိန်နဲ့ သေရမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့"

လိပ်ပြာနှုတ် ဓားသမားည် ငွေ့စွေရာထံ ပြေးဝင်၍ ကန်ကျောက်လိုက်လေသည်။ မလွတ်ပါ။

'ဘုန်း'

ငွေ့စွေရာ လွင့်စဉ်သွားလေသည်။ လိပ်ပြာနှုတ် ဓားသမားသည် ထပ်မံ၍ ပြေးဝင်သွားသည်။ ချိုလီကလည်း လိပ်ပြာနှုတ် ဓားသမားကို တိုက်ခိုက်ရန် ကာဆီးလိုက်သည်။ ထိုအချိန်၌ ...

"ဟေ့ ခဏရပ်ပါဦး"

တစ်စုံတစ်ယောက်၏ အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

သမားတော်ကျင်း ...။

သမားတော်ကျင်းသည် တိုက်ခိုက်သံများကြောင့် မြင်းဇောင်းဆီသို့ ပြေးထွက်လာခဲ့ခြင်း ဖြစ်လေသည်။ လူငယ်က သမားတော်ကျင်းကို လှမ်းကြည့်၍ ရပ်နေလိုက်သည်။ သမားတော်ကျင်းသည် အခြေအနေကို ကြည့်လိုက်သည်။

ပြီးမှ လူငယ်ဘက်သို့လှည့်၍ အေးဆေးစွာ မေးလိုက်သည်။

"ငါတူက ဘယ်ကလဲ၊ သူတို့နဲ့ ဘယ်လိုရန်ငြိုး ရှိလို့လဲ"

လိပ်ပြာနှုတ်ဓားသမားသည် ငေါ့စွေရာနှင့် ချိုလီတို့ကို ကြည့်လိုက်လေသည်။

"သူတို့နှစ်ယောက်ကို ဟိုတစ်နေ့က ဒဏ်ရာနဲ့တွေ့လို့ ကျွန်တော် မြင်းတောင် ကူညီလိုက်ပါသေးတယ်"

သမားတော်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ အဆိပ်ဒဏ်ရာ ရလာကြပါတယ်"

"ဟုတ်ကဲ့၊ အဲဒါကို သိလို့ ကျွန်တော် မြွေနှစ်ကောင်ဆီက အဆိပ်ဖြေဆေးကို ရအောင် ယူခဲ့ပါတယ်၊ ဒါပေမဲ့"

လူငယ်သည် စကားကို မဆက်သေးဘဲ ချိုလီတို့နှစ်ယောက်ကို ကြည့်လိုက်ပြန်သည်။

"မင်းစကားဆက်ပါဦး ငါတူရယ်"

သမားတော်ကျင်းက ပြောလိုက်သည်။

"ဒါပေမဲ့၊ မြွေနှစ်ကောင်ဆီက သိခဲ့ရတာက အမှန်တော့ သူတို့နှစ်ယောက်ဟာ ကျွန်တော့်ရန်သူ ဖြစ်နေတယ်"

ချိုလီနှင့် ငေါ့စွေရာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ နားမလည်နိုင်အောင် ဖြစ်သွားသည်။ ထို့အတူ သမားတော်ကျင်းလည်း နားမလည်ပေ။

"ဘယ်လို ရန်သူဖြစ်တာလဲကွယ်"

လူငယ်က မဲ့ပြုံး ပြုံးလိုက်လေသည်။

"လိပ်ပြာနှုတ် ဓားသမားဆိုတာ ကျွန်တော်ပဲ"

"ဩော် ဩော် ... အခု နာမည်ကြီးနေတဲ့ လူတစ်ဦးပဲ၊ ငါတူက သူတို့ကို ဘာဖြစ်လို့ ရန်သူလို့ သတ်မှတ်ရတာလဲ"

"ဒီနေ့ ကျမ်းစာအုပ်ကို သဲသဲမဲမဲ ရွာနေတဲ့လူဟာ ကျွန်တော့် ရန်သူပဲ"

သမားတော်ကျင်းက သက်ပြင်းချလိုက်လေသည်။ ချိုလီက ဘစ်စုံတစ်ခုကို ဝင်ပြောမည်ဟု ဟန်ပြင်လိုက်သည်။ သမားတော်ကျင်းက လက်ကာပြလိုက်သည်။

"အင်း ... ငါတူအနေနဲ့ မလွန်ပါဘူး၊ သူတို့ကလည်း ကျမ်းစာအုပ်နောက် လိုက်နေတယ်ဆိုတာ မှန်ပါတယ်"

"ဒါဆို ကျွန်တော်ပြောတာ အမှန်ပဲပေါ့၊ ခွင့်မလွတ်နိုင်ဘူး"

လူငယ်က ဒေါသဖြင့်ဝင်ပြောလိုက်လေသည်။ သမားတော်ကျင်းက လက်ကာပြလိုက်လေသည်။

"နေပါဦး ဒါတူရယ်၊ ဘာဘပြောတာ ဆုံးအောင် နားထောင်ပါ"

လူငယ်က ငြိမ်သွားသည်။

"သူတို့ ကျမ်းစာအုပ်ရှာတယ်ဆိုတာ လိုချင်လွန်းလို့ မဟုတ်ပါဘူး၊ ကျားသစ်ဂေဟာက ဖုန်းဟာ အတင်းအကျပ် ရှာခိုင်းတာပါ။ မရှာနိုင်ရင် ဖမ်းထားတဲ့ သူမိဘတွေကို သတ်မယ်ဆိုလို့ သူက ရှာရတာပါ"

သမားတော်ကျင်းက ချိုလီအား လက်ညှိုးထိုးပြ၍ ပြောလိုက်သည်။ လူငယ်သည် ခေတ္တမျှ ငြိမ်သက်သွားပြီး ချိုလီအနားသို့ လျှောက်သွားလေသည်။

"ခင်ဗျားက အဲဒီစာအုပ်အကြောင်း ဘယ်လောက် သိသလဲ ပြောပါ"

ချိုလီက ခေါင်းယမ်းလိုက်သည်။

"ကျွန်မ မသိဘူး"

"ဒီစာအုပ် ဘယ်သူဝိုင်တယ်ဆိုတာကော ခင်ဗျား သိသလား"

ချိုလီ ပါးစပ်ပိတ်ထားသည်။ အကယ်၍ မိမိက ဖွင့်ပြော

ဒဲ့က်လျှင် လိပ်ပြာနှုတ် စားသမားသည် ရှုဝါကိုရှာ၍ သတ်ဖြတ်မည်ကို စိုးသောကြောင့် ဖြစ်လေသည်။

"အဲဒီစာအုပ်ဝိုင်ရှင်ဟာ ဘယ်သူလဲဆိုတာ ခင်ဗျား သိသလား"

"မသိဘူး"

"ခင်ဗျား ညာတာ"

လူငယ်တစ်စုံတစ်ခုကို လုပ်ရန် ချိုလီနားသို့ တိုးကပ်သွားခဲ့။ သမားတော်ကျင်းက ကပျာကယာ တားဆီးလိုက်သည်။

"နေပါဦး ... နေပါဦး"

လူငယ်က ရပ်တန့်၍ သမားတော်ကျင်းကို ကြည့်လိုက်လေခဲ့။

"ဒီလိုပါ ဒါတူရယ် ... ဒါတူဟာ နာမည်ကောင်းနဲ့ ကျော်ကြားနေတဲ့သူတစ်ဦးပါ။ ဒီတော့ ရန်သူနဲ့မိတ်ဆွေ မခွဲခြားမိဘဲ တိုက်ခိုက်မှာကိုတော့ ဒါတူလည်း လိုလားမှာမဟုတ်ဘူး၊ ဘာဘတို့လည်း လိုလားဘူး"

သမားတော်ကျင်းသည် ထိုကဲ့သို့ ပြောပြီးသည်နှင့် ချိုလီ၏ ဘက်သို့ လှည့်လိုက်လေသည်။

"ချိုလီ ဘာဘစကားပြောတာ နားထောင်စမ်း"

ချိုလီက လူငယ်ကိုကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဘဘ"

သမားတော်ကျင်းသည် လူငယ်ဘက်သို့ လှည့်လိုက်ပြန်၏။

"ငါ့တူကို ဘဘ တစ်ခုမေးမယ်"

"ဟုတ်ကဲ့ မေးပါ"

"ငါ့တူက ကျားသစ်ဂေဟာနဲ့ ပတ်သက်နေသလား၊ မပတ်သက်ဘူးလားဆိုတာ ဘဘတို့ သိချင်တယ်၊ အဲဒါ အဓိက အချက်ပဲ"

လိပ်ပြာနှုတ်ဓားသမားသည် တစ်ချက်တွေဝေသွားလေ၏။

"ကျွန်တော် အမှန်အတိုင်းပြောမယ်"

"အေး ... ပြောပါ"

"ကျားသစ်ဂေဟာကို ကျွန်တော်မသိဘူး၊ မပတ်လည်း မပတ်သက်ဘူး၊ ဒါပေမဲ့ ကျားသစ်ဂေဟာနဲ့ ဆန့်ကျင်ဘက်အလုပ်ကို ဘယ်တော့မှ မလုပ်ပါဘူးလို့ ကတိပေးထားတာတော့ ရှိတယ်"

သမားတော်ကျင်းကအစ အားလုံးမှာ အံ့အားသင့်သွားကြပေတော့သည်။

✻

အားလုံးသည် တွေဝေနေကြသည်။ လိပ်ပြာနှုတ်ဓားသမားက ...

"ဘာလဲ ... ခင်ဗျားတို့ကိုကြည့်ရတာ ကျားသစ်ဂေဟာကို အလွန်အမင်းကြောက်နေတဲ့ ပုံသဏ္ဌာန်ပဲ ... ဘာမှ မကြောက်ပါနဲ့၊ ခင်ဗျားတို့မှာ လျှို့ဝှက်ချက်ရှိရင် ကျွန်တော့်ကိုပြောပါ"

လိပ်ပြာနှုတ်ဓားသမားက ချိုလီကိုကြည့်၍ ပြောလိုက်လေသည်။ ထိုအခါ သမားတော်ကျင်းက ...

"ကဲ ... သမီး ပြောပြလိုက်ပါ"

ချိုလီသည် အတန်တန် ချင့်ချိန်ပြီးမှ သူမ၏ ဘဝအစကို အလျင်ဆုံး ပြောလိုက်လေသည်။ ထို့နောက် ရှောင်လင်ကျောင်း၌ သိုင်းပညာသင်ရသည့် အကြောင်းနှင့် ထိုကျောင်းမှ ပြန်လာသော အခါ ကျားသစ်ဖုန်းဝှာ၏ ရက်စက်မှုများကို ဖွင့်ပြောပြသည်။

လိပ်ပြာနှုတ်ဓားသမားသည် ချိုလီ၏ ဘဝကို ကြားရသော အခါ ကျားသစ်ဖုန်းဝှာအား အလိုလို ရွံမုန်းသွားလေသည်။

"ကျွန်မဟာ ဖုန်းဝှာကို လက်မထပ်လိုဘဲ ရှောင်ပြေးနေချိန်မှာ ကျားသစ်ဂေဟာက အမျိုးမျိုးနှိပ်စက်ပြီး သတ်ဖြတ်မယ်အလုပ်မှာ လူတစ်ယောက်က ကူညီလိုက်လို့ လွတ်မြောက်လာတဲ့ မိန်းကလေး တစ်ဦးနဲ့ သွားတွေ့တယ်"

လူငယ်က အာရုံစိုက်၍ နားထောင်နေသည်။

"အဲဒီမိန်းကလေးကို ကျားသစ်ဂေဟာက ဟာကြောင့် ဖမ်းဆားသလဲဆိုတော့ ဖုန်းဝှာက သိုင်းကျမ်းကို လိုချင်လို့ပဲ၊ ဒါပေမဲ့

သူ့မိဘက သိုင်းကျမ်းစာအုပ်နဲ့ လာလဲတဲ့အခါမှာ သိုင်းကျမ်းစာအုပ်က အတုဖြစ်နေလို့ သူ့မိဘနှစ်ပါးစလုံးကို ဖုန်းဝှာက သတ်ပစ်လိုက်တယ်"

လူငယ်သည် ချိုလီအနားသို့ တိုးကပ်သွားလေသည်။ သူ၏ မျက်နှာမှာ စောစောကကဲ့သို့ ခက်ထန်တင်းမာနေခြင်း မရှိပါ။ သနားစရာ ကလေးငယ်တစ်ယောက်အသွင် ဖြစ်နေပေသည်။

"အဲဒီ မိန်းကလေးက နာမည်ဘယ်သူလဲဗျ"

လူငယ်ကိုကြည့်၍ ချိုလီသည် ဖြေသင့်မဖြေသင့် ချင့်ချိန်နေသည်။ ပြီးမှ စိတ်ကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ရှူဝါ"

ဟု ဖြေလိုက်လေသည်။

* * *

အခန်း (၂၇)

အဆိပ်ဖြေဆေး

"ရှူဝါ ... ရှူဝါ ဟုတ်လား"

လူငယ်သည် အလန့်တကြား အော်ဟစ်၍ ပြန်မေးလိုက်လေသည်။ ချိုလီ ထိတ်လန့်သွားသည်။

"ဘာဖြစ်လို့လဲရှင်"

"သူ သူ အခု ဘယ်မှာလဲ"

ထိုအခါ ချိုလီသည် ရှူဝါနှင့် အတူတကွ သွားလာလှုပ်ရှားခဲ့ပုံများ၊ နောက်တစ်ဖန် မိမိသည် ရှူဝါအား အသိမပေးဘဲ ထွက်ခွာသဖုအချိန်အထိ ပြန်မတွေ့သေးသည့်အကြောင်းများ ပြောပြလိုက်လေသည်။

"ကျွန်တော် အဲဒီအိမ်ကိုရောက်ခဲ့တယ်၊ အခု တံခါးတွေ သော့ခတ်ထားတယ်၊ ဘယ်သူ့ကိုမှ စုံစမ်းလို့ မရဘူး"

ချိုလီက မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဆို သူတို့အားလုံး ခရီးထွက်သွားလို့ပဲ ဖြစ်ရမယ်"

ချိုလီသည် ထိုကဲ့သို့ပြောပြီး လိပ်ပြာနှုတ်ဓားသမား၏ မျက်နှာကို သေသေချာချာ ကြည့်နေမိသည်။ လိပ်ပြာနှုတ်ဓားသမား သည် လူငယ်လူချောကလေးဖြစ်၏။

သို့သော် ထက်မြက်သော သိုင်းပညာရှင်တစ်ဦး ဖြစ်နေ သည်မှာ အံ့သြစရာကောင်းလှပေသည်။ ချိုလီက ထိုကဲ့သို့ ကြည့် နေရာမှ လူငယ်၏မျက်နှာသည် ရုတ်ခြည်း ညှိုးရော်သွားလေသည်။

ထို့နောက် မျက်ဝန်းအစုံမှ မျက်ရည်စများကို လှမ်းတွေ့ လိုက်ရသဖြင့် အားလုံးမှာ အံ့အားသင့်သွားလေတော့သည်။



ချိုလီက လူငယ်အနီးသို့ လျှောက်လာသည်။ ချိုလီသည် လူငယ်၏ အစ်မကြီးအရွယ် ရောက်ရှိနေပြီမို့ လူငယ်ကို သူမ၏ မောင်ငယ်အဖြစ်သာ မြင်သည်။ ထို့ကြောင့် ...

"ငါ့မောင်က ရှုဝါနဲ့ ဘယ်လိုပတ်သက်သလဲ ပြောပြပါလား"

လူငယ်သည် အံကို တင်းတင်းကြိတ်ထားလေသည်။

"ကျွန်တော့်နာမည်အရင်းကို ဘယ်တော့မှ မထုတ်ဖော်ပါ ဘူးလို့ ကတိပေးထားရတဲ့လူ ရှိတယ်။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားတို့

ကို ယုံကြည်လို့ ထုတ်ပြောပါ့မယ်"

အားလုံး စိတ်ဝင်စားသွားသည်။ လူငယ်သည် အံကို ကြိတ် ထားလိုက်ပြီးမှ ...

"ကျွန်တော့်နာမည် ထင်းကျောင်းပါ"

"ဟာ"



အားလုံး အံ့သြသွားကြလေသည်။ ချိုလီက ...

"ရှုဝါရဲ့ မောင်လေး ထင်းကျောင်း ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် ထင်းကျောင်း၊ ကျွန်တော့်အစ်မ ကြီးကို ကျွန်တော် တွေ့အောင်ရှာမယ်"

ထင်းကျောင်းဟု ထုတ်ဖော်ပြောလိုက်မှ ချိုလီသည် တစ်စုံ တစ်ခုကို သတိရသွားသည်။ ထို့ကြောင့် ထင်းကျောင်း၏ မျက်နှာကို သေသေချာချာ စေ့စေ့ကလေး ကြည့်လိုက်သည်။

"မင်းက မင်းက၊ ဘဲခြံက ဝမ်ကျောင်း မဟုတ်လား"

ထင်းကျောင်းသည် ချိုလီကို ဆတ်ခနဲ ကြည့်လိုက်၏။

"မမက ကျွန်တော့်ကို သိသလား"

ချိုလီက ပြုံးပြလိုက်လေသည်။

"မင်း မင်းက ညဘက် လာတည်းခိုသွားတဲ့ အမျိုးသမီး နှစ်ဦးရဲ့ မမှတ်မိတော့ဘူးလား၊ အဲဒီညက မြေသံလည်း ကြားရတယ်လေ"

ထင်းကျောင်းသည် ချိုလီ၏ မျက်နှာကို သေသေချာချာ ပြန်ကြည့်လေသည်။

"အဲဒီတုန်းက မမရုပ်က ရုပ်ဖျက်ထားသလား"

ချိုလီ ခေါင်းညိတ်လိုက်လေသည်။

"မမလည်း ရုပ်ဖျက်ထားတယ်၊ ရွှေဝါလည်း ရုပ်ဖျက်ထားတယ်"

"ဗျာ၊ နောက်တစ်ယောက်က မမရွှေဝါလည်း ရုပ်ဖျက်ထားတယ်"

ချိုလီ ခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့၊ ဒါထက် မမမေးပါရစေ၊ မင်းလည်း အခု ရုပ်ကို တစ်မျိုးပြောင်းထားတယ် မဟုတ်လား"

ထင်းကျောင်း ခေါင်းခါယမ်းလိုက်သည်။

"ပြောင်းထားတာ အခု မဟုတ်ဘူး၊ အဲဒီတုန်းက ပြောင်းထားတာ၊ အခုဟာက ကျွန်တော့် နဂိုရုပ်"

"ဩော်"

ထင်းကျောင်းသည် ယခုမှ သတိရသကဲ့သို့ သူ၏အိတ်ထဲမှ

အဆိပ်ဖြေဆေး နှစ်ပုလင်းကို ထုတ်လိုက်လေသည်။

"ရော့၊ အဲဒါ အဆိပ်ဖြေဆေး၊ မြွေနှစ်ကောင်ကို သတ်ပြီး ပေးလာခဲ့တာ"

ချိုလီနှင့် ဒေါ်စွေရာသည် အလွန်အမင်း ဝမ်းသာသွားလေသည်။

"မမတို့ ငါ့မောင်ကို ကျေးဇူးတင်လိုက်တာ"

ချိုလီက ဝမ်းသာအားရ ဖြောလိုက်သည်။ ချိုလီသည် အဆိပ် ဆေးပုလင်း နှစ်လုံးအနက် တစ်လုံးကို ဒေါ်စွေရာအား ပေးလိုက် လေသည်။

"ဒေါ်စွေရာ မြန်မြန်သောက်လိုက်"

သူတို့နှစ်ဦးသည် အဆိပ်ဖြေဆေးသောက်ရန် ဖွင့်လိုက်ကြသည်။

"ဟေ့ ... နေဦး"

သမားတော်ကျင်းက အလန့်တကြား ဟန့်တားလိုက်လေသည်။

✱

ချိုလီနှင့် ဒေါ်စွေရာသည် သမားတော်ကျင်းကို နားမလည်

သလို ကြည့်လိုက်လေသည်။ သမားတော်ကျင်းက ပုလင်းနှစ်လုံး
သေသေချာချာ ကြည့်လိုက်သည်။ ပုလင်းနှစ်လုံးမှာ အရွယ်တူ
နေသည်။

"ဒီပုလင်းနှစ်လုံးဟာ ဘယ်သူ့ဆီက ဘယ်ပုလင်းရခဲ့တ
ဆိုတာ ငါတူ မှတ်မိသလား"

သမားတော်ကျင်းက ထင်းကျောင်းကို မေးလိုက်ခြင်း
လေသည်။ ထင်းကျောင်းမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဟင့်အင်း ... ကျွန်တော် သူတို့ဆီက နှိုက်ယူခဲ့ပေမ
ဘယ်သူ့ဆီက ဘယ်ပုလင်းဆိုတာ မမှတ်မိဘူး"

သမားတော်ကျင်းသည် စိတ်ပျက်စွာ ခေါင်းခါယမ်းလိ
လေသည်။ ထို့နောက် သမားတော်ကျင်းသည် ချိုလီနှင့် ငေါ့စွေရာ
လှမ်းကြည့်လိုက်၏။

"နင်တို့က ဘယ်သူနဲ့ ဒဏ်ရာရတာလဲ"

ချိုလီက ရှေးဦးစွာ ငေါ့စွေရာကို မေးငေါ့ပြ၍ ...

"သူက မြွေစိမ်းနဲ့ဒဏ်ရာရတာပါ၊ ကျွန်မက မြွေနက်
ဒဏ်ရာရတာပါ"

"မြွေစိမ်းနဲ့မြွေနက်ဟာ အဆိပ်ဖြေဆေးချင်း မတူကြ
ဆိုတာ ငါသိထားရတယ်၊ ဆေးမှားရင် ချက်ချင်း သေသွားနိုင်တ
မြွေစိမ်းက အဆိပ်တစ်မျိုး၊ မြွေနက်က အဆိပ်တစ်မျိုး"

ချိုလီတို့မှာ မျက်နှာ သိသိသာသာပျက်သွားလေတော့၏။

"ဒါဆိုရင် ဒုက္ခပါပဲ"

ထင်းကျောင်းကလည်း သူ၏ခေါင်းကို ကုပ်လိုက်လေ

"ကျွန်တော် သတိမထားလိုက်မိတာ အဆိုးဆုံးပဲ"

"ဘာတတ်နိုင်မှာလဲ ... အခုလို ရလာခဲ့တာပဲ ကံကောင်း

သမားတော်ကျင်းက ပြောလိုက်သည်။

"ဘာ ဘယ်လိမ့် မခွဲခြားတတ်ဘူးလား"

သမားတော်ကျင်းသည် ပုလင်းနှစ်လုံးကို ဖွင့်၍ ဆေးများ
သေချာစွာ ကြည့်နေပေသည်။ တစ်ပုလင်းမှာ အညိုရောင်ဖြစ်
တစ်ပုလင်းမှာ အနည်းငယ် အဖြူရောင်သမ်းနေ၏။

သမားတော်ကျင်းမှာ ကျွာကယာ အိမ်သို့ ပြန်သွား၏။
ကြာမီ ဆေးကျမ်းစာအုပ် အဟောင်းတစ်ခုကို ကိုင်၍ ပြန်လာ၏။
နောက် တစ်ရွက်ပြီးတစ်ရွက် လှန်လှောရှာနေ၏။

သမားတော်ကြီးကျင်းမှာ နဖူးမှ ချွေးစေးများ ထွက်နေ
သည်။ သို့သော် သမားတော်ကျင်းသည် ခေါင်းကို ဖြည်းညင်းစွာ
သမ်းလိုက်လေသည်။

"မြွေဆိပ်မိတဲ့လက္ခဏာမျိုးတွေက မှန်ကန်နေပေမယ့် ဖြေ

ဆေး ဘယ်အရောင်မျိုးရှိတယ်ဆိုတာ တိတိကျကျ ရေးမထားဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် တစ်ပုလင်း အရင်သောက်လိုက်မယ်"

ဒေါ်စွေရာက ဝင်ပြောလိုက်သည်။

"အို ... ဘယ်ဖြစ်မှာလဲ"

ချိုလီက ကန့်ကွက်လိုက်သည်။ သမားတော်ကျင်းက ခေါင်းယမ်း၍ ...

"အကျိုးမရှိတဲ့အလုပ် မလုပ်ပါနဲ့၊ မင်းက သောက်လိုက်လို့ မှန်သွားရင် ကောင်းတယ်၊ မမှန်ရင် နှစ်ယောက်စလုံး အကျိုးမရှိဘူး"

"အဲဒီအဆိပ်နဲ့ပတ်သက်ပြီး တခြား ဘယ်လိုရေးထားသေးသလဲ၊ ကြည့်ပေးပါဦး"

ချိုလီက ပြောလိုက်သည်။ သမားတော်ကျင်းက ဆေးစာကို သေချာစွာ ပြန်လည် ဖတ်ရှုနေသည်။ ပြီးမှ ...

"အင်း ... အဆိပ်ဖြေဆေးဟာ တစ်ပုလင်းလုံး သောက်စရာမလိုဘူးကွယ်၊ အနည်းငယ် ဝမ်းထဲဝင်သွားရုံနဲ့ တစ်နာရီအတွင်း ရောဂါကျသွားနိုင်တယ်လို့ အတိအလင်း ရေးထားတာပဲ"

ဒေါ်စွေရာက ...

"ကျွန်တော်တို့ ဒီဖြေဆေးကိုမရရင် သေရမယ့်အတူတူပဲ ပုလင်းတစ်လုံးကိုတော့ ကျွန်တော် နည်းနည်းစမ်းသောက်လိုက်

မယ်၊ ဘာမှမဖြစ်ရင် အားလုံးအဆင်ပြေသွားမယ် ... ဟုတ်လား"

ချိုလီက လက်ကာပြလိုက်သည်။

"ဟင့်အင်း ... ကျွန်မ အရင်သောက်မယ်"

သမားတော်ကျင်းက သက်ပြင်းချလိုက်သည်။

"အင်း ... သတ္တဝါတစ်ခု ကံတစ်ခုပဲ၊ မင်းတို့ သင့်တော်သလို ရွေးချယ်ကြပေတော့"

သမားတော်ကျင်းသည် ထိုကဲ့သို့ပြောပြီး လှည့်ပြန်သွားသည်။

"ဒီလိုလုပ်ပါ ... ငါက ဒဏ်ကြေးဆေး အဆင်သင့် လုပ်ထားတဲ့ တစ်ယောက်ယောက်က အဆိပ်ဖြေဆေးကို နည်းနည်းကလေးမျှသောက်ကြည့်၊ ဘာမှမဖြစ်ရင် ဆက်သောက်ပေါ့၊ တစ်ခုခုဖြစ်သည်း ချက်ချင်း အန်စေတဲ့ဆေးကို ငါတိုက်မယ်"

ဒေါ်စွေရာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်သောက်မယ်"

ဒေါ်စွေရာသည် ဘယ်သူမှ မတားနိုင်မီ ဆေးတစ်ပုလင်းကို ဆောင့်ခနဲ ကောက်ယူ၍ အနည်းငယ် သောက်ချလိုက်လေသည်။

✱

ချိုလီ၊ သမားတော်ကျင်းနှင့်ထင်းကျောင်းတို့သည် အသက်မရှူရဲဘဲ ငေါ့စွေရာဏ၏အမူအရာကို စောင့်ကြည့်နေကြသည်။

"ဘယ့်နှယ်နေသေးလဲ"

သမားတော်ကျင်းက စိုးရိမ်စွာ မေးလိုက်သည်။

"ရင်ထဲမှာ အေးသွားတယ်"

သမားတော်ကျင်းက လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"ဟာ ... ဒါဆို ဆေးမှန်သွားတာ ဖြစ်မယ်၊ ဒါပေမဲ့ ခဏ စောင့်ကြည့်ပါဦး"

စောင့်ကြည့်သည်၊ ဘာမှ ဖြစ်မလာပေ။ ငေါ့စွေရာသည် ဝမ်းသာစွာဖြင့် နောက်ထပ်ဆေးအနည်းငယ်ကို သောက်ချလိုက်ပြန်လေသည်။

ထို့အတူ ချိုလီကလည်း ရဲတင်းစွာပင် နောက်ပုလင်းတစ်ထဲမှ ဆေးရည်ကို သောက်ချလိုက်တော့၏။

* * *

အခန်း (၂၈)

ဂူးမယ်တော်

ဆီးဖြူတောင် ...။

ဆီးဖြူတောင်သည် မြင့်မားသောတောင်တန်းကြီးတစ်ခုမဟုတ်ပါ။ သစ်တော၊ ဝါးတောလည်း ထူပြောခြင်း မရှိပါ။

ကျယ်ပြန့်သော တောင်ကုန်းတစ်ခုသာ ဖြစ်ပေသည်။ ထိုတောင်ကုန်းပေါ်၌ အိမ်ပေါင်း နှစ်ဆယ်ကျော်ခန့် ရှိသည်။ ရွာကလေးတစ်ရွာဟု ဆိုရမလောက်ပင်။

သို့သော် နေထိုင်သောသူများမှာ ဆင်းရဲသားများ မဟုတ်ပေ။ အေးအေးလူလူ နေထိုင်ချင်ကြသည်။ ငွေကြေးချမ်းသာသော သူများသာ ဖြစ်ပေသည်။

ကျယ်ဝန်းသော ခြံကြီးများကို ပိုင်ဆိုင်ထားကြသူများလည်း ဖြစ်ပေသည်။ ထိုဆီးဖြူတောင် ရွာ၌ အကြီးအကျယ် အခမ်းအနားဆုံး နေနိုင်သူမှာ ဂူးမယ်တော်ပင် ဖြစ်လေသည်။

ဝူးမယ်တော် ...။

နာမည်အပြည့်အစုံမှာ ကျင်ဝူးထန်ဖြစ်သော်လည်း အားလုံးက ရိုသေလေးစားကြသဖြင့် ဝူးမယ်တော်ဟုပင် ခေါ်ဝေါ်ကြသည်။

ဝူးမယ်တော်မှာ အခြေအရံ အသင်းအပင်းများစွာ ရှိသည်၊ တပည့်လက်သား စုံညီသည်။ ဝူးမယ်တော်သည် တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းပညာရှင်မကြီး တစ်ဦးဟု ဆိုလျှင်လည်း မမှားနိုင်ပေ။

ဝူးမယ်တော်မှာ ယခုအခါ အသက်ကိုးဆယ်ကျော်ပြီ ဖြစ်သော်လည်း ကျန်းမာရေးက ကောင်းတုန်းပင်။ စိတ်သဘောထား ဖြူစင်သလောက် ဒေါသကြီးသူဖြစ်သည်။ မတရားမှုကို မလိုလားမုန်းတီးသည်။

သတ္တဝါများကို ကြင်နာသနားတတ်သည်။ ဝူးမယ်တော်သည် အမြော်အမြင် ဉာဏ်ပညာနှင့်လည်း ပြည့်စုံသူမို့ ရပ်နီးရပ်ဝေးမှ ကြည်ညိုလေးစားခြင်းကို ခံရလေသည်။

✻

ဝူးမယ်တော်သည် အိမ်ရှေ့မျက်နှာစာတွင် ထွက်ရပ်၍

ကစ်စုံတစ်ယောက်ကို မျှော်နေ၏။ ထိုစဉ်မှာပင် မြင်းတစ်ကောင် ပြေးဝင်လာသည်။ မြင်းပေါ်၌ မိန်းမချောကလေးတစ်ယောက် ပါလာသည်

သူမသည် ပန်းနုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီးနောက် ကျောဉီ ဓားရှည်တစ်ချောင်း လွယ်ပိုးထားလေသည်။ မိန်းကလေးအား ဝူးမယ်တော်က မျက်မှောင်ကြုတ်၍ ကြည့်နေသည်။

မိန်းကလေးက မြင်းပေါ်မှ ဆင်းပြီးသည်နှင့် ဝူးမယ်တော်ဆီ ပြေးသွားကာ ကလေးတစ်ဦးပမာ ပြေးဖက်လိုက်သည်။

"ဘွားဘွား"

ဝူးမယ်တော်က မျက်နှာကို ခပ်တည်တည်ထား၍ ...

"ညည်း ဘယ်သွားနေတာလဲ"

"အို ... ဘွားဘွားကလည်း မျက်နှာကြီး စူထားလိုက်တာ၊ ကျွန်မ ဘယ်မှမသွားဘူး၊ တောင်ခြေက ဇရပ်မှာ သွားထိုင်နေတာ"

ဝူးမယ်တော်က မျက်စောင်းထိုးလိုက်သည်။

"ငါ မသိရင်ခက်မယ်၊ ညည်း ဟိုကောင်ကို မျှော်နေတာ မဟုတ်လား"

မိန်းကလေးက တခစ်ခစ် ရယ်လိုက်သည်။

"ဘွားဘွားဟာလေ ကျွန်မကိုတော့ မျှော်တယ်လို့ ပြောတယ်၊ ဘွားဘွားလည်း သူ့ကိုပဲ မျှော်နေတာ မဟုတ်လား"

ဝူးမယ်တော်သည် မြေးမလေးကို ဘာမှ ပြန်မဖြေဘဲ ခြေဆောင့်၍ အခန်းထဲဝင်သွားသည်။ မိန်းကလေးက တခစ်ခစ် ရယ်မောလိုက်လေသည်။

အတန်ကြာသော် မိန်းကလေးက ဝူးမယ်တော်၏ အခန်းထဲသို့ လိုက်ဝင်သွားသည်။ ဝူးမယ်တော်က မျက်စောင်းထိုး၍ လှမ်းကြည့်လိုက်သည်။

"ဘာလဲ၊ ဘာလာလုပ်ပြန်တာလဲ စွမ်းရီ"

မိန်းကလေး၏ အမည်မှာ စွမ်းရီဖြစ်လေသည်။ စွမ်းရီက ရယ်မောလိုက်သည်။

"ဘွားဘွားဟာလေ အလကားနေရင်း စိတ်တိုနေတယ်"

စွမ်းရီမှာ ပြောမယ့်သာပြောလိုက်ရသည်။ သူမကိုယ်တိုင်လည်း တစ်စုံတစ်ဦးကို မျှော်ရလွန်း၍ မောနေပေသည်။

"ဘွားဘွား"

"ဘာလဲ"

"သူက ကိုယ့်မြေးအရင်းလည်း မဟုတ်ဘဲနဲ့၊ ဘာဖြစ်လို့ ဒီလောက်တောင် သံယောဇဉ် ထားရတာလဲ"

ဝူးမယ်တော်သည် စွမ်းရီအား ဆတ်ခနဲ ကြည့်လိုက်လေသည်။

"နင် ဘယ်လိုပြောလိုက်တာလဲ၊ ငါက သူ့ကို နှင့်ထက်ပိုပြီး

သံယောဇဉ်ထားရမယ်၊ ဘာဖြစ်လို့လဲဆိုတာ နင်စဉ်းစားပေါ့"

စွမ်းရီ မျက်မှောင်ကလေး ကုပ်သွားသည်။ သူမသည် ဝူးမယ်တော်ကို ပြန်၍ ကြည့်ကာ ...

"ကျွန်မက မြေးအရင်း၊ ဒါပေမဲ့ ဘွားဘွားက သူ့ကို ပိုချစ်တယ်ပေါ့ ဟုတ်လား"

"အေး ... ဟုတ်တယ်"

ဝူးမယ်တော်သည် ထိုသို့ပြောပြီး အခြားဘက်သို့ မျက်နှာလိုက်သည်။ ဝူးမယ်တော်၏ မျက်စိထဲဝယ် အတိတ်မှ အရိပ်များ ဖြတ်ပေါ်လာလေသည်။ ကြာတော့ ကြာခဲ့ပါပြီ။

ဟိုး ... လွန်ခဲ့သော ဆယ့်ခြောက်နှစ်ခန့်က ...



ဝူးမယ်တော်နှင့် သိကျွမ်းခဲ့ဖူးသော မိတ်ဆွေမိသားစုသုံးဦးသုမထံသို့ ရုတ်တရက် ရောက်လာသည်။ ရောက်ရှိလာသူမှာ ပန်းချီအနုပညာရှင်သမား ထင်းရှုန်း ဖြစ်လေသည်။

ထင်းရှုန်းမှာ မျက်နှာမသာမယာ ရှိလာသဖြင့် ...

"ရှင်က ဘယ်လိုဖြစ်လာတာလဲ၊ လာလည်တဲ့အခါ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ"

ထင်းရှုန်းက ခေါင်းယမ်းလိုက်သည်။

"ကျုပ်မပျော်နိုင်ဘူး ကျင်ဝူးထန်"

"ဘာဖြစ်လို့လဲ"

"အကြောင်းတစ်ခု ရှိလို့ပေါ့ဗျာ"

"ရှင် မပြောနိုင်ဘူးလား"

"ဒီအကြောင်းတွေကိုတော့ ကျုပ် မပြောပါရစေနဲ့၊ ကျုပ် ပြောချင်တာက တစ်ခုပဲရှိတယ်"

"ဘာများလဲ ပြောပါ"

ထင်းရှုန်းသည် အိပ်ပျော်နေသော ဇနီးသည်နှင့် သားငယ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကျုပ်တို့ လင်မယား ကိစ္စတစ်ခုနဲ့ သွားစရာရှိတယ်၊ ကျုပ် သားလေးကို ဒီမှာအပ်ခဲ့ပါရစေ၊ ကျုပ်ပြောချင်တာကတော့ အကယ်၍များ ကျုပ် တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကျုပ်သားလေးကို ခင်ဗျား ပြုစုပျိုးထောင်ပေးပါ"

ကျင်ဝူးထန်မှာ စိတ်မကောင်းဖြစ်သွားသည်။

"ရှင် ဘာကိစ္စဆိုတာ မပြောနိုင်ဘူးလား"

ထင်းရှုန်းသည် စာအုပ်တစ်အုပ်ကို ရိုးသားစွာပင် ထုတ်ပြလိုက်လေသည်။

"ကျုပ်သမီးကို လူဆိုးတွေဖမ်းထားတယ်ဗျ၊ ဟောဒီစာအုပ်နဲ့ သွားရွေးမှာမို့ အကယ်၍များ တလွဲတချော် ဖြစ်ခဲ့ရင်"

ကျင်ဝူးထန်က ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သဘောပေါက်ပါပြီ၊ ဒီလောက် ခင်မင်ရင်းနှီးတဲ့အဆွေတွေပဲ၊ ပြောစရာမလိုပါဘူး၊ ဒီကလေးကို ကျွန်မသားမြေးရင်းကဲ့သို့ စောင့်ရှောက်ပါ့မယ်"

ထင်းရှုန်းက ကျေနပ်သွားသည်။ ထိုညက ထင်းရှုန်း စိတ်အေးလက်အေးပင် အိပ်ပျော်သွားသည်။

✱

အိပ်မပျော်သူမှာ ဝူးမယ်တော် သို့မဟုတ် သိုင်းသခင်မကြီး ကျင်ဝူးထန်။ သူမ၏စိတ်ထဲတွင် ထင်းရှုန်း၏ စာအုပ်သည် ဘာစာအုပ်များပါလိမ့်၊ ဘယ်လောက် အရေးကြီးပါလိမ့်။

ထိုစိတ်များက ဝူးမယ်ဟော်ကို နှိုးဆွနေသည်။ ဝူးမယ်တော် အိပ်မပျော်တော့ပါ။ စောစောက စာအုပ်ကလေးကို အသာအသာယူ၍ ကြည့်လိုက်သည်။

ဝူးမယ်တော် မျက်လုံးများ ဝိုင်းစက်သွားလေသည်။ ထိပ်တန်း သိုင်းပညာစု။

"ထိပ်တန်း သိုင်းပညာစု"

ဝူးမယ်တော် ကြာကြာမစဉ်းစားတော့ပါ။ ထိုစာအုပ်နှင့် အသွင်သဏ္ဌာန် တူညီလှသော စာအုပ်တစ်အုပ်ကို အစားထိုးထည့်လိုက်လေသည်။

နောက်တစ်နေ့ မိုးမလင်းမီပင် ထင်းရှုံးတို့ဇနီးမောင်နှံ ခရီးဆက်သွားလေသည်။ ကလေးကို ဝူးမယ်တော်က ပြုစုထားသည်။ ကလေးက ချစ်စရာကောင်းသည်။

ဝူးမယ်တော်သည် မတောင်းကောင်းသည့် ဆုကို ပင် တောင်းလိုက်သေးသည်။

"ထင်းရှုံး ဒီကလေးကို ပြန်မခေါ်ပါစေနဲ့"

ဟူ၍ ဖြစ်လေသည်။

ဝူးမယ်တော်၏ ဆုတောင်းပြည့်ဝသည်ဟုပဲ ဆိုရမလား၊ ဝမ်းနည်းပက်လက်ပဲ ဖြစ်ရသည်ဟု ဆိုရမလား။ မကြာမီ သတင်းဆိုးကြီးတစ်ခုကို ကြားလိုက်ရလေသည်။ ထင်းရှုံးတို့ ဇနီးမောင်နှံ အသတ်ခံလိုက်ရသည်သတင်း။

ဝူးမယ်တော် စိတ်ထဲ၌ ထူပူသွားတော့သည်။ ထင်းရှုံးတို့က လူဆိုးဟုပြောသော်သူမှာ အခြားသူမဟုတ်ဘဲ မိမိစကား နားမထောင်၍ အိမ်မှ နှင်ချထားသော တူအရင်းဖြစ်သူ ဖုန်းဇာပင် ဖြစ်တော့သည်။

ထင်းရှုံးသည် မိမိနှင့်ဖုန်းဇာ အမျိုးတော်စပ်သည်ကိုပင်

ငဲ့မသွားရှာတော့ပါ။

ဝူးမယ်တော်သည် ရက်စက်၍ သိုင်းရူး ရူးနေသော ဖုန်းဇာကို ပိုမို၍ပင် အမြင်ကတ်သွားတော့သည်။ ထို့အတူ ထင်းရှုံး၏ သားကလေး ထင်းကျောင်းကိုလည်း လွန်စွာ သနားကြင်နာသွားလေသည်။

ဖုန်းဇာသည် တဇောက်ကန်း မိုက်ရူးရဲဖြစ်သည်။ တစ်နေ့ ထင်းရှုံး၏သားလေးကိုပင်သိရှိပါက သတ်ပစ်မည့်သူ မဟုတ်ပါသား။

သည်တော့ ဝူးမယ်တော်သည် ထင်းကျောင်းကို ဝမ်းကျောင်းဟူ၍ အမည်ပြောင်းကာ မိမိ၏တပည့်ရင်းဖြစ်သူ ဝမ်တူးနှင့်အတူ ဘဲခြံသို့ ပို့ထားလေသည်။

ဝမ်တူးသည် ဝူးမယ်တော်၏ တပည့်ရင်းဖြစ်သည်။ သိုင်းပညာ ထူးချွန်သည်။ သို့သော် စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အကူအညီရစေရန် ဘဲမွေးမြူရေးလုပ်ငန်းကို လုပ်စေလျက် ဝမ်တူးအား အပ်နှံထားလိုက်သည်။

ဝူးမယ်တော် စိတ်ကူးမိသည်မှာ ထိပ်တန်းသိုင်းပညာသည် ဝမ်းကျောင်းသာလျှင် အမွေရထိုက်သည်ဟု စဉ်းစားမိသောအခါ ဝမ်းကျောင်းငယ်ရွယ်စဉ်ကပင် ဝမ်တူးအား ထိုသိုင်းပညာကို တိတ်တဆိတ် သင်ကြားပေးရန် အပ်နှံထားလိုက်သည်။

အရေးကြီးသော အစိတ်အပိုင်းများကို ဝူးမယ်တော် ကိုယ်တိုင် ဝမ်တူးမှအစ မြေးမလေး စွမ်းရီကိုပါ သင်ကြားပေးလေသည်။

ထင်းကျောင်းခေါ် ဝမ်ကျောင်းသည် မသိ၍မဟုတ် သိတတ်သော အရွယ်ဖြစ်သည်။ သူ၏မိဘတွေကို လူဆိုးများက သတ်လိုက်သည်။ သူ့အား ဝူးမယ်တော်က ကျွေးမွေးပြုစုထားမှန်း သိသည်။

သို့သော် လိမ္မာသောကလေးမို့ ဝူးမယ်တော် စိတ်မချမိမသာမဖြစ်စေရန် မည်သည့်အခါမှ မမေးပါပေ။ ဝူးမယ်တော်က ဝမ်ကျောင်းအတော်ကလေး အရွယ်ရောက်လာသောအခါ ...

"မင်းနာမည်ရင်းကို ဘယ်သူကမေးမေး မပြောရဘူး၊ ဘွားဘွားက သိုင်းပညာသင်ပေးထားတယ်လို့လည်း မပြောရဘူး၊ နောက်တစ်ချက် ကျားသစ်ဂေဟာဆိုတာ ရှိတယ်၊ အဲဒီကလူတွေနဲ့ ရန်မဖြစ်ရဘူး၊ ဘယ်လိုမှ မပတ်သက်ရဘူးဆိုတဲ့ကတိကို ဘွားဘွားကိုပေးပါ"

"ဘွားဘွားစကားကို ကျွန်တော် တစ်သက်လုံး နားထောင်မှာပါ"

"အေး ... သာဓုကွယ်၊ ငါ့မြေးလေးက လိမ္မာလိုက်တာ"

ဝူးမယ်တော်သည် ဝမ်ကျောင်းအား ဆယ့်ခြောက်နှစ်သားရွယ်အထိ ကိုယ်ဖိရင်ဖို သင်ကြားပေးသည်။ ဝမ်ကျောင်းသည် သိုင်းပညာနှင့် ပါရမီပါသော လူငယ်ကလေးဖြစ်သည်။ သူ၏ ကိုယ်ခန္ဓာအချိုးအဆစ်သည် သိုင်းပညာနှင့် အလိုက်ဖက်ဆုံး ဖြစ်နေပေသည်။

ဝမ်ကျောင်းသည် ဘဲကျောင်းရင်း သိုင်းပညာသင်ကြားနေသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မှ ဝမ်ကျောင်း သိုင်းပညာတတ်နေသည်ကို မသိရှိလိုက်ပါ။

ဝမ်ကျောင်းတစ်ယောက်တည်း မဟုတ်ပါ။ ဝူးမယ်တော်၏မြေးမလေး စွမ်းရီနှင့်အတူ သင်ကြားပေးခြင်း ဖြစ်သည်။ သို့သော် စွမ်းရီက ဝမ်ကျောင်းလောက် မထက်မြက်ပါ။

ဝမ်ကျောင်းနှင့်စွမ်းရီသည် အရွယ်လေးရောက်လာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦးလည်း ခင်မင်တွယ်တာလာခဲ့ကြသည်။

သို့သော် သွေးသားမတော်စပ်မှန်း နှစ်ဦးစလုံး၏ရင်ထဲတွင် သိရှိနေကြသဖြင့် တစ်ခါတစ်ရံ လူငယ်တို့၏စိတ်များသည် ကစားချင်ကြသည်။

စွမ်းရီသည် ပထမတော့ ဝမ်ကျောင်းကို ရိုးရိုးပင်ခင်မင်သည်။ သို့သော် ဝမ်ကျောင်းမရှိတော့သည့်အခါတွင် စွမ်းရီရင်ထဲ၌

ဟာလာခဲ့သည်။ ဘာကြောင့်ရယ်ဟု စွမ်းရီက အတိအကျ မသိသော်လည်း ဝမ်ကျောင်းကို သူမ၏မျက်စိအောက်၌သာ ရှိနေစေချင်လေသည်။

ဝမ်ကျောင်း မကြာခဏ ခရီးထွက်သည်။ အထူးသဖြင့် ဝမ်ကျောင်းသည် ထိပ်တန်းသိုင်းပညာစုကျမ်းထဲမှ လိပ်ပြာနှုတ် သိုင်းကွက်ကို တစ်နှစ်တိတိသင်ယူပြီးသည့် နောက်ပိုင်းတွင် သိုင်းလောကထဲသို့ တဖြည်းဖြည်း ဝင်ရောက်သွားခြင်း ဖြစ်သည်။

ဝမ်ကျောင်းသည် သူ၏ဘဝ တစ်စိတ်တစ်ဒေသကို မှတ်မိခံစားနေရသူ ဖြစ်သည်။ အခြားကိစ္စများကို တိတိကျကျ မသိရသော်လည်း သိုင်းလောကမှ လူအချို့သည် ထိုထိပ်တန်း သိုင်းကျမ်းစာအုပ်ကို မရသဖြင့် မိမိ၏ မိဘနှစ်ပါး အသက်ဆုံးရှုံးရသည်ကို တဖြည်းဖြည်း သိရှိလာသည်။

ထိုအခါ ဝမ်ကျောင်းသည် လိပ်ပြာနှုတ်ခားသမားအမည်ဖြင့် သိုင်းကျမ်းလိုချင်သူများအား စိတ်နာနာနှင့် သုတ်သင်ပစ်ခြင်း ဖြစ်လေသည်။



အခန်း (၂၉)

လိပ်ပြာနှုတ်၊ ဆယ်ခြောက်ကွက်

အညိုရောင် သို့မဟုတ် အုန်းခွံရောင်မြင်းကြီးသည် ဝူးမယ်တော်၏ဂေဟာခြံဝင်းအတွင်းသို့ အပြေးအလွှား ဝင်ရောက်လာလေသည်။

မြင်းပေါ်မှ ဝမ်ကျောင်း ခုန်ဆင်းလာသည်။ ဝမ်ကျောင်းအား မျက်နှာထားတင်းတင်းဖြင့် စွမ်းရီက ကြည့်နေသည်။

"နင် ဘာလို့ ပြန်လာသေးလဲ"

စွမ်းရီက နှုတ်ခမ်းစူ၍ ရန်တွေ့လိုက်သည်။ ဝမ်ကျောင်းသည် စွမ်းရီကို အနည်းငယ် ပြုံးပြ၍ အိမ်ခန်းထဲသို့ ပြေးဝင်သွားသည်။

ဝမ်ကျောင်း ပြေးဝင်သွားသည်မှာ ဝူးမယ်တော်၏ အခန်းဖြစ်သည်။ စွမ်းရီသည် ဝမ်ကျောင်းကိုကြည့်၍ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဝမ်ကျောင်း၏ မျက်နှာသည် ခါတိုင်းကဲ့သို့ ရွှင်ရွှင်ပျပျ မရှိပေ။ ခါတိုင်း သူမက နှုတ်ဆက်လျှင် ဝမ်ကျောင်းသည် သူမ၏ ပါးကို အမြဲတမ်း လိမ်ဆွဲ၍ ကျီစယ်တတ်သည်။

စွမ်းရီသည် ဝမ်ကျောင်းနောက်မှ အသာအယာ လိုက်သွားသည်။ ဝမ်ကျောင်းက ဝူးဘွားဘွား၏အနားသို့ ထိုင်နေသည်။ ဝူးဘွားဘွားက ဝမ်ကျောင်း၏ မျက်နှာအမူအရာကို ကြည့်၍ ...

"ငါ့မြေး မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

"ဘွားဘွား"

ဝမ်ကျောင်းက ခေါ်သည်။

"ပြောလေ မြေးလေး"

ဝမ်ကျောင်း၏မျက်နှာသည် သိသိသာသာ ညှိုးနွမ်းနေပေသည်။ စွမ်းရီသည် ဝမ်ကျောင်းနှင့် ဝူးမယ်တော်ကို အကဲခတ် ကြည့်ရှုရင်း ခပ်လှမ်းလှမ်း၌ ထိုင်နေသည်။

"ကျွန်တော် တစ်ခု မေးပါရစေ ဘွားဘွားရယ်"

ဝူးမယ်တော် စိတ်ထဲ၌ စိုးရိမ်သွားသည်။ ဝမ်ကျောင်း မည်သည့်သတင်းမျိုးများ ကြားလာပါလိမ့်ဟု တွေးတောမိလိုက်သည်။

"ဘာမေးမှာလဲ ငါ့မြေးရယ်"

"ဘွားဘွား ... ကျွန်တော့်ကို အမှန်အတိုင်းပြောပါ"

"ငါ့မြေးက ဘာသိချင်လို့လဲ"

"ကျွန်တော့်မိဘတွေကို သတ်ပစ်လိုက်တာ ဖုန်းဝှာ မဟုတ်ဘူး၊ ကျားသစ်ဂေဟာကလေ"

ဝူးမယ်တော် မျက်နှာပျက်သွားလေတော့သည်။ဝူးမယ်တော်က ဣန္ဒြေဆယ်၍ ပြုံးလိုက်သည်။

"ငါ့မြေးကို ဘယ်သူက ပြောသလဲ"

"ကျွန်တော် စုံစမ်းလို့ သိလာရတယ်"

ဝူးမယ်တော်က သက်ပြင်းချလိုက်လေသည်။

"ငါ့မြေးကို ဘွားဘွား တစ်ခုပြောပါရစေ"

"ပြောပါ ဘွားဘွား"

"အဟောင်းကို အသစ်မလုပ်ချင်ပါနဲ့ ငါ့မြေးရယ်"

"ဘွားဘွား"

"အင်း ... ပြော"

"ကျွန်တော့်မိဘကို သတ်တဲ့လူ၊ ကျွန်တော့်အစ်မကို စော်ကားတဲ့လူကို ကျွန်တော်က ဒီလိုပဲ လက်ပိုက်ကြည့်နေရမှာလား"

ဝူးမယ်တော်က မျက်လုံးဝိုင်းသွားလေသည်။

"ဘယ်လို ဘယ်လို ... မင်းအစ်မကို စော်ကားတယ် ဟုတ်လား"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒီကိစ္စ ဘွားဘွားသိမှာပါ"

ဂူးမယ်တော် ပြန်စဉ်းစားကြည့်သည်။ ထင်းရှန်း ပြောသွား သည့်စကားထဲတွင် သူ့သမီးတစ်ယောက်နဲ့ စာအုပ်သွားလဲရမည် ဆိုသည့်စကားတော့ ပါရှိခဲ့သည်။

နောက်ပိုင်း၌ သူတို့လင်မယား အသတ်ခံရသည့် သတင်း သာ ကြားရသည်။ သူ့သမီးကိစ္စကို ဂူးမယ်တော် ထည့်မတွက်ခဲ့မိပေ။

"မင်းရဲ့အစ်မသတင်းကို ဘယ်လိုကြားလို့လဲ ငါ့မြေးရယ်"

ဝမ်ကျောင်းသည် အံကို တင်းတင်းကြိတ်ထားလိုက်လေ သည်။

"ဖုန်းဝှာက အဖေနဲ့အမေကို သတ်ပြီးတဲ့အပြင် ကျွန်တော့် အစ်မကို အရှက်ကွဲ အကျိုးနည်းဖြစ်အောင် စော်ကားတယ်၊ နောက် သတ်ဖို့သင်္ချိုင်းကို ခေါ်သွားတယ်၊ ဒါပေမဲ့ ကယ်တဲ့လူရှိလို့ အစ်မက အသက်ချမ်းသာသွားတယ်"

ဂူးမယ်တော်သည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ဝမ် ကျောင်းကို ကြည့်လိုက်သည်။

"မင်းအစ်မနဲ့ တွေ့ခဲ့လို့လား"

ဝမ်ကျောင်းက ခေါင်းယမ်းလိုက်သည်။

"ခုထိ မတွေ့ရသေးဘူး၊ ဒါပေမဲ့ သူ့ရဲ့မိတ်ဆွေနဲ့ တွေ့

တော့ ကျွန်တော့်အစ်မဟာ ရှိနေတယ်ဆိုတာ သိရတယ်"

ဂူးမယ်တော်မှာ မျက်နှာ လွန်စွာညှိုးနွမ်းသွားသည်။

"မသေရင် ပြန်တွေ့ရမှာပေါ့ ငါ့မြေးရယ်၊ ပြီးခဲ့တဲ့ကိစ္စတွေ ကို မေ့ထားလိုက်ပါတော့"

"ကျွန်တော် မမေ့ဘူး ဘွားဘွား၊ ဖုန်းဝှာကို သတ်ရမှ ကျေ နပ်မယ်"

ဂူးမယ်တော် ထိတ်လန့်သွားသည်။ ဂူးမယ်တော်သည် စွမ်းရီ၏မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

"ငါ့မြေး ဘွားဘွားကို ပေးထားတဲ့ကတိ မေ့သွားပြီလား"

ဝမ်ကျောင်းက ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်မမေ့ပါဘူး ဘွားဘွား၊ ဖုန်းဝှာကိုသတ်ရမှ ကျေ နပ်မယ်၊ ဘွားဘွားပြောတာ မမေ့ပါဘူး၊ ဖုန်းဝှာကို ရန်မဖြစ်ရဘူး၊ အံမတုရဘူးလို့ ဘွားဘွားက ဘာဖြစ်လို့တားတာလဲ၊ အဲဒါ အမှန် အတိုင်းပြောပါ"

ဂူးမယ်တော်သည် မျက်ဝန်းမှ မျက်ရည်စများ ရစ်သိုင်းလာ သည်။ ခပ်လှမ်းလှမ်းမှ ထိုင်နေသော စွမ်းရီပင် အံ့အားသင့်သွားလေ သည်။ အဘယ်ကြောင့်ဆိုသော် ဘွားဘွားသည် စိတ်ခက်ထန်သည်၊ ဒေါသကြီးသည်၊ မာကျောသော အသည်းနှလုံးရှိသူဖြစ်သည်။

မည်သည်အခါမှ မျက်ရည်မကျဖူးပေ။ တစ်လျှောက်လုံး

မျက်ရည်ကျမည့် ဘွားဘွားမဟုတ်ဟု စွမ်းရီထင်ထားသည်။ ယခု ဝူးဘွားဘွား မျက်ရည်ကျလာသည်။

"မင်း ... ဘွားဘွားစကားကို နားမထောင်တော့ဘူးပေါ့ ဟုတ်လား"

ဝမ်ကျောင်းသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ဒေါသကို မျိုသိပ်ထားလေသည်။

"ဘာကြောင့် ဖုန်းဝှာကို ရန်မဖြစ်ရဘူးလို့ ဘွားဘွားက ပြောနေတာလဲ ပြောပြပါ"

"မင်း ... ဖုန်းဝှာကို အံတုရင် သေသွားမှာပေါ့"

ဝမ်ကျောင်းက ဝူးဘွားဘွားကို အံ့သြစွာ ကြည့်လိုက်သည်။

"လိပ်ပြာနှုတ်သိုင်းကွက်ဟာ ဘယ်သူမှ ယှဉ်လို့ မရဘူးဆို ဖုန်းဝှာက ကျွန်တော့်ထက် အများကြီး သာနေတာပေါ့ ... ဟုတ်လား"

ဝူးဘွားဘွားက ပင့်သက်ချလိုက်သည်။

"မင်း မသိတာတွေ အများကြီး ရှိသေးတယ် ဒါမြေးရယ်"

"ဘွားဘွားက ပြောမပြနိုင်ဘူးလား"

"ဘွားဘွားပြောတာကို မင်းက နားထောင်မှပေါ့၊ ဖုန်းဝှာကို မင်းရန်မရှာနဲ့ဆိုတဲ့စကားဟာ အကြောင်းမဲ့ ဘွားဘွားက ပြောနေတာမှ မဟုတ်ဘဲ"

ဝမ်ကျောင်းက သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဖုန်းဝှာကို သတ်ပစ်ချင်တာကလွဲပြီး ကျန်တာအားလုံး ဘွားဘွားရဲ့ စကားကို နားထောင်ပါ့မယ်"

"ဘွားဘွားပြောချင်တာကလည်း ဖုန်းဝှာကို မယှဉ်ပြိုင်ဖို့ ကျန်တာအားလုံး မင်းလုပ်နိုင်တယ်"

ဝမ်ကျောင်းသည် ခေါင်းယမ်း၍ သက်ပြင်းချလိုက်သေးသည်။

"ကျွန်တော် ဘာမှ မစဉ်းစားတတ်ဘူး"

"မစဉ်းစားဘဲနေရင် ဝိုကောင်းတာပေါ့ ဒါမြေးရယ်"

✱

ဝူးမယ်တော်၏ ဂေဟာသည် ကျယ်ဝန်းလှသည်။ ကြီးမားသော ခြံကျယ်ကြီးထဲတွင် သစ်ပင်ပန်းမန်များစွာ စိုက်ပျိုးထားသောကြောင့် ကြည်နူးစရာ ကောင်းလှပေသည်။

ပတ်ဝန်းကျင်က ကြည်နူးစရာ ကောင်းသော်လည်း ဝမ်ကျောင်း၏စိတ်က မကြည်နူးပါ။ ဝမ်ကျောင်းသည် ခုံတန်းလျားတစ်ခုတွင် ဆိုင်၍ သူ၏ဘဝကို တွေးတောနေပေသည်။

သူ့ဘဝသည် ထင်ထင်ရှားရှား ပေါ်မလာပါ။ သူသည် ငယ်

စဉ်ကလေးဘဝကတည်းက ဝူးဘွားဘွား၏လက်ပေါ်၌ ကြီးပြင်းလာရသည်။ မိဘနှစ်ပါးကို ခပ်ရေးရေးသာ မျက်စိထဲ၌ မြင်ယောင်နေသည်။ ကျန်တာ ဘာမှမသိ။

ဝို၍အစဉ်းစားရကျပ်နေသည်မှာ ဝူးဘွားဘွားသည် အဘယ်ကြောင့် ဖုန်းဝှာကို ရန်မဖြစ်ရဟု ပြောထားသော အချက်မှာ ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေသည်။

ဖုန်းဝှာသည် သိုင်းလောကၭ် တကယ်ပင် ဘုရင်တစ်ဆူ ဖြစ်နေ၍လား။ မည်သို့ပင်ဖြစ်ပါစေ မိမိသည် ဖုန်းဝှာကို တိုက်ခိုက်ရမည်သာ ဖြစ်သည်။

ကျားသစ်ဂေဟာကို ယှဉ်ပြိုင်မည်၊ အံတုမည်၊ ဝမ်ကျောင်စိတ်ကို ဆုံးဖြတ်ထားလိုက်၏။

✱

စွမ်းရီသည် ဝမ်ကျောင်းရှိရာသို့ ရွှေ့ကလေး လမ်းလျှောက်လာသည်။

"ဝမ်ကျောင်း"

စွမ်းရီက ခေါ်လိုက်ပြီး သူ့အနား ဝင်ထိုင်လိုက်သည်။ ဝမ်ကျောင်းသည် စွမ်းရီ သူ့အနားတွင် ပူးကပ်စွာ လာရောက်ထိုင်လိုက်

သည်နှင့် သူ၏စိတ်များသည် လူပ်ရှားသလို အမြဲခံစားသွားရသည်။

ယခင်က ဤကဲ့သို့ စိတ်ထားမျိုး မရှိခဲ့သော်လည်း ယခုသက်ကြီးပြင်းလာသောအခါ သွေးသားမတော်စပ်သည့် မိန်းကလေးက ပွတ်သီးပွတ်သပ် လုပ်လာသောအခါ သူ၏စိတ်များက သိုလို လူပ်ရှားလာသည်။

"ဝမ်ကျောင်း ... နင်ဘာတွေ တွေးနေတာလဲ"

ဝမ်ကျောင်းက စွမ်းရီကို ပြုံးပြလိုက်သည်။

"ဘာမှ မဟုတ်ပါဘူးဟာ"

"ငါသိပါတယ်၊ နင့် မိဘတွေအကြောင်း တွေးနေတာ မဟုတ် လား"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့၊ ငါ့ရင်ထဲမှာ အဲဒီအချက်ဟာ စိတ်အထိခိုက်ဆုံးပဲ၊ နင့်သူကို တွေ့လျက်သားနဲ့ ဘွားဘွားက ဘာလို့ တားမြစ်ထားတယ် ဆိုတာ ဝိုပြီးတော့ စဉ်းစားရကျပ်နေတယ်"

"ငါထင်တာတော့ ဘွားဘွားက နင်ဒုက္ခရောက်သွားမှာစိုးလို့ တားမြစ်ထားတာပဲလို့ ထင်တယ်"

ဝမ်ကျောင်းက ခေါင်းယမ်းလိုက်သည်။

"ဒီအကြောင်းတစ်ခုထဲနဲ့တော့ ဟုတ်မယ်မထင်ဘူး"

စွမ်းရီက ငိုင်၍ စဉ်းစားနေသည်။

"နောက်တစ်ခုက နှင့်ပညာက နုသေးလို့ မယုံပြိုင်စေချင် တာလည်း ဖြစ်မှာပေါ့"

ထိုအခါ ဝမ်ကျောင်း တစ်ချက်စဉ်းစားမိသွားသည်။ ဝူးဘွား ဘွားက ပြောထားဖူး၏။ လိပ်ပြာန္ဓတ်သိုင်းကွက် ဆယ့်ခြောက်ကွက် ရှိသည့်အနက်၊ ဆယ်ကွက်သာ မိမိအား သင်ကြားပေးထားသည်။

ကျန်သော ခြောက်ကွက်ကို နောက်ထပ်သင်ကြားပေးဦး ပါက သိုင်းလောကၭ အထွဋ်အထိပ်သို့ရောက်ပြီဟု ပြောကြားမှု သည်။

ထိုခြောက်ကွက်ကို မည်သည့်အတွက် မသင်ကြားပေး သေးပါသနည်း။ ဝမ်ကျောင်းသည် ထိုင်ရာမှ ဆတ်ခနဲ ထသွားလေ သည်။



ဝူးဘွားဘွားက ငြိမ်သက်စွာ တရားထိုင်နေသည်။ ထို့ ကြောင့် ဝမ်ကျောင်းသည် တစ်နေရာၭ ထိုင်၍ စောင့်နေ၏။ အတန် ကြာသော် ဝူဘွားဘွားက လှည့်ကြည့်လိုက်၏။

"ငါမြေး ဘာပြောချင်လို့လဲ"

"ကျန်တော့်ကို ဆက်ပြီး သိုင်းပညာသင်ပေးပါ ဘွားဘွား"

ဝူးဘွားဘွားက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။

"ဘာလဲ ... လိပ်ပြာန္ဓတ်သိုင်းကွက် ဆယ့်ခြောက်ကွက်ထဲ က ကျန်တဲ့ခြောက်ကွက်ကို ပြောတာလား"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝူဘွားဘွား သက်ပြင်းချလိုက်လေသည်။

"အဲဒီသိုင်းကွက်ဟာ အနည်းဆုံး ခြောက်လလောက် ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ သင်ရမယ်လူလေး၊ လူလေး ဘာလို့ ဒီလောက်တောင် လောနေရတာလဲ"

"ဘာလဲ ... ဘွားဘွားက ကျန်တော့်ကို မသင်ပေးချင်လို့ လား"

ဝူးမယ်တော်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"အချိန်မကျသေးလို့ပေါ့ကွယ်၊ တစ်နေ့ သင်ပေးမှာပေါ့"

ဝမ်ကျောင်းသည် ထိုစကားကို မကျေနပ်ပေ။

"ဘာလဲ ဘွားဘွားက ကျန်တော် ကျားသစ်ဂေဟာကို ယှဉ် ပြိုင်မှာစိုးလို့ မသင်ပေးတာ မဟုတ်လား"

ဝူဘွားဘွားသည် ဝမ်ကျောင်းအား ဆတ်ခနဲ ကြည့်လိုက်

လေ၏။ ထို့နောက် ဘာမှ ပြန်မဖြေဘဲ သက်ပြင်းချလိုက်လေသည်။

✻

ကျားသစ်ဂေဟာသို့ မြင်းတစ်ကောင် ဝင်ရောက်လာ၏။ မြင်းပေါ်တွင် လူတစ်ယောက် လိုက်ပါလာ၏။ ထိုလူမှာ အကောင်းပကတိတော့ မဟုတ်ပါ။ တစ်ကိုယ်လုံး ဒဏ်ရာပေါင်း မြောက်မြားစွာဖြင့် လိုက်ပါလာခြင်း ဖြစ်လေသည်။

ကျားသစ်ဂေဟာမှ လူများက မြင်းကို ဖုန်းဝှာထံသို့ ဆွဲခေါ်သွားလေသည်။ မြင်းပေါ်မှလူမှာ သွေးခြင်းခြင်း နီနေ၏။ ဖုန်းဝှာရှေ့သို့ ရောက်သည်နှင့် မြင်းပေါ်မှလူလည်း အရုပ်ကြိုးပြတ် လိမ့်ကျသွားလေသည်။

ဖုန်းဝှာက ပြေး၍ ကြည့်လိုက်သည်။ မျက်နှာ ကွက်ခနဲ ပျက်သွား၏။ ကြေးစားလူမိုက် ရွှေလက်ဝါး စန်းထုကို။ စန်းထုကိုသည် အသက်ငွေ့ငွေ့သာ ရှိတော့သည်။ ဖုန်းဝှာက ခေါင်းကို ဆွဲမော့လိုက်၏။

"ပြောစမ်း ... ဘယ်သူလဲ"

စမ်းတုကျိသည် ပါးစပ်မှ မဝိမသ တိုးတိုးကလေး ပြောနေသည်။ ဖုန်းဝှာက **အသေအချာ** နားကပ်ထောင်သည်။

"ပုဆိန် ပုဆိန်သိုင်းသမား"

စန်းတုကျိသည် ထိုစကားကို အားယူ၍ ပြောရင်း ငြိမ်သက်သွားတော့သည်။ ဖုန်းဝှာ မတ်တတ်ရပ်လိုက်သည်။

"ပုဆိန် သိုင်းသမား"

ဖုန်းဝှာသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

"ပုဆိန်သိုင်းသမားဆိုတာ ဘယ်သူပါလိမ့်"

ဖုန်းဝှာ တွေးတော၍ မရပေ။ ပုဆိန်သိုင်းသမားသည် သေသူဖြစ်သနည်း။ မိမိတို့နှင့် မည်ကဲ့သို့ ပတ်သက်လာပါသနည်း။

ဖုန်းဝှာသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေရင်းမှ **ဖေစီး**ဘန်ကို လှမ်းခေါ်လိုက်လေသည်။ ယခုအခါ ဖေစီးထန်သည် သူ၏ ညာလက်ရုံး ဖြစ်နေ၏။

"ဖေစီးထန်"

"ပြောပါ သခင်ကြီး"

"ပုဆိန်သိုင်းသမားဆိုတာ ဘယ်သူလဲ"

ဖေစီးထန်က စဉ်းစားလိုက်သည်။ သူသည် အနယ်နယ်၌ ကျက်စားခဲ့ဖူးသည့် သိုင်းသမားတစ်ဦး ဖြစ်သည်။ ဟိုကျန်းနယ်ကို ရောက်စဉ်က ကစားဝိုင်းတစ်ဝိုင်းတွင် ထိုနာမည်ကို ကြားခဲ့ဖူး၍ စံစမ်းသည့်အခါ ပုဆိန်သိုင်းသမားကို ဖေစီးထန် သိခဲ့ရသည်။

"ပုဆိန်သိုင်းသမားဆိုတာ ဟိုကျန်းမြို့ကပဲ၊ သူက ကစား

သမားတစ်ယောက်ပါ”

ဖုန်းဝှာသည် မျက်မှောင်ကြုတ်ရင်း နားထောင်နေ၏။

“ကစားသမားက ဘာလို့ လာပတ်သက်နေတာလဲ၊ စန်းဇကျိန့် ဘယ်လိုလုပ် တွေ့သွားပါလိမ့်”

ဖေစီးထန်က စဉ်းစားသည်။

“ဒီကောင်က ရှောင်လင်ကျောင်းထွက်တစ်ဦးပဲ”

ဖုန်းဝှာ စဉ်းစားရင်းမှ မျက်ခုံးနှစ်ခု အပေါ်သို့ မြင့်တက်သွားသည်။

“ရှောင်လင်ကျောင်းထွက်ဆိုရင် ချီလီနဲ့ ပညာသင်ဖက် ဖြစ်ရမှာပေါ့၊ ချီလီက ...”

ဖုန်းဝှာသည် သူ၏စကား မဆုံးမီ သတိရရှိသွားတော့၏။

“ဟုတ်ပြီ ဟုတ်ပြီ ... မြွေနှစ်ကောင်က ဒုက္ခပေးလိုက်တဲ့လူပဲ၊ ငါ အခုမှ သတိရတယ်၊ မြွေနှစ်ကောင်ကိုလည်း သူက ပုဆိန်နဲ့ တိုက်ခိုက်သေးတယ်၊ ဒါပေမဲ့ မြွေစိမ်းနဲ့မြွေနက်က ပြောတော့ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ဘူးဆိုပြီး အခု ဘာလို့ အသက်ပြန်ရှင်လာရတာလဲ၊ ဒီကောင်တွေ ဖြေဆေးပေးလိုက်ပြီနဲ့တူတယ်”

ဖုန်းဝှာက ပြောလိုက်သည်။ ဖေစီးထန်က ခေါင်းယမ်းလိုက်သည်။

“မြွေစိမ်းနဲ့ မြွေနက်က ဒီလိုလူစားမျိုးတော့ မဟုတ်ဘူး”

ဖုန်းဝှာက ဆတ်ခနဲ ကြည့်လိုက်သည်။

“မင်းပြောလို့ရသလား၊ ကြေးစားဆိုတာ ငွေများများ ရဖို့ပဲ စဉ်းစားတတ်တာ တွေ့သေးတာပေါ့”

ဖုန်းဝှာက ကြိမ်းဝါးလိုက်လေသည်။ ထိုစဉ် ကျားသစ်ဇာဟာ၏ အစောင့်များသည် အိတ်ကြီးတစ်လုံးကို ဆွဲလာလေသည်။ ဖုန်းဝှာက မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

“ဘာလဲ”

တံခါးစောင့်က ...

“ဘယ်က လက်ဆောင်ပေးလိုက်တာလဲ မသိဘူး၊ ဇေဟာရှေ့မှာ တွေ့ရတာပဲ”

“ဖြေစမ်း”

တံခါးစောင့်က အထုပ်ကို ဓားနှင့် ခွဲချလိုက်သည်။

“ဟာ”

ဖုန်းဝှာပင် အံ့သြထိတ်လန့်သွားလေတော့သည်။

✻

အထုပ်ကြီးထဲမှ လူနှစ်ယောက်ထွက်ပေါ်လာသည်။ နှစ်ဦးစလုံး အသက်မရှိတော့ပါ။ ဖုန်းဝှာ၏ မျက်နှာသည် ရုတ်ခြည်းပင်

ခက်ထန်နိုမြန်းသွားလေတော့သည်။

မြေစိမ်း၊ မြေနက်။ မြေနှစ်ကောင်၏ အလောင်းများ ဖြစ်လေသည်။ ဖုန်းဝှာသည် တစ်ချိန်တည်းမှာ သူ၏ ကြေးစား သုံးယောက်၏ အလောင်းများကို တွေ့လိုက်ရသဖြင့် တစ်ချက် တုန်လှုပ်သွားသည်။

မြေနှစ်ကောင်ကို မည်သူက သတ်သနည်း။ ပုဆိန်သိုင်းသမားသာ ဖြစ်ရမည်ဟု စဉ်းစားမိလိုက်သည်။ ထိုစဉ် ဖေစီးထန်က မြေနှစ်ကောင်၏ အလောင်းကို ကြည့်နေရာမှ တစ်စုံတစ်ခုကို မြင်သွားလေသည်။

ထို့နောက် ဖေစီးထန်သည် ထိုအရာကိုယူ၍ ဖုန်းဝှာအား လှမ်းပေးလိုက်လေသည်။ ဖုန်းဝှာသည် မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

"လိပ်ပြာရုပ်"

ဟု ပါးစပ်မှ တိုးတိုးကလေး ပြောနေ၏။ ဖေစီးထန်က ...

"ဒါဟာ လိပ်ပြာနှုတ်ဓားသမားရဲ့ လက်ချက်ပဲ"

ဟု ပြောလိုက်လေသည်။

✱

ဖုန်းဝှာသည် တဖြည်းဖြည်း ရှုပ်ထွေးလာသောအကြောင်းများကို တွေးတောစဉ်းစားနေသည်။ အမှန်စင်စစ် မြေနှစ်ကောင်ကို သွတ်ထားသည်မှာ ကျမ်းစာအုပ်ကိစ္စသာလျှင် ဖြစ်သည်။ မြေနှစ်ကောင်နှင့် လိပ်ပြာနှုတ် ဓားသမား မည်ကဲ့သို့ ပတ်သက်သွားပါသနည်း။

ဖုန်းဝှာ တစ်ချက်တွေးတောမိပြန်သည်မှာ ...

သူသည် တုံးလီတို့လင်မယားနှစ်ယောက်ကို ကိစ္စတုံးပစ်ရန် အမိန့်ပေးလိုက်သည်။ ယခု မြေနှစ်ကောင် သေသွား၏။ တုံးလီတို့လင်မယားကို သတ်ပစ်နိုင်ပါ၏လော။

သို့မဟုတ် တစ်စုံတစ်ယောက်က ကယ်ဆယ်ပြီး မြေနှစ်ကောင်ကို သတ်ပစ်လိုက်ခြင်းပေလော။ ဤအတိုင်းမှန်လျှင် ထိုတစ်စုံတစ်ယောက်သည် လိပ်ပြာနှုတ် ဓားသမားဖြစ်ရမည်ဟု တွေးတောပြန်သည်။

ထိုသို့ တွေးတောနေစဉ် ခြံဝင်းထဲသို့ မြင်းလှည်းတစ်စီး ဝင်လာသည်။ မြင်းလှည်းပေါ်၌ ဘဲများ တင်ဆောင်လာ၏။ ဖုန်းဝှာသည် ခါတိုင်း ဘဲလာပို့သော မြင်းလှည်းမဟုတ်သဖြင့် စားဖိုမှူးကို အခေါ်ခိုင်းလိုက်လေသည်။

မကြာမီ စားဖိုမှူး ရောက်ရှိလာ၏။

"ခါတိုင်း ဘဲရောင်းတဲ့လူ မဟုတ်တော့ဘူးလား"

ဖုန်းဝှာက မေးလိုက်သည်။ စားဖိုမှူးက ...

"မလာတော့ဘူး၊ ဟိုတစ်နေ့က မြွေနှစ်ကောင် ခေါ်သွား ပြီးကတည်းက မလာလို့ ဘဲခြံကိုလိုက်သွားတော့လည်း ဘဲခြံက မီး လောင်ပျက်စီးနေတယ်၊ ဘဲလာပို့တဲ့ ဝမ်တူးဆိုတဲ့ကောင်လည်း မရှိ တော့ဘူး"

ဖုန်းဝါက စဉ်းစားရင်းမှ ...

"နေစမ်းပါဦး ... မြွေနှစ်ကောင်က ဘာလို့ ခေါ်သွားတာ လဲ"

စားဖိုမှူးက တုံးလီတို့ လင်မယားကို တင်ဆောင်သွားသည့် အကြောင်းများကို ပြောပြလိုက်လေသည်။ ဖုန်းဝှာမှာ မြွေနှစ်ကောင် ၏ လုပ်ဆောင်ချက်ကို နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

သူသည် ဖေစီးထန်အား ကြည့်လိုက်လေသည်။

"မင်း အဲဒီအကြောင်းတွေ အမြန်စုံစမ်းပါ"

ဟု ပြောလိုက်လေတော့၏။



အခန်း (၃၀)

ဖုန်းဝှာနှင့်လိပ်ပြာနှုတ်ဓား

ဝါးကောက်ကျေးရွာ ...။

ဝါးကောက်ကျေးရွာသည် ချင်တူးမြို့ နှင့် ဝေးကွာလှခြင်း ရှိပါပေ။ ငေါ့စွေရာနှင့် ချိုလီတို့သည် ရောဂါဝေဒနာသက်သာသည် နှင့် ချင်တူးမြို့သို့ ထွက်လာခဲ့သည်။

ထိုစဉ်မှာပင် ရွှေလက်ဝါးစန်းထုကျိနှင့် တွေ့ဆုံခဲ့၏။ ချိုလီ နှင့် ငေါ့စွေရာတို့သည် ရွှေလက်ဝါးစန်းထုကျိအား ကျားသစ်ဂေဟာ မှ ဝှားရမ်းထားသောကြေးစားမှန်း သိရှိ၍ သူမတို့၏မိဘနှစ်ပါးအ ကြောင်း မေးမြန်းရာ ရွှေလက်ဝါးစန်းတုကျိသည် ရန်သူထင်မှတ်၍ တိုက်ခိုက်လေရာ ငေါ့စွေရာသည် သူ၏ပုဆိန်ဖြင့် ပြန်လည် တိုက်ခိုက် ထွက်လိုက်သဖြင့် ဒဏ်ရာရကာ သေဆုံးသွားခြင်း ဖြစ်လေသည်။

ယခု သူတို့နှစ်ဦးသည် ချင်တူးမြို့ တည်းခိုခန်းတစ်ခု၌ ရောက်ရှိနေပေသည်။ ပဏမတွင် ချိုလီက သူမ၏မိဘနှစ်ပါးသတင်း

ကို ကျိတ်၍စုံစမ်းသော်လည်း ကျားသစ်ဂေဟာနှင့်ပတ်သက်လာလျှင် မည်သူ့ကိုမှ တိတိကျကျ မေးမရပေ။

သူတို့နှစ်ဦးသည် စိတ်ပျက်စွာဖြင့် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာလေသည်။

"ဘာဆက်လုပ်ရင် ကောင်းမလဲ ဒေါ်စွေရာ"

ချိုလီက ဒေါ်စွေရာထံ၌ အကြံဉာဏ် တောင်းလိုက်၏။

"နင် ဘာလုပ်ချင်လို့လဲ"

ချိုလီက စဉ်းစဉ်းစားစားဖြင့် ...

"အခုအတိုင်းဆိုရင် ကျွန်မဟာ မြွေနှစ်ကောင် လက်ချက်နဲ့ မသေမှန်းလည်း သိသွားမှာပဲ၊ နောက်ပြီး ရှင့်လက်ချက်ဆိုတာလဲ ရွှေလက်ဝါးစန်းတုကျိုက မပြောဘဲ နေမှာမဟုတ်ဘူး၊ ဒီတော့ အလေနဲ့အမေကိုလည်း သူတို့က"

ချိုလီမှာ စကားဆုံးအောင် မပြောနိုင်ပါ။ စိတ်ထဲတွင် ပူပင်သောက ကြီးမားစွာ ခံစားနေရလေသည်။

"ဘာပဲဖြစ်ဖြစ် ငါသွားဝင်တိုက်မယ်"

ဒေါ်စွေရာက ပြောလိုက်သည်။ ချိုလီက ...

"အို ... ဒီလို တစ်ဇွတ်ထိုး မပြောနဲ့၊ လုပ်လည်းမလုပ်ရဘူး ကျွန်မတို့ သေတွင်းထဲ ခုန်ဆင်းသွားတာနဲ့ အတူတူပဲ ဖြစ်သွားမှာပေါ့"

သူတို့ ထိုကဲ့သို့ တွေးတောစဉ်းစားနေစဉ် ဆိုင်ထဲသို့ ဝင်လာသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဝမ်ကျောင်း ဖြစ်လေသည်။

ဝမ်ကျောင်းက ချိုလီကို တွေ့သည်နှင့် အကျိုးအကြောင်း မေးမြန်းလေသည်။ ချိုလီက သူ့မိဘအခြေအနေကို မသိရသေးကြောင်း၊ ဒီကြားထဲ ရွှေလက်ဝါးစန်းတုကျိုနှင့် တိုက်ခိုက်ရာမှာ ရွှေလက်ဝါးစန်းတုကျိုက ဒဏ်ရာနှင့် ပြေးသွားကြောင်း။

ထို့ကြောင့် ယခုအခါ ဖုန်းဝါသည် မိမိတို့ လက်ချက်မှန်း သိသွားသည်နှင့် မိမိ၏ မိဘနှစ်ပါးကိုလည်း သတ်ပစ်မှာ အမှန်ပင် ဖြစ်ကြောင်း ပြောလေသည်။

ဝမ်ကျောင်းမှာ အတော်ကြာအောင်ပင် ငိုင်သွားတော့သည်။ သူ၏ ကျေးဇူးရှင် ဝူးမယ်တော်ကလည်း ကျားသစ်ဂေဟာကို ရှန်မလုပ်ရန် အမျိုးမျိုး တားမြစ်ထားသည်။

ချိုလီ၏ ကိစ္စကို မိမိက ဝင်ရောက်စွက်ဖက်ပါက မုချပင် ဖုန်းဝါနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဝမ်ကျောင်းသည် စဉ်းစားတွေးတောနေ၏။ သူ၏ စိတ်ထဲတွင် ဖုန်းဝါကို အသေအလဲ ယှဉ်ပြိုင်တိုက်ခိုက်ချင်သည်။ သို့သော် ခဲမှန်း ဖုန်းဝါသိရှိ၍လည်း မဖြစ်ပါ။ မိမိအနေနှင့်လည်း ဖုန်းဝါကို တိုက်ခိုက်သည်ဟု ဝူးမယ်တော် မသိစေချင်ပေ။

ဝမ်ကျောင်း အကြိုထုတ်နေ၏။ ထို့နောက် သူသည် အကြိုတစ်ခု ရရှိသွားလေသည်။ ယင်းအကြိုကား တခြားမဟုတ်ပေ။ ကျားသစ်ဂေဟာအတွင်းသို့ တိတ်တဆိတ် ဝင်ရောက်စုံစမ်းပေးမည့် အကြိုပင် ဖြစ်လေသည်။

✷

"ဒီလိုလုပ်ပါ"

ဝမ်ကျောင်းက ပြောလိုက်သည်။

"ပြောပါဦး မောင်လေး"

"ကျွန်တော် ကျားသစ်ဂေဟာထဲကို ဝင်ပြီးစုံစမ်းပေးမယ်"

"ဖြစ်ပါ့မလား"

ချိုလီက စိတ်မချ၍ ပြောလိုက်၏။

"ဖြစ်ပါတယ် ... မမရဲ့မိဘတွေကို ဘယ်နေရာမှာ ထားတယ်ဆိုတာ ကျွန်တော့်ကို သေသေချာချာပြောပါ"

ချိုလီသည် ကျားသစ်ဂေဟာ၏ ဖွဲ့စည်းပုံနှင့် အဆောင်အသီးသီး တည်ရှိပုံတို့ကို ပြောပြလိုက်လေသည်။ ဌေးဇေရာက ...

"မင်းတစ်ယောက်တည်း မသွားနဲ့ ... တို့ပါလိုက်မယ်"

ချိုလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... မမတို့ပါ လိုက်မယ်၊ အကယ်၍ တိုက်ခိုက်ရှိရင်လည်း တိုက်ခိုက်ရတာပေါ့ ... မဟုတ်ဘူးလား"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

ထိုနေ့ညမှာပင် သူတို့သုံးဦးသည် ကျားသစ်ဂေဟာသို့ ချဉ်းကပ်လိုက်ကြလေသည်။ သူတို့သည် အချိန်ယူ၍ အကဲခတ်စောင့်ကြည့်နေကြ သည်။

အတော်ညဉ့်နက်၍ လူခြေတိတ်သွားသော အချိန်တွင် သုံးဦးစလုံး အဝတ်အနက်များဖြင့် မျက်နှာဖုံး စွပ်ချလိုက်လေသည်။ ထို့နောက် သုံးဦးသားသည် အနောက်ဘက်မှ ကွေ့ပတ်၍ တစ်ဆောက်ချင်း အတွင်းသို့ ခုန်ဝင်လိုက်ကြလေသည်။

ချိုလီသည် အတွင်း၌ နှံ့နှံ့စပ်စပ်နေခဲ့ဖူးသူမို့ သူမက အဆောင်အသီးသီး၏အနေအထားကို သိထားသည်။ ထို့ကြောင့် သူမသည် အမှောင်ရိပ်ခို၍ သတိကြီးစွာထားလျက် အခန်းကျဉ်းကလေးများရှိရာသို့ ရှေးဦးစွာ သွားလိုက်လေသည်။

အခန်းကျဉ်းကလေးများထဲ၌ မည်သည့်အရာမျှ ရှိမနေပါ။ သို့ဆိုလျှင် အပေါ်အဆောင်သို့လှမ်းတက်ခဲ့လေသည်။ သူမသည် အနှစ်ပါးထားသောအခန်းနားသို့ ရောက်ခါနီးအချိန်မှာပင် သူမရှေ့သို့တစ်ယောက်က မားမားရပ်တန့်လိုက်သည်ကို တွေ့လိုက်ရလေ

တော့သည်။

ချိုလီက အသေအချာကြည့်လိုက်ရာ ဖုန်းဝှာကိုယ်တိုင်ပင် ဖြစ်နေပေသည်။ ဖုန်းဝှာသည် မျက်နှာဖုံးနှင့် ချိုလီကို ချိုလီမှန်း မသိပါ။

"မင်းက ကျားသစ်ဂေဟာထဲကို ခိုးပြီး ဝင်နိုင်တယ်ပေါ့ ဟုတ်လား"

ဖုန်းဝှာသည် ချိုလီအား သူ၏မောင်းဖြင့် တိုက်ခိုက်တော့ သည်။ တိုက်ခိုက်သံသည် တိတ်ဆိတ်သောညကို ဖြိုခွင်းလိုက်လေ သည်။

ကိုယ်ရံတော်နှင့် အစောင့်အသီးသီးတို့သည် မီးတုတ်များ ကိုင်ဆောင်ကာ ရောက်ရှိလာလေတော့သည်။ ယခုအခါ ပတ်ဝန်း ကျင်မှာ လင်းထိန်သွားလေသည်။

ဖုန်းဝှာသည် မျက်နှာဖုံးနှင့် ချိုလီအား မကြာမီအချိန်အ တွင်းမှာပင် လွှင့်ထွက်သွားစေတော့သည်။ ထိုစဉ်မှာပင် မျက်နှာဖုံး နှင့် လူနှစ်ယောက် ထပ်မံပြေးဝင်လာသည်ကို ဖုန်းဝှာက တွေ့လို လိုက်ရသည်။

ဖုန်းဝှာသည် နောက်ထပ်ဝင်လာသော လူနှစ်ယောက်ကို တွေ့၍ ကြည့်လိုက်သည်။ မျက်နှာဖုံးနှင့်လူတစ်ဦးက ပူဆိန်ကိုင်ထား သဖြင့် ချက်ချင်း သဘောပေါက်သွားလေသည်။

"ဩော် ... လက်စသတ်တော့ ပုဆိန်သိုင်းသမားကိုး"

ဖုန်းဝှာက ပြောရင်းမှ စောစောက လဲကျသွားသူကို လှမ်း ကြည့်လိုက်၏။ ချိုလီမှာ စောစောက ကိုင်ပေါက်ခြင်း ခံလိုက်ရသဖြင့် ခေါင်းတရက် အသံထွက်သွားလေသည်။ ထိုအသံကို ဖုန်းဝှာက ကြား သိုင်းလိုက်ရသည်။

"နင်က ချိုလီ မဟုတ်လား"

ချိုလီသည် သူ၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်လေသည်။

"ဟုတ်တယ်၊ ကျွန်မမိဘတွေ ဘယ်မှာလဲ"

ဖုန်းဝှာသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ သည်။

"ဟား ဟား ဟား ... မင်းမိဘတွေ ... ဟုတ်လား၊ နင်ကမှ ညစ်နွားမရှိ၊ ကတိမတည်ဘဲ၊ နင့်မိဘတွေကို ငါက ဆက်ထားရမှာ လား၊ အားလုံး သတ်ပစ်လိုက်ပြီ၊ နင် ဘာလုပ်ချင်သလဲ ... ပြော"

စတင်၍ တိုက်ခိုက်သူမှာ ငေါ့စွေရာပင် ဖြစ်လေသည်။ ငေါ့ ဇွေရာသည် ဖုန်းဝှာအား ဝင်၍ တိုက်ခိုက်သည်နှင့် ကျားသစ်ဂေဟာ မှ သိုင်းသမားများသည် ချိုလီနှင့် ဝမ်ကျောင်းကိုပါ ဝင်၍ တိုက် ခိုက်လေတော့သည်။

ဝမ်ကျောင်းသည် ဖုန်းဝှာနှင့် တိုက်ခိုက်ချင်နေသည်။ သို့ သော် အခြားသိုင်းသမား လေးငါးဦးက ဝိုင်း၍ တိုက်ခိုက်နေသဖြင့်

ဖုန်းတာနှင့် မတိုက်ခိုက်ရသေးပေ။

ငွေ့စွေရာသည် ဖုန်းတာအား ကြိုးစားပမ်းစား တိုက်ခိုက်ေ
သည်။ သို့သော် ဖုန်းတာ၏ တိုက်ခိုက်မှုသည် ငွေ့စွေရာအဖို့ အက္
အကျဉ်းများစွာဖြင့် ရင်ဆိုင်နေရပေသည်။

ငွေ့စွေရာသည် ပြန်လည်တိုက်ခိုက်နိုင်ဖို့ ဝေးစွ ဖုန်းတာ
တိုက်ခိုက်မှုကိုသာ မနည်း ကြိုးစား၍ ရှောင်တိမ်းနေရသည်။ ထို
ချိုလီမှာ ရုတ်တရက် အော်ဟစ်ရင်း လဲကျသွားလေတော့သည်။

ငွေ့စွေရာက လှည့်ကြည့်လိုက်သည်။ ဝမ်ကျောင်းသည်
သူနှင့် တိုက်ခိုက်သူများကို လေးငါးဦးမျှ ပစ်လဲပြီးသည်နှင့် ဖုန်းတာ
ခုန်ဝင်လိုက်လေသည်။

သူ၏လက်ထဲ၌ ဓားတစ်လက် ပါလာသည်။ ဝမ်ကျောင်
က ငွေ့စွေရာအား ခပ်တိုးတိုး ပြောလိုက်သည်။

"အခြေအနေကိုကြည့်ပြီး ချိုလီကို ထမ်းထုတ်သွား"

ငွေ့စွေရာသည် အခြားသိုင်းသမားများကို သူ၏ပုဆိန်ဖြင့်
ဆက်လက် တိုက်ခိုက်နေသည်။ ဖုန်းတာသည် သူ့ရှေ့သို့ ခုန်ဝင်လာ
သော မျက်နှာဖုံးနှင့် လူကို ငေး၍ ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ"

"မေးစရာ မလိုဘူး၊ ခင်ဗျားကို သတ်မလို့လာတာ"

ဖုန်းတာ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ငါ့ကို သတ်နိုင်တဲ့လူ လောကမှာ
မမွေးသေးဘူးကွ၊ အဲဒါ မြြမြမှတ်ထား"

ဖုန်းတာသည် ပြောပြီးသည်နှင့် ဝမ်ကျောင်းကို တိုက်ခိုက်
လေသည်။ ဝမ်ကျောင်းသည် ဖုန်းတာကို ရင်ဆိုင်တိုက်ခိုက်ရသဖြင့်
ကျေနပ်နေသည်။

သို့သော် တကယ်လက်တွေ့မှာမူ ဖုန်းတာအား တိုက်ခိုက်
သည်မှာ မိမိအမှားသာဖြစ်ကြောင်း ရိပ်စားမိလာလေသည်။ ငွေ့စွေ
ရာသည် လူလေးငါးဦးအား သူ၏ ပုဆိန်ဖြင့် ခုတ်သတ်နိုင်ခဲ့သော
ကြောင့် သိုင်းသမားအချို့မှာ ငွေ့စွေရာအနီးသို့ မကပ်ရဲတော့ပေ။

ငွေ့စွေရာက ဖုန်းတာကို တိုက်ခိုက်ရန် ဝင်ရောက်လာသည်။
ဝမ်ကျောင်းက ...

"ခင်ဗျား မသွားသေးဘူးလား"

ဟု ပြောလိုက်သဖြင့် ငွေ့စွေရာသည် ချိုလီထံသို့ ကြည့်
လိုက်မိသည်။ ချိုလီမှာ သွေးအိုင်ထဲ၌ လဲကျနေသည်။ သို့သော်
သူမ မသေသေးပါ။

ငွေ့စွေရာသည် ဝမ်ကျောင်းအား ဤအတိုင်း ထားခဲ့ရမည်
ကို မလိုလားပေ။ ဝမ်ကျောင်းက ဆက်လက်၍ ...

"သွားပါ ... ခင်ဗျားသွားပါ"

ဟု ထပ်ပြောသောအခါ ငွေ့စွေရာ ချိုလီထံသို့ ပြေးသွား

သည်။ ထိုစဉ်မှာပင် ဖုန်းဝှာ၏ လက်ဝါးတစ်ချက်က ဝမ်ကျောင်း၏ ရင်ဘတ်ကို ထိထိမိမိ ရိုက်မိသွားလေသည်။

ဝမ်ကျောင်းမှာ ရုတ်တရက် သတိလစ်သွားသလိုပင် ဖြစ်သွားလေသည်။ သူသည် ကြိတ်မိုတ်၍ ဆက်လက်တိုက်ခိုက်ပြန်သည်။

ထိုအချိန်၌ ငေါ့စွေရာကို မတွေ့တော့သဖြင့် ချိုလီအား ခေါ်ထုတ်သွားနိုင်ပြီဟု ဝမ်ကျောင်း တွေးမိလိုက်လေသည်။



ဝမ်ကျောင်းသည် ဖုန်းဝှာ၏ တိုက်ခိုက်မှုများကို ကြိုးစားပမ်းစား ပြန်လည်ခုခံနေပေသည်။ ဖုန်းဝှာသည် သူနှင့်တိုက်ခိုက်နေသောသူအား မည်သူမည်ဝါမှန်း မသိသော်လည်း ထိုလူ၏ သိုင်းပညာမှာ မခေမှန်း ရိပ်စားမိသည်။

သူသည် မည်သည့်ယှဉ်ပြိုင်ဘက်ကိုမှ ဤမျှအထိ မတိုက်ခိုက်ခဲ့ရပေ။ ဤသူသည် သူ၏တိုက်ခိုက်မှုကို ပြန်လည်ခုခံနိုင်သည်မှာ အလွန် ထိပ်တန်းကျသည့် သူတစ်ဦးဖြစ်သည်ဟု ထင်မှတ်လိုက်သည်။

ဝမ်ကျောင်းသည် မိမိတတ်ထားသောပညာကို အစွမ်းကုန်

ထုတ်၍ တိုက်ခိုက်သော်လည်း ဖုန်းဝှာ၏ တိုက်ခိုက်မှုသည် တစ်စတစ်စ ပြင်းထန်လာလေသည်။

ထိုစဉ်မှာပင် ဖုန်းဝှာက ဆက်၍ တိုက်ခိုက်ရာ ဝမ်ကျောင်း၏ လက်မောင်းတစ်ဖက်ကို ဓားစိုက်မိသွားပြန်သည်။ ဝမ်ကျောင်း အမှန်ပင် ထိတ်လန့်သွားတော့သည်။

သို့သော်လည်း အားမလျော့ပါ။ ဝမ်ကျောင်းသည် ဖုန်းဝှာ၏ဟာကွက်ကို စောင့်ကြည့်ရင်း တိုက်ခိုက်၏။ သို့သော် မဟန်တော့။

ဖုန်းဝှာသည် သူ၏ဓားကို သွက်လက်စွာ ဝှေ့ယမ်းလျက် ဝမ်ကျောင်းထံ ပြေးဝင်လိုက်သည်။ ထိုစဉ် ရုတ်တရက် ...

"ဟေ့ ... ခဏရပ်စမ်း"

ထိုအသံက ရုတ်တရက် ပေါ်ထွက်လာ၍ ဖုန်းဝှာ ရပ်လိုက်သည်။ ဝမ်ကျောင်းက ဟန့်တားလိုက်သောသူကို မြင်မိလိုက်သည်နှင့် တစ်ချိုးတည်း ထွက်ပြေးလေတော့သည်။

ဖုန်းဝှာသည် ဝမ်ကျောင်းနောက်သို့ လိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် အသံရှင်က ဟန့်တားလိုက်သည်။

"မင်း မလိုက်နဲ့တော့၊ ငါပြောတာ နားထောင်စမ်း"

ဖုန်းဝှာသည် မကျေမနပ်ဖြင့် ငြိမ်သက်သွားလေသည်။ သို့သော် သူသည် ဒေါသအချောင်းချောင်း ထွက်လျက် ရှိနေသေးသည်။ ထို့ကြောင့် သူသည် မိုက်မိုက်ရိုင်းရိုင်းပင် အသံရှင်ကို ပြန်၍ မေး

လိုက်လေသည်။

"ဘွားဘွားက ဘာလာရှုပ်ပြန်တာလဲ"

✳

ဝူးမယ်တော် ...။

အသံရှင်မှာ ဝူးမယ်တော်ပင် ဖြစ်လေသည်။ အခြေအနေ ခြေမသက်သွားပြီမို့ ဖုန်းဝှာနှင့် ဝူးမယ်တော်သည် စည့်ခန်းထဲ ရောက်ရှိလာလေသည်။

မီးတိုင်များက ထိန်ထိန်လင်းနေသည်။ ဖုန်းဝှာ၏ မျက်နှာမှာ ဒေါသကြောင့် နီရဲနေပြီး ဝူးမယ်တော်ကို မကျေမနပ်ဖြင့် ကြည့် နေပေသည်။

"ကဲ ဆိုပါဦး ... ဘွားဘွား ဒီကို ဘာလာလုပ်တာလဲ"

ဝူးမယ်တော်သည် ဖုန်းဝှာအား မျက်မှောင်ကုတ်၍ ကြည့် လိုက်မိလေသည်။

"မင်းက ရိုင်းစိုင်းတဲ့နေရာမှာ သူမတူအောင် ဖြစ်နေ လား"

"ခင်ဗျား အဲဒါတွေ ပြောချင်လို့ ဒီကို အချိန်မတော် ရောက် လာတာလား၊ ဒါမှမဟုတ် စောစောကလူတွေနဲ့ ပတ်သက်နေလား"

ဝူးမယ်တော်က မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒါတွေ ငါနဲ့ ဘာမှမဆိုင်ဘူး၊ မင်းသတင်းက သိုင်းလောက မှာ မွေးလွန်းလို့ ငါလာပြီး သတိပေးတာ၊ ထင်တဲ့အတိုင်းပဲ မင်းဟာ အချိန်ပြည့် လူတွေကို သတ်ချင်နေတာပဲ"

ဝူးမယ်တော်သည် မနှစ်မြို့ဟန်ဖြင့် ပြောလိုက်လေသည်။

"ကျွန်တော်က သတ်ချင်နေတာလား၊ အခုလာတဲ့ ရန်သူ တွေက သတ်သွားတာကော ခင်ဗျား မမြင်ဘူးလား"

ဖုန်းဝှာ ဒေါသဖြင့် ပြန်ပြောလိုက်လေသည်။ ဝူးမယ်တော် က မဲ့လိုက်သည်။

"လူတွေဟာ မတရားသက်သက်တော့ ဘယ်တော့မှ မင်း ဆီကို လာပြီးသတ်မှာ မဟုတ်ဘူး၊ မင်း မတရားမှုတွေ လုပ်ထားလို့ လာတာပဲ ဖြစ်ရမယ်"

ဖုန်းဝှာသည် ဝူးမယ်တော်ကို ဒေါသဖြင့် ကြည့်လိုက်လေ သည်။

"ကျွန်တော်က ဘာများ မတရားတာ လုပ်နေလို့လဲ"

"မင်းအကြောင်း မင်းသိမှာပေါ့၊ ငါ သတင်းကြားနေရတာ ကတော့ မင်းဟာ လူတွေကို မတရား နှိပ်စက်ညှဉ်းပန်းပြီး သတ်နေ ဘယ်လို့ ကြားတယ် ... ဟုတ်လား"

"မတရားတာ မဟုတ်ဘူး ... မှန်တာလုပ်တာ"

ဝူးမယ်တော်သည် မျက်နှာ ရှုံ့မဲ့လိုက်လေသည်။ ထို့နောက် သူသည် ဝမ်းနည်းလာဟန်ဖြင့် မျက်ရည်များ စီးကျလာလေသည်။

"နင် လမ်းမှားနေပြီ ဖုန်းဝှာ၊ နင်ဟာ သိုင်းပညာကို အထွဋ် အထိပ် သိပ်ပြီးရောက်ချင်တယ်၊ အဲဒီအတွက်ကြောင့် နင်ဟာ ထိပ်တန်းသိုင်းကျမ်းကို ရှာနေတယ် မဟုတ်လား။ အဲဒီ ထိပ်တန်းသိုင်းကို လိုချင်တဲ့အတွက် လူတွေ ဘယ်လောက်သေရပြီလဲ၊ လူတွေကို ဘယ် နှစ်ယောက် နင် မတရားလုပ်ခဲ့ပြီလဲ"

ဖုန်းဝှာသည် ရုတ်တရက် မတ်တတ်ရပ်၍ ဝူးမယ်တော်ကို ခပ်စိမ်းစိမ်းကြည့်လိုက်လေသည်။

"တော်ဗျာ တော် ... ကျွန်တော်ဟာ ကျေးဇူးရှင်အဘွား တစ်ယောက်အနေနဲ့ ဒီလောက်သည်းခံပြီး နားထောင်နေတာ၊ ခင်ဗျား ကျွန်တော့်ကို ပြောခဲ့ပြီးပြီမဟုတ်လား ... ကျွန်တော့်မျက်နှာ ဘယ်တော့မှ မကြည့်ချင်ဘူးလို့၊ အခု ဘာလို့လာတာလဲ၊ ပြန်တော့ဗျာ"

ဝူးမယ်တော် မျက်ရည်စကို သုတ်လိုက်လေသည်။ စိတ်ထဲ၌လည်း နားကြည်းသွားလေသည်။ ထို့နောက် ဖုန်းဝှာကို ကြည့်လိုက်သည်။

"ကောင်းပြီလေ ... ဒီတစ်ခါ ငါလာတာ နောက်ဆုံးပါပဲ"

ဝူးမယ်တော်သည် ပြောပြီးသည်နှင့် ဖုန်းဝှာရှေ့မှ လှမ်းသွက်သွားလေသည်။

✻

ရေတံခွန်တောင်တန်း ...။

ကျန်စုသည် သူ၏ တီထွင်ထားသော သိုင်းပညာများကို ဒွဝါအား ကြိုးစားပမ်းစား သင်ကြားပေးလျက် ရှိလေသည်။

နောက်ဆုံးအဆင့်အနေဖြင့် သင်ကြားပေးနေသည့် သိုင်းပညာမှာ လေပွေသိုင်းဟု အမည်ရလေသည်။ ကိုယ်ဖော့ပညာကို အများဆုံး လေ့ကျင့်၍ သင်ကြားရသော သိုင်းပညာ ဖြစ်လေသည်။

ဒွဝါသည် ထိုပညာကို လေ့ကျင့်ရမည်မှာ အစပထမတွင် အလွန်ပင်ပန်းခဲ့သော်လည်း ယခုအခါ ကျင့်သားရသွားပြီ ဖြစ်လေသည်။

သူမ၏ စိတ်သည်လည်း ပေါ့ပါးလျက် ရှိသည်။ ကျန်စုသည် ဒွဝါကို ကြည့်၍ ကျေနပ်သွားလေသည်။

"နင် ရှေ့လျှောက် အဲဒီအတိုင်း ဆက်လက်လေ့ကျင့်ဖို့ပဲ ရှိတော့တယ်၊ ငါလည်း ဒီနေ့ ဒီရက်ကစပြီး အနားယူတော့မယ်"

"ဘာကြာ တရားအားထုတ်တော့မလို့လား"

"ဘာ တရားအားထုတ်ရင်း အနားယူချင်နေတာ ကြာပါ

ပြီ၊ နင့်အတွက် ရင်လေးလွန်းလို့ ဒီသိုင်းပညာကို ဘာဘ ပြန်လည်
ဖော်ထုတ်နေတာ၊ အမှန်တော့ သိုင်းလောကကို ဘာဘ ဘယ်တော့မှ
ပြန်မဝင်ချင်တော့ဘူး"

"ဘာဘကျေးဇူးကို ကျွန်မတစ်သက် ဘယ်တော့မှ မမေ့ပါ
ဘူး ဘာဘရယ်၊ ဘာဘ အေးအေးဆေးဆေး တရားအားထုတ်ပါ၊
ဘာဘရဲ့ဝေယျာဝစ္စတွေကို ကျွန်မ ဆောင်ရွက်ပေးပါ့မယ်"

"အေး ... သာဓုကွယ် သာခု၊ ဒါထက် ဟိုသူငယ်ကော
လာသေးသလား ရှူဝါ"

ရှူဝါသည် မျက်နှာတစ်ချက် နီသွားသည်။ ကျန်စုမေးသည်
မှာ မျက်နှာဖုံးနှင့်လူကို ဖြစ်ပေသည်။ မျက်နှာဖုံးနှင့်လူသည် စိတ်
ကောင်းရှိပုံ ရသည့်အကြောင်း၊ အားကိုးလောက်သည့်အကြောင်း
ကျန်စုသည် သူမအား ပြောပြခဲ့သည်။

အမှန်တော့ ကျန်စု၏ စိတ်ထဲတွင် အားကိုးရာမဲ့နေသော
ရှူဝါကို လူကောင်းသူကောင်းတစ်ယောက်နှင့် လက်ထပ်စေချင်သော
ဆန္ဒ ရှိနေပေသည်။

"သူ နှစ်ရက်, သုံးရက်ရှိပြီ မလာတာ"

ရှူဝါက ခေါင်းငုံ့၍ အဖြေပေးလိုက်သည်။

"သူ ဘယ်သူဘယ်ဝါဆိုတာ နင်သိပြီလား"

ရှူဝါက ခေါင်းယမ်းလိုက်သည်။

"မသိပါဘူး၊ ကျွန်မ မေးလည်း မမေးဘူး၊ သူက ကျားသစ်
ဟာမှာ ဒုက္ခရောက်နေတဲ့ ချိုလီရဲ့မိဘနှစ်ပါးကိုတော့ တတ်နိုင်
သလောက် သွားရောက်ကယ်တင်မယ်လို့ ပြောသွားတာပဲ"

ကျန်စုသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

"အင်း ... မျိုးချစ်စိတ်ရှိတဲ့ လူကောင်းတစ်ယောက်ပဲ ဖြစ်မှာ
ပေါ့"

✱

နောက်နေ့တွင် ရှူဝါသည် ရေတံခွန်အနီးရှိ ကျောက်တုံးပေါ်
သို့ ပျံဝင်နေသည်။

"မျိုးချစ်စိတ်ရှိတဲ့ လူကောင်းတစ်ယောက်ပဲ ဖြစ်မှာပါ" ဟူ
သော ကျန်းစု၏ စကားကို စဉ်းစားနေမိသည်။ သို့သော် သူမအနေ
နှင့် မျက်နှာဖုံးနှင့် လူကို ထည့်ပြီး မစဉ်းစားရဲပါ။ သူမ၏ ဘဝသည်
ဆန်းကျင်းသော ဘဝမဟုတ်ပေ။

မသန့်ရှင်းသော ဘဝကို သူများလက်ထဲသို့ မအပ်နှံချင်ပေ။
သူမက ထိုကဲ့သို့စဉ်းစားနေစဉ် အဝေးမှလာနေသောလူတစ်ယောက်
ကို လှမ်းမြင်လိုက်လေသည်။

သူမက ကျောက်တုံးပေါ်တွင် ထိုင်နေသည်မို့ ထိုလူက

လည်း သူမကို လှမ်း၍ ကြည့်နေသည်။ ထိုလူသည် လေချွန်သံ တစ်ချက်ပေးပြီး သူမအား လက်မြှောက်၍ နှုတ်ဆက်လိုက်လေသည်။

ရွှဝါ၏ရင်များ ခုန်သွားရပြန်သည်။ ထိုသူသည် မျက်နှာဖုံးနှင့် ခမောက်ကို ဆောင်းထားလေသည်။

မကြာမီ ထိုသူက အနားသို့ ရောက်ရှိလာသည်။

"ခင်ဗျား ... ဒီမှာထိုင်နေလိမ့်မယ်ဆိုတာ ကျုပ်က တွက်ခဲ့ပြီးသား"

ရွှဝါသည် ထိုလူကို ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။

"ရှင့်က ဘယ်လိုလုပ် သိတာလဲ"

ထိုလူက ရပ်လိုက်လေသည်။

"လူတွေဟာ ချစ်သူနဲ့တွေ့ပြီးရင် အဲဒီနေရာကို သတိမဲ့တတ်ကြဘူး"

"အို"

ရွှဝါ ရှက်သွားလေသည်။

"ခင်ဗျား မညာပါနဲ့၊ ကျုပ်ကို မျှော်နေတာ မဟုတ်လား"

"ဟုတ်တယ်၊ အဲ ... မဟုတ်ဘူး မဟုတ်ဘူး"

ထိုသူက ရွှဝါ အယောင်ယောင်အမှားမှားပြောနေ၍ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ဟား ... ခင်ဗျားစကားကလည်း ဟုတ်တယ်လို့ပဲ ပြောပါ။ ဘာလို့ မဟုတ်ဘူးဆိုတာက ပါလာရတာလဲ"

ရွှဝါက မျက်နှာကို ခပ်တည်တည်ထား၍ ...

"ရှင့်ကို မျှော်တာက ကျားသစ်ဂေဟာက အခြေအနေကို သိချင်လို့ပါ"

မျက်နှာဖုံးရှင်က ရယ်လိုက်ပြန်သည်။

"ဒီအတွက် မပူပါနဲ့၊ ကျုပ်မိတ်ဆွေတစ်ယောက်က ဆောင်ကျဉ်းပေးလို့ အဘိုးကြီးကော အဘွားကြီးပါ ကျုပ်လက်ထဲ ရောက်နေပြီ"

"ဟုတ်လား ... ကျွန်မ ဝမ်းသာလိုက်တာရှင်၊ ကျွန်မ မိတ်ဆွေသာသိရင် ဘယ်လောက်ဝမ်းသာမလဲ မသိဘူး၊ အခု ဘယ်မှာ ထားခဲ့သလဲ"

"စိတ်မပူပါနဲ့၊ သူတို့ကို ကျားသစ်ဂေဟာက လုံးဝ မသိနိုင်ဘဲ နေရာမှာ ကျုပ် ဝက်ထားပါတယ်၊ သူတို့ကို ကျားသစ်ဂေဟာက သိသွားရင် သတ်ပစ်မှာအမှန်ပဲ၊ အဲဒီနေ့ကလည်း ကျုပ်မိတ်ဆွေနဲ့ အခန့်သင့် တွေ့သွားပေလို့ပဲ၊ သူတို့ကို သတ်တော့မယ့်ဆဲဆဲ ကယ်ဆုတ်လိုက်တာ"

ရွှဝါမှာ အံ့သြစွာဖြင့် မျက်လုံးများ ဝိုင်းသွားသည်။

"အို ဟုတ်လား ... ရှင့်ကိုရော ရှင့်မိတ်ဆွေကိုပါ ကျေးဇူး

တင်လိုက်တာရှင်'

"ကဲ ... ကျေးဇူးတင်ရင် ကျုပ်မေးထားတဲ့ အဖြေကလေ ပေးတော့လေ"

"အို"

ရှုဝါ ခေါင်းငုံ့ပစ်လိုက်လေသည်။

"ဘယ်လိုလဲ ... ခင်ဗျားက ကျုပ်မျက်နှာ အရုပ်ဆိုးမှာစိုးလို့ မကြိုက်ဘူးပေါ့ ... ဟုတ်လား"

ရှုဝါက ဘာမှ ပြန်မပြောပေ။ သို့သော် သူမ၏စိတ်ထဲတွင် မျက်နှာဖုံးရှင်၏ မျက်နှာကို အလွန်အမင်း သိချင်နေပေသည်။

"ဒါထက် နေပါဦး၊ အခုလို အကူအညီပေးတဲ့ ရှင့်မိတ်ဆွေ ဆိုတာက ဘယ်သူလဲဟင်၊ ကျားသစ်ဂေဟာကပဲလား"

မျက်နှာဖုံးရှင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ... ကျားသစ်ဂေဟာကို ဘဲနဲ့ဘဲဥ အမြဲတမ်း သွားရောင်းနေတဲ့ လူတစ်ယောက်ပါ"

ရှုဝါသည် ထိုစကားကြောင့် အလွန်အမင်း အံ့သြသွားလေ သည်။



"အို ... အဲဒီလူလား၊ သူက အ,နေတဲ့ လူတစ်ယောက် ဟုတ်လား"

သည်တစ်ခါတော့ မျက်နှာဖုံးရှင် အံ့သြသွားပုံရသည်။

"ခင်ဗျား သူ့ကို သိသလား"

"သိတာပေါ့၊ အခု ရှင်ကယ်ထားတဲ့ တုံးလီရဲ့သမီးနဲ့ ကျွန်မ ရီးသွားတုန်းက တစ်ခါဝင်ပြီး တည်းခိုဖူးသေးတယ်၊ သူ့နာမည် ဝမ်တူးလို့ ခေါ်တယ်၊ စကားမပြောတတ်ဘူး၊ ဟုတ်တယ် မဟုတ် လား"

မျက်နှာဖုံးရှင်သည် ရှုဝါကို ငေးမောကြည့်နေရင်းမှ ...

"ဟုတ်တယ် ... အဲဒီလူပဲ"

"အဲဒီ ဝမ်တူးက အင်မတန် စိတ်ကောင်းရှိပုံရတယ်၊ ဒါပေမဲ့ ဆုဟာ စကားမပြောတတ်ဘူး၊ စာတော့ ရေးတတ်တယ်"

"အင်း ... ဟုတ်တယ်၊ အဲဒါ ကျုပ်ရဲ့မိတ်ဆွေပဲ"

မျက်နှာဖုံးရှင်က ပြောလိုက်သည်။ ထို့နောက် သူသည် ရှုဝါအား ကြည့်၍ ...

"ကျုပ် ခင်ဗျားကို လက်ထပ်ချင်တယ်ဗျာ၊ ခင်ဗျား တိကျတဲ့ အဖြေကို မပေးနိုင်ဘူးလား"

ရှုဝါက သက်ပြင်းချလိုက်သည်။

"ကျွန်မ ရှင့်ကို ပြောခဲ့ဖူးတယ်မဟုတ်လား ... ကျွန်မမှာ

မကောင်းတဲ့အတိတ် ရှိပါတယ်လို့၊ ရှင် ဘယ်နည်းနဲ့မှ ကျွန်မကို ယူနိုင်မှာ မဟုတ်ပါဘူး"

ရှုဝါသည် ပြောရင်းမှ မျက်နှာညှိုးကျသွားသည်။

"ခင်ဗျား ဒီစကားပြောပြန်ပြီလား၊ ကျုပ် ခင်ဗျားကို အားလုံး ခွင့်လွှတ်ထားပါတယ်ဗျာ၊ ခင်ဗျားအနေနဲ့ ကျုပ်အပေါ် မေတ္တာရှိတယ်,မရှိဘူး ပြောပါ"

ရှုဝါ သက်ပြင်းချလိုက်သည်။

"ရှင့်ကို ကျွန်မ တစ်ခုပြောမယ်"

"ပြောပါ"

"ကျွန်မမှာ ရည်ရွယ်ချက် တစ်ခုရှိတယ်၊ အဲဒီကိစ္စအားလုံး အေးဆေးသွားတဲ့တစ်နေ့မှာ ရှင့်ကို လက်ထပ်မယ်"

ဒီတစ်ခါ မျက်နှာဖုံးရှင်က သက်ပြင်းချလိုက်သည်။

"ဘာရည်ရွယ်ချက်တွေလဲဗျာ"

"ကျွန်မ ကျားသစ်ဂေဟာကို တစ်နေ့နေ့ ဖျက်ဆီးပစ်မယ်၊ အဲဒါ အောင်မြင်ပြီးတဲ့နေ့ဟာ ရှင့်ကို လက်ထပ်မယ့်နေ့ပဲ"

မျက်နှာဖုံးရှင် စိတ်ပျက်သွားလေသည်။

"ခင်ဗျားကလည်း အာဃာတတရား ကြီးမားလှချည်လားဗျာ၊ ဘာလို့ ဒီလောက်အထိ ကျားသစ်ဂေဟာကို မုန်းတီးနေရတာလဲ"

"ကျွန်မမှာ မုန်းတီးနိုင်လောက်တဲ့ အကြောင်းရှိလို့ပေါ့"

"ကျုပ်ကို ပြောမပြနိုင်ဘူးလား"

ရှုဝါသည် မျက်နှာဖုံးရှင်ကို မော့ကြည့်လိုက်လေသည်။

"နောက်တစ်ချက် ကျန်သေးတယ်"

"ဟင် ... ဘာများလဲ ပြောပါဦး"

ရှုဝါက အနည်းငယ်ပြုံး၍ ...

"ရှင် ဘယ်သူဘယ်ဝါဆိုတာ ကျွန်မက မသိဘဲနဲ့ စကားအကုန်ပြောလို့ ဖြစ်ပါ့မလား"

မျက်နှာဖုံးရှင်က ခေါင်းညိတ်လိုက်လေသည်။

"အင်း ဟုတ်တယ် ... ခင်ဗျားပြောတာ မှန်တယ်၊ ဒါပေမဲ့ ကျုပ်က ရုပ်ဆိုးတော့ ခင်ဗျားမချစ်မှာ စိုးရတယ်"

"မလိုပါဘူး ... ရှင့်မျက်နှာ ဖွင့်စမ်းပါ"

မျက်နှာဖုံးရှင်သည် ခမောက်ကိုချွတ်လိုက်ပြီး သူ၏မျက်နှာဖုံးကို ခေါင်းမှနေ၍ ဆွဲချွတ်လိုက်လေသည်။ ထိုအခါ အကြီးအကျယ် သိတ်လန့်သွားပြီး အံ့သြသွားရသူမှာ ရှုဝါပင် ဖြစ်လေတော့သည်။



အခန်း (၃၁)

သူတို့ ပြန်တွေ့ပြီ

ငေါ့စွေရာသည် ဝါးကောက်ကျေးရွာသို့ပင် ချိုလီကို ထမ်းခေါ်ခဲ့၏။ သူသည် မိုးလင်းသည်နှင့်တစ်ပြိုင်နက် ဝါးကောက်ကျေးရွာသို့ ရောက်ရှိလာလေသည်။

သမားတော်ကျင်းက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

"ဒီတစ်သက် ချိုလီတစ်ယောက်ကိုပဲ ငါက စောင့်ပြီး ဆေးကုပေးရတော့မယ်နဲ့ တူတယ်"

သမားတော်ကျင်းသည် ထိုကဲ့သို့ ပြောပြီး ချိုလီ၏ ဒဏ်ရာကို ကြည့်လိုက်သည်။ ဒဏ်ရာမှာ ပြင်းထန်ပြီး သွေးထိုက်များလွန်း၍ အားနည်းကာ သတိလစ်နေသည်။

သူမ၏ ဝမ်းဗိုက်အပေါ်ကို ရှပ်၍ ဓားနှင့် ထိုးမိသွားခြင်းဖြစ်လေသည်။ သို့သော် ဒဏ်ရာက မသေးလှပါ။ သမားတော်ကျင်း

သည် ဂရုတစိုက်ပင် ဆေးဝါးကုသနေရသည်။ ထိုကဲ့သို့ ကုသပေးနေစဉ်မှာပင် ...

သမားတော်ကျင်းထံသို့ နောက်တစ်ယောက် ထပ်မံရောက်ရှိလာပြန်သည်၊ အခြားသူမဟုတ်။ ဝမ်ကျောင်းပင် ဖြစ်လေသည်။



ဝမ်ကျောင်းသည် ဒဏ်ရာရရှိလာသူမို့ သမားတော်ကျင်းက ချိုလီနှင့် တစ်လှည့်စီ ကုသနေရသည်။ ငေါ့စွေရာသည် သမားတော်ကျင်းနှင့်အတူ လိုအပ်သည်များကို ဝိုင်းဝန်းကူညီနေပေသည်။

နှစ်ရက်မျှ ကုသလိုက်သောအခါ ဝမ်ကျောင်းမှာ သိသိသာသာ သက်သာသွားသော်လည်း ချိုလီမှာ မသက်သာသေးပါ။ သူမသည် သတိရသော်လည်း အားနည်းလွန်းသောကြောင့် မည်သူ့ကိုမှစကားမပြောနိုင်သေးပေ။

သမားတော်ကျင်းက ဝမ်ကျောင်းနှင့် ငေါ့စွေရာအား ...

"မင်းတို့တစ်တွေ ကျားသစ်ဂေဟာနဲ့ ရန်ဖြစ်နေသမျှကာလပတ်လုံး တစ်နေ့နေ့မှာ ဒုက္ခတွေ့လိမ့်မယ်"

ဟု သတိပေးစကား ပြောလိုက်လေသည်။ ဝမ်ကျောင်းက ခေါင်းညိတ်လိုက်လေသည်။

"ဒါပဲလား ... ဘွားဘွားက တခြား ဘာပြောသေးလဲ"

စွမ်းရီ နှုတ်ခမ်းစူလိုက်သည်။

"ပြောတာပေါ့၊ ငါ့စကား နားမထောင်တဲ့အကောင်၊ ခုကွ ရောက်သွားတယ်လို့ပြောတယ်၊ နောက်ပြီး နှစ်ရက်လုံးလုံး ဘွားဘွား သိုက်ရှာတယ်၊ နင်ဘယ်မှာ သွားနေတာလဲ"

"ငါ သမားတော် အိမ်တစ်အိမ်မှာ ဆေးကုနေတာပေါ့၊ အခု ဘွားဘွား ဘယ်မှာလဲ"

စွမ်းရီက အခန်းထဲသို့ မေးငေါ့ပြလိုက်သည်။

"အခန်းထဲမှာ ရှိတယ်၊ နင့်ကိုတော့ စိတ်ဆိုးနေတယ် သိ ဘား"

ဝမ်ကျောင်းက ပြုံးလိုက်လေသည်။

"ဘွားဘွားက ငါချော့ရင် ရပါတယ်"

✵

အမှန်ပင် ဂူဘွားဘွားသည် ဝမ်ကျောင်းအား ဒေါသဖြင့် ကြည့်နေပေသည်။

"ဘွားဘွား"

ဝမ်ကျောင်းက မျက်နှာချိုသွေး၍ ခေါ်လိုက်လေသည်။

"ဘာဘပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျားသစ်ဂေဟာက ကျွန်တော်တို့ ခွင့်မလွှတ်နိုင်တဲ့အပြစ်တွေ ရှိနေတယ် ဘာဘရဲ့"

သမားတော်ကျင်းက ...

"ဟုတ်ပါတယ် ... ဒါကို ဘာဘအပြစ်မပြောပါဘူး၊ ဒါပေမဲ့ လူလေးတို့မှာ ကျားသစ်ဂေဟာကို ခုခံနိုင်လောက်တဲ့ အင်အားမ မရှိသေးဘဲ၊ ဘာလို့ အံတုချင်ရတာလဲ"

သမားတော်ကျင်း စကားသည် အလွန်မှန်ကန်သောစကား များ ဖြစ်ပေသည်။ မိမိတို့သည် ရန်သူကို ရင်ဆိုင်ချင်သော်လည်း ယှဉ်ပြိုင်နိုင်သည့်အင်အားမရှိဘဲ ယှဉ်ပြိုင်ပါက မိမိတို့သာလျှင် ရှုံးနိမ့် ရမည် ဖြစ်ပေသည်။

ဝမ်ကျောင်းသည် သမားတော်ကျင်းကို ဂါရဝပြုပြီး ငေါ့ရေ ရာအား နှုတ်ဆက်၍ ဆီးဖြူတောင်သို့ ပြန်ခဲ့လေသည်။

✵

ဝမ်ကျောင်းသည် ရှေးဦးစွာ စွမ်းရီနှင့် တွေ့လိုက်ရလေ သည်။ စွမ်းရီသည် ဝမ်ကျောင်းကို တွေ့လိုက်ရသောအခါ ဝမ်းသာ သွားလေသည်။

"နင် ဒဏ်ရာရသွားတယ်ဆို၊ ဘွားဘွားပြောတယ်"

"ဘာလဲ ... ငါ့စကား နားမထောင်တဲ့အကောင်၊ ငါဆီ မလာနဲ့"

"အို ဘွားဘွားကလည်း အပြစ်တင်ဖို့ပဲ စဉ်းစားနေတာပဲ၊ ကျွန်တော့်မိတ်ဆွေတွေ ဒုက္ခရောက်နေလို့ ဝင်ရောက်ကူညီရင်း ရောက်သွားရတာပါ"

ဝူးမယ်တော်က မျက်စောင်းထိုးလိုက်လေသည်။

"ဘယ့်နယ်လဲ ... မင်း ကျားသစ်ဂေဟာက ဖုန်းဝှာကို ယှဉ်ပြိုင်ဖို့ စိတ်ပျက်သွားပြီလား"

ဝမ်ကျောင်းက ခေါင်းယမ်းလိုက်သည်။

"စိတ်မပျက်ပါဘူး၊ ကျွန်တော် သူ့ကိုသတ်ဖို့ ကြိုးစားဦးမှာပါ"

ဝူးမယ်တော်သည် ဝမ်ကျောင်း၏ မျက်နှာကို ဆတ်ခနဲ ကြည့်လိုက်လေသည်။

"မင်း ငါ့စကားကို ဘယ်လိုမှ သဘောမပေါက်ဘူးလား"

ဝမ်ကျောင်း မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘွားဘွားကို ကျွန်တော်မေးမယ်"

"လာပြန်ပြီလား ... ဘာမေးမှာလဲ"

"ဖုန်းဝှာနဲ့ ဘွားဘွား ဘာတော်သလဲ"

ဝူးမယ်တော် မျက်စိမျက်နှာ ပျက်သွားလေသည်။

"မင်း သိပ်သိချင်သလား"

"အမျိုးတော်လိမ့်မယ်လို့ ကျွန်တော် ရိပ်စားမိတယ်၊ ဒါပေ ဘယ်လို့,ဘယ်လို တော်စပ်တယ်ဆိုတာတော့ ကျွန်တော် စဉ်းစား ဲ့ မရဘူး"

ဝူးမယ်တော်သည် သက်ပြင်းရှည်ကြီး ချလိုက်လေသည်။

"မင်း ဒီလောက်သိချင်မှဖြင့် ပြောပြရမှာပေါ့"

ဝမ်ကျောင်းက ဝူးမယ်တော်၏ အမူအရာကိုကြည့်၍ အ ားတွင် သွားထိုင်လိုက်သည်။

"ဘွားဘွား"

"ဘာလဲ"

"ဘွားဘွားမှာ စိတ်ထိခိုက်စရာရှိရင် မပြောပါနဲ့"

ဝူးဘွားဘွားက မဲ့ပြုံးပြုံးလိုက်သည်။

"မပြောလို့ မဖြစ်ဘူး၊ ပြောကိုပြောရမှာပဲ၊ ဖုန်းဝှာဆိုတဲ့ အကောင်ကလည်း လောကမှာ ရှိနေဖို့ကောင်းတဲ့ အကောင် မဟုတ် ူး"

ဝူးမယ်တော်က စိတ်ထိခိုက် နာကြည်းစွာ ပြောလိုက်လေ

သည်။ ထို့နောက် ဝူးမယ်တော်က ဖုန်းဝှာအကြောင်းကို ဝမ်ကျောင်းအား ပြောပြလေသည်။

ဖုန်းဝှာသည် ဝမ်ကျောင်းကဲ့သို့ပင် ဘဝကို နာကြည်းခဲ့သူ ဖြစ်လေသည်။ သူ၏မိဘ ဝူးမယ်တော်၏ သားနှင့်ချွေးမသည် ယခုကဲ့သို့ပင် သိုင်းသမားတစ်ဦး ဖြစ်၏။ သတ်ဖြတ်မှုကို ခံစားရ၍ သေဆုံးသွားရခြင်း ဖြစ်သည်။

ထိုအချိန်က ဖုန်းဝှာသည် အသက်ဆယ့်ခြောက်နှစ်ခန့် ရှိ၍ စွမ်းရီမှာ မွေးစကလေးပင် ဖြစ်လေသည်။ သူတို့နှစ်ဦးစလုံးကို ဝူးမယ်တော်က ကျွေးမွေးပြုစုထားရ၏။

သို့သော် ဖုန်းဝှာကို သိုင်းဆရာကြီးတစ်ဦးထံ၌ အပ်နှံထားလိုက်လေသည်။ ဖုန်းဝှာသည် ပထမ ဝူးမယ်တော်၏ သင်ကြားပေးမှုကို ငါးနှစ်မျှ သင်ယူပြီးနောက်ပိုင်း၌ သိုင်းဆရာကြီးတစ်ဦးက ဆက်လက် သင်ကြားပေးသဖြင့် ထူးချွန်သော သိုင်းပညာများကို ရရှိသွားလေသည်။

သို့သော် ဖုန်းဝှာသည် ရောင့်ရဲတင်းတိမ်ခြင်း မရှိပါ။ သူသည် သူ၏မိဘများအား သတ်ဖြတ်သွားသည့် ဆွေမျိုးစုအားလုံးကို လိုက်လံသတ်ဖြတ်နေသဖြင့် ဝူးမယ်တော်က အကြိမ်ကြိမ် တားမြစ်လေသည်။

သို့သော် ဝူးမယ်တော်ကို ကလန်ကဆန်လုပ်၍ ချင်တူးမြို့သို့ ထွက်သွားလေတော့သည်။ ဝူးမယ်တော်ကလည်း စိတ်ဆိုးလွန်းသဖြင့် ဒီတစ်သက်မှာ လူသတ်နေသမျှ ကာလပတ်လုံး နှင့်မျက်နှာကို မကြည့်ချင်ဘူးဟု ပြတ်ပြတ်သားသားပင် ပြောဆို နှင်ထုတ်ထားခဲ့လေသည်။

ဖုန်းဝှာကလည်း မှတ်သားထားခဲ့လေသည်။ ဆီးဖြူတောင်ကို ခြေဦးပင် မလှည့်ခဲ့ပေ။ ဝူးမယ်တော်နှင့် ပတ်သက်၍ စကားလုံးဘစ်လုံးမှပင် ထည့်၍ မပြောခဲ့။ သို့ကလို နေလာခဲ့ရာ စွမ်းရီသည် သူ၏အစ်ကိုအရင်းတစ်ယောက် ရှိသည်ဟု ယနေ့အထိ မထင်မိခဲ့ပေ။

ဝူးမယ်တော်က ဖုန်းဝှာနှင့်ပတ်သက်၍ ဝမ်ကျောင်းအား အတိုချုံးပြီး ပြောပြလေသည်။ ဝမ်ကျောင်းက ...

"ဒါဖြင့် ... စွမ်းရီက ယခုချိန်ထိ ဖုန်းဝှာကို သူ့အစ်ကိုကြီးနန်း မသိဘူးပေါ့၊ ဟုတ်လား"

ဝူးမယ်တော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... စွမ်းရီ ခုထိ မသိဘူး၊ မသိတာဘဲ ကောင်းတယ်၊ သိရင် သူကိုယ်တိုင် သွားသတ်မှာ စိုးရတယ်"

ဝမ်ကျောင်းက ဝူးမယ်တော်ကို မော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ... စွမ်းရီက လူသတ်တဲ့အလုပ်ကို အင်မတန် ရွံမုန်းတယ်ဆိုတာ နင်လည်း အသိသားပဲ၊ အဲဒီတော့ ငါမြေးမ

လေး စိတ်မဆင်းရဲစေချင်တော့လို့ ငါလည်း ခုချိန်ထိ ဖွင့်မပြောတော့
ဘူး”

“ဖုန်းဝှာက တစ်နေ့လာပြီး ဖွင့်ပြောရင်ကော”

ဝူးမယ်တော်က မျက်နှာမဲ့လိုက်လေသည်။

“စွမ်းရိုက ဘယ်ယုံပါ့မလဲ”

နှစ်ဦးစလုံး တိတ်ဆိတ်သွားသည်။ အတန်ကြာမှ ဝူးမယ်တော်က ...

“မင်းဒဏ်ရာ ဘယ်သူကုပေးသလဲ”

“ဝါးကောက်ကျေးရွာက သမားတော်တစ်ယောက် ကုပေးတာပါ”

“မင်းမိတ်ဆွေတွေလည်း ဒဏ်ရာရသွားတယ်မဟုတ်လား”

ဝမ်ကျောင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ ... ရသွားတယ်၊ အခုတော့ နည်းနည်းသက်သာသွားပါပြီ၊ အဲဒီဒဏ်ရာရသွားတဲ့ ချီလီဆိုတဲ့ မိန်းကလေးရဲ့ မိဘတွေကို ဖုန်းဝှာက သတ်ပစ်လိုက်ပြီ”

ဝမ်ကျောင်းသည် ချီလီ၏ကိစ္စနှင့်ပတ်သက်၍ ဝူးမယ်

ကော်အား အနည်းအကျဉ်း ပြောပြလိုက်သည်။ ဝူးမယ်တော်သည် သက်ပြင်း ရှည်ကြီးကို ချလိုက်၏။

“အဲဒီကောင် သရဲဘီလူး စီးနေပြီနဲ့ တူတယ် ... တစ်နေ့ ညင်းလည်း ဒုက္ခလှလှကြီး တွေ့မှာပဲ”

ဝမ်ကျောင်းက ဘာမှပြန်မပြောဘဲ ငြိမ်သက်၍ နားထောင်နေသည်။ ဝူးမယ်တော်သည် ဝမ်ကျောင်းကို ကြည့်လိုက်၏။

“မင်း ဝမ်တူးကို အမြန်ဆုံးရှာပါ”

ဝမ်ကျောင်း အံ့သြသလို ဝူးမယ်တော်ကို ကြည့်လိုက်လေသည်။

“ဦးလေး ဝမ်တူးကို ဘာလုပ်မလို့လဲ ဘွားဘွား”

“မင်းတို့နှစ်ယောက်စလုံးကို နောက်ထပ်ကျန်တဲ့ သိုင်းကွက် ခြောက်ကွက် ထပ်သင်ပေးမလို့”

ဝမ်ကျောင်းမှာ ဝမ်းသာသွားလေသည်။ သို့သော် ဝူးမယ်တော်၏ နောက်ထပ် ဆက်ပြောလိုက်သည့် စကားကြောင့် ဝမ်ကျောင်းမှာ စိတ်ညစ်သွားရတော့သည်။

“အဲဒါတော်ပြီးရင် ဖုန်းဝှာကို သတ်ချင်သွားသတ်တော့၊ ကံကောင်းရင်တော့ မင်း အောင်ပွဲရမှာပဲ”

ဝမ်ကျောင်းက ဝူးမယ်တော်ကို မော့ကြည့်လိုက်လေသည်။

“ကျွန်တော် မသင်တော့ပါဘူး အဘွားရယ်”

ကျားကန်ကျေးရွာမှ တည်းခိုခန်းတစ်ခုတွင် အမြဲလိုလို ရှိတတ်ကြောင်းသာ ပြောပြလိုက်သဖြင့် ဝမ်ကျောင်းသည် သူ၏မြင်းကို ကျားကန်ကျေးရွာဆီသို့ မောင်းနှင်လိုက်လေသည်။

✵

ကျားကန်ကျေးရွာ ...။

ကျေးရွာဟုသာ ဆိုရသော်လည်း အတော်ကလေး ကြီးမားသည့် ရွာတစ်ရွာဖြစ်လေသည်။ ဝမ်ကျောင်းသည် တည်းခိုခန်းတစ်ခုဌ ဝင်ရောက်မေးလိုက်သည်။ သို့သော် ဝမ်တူးအား မသိဟု အဖြေပေးလိုက်၏။

ဒုတိယတည်းခိုခန်းဌ ဝင်မေးသည်။ လက်ခါပြ၏။ ကျားကန်ကျေးရွာတွင် တည်းခိုခန်း လေးခုသာရှိသည်။ ဝမ်ကျောင်းသည် လုံးဝအားမလျော့သေးဘဲ တတိယမြောက်တည်းခိုခန်းတစ်ခုကို ဝင်၍ မေးပြန်သည်။

တည်းခိုခန်းနှင့် စားသောက်ဆိုင်တွဲထားသည်။ ဝမ်ကျောင်းသည် စားသောက်နေသူများကို တစ်ချက်ကြည့်လိုက်ပြီး အရက်ရောင်းသူတစ်ဦးထံ သွားရောက်မေးမြန်းလိုက်သည်။

"ဒီမှာ ဝမ်တူးဆိုတဲ့လူတစ်ယောက် တည်းခိုနေတာ မရှိဘူး

"မလိုချင်ဘူး၊ ငါ့စကားကို တစ်ခွန်းပဲပြောမယ် ... မင်း ဝမ်းတူးကို တွေ့အောင်ရှာပါ ... ဒါပဲ"

✵

ဝမ်တူးသည် ဝူးမယ်တော်၏ လက်စွဲတော် တပည့်တစ်ဦး ဖြစ်လေသည်။ မည်သည့် ပညာမဆို ဝမ်တူးကိုပါ တတ်အောင် သင်ကြားပေးသည်။

ဝမ်တူးသည် ဝူးမယ်တော်၏စကားကို တစ်သဝေမတိမ်း နားထောင်သူလည်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဝူးမယ်တော်က ဝမ်တူးအပေါ် သံယောဇဉ်ကြီးမား၍ ချစ်ခင်ပေသည်။

ဝမ်ကျောင်းသည် ဝမ်တူးအား မည်သည့်နေရာတွင် သွားရောက် ရှာဖွေရပါမည်နည်းဟု စဉ်းစားလိုက်သည်။ ဝူးဘွားဘွားထံမှ ကြားသိရသည်မှာ ဝမ်တူးသည် ဘဲခြံများကို မသမာသူများက မီးရှို့ဖျက်ဆီးပစ်လိုက်သဖြင့် ဘဲခြံတွင် မရှိတော့ဟု သိရသည်။

ထိုအခါ မည်သည့်နေရာ၌ တွေ့နိုင်မည်နည်း။ ဝမ်ကျောင်းသည် ရှေးဦးစွာ ဘဲခြံ၌ အလုပ်လုပ်ခဲ့သော အလုပ်သမားတစ်ဦးထံ ရောက်ရှိသွားလေသည်။

ထိုအလုပ်သမားက ဝမ်တူး အများဆုံး နေထိုင်သည်မှာ

လားဗျ"

အရက်ရောင်းသော လူသည် ဝမ်ကျောင်းကို သေသေချာ ချာ ကြည့်လိုက်သည်။

"တည်းခိုတဲ့ဧည့်သည် ဝမ်တူးကို မေးတာလား"

ဝမ်ကျောင်းက ဝမ်းသာစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... သူရှိပါသလား ခင်ဗျာ"

"ဧည့်သည် ဝမ်တူးဆိုရင်တော့ ဒီမှာ မရှိပါဘူးဗျာ"

အရက်ရောင်းသူ၏ အူကြောင်ကြောင် အဖြေကြောင့် ဝမ်ကျောင်းမှာ တစ်ချက် ဒေါသထွက်သွားလေသည်။ ထို့ကြောင့် သူသည် ဆိုင်ထဲမှ မကျေမနပ် ထွက်ခဲ့လေသည်။ သူသည် ဆိုင်ရှေ့ရောက်မှ ပြန်စဉ်းစားလိုက်၏။

ဧည့်သည် ဝမ်တူး မရှိပါဘူးဆိုလျှင် အခြား ဘယ်ဝမ်တူးများ ရှိနေလို့ပါလိမ့်။ ဝမ်ကျောင်းက ဆိုင်ထဲသို့ တစ်ဖန် ပြန်ဝင်လာပြန်သည်။

✻

သူသည် အရက်ရောင်းသူရှေ့၌ ...

"စောစောက ခင်ဗျားစကားထဲမှာ ဧည့်သည်ဝမ်တူး မရှိ

ဘူးဆိုတော့ တခြား ဝမ်တူးများ ရှိသေးလို့လားဗျ"

အရက်ရောင်းသူက ခေါင်းညိတ်ပြလိုက်လေသည်။

"ဟာ ရှိတာပေါ့"

အရက်ရောင်းသူသည် တစ်နေရာသို့ လှမ်းကြည့်လိုက်သည်။ ပိန်ပိန်ပါးပါးနှင့် စားပွဲတစ်ခုတွင် အရက်ကို ဖိမ်နှင့်သောက်နေသော လူတစ်ဦးအား လက်ညှိုးထိုး၍ ပြလိုက်လေသည်။

"အဲဒါ .... ဒီရွာက အရက်သမားဝမ်တူးပဲ၊ ဒါပေမဲ့ သူက ဧည့်သည်တော့ မဟုတ်ဘူး"

ဝမ်ကျောင်းမှာ စိတ်မာတ်ကျသွားလေသည်။

"မဟုတ်ဘူးဗျ၊ ကဲ ... သွားဦးမယ်"

ဝမ်ကျောင်း လှည့်ထွက်ခဲ့သည်။

"ဒီမှာ မောင်ရင် ... ခဏနေပါဦး"

အရက်ရောင်းသမားက လှမ်း၍ ခေါ်လိုက်ပြန်သည်။ ဝမ်ကျောင်းသည် အရက်ရောင်းသူအနားသို့ ပြန်လျှောက်လာကာ မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

"ဘာပြောဦးမလို့လဲ"

ဝမ်ကျောင်းက စိတ်မရှည်တော့ဟန်ဖြင့် မေးလိုက်၏။

"အရက်သမား ဝမ်တူးမဟုတ်ရင် နောက်တစ်ယောက် ရှိသေးတယ်၊ သူကလည်း တည်းခိုတဲ့ဧည့်သည်တော့ မဟုတ်ဘူး"

"ဟုတ်ကဲ့ ... ပြောပါဦး"

"ဒီဆိုင်ပိုင်ရှင် ဝမ်တူး"



ဝမ်ကျောင်းသည် စဉ်းစားရင်းမှ တဖြည်းဖြည်းချင်း ခေါင်း ခါယမ်းလိုက်လေသည်။

"ဟင့်အင်း ... သူလည်း မဖြစ်နိုင်ပါဘူး"

အရက်ရောင်းသူက ပခုံးတွန့်လိုက်လေသည်။

"ဒါဖြင့် ဒီကျားကန်ကျေးရွာမှာ ဝမ်တူးဆိုတာ မရှိတော့ဘူး"

ဝမ်ကျောင်းသည် သက်ပြင်းချ၍ စဉ်းစားလိုက်သည်။

"ဦးလေး ဝမ်တူးက ဒီဆိုင်ပိုင်ရှင် ဖြစ်နိုင်ပါ့မလား"

ဝမ်ကျောင်း စိတ်ထဲမှ စဉ်းစားနေသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဝင်တွေ့ရလျှင် ကောင်းမလား။ ဝမ်ကျောင်းသည် ဆိုင်ဘက်သို့ ပြန်လှည့်လိုက်၏။

"ဒီဆိုင်ရှင် ဝမ်တူးကို ဘယ်မှာတွေ့နိုင်မလဲ"

အရက်ရောင်းသူသည် ဝမ်ကျောင်းအား အသေအချာ ကြည့်လိုက်လေသည်။

"ဒီမှာမောင်ရင် ... မင်းလာမေးတာက စည်သည်ဆို၊ ဒီဆိုင်ရှင် ဖြစ်နိုင်ပါ့မလား။ သူက အေးအေးဆေးဆေးပဲ နေတတ်တယ်၊ အဲ ... မင်းတွေ့ချင်ရင်တော့ ဟောဟိုအတွင်းက အခန်းထဲကို ဝင်သွား"

ဝမ်ကျောင်းသည် ဝင်သွားရကောင်းနိုးနိုး၊ မသွားရကောင်းနိုးနိုး စဉ်းစားနေသည်။

ထို့နောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကိုချ၍ အနောက်ဘက်ရှိ အခန်းထဲသို့ တစ်လှမ်းချင်း ဝင်ရောက်သွားလေသည်။

တံခါးက စေ့ရုံသာစေ့ထားသည်။ ဝမ်ကျောင်းက အနည်းငယ် ဟနေသော တံခါးပေါက်မှ အသာအယာ ချောင်းကြည့်လိုက်သည်။

ခုတင်ပေါ်၌ လူတစ်ယောက် ရှိနေ၏။ တစ်ဖက်သို့ လှည့်အိပ်နေသဖြင့် မည်သူမည်ဝါမှန်း ခွဲခြား၍ မရပေ။ ဝမ်ကျောင်းသည် ဖြစ်ချင်ရာဖြစ်စေတော့ဟူသည့် သဘောဖြင့် တံခါးကို အသာအယာ ခေါက်လိုက်လေသည်။

'ဒေါက် ... ဒေါက်'

ခုတင်ပေါ်၌ ခေါင်းမြီးခြုံအိပ်နေသူသည် ရုတ်တရက် ငါး ခါးကို လှမ်းကြည့်ကာ ...

"ဘယ်သူလဲ ... ဝင်ခဲ့"

ထိုအသံကိုကြားလိုက်ရသည်နှင့် ဝမ်ကျောင်းသည် ဝမ်း သာအားရ ခုန်၍ဝင်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော် အတွင်းမှအသံသည် ဝမ်တူး၏ အသံ ဖြစ်နေသောကြောင့် ဖြစ်၏။

ဝမ်တူးသည် ဝမ်းသာအားရ အံ့အားသင့်စွာ ကြည့်နေပေ သည်။

"မင်းကို ငါ ဒီမှာရှိတယ်လို့ ဘယ်သူက ပြောလိုက်တာလဲ"

"ဟာ ... ရှာလိုက်ရတာ ဦးလေးဝမ်တူးရာ"

ဝမ်ကျောင်းက စိတ်ပျက်စွာ ပြောလိုက်လေသည်။ ဝမ်တူး က ရယ်မောနေ၏။

"ဆိုပါဦး ... ငါ့ကို ရှာတဲ့ကိစ္စက"

"မယ်တော်ကြီးက အရှာခိုင်းလိုက်လို့"

ဝမ်တူးက မျက်မှောင်ကြုတ်လိုက်သည်။

"ဝူးမယ်တော်ရှာခိုင်းလို့ ... ဟုတ်လား ... ဘာကိစ္စပါလိမ့်"

"ကျွန်တော်တို့ကို လိပ်ပြာနှုတ်သိုင်းကွက် ဆယ့်ခြောက် ကွက် ဆက်သင်ပေးမယ်တဲ့"

ဝမ်ကျောင်း၏စကားကြောင့် ဝမ်တူး ဝမ်းသာသွားလေ သည်။ သို့သော် မျက်နှာ ချက်ချင်းပြန်တည်လိုက်လေသည်။

"ငါ မသင်ချင်တော့ပါဘူးကွာ"

"ဟင် ... ဘာဖြစ်လို့လဲ"

ဝမ်ကျောင်း အံ့သြစွာဖြင့် ပြန်မေးလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ဝမ်တူးသည် သိုင်းပညာနှင့်ပတ် သက်လာလျှင် အင်မတန်လိုလားသောသူတစ်ယောက် ဖြစ်ပေ သည်။ ယခု မသင်ချင်သည်မှာ အဘယ်ကြောင့်ပါလိမ့်။

"ငါ့မှာ ချစ်သူရှိနေပြီကွ၊ လက်ထပ်တော့မယ်၊ ဒီအလုပ်ကို ဝါသနာမပါတော့ဘူး"

ဝမ်ကျောင်းက ပြုံးလိုက်သည်။

"ဟာ ... ဘာဆိုင်လို့လဲ ဦးလေးဝမ်တူးရယ်"

"ဟုတ်တယ် ... ငါက အဲဒီမှာ အချိန်မဖြုန်းနိုင်ဘူး၊ ငါချစ် သူဆီကို ငါက အမြဲတမ်းသွားရမှာ"

ဝမ်ကျောင်းက ပြုံးလိုက်လေသည်။

"ဒါထက် နေပါဦး ... ဦးလေးဝမ်တူး ဘာတွေလုပ်နေတယ်

ဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါ၊ အခု စကားမပြောတတ်တဲ့ အအ,ယောင် မဆောင်တော့ဘူးလား"

ဝမ်တူးက ရယ်မောပစ်လိုက်သည်။

"မဆောင်တော့ပါဘူး၊ မင်းသိထားဖို့က ဘဲခြံက ရွှေအ ဝမ်တူးဟာ ဘဲခြံနဲ့အတူ လောကမှာ မရှိတော့ဘူး၊ ငါ့ကို ဝူးမယ်တော်က အပြင်လောကမှာ ဘယ်သူနဲ့မှ စကားသိပ်မပြောပါနဲ့လို့ အမြဲတမ်း မှာကြားနေတော့ ငါလည်း အ,နေတာ အကောင်းဆုံးပဲဆိုပြီး အ,ယောင်ဆောင်နေလိုက်တာ၊ အခုတော့ ဘဲခြံလည်း မရှိတော့ဘူး၊ ရွှေအလည်း မရှိတော့ဘူးပေါ့ကွာ"

ဝမ်ကျောင်းသည် အံ့သြစွာ နားထောင်နေရင်းမှ ...

"အဲဒီဘဲခြံကို ဘယ်သူက မီးရှို့သွားတာလဲဗျ ... ပြောပြစမ်းပါဦး"

"ငါ့ချစ်သူအတွက်ပေါ့ကွာ၊ သူက အကူအညီတစ်ခု တောင်းတာနဲ့ ငါလည်း လုပ်ပေးမိလိုက်တယ်"

ဝမ်တူးက တုံးလီတို့ဇနီးမောင်နှံကို ကယ်ဆယ်ခဲ့သည့် အကြောင်းနှင့်ပတ်သက်၍ မြွေနှစ်ကောင်ကို လှည့်စားခဲ့ပုံ၊ မြွေနှစ်ကောင်က မကျေမနပ်ဖြစ်ပြီး သူ့ဘဲခြံကို မီးရှို့ဖျက်ဆီးပစ်ခဲ့ပုံများကို ပြောပြလိုက်ရာ ...

ဝမ်ကျောင်းမှာ အလွန်အမင်း အံ့သြသွားလေတော့သည်။



"အို ... လက်စသတ်တော့ ဒီလိုကိုး၊ ဒါဖြင့် တုံးလီတို့ ဇနီး ...ောင်နှံ ဘယ်မှာလဲ"

ဝမ်တူးက ဝမ်ကျောင်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက် ...ည်။

"မင်း ဘာလုပ်မလို့လဲ"

ဝမ်ကျောင်းက ရယ်မောလိုက်လေသည်။ ပြီးမှ ဝမ် ...ကျောင်းက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစား၍ ...

"နေပါဦး ... ခင်ဗျားချစ်သူက ဘယ်သူလဲ"

"ဘယ်သူဘယ်ဝါဆိုတာတော့ မင်းကို မပြောနိုင်ဘူး၊ ဒါပေ ... အလွန်လှပတဲ့ မိန်းကလေးတစ်ယောက်လို့တော့ ငါပြောရဲတယ်"

ဝမ်ကျောင်းသည် စဉ်းစားရင်းမှ ...

"ခင်ဗျားချစ်သူက တုံးလီတို့ ဇနီးမောင်နှံနဲ့ ဘယ်လို ပတ် ...က်နေလို့လဲ"

"ငါ့ချစ်သူမှာ အမျိုးသမီးမိတ်ဆွေတစ်ယောက် ရှိတယ်။ ...မည်က ချိုလီတဲ့၊ သူ့မိဘတွေကို ဖုန်းဝှာက ဖမ်းထားပြီး သတ် ...တော့မှာမို့ ငါက သွားကယ်ပေးရတာ"

ဝမ်ကျောင်းမှာ ပိုမိုး၍ စိတ်ဝင်စားလာလေသည်။ ဝမ်ကျောင်းသည် ဝမ်တူး၏စကားနှင့် ဆက်စပ်၍ ချိုလီတို့နှင့် တွေ့ခဲ့ပုံ၊ အဆိပ်မိပုံ၊ မြွေနှစ်ကောင်ကိုသတ်၍ အဆိပ်ဖြေဆေးပေးခဲ့ရပုံ နောက်ပိုင်း ချိုလီတို့နှင့်အတူ ကျားသစ်ဂေဟာကို ဝင်ရောက်တိုင်ခိုက်ခဲ့၍ မိမိနှင့် ချိုလီတို့ ဒဏ်ရာရရှိပုံ၊ ဝူးဘွားဘွား ရောက်ရှိလာပုံ ဝူးဘွားဘွားနှင့် ဖုန်းဝှာတို့သည် မြေးဘွားတော်စပ်ပုံတို့ကို ပြောင်လိုက်လေသည်။

ထိုစကားကြောင့် ပါးစပ်ဟပြီး အံ့အားသင့်သွားသူမှာ ဝမ်တူးပင် ဖြစ်လေတော့သည်။

"ဒါဆိုရင် ချိုလီဟာ သူ့မိဘတွေ သေသွားပြီလို့ ထင်နေဦးပေါ့"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ထင်ရုံတင်မကဘူး အခု ဒဏ်ရာသက်သာရင် ဖုန်းဝှာကို သွားတိုက်ဦးမှာ အမှန်ပဲ"

ဝမ်တူးက စဉ်းစားရင်းမှ ...

"ဒါထက် နေပါဦး ... ချိုလီက ငါ့ချစ်သူနဲ့ မိတ်ဆွေဆိုတော့ မင်းက ချိုလီကို မေးမကြည့်ဘူးလား"

ဝမ်ကျောင်းက လက်ကာပြလိုက်သည်။

"နေဦး ... ခင်ဗျားချစ်သူနာမည် ဘယ်သူလဲ"

"သူကပြောတော့ ရွှေလန်းလို့ ပြောတာပဲ"

"သူက ဘယ်မှာနေသလဲ"

"ရေတံခွန်တောင်တန်းမှာ ကျန်စုနဲ့ နေတယ်"

"ဟုတ်ပြီ ... ကျန်စုဟာ ရွှေလန်းဆရာ မဟုတ်လား"

ဝမ်ကျောင်းက အားတက်သရော်ဖြင့် မေးသည်။ ဝမ်တူးက ခေါင်းညိတ်ပြသည်။

"ဟုတ်ပြီ ... ကျွန်တော် အဲဒီကို သွားမယ်"

ဝမ်တူး အံ့သြသွားလေသည်။

"ဘာသွားလုပ်မှာလဲ"

"အဲဒါ ... ကျွန်တော့် အစ်မဗျ"

✻

ဝမ်တူးသည် ဝမ်ကျောင်းအား ကြည့်လိုက်လေသည်။ ဝမ်ကျောင်းမှာ ထိုကဲ့သို့ ပြောရင်းမှပင် မျက်စိမျက်နှာ ပျက်၍နေသဖြင့် ဝမ်တူးမှာ စိတ်မကောင်း ဖြစ်သွားလေသည်။

ဝမ်ကျောင်းက သူတို့မောင်နှမ၏ဘဝဖြစ်စဉ်ကို ဝမ်တူးအား ပြောပြလေသည်။ ထိုအခါကျမှ ...

"ကျွန်မမှာ ခွင့်မလွှတ်နိုင်တဲ့ အမှားတွေ ရှိပါတယ်၊ ကျွန်မ

အကြောင်း ရှင်မသိပါဘူး၊ ကျွန်မ ကျားသစ်ဂေဟာကို မဖြို့ခွဲရမချင်း မကျေနပ်ဘူး၊ အဲဒီကိစ္စပြီးမှ လက်ထပ်ပါရစေ”

ဟု ရွှလန်းက ပြောသောစကားများကို ဝမ်တူး ပြန်လည်၍ အမှတ်ရသွားလေသည်။

“စိတ်မကောင်း ဖြစ်မနေပါနဲ့ ဝမ်ကျောင်းရယ်၊ တစ်နေ့ တစ်ချိန်မှာ တရားတဲ့အတိုင်း ဖြစ်ရစေမှာပေါ့”

“ကျွန်တော့်အစ်မနဲ့ တွေ့ချင်တယ်ဗျာ”

“ကောင်းပြီလေ၊ ဒါပေမဲ့ တို့နှစ်ယောက် ဝါးကောက်ကျေးရွာကို အရင်သွားဦးမှ ဖြစ်မှာပေါ့၊ မင်းပြောတဲ့အတိုင်းဆိုရင် ချိုလီတို့က ဖုန်းဝှာကို သွားတိုက်ခိုက်နေဦးမယ်”

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ... အဲဒီကို အရင်သွားမှဖြစ်မယ်”

* * *

အခန်း (၃၂)

မောင်နမန်ယောက် တွေ့ပြီ

ဝါးကောက်ကျေးရွာ ...။

ဝါးကောက်ကျေးရွာ သမားတော်ကျင်းထံ၌ ဆေးကုသနေသော ချိုလီမှာ ဒဏ်ရာအနည်းငယ်သက်သာနေပြီ ဖြစ်ပေသည်။

သူမမှာ သေဖို့ သုံးလေးကြိမ် ကြုံခဲ့ရသော်လည်း သမားတော်ကျင်း၏ ပြုစုကုသမှုကြောင့် အသက်ချမ်းသာရာ ရရှိခဲ့ပေသည်။ ထို့ကြောင့် သမားတော်ကျင်းက ...

“သမီးချိုလီ ဒီတစ်သက်မှာ နင် သူများသတ်လို့သေမှာ ဟုတ်တော့ဘူး”

ဟု ရယ်သလိုမောသလို ပြောဆိုခဲ့လေသည်။ ချိုလီမှာ နေကောင်းနေပြီ ဖြစ်သော်လည်း ဒဏ်ရာကမကျက်သေးပေ။ သူမသည် အချိန်ရှိသရွေ့ မိဘများကို တမ်းတပြီး ငိုယိုနေပေသည်။

ထိုအခါ ငေါ့စွေရာက ချော့မော့နေရ၏။

“ငိမနေပါနဲ့ ချိုလီရယ်၊ ဒင်းတို့ကို တစ်နေ့ ငါကိုယ်တိုင်

ကလဲ့စား ချေပေးပါ့မယ်”

ဒေါ်စွေရာက ဟုတ်သော်ရှိ မဟုတ်သော်ရှိ အားပေးစကား ပြောကြားနေသည်။ သို့သော်လည်း သူမသည် အဖြစ်ဆိုးနှင့် သေဆုံးသော မိဘနှစ်ပါးသည် မိမိအတွက်ကြောင့်ဟုဆိုကာ ယူကျုံးမရ ဖြစ်နေပေသည်။

ထိုစဉ်မှာပင် ဝမ်ကျောင်းနှင့် ဝမ်တူးတို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ချိုလီသည် ဝမ်တူးကို မြင်ရသောအခါ အံ့သြသွားသည်။

“ရှင် ကျွန်မကို မှတ်မိသေးသလား”

ဝမ်တူးက ခေါင်းညိတ်လိုက်သည်။ ဝမ်ကျောင်းသည် မည်သည့်စကားမှမပြောသေးဘဲ အခြေအနေကို ကြည့်နေ၏။ ချိုလီအား ဝမ်ကျောင်းက ဝမ်တူး၏အကြောင်းများကို ပြောမပြထားသဖြင့် ချိုလီ၏စိတ်ထဲတွင် ဝမ်တူးသည် အနေသောသူဟု ယခုထိ ထင်နေ၏။

“အခု ... ရှင်က ဘဲခြံမှာ မလုပ်တော့ဘူးလား”

ဝမ်တူးက ခေါင်းယမ်းလိုက်သည်။ ဒေါ်စွေရာက အခြေအနေကိုကြည့်၍ နားထောင်နေသည်။ ချိုလီသည် ဝမ်တူးသဘောကောင်းကြောင်း၊ ဘဲခြံတွင် အလုပ်လုပ်၍ ကျားသစ်ဂေဟာသို့ ပို့နေသူဖြစ်ကြောင်းများ ပြောပြနေသည်။

ဝမ်ကျောင်းနှင့် ဝမ်တူးက ပြုံး၍ နားထောင်နေ၏။

“ရှင် ... အခု မြေမမှုတ်တော့ဘူးလား”

ဝမ်တူးက ခေါင်းယမ်းလိုက်သည်။

“ဘာဖြစ်လို့လဲ”

“ကျွန်တော့်ချစ်သူ ပြန်တွေ့ပြီလေ”

ဝမ်တူးက ရုတ်တရက် ပါးစပ်မှ အသံထွက်သွားသဖြင့် ချိုလီမှာ အံ့သြထိတ်လန့်သလို ဖြစ်သွားလေသည်။

“ဟင် ... ရှင်စကားပြောတတ်တာပဲ”

ချိုလီက အံ့သြစွာ မေးလိုက်လေသည်။

“ကျွန်တော် အစကတည်းက စကားပြောတတ်ပါတယ်၊ ဆရာမင်တကာ အ,နေယောင်ဆောင်ထားတာ”

“ရှင့်မှာ အကြောင်းရှိလို့ပေါ့ ဟုတ်လား”

ချိုလီက မယုံသင်္ကာသလို မေးလိုက်လေသည်။ ထိုအခါ ဝမ်တူးက သူ့အပေါ် မယုံသင်္ကာ ဖြစ်နေမည်စိုး၍ ...

“ခင်ဗျား ကျူပ်အပေါ် တစ်မျိုးမထင်ပါနဲ့၊ ကျူပ်ဟာ ဘဲခြံရှေ့အဖြစ်သလို မျက်နှာဖုံးကပ်ထားပြီး ရှူလန်းကို ကယ်ဆယ်ခဲ့တာလဲ ကျူပ်ပဲ၊ နောက်ပြီး ခင်ဗျားတို့နှစ်ယောက်စလုံးကို အကူအညီပေးခဲ့တာလည်း မှတ်မိမှာပေါ့”

ဝမ်တူးက ထိုကဲ့သို့ အစချီကာ ဖြစ်သမျှ ကြုံတွေ့သမျှများ ရေရေလည်လည် ရှင်းပြပြီးမှ ...

နောက်ဆုံး မြွေနှစ်ကောင်၏လက်ထဲမှ ချိုလီ၏ မိဘနှစ်ပါး
ကို ကယ်ဆယ်ခဲ့သည့်အကြောင်း ထုတ်ဖော်ပြောဆိုလိုက်ရာ ချိုလီ
မှာ ကျန်ခြေပင် မဆည်နိုင်ဘဲ ထခုန်မိလေသည်။

"ဟင် ... ဖေဖေနဲ့မေမေ မသေဘူးပေါ့၊ ရှင် ကယ်ဆယ်
ထားတယ်ပေါ့ ... ဟုတ်လား၊ အခု ဘယ်မှာလဲဟင်"

ဝမ်တူးက ...

"မပူပါနဲ့ချိုလီ ... ခင်ဗျားရဲ့မိဘတွေ ကျုပ်ဆီမှာ ရှိပါတယ်
ဒါပေမဲ့ ခင်ဗျားပဲဖြစ်ဖြစ်, ခင်ဗျားမိဘပဲ ဖြစ်ဖြစ် အသက်ရှင်နေတာ
ကို ကျားသစ်ဂေဟာက လိုလားမှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်
လွှို့ဝှက်ထားတာပါ၊ ခင်ဗျားနေကောင်းတဲ့အခါ အခြားသင့်တော်
မယ့်မြို့တစ်မြို့မှာ လွှို့ဝှက်ပြီး နေကြရုံပေါ့"

ဝမ်တူးက ထိုကဲ့သို့ပြောပြီး သူ့မိဘများအား ထားသည့်
နေရာကို ချိုလီအား တိုးတိုးကလေး ပြောလိုက်လေသည်။ ချိုလီမှာ
ဝမ်းသာလွန်း၍ မျက်ရည်များပင် စီးကျလာသည်။

အချို့လူတွေသည် ဝမ်းနည်းလည်း မျက်ရည်ကျ၏၊ ဝမ်း
သာလည်း မျက်ရည်ကျတတ်ကြသည် မဟုတ်ပါလား။

"ဒါထက် ရှင့်ချစ်သူ ပြန်တွေ့ပြီဆိုတာက ဘယ်သူလဲ"

ထိုအခါ ဝမ်ကျောင်းက ...

"ကျွန်တော့်အစ်မ ရူဝါဗျ၊ သူမို့လို့ ကြီးကြီးဖန်ဖန် သွားတွေ

ဘတ်တယ်"

ဝမ်ကျောင်း ရုတ်ရုတ်နှင့် ပြောလိုက်လေသည်။

"ဟုတ် ... ဟုတ်လား ... သူ အခု ဘယ်မှာလဲ"

ဝမ်တူးက ...

"ဆရာကျန်စုနဲ့ အတူရှိနေတယ်"

ဟု အဖြေပေးလိုက်လေသည်။

ဝမ်တူးနှင့်ဝမ်ကျောင်း ...။

သူတို့နှစ်ဦးသည် ရေတံခွန်တောင်တန်းသို့ ခရီးဆက်ခဲ့ကြ
သည်။ သူတို့နှစ်ဦးစလုံး၏ ခြေလှမ်းများက သွက်နေကြပေသည်။

ဝမ်ကျောင်းက ကွဲကွာနေသောအစ်မနှင့် တွေ့ရတော့မည်
ခို့ ခြေလှမ်းသွက်နေသည်။ ထို့အတူ ချစ်သူနှင့်တွေ့ချင်သော ဝမ်တူး
၏ ခြေလှမ်းကလည်း သွက်လက်လှပေသည်။ သူတို့နှစ်ဦးစလုံးသည်
ခြင်းမပါကြပါ။

ရေတံခွန်တောင်တန်းသို့ အတက်တွင် မြင်းများကို ထားခဲ့
ရမည့်အတူတူမို့ ခြေလျင်ပင် လာခဲ့ကြခြင်း ဖြစ်လေသည်။ သူတို့
သည် ဝါးကောက်ကျေးရွာမှ နံနက်၌ ထွက်ခဲ့ကြသည်။

ညနေ နေမစောင်းမီပင် ရေတံခွန် တောင်ခြေသို့ ရောက်ရှိခဲ့၏။ သူတို့နှစ်ဦးမှာ အတွေးကိုယ်စီနှင့်မို့ တစ်ယောက်နှင့် တစ်ယောက် စကားမပြောနိုင်ချေ။ ခြေလှမ်းကိုသာ ခပ်သွက်သွက် လှမ်းခဲ့ကြသည်။

ရှေ့ဆုံးမှလာသော ဝမ်ကျောင်းသည် တဲကိုမြင်သည်နှင့် ခြေလှမ်းများ ပို၍သွက်လာသည်။ တဲရှေ့သို့ ရောက်သည်နှင့် ဝမ်တူးက အသံပေးလိုက်သည်။

"ရှူလန်း ရှူလန်း"

တဲတစ်ခုလုံး တိတ်ဆိတ်နေ၏။ ဝမ်တူး မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သူသည် သိသိသာသာ မျက်နှာပျက်သွားလေသည်။

တဲအတွင်း ဖရိုဖရဲ ဖြစ်နေသည်။ တစ်စုံတစ်ယောက်နှင့် တိုက်ခိုက်ထားသည့်အသွင်များကို တွေ့မြင်ရလေသည်။ ဝမ်တူးက ဝမ်းချောင်းကို တစ်ချက်ကြည့်၍ တဲအတွင်းသို့ လျင်မြန်စွာ ပြေးဝင်လိုက်လေသည်။ ဝမ်ကျောင်းက နောက်မှ ပြေးလိုက်သွားသည်

တဲအတွင်း၌ မြင်လိုက်ရသောမြင်ကွင်းကြောင့် ဝမ်တူးသည် ထိတ်လန့်သွားတော့သည်။ သွေးအိုင်ထဲ၌ လူတစ်ယောက် လဲနေသည်။

ဝမ်တူးက ပြေး၍ ထူလိုက်လေသည်။ သွေးအိုင်ထဲ လဲနေသူမှာ ဆရာကျန်စုပင်။ ဆရာကျန်စုသည် လက်တစ်ဖက်မှာ ဓားကိုဆုပ်ကိုင်ရင်း လဲကျနေပေသည်။

တိုက်ပွဲဖြစ်ပွားသည်မှာ သိပ်ကြာပုံမပေါ်သေးပေ။ ဘေးတဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်၏။ အခြား မည်သူ့ကိုမှ မတွေ့ရပေ။ ရှူလန်း ဘယ်ရောက်နေပါသနည်း။

ဝမ်တူးပွေ့ထားသော ဆရာကျန်စုသည် ရုတ်တရက် အနည်းငယ် လှုပ်ရှားလာသည်။ လက်သုံးချောင်းထောင်ပြ၍ ပါးစပ်မှ ခပ်မသဲ ပြောသည်။

"ဘဘ ... ကျွန်တော် ဝမ်တူးလေ၊ ရန်သူ ဘယ်သူလဲ ပြောပါ"

ဝမ်ကျောင်းကလည်း အနားကပ်၍ နားထောင်သည်။ ကျန်စုက အားယူ၍ ပြောသည်။

"ပင်လယ်ဓားသမား ငုဖန်း၊ ကြိုးသိုင်းသမား ရှောင်ဟန်း"

ကျန်စုသည် ပြောရင်းမှ မောနေ၏။ သူ၏လက်ညှိုးက ရန်သူသွားသောလမ်းကို ပြနေသည်။

"နောက်တစ်ယောက်က ဘယ်သူလဲ ဘဘ"

ဝမ်တူးက ညင်သာစွာ မေးနေ၏။

"မျောက်လောင်း ချူစု"

ကျန်စုမှာ နောက်ဆုံးစကားပြောပြီးသည်နှင့် ရုတ်တရက်

ဇက်ကျိုးကျသွားတော့သည်။

ဝမ်တူးနှင့်ဝမ်ကျောင်းသည် ကြာရှည် အချိန်မဆွဲအား တော့ပါ။ ဆရာကျန်စုညွှန်ပြသည့်လမ်းအတိုင်း အပြေးအလွှား လိုက်ခဲ့လေသည်။

တောင်အောက်သို့ဆင်းသည့် လမ်းမှာ သုံးလေးလမ်း ရှိသည်။ ဆရာကျန်စု ညွှန်ပြသည့်လမ်းသည် အခက်အခဲဆုံး လမ်းဖြစ်နေပေသည်။ သို့သော် ဝမ်တူးနှင့်ဝမ်ကျောင်းသည် အပြေးအလွှား ပင် ဆင်းခဲ့လေသည်။

တောင်ခြေသို့ ရောက်သောအခါ မြင်းလှည်းဘီးရာနှင့် မြင်း ခြေရာများကို တွေ့ရလေတော့သည်။

"သူတို့ မြင်းလှည်းနဲ့ သွားတာပဲ ဖြစ်ရမယ်"

ဝမ်တူးက ပြောလိုက်သည်။ သူတို့နှစ်ဦးသည် ထိုသို့ ပြော ပြီး သည်နှင့် မြင်းလှည်းဘီးရာအတိုင်း အပြေးအလွှားပင် လိုက်ခဲ့ လေသည်။

မကြာမီ လမ်းမကြီးပေါ်သို့ မြင်းလှည်းဘီးရာက တက်သွား လေသည်။ ဝမ်တူးက မြင်းလှည်းသွားသော လမ်းကြောင်းကို တွက် ၍ ...

"ဟေ့ ... ဒါဆို ကျားကန်ကျေးရွာဘက်သွားတာပဲ ဖြစ်ရ မယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ ကျားကန်ကျေးရွာမှာ ဝင်တည်းမှာ သေ

ချာတယ်"

ဝမ်တူးက တစ်ထစ်ချ တွက်လိုက်လေသည်။ ပြေးသူက မြင်းလှည်းနှင့်၊ လိုက်သူနှစ်ယောက်က ခြေလျင်။

ဝမ်တူးနှင့်ဝမ်ကျောင်းတို့သည် မောရမှန်း ပန်းရမှန်းမသိ ပါပေ။ လမ်းမကြီးအတိုင်း ပြေးလွှားနေ၏။ ထိုစဉ် သူတို့ရှေ့မှ ရင် ဆိုင်လာနေသော မြင်းနှစ်ကောင်ကို တွေ့လိုက်ရလေသည်။

ဝမ်တူးက ...

"ဟေ့ ဝမ်ကျောင်း ... ရှေ့မှာ ခရီးသည်နှစ်ယောက် ဖြစ် မှာပဲ၊ ဘာပဲဖြစ်ဖြစ် မြင်းကိုတော့ ရအောင်ယူမယ်ဟေ့"

မြင်းနှစ်ကောင်ကို အနားသို့ ရောက်ရှိလာသည်။ ဝမ်တူးနှင့် ဝမ်ကျောင်းသည် ဘာမှ ပြောမနေတော့ပါ။ ရှေ့တွင် ရုတ်တရက် ရပ်၍ ဖမ်းဆွဲလိုက်သည်။

ထို့နောက် နှစ်ယောက်စလုံး မြင်းပေါ်မှလူများအား တွန်းချ လိုက်ပြီး မြင်းများကို အပြင်းနှင့်သွားတော့၏။ နောက်မှ ဆဲရေးတိုင်း ထွာနေသည့်အသံများ သဲ့သဲ့ကြားလိုက်လေသည်။

ကျားကန်ကျေးရွာသို့ပင် မရောက်သေးပါ။ ကျားကန်ကျေး

ရွာကို လှမ်းမြင်နေရသည့်နေရာအရောက်တွင် ရှေ့မှ မြင်းလှည်းတစ်စီးကို တွေ့နေရပြီဖြစ်၏။

မြင်းလှည်းမှာ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် သွားနေသည်။ ဝမ်တူးနှင့်ဝမ်ကျောင်းသည် မြင်းလှည်းနားကပ်၍ အခြေအနေကို ကြည့်လိုက်၏။ တစ်ယောက်က မြင်းလှည်းမောင်းနေသည်။ အထဲတွင် ဘယ်နှယောက် ပါသည်ကို မသိရပေ။ ဝမ်တူးသည် ရုတ်တရက် သူ၏မြင်းကို မြင်းလှည်းရှေ့၌ ကန့်လန့်ဖြတ် ရပ်တန့်လိုက်သည်။

ထိုအခါ မြင်းလှည်းမောင်းသူသည် ဝမ်တူးအား ခုန်အုပ်လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ဝမ်ကျောင်းက မြင်းလှည်းအတွင်း ဖွင့်၍ ဝင်လိုက်၏။ မြင်းလှည်းအတွင်းမှ လူနှစ်ယောက်က ဝမ်ကျောင်းအား ရုတ်တရက် ကန်ထုတ်၍ မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။

တစ်ယောက်က ကြိုးတစ်ချောင်း ကိုင်ထားလေသည်။ ဝမ်ကျောင်းက လုံးဝမမှုပါ။ ကြိုးနှင့်သိုင်းသမားသည် သူ၏ကြိုးကို တစ်ဝိုင်ပြည်အောင်လုပ်၍ ဝမ်ကျောင်းအား ရိုက်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် တစ်ယောက်က ဓားနှင့်ပြေးခုတ်ချ၏။ ဝမ်ကျောင်း လေထဲမြောက်တက်သွားသည်။ ပင်လယ်ဓားသမားက ဝမ်တူးနှင့် ရင်ဆိုင်နေရသည်။

ဝမ်ကျောင်းနှင့် တိုက်ခိုက်သူနှစ်ဦးမှာ ကြိုးသိုင်းသမား

ရှောက်ဟန်းနှင့် မျောက်လောင်း ချူစု။ ထိုစဉ် ဝမ်တူး၏တိုက်ခိုက်မှုသည် ပင်လယ်ဓားသမား ရှောက်ဟန်းအား ငယ်သံပါအောင် အော်၍ အဝေးသို့ လွင့်စဉ်ထွက်သွားစေသည်။

✷

ဝမ်တူး မြင်းလှည်းအတွင်းသို့ ရုတ်တရက် ဝင်လိုက်သည်။ ရှူဝါအား ကြိုးနှင့်တုပ်၍ ပါးစပ်ပိတ်ထားသည်ကို မြင်ရ၏။ ဝမ်တူးသည် အမြန်ဆုံး ကြိုးများ ဖြေပေးလိုက်လေသည်။

ထိုအခါ ရှူဝါသည် မြင်းလှည်းပေါ်မှ ခုန်ဆင်း၍ ကြိုးသမားကို ရင်ဆိုင်လိုက်၏။ ဝမ်ကျောင်းက ရှူဝါရှေ့မှ ကာဆီးလိုက်၏။

"မမရှူဝါ အသာနေ ... ကျွန်တော် ရင်ဆိုင်မယ်"

ရှူဝါမှာ သူမအား မမရှူဝါဟုခေါ်သော လူငယ်အား ကြည့်နေမိသည်။ မျောက်လောင်းချူစုကို ဝမ်တူးက တိုက်ခိုက်နေသည်။ ချူစုမှာ ကြေးစားလောကဥ္စ နာမည်ကြီးခဲ့သော်လည်း ဝမ်တူးကို ခံရာခံဆစ် ပြန်လည်တိုက်ခိုက်နေရပေသည်။ ဝမ်တူးက တိုက်ခိုက်ရင်းမှ ရှူဝါအနီးသို့ ရောက်ရှိလာကာ ...

"အဲဒါ ... ခင်ဗျားမောင်လေး ထင်းကျောင်"

ဟု လှမ်းပြောလိုက်လေသည်။ ထိုအခါ ရှူဝါသည် အံ့သြ

ဝမ်းသာသွားလေသည်။ သူမသည် ကြိုးသမားရှေ့သို့ ခုန်ဝင်ကာ ထင်းကျောင်းနှင့်အတူ ဝင်၍ တိုက်ခိုက်လေသည်။

"မမ အသာနေပါ ... သူတို့ လိပ်ပြာနှုတ်ဓားသမားအကြောင်း အခုသိသွားရမယ်"

ထင်းကျောင်းက ထိုကဲ့သို့ ရှူဝါအား ပြန်လည်ပြောလိုက်သောအခါ ကြိုးသိုင်းသမား ရှောင်ဟန်းသည် တစ်ချက်တွေဝေသွားပြီးနောက် ခုန်၍ ဆုတ်လိုက်လေသည်။

"လိပ်ပြာနှုတ်ဓားသမား ဟုတ်လား"

ရှောင်ဟန်းက မေးလိုက်သည်။

"ဟုတ်တယ်၊ မင်းတို့က သေချင်လို့ ငါ့အစ်မကို စော်ကားတယ်ပေါ့ ဟုတ်လား"

ကြိုးသိုင်းသမားက ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ဘယ်သူသေတယ်ဆိုတာ မင်း အခု သိရမယ်"

ကြိုးသိုင်းသမားရှောင်ဟန်းသည် အခြေအနေမဟန်မှန် သိသော်လည်း ပါးစပ်က မလျော့ပေ။ သူသည် ကြိုးကို ဝှေ့ယမ်းရင်း မှ ထွက်လမ်းကို ရှာနေသည်။

ထင်းကျောင်းကသိ၍ လမ်းဝိတ်ဆို့ကာ တိုက်ခိုက်လေသည်။ ထင်းကျောင်းသည် ခန္ဓာကိုယ်အား နှစ်ပတ်လှည့်၍ ကြိုးက

အဲ့အရ ဆွဲယူလိုက်သည်။ ရှောင်ဟန်း၏ခန္ဓာကိုယ်သည် ချာလည်သလို ဖြစ်သွား၏။

ထိုစဉ် ရှူဝါသည် ရုတ်တရက် ရှောင်ဟန်း၏ရင်ညွန့်ကို ရိုက်လိုက်လေသည်။

"အုန်း"

ထိုအသံနှင့်အတူ ရှောင်ဟန်းလွင့်စဉ်သွား၏။ ထင်းကျောင်းခြေထောက်ဖြင့် ပစ်၍ကန်ထည့်သည်။ ရှောင်ဟန်း ဖင်ထိုင်လျက် ကျသွားသည်။ ထိုစဉ်မှာပင် ဝမ်တူးက သူတို့အနီးသို့ ရောက်ရှိလာ၏။

ရှူလန်းကလှည့်ကြည့်လိုက်ရာ ကြေးစားနှစ်ဦးစလုံး အသက်ပျောတော့သည်ကို တွေ့လိုက်ရလေသည်။ သေဆုံးသွားသူမှာ မျောက်လောင်းချူစုနှင့် ပယ်လယ်ဓားသမား ငုဖန်းတို့ ဖြစ်လေသည်။

ထင်းကျောင်းက ရှောင်ဟန်းကို သတ်မည့်ဆဲဆဲ ဝမ်တူးက အားလိုက်လေသည်။

"မလုပ်နဲ့၊ မြင်းလှည်းမောင်းတဲ့လူ မရှိဘဲနေဦးမယ်"

ဝမ်တူးကပြောလိုက်သဖြင့် ထင်းကျောင်းသည် ရှောင်ဟန်းအား သတ်မည့်ဆဲဆဲ လွှတ်ပေးလိုက်လေသည်။

ဝမ်တူးက ရှောင်ဟန်းအား ကြည့်၍ ...

"ဒီမှာ ကြေးစားကြီး ... မင်းလူတွေကို မြင်းလှည်းပေါ်တင်

ပြီး ကောင်းကောင်းမွန်မွန် သင်္ကြိုဟ်လိုက်ပါ၊ မကျေနပ်ရင် နောင်
ထပ်တွေ့သေးတာပေါ့ ... ဟုတ်လား"

ထင်းကျောင်းက ...

"အဲ ... တစ်ခုတော့ရှိတယ်၊ ကျုပ်တို့က လူသုံးယောက်ခဲ့
တော့ မြင်းတစ်ကောင် လိုနေတယ်၊ မြင်းလှည်းက မြင်းကိုတော့
ယူရလိမ့်မယ်၊ မြင်းအစား ခင်ဗျားပဲ ဆွဲသွားပေတော့"

ထင်းကျောင်းသည် ပြောပြီးသည်နှင့် မြင်းလှည်းမှ မြင်းကို
ဖြုတ်ယူလိုက်လေသည်။ ကြေးစားမှာ ဘာမှ မတတ်နိုင်တော့ပါ။

* * *

အခန်း (၃၃)

သံသယများ

ယခု သူတို့သုံးဦးသည် ဝမ်တူးပိုင်ဆိုင်သော ကျားကန်
ကျေးရွာရှိ တည်းခိုခန်းသို့ ရောက်ရှိနေကြပြီ ဖြစ်ပေသည်။ သည်
ဘစ်ခါ ဝမ်းသာ၍ မျက်ရည်ကျရသူမှာ ရွှဝါပင် ဖြစ်လေသည်။

ရွှဝါည် မောင်လေးဖြစ်သူ ထင်းကျောင်းအား ဖက်၍ ငိုယို
နေသည်။ စိတ်မကောင်းခြင်းကြီးစွာဖြင့် အနားမှ ထိုင်ကြည့်နေသူမှာ
ဝမ်တူးပင် ဖြစ်လေသည်။

မောင်နှစ်မနှစ်ယောက်သည် တစ်ယောက်အကြောင်း တစ်
ယောက် အကုန်အစင် ပြောဆိုနေကြ၏။ ဝမ်တူးက အားလုံး စား
သောက်ရန်အတွက် ပြင်ဆင်နေပေသည်။ နှစ်နာရီခန့်ကြာသောအခါ
သူတို့သုံးဦးစလုံး ရယ်ရယ်မောမောနှင့် အစားအသောက်များ စား
သောက်ကြလေသည်။

စားသောက်ကြရင်းမှ ထင်းကျောင်းက သူ၏ လက်ရှိ

အခြေအနေ ဘဝအကြောင်းများ ပြောပြသည်။ ရှုဝါကလည်း သူမ၏ ဒုက္ခများကို ပြောပြ၍ ငိုယိုလေသည်။

ဝမ်တူးက ကြားမှနေ၍ အတိတ်ဇာတ်ကြောင်းများကို မေးထားရန်ချော့မော့ပြောဆိုသောအခါ အားလုံးငြိမ်သက်သွားတော့၏။



မနေ့က မိုးကုတ်စက်ဝိုင်းအတွင်းသို့ ဝင်သွားသော နေလုံးသည် ယနေ့ အရှေ့မိုးကုပ်စက်ဝိုင်းမှ ပြန်ထွက်လာသည်။ နေ့သစ်တစ်နေ့ မွေးဖွားလိုက်ခြင်းပင်။

သူတို့သုံးဦးစလုံး စိတ်ကြည်နူးနေပေသည်။ သူတို့သည် အခြား ရယ်စရာ မောစရာ စကားများ ပြောပြီးသည်နှင့် ဝမ်တူးက ရှေ့ဆက်မည့်ခရီးကို စတင်မေးလေတော့သည်။

ထင်းကျောင်းက ...

"မမ ကျွန်တော်နဲ့လိုက်ခဲ့ပါ။ ဟိုမှာ သိုင်းပညာတစ်မျိုး ထပ်သင်ရအောင်"

ဝမ်တူးက ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်ပါတယ် ရှုဝါ၊ ကျုပ်လည်း အဲဒီကိုပဲ သွားရမှာပါ"

ရှုဝါက စဉ်းစား၍ ...

"မင်းပြောတဲ့ ဝူးမယ်တော်က သူမြေးဖုန်းဝှာကို သတ်ဖို့ ...ည်းပညာ သင်ကြားပေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ရှုဝါမှာ ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ အရာရာကို တွေး ...ာ၍ လန့်နေသူ ဖြစ်ပေသည်။

"မမ စိတ်မပူပါနဲ့၊ ဝူးဘွားဘွားမှာ အဲဒီစိတ်မျိုး မရှိပါဘူး"

ရှုဝါ မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်လေသည်။

"အခုနေတော့ သူက ပြောသေးတာပဲပေါ့၊ တကယ်တမ်း ...ဝှာကို သတ်ဖြတ်မယ်လို့ ပြောကြည့်ပါလား၊ သူမြေးအရင်းပဲ ...က လက်ခံပါ့မလားဆိုတာ စဉ်းစားပေါ့"

ဝမ်တူးက ကြားဝင်၍ ...

"မဟုတ်သေးဘူး ရှုဝါ၊ ဝူးမယ်တော်က ဖုန်းဝှာနဲ့လည်း ...ည်တာမဟုတ်ဘူး၊ နောက်ပြီး ထင်းကျောင်းကို ဝူးမယ်တော်က ...ယ်လောက်ထိ သံယောဇဉ်ကြီးတယ်ဆိုတာ တွေ့ရမှာပါ"

"သွားကြ ရှင်တို့သွားကြ၊ ကျွန်မ မလိုက်ဘူး၊ ကျွန်မ တစ် ...ယောက်တည်း ကျားသစ်ဂေဟာကို လက်စားချေမယ်"

ထင်းကျောင်းနှင့် ဝမ်တူး ပြိုင်တူ သက်ပြင်းချလိုက်သည်။



"ကျွန်တော်ပြောတာ နားထောင်ပါ မမရယ်၊ ဝူးဘွားဘွား ဆီမှာနေရတာ အပြင်မှာ နေရတာထက် လုံခြုံမှု ရှိပါတယ်။ မမ မယုံရင် ခဏဖြစ်ဖြစ် နေကြည့်ဦး၊ နောက်တော့လည်း ကျွန်တော်တို့ မောင်နှစ်မ အချိန်မရွေး သွားချင်တဲ့နေရာကို သွားလို့ရတာပဲ"

ရှူဝါ သက်ပြင်းချလိုက်လေသည်။

"နင် သေသေချာချာ စဉ်းစားပါ မောင်လေးရယ်၊ တို့ဟာ ဘောင်ချောက်ထဲမှာ မိနေသလို ဖြစ်သွားလိမ့်မယ်"

ဝမ်တူးက လက်ကာပြလိုက်သည်။

"အဲဒီအဖြစ်မျိုးကို ကျုပ်က လက်မခံပါဘူး၊ ဒီမှာ ရှူဝါ ငယ်ငယ်ကတည်းက ကျုပ် အသေခံပေးမယ်"

ရှူဝါသည် ဝမ်တူးကို လှမ်းကြည့်လိုက်သည်။ ဝမ်တူးသည် ဒေါနှင့်မောနှင့် ဝင်ရောက်ပြောဆိုနေပေသည်။ သူမသည် အတန်ကြာအောင်ပင် စဉ်းစား၍ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်လေသည်။ ထို့နောက် စိတ်ကို ဆုံးဖြတ်လိုက်ဟန်ဖြင့် ...

"ကဲလေ ... မောင်လေးရဲ့ သဘောပဲ"

ဟု ပြောလိုက်လေသည်။

နောက်တစ်ရက် ကြိုးစား၍ နားချသည်။ မရသေး။ နောက်တစ်ပတ် ကြိုးစား၍ ဖျောင်းဖျသည် မရသေး။ ရှူဝါသည် ကျားသစ်ဂေဟာအပေါ် အလွန်ပင် မုန်းတီးနေပေသည်။

နောက်တစ်ခါ ထင်းကျောင်း ကြိုးစားကြည့်ပြန်သည်။

"မမ"

"ဘာလဲ မောင်လေး"

"မမ တကယ်ပဲ ကျားသစ်ဂေဟာကို မုန်းတီးနေတာ မဟုတ်လား"

"မေးနေစရာ လိုသေးသလား မောင်လေးရယ်"

ထင်းကျောင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... မမမှာ တွန်းလှန်တိုက်ခိုက်နိုင်တဲ့ အင်အား ပြည့်နေပြီလား"

ရှူဝါ သက်ပြင်းချလိုက်၏။ ထင်းကျောင်းက ဆက်၍ ...

"မရှိသေးဘူး၊ ဖုန်းဝှာကို တိုက်ခိုက်ဖို့အင်အား ကျွန်တော်တို့မှာ နည်းနေသေးတယ်၊ ဖုန်းဝှာ မဆိုထားနဲ့၊ ကြေးစားသုံးယောက်နဲ့ တိုက်ခိုက်တာတောင် မမနဲ့ ဆရာကျွန်စု ဘယ်လို ဖြစ်သွားသလဲ"

ရှူဝါ ပါးစပ်ပိတ်ထားမိတော့သည်။

မြင်းသုံးကောင်သည် ဆီးဖြူတောင်ရှိရာသို့ ဦးတည် ပြေးလွှားနေပေသည်။ တစ်လမ်းလုံး ရယ်ကာမောကာဖြင့် စကားပြော ဆိုလာခဲ့ကြသည်။

တစ်ခါတစ်ရံ ထင်းကျောင်းက သူ၏အစ်မနှင့် တသော သော ရယ်မောရ၍ စကားပြောဆိုခဲ့သည်။ တစ်ခါတစ်ရံ ဝမ်တူးနှင့် နှစ်ယောက်တည်း နောက်ချန်၍ စကားပြောဆိုလာကြသည်။

ထင်းကျောင်းကလည်း အလိုက်သိသည်။ သူ၏မမ ပျော် ရွှင်နေသောဘဝကို မဖျက်ဆီးချင်ပါ။ သူက အလိုက်သိစွာပင် ရှောင် ရှားပေးလိုက်လေသည်။ သို့နှင့် သူတို့သည် တောတန်းတစ်ခု၏ လမ်း ဆုံ လမ်းခွတစ်ခုသို့ ရောက်ရှိလာသည်။

ထိုနေရာသည် လမ်းမကြီးမှ ခွဲထွက်လာသော လမ်းခွဆုံ ဖြစ်ပေသည်။ သူတို့သည် ဆီးဖြူတောင်သို့ ဘယ်ဘက်လမ်းခွမှ သွား ကြရမည် ဖြစ်သည်။

နားအလွန်ပါးသော ထင်းကျောင်းက ထိုလမ်းခွတွင် ရုတ်တ ရက် ရပ်တန့်လိုက်လေသည်။ ထို့နောက် သူသည် နားစွင့်နေ၏။

အော်ဟစ်သံ၊ ညာသံများပေးနေသည့်အသံနှင့် တိုက်ခိုက် မှုကြောင့် ထွက်ပေါ်လာသော အသံတို့ကို ညာဘက်လမ်းခွဆီမှ ကြားနေရသည်။

"တစ်ဦးတစ်ယောက် တိုက်ခိုက်နေတဲ့ အသံတွေပဲ"

ထင်းကျောင်းက ပြောလိုက်သဖြင့် ဝမ်တူးက နားစွင့်လိုက် လေသည်။ မှန်ပေသည်။

ဓား ဓားချင်းထိ၍ ထွက်ပေါ်လာသော အသံများသည် အတိုင်းသား ကြားနေရပေသည်။

ဝမ်တူးသည် တစ်စုံတစ်ရာကို စဉ်းစားမိသည်နှင့် မျက်နှာ ကွက်ခနဲ ပျက်သွားတော့သည်။ သူသည် ထင်းကျောင်းအား ကြည့်၍

"လာဟေ့ မြန်မြန်"

ဟုပြောကာ အသံကြားသည့်ဘက်သို့ ဒုန်းစိုင်း ထွက်သွား လေတော့သည်။ မှန်လေသည်။ တောတန်းတစ်နေရာတွင် လူတစ်စု တိုက်ခိုက်နေကြသည်။

သူတို့ တိုက်ခိုက်နေသည့် နေရာအနီးတွင် မြင်းလှည်းတစ်စီး ရပ်တန့်ထားလေသည်။ ထင်းကျောင်းနှင့် ရှူဝါတို့လည်း ဝမ်တူး နောက်မှ အပြေးအလွှားပင် လိုက်သွားတော့သည်။

တိုက်ခိုက်နေသူများကို မြင်တွေ့လိုက်ရပေရာ သုံးဦးစလုံး မျက်လုံးဝိုင်းသွားလေတော့သည်။ တိုက်ခိုက်နေသူများမှာ ဖုန်းဝှာ၏ ညာလက်ရုံး ဖေစီးထန်တို့ အုပ်စုနှင့် ချိုလီတို့ ဖြစ်နေပေသည်။

ဝမ်တူးသည် မြင်းပေါ်သို့ ခုန်ဆင်းပြီး ပုဆိန်ကို ဆွဲထုတ်၍ အပြေးအလွှား ဝင်ရောက်သွားတော့သည်။ ဖေစီးထန်တို့အုပ်စုမှာ

ခုနစ်ယောက်ဖြစ်၍ ချိုလီတို့မှာ နှစ်ဦးတည်းနှင့် ရင်ဆိုင်နေရပေသည်။

ယခုအခါ ထင်းကျောင်းတို့သုံးဦးက ရောက်ရှိလာသဖြင့် ခုနစ်ယောက်နှင့်ငါးယောက် ဖြစ်သွားလေသည်။ ချိုလီသည် မိမိတို့ဘက်မှ လူသုံးယောက် ဝင်ရောက်ကူညီသည်ကို တွေ့လိုက်ရသဖြင့် အားတက်သွားလေသည်။

တစ်ဖန် အသေအချာ ကြည့်လိုက်သောအခါ ရှေ၀ါနှင့် ထင်းကျောင်းတို့ ဖြစ်နေသဖြင့် ချိုလီသည် အတိုင်းမသိ ဝမ်းသာသွားလေသည်။

အမှန်တော့ လူခုနစ်ယောက်ထဲတွင် ဖေစီးထန်တစ်ဦးသာ သိုင်းပညာ ထက်မြက်သူ ဖြစ်ပေသည်။ ကျန်ခြောက်ယောက်မှာ မပြောပလောက်ပေ။

ယခုဆိုလျှင် ငယ်သားခြောက်ယောက်အနက် သုံးယောက်သည် ထင်းကျောင်း၏လက်ချက်မိ၍ သေဆုံးသွားသလို နှစ်ယောက်မှာ ဝမ်တူးက သတ်ပစ်လိုက်လေသည်။

ဖေစီးထန်သည် ရုတ်တရက် လှည့်ကြည့်လိုက်သောအခါ

သူလူများမှာ ပိုးလိုးပက်လက် သေဆုံးနေသည်ကို တွေ့ရသည်နှင့် ဒိတ်ဓာတ်များ အကြီးအကျယ် ကျဆုံးသွားတော့သည်။

ဖေစီးထန်သည် မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။ ထို့နောက် တောထဲသို့ ဒုန်းစိုင်းမောင်းဝင်သွား၏။ ငဲ့စွေရာ၏ ပုဆိန်သည် လေထဲ၌ လွင့်ပျံသွားသော်လည်း ဖေစီးထန်က နောက်လှည့်ကြည့်၍ ရှောင်လိုက်သောကြောင့် သီသီကလေး လွတ်မြောက်သွားလေသည်။

"တောက် ... ဒီကောင်လွတ်ထွက်သွားတာ နာတယ်"

ငဲ့စွေရာက မကျေမနပ် ကြိမ်းဝါးလိုက်လေသည်။

ဝမ်တူးက ချိုလီအား ...

"ခင်ဗျားတို့ ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်မလည်း အဖေနဲ့အမေတို့ကို တွေ့ချင်စောနဲ့ လာခဲ့တာပဲ၊ တွေ့ပြီးတော့ ဒီနယ်မှာ ရန်များတယ်ဆိုပြီး မြင်းလှည်းတစ်စီး ဝယ်တယ်၊ ကျွန်မတို့က ဒီလမ်းကတော့ သူတို့လာမှာ မဟုတ်ဘူး ထင်ပြီး ထွက်လာခါမှ ဖေစီးထန်တို့နဲ့ ပက်ပင်းတိုးသွားတာ"

ဝမ်တူးက အနည်းငယ် စဉ်းစား၍ ...

"ဒီကောင်တွေ ဒီလမ်းကို လာစရာအကြောင်း မရှိဘူးဗျ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်ရက်ကျော်ကျော်က သူတို့ကြေးစားတွေကို ကျွန်တော်တို့ သတ်လိုက်တဲ့ကိစ္စနဲ့ ကျွန်တော်တို့ကို လိုက်ရှာရင်း ခင်ဗျားတို့နဲ့ တွေ့သွားတာပဲ ဖြစ်ရမယ်"

"ဘာပဲပြောပြော ရှင်တို့နဲ့ လာတွေ့ရတာ ကျွန်မတို့ ကုသိုလ်ကောင်းတယ်လို့ ဆိုရမှာပဲ၊ ဟိုမှာ အဖေနဲ့အမေဆိုတာ မြင်းလှည်းထဲကကို မထွက်ရဲဘူး"

ချိုလီက မြင်းလှည်းကို လက်ညှိုးထိုးပြ၍ ပြောလိုက်သည်။

"ဒီအတိုင်းမှန်ရင်တော့ မမတို့ ခရီးဆက်ဖို့ မသင့်သေးဘူး၊ ဒီကောင်တွေကို စိတ်ချရတာ မဟုတ်ဘူး"

ငဲ့စွေရာက ...

"ဒီနယ်မှာနေရင်လည်း ပိုဆိုးမှာပေါ့"

"ကျွန်တော်တို့ ဆီးဖြူတောင်ကို လိုက်ခဲ့ပါလား"

ချိုလီက ခေါင်းယမ်းလိုက်လေသည်။

"မဖြစ်ဘူးနဲ့တူတယ် ငါ့မောင်ရယ်၊ တော်ကြာ မမတို့ကြောင့် မင်းတို့ပါ ဒုက္ခရောက်နေဦးမယ်"

"ဘာလဲ ... နင်က ငါ့ကို မခင်လို့ ဒီစကားပြောတာလား"

ရှူဝါက ချိုလီကို ရန်တွေ့လိုက်လေသည်။

"မဟုတ်ရပါဘူး အစ်မရယ်၊ ကျွန်မတို့ကြောင့် ဒုက္ခရောက်

မှာ စိုးလို့ပါ"

"ဟေ့ ... နင်တော့ မပြောတတ်ဘူး၊ ငါကတော့လေ ကျားသစ်ဂေဟာနဲ့ ပတ်သက်လာရင် သူသေသေ ကိုယ်သေသေပဲ"

ရှူဝါက ဒေါနှင့်မောနှင့် ပြောလိုက်လေသည်။ ချိုလီနှင့် ငဲ့စွေရာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ စဉ်းစားနေကြသည်။ ပြီးမှ ချိုလီက ...

"မမတို့ သွားနှင့်ကြ၊ ကျွန်မနဲ့ ငဲ့စွေရာ ဖေဖေတို့ကို ပို့ပြီး ဆီးဖြူတောင်ကို လာခဲ့မယ်"

ဝမ်တူးက ...

"ကျုပ်တို့ လိုက်ပို့ပေးမယ်လေ"

ငဲ့စွေရာက ...

"ကျေးဇူးတင်ပါတယ် ဝမ်တူး၊ လမ်းမှာ ကျုပ်မိတ်ဆွေတွေလည်း ရှိပါတယ် စိတ်မပူပါနဲ့"

ဝမ်တူးက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့်လည်း ကောင်းပြီလေ"

ချိုလီနှင့် ရှူဝါသည် အတော်ကြာကြာ တီးတိုးစကားများ ပြောဆိုပြီးမှ လမ်းခွဲလိုက်ကြလေသည်။

* * *

အခန်း (၃၄)

ဝူးဘွားဘွား၏မျက်ရည်

ကျားသစ်ဂေဟာသည် ယခင်ကကဲ့သို့ သိုင်းလောကဥ် ဝင့်ဝါနိုင်ခြင်း မရှိတော့ပေ။ ကျားသစ်ဂေဟာ၏ ဩဇာအာဏာ အရှိန်အဝါသည် တအိအိ ပြိုကွဲကျဆင်းလာ၏။

ကျားသစ်ဂေဟာသည် ယခင်ကလို အေးချမ်းငြိမ်သက်နေခြင်းလည်း မရှိတော့ပေ။ ကျားသစ်ဂေဟာဥ် မှုန်တိုင်းထန်နေသည်။

ဖုန်းဝှာသည် ကျားသစ်ဂေဟာအား အံတုသူများကို မည်သို့မည်ပုံ နှိမ်နင်းရမည်ကို စဉ်းစားတွေးတောလျက် ရှိနေပေသည်။

သူသည် သိုင်းလောကသို့ စတင်ခြေချ ဝင်ရောက်လာကတည်းက လက်မထောင်၍ ဝင်ရောက်လာခဲ့သူ ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့အား စော်ကားမော်ကားခဲ့ခြင်း မရှိပေ။

စော်ကားဖို့ နေနေသာသာ သူ့အား မခန့်လေးစားပင် မလုပ်ဝံ့ခဲ့ကြပေ။ ယခုမူကား အခြေအနေသည် အပြောင်းအလဲကြီး

ပြောင်းလဲလာခဲ့ကြချေပြီ။

ထိပ်သီးသိုင်းပညာစုကျမ်းစာအုပ်၏ နောက်သို့ ခြေရာခံလိုက်သည့်အချိန်မှစကာ သူ၏ အောင်မြင်မှုများသည် တိုးဖြည်းဖြည်း လျော့ပါးလာခဲ့လေသည်။

လုပ်သမျှ ကိုင်သမျှ အရာအားလုံးသည်လည်း ဘာတစ်ခုမျှ အောင်မြင်ခြင်း မရှိတော့ပေ။ အလွဲလွဲ အချော်ချော်ဖြင့် ဆုံးရှုံးခဲ့ရသည်ချည်းသာ ဖြစ်၏။

ရန်သူများသည် သူ့အား အသက်အန္တရာယ် ဆုံးရှုံးအောင် လုပ်ကြံနိုင်ခြင်း မရှိကြသော်လည်း သူ၏ တပည့်တပန်းများ၊ သူ ငှားရမ်းထားသည့် ကြေးစားသိုင်းသမားများ စသည်တို့ကို သုတ်သင်နိုင်ခဲ့ကြပြီ ဖြစ်သည်။ ဤသည်ကို ဖုန်းဝှာ ဘဝင်မကျနိုင်ခဲ့ချေ။

ဖေစီးထန်သည် သိုင်းသမားကောင်းတစ်ယောက် ဖြစ်သည်။ သို့သော် တကယ်တမ်း သိုင်းပညာရှင်များနှင့် တွေ့ရှိသည့် အခါ ဖေစီးထန် ပြေးလာခဲ့ရလေသည်။

ဤသည်မှာ ဖုန်းဝှာက နည်းနည်းမှ မကျေနပ်ပေ။ သူသည် ဖေစီးထန်အား အတန်ကြာအောင် စူးစိုက်၍ ကြည့်နေလိုက်လေသည်။

"မင်းက ရန်သူတစ်ယောက်ကိုမှ ဒဏ်ရာရအောင် မလုပ်နိုင်ခဲ့ဘူးလား"

ဖုန်းဝှာသည် သူ၏ ညာလက်ရုံးဖြစ်သူသည် ဤမျှအထိ အညှဉ်ခံခဲ့ရပါမည်လားဟု ဒေါသဖြစ်နေရခြင်း ဖြစ်သည်။

"သူတို့အားလုံးက သိုင်းပညာ အတော်အဆင့်မြင့်တဲ့သူတွေချည်းပါပဲ"

"တော်စမ်းပါ၊ မင်းပါးစပ်ပိတ်ထားစမ်း၊ သူတို့က ဘယ်သူတွေမို့လဲ"

"ပုဆိန်သိုင်းသမားနဲ့ ချိုလီ"

ဖုန်းဝှာ မျက်နှာမဲ့လိုက်လေသည်။ ဖေစီးထန်က ဆက်၍ ပြောလိုက်၏။

"နောက်သုံးယောက်က အမျိုးသမီးတစ်ယောက်ပါတယ်၊ ကျွန်တော့်စိတ်ထင် ပြောရရင် ထင်းရှန်းရဲ့သမီး ရှုဝါဖြစ်မယ်လို့ ထင်တယ်၊ နောက်လူငယ်ကလည်း ထင်းရှန်းရဲ့သား ထင်းကျောင်းပဲ ဖြစ်ရမယ်"

ဖုန်းဝှာသည် တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်လေသည်။

"ဩော် ... သူတို့က တော်တော်ကံကောင်းနေပါလား"

"နောက်ထပ် ကျန်တဲ့တစ်ယောက်ကတော့မယုံနိုင်စရာဘဲ"

ဖုန်းဝှာ မျက်နှာမှာ မျက်မှောင်ကြုတ်နေသည်။

"ဘယ်သူလဲ"

"အရင်က ဒီကို ပဲပို့နေတဲ့လူပဲ၊ သူ့ကို ရွှေအလို့လည်း ခေါ်တယ်၊ ဝမ်တူးလို့လည်း ခေါ်တယ်၊ သူ့ရဲ့ပညာက အတော့်ကို မြင့်မားတယ်"

"ဟင် ... လက်စသတ်တော့ ဒီကောင်က သူလျှိုပဲ၊ ဟုတ်ပြီ ဒီကောင်က ပဲရောင်းတဲ့လူယောင်ဆောင်ပြီး ပထမဆုံး ထင်းရှန်းရဲ့သမီးကို ကယ်တာလည်း သူပဲဖြစ်ရမယ်၊ နောက်ဆုံး တုံးလိတို့ လင်းယားကို မြွေနှစ်ကောင်ကလည်း မိုက်မိုက်ကန်းကန်း ဒီကောင့်ရဲ့သက်ထဲ ထည့်ပေးလိုက်တာ အံ့ပါရဲ့"

"ဟုတ်ကဲ့ ... အခုဆိုရင် ကျားသစ်ဂေဟာကို အများဆုံးမှန်နောက်နေတာ ဝမ်တူးပဲလို့ ဆိုရလိမ့်မယ်"

ဖုန်းဝှာသည် အံကို တင်းတင်းကြိတ်လိုက်လေသည်။ ထို့နောက် သူသည် ကြိမ်းဝါးလိုက်တော့၏။

"တစ်နေ့ တွေ့ကြသေးတာပေါ့ကွာ"

ဖုန်းဝှာ၏ လေသံတွင် ခံပြင်းမှုများ ရောယှက်နေကြောင်း သိသာထင်ရှားစွာ ပေါ်လွင်နေပေသည်။

✳

မြင်းသုံးကောင် ...။

ဝမ်တူးတို့ မြင်းသုံးကောင်သည် ဆီးဖြူတောင်သို့ ရောမောစွာပင် ရောက်ရှိသွားလေသည်။ သူတို့သုံးဦးစလုံးကို ဝူးဂေဟာကျေနပ်စွာပင် ကြိုဆိုလေသည်။

ဝူးမယ်တော်သည် ထင်းကျောင်းတို့ မောင်နှမ တွေ့ဆုံခဲ့သည် ဆို၍ ပိုမိုဝမ်းသာမိလေသည်။ သို့သော်လည်း ရှူဝါစိတ်ထဲတွင် ဝူးမယ်တော်ကို ယုံရခက် မယုံရခက် ဖြစ်နေပေသည်။

စွမ်းရိုက ဝမ်ကျောင်း၏အစ်မရှူဝါအား မြင်မြင်ချင်း ချစ်ခင်တွယ်တာမိလေသည်။ ဝူးမယ်တော်သည် သုံးယောက်စလုံးအား ဧည့်ခန်း၌ တွေ့ဆုံ၌ စကားပြောဆိုခဲ့လေသည်။

"အဘွားဟာ ကျောသားရင်သား မခွဲခြားပါဘူး၊ မြေးလေး ဝမ်ကျောင်းကို ထင်းကျောင်းလို့ခေါ်ရင် သူများ ရိပ်စားမိမှာစိုးလို့ ဝမ်တူးနဲ့အတူတူ ဝမ်ကျောင်းလို့ နာမည်ပြောင်းပြီး ဒီနေ့အထိ အဘွား ပြုစုစောင့်ရှောက်ခဲ့တယ် သမီးရဲ့"

ဝမ်ကျောင်းက ခေါင်းညိတ်လိုက်သည်

"ဟုတ်ပါတယ် မမရယ်၊ ဘွားဘွားရဲ့ စေတနာက ကြီးမားပါတယ်"

"ဟုတ်ကဲ့ ဘွားဘွား ... မောင်လေးကို အခုအချိန်ထိ ပြုစုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျေးဇူးလည်း မမေ့ပါဘူး၊ ဘွားဘွားကို ကျွန်မရဲ့ အဘွားအရင်းလို သဘောထားပါ

ယ်၊ ဒါပေမဲ့"

ရှူဝါက သူမ၏စကားကို ဆက်၍ ပြောရမှာ ဝန်လေးနေပေ
ည်။ သူမသည် ဝူးမယ်တော်၏ ကျေးဇူးတရားကို သိသော်လည်း
ဆိုသည်မှာ အစဉ်မချိုနိုင်၊ ပျားသကာသာ အစဉ်အမြဲ ချိုနိုင်သည်
ာ်တ်လား။

မှန်ပါသည်။ လူစိတ်သည် မှန်းဆရန် ခက်လွန်းလှသည်။
စ်ချိန်တွင် နှစ်လိုကြည်ဖြူမှုရှိပြီး နောင်တစ်ချိန်ချိန်၌ ကြည်ဖြူခြင်း
ကြည်ဖြူပေတော့မည်။

ချစ်ခင်ရင်းနှီးရာမှ မုန်းတီးချင် မုန်းတီးလာတတ်ပေ၏။ ထို့
ကြောင့် ရှူဝါသည် တစ်ချိန်ချိန်၌ အမုန်းပွားစရာ ဖြစ်မလာအောင်
ကြိုတင်ရှောင်ရှားနေလိုပုံရသည်။

"ဘာလဲ ... သမီးလေး ဆက်ပြောလေ"

ရှူဝါသည် အချိန်အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

"ကျွန်မတို့မောင်နှမ တခြား လွတ်ရာကျွတ်ရာကို သွားချင်
ဆန္ဒရှိပါတယ်"

ဝူးမယ်တော်မှာ မျက်နှာ သိသိသာသာ ပျက်သွားတော့
။

"ဘာဖြစ်လို့ အဲဒီစကားကို ပြောရတာလဲ၊ တခြားနေရာဟာ
ဘွားရဲ့ အရိပ်အာဝါသထက် ပိုပြီးလုံခြုံလို့လား"

ရှုဝါ ခေါင်းငုံ့နေသည်။ ထင်းကျောင်းက သူ၏မမကို လင်းကုတ်၍ ခေါင်းယမ်းပြသည်။ ပူ.ဘွားဘွား စိတ်မချမ်းမသာဖြစ်အောင် မပြောပါနဲ့ ဆိုသည့်သဘောပင်။

ဝူးမယ်တော်သည် အဝေးသို့ မျှော်ငေးနေရင်းမှ ...

"အဘွားအပေါ် သံသယ ရှိနေလို့လား"

ရှုဝါသည် မိမိခံစားလာခဲ့ရသော ဘဝသင်ခန်းစာကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ မယုံရဲအောင် ဖြစ်နေပေသည်။ ဘဝအတွေ့အကြုံများသည် အနာဂတ်အတွက် သင်ခန်းစာများပင် ဖြစ်ပေသည်။ အတိတ်ဖြစ်ရပ်မှ အတွေ့အကြုံများအရ ...

လူတွေ၏ ဖောက်ပြန်တတ်သော သဘာဝကို ခါးသီးစွာ အတွေ့လာခဲ့ရသူအဖို့ နောင်တွင် လူအများကို ယုံကြည်စိတ်ချမှုမရှိတော့ခြင်းသည် သဘာဝကျသည်ဟု ဆိုရပါမည်။

ထို့ကြောင့် ရှုဝါသည် ဝူးဘွားဘွားအပေါ် သံသယ မဝင်သော်လည်း အတိတ်ဖြစ်ရပ်မှ အတွေ့အကြုံများအရ တစ်ချိန်ချိန်၌ ပြန်လည်ဒုက္ခပေးမည်လားဟု တွေးတောဒွိဟ ဖြစ်နေရခြင်းပင် ဖြစ်သည်။

"ဘွားဘွား"

"ပြော သမီး"

ရှုဝါက ခေါ်လိုက်သည်။

"ပြောလေ သမီးလေး"

"ဖေဖေနဲ့မေမေ ဒီကိုရောက်ပြီး ထင်းကျောင်းကို ဘွားဘွားထံမှာ လာအပ်တယ်နော်"

ဝူးမယ်တော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သမီး"

"ဖေဖေနဲ့မေမေက ဘယ်ကိုသွားမယ်လို့ ဘွားဘွားကို ပြောခဲ့ပါသလဲ"

ရှုဝါသည် မိမိအပေါ် အတော်ကလေး သံသယ ရှိနေသည့်ခြေခြင်းမှာ ထင်ရှားနေပြီဟု ဝူးမယ်တော်က သတ်မှတ်လိုက်တော့သည်။ သို့သော် ရှုဝါကို အပြစ်မမြင်ပါ။

သူမသည် ဘဝ၏ ဒဏ်ကို အလူးအလဲ ခံစားခဲ့ရသူမို့ သည်သူ့ကိုမှ ယုံမည်မဟုတ်တော့သည်မှာ သူမမှန်ပေသည်။ ဝူးမယ်တော်သည် ယဲ့ယဲ့ကလေး ပြုံးလိုက်လေသည်။

"ထင်းရှုန်းဟာ အဘွားရဲ့ ရင်းချာတဲ့မိတ်ဆွေပါ။ အဘွားက သူ့ကို လေးစားသလို အဘွားကိုလည်း သူက လေးစားတယ်၊ သူဟာ သမီးကလေးကို လူဆိုးတွေ ဖမ်းထားတယ်၊ သူတို့လိုချင်တဲ့ သိုင်းကျမ်းစာအုပ်နဲ့ သွားပြီး အလဲအလှယ် လုပ်ရမယ်ဆိုတာ အမှန်အတိုင်း ပြောတယ်"

"ကျွန်မကို ဖမ်းဆီးထားတဲ့ သူဟာ ဖုန်းဝါဖြစ်တယ်လို့

ဖေဖေက မပြောဘူးလား”

ဝူးမယ်တော်က ယဲ့ယဲ့ပြုံးလိုက်ပြန်သည်။

“မပြောဘူးသမီး၊ လူဆိုးတွေလို့ ပြောတယ်၊ အဘွားလည်း ဖုန်းဝှာက အဲဒီလောက်အထိ စိတ်ထားယုတ်ညံ့နေလိမ့်မယ်လို့လည်း မထင်မိဘူး၊ နောက်ပြီး ထင်းရှုန်းဟာ ဖုန်းဝှာနဲ့ဘွားဘွားနဲ့ မြေး အဘွားတော်တယ်ဆိုတာ ထင်းရှုန်းမသိဘူး၊ သူက လူဆိုးနာမည် ထုတ်မပြောတော့ ဘွားဘွားလည်း ပေါ့ပေါ့တန်တန်ပဲ နေလိုက်တာ”

ရွှဝါသည် သက်ပြင်းချလိုက်လေသည်။

ပြီးနောက် သူမက တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစား ဆိုက်ပြန်သည်။

“ဘွားဘွား”

“ပြောလေ သမီး”

“ဖေဖေက ဘွားဘွားကို လူဆိုးတွေနဲ့ အလဲအလှယ်လုပ်ရ မယ့် သိုင်းကျမ်းကို ဘွားဘွားကို ထုတ်ပြတယ်နော်”

ထိုစကားသည် ဝူးမယ်တော်၏အရှိုက်ကို ထိုးနှက်လိုက်ခြင်း ဖြစ်လေသည်။ ဝူးမယ်တော် ယခုအချိန်အထိ ယူကျုံးမရ ဖြစ်နေမိ သည်မှာလည်း ထိုအချက်ပင် ဖြစ်လေသည်။

သူမ တွေးတောချက်တစ်ခု လွဲမှားမှုကြောင့် လင်မယားနှစ်ယောက် အသတ်ခံရသည့်အပြင် သမီးဖြစ်သူမှာ ဒုက္ခပင်လယ်

ဝေရသည်ကို ဝူးဘွားဘွား ယူကျုံးမရ ဖြစ်ခဲ့လေသည်။

တစ်ခါတစ်ရံ၌ လူတို့သည် အမှားကြီးတတ်၏။ တမင်သက် သက် မှားယွင်းခြင်း မဟုတ်သော်လည်း ထိုအမှားသည် လူတစ်ဖက် သားကို ဒုက္ခရောက်စေသော အမှားဖြစ်ပေသည်။

ထိုအမှားကို သင်ခန်းစာယူပြီး နောက်နောင် ထိုကဲ့သို့အမှား ကျိုး ထပ်မံမဖြစ်စေရန် အလေးအနက်ထား၍ ဆင်ခြင်သင့်လှပေ သည်။

ဝူးဘွားဘွားက အသာအယာ ခေါင်းညိတ်လိုက်လေသည်။

“ဒီမေးခွန်းကို သမီးမေးသင့်ပါတယ်၊ သမီး မေးသင့်တာ သက် ပိုပြီး ဘွားဘွားက ပြောသင့်တယ်၊ ဘွားဘွားမှာ ကောက်ကျစ် ဘဲ့စိတ် မရှိဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ထင်းရှုန်းရဲ့ သိုင်း ဘအုပ်အစစ်ကို ဘွားဘွားက အတုနဲ့လဲထားလိုက်တာပဲ”

“ဟင်”

“ရှင်”

အားလုံး အံ့အားသင့်သွားမိကြသည်။ အခန်းထဲ ရှိနေကြ သော ရွှဝါ၊ ထင်းကျောင်း၊ ဝမ်တူးနှင့် စွမ်းရီတို့ပင် ထိုကိစ္စသည် ဝူး ဘွားဘွားကြောင့် ယခုကဲ့သို့ ဖြစ်သွားရသည်ဟု ထင်ကြလေသည်။

သူတို့သည် ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။

“ဘွားဘွားက မောင်လေးကို ကျွေးမွေးပြုစု ပျိုးထောင်

ပေးတဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ ဆက်မနေပါရစေနဲ့တော့၊ ဘွားဘွားကို ဂါရဝပြုခဲ့ပါတယ်"

ဝူးမယ်တော်မှာ မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာသည်။

"ဘွားဘွားရဲ့ စကားကို ဆုံးအောင်နားထောင်ပြီးမှ သမီးက ဆုံးဖြတ်ပါ၊ ဒီမှာ သမီးရှူဝါ"

"ပြောပါ ဘွားဘွား"

ရှူဝါသည် စိတ်ထိခိုက်နေသဖြင့် ခပ်ဆတ်ဆတ်ပင် ပြန်ပြောလိုက်လေသည်။

"ဘွားဘွားဟာ ဘယ်တော့မှ သူတစ်ပါးကို အောက်ကျခံပြီး ပြောခဲ့တဲ့သူ မဟုတ်ဘူး၊ ဘွားဘွား ဒေါသဖြစ်လာရင် ဘွားဘွားရဲ့ မားကို သွေးစွန်းသွားတာချည်းပဲ၊ အခု သမီးတို့ကို ဘွားဘွားက အနစ်နာခံပြီး ရှင်းပြနေတာဟာ ဘွားဘွားရဲ့ အမှားတစ်ခုများ ပါသလားလို့ သံသယဝင်ပြီး ယူကျုံးမရလို့ ရှင်းပြနေတာပါ၊ သမီး ထိုင်ပါဦး"

ရှူဝါက ကုလားထိုင်၌ ပြန်ထိုင်လိုက်သည်။ ဝူးမယ်တော်က သူ၏စကားကို ပြန်ဆက်လေသည်။

"ဘွားဘွားတင်မကဘူး၊ မည်သည့် သိုင်းသမားမဆို အဲဒီ စာအုပ်ကို တွေ့ရင် မလိုချင်တဲ့ သိုင်းသမားမရှိဘူး၊ ဘွားဘွား အချိန်

ယူပြီး စဉ်းစားပါသေးတယ်၊ ဒီစာအုပ်ဟာ လူဆိုးတွေလက်ထဲ ရောက်သွားရင် သိုင်းလောကကြီးတော့ ပျက်စီးတော့မှာပဲလို့ ထင်ထားမိတာယ်"

အားလုံး ငြိမ်သက်စွာ နားထောင်နေသည်။ ဝူးဘွားဘွားက သူမ၏စကားကို နားပြီးမှ ဆက်ပြောသည်။

"ဘွားဘွားလဲလှယ်လိုက်တဲ့ စာအုပ်ဟာလည်း သိုင်းကျမ်းအစစ်နဲ့ ခွဲမရအောင် တူနေတာပါ၊ ဘွားဘွားစိတ်ထဲမှာ ထင်းရှုန်းဟာ စာအုပ် ပေးပြီးတာနဲ့ သမီးကို ခေါ်ထုတ်လာမယ်လို့ ထင်တယ်"

"ခုတော့ ဒီလိုမဟုတ်ဘဲ အချိန်အများကြီး ပေးထားတော့ ဘစ်ဖက်လူဟာ လေ့လာတဲ့အချိန် ရသွားလို့ ခုလို သိရှိသွားတာပဲ"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ဘွားဘွားရဲ့တာဝန် မကင်းတော့ဘူးဆိုတာ ဘွားဘွားသိခဲ့ရတယ်၊ ဒါကြောင့် ထင်းကျောင်းကို ဘွားဘွား အသက်နဲ့ ထပ်တူထားပြီး ပညာသင်ပေးတယ်၊ စောင့်ရှောက်ပြုစုပေးတယ်၊ ကုန်ကုန်ပြောရရင် ထင်းကျောင်းကို ဘွားဘွား မြေးအရင်းထက် ဝိုချစ်လာတယ်၊ သနားလာတယ်၊ ခုဆို ကြီးမားတဲ့ သံယောဇဉ်တွေ တွယ်တာနေပါပြီ၊ သမီးယုံသလား"

အားလုံး ဘာမှ ပြန်မပြော၊ ငြိမ်သက်၍ နားထောင်နေသည်။

✻

ဂူးဘွားဘွားက မမောတမ်း သူ့စကားကို ဆက်ပြန်သည်။

"နောက်တစ်ချက်၊ ဘွားဘွား ဖြေသိမ့်လို့ ရတာကတော့ အဲဒီသိုင်းကျမ်းစာအုပ်ဟာ တခြားသူတွေရဲ့ လက်ထဲ ရောက်သွားရင် ဒီအမွေအနှစ်ကို ထင်းကျောင်းရမှာ မဟုတ်ဘူး"

"ခုတော့ မိဘဘိုးဘွားရဲ့ အမွေအနှစ်ကို ထင်းကျောင်း ရရှိတယ် မဟုတ်လား၊ ဘွားဘွား ဝမ်းသာပါပြီ"

"နောက်တစ်ခု ပြောချင်တာက လိပ်ပြာနှုတ်သိုင်းကွက် ဆယ့်ခြောက်ကွက် ရှိတယ်"

"ဆယ်ကွက်ကို ဘွားဘွားသင်ကြားပေးထားတယ်၊ ကျန်တဲ့ ခြောက်ကွက်ကို မသင်ပေးရင် ဘွားဘွားအပေါ် သံသယဝင်လာကြမယ်"

"ဒါကြောင့်မို့ သံသယမဝင်ရအောင် ဘွားဘွားဆက်သင်ပေးဖို့ အခုလို အခေါ်ခိုင်းရတာပါ"

တုတ်တုတ်မျှ မလှုပ်ကြ။ အားလုံး ငြိမ်သက်စွာ နားထောင်နေသည်။

"အဲဒီ ခြောက်ကွက် တတ်ပြီးရင် ဖုန်းဝှာကို သွားပြီး သုတ်သင်လို့ရပြီ"

"မင်းတို့ဆန္ဒအတိုင်း သွားသတ်နိုင်တယ်၊ ဘွားဘွား ခွင့်ပြုတယ်"

"မြေးအရင်းဖြစ်တဲ့ ဖုန်းဝှာက မင်းတို့ကိုသတ်ရင် ဘွားဘွားက တားမြစ်မယ်၊ ရှေ့က အသေခံမယ်"

"မင်းတို့က ဖုန်းဝှာကို သတ်ဖို့တော့ ဘွားဘွားက အားပေးတယ်"

"သိုင်းသင်ပေးမယ်၊ သဘောပေါက်ကြပါကွယ်"

ဂူးဘွားဘွားက ပြောပြီးသည်နှင့် မျက်ရည်မဆည်နိုင်တဲ့အခန်းထဲ ဝင်သွားတော့သည်။

အမှန်တရားကို လိုလားသူ၊ မတရားမှုကို ရှုံ့မုန်းသူ၊ တော်ဘည့် ဖြောင့်မတ်မှန်ကန်သူသည် အမှန်တရားဘက်မှ ရပ်တည်၏။

အမှန်တရားအတွက်ဆိုလျှင် မိမိအသက်ကိုပင် ငဲ့ကွက်လေ့ရှိပေ။ ယခုလည်း ဂူးဘွားဘွားသည် မိမိ၏ မြေးအရင်းပင် ဖြစ်လင့်ကစား အမှားကို ကျူးလွန်ပါက လျစ်လျူပြုသည်။

လုံးဝ အကာအကွယ်ပေးခြင်း မပြုပေ။ ထိုမျှမက မြေးကို ဆုံးမမည့်သူများကိုပင် ကိုယ်ဖိရင်ဖို ထိရောက်စွာ အကူအညီပေးလေသည်။

✻ ✻ ✻

အခန်း (၃၅)

သူတို့၏ဆုံးဖြတ်ချက်

ဝူးမယ်တော်က သိုင်းပညာသင်မည့်ရက်ကို ရွေးချယ်ကြပါ။ စဉ်းစားဆုံးဖြတ်ကြပါဟု ပြောထားသည့်တိုင် မည်သူကမှ အဖြေမပေးကြသေးပါ။

သူတို့သည် တစ်ပတ်တိတိ အချိန်ကို ကျော်လွန်စေသည်။ ဝူးမယ်တော်သည် ရှူဝါအား စိတ်အချမ်းသာဆုံး ဖြစ်စေရန် ထားပေးသည်။

ဘာမှ လိုလေသေးမရှိအောင် ပြုစုဂရုစိုက် ကျွေးမွေးသည်။ စွမ်းရီသည် ထင်းကျောင်းအပေါ်၌ အစွဲအလမ်း ကြီးနေသည်ကိုလည်း ရှူဝါက ရိပ်စားမိလေ၏။

သို့သော် မည်သို့မှ မကန့်ကွက်ပေ။ စွမ်းရီသည် ဖုန်းဝှာ၏ နှမဟု ရှူဝါကသိထားသော်လည်း ကလေးမမှာ ဖြူဝင်းသော အသည်းနှလုံး ရှိသည်။ ဘာမှ အပြစ်မရှိဟု ထင်မှတ်ထားလေသည်။

တစ်နေ့၌ ရှူဝါ၊ ထင်းကျောင်းနှင့် ဝမ်တူးတို့သုံးဦး တိုင်ပင်ဆုံးဖြတ်ကြလေသည်။ ရှူဝါက သိုင်းပညာကို မသင်ကြားလိုဟု အကြံပေးသည်။

"တို့က သိုင်းပညာသင်ပြီး တစ်နေ့မှာ ဖုန်းဝှာကို ပြန်သတ်ရင် ဝူးဘွားဘွားက ဘယ်လိုလုပ် စိတ်ကောင်းနိုင်မှာလဲ၊ ဒီတော့ မသင်ကြားတာ အကောင်းဆုံးပဲ မဟုတ်လား"

ဝမ်တူးက ...

"တို့က မသင်ဘူးဆိုရင် ဝူးဘွားဘွားက တစ်သက်လုံး စိတ်ကောင်းမှာ မဟုတ်ဘူး"

"ဒီမှာ ကျွန်မ အမှန်အတိုင်း ပြောမယ်၊ သေချင်သေသွားပါစေ၊ ကျွန်မ ဖုန်းဝှာကို ဒီတစ်သက် မကျေဘူး၊ အခွင့်အလမ်းရတာနဲ့ တိုက်ခိုက်မှာပဲ၊ သူမြေးကို သတ်တဲ့ပညာဟာ သူအဘွားက သင်ဆားပေးတဲ့ ပညာမျိုး မဖြစ်စေချင်ဘူး"

ထင်းကျောင်းက ရှူဝါကို မော့ကြည့်လိုက်သည်။

"မမက ရှေ့ရေးကို ဘယ်လိုတွေးသလဲ"

ရှူဝါသည် ထင်းကျောင်းကို တွေ့၍ ကြည့်လိုက်သည်။

"ဒီမှာ ဆက်နေလို့ ဘယ်လိုလုပ်ပြီး သင့်လျော်မှာလဲ မောင်လေးရဲ့၊ ဝူးဘွားဘွား အသက်ရှင်နေတုန်းမှာတော့ ကောင်းတာပေါ့။ ဝူးဘွားဘွား မရှိတော့တဲ့တစ်ချိန်မှာ မင်းရဲ့လုံခြုံမှု ရှိပါတော့မလား"

ထင်းကျောင်းက အံကို ကြိတ်လိုက်လေသည်။

"ကျွန်တော်က ဖုန်းဝှာကို ကြောက်နေရမှာလား"

ရှူဝါက ပြုံးလိုက်လေသည်။

"ကြောက်စရာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အမှန်အတိုင်း ပြောမယ်ဆိုရင် ငါတို့ဟာ ဝူးဘွားဘွား၏ မျက်နှာကို ထောက်ရဦးမယ် ဖုန်းဝှာကို သတ်ချင်ပေမယ့် ဝူးဘွားဘွားကို ပြန်သနားရမယ် မဟုတ်လား၊ ဒီတော့ ဖုန်းဝှာနဲ့ ဝေးတဲ့နေရာကို သွားနေကြရင် ဒီကိစ္စတွေ ပြီးသွားမှာပါ၊ ဒါမှလည်း တို့က ဝူးဘွားဘွားကို ကျေးဇူးဆပ်ရာရောက်တော့မှာပေါ့"

"သမီးတို့ ဒီလိုပြောလို့ ဘယ်ရမှာလဲ၊ ဘွားဘွားက ဒီအတိုင်းတော့ မလွတ်နိုင်ဘူး"

ဘယ်အချိန်က အနားတွင်ရောက်ရှိနေမှန်း မသိရသော ဝူးဘွားဘွားက ရုတ်တရက် ဝင်ရောက်ပြောဆိုလိုက်သဖြင့် အားလုံးမှာ အံ့အားသင့်သွားကြလေတော့သည်။

ဝူးမယ်တော်သည် သူတို့သုံးယောက်၏အနီး၌ ဝင်ထိုင်လိုက်လေသည်။ ဝူးမယ်တော်၏နောက်၌ စွမ်းရီကလည်း ကပ်ပါလာသည်။

"သမီးတို့ ပြောဆိုတိုင်ပင်နေတာ ဘွားဘွားကြားပါတယ်၊ သမီးတို့ ဘွားဘွားအပေါ် ထားတဲ့ စေတနာကို ဘွားဘွား နားလည်ပါ

ဘယ်၊ သမီးတို့ သွားချင်တဲ့နေရာကို သွားနိုင်ပါတယ်၊ နေချင်တဲ့နေရာကို နေနိုင်ပါတယ်၊ သမီးတို့မှာ ဆန္ဒရှိတယ်ဆိုရင် ဘွားဘွားရဲ့ ဂေဟာကို အပြီးအပိုင်ပေးထားဖို့ စိတ်ဆုံးဖြတ်ထားပါတယ်၊ ဒါပေမဲ့"

ဝူးမယ်တော်သည် မျက်နှာမသာမယာနှင့် စကားကို ခေတ္တ ဖြတ်လိုက်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက် လေသည်။

"ဒါပေမဲ့ ဘွားဘွားရဲ့ နောက်ဆုံးစေတနာကို လက်ခံပါ၊ ဘွားဘွား အမှန်အတိုင်း ပြောမယ်၊ ထိပ်တန်သိုင်းပညာစုကျမ်းထဲက လိပ်ပြာနှုတ်သိုင်းကွက် ဆယ့်ခြောက်ကွက်ကို ဘယ်ဆရာမှ တိတိကျကျ သင်နိုင်မှာ မဟုတ်တဲ့အတွက် နောက်ဆုံး ဘွားဘွားကပဲ အဲဒါလေးကို သင်ပေးပါရစေ"

သုံးယောက်သား တစ်ဦးမျက်နှာတစ်ဦးကြည့်၍ အဖြေထုတ်နေကြပေသည်။ သို့သော် မည်သူထံကမှ စကားသံ ထွက်မလာချေ။ အားလုံးပင် ငြိမ်သက်နေကြ၏။ အတွေးကိုယ်စီဖြင့် ငြိမ်နေကြခြင်း ဖြစ်ပါသည်။ ဝူးဘွားဘွားက ဆက်လက်၍ ပြောလိုက်ပြန်၏။

"အဲဒီပညာကို ခြောက်လလောက် သင်ယူပြီးတဲ့အခါကျရင် ငါ့သမီးတို့ ဆန္ဒအတိုင်း ဖုန်းဝှာကို သတ်နိုင်တယ်၊ ဒါမှမဟုတ်လို့ သွားချင်ရာကို သွားချင်ရင်လည်း ဘွားဘွား ခွင့်ပြုမယ်၊ ဘွားဘွား စေတနာကို ယုံကြည်ရင် သင်ယူသွားပါ"

"ဟုတ်ကဲ့၊ ဘွားဘွားရဲ့ ဆန္ဒအတိုင်း သင်ပါ့မယ်"

ထိုအခါ ဘွားဘွားသည် ဘဝကျသွားဟန်ဖြင့် ပြုံးရောင်သန်းလာလေသည်။



"ဝမ်ကျောင်း"

စွမ်းရီက ထင်းကျောင်းအား နှုတ်ကျိုးနေသူပီပီ ဝမ်ကျောင်းဟု ခေါ်လိုက်လေသည်။

"ဘာလဲ စွမ်းရီ"

"နင်တို့ သိုင်းပညာသင်ပြီးတဲ့အခါကျရင် ဒီက ခွဲခွာသွားတော့မှာပေါ့ ဟုတ်လား"

ထင်းကျောင်းက သက်ပြင်းချ၍ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်လေ ... တကယ်တော့ ဂူးဘွားဘွားဟာ"

"ဘာလဲ ဂူးဘွားဘွားဟာ နင့်ဘွားဘွား မဟုတ်လို့ မနေတာလို့ ပြောမယ်မဟုတ်လား၊ ဂူးဘွားဘွား နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်"

"အေးပါ ... ငါသိပါတယ်၊ ဒါပေမဲ့ ငါ့မှာ မမက ရှိသေးတယ်၊ မမရဲ့စကားကို နားထောင်ရမှာပေါ့"

သူမသည် မျက်ရည်များ စီးကျလာသည်။ ထင်းကျောင်းက သူမအား အံ့သြစွာ ကြည့်လိုက်လေသည်။

"စွမ်းရီ ... နင်ငိုနေတယ်၊ ဘာဖြစ်လို့လဲ"

"နင်ဟာ ဂူးဘွားဘွားရဲ့ အသည်းကိုလည်း ခွဲတယ်နော်"

ထင်းကျောင်း၏စိတ်ထဲတွင် လှုပ်ရှားသွားလာသည်။ ထင်းကျောင်းသည် သက်ပြင်းချလိုက်လေသည်။

"တစ်နေ့တစ်ချိန်မှာ ပြန်တွေ့ဦးမှာပေါ့ စွမ်းရီရယ်"

စွမ်းရီက မဲ့ပြုံးပြုံးလိုက်လေသည်။

"တော်ပါပြီ ... အခု ငါသိပါတယ် ဝမ်ကျောင်းရယ်"

"ဘာသိတာလဲ"

"ငါဟာ နင်တို့ အင်မတန် သတ်ချင်နေတဲ့ ဖုန်းဝှာရဲ့ညီမမို့ နင် ငါ့ကို မေတ္တာမထားနိုင်တာ မဟုတ်လား၊ ဟုတ်ပါတယ်၊ ငါက နင်တို့ သတ်ချင်နေတဲ့ လူဆိုးကြီးရဲ့ညီမပဲ၊ ဘယ်မေတ္တာရှိပါ့မလဲ"

ထိုစဉ်အခိုက် အနားသို့ ရှုဝါရောက်လာလေသည်။ သူမသည် စွမ်းရီ၏ အနားတွင်ထိုင်၍ လည်ပင်းကို သိုင်းဖက်ထားလိုက်သည်။

"ညီမလေး အဲဒီစကားကို မပြောနဲ့၊ မမတို့မှာ ဒီစိတ်ထားမျိုး မရှိပါဘူး၊ ညီမလေးမှာ ဘယ်လိုအပြစ်မျိုးမှလည်း မရှိဘူး၊ ခက်

ထင်းကျောင်းနှင့် ဝမ်တူးတို့ နှစ်ဦးစလုံး၏ စိတ်ထဲတွင် သူးခြားနေသည်မှာ မည်သည့်သိုင်းပညာမဆို ဝူးမယ်တော်သည် ဂေဟာအတွင်း၌သာ သင်ကြားပေးခဲ့လေသည်။

ယခုအခါ တောင်ခြေ၌ တိတ်တဆိတ် သင်ပေးသည်မှာ မည်သည့်အတွက်ကြောင့်ပါလိမ့်ဟု တွေးတောနေမိသည်။

သိုင်းပညာသင်၍ ဆယ်ရက်ခန့်အကြာတွင် ဝူးမယ်တော်၏ မျက်နှာသည် ရွှင်ရွှင်ပျပျ မရှိလှပေ။

တစ်ခါတစ်ရံ ဝူးမယ်တော်သည် ပြီး၍ရယ်၍ စကားများပြောနေရသော်လည်း တစ်ယောက်တည်း နေသည့်အခါများတွင် မျက်နှာမှာ သိသိသာသာ ညှိုးနွမ်းလျက် ရှိတတ်သည်။

ရွှဝါလည်း အကဲခတ်မိလေသည်။ ထို့ကြောင့် ရွှဝါက ဝမ်တူးအား ...

"ဝူးဘွားဘွား မျက်နှာသိပ်မကောင်းဘူး၊ နင်တို့ သတိထားမိသလား"

ဝမ်တူးက ခေါင်းညိတ်လိုက်လေသည်။

"အင်း ဟုတ်တယ် ... ကျွပ်လည်း အဲဒီစကား ပြောမလို့ဘဲ"

ထင်းကျောင်းက စဉ်းစဉ်းစားစားဖြင့် ...

"တခြား ဘာမှမဖြစ်နိုင်ဘူး၊ ဒီသိုင်းပညာသင်ပြီးရင် ကျွန်တော်တို့က ထွက်သွားကြတော့မှာ မဟုတ်လား၊ အဲဒါကို စိတ်

တာက မမတို့ကလည်း ပြန်သွားမယ်၊ ညီမလေးကိုပါ ခေါ်သွားမယ် ဆိုရင် ဝူးဘွားဘွားရင်မှာ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ညီမလေး စဉ်းစားစမ်းပါ"

စွမ်းရီက ခေါင်းမော့လိုက်လေသည်။

"ဒါဖြင့် မမတို့ ဒီက မသွားကြပါနဲ့လား၊ အစ်ကိုလာရင် ကျွန်မကိုယ်တိုင် တိုက်ခိုက်မယ်"

"အို၊ အဲဒီလို မပြောပါနဲ့ ညီမလေးရယ်၊ တကယ်တော့ ဖုန်းတာက ညီမလေးရဲ့ အစ်ကိုအရင်းပါ။ တစ်နေ့ကျရင် ညီမလေး သဘောပေါက်လာမှာပါ"

စွမ်းရီသည် ဘာမှ ဆက်မပြောနိုင်ဘဲ မျက်ရည်များ တွေ့တွေ့ စီးကျလာလေသည်။ ထို့နောက် အနားမှ သုတ်ခဲနဲ့ ထသွားတော့သည်။ ရွှဝါသည် မောင်ဖြစ်သူ ထင်းကျောင်းကို လှည့်ကြည့်၍ သက်ပြင်းရှည်တစ်ချက် ချလိုက်မိလေသည်။

✻

ဝူးမယ်တော်သည် ဆီးဖြူတောင်ခြေတွင် သူတို့လေးဦးစလုံးကို ခက်ခဲသော သိုင်းပညာရပ်များကို စတင်သင်ကြားပေးလေသည်။

မကောင်းဖြစ်နေတာ နေမှာပေါ့"

ဝမ်တူးက ခေါင်းညိတ်လိုက်သည်။

"အင်း ... အဲဒါလည်း ဖြစ်နိုင်တာပဲ"

တစ်နေ့တစ်နေ့ သူတို့သုံးဦးသည် ဝူးမယ်တော်ကိုသာ အာရုံခတ် ကြည့်ရှုနေကြပေသည်။ ဝူးမယ်တော်သည် အပင်ပန်းခံ၍ စေတနာအပြည့်ဖြင့် ဆက်လက်သင်ကြားပေးလျက် ရှိနေပေသည်။

တစ်နေ့ ရှူဝါသည် ဝူးမယ်တော်၏အခန်းကို သန့်ရှင်းအောင် ပြုပြင်မွမ်းမံပေးလျက်ရှိသည်။ ခါတိုင်းလည်း လုပ်နေကျမို့ ဝူးမယ်တော် ခွင့်ပြုထားသည်။

ရှူဝါက ပန်းအိုးများကို ဖုန်သုတ်၍ ခါလိုက်သည်။ အိပ်ရာခုတင်များကို သန့်ရှင်းအောင် ပြုပြင်ပေးသည်။ ရှူဝါသည် အိပ်ရာခင်းများကို ဆွဲမ,လိုက်လေသည်။

ထိုအခါ အမှုမဲ့ အမှတ်မဲ့ပင် ပြန်၍ထားလိုက်သည်။ သို့သော် စာတစ်လုံးနှစ်လုံး ထွက်ပေါ်နေ၍ သတိထားကြည့်မိလိုက်လေသည်။ ရှူဝါသည် စာရွက်ကို ဖြန့်၍ ဖတ်ကြည့်လိုက်လေသည်။

စာထဲတွင် ...

ဝူးဘွားဘွား

ခင်ဗျားကို ဘွားဘွားတစ်ယောက်အနေနဲ့ ကျွေပ် ကလန်ကဆန် မလုပ်ဘူးလို့ စိတ်ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ကျွေပ် ကြားမိ

သလောက်ဆိုရင် ခင်ဗျားဟာ လူငယ်အချို့ကို သိုင်းပညာ သင်ကြားပေးပြီး ကျွေပ်ကို ပြန်သတ်ခိုင်းဖို့ ကြိုးစားနေသည်ဟု သတင်းရရှိသည်။

ခင်ဗျားသိထားဖို့က ကျွေပ်ဟာ သိုင်းပညာနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ မညှာနိုင်ဘူး၊ ကျွေပ် ဆက်လက်စုံစမ်းနေမယ်၊ ဘိကျတဲ့အဖြေ ရရှိရင် ခင်ဗျားတို့ဂေဟာ ပြာကျပြီသာ အောက်မေ့ထားပါ"

ဖုန်းတွာ

✱

ရှူဝါသည် စာရွက်ကို နေသားတကျ ပြန်ထားလိုက်လေသည်။ ထို့နောက် သူမသည် ထင်းကျောင်းနှင့် ဝမ်းတူးတို့အား လက်တို့ခေါ်ကာ တစ်နေရာသို့ ထွက်ခဲ့လေသည်။

ရှူဝါက စာထဲမှ အကြောင်းအရာများကို တစ်လုံးမကျန် ပြောပြလိုက်လေသည်။ သုံးယောက်စလုံး ဝူးဘွားဘွားအပေါ် စိတ်မကောင်းဖြစ်သွားမိကြသည်။

ဝူးမယ်တော် မျက်နှာမသာမယာဖြစ်နေသည်မှာ ထိုအတွက်ကြောင့်ပင် ဖြစ်မှန်း သိရှိလိုက်ရသည်။ ထို့ကြောင့် ဝူးမယ်တော်

သည် သူတို့အား သိုင်းပညာများကို အမြန်ဆုံး သင်ကြားပေးသည်။

ထို့ပြင် တောင်ခြေ၌ နေရာပြောင်း၍ သင်ကြားပေးသည်များကို သဘောပေါက်သွားမိကြတော့သည်။



* * *

အခန်း (၃၆)

အဘွားနှင့်မြေး

ရှုဝါသည် သက်ပြင်းချလိုက်သည်။

"ဘယ်လိုလုပ်မလဲ ... တို့ ဒီမှာဆက်နေရင် ဝူးဘွားဘွားမှာ ရန်များမှာ သေချာနေပြီ"

ရှုဝါက ပြောလိုက်သည်။ ထင်းကျောင်းက ...

"မမပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ဆွက်သွားတာကို ဝူးဘွားဘွားက လက်ခံပါ့မလား"

ဝမ်တူးသည် အစဉ်းစားရခက်စွာဖြင့် ငေးမောနေပေသည်။ ထို့နောက် သူက ...

"ဘာပဲဖြစ်ဖြစ် ဒီလူ လာရင်လာပါစေ၊ တို့ တိုက်ခိုက်ရုံပဲ ရှိတော့တာပေါ့"

ရှုဝါက ...

"တိုက်ခိုက်တာ လွယ်ပါတယ်၊ ကျွန်မကလည်း တိုက်ခိုက်

ချင်တာနဲ့ အတော်ပါပဲ၊ ဒါပေမဲ့ အောင်မြင်ရင် ကောင်းတယ် မအောင်မြင်ရင် ဂူးဘွားဘွားပဲ ခုက္ခရောက်မယ် မဟုတ်လား"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

ထင်းကျောင်းက မေးလိုက်ခြင်း ဖြစ်လေသည်။ ရှူဝါက ...

"ကျွန်မတို့ ဂူးဘွားဘွားကို တစ်ဖက်လှည့်နဲ့ပြောပြီး ထွက်သွားရင် မကောင်းဘူးလား"

"ဘယ်လို တစ်ဖက်လှည့်နဲ့ ထွက်သွားမှာလဲ"

ဝမ်တူးက ပြန်မေးလိုက်သည်။

"ကျွန်မတို့သုံးယောက် အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ အပြင် သွားချင်လို့ဆိုပြီး သွားကြရင် မကောင်းဘူးလား"

"အေး ... ဒါလည်း ကောင်းတာပဲ"

ဝမ်တူးက သဘောတူလိုက်လေသည်။ ဂူးမယ်တော်သည် ခရီးသွားရန် ဟန်ပြင်နေသော သူတို့သုံးဦးကို မျက်တောင်မခတ် ကြည့်၍ အကဲခတ်နေသည်။

စွမ်းရိကလည်း ဘာမှ နားမလည်သလို မျက်လုံးအကြောင် သားဖြင့် ကြည့်ရှုနေ၏။

"ဒါ ... ဘယ်ကိုသွားကြမလို့လဲ"

ရှူဝါက ပြီး၍ ...

"ကျွန်မတို့ ကျားကျန်ကျေးရွာကို ခဏသွားလည်မလို့ပါ

ဘွားဘွား၊ အလွန်ဆုံးကြာရင် နှစ်ရက်သုံးရက်ပါပဲ ခွင့်ပေးပါ"

ဂူးမယ်တော်က ပြုံးလိုက်လေသည်။ ထို့နောက် သူမသည် ခွက်ချင်းပင် မျက်နှာညှိုးနွမ်းသွားလေသည်။

ဂူးမယ်တော် တစ်စုံတစ်ခုကို စဉ်းစားမိသွား၍ ဖြစ်သည်။

"နင်တို့ ငါ့ကို မညာပါနဲ့၊ ငါစာရွက် နေရာပျက်နေတယ်၊ နင်တို့ ဘာမှ မကြောက်ပါနဲ့၊ အေးလေ နင်တို့ကြောက်လို့ မဟုတ်ပါဘူး၊ ငါနစ်နာမှာ စိုးလို့ ရှောင်ထွက်သွားကြမှာ မဟုတ်လား"

သုံးယောက်စလုံး မည်သည့်စကားမှ မပြောနိုင်ကြပေ။

"ငါပြောတာ မှန်တယ်မဟုတ်လား"

ဂူးမယ်တော်က ထပ်မေးလိုက်ပြန်သည်။

"ဘွားဘွား၊ ဒီတစ်ခါ သမီးတို့ရဲ့ ဆန္ဒကို ခွင့်ပြုပါ၊ သမီးတို့ ရှောင်ထွက်သွားပါရစေ"

ဂူးမယ်တော် သက်ပြင်းချလိုက်လေသည်။

"အေးလေ ... ဘွားဘွားက တားနေရင် သမီးတို့ ဘွားဘွားကို တစ်မျိုးမြင်တော့မယ်၊ ဖုန်းဝှာလာတဲ့အခါ တွေ့စေချင်လို့ ဘားတယ် ထင်နေဦးမယ်"

ရှူဝါက ကပျာကယာ လက်ကာပြလိုက်သည်။

"အို ... ဒီလိုမဟုတ်ပါဘူး ဘွားဘွား၊ ကျွန်မတို့ ဖုန်းဝှာကို ဘယ်လိုမှ သဘောမထားတော့ပါဘူး၊ ကျွန်မတို့လမ်း ကျွန်မတို့

လျှောက်ပါရစေ”

ဝူးဘွားဘွားထံမှ မျက်ရည်စတို့ ထွက်လာပြန်သည်။

“ဒါပေါ့ သမီးရယ် ... ဘွားဘွားခွင့်ပြုပါတယ်”

✷

စွမ်းရီသည် တစ်နေရာ၌ ကျိတ်၍ငိုနေသည်။ ရှုဝါက လှမ်း ဖြင်လိုက်သည်။ ထို့ကြောင့် ထင်းကျောင်းအား သွားရောက်ချော့မော့ ရန် မေးငေါ့ပြလိုက်လေသည်။

ထင်းကျောင်းက စွမ်းရီအနားသို့ လျှောက်သွားသည်။

“စွမ်းရီ”

စွမ်းရီက မထူးပေ။ ရှိုက်၍သာ ငိုနေပေသည်။

“စွမ်းရီ ... ငါမကြာခင် ပြန်လာခဲ့မယ်၊ နင် မယုံဘူးလား”

“တော်တော့ ဝမ်ကျောင်း ... တော်တော့၊ နင် ဘာစကားမှ ထပ်မပြောဘဲ ထွက်သွားတာ ငါ့အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ်”

ဝမ်ကျောင်းက စိတ်ပျက်စွာ ခေါင်းယမ်းလိုက်လေသည်။

“မဟုတ်သေးဘူးလေ၊ တို့ မကြာခင် ပြန်လာမယ်ဆိုတာ နင် မယုံဘူးလား”

စွမ်းရီသည် ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

“ငါပြောတယ်မဟုတ်လား၊ နင်တို့ ခပ်မြန်မြန် ထွက်သွားပါ တော့လို့”

ထင်းကျောင်း ဘာမှ မပြောတော့ပေ။ စွမ်းရီ၏အနားမှ ခဲလှမ်းချင်း ထွက်ခဲ့လေသည်။ သူတို့သုံးဦးသည် ဝူးမယ်တော်အား ရှေ့ပြုလိုက်လေသည်။

“အေး ... ငါ့မြေးများ ဘေးရန်ကင်းဝေးကြပါစေကွယ်”

ဝူးမယ်တော်က မျက်ရည်စက်လက်ဖြင့် ဆုများ ပြန်လည်၍ ပေးနေသည်။ ထိုစဉ် ရုတ်တရက် ဝူးမယ်တော်သည် အိမ်ရှေ့ ခပ် သွက်လှမ်းသို့ မျှော်ကြည့်လိုက်ပြီးသည်နှင့် ...

“သွားကြစမ်း ... အထဲကို အမြန်ဆုံး ဝင်နေကြစမ်း”

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

✷

မြင်းတစ်အုပ်သည် ဆီးဖြူကုန်းဂေဟာထဲသို့ အပြေးအ လွှား ဝင်ရောက်လာလေသည်။

ရှေ့ဆုံးမှ ဖုန်းဝှာကိုယ်တိုင်ပင်ဖြစ်ပြီး သူနောက်မှ တပည့် ကောင်းသားများ ဆယ်ယောက်ကျော်ကျော် လိုက်ပါလာသည်ကို တွေ့

လိုက်ရလေသည်။

ဂေဟာအတွင်းသို့ ရောက်သည်နှင့် ဖုန်းဝှာ၏ တပည့် လူ
သားများသည် ဝူးမယ်တော်၏ဂေဟာကို ဝိုင်းရံထားလိုက်သည်။

ဖုန်းဝှာသည် ဝူးမယ်တော်ထံသို့ တစ်လှမ်းချင်း ဝင်ရော
လာလေသည်။

✵

ဝူးမယ်တော်သည် ဖုန်းဝှာအား စူးရှသော မျက်လုံးဖြင့် စိုက်
ကြည့်နေ၏။

"မင်း ဘာကိစ္စနဲ့လာတာလဲ"

ဝူးမယ်တော်က ခပ်မာမာ မေးလိုက်ရလေသည်။ ဖုန်းဝှာ
သည် မဲ့ပြုံးပြုံးလိုက်လေသည်

"ဘွားဘွား ... ခင်ဗျား ကျုပ်ကို ဘာတွေဖုံးကွယ်ဦးမလို့လဲ"

ဝူးမယ်တော်က မျက်မှောင်ကြုတ်လိုက်လေသည်။

"ငါက ဘာကို ဖုံးကွယ်ရမှာလဲ"

"မင်းမျက်နှာကို ငါမကြည့်ချင်ဘူး"

"အခုချက်ချင်း ထွက်သွားရင်ကောင်းမယ်နဲ့တူတယ်"

ဖုန်းဝှာက မဲ့ပြုံးပြုံးလေသည်။

"ခင်ဗျားက သိပ်တော်တာပဲ ဟုတ်လား၊ ကျုပ် သတင်းတွေ
ကြားနာရထားပြီ"

"နင့်ဟာနင် ဘာသတင်းရရ၊ မရရ ငါနဲ့မဆိုင်ဘူး"

ဖုန်းဝှာသည် ဝူးမယ်တော်အနီးသို့ တစ်လှမ်းချင်း တိုးလိုက်
သည်။

"ဒီမှာ ဘွားဘွား"

"ဘာလဲ"

"ခင်ဗျား ဝှက်ထားတဲ့လူတွေ ဘယ်မှာလဲ"

"ငါက ဘယ်သူ့ကို ဝှက်ထားရမှာလဲ"

ဖုန်းဝှာက ရယ်မောလိုက်လေသည်။

"ကျွန်တော်က မသေချာဘဲ ဘွားဘွားဆီ မလာဘူး၊
ကျွန်တော်ဟာ ဘွားဘွားရဲ့မြေးအရင်းပါ၊ ဘွားဘွားရဲ့ မြေးအရင်းပဲ
ဟုတ်လား"

"ငါ နားလည်တယ်၊ ငါသိတယ်"

✵

အတွင်းခန်းတစ်နေရာ၌ ဝမ်ကျောင်း၊ ဝမ်တူးနှင့် ရွှဝါတို့က
ရှေ့သို့ ချောင်းမြောင်းကြည့်ရင်း နားထောင်နေသည်။ ဝူးဘွားဘွား

သည် အမှန်တကယ်ပင် သူတို့ရှေ့မှ ရပ်တန့်နေသည်မှာ ထင်ရှားပေသည်။

အခြေအနေ မဟန်လျှင် တိုက်ခိုက်ရန် သူတို့သုံးဦးစလုံး တိုင်ပင်ထားကြလေသည်။ ဝူးမယ်တော်နှင့် ဖုန်းဝှာ စကားပြောနေသည့် နေရာအနီးသို့ စွမ်းရီက ရွှေ့ကလေး လျှောက်သွားသည်။

ထို့နောက် သူမက ဖုန်းဝှာကို မော့ကြည့်လိုက်သည်။

"ကိုကိုကြီး"

သူက ခေါ်လိုက်သဖြင့် ဖုန်းဝှာသည် စွမ်းရီသည် စေ့စေ့ကြည့်လိုက်သည်။

"ဘာလဲ စွမ်းရီ၊ နင် ဘာဝင်ရှုပ်ဦးမလို့လဲ"

"ကိုကိုကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ဘွားဘွားတစ်ယောက်လုံးကို ဒီလောက်ပဲ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရသလား"

ဖုန်းဝှာသည် စွမ်းရီအား ရုတ်တရက် တွန်းလွှတ်လိုက်လေသည်။

"သွားစမ်း ခပ်ဝေးဝေးကို"

စွမ်းရီသည် မျက်ရည်များ တွေတွေကျဆင်းလျက် ဘေးတစ်နေရာ၌ ရပ်တန့်နေပေသည်။ ဝူးမယ်တော်က ဒေါသဖြစ်သွားသည်။

"နင် ငါ့မြေးကို လက်ဖျားနဲ့ မထိပါနဲ့"

"ဒီလိုတော့လည်း ခင်ဗျားက မြေးကို ချစ်သားပဲ"

"နင် လူလို စကားပြောပါ"

ဖုန်းဝှာမျက်နှာသည် နီမြန်းသွားလေသည်။

"ကျွန်တော် လူလို စကားပြောနေတာပဲ၊ ဘယ်မှာလဲ ဒေါင်းရှန်းသားသမီးတွေ၊ ဘယ်မှာလဲ ထိပ်တန်းသိုင်းကျွမ်း၊ ကျုပ်ကို အဲဒါတွေ ထုတ်ပေးရင် အေးအေးဆေးဆေး ပြန်သွားမယ်"

ဝူးမယ်တော်သည် ဖုန်းဝှာအား နာကြည်းစွာ ကြည့်လိုက်လေသည်။

"အခုချက်ချင်း အေးအေးဆေးဆေး နင်ပြန်သွားပါလို့ ငါပြောပါရစေ"

ဖုန်းဝှာက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... တကယ်တော့ ခင်ဗျားက ကျုပ်လို မြေးအရင်းတစ်ယောက်ကို သတ်ဖို့ ကြိုးစားနေတာကိုး၊ ခင်ဗျားကို အဘွားတော်ရတာ ကျုပ် သိပ်ရှက်တယ်ဗျာ၊ တရားခံတွေ ထုတ်ပေးပါ"

"ဘယ်လို ... တရားခံ ... ဟုတ်လား၊ ဘာတရားခံလဲ၊ ဘယ်က တရားခံလဲ"

"ကျုပ် ဖမ်းဆီးထားတဲ့လူတွေ၊ ခင်ဗျားမြေးမှာ ရောက်နေဘယ် မဟုတ်လား၊ အဲဒါကို ကျုပ်က လက်ပိုက်ကြည့်နေရမှာလား"

ဂူးမယ်တော်သည် ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး ဖုန်းဝှာအား စေ့စေ့ကြည့်လိုက်လေသည်။

"နင် အခု သွားမလား, မသွားဘူးလား"

ဖုန်းဝှာက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား စကားကို ကြည့်ပြောပါ၊ ဂေဟာကို မီးရှို့ပစ်မယ့်လူတွေက အိမ်ပတ်ပတ်လည်မှာ ရောက်နေတယ်ဆိုတာ ခင်ဗျားမြင်တယ် မဟုတ်လား၊ ဘယ်မှာလဲ ခင်ဗျားဆီမှာ နေတဲ့လူတွေ"

"မရှိဘူး ... မင်း အခု ထွက်သွား"

ဖုန်းဝှာသည် ရုတ်တရက် ဂူးမယ်တော်အား ဆောင့်တွန်းလိုက်လေသည်။



အခန်း (၃၇)

သူသေ ကိုယ်သေ

ဂူးမယ်တော်သည် တစ်ချက် ယိမ်းယိုင်သွားသည်။ ထိုအခါ ...မ၏မျက်လုံးမှ မီးဝင်းဝင်းတောက်လာလေသည်။ ဂူးမယ်တော်က ...ဖုန်းဝှာအား ခုန်၍ ဝင်တိုက်လိုက်သည်။

စွမ်းရီကလည်း မနေသာတော့ပါ။ သူသည် အစ်ကိုဖြစ်သူ ...ကို နှစ်ချက်မျှ ဝင်၍ တိုက်ခိုက်၏။ သို့သော် ဖုန်းဝှာ၏ လက်ဝါးတစ်ချက်သည် စွမ်းရီအား ယိမ်းယိုင်သွားစေပေတော့သည်။

အပျက်အပျက်နှင့် မြေးအဘွားမောင်နှမရန်ပွဲသည် တိုက်ခိုက်မှုအသွင်ကို ပြောင်းလဲသွားတော့သည်။ ဂူးမယ်တော်၏ တိုက်ခိုက်မှုသည် ဖုန်းဝှာအား မျက်လုံးဝိုင်းသွားစေတော့သည်။

ဂူးမယ်တော်သည် ထိပ်တန်းသိုင်းကျမ်းကို ရရှိထားပြီး လေ့ကျင့်ထားသူ တစ်ဦးဖြစ်သည်ကို ဖုန်းဝှာ မေ့နေဟန်တူသည်။

ဖုန်းဝှာသည် တစ်ချက်တွေ၍ ကြည့်ပြီး သူ၏သိုင်းကွက်

များကို ဖော်လိုက်ပြန်၏။ ဂူးမယ်တော်သည် ဖုန်းဝှာကို လုံးဝ မည်သ
ပါ။

သူမသည် အသက်ကြီးသော်လည်း ယခုအခါတွင် အလွန်
လျင်မြန်ဖျတ်လတ်လျက် ရှိနေပေသည်။ ဖုန်းဝှာက တစ်ချက်ရပ်တန့်
၍ ...

"ခင်ဗျား ကျုပ်ကို သတ်မယ်ပေါ့ ဟုတ်လား"

ဂူးမယ်တော်ကို ခေါင်းညိတ်လိုက်သည်။

"သတ်သင့်ရင် သတ်ရမယ်"

"မှန်တယ်၊ ကျုပ်ကလည်း ဒီအတိုင်းပဲ"

ဖုန်းဝှာသည် ပြောပြီးသည်နှင့် ဂူးမယ်တော်ကို ရုက်ကွက်
မျှ ဆက်တိုက် တိုက်ခိုက်လိုက်လေသည်။ ဂူးမယ်တော်မှာ အခြေ
အနေ မလှပါ။

အသက်ကြီးသည်က တစ်ကြောင်း၊ ဖုန်းဝှာ၏ ထိပ်တန်းအ
ဆင့်သိုင်းပညာများက ထက်မြက်နေသည်က တစ်ကြောင်းကြောင့်
တိုက်ခိုက်ရင်းမှ ရုန်းနိမ့်မည့်အခြေအနေသို့ ဆိုက်ရောက်လာလေ
သည်။

ထိုအခြင်းအရာကို စွမ်းရီကလည်း သိရှိသည်။ သူမသည်
ဖုန်းဝှာရှေ့သို့ ခုန်၍ ဝင်လိုက်ပြီး တိုက်ခိုက်လိုက်လေတော့သည်။
ဖုန်းဝှာသည် သရဲသဘက်စီးနေသူတစ်ဦးပမာ သဲသဲမဲမဲ တိုက်ခိုက်

လေတော့သည်။

ထိုစဉ် ရုတ်တရက် အခြေအနေမလှမှန်း သိလာသော အထဲ
ကျောင်းမြောင်းနေသူတို့သည် ရုတ်ခြည်း ခုန်ထွက်လာလေတော့
သည်။

ဖုန်းဝှာနောက်သို့ အနည်းငယ်ဆုတ်ပြီး ဂူးစိုက်ကြည့်လိုက်
သည်။ ထို့နောက် သူက ကျေနပ်စွာပင် ပြုံးလိုက်လေသည်။

"ကြိုက်သွားပြီ ... ကျုပ်လိုချင်တာ အဲဒီအချက်ပဲ"

ဖုန်းဝှာသည် ပြောပြီးသည်နှင့် မည်းမည်းမြင်သမျှ တိုက်
ခိုက်လေတော့၏။

ထိုအချိန်တွင် ဖုန်းဝှာအား လူအများစုက တိုက်ခိုက်လာ
သည်ကိုမြင်သော ဖေစီးထန်သည် သူ၏လူများနှင့်အတူ အခန်းထဲ
သို့ ပြေးဝင်လာပြီး တိုက်ခိုက်လေတော့သည်။

ခန်းမကျယ်ကြီးထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တော့သည်။
ဤအချိန်တွင် ဂူးမယ်တော်သည် မည်သူ့ကိုမျှ တားဆီးနိုင်ခွင့် မရှိ
တော့ပါပေ။

သူမသည် တိုက်ခိုက်ရ၍ မောနေသည်။ ထို့ကြောင့် အမော

ဖြေရင်းမှ အခြားသူများကို တိုက်ခိုက်နေသည်။ တိုက်ခိုက်နေသော သူများသည် တစ်စတစ်စဖြင့် အိမ်ထဲမှအိမ်ပြင်သို့ အသီးသီး ရောက်ရှိကုန်ကြတော့သည်။

ရှုဝါနှင့်ထင်းကျောင်းတို့ မောင်နှမသည် ဖုန်းဝှာအား သဲသဲမဲမဲ တိုက်ခိုက်နေသလို ဝမ်တူးက ဖေစီးထန်တို့ လုံးဝ အလွတ်မပေးဘဲ တိုက်ခိုက်၏။

တကယ်တမ်း ဝန်ခံရလျှင် ဖုန်းဝှာ၏ သိုင်းပညာသည် လွန်စွာမှ မြင့်မားနေသည်ကို ရှုဝါတို့မောင်နှမ သိရှိရလေသည်။ ထို့ကြောင့်လည်း ဝူးဘွားဘွားသည် ဖုန်းဝှာကို မယှဉ်ရန် နည်းအမျိုးမျိုးနှင့် တောင်းပန်နေခြင်းဖြစ်ကြောင်း သဘောပေါက်သွားလေသည်။

ဖုန်းဝှာသည် သူ၏ထက်မြက်သော သိုင်းကွက်များကိုပင် ခုခံနိုင်စွမ်းရှိသည့် ထင်းကျောင်းတို့မောင်နှမကို အံ့သြနေသည်။

တစ်ချိန်က မိမိပြုသမျှ နခဲ့ရသည့် မိန်းကလေးသည် ယခုအခါ မိမိ၏သိုင်းပညာကိုပင် အံတုနိုင်သည်ဟု အံ့သြ၍မကုန်နိုင်အောင် ဖြစ်နေရပေသည်။

ရှုဝါသည် မိမိအပေါ်ရက်စက်ခဲ့သော ဖုန်းဝှာအား လှလှ

ပ ကလဲစားချေနေရသဖြင့် အတော်ပင် ကျေနပ်နေ၏။ တိုက်ပွဲသည် တစ်စထက်တစ်စ ပြင်းထန်လာလေတော့သည်။

မကြာမီ အချိန်အတွင်းမှာပင် ဝမ်တူးသည် ဖေစီးထန်ကို သွေးအိုင်ထဲ၌ လဲစေပေတော့သည်။

ထို့အတူ တစ်ချိန်တည်းမှာပင် ရှုဝါ၏ ခန္ဓာကိုယ်သည် ...

'ဝုန်း'

ဟူသောအသံနှင့်အတူ အဝေးသို့ လွင့်စဉ်ထွက်သွားလေသည်။ သူမသည် ကြိုးစား၍ ထလာလေသည်။

"မမ မလာနဲ့ ... ရှောင်သွား ရှောင်သွား"

ထင်းကျောင်းက အလန့်တကြားအော်၍ သတိပေးလိုက်လေသည်။

ဖုန်းဝှာ၏ တိုက်ကွက်များသည် မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်လွန်းလှပေသည်။

ထင်းကျောင်းသည် သတိကြီးစွာ ထားလျက် တိုက်ခိုက်နေရသည်။ ကျားသစ်ဂေဟာ၏ လက်ရွေးစင်သိုင်းသမားများသည် မဆိုးလှပါ။

ထိုသူများကို ဂူးဘွားဘွားက မနည်း ကြိုးစား၍ တိုက်ခိုက်နေရသည်။



ရှုဝါသည် ပါးစပ်မှ စီးကျလာသော သွေးစများကို အန်ထုတ်လိုက်ပြီး ဖုန်းဝှာထံ ခုန်ဝင်လိုက်ပြန်သည်။ သူမ၏ ကြီးမားသော အမှားပင် ဖြစ်လေသည်။

ဖုန်းဝှာသည် သူမ၏ ရင်ညွန့်ဆီသို့ လက်ဝါးဖြင့် တအား ရိုက်ချလိုက်လေသည်။

"အား အင့် အင့် အင့်"

ရှုဝါ၏ နောက်ဆုံးညည်းညူသံပင် ဖြစ်လေသည်။

လှမ်းကြည့်လိုက်သော ဝမ်တူးမှာ မျက်လုံး ပြာခနဲ ဖြစ်သွားလေသည်။ ဝမ်တူးသည် ဖုန်းဝှာ၏ ခန္ဓာကိုယ်အား လေထဲတွင် ခုန်၍ ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ဖုန်းဝှာအား သေသေချာချာ ထိသွားလေသည်။ ဖုန်းဝှာမှာ အချိန်မီ သူ့ခန္ဓာကိုယ်ကို ပြန်ထိန်းလိုက်နိုင်သည်။ အခြေအနေက တစ်စတစ်စ ပြင်းထန်လာသည်။

ထင်းကျောင်းသည် ဖုန်းဝှာအား တိုက်ခိုက်နေသည့်ကြားမှ

စွမ်းရီကို လှမ်းကြည့်လိုက်ရာ စွမ်းရီသည် ဂူးဘွားဘွားနှင့်အတူ တိုက်ခိုက်နေသော်လည်း သူမ၏ တိုက်ကွက်များက အားနည်းလှသည်ကို တွေ့ရ၏။

ထို့ကြောင့် စွမ်းရီအား ရုတ်တရက် တွန်းထုတ်လိုက်လေသည်။

"နင် ဝေးဝေး သွားစမ်း"

စွမ်းရီက မကျေနပ်သော်လည်း ထင်းကျောင်း၏ စကားကို နားထောင်လိုက်သည်။ သူမ တစ်နေရာသို့ ရောက်ရှိသွားလေသည်။



ဂူးမယ်တော်၊ ထင်းကျောင်းနှင့် ဝမ်တူးတို့၏ အခြေအနေမှာ တစ်စတစ်စ ယိမ်းယိုင်လာလေသည်။ ဂူးဘွားဘွားက လူချင်း ပြန်ခွာလိုက်လေသည်။ ထိုအခါ ...

ဂူးဘွားဘွား၏ လက်ထဲမှဓားသည် ဖုန်းဝှာ၏ ဝမ်းဗိုက်ထဲသို့ ထိုးသွင်းလိုက်ပြီး တဖြည်းဖြည်းချင်း ပြန်ဆွဲထုတ်လိုက်လေသည်။ ဖုန်းဝှာသည် သူ၏ဘွားဘွားက သူ့အား ဤကဲ့သို့ ဓားနှင့် ပြေးပြီးထိုးသွင်းလိမ့်မယ်ဟု ဘယ်တုန်းကမှ စဉ်းစားခဲ့ဟန် မတူပေ။

ဖုန်းဝှာသည် အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။ သိုင်း

လောကဓ၏ဘုရင်သည် နေဝင်သွားပြီတည်း။



ခက်ထန်စွာ တိုက်ခိုက်နေသော မုန်တိုင်းသည် ယခု
စဲသွားပြီ ဖြစ်သည်။ မုန်တိုင်းတိုက်ခတ်မှု၏အဖြေမှာ ဖုန်းတွ
လူ့လောကကို ကျောခိုင်းသွားသလို ရှုဝါသည် လောကကြီးမှ ကွ
ပျောက်သွားပြီးတည်း။

ကြေးစားတို့လည်း သူတို့၏ မကောင်းမှုနှင့်အတူ ကွ
ပျောက်သွားကြပြီ ဖြစ်ပေသည်။ မကောင်းမှုဒုစရိုက်များဖြင့် က
လည်ခဲ့သော ကျားသစ်ဂေဟာကြီးသည် ယခုအခါ သုတိမဂ်လ
အပေါင်းနှင့် ပြည့်စုံနေပြီတည်း။

ဝူးမယ်တော်သည် မြေးမလေး စွမ်းရီကို ထင်းကျောင်းနှ
လက်ထပ်စေကာ ကျားသစ်ဂေဟာကို အပြီးအပိုင် လွှဲအပ်လိုက်
လေသည်။

ဝဏ္ဏအော